ဘက္ကသိုလ်

# ငှက်ပိုင်းဒေါင်

ကျင်းယုံ၏ကျားတောင်ရှာ

အတာမဲ့ဓားသမား



မထမပိုင်း

# တက္ကသိုလ် နေလင်းအောင်

# အတုမဲ့ ဓားသမား

ပထမပိုင်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၀၉၂၀၇၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၀၁၇၀၈၀၈

၂၀၀၈ ခုနှစ်၊

ပထမအကြိမ်၊ အုပ်ရေ-၅၀၀

တန်ဖိုး ၁၀၀၀/-ကျပ်

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံး ပုံနှိပ်**

ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)

အမှတ် ၁၄၀၊ ၄၅-လမ်း၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**

ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)

၅(H) နဝရတ်ရိပ်သာလမ်း

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။


## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## (၁)
## တောင်တက်သမားများ

တရုတ်ပြည်မြောက်ပိုင်း၌ ထူးဆန်းသော တောင်တစ်လုံးရှိ၏။

တရုတ်ပြည်မြောက်ပိုင်းသည် တောင်ထူထပ်၏။ သို့ကြောင့် တောင်တစ်လုံး ထူးဆန်းသည်ဟုဆိုသောအခါ အများသူငါ ခေါင်းထောင်ကြည့်ကြသည်။

ထူးဆန်းသည်ကတော့ တကယ်ထူးဆန်းပေ၏။ ထိုတောင်မှာ တောင်ထူထပ်သည့် နေရာများလည်း မရှိချေ။ မြေပြန့်လွင်ပြင်ဖြစ်သည့်နေရာ၌ တောင်တစ်လုံးအဖြစ် တည်ရှိနေခြင်း ဖြစ်သည်။

ထို့ပြင် တောင်၏ထက်ဝက်ခန့်သည် ကျောက်တောင်ဖြစ်နေပြီး တောင်ထိပ်တစ်ဝက်ခန့်မှာ စိမ်းလန်းစိုပြည်သော တောအုပ်ကြီးရှိနေခြင်းပင်စည်း။

တောင်တစ်ဝက်ခန့်မှာ ကျောက်တောင်ဖြစ်၍ ပြောင်ချောနေပြီး၊ တောင်ထိပ်၌ သစ်တောကြီးဖြစ်နေသည့် တောင်မှာ မထူးဆန်းပေဘူးလား။

ထို့ပြင် ထိုသစ်တောမှာ စိမ့်စမ်းရေတခွန်နှင့် လွန်စွာသာယာလှပသဖြင့် ရောက်ဖူးသူများမှာ လွန်စွာ စိတ်ချမ်းမြေ့ကြရသည်။

ကျေးငှက်သာရကာများလည်း ဆူညံစွာ တွန်ကျူးနေကြ၏။

ထိုတောအုပ်၏ ထူးခြားချက်တစ်ခုမှာ သားကောင်တောကောင်များ မရှိခြင်းပေတည်း။

ဤသည်မှာ မထူးဆန်းချေ။

ပြောင်ချောနေသည့် ကျောက်တောင်ကြီးမှာ ပေခုနစ်ဆယ်ခန့်ရှိသဖြင့် သားကောင်များ မကူးနိုင်ခြင်း ဖြစ်ပေလိမ့်မည်။

ကျေးငှက်သာရကာများကတော့ ပျံသန်းနိုင်သည့် တောင်ပံများရှိနေသဖြင့် ထိုတောအုပ်၌ ပျံသန်းကူးရောက်နိုင်ပေသည်။

နောက်ထူးခြားချက်မှာ ဤတောင်၏ ပုံသဏ္ဍာန်ဖြစ်သည်။ ပုံသဏ္ဍာန်မှာ မိန်းမတစ်ယောက်၏ သားမြတ်ပုံသဏ္ဍာန်နှင့်တူနေ၏။

အဝေးမှကြည့်လျှင် ထိုပုံသဏ္ဍာန်မျိုး ပေါ်လွင်နေ၏။ ထို့ကြောင့် ထိုတောင်အား မိခင်သားမြတ်တောင်ဟူ၍ ခေါ်ဆိုကြသည်။

ထို့ကြောင့် ထိုတောင်သည် အမည်နာမနှင့်အတူ လိုက်လျောညီထွေဖြစ်သွားတော့၏။ မိခင်သားမြတ်တောင်ပေါ်သို့ ရောက်ရှိသွားသူသည် စမ်းရေအေးကို ခပ်သုံးနိုင်သည်။ ရေချိုးနိုင်သည်။

အသီးအရွက် အပွင့်တို့ကို စားသုံးနိုင်၏။ စိတ်ဆန္ဒအလိုပြည့်စုံရပေသည်။



ထိုမိခင်သားမြတ်တောင်မှာ လှသူ အရောက်အပေါက်နည်းလှလေသည်

နည်းရမည်လေ။ တောင်ကိုကြည့်ပါဦး။ ပြောခဲ့သည့်အတိုင်း ပေခုနစ်ဆယ့်ခန့်သည် ကျောက်တောင်ပြောင်ချောကြီး ဖြစ်နေသည်၊

သေသေချာချာ ရှာဖွေကြည့်နိုင်မှ ကုပ်ကပ်တွယ်တက်နိုင်သည့်ကျောက်ကြိုကျောက်ကြားကို တွေ့ရှိနိုင်၏။ ထို့ကြောင့် တောင်ပံမပါလျှင် ဤတောင်ကြီးကို မတတ်နိုင်ကြဟု မြောက်ပိုင်းသားတို့ကအဆိုရှိကြသည်။

ဤတောင်ထိပ်သို့ တက်ရောက်နိုင်သူများမှာ သိုင်းသမားများနှင့် ခဲရာခဲဆစ်ကိုမှ နှစ်ခြိုက်ကြသည့် မုဆိုးများသာတည်း။

အချို့မုဆိုးများမှာ မဖြစ်နိုင်ဟုပြောသည့်အရာကိုမှ ကြိုးစားလိုကြသဖြင့် ဤတောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့ကြသည်။

ထို့ကြောင့် မြောက်ပိုင်းသားများစွာသည် ဤတောင်အနီးမှဖြတ်သန်းသွားကြသော်လည်း ဤတောင်ပေါ်သို့ မတက်ရောက်နိုင်ခဲ့ကြချေ။

သူတို့သည် ဤတောင်ကြီးကို မော့ကြည့်ရုံမျှသာ မော့ကြည့်နိုင်ကြသည်။

သူတို့သည် ငယ်ဘဝကို တမ်းတကြ၏။ ထိုတောင်ကို မတက်နိုင်ကြသဖြင့် တောင်ကိုကျော်သွားသူများသာ များကြသည်။

သို့သော် တောင်ကိုတက်ရန် ကြိုးစားနေသူအချို့ကို စောင့်ကြည့်သူရှိပါက တွေ့မြင်နိုင်ပေသည်။

ဤတောင်ကြီးသည် အရပ်လေးမျက်နှာစလုံး ပြောင်ချောနေသည်ဖြစ်ရာ အရပ်လေးမျက်နှာစလုံးမှ တက်နိုင်ဖွယ်မရှိလှဟု ထင်မြင်ရန်ရှိသည်။

တကယ်တော့ မဟုတ်ပေ။ တက်နိုင်သည့်နေရာများလည်း ရှိသည်။ အရပ်လေးမျက်နှာလုံးမှ တက်နေသူများ ရှိကြပါသည်။

ထိုလူများကား သိုင်းသမားများတည်း။ ထိုလူများသည် နံနက်မိုးသောက် အရုဏ်တက်ချိန်မှစ၍ မိခင်သားမြတ်တောင်ပေါ်သို့ တက်နေကြ၏။

သူတို့ ထိုအချိန်မှ စတက်လျှင် နေမွန်းမတည့်မီ တောင်ပေါ်သို့ ရောက်မည်ဖြစ်၏။ တောင်တက်နေသူအားလုံး မွန်းတည့်လျှင် တောင်ပေါ်၌ဆုံနိုင်သည်ဟု ခန့်မှန်းရမည် ဖြစ်သည်။

တောင်ပေါ်သို့ အရှေ့အရပ်မှတက်သွားသူမှာ တောင်ပေါ်သို့ ပထမဦးစွာ ရောက်ရှိလာ၏။

တက်ရောက်လာသူများမှာ သိုင်းပညာအဆင့်မြင့်သူများချည်း ဖြစ်သည်။ တောင်တက်လမ်း ကောင်း,မကောင်းအပေါ် မူတည်၍ အလျှင်ရောက်ခြင်း၊ နောက်ကျခြင်းသာ ကွာသည်။

အရှေ့အရပ်မှတက်သည့် ပုဂ္ဂိုလ်မှာ အသက်ငါးဆယ်ခန့်ရှိ၏။ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးများလည်း ရှိသဖြင့် ဥပဓိရုပ်မှာ ခန့်ညားသည်။ သူ၏ စူးရှသောမျက်လုံးများက မည်သည့်အရာမဆို လေးနက်စွာပြုတတ်သူဖြစ်ကြောင်း ဖော်ပြသည်။



သူ တောင်ပေါ်သို့တက်ရာ၌လည်း မည်သို့ အမြန်ဆုံးရောက်မည်ကို စဉ်းစားပြီးမှ တက်ရောက်ခြင်းဖြစ်ရာ သူ ဦးစွာရောက်ရှိခြင်းမှာ အံ့ဩစရာမရှိပေ။

ခန္ဓာကိုယ်မှာလည်း ကျန်းမာသန်စွမ်းသော ယောကျ်ားကြီးတစ်ဦးပင် ဖြစ်သည်။ သူ၏နောက်ကျော၌ အတော်ရှည်လျားသော ဓားတစ်ချောင်းကို ချိတ်ဆွဲထား၏။

သူသည် ပြောင်ချောင်နေသော ကျောက်တောင်ကြီးကိုတက်ရာ၌ ခြောက်ကောင့်ကြယ်ကြီးများ တပ်ဆင်ထားသည့်ကြိုးကို အသုံးပြုခဲ့သည်။

ကြိုးကိုအသုံးပြုရာ၌လည်း အလွန်ကျွမ်းကျင်၏။ ခြောက်ထောင့်ကြယ်များမှာ အချင်းချင်းရိုက်ခတ်နေကြသဖြင့် တချွမ်ချွမ်မြည်နေ၏။

ထိုပုဂ္ဂိုလ်ကြီးမှာ တောင်ထိပ်၌ ဦးစွာရောက်ရှိနေသူဖြစ်ရာ သူသည် တောအုပ်ထဲသို့ရောက်ရှိရန် ခပ်သွက်သွက် သွားနေသည်။

တောအုပ်ထဲရောက်မှာ အေးချမ်းစွာ အနားယူနိုင်မှာ မဟုတ်ပါလား။

တောင်၏အနောက်ဘက်ကို ကြည့်ပါက ကျောက်တောင်အား ကျုံးကုပ်ကျားခဲတက်နေသူ သိုင်းသမားတစ်ဦးအား တွေ့မြင်ရမည် ဖြစ်သည်။

ထိုသိုင်းသမားသည် အရှေ့အရပ်မှတက်သော သိုင်းသမားကြီး

လောက် အသက်ကြီးဟန် မတူသေးချေ။ အသက်လေးဆယ်ကျော်ခန့်သာ ရှိပေလိမ့်မည်။

ထိုသူမှာ ပိန်ပိန်ပါးပါး အရပ်ရှည်ရှည်ရှိသူ ဖြစ်၏။ သူ၏ ပိန်ရှည်သော အရပ်နှင့်လိုက်ဖက်လှစွာ လုံရှည်တစ်ချောင်းကိုလည်း သိုင်းလွယ်ထား၏။

ထိုလူ၏အဝတ်အစားနှင့် လုံရှည်မှာ အရောင်ထူးခြား၏။ လုံမှာ ရွှေချထား၏။ လုံသွားမှာ ပြောင်လက်လက်ဖြစ်နေသည်။ ကြည့်လျှင် မျက်စိရှုးသည်။

သူဝတ်ဆင်ထားသော ဝတ်စုံကိုကြည့်ပါဦး။ အဝါရောင်ဖြစ်သည်။ ထိန်ထိန်တောက်နေသည့် အဝါဖြစ်သည်။ သူ့လုံနှင့် သူ့ဝတ်စုံမှာ လိုက်ဖက်လှသည်။

နှစ်ခုစလုံးက အဝါရောင်ချည်း ဖြစ်သည်။

ထိုလူတက်နေသည့်အချိန်နှင့် မရှေးမနှောင်းပင် တောင်ဘက်မျက်နှာစာမှ လူတစ်ယောက် တက်နေသည်။ ထိုလူကား အနီရောင်ဝတ်စုံနှင့် ဖြစ်သည်။

အဝါရောင်ဝတ်စုံနှင့်လူနှင့် အနီရောင်ဝတ်စုံနှင့်လူတို့သည် တောင်ပေါ်သို့ ပြိုင်တူလိုလို ရောက်လာကြလေ၏။

အနီရောင်ဝတ်စုံနှင့်လူ၏ လက်နက်ကား ခက်ရင်းခွကြီး ဖြစ်သည်။

ထိုလူ၏ ခန္ဓာကိုယ်သည် ပထမဆုံးတက်သည့် အရှေ့အရပ်မှ လူထက်ပင် ကြီးသည်။ ထွားသည်။ လူ့ဘီလူးကြီးဟု ထင်ရန်ရှိသည်။



သူသည် အရှေ့အရပ်မှ တက်လာသူကဲ့သို့ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးများရှိရာ ထိုလူသည် ကြောက်သန့်ဖွယ်ကောင်းနေသည်။

ဆံပင်များကလည်း လည်ကုတ်ပေါ်ဝဲကျနေသဖြင့် ခက်ရင်းခွကြီးပါ ပေါင်းလိုက်သောအခါ ငရဲပြည်မှ ယမမင်းကြီးအလား ဖြစ်နေသည်။

သူသည်လည်း တောအုပ်ထဲသို့ရောက်ရန် အသော့နှင်နေသည်။

ထို့ကြောင့် အရှေ့၊ အနောက်နှင့် တောင်ဘက်အရပ်တို့မှ တက်သူ သုံးဦးစလုံး တောင်ပေါ်သို့ ရောက်ရှိနေကြပေပြီ။

✱ ✱ ✱

## (၂)
## လေးဦး၏ဘဝ

တောအုပ်တွင်းမှ လှမ်းခေါ်သံတစ်သံကို ကြားလိုက်ရသည်။

"ဟော့ ... ညီလေးလီတာကျေ၊ ဒီကိုလာဟော့၊ ငါ ဒီမှာရောက်နေပြီကွ"

ရွှေလှံကိုင်ထားသူသည် အော်ခေါ်သူအား လှမ်းကြည့်လိုက်၏။ သစ်ပစ်ကြီးတစ်ပင်အောက်တွင် သူ့အား လှမ်းခေါ်နေသည့် ကြွယ်ပစ်ဝိဇ္ဇာ လုရှုဟုန်အား တွေ့ရှိလိုက်ရလေသည်။

ရွှေလှံကိုင်ထားသူကား အခြားသူ မဟုတ်ချေ။ သိုင်းလောကၡ နာမည်ရထင်ရှားနေသည့် ရွှေလှံမျုံ လီတာကျေပင် ဖြစ်သည်။

သူသည် လုရှုဟုန်ကိုတွေ့သောအခါ လက်ဝါးနှစ်ဖက်ကို ဆုပ်၍ ဦးညွှတ် နှုတ်ဆက်လိုက်၏။

"အစ်ကိုလုရှုဟုန် ရောက်နေတာ ကြာပြီလားခင်ဗျာ"

လုရှုဟုန်သည် သစ်ပင်ပေါ်မှ ခုန်ချလိုက်၏။

"ရောက်နေတာ မကြာသေးပါဘူးကွာ၊ ခုနတင်ကမှ ရောက်တာပါ၊ အမောဖြေမယ်မှ မကြံသေးဘူး၊ မင်းရောက်လာတာ တွေ့တာနဲ့ ငါ လှမ်းခေါ်လိုက်တာ"



ထိုစဉ် ...

"ဖြန်း ... ဖြန်း ... ဖြန်း"

"ဖန်း ... ဖန်း ... ဖန်း"

ချုံများကို ရိုက်ဖယ်တွန်းထိုးသည့် အသံများကို ကြားလိုက်ရလေသည်။

"ဟာ ... ဟာ ... ဘယ်သူများပါလိမ့်"

လီတာကျေက ပြောလိုက်၏။

လုရှုဟုန်က ...

"ဘယ်သူရှိရမလဲကွ၊ တို့အထဲက တစ်ယောက်ယောက်ပေါ့"

သူတို့သည် အသံကြားရာသို့ လှည့်လိုက်၏။ သိုင်းသမားများမှာ သူတို့လာလျှင် ဤသို့လာလေ့ မရှိပေ။ ခြေသံလုံလုံနင်းပြီး လာလေ့ရှိသည်။ အသံမကြားအောင်လာနိုင်မှ ရန်သူကို အလစ်အငိုက် ဖမ်းနိုင်မည် မဟုတ်ပါလား။

ယခု ဤသို့လာခြင်းမှာ ရောက်နေသူများကို ယုံကြည်၍ဖြစ်သည်။

သူ့ရန်သူများ မဖြစ်နိုင်ဟု ယုံကြည်သောကြောင့် ဤသို့အသံပေးလာခြင်းသာ ဖြစ်သည်၊

လုရှုဟုန်က ...

"ခက်ရင်းခွကြီးပါလား၊ ငါ ထင်သားပဲ၊ ဒီလောက်အသံပေးလာရင် ခက်ရင်းခွကြီးပဲ ဖြစ်မယ်လို့"

ခက်ရင်းခွကြီးကိုင်ထားသည့် လူ့ဘီလူးကြီးသည် တဟားဟားနှင့်ရယ်ရင်း သူတို့ရှိရာသို့ ပြေးလာလေသည်။ ထိုလူ့ဘီလူးကြီးအားသိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ရသည့် ခက်ရင်းခွဘီလူးကြီး လုချူကီပင် ဖြစ်လေသတည်း။

လုချူကီသည် ဂါရဝလည်းပြု အားရပါးရလည်း ပြေးဖက်လေ၏။

"ဟား ... ဟား ... ဟား ... နောင်တော်တို့က ရောက်နှင့်နေတာကိုး"

လုရှုဟုန်ကလည်း ပျော်တပြုံးပြုံးဖြင့် နှုတ်ဆက်သည်။ လီတာကျွေကလည်း ဝမ်းပန်းတသာ နှုတ်ဆက်သည်။

"ကျုပ် ရောက်လာတာ တော်တော်နောက်ကျသွားသလား၊ နော်တော်လုရှုဟုန်"

"နောက်မကျပါဘူး လုချူကီရဲ့၊ တို့လည်း ခုလေးတင်ပဲ ရောက်ကြတာပါ၊ အခုလေးတင် ကီတာကျွေကို နှုတ်သက်နေတာကွ"

သူတို့သုံးယောက်သည် သစ်ပင်ကြီးတစ်ပင်အောက်သို့ သွားထိုင်ကြလေ၏။ ထိုသစ်ပင်ကြီးမှာ လွန်စွာကြီးမားလှသဖြင့် အရိပ်အာဝါသ အလွန်ကောင်းသည်။ နေပြောက်ပင် မထိုးနိုင်ပေ။

"နောင်တော် လီတာကျွေလည်း အခုပဲ ရောက်တာပေါ့"



"အခုပဲ ရောက်တာပါ၊ အစ်ကိုကြီး လုရှုဟုန်က အမှန်ကို ပြောတာပါ၊ ဒီတောင်ကို မင်းလည်း တက်ဖူးတာပါပဲကွာ၊ အလွန်ဆုံးတက်ရ နေ့တစ်ဝက်ဆိုတာ အားလုံးသိနေကြတာပဲ"

ထိုအခါ လုရှုဟုန်က လည်တဆန့်ဆန့်ဖြင့် ...

"ညီလေး ဓားနှစ်လက် တန်ထင်လင်းတစ်ယောက် ဘာဖြစ်လို့ နောက်ကျနေတာလဲ မသိပါဘူးကွာ၊ အလျင်က ဒီကောင် နောက်မကျပါဘူး"

လီတာကျွေလည်း လုရှုဟုန်လည်ဆန့်ရာသို့ ကြည့်လိုက်သည်။

"မွန်းတည့်တော့မယ် အစ်ကိုကြီးရ ... ဒီကောင် နောက်ကျလွန်းတယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ"

ခက်ရင်းခွဘီလူးကြီး လုချူကီးသည် မျက်မှောင်ကြုတ်လျက် မြောက်အရပ်သို့ ကြည့်နေ၏။ သူသည် တစ်စုံတစ်ခုကို စဉ်းစားလျက်ရှိနေသည်။

"နောင်တော်တို့ ကျုပ် စဉ်းစားနေတာ တစ်ချက်ပဲရှိတယ်၊ တန်ထင်လင်းဟာ အင်မတန် တိကျသေချာတဲ့ကောင်ဆိုတာ နောင်တော်တို့လည်း အသိပဲ၊ သူ လမ်းမှာ တစ်စုံတစ်ရာဖြစ်လို့ မလာနိုင်တာလားလို့ ကျုပ် စဉ်းစားနေတယ်"

လုချူကီက ပြောလိုက်သောအခါ လုရှုဟုန်နှင့် လီတာကျွေတို့သည် မျက်နှာပျက်သွားကြလေသည်။

"ဟုတ်တယ်ဗျ အစ်ကိုကြီးရ ... ကျွန်တော်လည်း အဲဒီအချက်

ကို စဉ်းစားမိတယ်၊ နိမိတ်ဖတ်သလို ဖြစ်သွားမှာစိုးလို့ မပြောတာ၊ အလျင်နှစ်တွေကဆို ဒီကောင် အစောဆုံး တောင်ပေါ်ရောက်တာပဲ”

လီတာကျော့က ပြောလာ၏။

ထိုအခါ လုရှုဟုန်က ခေါင်းညိတ် ဝန်ခံလိုက်လေသည်။

“ဟုတ်တယ်၊ ငါလည်း မင်းတို့စိုးရိမ်သလို စိုးရိမ်နေတာပဲ၊ အလျင်ကဆိုရင် ဒီကောင်က ငါထက်တောင် အလျင်ရောက်နေတာ၊ အခုကျတော့မှ နောက်ကျရတယ်လို့”

သူတို့သုံးဦးစလုံးသည် တန်ထင်လင်း တက်လာရမည့် မြောက်ဘက်မျက်နှာဆီသို့သာ ကြည့်နေမိကြသည်။

သူတို့အားလုံးသည် အဆင့်မြင့်သိုင်းသမားများ ဖြစ်၏။ တစ်ဦးနှင့်တစ်ဦး ဆွေမျိုးတော်စပ်ကြသည်။ ညီအစ်ကို တော်စပ်သည်။

ကြယ်ပစ်ဝိဇ္ဇာ လုရှုဟုန်နှင့် ဓားနှစ်လက် တန်ထင်လင်းတို့မှာ တစ်ဦးနှင့်တစ်ဦး ညီအစ်ကိုတော်စပ်သူများ ဖြစ်၏။ ဖအေတူ မအေကွဲ ညီအစ်ကိုများ ဖြစ်၏။

လုရှုဟုန်သည် ပထမအိမ်ထောင်မှ မွေးဖွားသူဖြစ်ပြီး တန်ထင်လင်းသည် ဒုတိယအိမ်ထောင်မှ မွေးဖွားသူဖြစ်သည်။

သူတို့ဖခင်မှာ တစ်ချိန်တုန်းက နာမည်ကျော်ကြား လူသိများခဲ့သော သိုင်းဆရာကြီးတစ်ဦး ဖြစ်သည်။ ကျောက်လက်ဝါး လုတိန်ဆင်း ဖြစ်သည်။

သူတို့သည် သိုင်းလောက၌ နာမည်ရခဲ့ကြသူများဖြစ်ရာ သုံးနှစ်



ျင်တစ်ကြိမ်ကျ ဤ မိခင်သားမြတ်တောင်၌ တွေ့ဆုံပြီး သိုင်းပညာ လှယ်ခဲ့ကြသည်။ ထို့ကြောင့် သူတို့၏ သိုင်းပညာများသည် ပို၍ က်မြက်လာသည်။

ဤသို့ ထက်မြက်လာရသော်လည်း လုရှုဟုန်အတွက်ကား ိုင်းပညာသည် အသုံးမဝင်ချေ။ အဘယ်ကြောင့်ဆိုသော် သူသည် ိုင်းလောကမှ အနားယူထားသောကြောင့်ပင်တည်း။

သူသည် သိုင်းလောကမှ အနားယူပြီးကတည်းက ရွှေသဲဝါ ြစ်ဝှမ်းရှိ အေးချမ်းသာယာမြေရွာကြီး၌ အခြေချနေထိုင်လျက် ရှိ၏။

သူ၏ဇနီးသည်သည်လည်း မရှိတော့ပေ။ ကွယ်လွန်သွားပေ ြီ။ ကျန်ရစ်ခဲ့သော သမီးလေး လုစမ်းရင်အား စောင့်ရှောက်လျက် ိုင်းလောကပြင်ပတွင် အေးချမ်းစွာ နေထိုင်ခဲ့ပေသည်။

တစ်ဦးတည်းသော သမီးကလေးမှာ သူ၏မိခင် မကွယ်လွန် ခင်က ရှစ်နှစ်မျှသာ ရှိသေးသဖြင့် ဥမမယ်စာမမြောက်အရွယ်ကလေး ြစ်သည်။

သိုင်းလောကမှအပဖြစ်သော နေပြည်တော်တွင် တာဝန်ထမ်း ဆောင်နေသည့် လူတစ်ဦးမှာ ရွှေလုံပျံလီတာကျော့ ဖြစ်လေ၏။ လီ တာကျော့သည် ဘုရင့်အမှုထမ်းတစ်ဦး ဖြစ်သည်။

သို့သော် သစ္စာတော်ကိုသာ စောင့်သိသူ ဖြစ်လေသည်။

သိုင်းလောကတွင် တကယ်တမ်း ကျင်လည်သူနှစ်ဦးမှာ ခက် ရင်းခွာဘီလူး လုချူကြီးနှင့် ဓားနှစ်လက် တန်ထင်လင်းတို့သာ ဖြစ်

ကြသည်။ သူတို့သည် သိုင်းလောက၌ ကိုယ့်နည်းကိုယ့်ဟန်နှင့် ရပ်တည်ခဲ့ကြသူ ဖြစ်သည်။

လုချူကီးသည် ဂိုဏ်းတစ်ဂိုဏ်းကို တည်ထောင်ခဲ့သည်။ သူ တည်ထောင်သည့် ဂိုဏ်းအမည်မှာ ကင်းမြီးကောက်နီဂိုဏ်း ဖြစ်၏။ သူသည် ထိုဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ဖြစ်သည်။

လုချူကီးသည် တစ်ကိုယ်တည်း လူပျိုကြီးဖြစ်သည်။

လုချူကီးသည် လီတာကျေတို့၏ဘဝမှာ အဖြူနှင့်အမည်း ဖြစ်သည်။ လုချူကီးသည် တစ်ကိုယ်တည်းနေသူဖြစ်ပြီး လီတာကျေ ကတော့ သူကြွယ်တစ်ဦး၏ အလွန်လှပသော သမီးတစ်ဦးနှင့် အိမ်ထောင်ကျခဲ့သူ ဖြစ်၏။

သူတို့အိမ်ထောင်ရေးမှာ သာယာသည်။ နေပြည်တော်၌ သူ့ အိမ်ထောင်ဖက်မှာ ပျော်ပျော်ရွှင်ရွှင် ရှိသည်။

လုချူကီးသည် သူ၏ ကင်းမြီးကောက်နီဂိုဏ်းကိုသာ တွယ်တာနေသူ ဖြစ်သည်။ ကင်းမြီးကောက်နီဂိုဏ်းသည် သူ့ဇနီးမယား ဖြစ်သည်။ သူသည် အထီးကျန်ဖြစ်ရင်းက ကင်းမြီးကောက်နီဂိုဏ်းကို ပြုစုပျိုးထောင်နေသည်။

ဓားနှစ်လက် တန်ထင်လင်း၏ ဘဝကား သူတို့လေးယောက်ထဲ၌ မုန်တိုင်းအထန်ဆုံး ဖြစ်သည်။ သူ၏ဇနီးသည်သည် ငယ်ရွယ်၍ ချောမောလှပသူတစ်ဦး ဖြစ်လေသည်။

ထိုဇနီးသည်မှာ သူကဲ့သို့ပင် သိုင်းသမားတစ်ဦး ဖြစ်သည်။



သူမသည် ရန်သူသိုင်းသမားတစ်ဦး၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရာ ဆယ်နှစ်သားအရွယ် သားတစ်ဦးနှင့် မဆိုးဖိုဖြစ်ခဲ့ရလေ၏။

သူသည် ဇနီးသည်ကို အလွန်ချစ်ခင်သူဖြစ်ရာ ထိုရန်သူအား လက်စားချေရန် အစဉ်တစိုက် လိုက်ရှာဖွေနေခဲ့၏။ သို့သော် ယခု သူတို့ သိုင်းပညာ ဖလှယ်မည့်အချိန်အထိ ထိုရန်သူအား မတွေ့သေးချေ။

ထို့ကြောင့် သူတို့လေးယောက်တွင် ကျန်သောသုံးဦး၏ ဘဝမှာ တည်ငြိမ်မှုရှိပြီး ဓားနှစ်လက် တန်ထင်လင်း၏ဘဝမှာ တည်ငြိမ်မှု မရှိခြင်း ဖြစ်ခဲ့လေ၏။

မည်သို့ပင်ဖြစ်စေ သွေးသောက်ညီနောင်လေးဦး၏ ချစ်ခင်မှုကား စံတင်လောက်သည်။ သူတို့သည် သုံးနှစ်တစ်ကြိမ် သိုင်းပညာ ဖလှယ်မှုကိုကြည့်ရှု၍ သူတို့၏ ခင်မင်မှုကို သိနိုင်လေ၏။

✱ ✱ ✱

## (၃)
## လက်စားချေရေး ကတိပေး

သူတို့ သွေးသောက်ညီအစ်ကိုလေးယောက်သည် ချိန်းဆိုထားသည့်အချိန်၌ အမြဲတမ်း မပျက်မကွက် တွေ့ဆုံကြသည်။

ခရီးလွန်နေသူများကလည်း အချိန်မီ မိခင်သားမြတ်တောင်ဆီသို့ ရောက်လာကြသည်သာ။

ယခု တန်ထင်လင်းတစ်ယောက် အချိန်တန်၍ ရောက်မလာဘဲ ဖြစ်နေသည်။

နေ့လည် မွန်းတိမ်းသွားချေပြီ။ အရင်ရောက်နှင့်နေသည့် ညီနောင်သုံးယောက်မှာ ညီငယ်တန်ထင်လင်း ရောက်မလာသဖြင့် စိုးရိမ်ပူပန်စွာ စောင့်နေကြသည်။

လုရှုဟုန်က ...

"တန်ထင်လင်း ရောက်မလာလည်း ငါတို့ချည်း သိုင်းပညာ ဖလှယ်ကြရင် ကောင်းလိမ့်မယ်ထင်တယ်"

လီတာကျွေက ပြောလိုက်၏။



"ခဏတော့ စောင့်ပါဦး အစ်ကိုကြီးရယ် ... တန်ထင်လင်း ရောက်လာရင် သူ့ကိုမစောင့်ဘဲ သိုင်းပညာ ဖလှယ်နေကြတာတွေ့ရင် စိတ်မကောင်း ဖြစ်သွားပါဦးမယ်"

"ဟုတ်ပါတယ်ဗျာ ... ညီလေး စိတ်မကောင်း ဖြစ်သွားပါ့မယ်"

လုချူကီးကလည်း ဝင်ပြောသည်။

"အေးလေ ... ဟုတ်ပါတယ်၊ သူတစ်ခုခုဖြစ်လို့ နောက်ကျနေတာ ဖြစ်ပါလိမ့်မယ်၊ အဲဒီ တစ်ခုခုဟာ ဘာလဲဆိုတာ ငါတို့မသိတာဆိုးတာပဲ"

လုရှုဟုန်က ပြောလေ၏။

သူတို့သည် စိတ်ရှည်လက်ရှည်ဖြင့် ဆက်လက်စောင့်ကြည့်ပြန်သည်။

လုရှုဟုန်သည် သူ၏ညီ တန်ထင်လင်းအတွက် အားလုံးစိတ်မောနေသည်ကို ပြေစေရန် စကားလမ်းကြောင်း ပြောင်းလိုက်၏။

"ငါ့ညီတို့ သိုင်းကွက်တွေ အသစ်ထွင်နိုင်ကြပြီလား၊ အဲဒါ ငါ သိချင်တယ်"

လုချူကီးက အားရဝမ်းသာ ပြောသည်။

"ထွင်နိုင်ပါတယ် နောင်ကြီးရ၊ ကျုပ်တို့မှာ ဘာအလုပ်မှရှိတာမှ မဟုတ်ဘဲ၊ သိုင်းကွက်ပဲ ထွင်နေရတာပေါ့"

လီတာကျွေကလည်း ...

"ထွင်နိုင်ပါတယ် အစ်ကိုကြီး ... ထွင်နိုင်တာက အကြောင်း မဟုတ်ပါဘူး၊ ညီလေး တန်ထင်လင်း ရောက်မလာတာ ဆိုးတယ်၊ သူ ရောက်လာဖို့ကောင်းပြီ"

လုရှုဟုန် မည်မျှစကားလမ်းကြောင်းပြောင်းပြောင်း နောက်ဆုံးတွင် တန်ထင်လင်းဆီသို့ပင် စကားလမ်းကြောင်း ရောက်သည်။

ထိုစဉ် မြောက်ဆပ်မှ အစိမ်းရောင်ဝတ်ထားသည့် ဓားနှစ်လက် တန်ထင်လင်းအား တွေ့လိုက်ကြရလေသည်။

သူတို့အားလုံး ပျော်ရွှင်သွားကြသည်။

"ဟေး ... ဟိုမှာ ညီလေးတန်ထင်လင်း ရောက်လာပြီကွ၊ သူ အကြောင်းတစ်ခုခုရှိလို့ နောက်ကျနေတာပါ"

လုရှုဟုန်က လက်ညှိုးထိုး၍ ပြောလေ၏။ ကျန်နှစ်ယောက်ကလည်း အော်ဟစ်နှုတ်ဆက်ကြသည်။

"ဟေ့ ... ညီလေး၊ မင်း ဘယ်လိုဖြစ်နေတာလဲကွ၊ နောက်မကျစဖူး နောက်ကျလှချည်လား"

ခက်ရင်းခွဘီလူး လုချူကီးက အားရပါးရပြောရင်း နှုတ်ဆက်လိုက်သည်။

လီတာကျွေ့ကလည်း ...

"မင်းဟာ တို့ကို အတော်ဒုက္ခပေးတာပဲ၊ ငါတို့တွေ မင်းနောက်ကျလို့ စိတ်ပူပြီးစောင့်နေရတာ တော်တော်ဒုက္ခရောက်ကြတယ်၊ မင်းကို အပြစ်ဒဏ်ပေးရမယ်၊ မြန်မြန်လာစမ်းကွာ"



သူတို့ အော်ဟစ်နေကြသော်လည်း တန်ထင်လင်းမှာ ရှေ့သို့ လှမ်းနိုင်ဘဲ အမူးသမားကဲ့သို့ ယိမ်းထိုးနေသည်။

"ဟာ ... ဘယ့်နှယ် တန်ထင်လင်းက အရက်သောက်လာရတာလဲ"

"ဒီကောင် အရက်မသောက်တတ်ပါဘူးကွ"

လုရှုဟုန်က အံ့ဩစွာကြည့်ရင်း ပြောနေသည်။

မှန်သည်။

တန်ထင်လင်းသည် အများသူငါ သိုင်းသမားများကဲ့သို့ သေရည်သေရက်ကို သောက်တတ်သူမဟုတ်။ သူသည် သူ၏နောင်တော်များဆီသို့ ကြိုးစား၍ လှမ်းလာနေသည်။

သို့သော် သူတို့ထံသို့ မရောက်မီမှာပင် ပုံလျက်သား လဲကျသွားလေ၏။

"ဟာ ... လဲသွားပြီ"

"ဘယ်လိုဖြစ်တာလဲ"

"လာကြ ... လာကြ"

ညီအစ်ကိုသုံးယောက်စလုံး လွှားခနဲ ရောက်သွားကြသည်။ အစ်ကိုကြီး လုရှုဟုန်က ပွေ့ထူလိုက်သည်။

"ညီ ... ညီလေး တန်ထင်လင်း၊ ဘယ်လိုဖြစ်တာလဲကွယ်၊ အစ်ကိုကြီးတို့ကို ပြောပြစမ်းပါဦး"

ဓားနှစ်လက် တန်ထင်လင်းမှာ မည်သည့်စကားမျှ ပြန်မပြောနိုင်ပေ။ သူသည် အသက်မရှိတော့ပေ။ သေဆုံးနေချေပြီ။

"ညီလေး ... ညီလေး"

"ဟင် ... ဒဏ်ရာကြီးနဲ့"

လီတာကျွေသည် ကျော၌ ချုံးဖွဲ့ထားသည့်မြားဒဏ်ရာကို ေ
ရှိသွားသည်။ ထိုအခါမှ အားလုံးသည် ဒဏ်ရာကို စစ်ဆေးကြ
ကြသည်။

"ညီလေးတော့ လုပ်ကြံခံရတာကွ"

လုရှုဟုန်က နာကြည်းစွာ ပြောလိုက်၏။

ခက်ရင်းခွဘီလူးကြီး လုချူကီးသည် မြောက်ဘက်သို့ ပြေ
ထွက်သွား၏။

သူသည် သူ့ညီအား လုပ်ကြံသူကို ရှာဖွေချေတော့သည်။

"တောက် ..."

ရွှေလုံ့ပျံလီတာကျွေက တက်ခေါက်လိုက်၏။

လုရှုဟုန်က ...

"အဖြစ်ဆိုးလှချည်လား ညီလေးရယ်၊ သိုင်းသမား လုပ်ကြံ
ရတယ်ဆိုတာ အရပ်ရပ်နေပြည်တော် ကြားလို့မှ မတော်ပါလား"

လုရှုယုန်သည် တန်ထင်လင်း၏အလောင်းကို မြေသို့ချလိုက်
၏။ လီတာကျွေနှင့်အတူ အလောင်းဘေး၌ ခေါင်းငိုက်စိုက်ကျ
သည်။ သူတို့ စိတ်ဓာတ်ကျကုန်သည်။

သူတို့သည် အလောင်းကို မှောက်လိုက်သည်။ မြားတံ
ဓားဖြင့်ခွဲ၍ နုတ်ယူကြသည်။ မြားတံကို စစ်ဆေးကြသည်။



"အဆိပ်မြားပဲ လီတာကျွေရဲ့"

"မှန်တယ် အစ်ကိုကြီး ... ဒါပေမယ့် ဒီမြားလောက်တော့ ညီလေးက ရှောင်နိုင်ပါတယ်၊ သူ ဘာဖြစ်လို့ မရှောင်နိုင်တာလဲ၊ အဲဒါကို ကျွန်တော် စဉ်းစားနေတာ၊ သူဟာ သိုင်းလောကမှာ ဘယ်လောက် အဆင့်ရှိတယ်ဆိုတာ အစ်ကိုကြီးလည်း သိတယ်၊ ကျွန်တော်လည်း သိတယ်"

လုရှုဟုန်မှာ ကြေကွဲဖွယ်ရာအဖြစ်ဆိုးကြောင့် ပိုမိုအိုစာသလို ဖြစ်သွားသည်။

လီတာကျွေသည် အံကြိတ်ရင်း စဉ်းစားနေလေ၏။ ဓားနှစ်လက် တန်ထင်လင်း၏အလောင်းမှာမူ မကြာမီ ပြာနှမ်းလာသည်။ အဆိပ်တက်သော အရိပ်အယောင်များ ဖြစ်ပေသည်။

ထိုစဉ် ပြေးထွက်သွားသည့် ခက်ရင်းခွဘီလူးကြီး လုချူကီး ပြန်ရောက်လာ၏။

"ကျုပ် တောင်အောက်အထိ ရောက်ခဲ့တယ်၊ သဲလွန်စတစ်ခု ရခဲ့တယ်၊ သဲလွန်စလို့ပဲ ဆိုနိုင်သလားတော့ မသိဘူး၊ ထူးထူးဆန်းဆန်း နှင်းဆီပန်းတစ်ပွင့်ပဲ၊ တောင်ခြေမှာတွေ့လို့ ကောက်ယူခဲ့တယ်"

လုရှုဟုန်က ...

"ပြစမ်းပါဦး ..."

လုချူကီးက နှင်းဆီပန်းကို လှမ်းပေးလိုက်၏။

လုရှုဟုန်သည် ပန်းကို အသေအချာ ကြည့်လေ၏။ ပန်းကို နမ်းကြည့်သည်။ မည်သို့မျှ ထူးခြားချက် မရှိပေ။

"ဘယ်နားက တွေ့လာတာလဲ"

"တောင်ခြေကပဲ နောင်တော်"

"အင်း ... စဉ်းစားစရာပဲ၊ ဖြတ်သွားဖြတ်လာတဲ့ အမျိုးသမီး ကျကျန်ခဲ့တာလားကွာ၊ တန်ထင်လင်းကို လုပ်ကြံတဲ့လူက မြားနဲ့ ပစ်တာကွ၊ လေးသည်တော်တစ်ဦးဟာ နှင်းဆီနက်ပန်းကို ဆောင်ထား ပါ့မလား၊ စဉ်းစားစရာပဲ"

လုချူကြီးက သူ၏နောင်တော် လုရှုဟုန်၏မှန်းဆချက်ကို ခေါင်းညိတ်လက်ခံသည်။

လီတာကျွဲသည် နှင်းဆီနက်ပန်းပွင့်အား လှမ်းယူလျက် စဉ်းစားမိနေ၏။

တောင်ခြေသို့ မည်သို့ခရီးသွားမှု ကပ်လာကြမည် မဟုတ်ချေ။

တောင်ခြေ၌ ခရီးသွားများ သွားလာနိုင်သည့် လမ်းလည်းမရှိချေ။ နှင်းဆီနက်သည် တစ်စုံတစ်ခုသော သဲလွန်စဟု တွေးမိသည်။

ဤသို့ဖြင့် ညီနောင်သုံးယောက်သည် ဓားနှစ်လက်တန်ထင်လင်း သေဆုံးသည့်ကိစ္စကြောင့် သိုင်းပညာဖလှယ်သည့်ကိစ္စကို ပယ်ဖျက်လိုက်ကြရသည်။

"ဓားနှစ်လက် တန်ထင်လင်းအလောင်းကို တောင်အောက်ပြန်ယူပြီး သဂြိုဟ်မလား"

"မသဂြိုဟ်ပါနဲ့၊ ဒီတောင်ဟာ မြင့်မြတ်တဲ့တောင်ပါ၊ ဘာအညစ်အကြေးမှလည်း မရှိဘူး၊ ဒီတောင်ပေါ်မှာပဲ သဂြိုဟ်ပါ"

"ဟုတ်တယ် ... ကောင်းတယ်"



ဤသို့ဖြင့် ဓားနှစ်လက် တန်ထင်လင်းအား တောင်ထိပ်မှာပင် သဂြိုဟ်လိုက်ကြသည်။

သူတို့သည် မြေပုံပေါ်သို့ တောပန်းတောင်ပန်းများ ကြဲချပြီး နှုတ်ဆက်ကြသည်။

"ညီလေး တန်ထင်လင်းရေ ... မင်းကို လုပ်ကြံသွားတဲ့ ရန်သူ ဂု ငါ သိုင်းလောကမှာ ရှိနေသရွေ့ ရှာဖွေလက်စားချေမယ်ဆိုတာ ကတိပြုပါတယ်ကွာ၊ မင်း စိတ်ချနေစမ်းပါ ညီလေးရာ၊ ငါ လက်စားချေပါ့မယ်"

ခက်ရင်းဖွဲ့ဘဲလူးကြီး လုချူကြီးက ကြေကွဲစွာပြောရင်း ကတိပေးလေသည်။

"ငါလည်း လုချူကြီးလိုပဲ ကတိပေးပါတယ်၊ နေပြည်တော်မှာ အမှုထမ်းရင်း မင်းကိုသတ်သွားတဲ့ တရားခံကို ငါ ဖော်ထုတ်နိုင်မှာပါ၊ မင်း ငြိမ်းငြိမ်းအေးအေးသာ နေပါတော့"

လုရှုဟုန်မှာမူ ဘာမျှ မပြောကြားနိုင်ပေ။ ဝမ်းနည်းကြေကွဲစွာဖြင့်သာ မြေပုံကိုစိုက်ကြည့်နေလေ၏။ သူကမူ လက်စားချေရန်ကို ကတိမပေးပေ။

တန်ထင်လင်း ဘဝကူးကောင်းရန်သာ ဆုတောင်းနေ၏။

မိခင်သားမြတ်တောင်မှ သူတို့ ထွက်လာကြသောအခါ အားလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေကြသည်။

✱ ❊ ✱

## (၄)
## အစ်ကိုကြီးဖြစ်သူ တာဝန်ယူ

သေဆုံးသွားခဲ့သော ဓားနှစ်လက် တန်ထင်လင်းမှာ သိုင်းလောကၡ ထင်ရှားကျော်ကြားခဲ့သော ဓားသမားလူစွမ်းကောင်း ဖြစ်သည်။

ဓားနှစ်လက်ကိုင် ကစားနိုင်သည်။ သိုင်းသမားတို့၏ ထူးခြားချက်ပင် ဖြစ်သည်။ သိုင်းသမားတိုင်း ဓားနှစ်လက်ကိုင် ကစားနိုင်သည် မဟုတ်ပေ။

သူသည် သိုင်းလေးဖော်ညီနောက်များအနက် ညီအငယ်ဆုံး ဖြစ်ပြီး နာမည်အကြီးဆုံးလူ ဖြစ်၏။ သိုင်းလောကၡ သူ၏နောင်တော်သုံးယောက်ကိုသာ မသိသူရှိလျှင် ရှိမည်။ သူ့ကိုတော့ မသိသူ မရှိပေ။

အရွယ်ကောင်းတုန်း နာမည်အကျော်ကြားဆုံးအချိန်၌ ကွယ်လွန်သွားသဖြင့် သိုင်းသုံးဖော်မှာ ယူကျုံးမရ ကြေကွဲမဆုံး ဖြစ်ကျန်ခဲ့သည်။ လုပ်ကြံသူကိုလည်း ကြိုးစား၍ ရှာဖွေခဲ့ကြသည်။

သို့သော် ရှာဖွေမတွေ့ကြပေ။



သူတို့သည် ရန်သူကို ရှာဖွေသောတာဝန်အပြင် အခြားတာဝန် …စ်ခု ရှိပေသေးသည်။ ထိုတာဝန်မှာ ပို၍ ကြီးမားလှလေသည်။

ထိုတာဝန်ကား တန်ထင်လင်း၏သား ဆယ်နှစ်အရွယ်ရှိသေး …ည့် တန်ထင်ဟုန်ကို စောင့်ရှောက်ရန်နှင့် တစ်ထောင်သာသာ …မာဏရှိသည့် ရွှေရောင်သေတ္တာကလေးတစ်လုံးကို စောင့်ရှောက်ရန် …ပင် ဖြစ်သည်။

သူတို့သည် ထိုတာဝန်ကိုစောင့်ရှောက်ရန် ညီနောင်သုံးဖော် …တိုင်ပင်ဆွေးနွေးကြလေ၏။ တန်ထင်ဟုန်နှင့် သေတ္တာကို ဘယ်သူ့ …ဆီအပ်မလဲ၊ ဘယ်သူ စောင့်ရှောက်မလဲ။

"ဆွေးနွေးလေ၊ မင်းတို့ ဆွေးနွေးကြပေါ့"

"အစ်ကိုကြီး လူရှုဟုန်ဆီမှာအပ်ရင် အသင့်လျော်ဆုံးလို့ ထင် …တယ်၊ အစ်ကိုကြီးဆီမှာ တန်ထင်ဟုန်နဲ့ မတိမ်းမယိမ်း သမီးလေး …လည်း ရှိတယ်၊ အစ်ကိုကြီးက သိုင်းလောကထဲက အနားယူထား …လေတော့ အေးချမ်းမှုလည်း ရှိတယ်၊ ဒီတော့ ကလေးရော သေတ္တာကို …ပါ အစ်ကိုကြီးပဲ စောင့်ရှောက်ပါ"

လီတာကျွေ့က ထိုသို့ တင်ပြဆွေးနွေးသည်။

ခက်ရင်းခွဘီလူးကြီး လုချူကီးက ထောက်ခံ၏။

"ဟုတ်တယ် နောင်ကြီးလက်ခံပါ၊ လီတာကျွေ့ပြောတာ မှန် …တယ်၊ ကျုပ်နဲ့ဆိုလည်း မဖြစ်ဘူး၊ ကျုပ်ကိုယ်တိုင်တောင် မနည်း …ထိန်းနေရတာ၊ လီတာကျွေ့ကလည်း မင်းမှုထမ်းဆိုတော့ အစ်ကိုကြီး …ဘဝလောက် မအေးချမ်းဘူး၊ ဒီတာဝန်ကို အစ်ကိုကြီးပဲ ယူပါ"

ထိုအခါ ကြယ်ပစ်ဝိဇ္ဇာ လုရှုဟုန်သည် ခေါင်းညိတ်လိုက်၏။

"ဒီတာဝန်ကို ငါ ဝမ်းမြောက်ဝမ်းသာစွာနဲ့ တာဝန်ယူပါတယ်၊ တန်ထင်ဟုန်ကို သိုင်းသမားကောင်းတစ်ယောက် ဖြစ်လာစေဖို့ပါ ကောင်းကောင်း လေ့ကျင့်ပေးပါ့မယ်၊ သေတ္တာကလေးကိုလည်း သိမ်းဆည်းပေးထားပါ့မယ်"

ဤသို့ဖြင့် ဓားနှစ်လက် တန်ထင်လင်း၏သား တန်ထင်ဟုန်သည် ရွှေသဲဝါမြစ်ဝှမ်းရှိ အေးချမ်းသာယာမြေရွာကြီး၌ လုရှုဟုန်၏ နေအိမ် ချိုးငှက်တို့သိုက်မြို့သို့ ရောက်ရှိလာလေတော့သည်။

တန်ထင်ဟုန် ရောက်လာသဖြင့် ဝမ်းသာမဆုံးရှိသည့် လူတစ်ဦး ရှိနေသည်။ ထိုလူကား လုရှုဟုန်၏သမီးကလေး လုဝမ်ရင်းတည်း။ သူမသည် ချိုးငှက်တို့သိုက်မြို့၌ အထီးကျန်ဖြစ်နေသူ ဖြစ်သည်။

တန်ထင်ဟုန်သည် ဆယ်နှစ်သားအရွယ်။

လုဝမ်ရင်းက ရှစ်နှစ်သမီးအရွယ်။

တန်ထင်ဟုန်သည် ချိုးငှက်တို့သိုက်မြို့အတွင်းသို့ ရောက်ရှိစက အနည်းငယ် ရှိန်နေသော်လည်း လုဝမ်ရင်းကို ချိုသာစွာဆက်ဆံသည်။ မကြာမီ လုဝမ်ရင်းကလည်း ခင်မင်သွားသည်။

တစ်ဦးနှင့်တစ်ဦး မောင်နှမအရင်းကဲ့သို့ ရင်းနှီးခင်မင်သွားလေတော့သည်။

လုရှုဟုန်သည် ကလေးတာဝန်ကိုသာ ထမ်းဆောင်ရသည် မဟုတ်ပေ။ တန်ထင်ဟုန်နှင့်အတူ ပါလာသော ရွှေရောင်သေတ္တာကလေးကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရသည်။



လုရှုဟုန်၊ လီတာကျော့နှင့် လုချူကီးတို့သုံးဦး သဘောတူညီချက်အရ ရွှေရောင်သေတ္တာကလေးကို ထိန်းသိမ်းစောင့်ရှောက်ရသည်။

လုရှုဟုန်၊ လီတာကျော့နှင့် လုချူကီးတို့သုံးဦး သဘောတူညီစဉ်က ထို ရွှေရောင်သေတ္တာလေးကို တန်ထင်ဟုန် အသက်ဆယ့်ရှစ်နှစ်ပြည့်သောအခါ ပေးအပ်ရမည်ဟု သဘောတူညီခဲ့ကြသည်။

ညီနောင်သုံးဖော်စလုံး တန်ထင်ဟုန်ကိုလည်းကောင်း၊ ရွှေရောင်သေတ္တာလေးကိုလည်းကောင်း အလေးထားကြသည်။ သူတို့သည် သူတို့၏ညီငယ် တန်ထင်လင်းအား ချစ်ခင်ခဲ့ကြသည်။

ရွှေရောင်သေတ္တာလေးအား ခတ်ထားသည့်သော့လည်း မရှိသဖြင့် သူတို့သုံးဦး ဖွင့်မကြည့်နိုင်ချေ။

"ကိစ္စမရှိပါဘူး၊ ဒါကို ငါတို့ကြည့်ဖို့လည်း မလိုပါဘူး၊ တန်ထင်ဟုန်ကလေးသာ ကြည့်ဖို့လိုတာပါ၊ ဒီတော့ သူ့အသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့အခါမှ သူ့ဘာသာပဲ ဖွင့်ကြည့်ပါစေတော့"

ဤသို့ဖြင့် လုရှုဟုန်သည် ရွှေရောင်သေတ္တာကလေးကိုလည်း ထိန်းသိမ်းထားလိုက်ရတော့သည်။

တန်ထင်ဟုန်ကား မိခင်ရောဖခင်ပါ သိုင်းသမားဖြစ်၍ မိခင်အမွေရော ဖခင်အမွေပါရသည့် သားတစ်ယောက် ဖြစ်လေသည်။ မင်းဖြင့်မည့်ကောင် သွေးဥကလေးနဲ့ဟု ဆိုရမည်ကဲ့သို့ ဖြစ်နေသည်။

တန်ထင်ဟုန်သည် ဆယ်နှစ်သားအရွယ်ကပင် ဓားကို လွန်စွာစိတ်ဝင်စားသည်။

သူ့ကို ဆယ်နှစ်သားအရွယ်နှင့် လိုက်ဖက်သော ဓားကလေး တစ်ချောင်း ချိတ်ဆွဲပေးထားရသည်။

ခြေလက်များကလည်း အငြိမ်မနေ။ အမြဲတမ်း လှုပ်လှုပ်ရှားရှား လုပ်နေသည်။

ကျွမ်းထိုးခြင်း၊ ခုန်ပျံခြင်းနှင့် သိုင်းကစားခြင်းတို့ကို ပြုလုပ်နေတတ်သည်။ ထို့ကြောင့် လုရှုဟုန်သည် တန်ထင်ဟုန်ကလေးကို သတိထားကြည့်ရှုနေရသည်။

ကလေးသည် တောက်မည့်မီးခဲ တရဲရဲဆိုသကဲ့သို့ ဖြစ်နေသည် မဟုတ်ပါလား။

လုရှုဟုန်သည် တန်ထင်ဟုန်ကလေးအား တစ်ခါတစ်ရံ ဖွင့်ဟ၍ပင် ချီးကျူးသည်။

"အင်း ... တူကလေးကြည့်ရတာ မင်းအဖေလိုပဲ သိုင်းသမား ဖြစ်လာမယ်ဆိုတာတော့ ငါယုံတယ်၊ ခုပဲကြည့်ပါလား၊ မင်းအရွယ်မှာ တခြားကစားတာတွေကို ဝါသနာပါရမှာ၊ အခုတော့ မင်းက ဓားတစ်ချောင်းနဲ့ ဖြစ်နေပြီ၊ အေး ... ဘကြီးကလည်း မင်းကို သိုင်းပညာတွေ သင်ပေးရမှာပေါ့ကွယ်"

လုရှုဟုန်သည် တွေးတောငေးမောနေတော့သည်။ သူသည် အရင်ကလို မဟုတ်တော့ပြီ။ သိုင်းလောကမှ အနားယူပြီးဖြစ်၍ သိုင်းကွက်အသစ်အဆန်းများလည်း သူ မထွင်တော့ပေ။

မိခင်သားမြတ်တောင်သို့ သူလိုက်နေခြင်းမှာလည်း ညီအစ်ကို လေးယောက် ဆုံရမည်ဟူသော စည်းကမ်းချက်ကြောင့် ဖြစ်သည်။



သူ စဉ်းစားသည်။

"အင်း ... ငါ့တူလေးကို သိုင်းသမားကောင်းတစ်ယောက် ဖြစ်အောင် ထူးချွန်တဲ့ သိုင်းဆရာကောင်းကောင်းဆီမှာ အပ်နှံနိုင်ရင်တော့ ကောင်းမှာပဲ"

တန်ထင်ဟုန်၏ စကားများကလည်း ကြီးကျယ်လှသည်။ ကလေးအရွယ်နှင့် မလိုက်အောင် အနာရွတ်များနှင့် ပြည့်နေပုံရသည်။

"ကျွန်တော်ဟာ ဖေဖေ့လို ဓားသမားကြီးဖြစ်အောင် ကြိုးစားမယ်၊ ဘဘကြီး ကျွန်တော် ဓားသမားကြီးမဖြစ်လို့ ဘယ်သူဖြစ်မှာလဲ၊ ဖေဖေ့ကိုသတ်သွားတဲ့ လူသတ်သမားကို ကျွန်တော် လက်စားချေရမှာ ဘဘကြီးရဲ့"

ထိုစကားများကို ကြားရသောအခါ လုရှုဟုန်၏မျက်ခုံးများ မြင့်တက်သွားရတော့၏။

"အင်း ... ငါ့တူ ငယ်သေးတယ်လို့ အောက်မေ့တာ၊ အခုတော့ အသည်းနှလုံးထဲမှာ သူ့အဖေအတွက် လက်စားချေဖို့အသိက အပြည့်အဝရှိနေပါလား"

လုရှုဟုန်သည် ကလေးငယ်၏ ပြင်းပြသောစိတ်ဓာတ်ကို ချီးကျူးမိသော်လည်း သူ မွေးမြူရမည့်အရေးကို တွက်ကြည့်ရင်း စိတ်မောနေမိလေသည်။

တန်ထင်ဟုန်မှာ လိမ္မာသူဖြစ်သည်။

လုရှုဟုန်၏အိမ်တွင် အစေအပါးများရှိသော်လည်း တန်ထင်

ဟုန်သည် လုရှုဟုန်အလိုရှိသည့် အရာများကို သယ်ယူပေးခြင်း၊ လုရှုဟုန် ခိုင်းစေသည့်အခါ ပေါ့ပါးစွာဆောင်ရွက်ပေးခြင်းဖြင့် ဘကြီးဖြစ်သူ၏ ချစ်ခင်မှုကို အရယူနိုင်ခဲ့သည်။

အဓိကကျသောအချက်မှာ ညီမဖြစ်သူ လုဝမ်ရင်း၏ ချစ်ခင်မှုကို ရရှိခြင်းပေတည်း။

ညီမငယ်နှင့်သူသည် ဝါသနာမတူသော်လည်း ညီမဖြစ်သူအား တတ်နိုင်သမျှ အလိုလိုက်သဖြင့် လုဝမ်ရင်းသည် တန်ထင်ဟုန်အား အစ်ကိုအရင်းသဖွယ် ချစ်ခင်နေလေတော့၏။

✱ ✱ ✱



## (၅)
## ရှေ့ရေး

တန်ထင်ဟုန်အဖို့ ချိုးဇှက်တို့သိုက်မြို့မှာ အလွန်ကြီးကျယ်လှသည်။

အိမ်ကြီးမှာလည်း ခန်းနားကြီးကျယ်လှသည်။ လုရှုဟုန်မှာ သူကြွယ်တစ်ဦးကဲ့သို့ ချမ်းသာသူတစ်ဦးဖြစ်၍ အိမ်ကြီးရခိုင်နှင့် အစေအပါးများနှင့် နေနိုင်သူတစ်ဦး ဖြစ်ခဲ့သည်။

သိုင်းလောကမှ အနားယူလိုက်သောအခါ ရန်ငြိုးရန်စများလည်း လုံးဝမရှိဘဲ အေးချမ်းစွာနေနိုင်ခဲ့သည်။ သူ နေသော ရွာမှာ ရွာကြီးဖြစ်သဖြင့် အိမ်ကြီးအိမ်ကောင်းများနှင့် နေထိုင်နိုင်သူ များစွာ ရှိလေသည်။

အိမ်ကြီး၌ သုံးစွဲသော အသုံးအဆောင်များ၊ ပရိဘောဂများ၊ နေရာထိုင်ခင်းများက တန်ထင်ဟုန်၏ တစ်သက်နှင့်တစ်ကိုယ် မသုံးစွဲဘူးသောပစ္စည်းများ ဖြစ်နေသည်။

သူသည် အဖေသိုင်းသမား အမေသိုင်းသမားနှင့်အတူ နေထိုင်ခဲ့ရသည်။ ဇီဇသွေးပါ သိုင်းသမားအလောင်းအလျာလေးပေတည်း။

သူ၏ဖခင်နှင့်မိခင်တို့မှာ သိုင်းပညာနောက်သာ စိုက်လိုက်မတ်တတ် လိုက်စားသည့် သိုင်းသမားများသာ ဖြစ်သည်။ သူတို့သည် သိုင်းပညာမှလွဲ၍ ဘာမျှ စိတ်မဝင်စားချေ။

အစားအသောက် အနေအထိုင်လည်း ဂရုမစိုက်ချေ။ အသင့်အတင့် စားသောက်နေထိုင်ရလျှင် သူတို့ ကျေနပ်ကြသည်။

ထို့ကြောင့် ကလေးငယ် တန်ထင်ဟုန်မှာလည်း လူကြီးများ စားသောက်နေထိုင်သကဲ့သို့သာ နေထိုင်ရတော့သည်။

ချိုးငှက်တို့သိုက်မြို့သို့ ရောက်သောအခါ သူနေထိုင်စားသောက်ရသည်မှာ ယခင်ဘဝနှင့် ဆိုနှင့်ရေကဲ့သို့ ကွာခြားသွားသည်။

နောက်ဆုံး သူ့မိဘများသာ လူ့လောကမှ ထွက်ခွာသွားကြရ၏။ သူကတော့ အဆင့်အတန်းမြင့်မြင့် မနေထိုင်ခဲ့နိုင်ချေ။ မစားသောက်ခဲ့ရချေ။

သူနှင့် မိဘနှစ်ပါး နေထိုင်ကြစဉ်က မိခင် အသတ်ခံခဲ့ရ၏။

ထိုအခါ ဖခင်သည် မိခင်ကိုသတ်သွားသူအား လိုက်လံရှာဖွေတော့သည်။ မနားမနေ ရှာဖွေသည်။ သူသည်လည်း ဖခင်နောက်သို့ တစ်ကောက်ကောက်လိုက်ရင်း လက်စားချေမည့် တရားခံကို အထပ်ထပ် နှလုံးသွင်းရတော့၏။

သူ၏နုနယ်သော နှလုံးသားသည် လက်စားချေခြင်းတရားတို့ဖြင့် ထုံမွမ်းထားသကဲ့သို့ ရှိနေ၏။

ယခုအခါ ဖခင် အသတ်ခံရပြန်သောအခါ သူ၏နှလုံးသားမှာ ဒဏ်ရာအပြည့်နှင့် ဖြစ်သွားတော့၏။ ဖခင်အားသတ်သွားသူကို သူ



လက်စားချေရမည်ဟူသည့် အသိသာ သူ့အသည်းနှလုံးထဲ၌ စွဲနေတော့သည်။

ယခု သူသည် ချိုးငှက်တို့သိုက်မြို့၌ စိတ်ချမ်းသာစွာနေရသော်လည်း စိတ်ချမ်းသာစွာ မနေနိုင်ပေ။ လက်စားချေလိုစိတ် ပြင်းပြလျက် ဓားသိုင်းလေ့ကျင့်၍သာ နေလေ၏။

လုရှုဟုန်တို့သားအဖသည် သူ့ကို သားငယ်တစ်ဦးကဲ့သို့၊ အစ်ကိုရင်းတစ်ဦးကဲ့သို့ နွေးထွေးစွာ ကြိုဆိုသဖြင့် သူသည် မကြာမီ ချက်ချင်းဆိုသလို ချိုးငှက်တို့သိုက်မြို့၌ အိမ်သားတစ်ဦးပမာ အထာကျသွားလေ၏။

သူကလည်း သူ့ဘကြီး လုရှုဟုန်အား အလွန်လေးစားချစ်ခင်သကဲ့သို့ ညီမလေး လုဝမ်ရင်းအားလည်း ချင်ခင်ကြင်နာစွာ အလိုလိုက်၏။ သူတို့၏ချစ်ခြင်းမှာ တစ်စည်းတစ်လုံးတည်း ဖြစ်သွား၏။

တန်ထင်လင်း ချိုးငှက်တို့ရိပ်မြုံသို့ရောက်ပြီး တစ်နှစ်မျှကြာသောအခါ သိုင်းညီအစ်ကိုနှစ်ဦးသည် ချိုးငှက်တို့ရိပ်မြုံသို့ ရောက်ရှိလာကြလေ၏။ သူတို့၏တူကလေးသည် အစ်ကိုကြီး လုရှုဟုန်ထံ၌ ရှိနေသည့်ပြင် သူတို့ ချိန်းဆိုထားကြ၍ ဖြစ်သည်။

သူတို့သုံးဦးသည် တန်ထင်လင်း သေဆုံးသွားသဖြင့် မလုပ်ဖြစ်သည့် သိုင်းပညာဖလှယ်ပွဲကို ယခုနှစ်၌လုပ်ရန် ဆုံးဖြတ်ခဲ့ကြ၏။

ခက်ရင်းခွဘီလူး လုချူကီးနှင့် ရွှေလှံပျံ လီတာကျွေတို့ ရောက်ရှိလာသောအခါ တန်ထင်ဟုန်ကလေးသည် လွန်စွာ ပျော်ရွှင်နေ၏။

သူ့ဘကြီးများကလည်း တူလေးအား လွန်စွာ ချစ်ခင်ကြသည်။

တန်ထင်ဟုန်ကလည်း လွန်စွာ ဂုဏ်ယူသည်။ သူ့ဘကြီးများသည် နာမည်ကျော် သိုင်းသမားကြီးများ မဟုတ်ပါလား။ တန်ထင်ဟုန်သည် ခက်ရင်းခွကြီးကိုလည်းကောင်း၊ ရွှေလုံ့ပျံကိုလည်းကောင်း ကိုင်တွယ်ကြည့်ရှုလေ၏။

"ဟော ... လူကလေး တန်ထင်ဟုန် ကြည့်စမ်း တစ်နှစ်ပဲရှိသေးတယ် ထွားလိုက်တာ၊ တကယ့် လူကြီးတစ်ယောက်လိုပါပဲလား၊ အစ်ကိုကြီး လုရှုဟုန်က တကယ့်အကောင်းစားတွေကို ကျွေးမွေးထားတာနဲ့တူတယ်"

လီတာကျွေက တန်ထင်ဟုန်ကို ကြည့်ရှုအံ့သြ၍ အစ်ကိုကြီး လုရှုဟုန်ကိုလည်း ချီးကျူးလိုက်၏။

လုချူကြီးကလည်း သူ့တူလေးကို ပွေ့ချီရင်း ပြောသည်။

"ဟုတ်တယ်ဗျာ၊ ကျုပ်တောင် အံ့သြသွားတယ်၊ တစ်နှစ်ဆိုတာ ဘာမှကြာတာ မဟုတ်ဘူးဗျ၊ နောင်ကြီးလုရှုဟုန်ဟာ တယ်ပြီး ပြုစုကျွေးမွေးတာ ကောင်းတာကိုးဗျ၊ ကျုပ်တော့ နောင်ကြီးလုရှုဟုန်ကို ချီးကျူးတယ်ဗျာ၊ တူကလေးကကော သိုင်းပညာတွေ တော်တော်တက်မြောက်နေပြီလား"

"နည်းနည်းပါးပါးတော့ တတ်ပါပြီ ခင်ဗျာ၊ ဘဘကြီးကလည်း တတ်နိုင်သမျှ ကြိုးစားသင်ပေးပါတယ်"

တန်ထင်ဟုန်ကလေးကလည်း အမှန်အတိုင်း ဝင်ဖြေသည်။ တန်ထင်ဟုန်သည် ဆယ့်တစ်နှစ်ဖြစ်သောလည်း သူသည် ထူးထူးခြားခြား ကြီးကောင်ဝင်နေ၏။



ရွှေလုံ့ပျံ လီတာကျွေက တန်ထင်ဟုန်ဆီသို့ သူ့လုံ့ပျံကို ပစ်ပေးလိုက်သည်။

"ရော့ဟေ့ ... တန်ထင်ဟုန်"၊

တန်ထင်ဟုန်သည် တော်တော်မြင့်မြင့်သို့ ပစ်ပေးလိုက်သည့် လုံ့ပျံကို ခုန်၍ဖမ်းလိုက်သည်။ သူသည် မြေပြင်နှင့် ခြေမထိခင်ကလေး၌ လုံ့သွားကို မြေပြင်၌ထောက်လိုက်ပြီး ကျွမ်းတစ်ပတ် ပစ်လိုက်သည်။ တန်ထင်ဟုန်ကလေးသည် အခုန်အပျံ၌ မဆိုးသူကလေး ဖြစ်နေပါကလား။

လီတာကျွေသည် တန်ထင်ဟုန်ကလေးအား ချီးကျူးမိလေ၏။

"တန်ထင်လင်းရဲ့သားဟာ သူ့အဖေထက်တောင် ပိုတောင်မယ့် အရိပ်အယောင်တွေ ပြနေပြီ၊ ကျွန်တော်တို့ ဒီအတိုင်းကြည့်နေလို့ မဖြစ်တော့ဘူး"

လုရှုဟုန်ကခေါင်းညိတ်၏။ ထိုစဉ် လုချူကြီးက တန်ထင်ဟုန်အား လျှပ်တစ်ပြက် သူ၏ခက်ရင်းခွကြီးဖြင့် ရိုက်ချလိုက်လေ၏။

"ဟယ် ..."

"ဟာ ..."

"ဝှစ် ... ဝှစ် ... ဝှစ်"

"ထန် ... ထန် ... ထန်"

အာမေဍိတ်သံများနှင့်အတူ တန်ထင်ဟုန်ကလေးသည် ကျွမ်းထိုးသွားပြီး ခက်ရင်းခွကို လုံ့ရှည်ကြီးဖြင့် ခုခံသွားသည်။ ထို့ပြင် လုံ့တံဖြင့် လုရှုကြီး၏မျက်နှာကိုပင် လုံ့ချက်ထိုးသွင်းသွားလေသည်။

ခက်ရင်းခွဖြင့် တားဆီးလိုက်သဖြင့် လုချုံကြီး၏မျက်နှာကို မထိခြင်း ဖြစ်သည်။

တန်ထင်ဟုန်သည် တစ်ဖက်၌ လှုံ့ရှည်နှင့်အသင့်အနေအထားဖြင့် ကျသွားသည်။

"ဟား ... ဟား ... ဟား ... ငါ့တူကြီးကွ၊ ငါ လုချုံကြီးရဲ့တူကွ"

လုချုံကြီးက အားပါးတရ အော်ရယ်ရင်း သူ့တူကို ချီးကျူးလိုက်လေသည်။ သူလုပ်လိုက်သည့် အပြုအမူမှာ ယခုလို ဆယ့်တစ်နှစ်သားကို မဆိုထားနှင့် သိုင်းသမားအရင့်အမာကြီးပင် အလစ်အငိုက်ခံရနိုင်ပေသည်။

တန်ထင်ဟုန်ကလေးသည် အရွယ်နှင့်မလိုက်အောင် သတိရှိကြောင်း ပြသနေသည်။

ထိုအခါ လုရှုဟုန်ဘည် ရှေ့သို့ထွက်လာပြီး တန်ထင်ဟုန်ကလေး၏ပခုံးပေါ် လက်တင်ပြီး စကားပြောသည်။

"မင်းတို့က ငါ့တူကလေးကို ငယ်တယ်ဆိုပြီး ပညာစမ်းတာပေါ့လေ၊ ငါ့တူဟာ သူ့အဖေထက်ပိုပြီး နာမည်ကြီးမယ့် ကလေးကွ၊ လီတာကျွေပြောသလို ငါတို့ သူ့ကို ဒီအတိုင်းကြည့်နေလို့ မဖြစ်တော့ဘူးဆိုတာ မင်းတို့လည်း သိပြီပဲ"

ထိုအခါ ကျန်ညီနှစ်ယောက်သည် ခေါင်းတညိတ်ညိတ် ဖြစ်သွားလေသည်။

✳ ❊ ✳



## (၆)
## သားငယ်ကံကြမ္မာ

ထိုအခါတွင် သိုင်းပညာဖလှယ်ရန် လာကြသည့် သိုင်းညီအစ်ကိုတော်များသည် တူကလေးတန်ထင်ဟုန်၏ ရှေ့ရေးအတွက် စဉ်းစားရတော့သည်။

လုချုံကြီးက ...

"တော်တော်မြန်တဲ့ ကလေးပဲ၊ ဒီအရွယ်လောက်ကလေးဟာ သိုင်းပညာ ဒီလောက်တော်နေတာ အတော်အံ့သြစရာကောင်းတယ်"

ထိုစဉ် လုဝမ်ရင်းသည် ရုတ်တရက် စကားပြောလာလေတော့သည်။

"အင်း ... ဘဘကြီးတို့က ကိုယ့်တူကိုပဲ ချီးကျူးနေတယ်၊ ခုန်နိုင်ပျံနိုင်တာကိုလည်း ချီးကျူးနေကြတယ်၊ ကြီးလာရင် သိုင်းသမားဖြစ်,မဖြစ်တော့ မသိဘူး၊ မျောက်လွှဲကျော်ကြီး ဖြစ်လာမှာတော့ သေချာတယ်"

ထိုအခါ လူကြီးတစ်သိုက်မှာ ရယ်မောကြတော့သည်။

တန်ထင်ဟုန်မှာ သူ၏ညီမလေး လုဝမ်ရင်း၏ဦးခေါင်းကို သွားပုတ်သည်။

"ဒီကောင်မလေး ... ကြံကြီးစည်ရာတွေ ပြောတော့မယ်၊ လူ စင်စစ်က ဘယ်လိုလုပ် မျောက်ဖြစ်နိုင်မှာလဲ ညီမလေးရဲ့"

"ဖြစ်ရမယ်၊ ဖြစ်ကို ဖြစ်ရမယ်၊ အစ်ကို ဒီလောက်ခုန်ပေါက်နေတာ မျောက်,မဖြစ်လို့ ဘာဖြစ်ရမှာလဲ၊ လင်းယုန်ငှက်ဖြစ်သွားမယ်လို့ ထင်သလား"

သူမသည် သူမ၏အဖေ လုရှုဟုန်ကိုလည်း မကျေနပ်ပါ။ သူမ၏ဖခင်သည် တန်ထင်ဟုန်ကို သိုင်းသမားဖြစ်စေရန် မြှောက်စားနေသည်ဟု ထင်သည်။ သူမသည် သူမ၏အစ်ကို တန်ထင်ဟုန်အား သူမကဲ့သို့ စာပေဝါသနာ ပါစေလိုသည်။

ကဗျာသမား စာသမားဖြစ်စေလိုသည်။ နူးညံ့သိမ်မွေ့သော လူတစ်ယောက် ဖြစ်စေလိုသည်။ သူမ၏ဖခင် ဖြစ်စေချင်သလို သတ်ဟာယ်ဖြတ်ဟာယ်လုပ်တတ်သည့် သိုင်းသမားတစ်ယောက် မဖြစ်စေလိုပေ။ အန္တရာယ်များသည့်ဘဝကို မခံယူစေလိုပေ။

ထို့ကြောင့် လူကြီးများက တန်ထင်ဟုန်အား သိုင်းသမားဖြစ်စေရန် စကားလမ်းကြောင်းပေးတိုင်း လူကြီးများအား မျက်စောင်းထိုးလေ၏။

ယခုလည်း လုချူကြီး တန်ထင်ဟုန်အား ချီးကျူးနေသော အခါ သူမက မကျေမနပ်ဝင်ပြောလိုက်ခြင်း ဖြစ်သည်။



မည်သို့ပင်ဖြစ်စေ ယခုတဒင်္ဂအားဖြင့်တော့ ချိုးငှက်တို့ရိပ်မြုံ အိမ်ကြီးမှာ ဧည့်သည် လီတာကျွေ့နှင့် လုချူကြီးတို့ ရောက်လာသဖြင့် စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းနှင့် ဖြစ်နေသည်ကတော့ အမှန်ပင်။

ကြယ်ပစ်ဝိဇ္ဇာ လုရှုဟုန်သည် သူ့ညီတော်များအား ထမင်းစားပွဲနှင့် တည်ခင်းဧည့်ခံနေလေ၏။

ချိုးငှက်တို့သိုက်မြုံအိမ်ကြီးမှာ မြစ်ကမ်းနဖူးပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ရာ လေတဖြူးဖြူးနှင့် အလွန်ပင်နေထိုင်၍ ကောင်းသည်။

စားပွဲသောက်ပွဲမှာ လေတဖြူးဖြူးနှင့်ဖြစ်နေသဖြင့် အားလုံး စိတ်သက်သာစွာ ရှိနေကြသည်။

"အင်း ... အခုလို ပျော်ပျော်ပါးပါး စားသောက်နေရတဲ့အခါ တို့ညီလေးတာင်ထင်လင်းကို သတိရမိတယ်ကွာ၊ ဒီကောင်လေးဟာ သိုင်းပညာနောက်ပဲ တကောက်ကောက်လိုက်နေတာကွ၊ သူ့ကိုလည်း စားသောက်စေချင်တယ်ကွ၊ ခုတော့ သူမရှိတော့ဘူး"

ထမင်းစားဝိုင်းတွင် ကြယ်ပစ်ဝိဇ္ဇာ လုရှုဟုန်က ထိုသို့ပြောမိလေ၏။

ကျန်နှစ်ဦးသည်လည်း တန်ထင်လင်းကို သတိရသွားကြ၏။

လီတာကျွေ့က ...

"ဟုတ်ကဲ့ အစ်ကိုကြီးလုရှုဟုန်၊ မိခင်သားမြတ်တောင်ပေါ်

မှာ ညီလေးဆုံးသွားရတာကို ကျွန်တော်တော့ ခုထိ မျက်စိထဲက မထွက်ပါဘူး၊ အင်မတန်တော်တဲ့ ဓားသမားလူစွမ်းကောင်းကလေး အကြောင်း တွေးမိတိုင်း ကြေကွဲရပါတယ် အစ်ကိုကြီးရာ”

လီတာကျွေ့သည် မြစ်အတွင်းသို့ လှမ်းကြည့်ပြီး ကြေကွဲစွာ ပြောနေ၏။

အစ်ကိုကြီး လုရှုဟုန်ကလည်း စိတ်မကောင်း ဖြစ်စရာ အကြောင်းပြော၊ အစ်ကိုလေးဖြစ်သူကလည်း စိတ်မကောင်းစရာများ ပြောနေသဖြင့် ခက်ရင်းခွဘီလူးကြီး လုချူကီးမှာ စိတ်မကောင်းစရာ များ မပြောလိုတော့ပေ။

သူက …

“အိုဗျာ … သေသူလည်း သေသွားပြီပဲ၊ ကျုပ်တို့ တာဝန်က ကျန်ရစ်ခဲ့တဲ့ ကျုပ်တို့ရဲ့တူကလေးကိုပဲ ဝိုင်းဝန်းကြည့်ရှုကြဖို့ ရှိတော့ တာပေါ့ဗျာ”

လုရှုဟုန်က …

“ဟုတ်တာပေါ့ကွယ်၊ တို့များက တူတော်မောင် တန်ထင်ဟုန် ကလေးကို သိုင်းသမားကောင်းတစ်ဦး ဖြစ်လာဖို့ တို့များက ပြုစုရမှာ ပေါ့ကွယ်၊ တို့တစ်တွေမှာ တာဝန်ဝတ္တရားပဲ ရှိပါတယ်၊ ဒါပေမယ့် တို့က တို့များရဲ့ ညီလေးကို ချစ်နေကြတော့ ဒီတာဝန်ဝတ္တရားကို တာဝန်ဝတ္တရားလို့ မသတ်မှတ်ကြပါဘူး”

လီတာကျွေ့က …



“ဒီကလေးကို သေသေချာချာ စည်းစနစ်ကျကျ သင်ပေးလိုက် ရင် သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်သွားစေမယ့် သိုင်းသမား ဖြစ်လာမှာပဲ၊ သူက ငယ်ငယ်ရွယ်ရွယ်နဲ့ တော့်ကို တော်နေကြတာပဲ၊ ပါရမီရှိပုံလည်း ရတယ်”

ထိုအခါ လုရှုဟုန်က …

“ကဲ … ကဲ … မင်းတို့လည်း စားကြသောက်ကြဦး၊ လိုတာ ရှိရင်လည်း အစေအပါးတွေကို ကြိုက်သလိုမှာနိုင်တယ်၊ ငါကတော့ လမ်းနည်းနည်း ထွက်လျှောက်လိုက်ဦးမယ်၊ စဉ်းစားစရာလေးတွေ လည်း စဉ်းစားရတာပေါ့ကွယ်”

လုရှုဟုန်က လီတာကျွေ့နှင့် လုချူကီးတို့ကိုမှာကြားပြီး အပြင် ကို လမ်းလျှောက်ထွက်သွားလေ၏။

သူတို့သည် ကလေးနှစ်ဦးကို ထိုစားပွဲ၌ မရှိစေတော့ပေ။

ကလေးနှစ်ဦးက မြစ်ကမ်းနဖူး၌ပေါက်နေသည့် တညင်းပင် ကြီး တစ်ပင်အောက်၌ ဆင်ထားသော ဒန်းကို စီးနေ၏။

ညောင်ပင်ကြီး၌ ဖားလျားကျနေသော နွယ်ပင်များရှိရာ လက်မောင်းသာသာမျှတုတ်သည့် နွယ်ပင်များနှင့် ဒန်းကိုဆင်ထားခြင်း ဖြစ်၏။

လုဝမ်ရင်းက …

“သူများစီးနေတာ ကြာလှပြီ၊ အစ်ကိုလည်း စီးဦး၊ ဒီတစ်ခါ ကျတော့ ညီမလေး လွှဲပေးအလှည့်၊ ညီမလေးချည်းပဲစီးတာ သိပ်

မကောင်းပါဘူး၊ တစ်ခါတစ်လေ လွှဲပေးဦးမှာပေါ့၊ အစ်ကို ဒန်းပေါ်ကိုတက်လေ"

"ရပါတယ် ညီမလေးရယ်၊ ညီမလေးပဲ စီးပါ၊ အစ်ကို လွှဲပေးပါ့မယ်၊ အစ်ကိုမစီးလို့လဲ ဘာမှဖြစ်မသွားပါဘူး၊ ညီမလေးစီးတာကို အစ်ကိုလွှဲပေးနေရတာ ကျေနပ်ပါတယ်၊ ညီမလေး စီး၊ မဆင်းနဲ့"

"သူများက အစ်ကို့ကို စီးစေချင်လို့ ဆင်းပေးမယ့်ဟာကို ဟင့် ... ဟင့်"

"ဟော့ ... ဟော့ ... မငိုနဲ့ညီမလေး မငိုပါနဲ့၊ အစ်ကို စီးမယ် စီးမယ်"

မိန်းကလေးက ငိုမည့်ဟန်ဖြစ်နေသဖြင့် တန်ထင်ဟုန်က ကပျာကယာ ပြောရ၏။ ထိုအခါမှ လုဝမ်ရင်း ရယ်ရယ်မောမော ပြန်ဖြစ်သွားသည်။

"တစ်ယောက်တစ်လှည့်စီးမှ တရားမှာပေါ့ အစ်ကိုရယ်၊ ညီမလေးကချည်း စီးနေတော့ ဘယ်တရားပါ့မလဲ အစ်ကိုလည်း တစ်လှည့် စီးသင့်တာပေါ့"

"အေးပါ ... စီးပါ့မယ်၊ စီးပါ့မယ်"

တန်ထင်ဟုန်က ဒန်းပေါ်သို့ ခုန်တက်လိုက်ရလေ၏။

ဒန်းက အရှိန်နှင့်လွှဲသောအခါ ရေပြင်ပေါ်အထိ ရောက်သွားတတ်၏။ တန်ထင်ဟုန်က ထိုသို့ အရှိန်နှင့်လွှဲပေးဖူး၏။ လုဝမ်ရင်း မစီးရဲဟုဆိုသဖြင့် သူ အရှိန်လျှော့ပြီး လွှဲပေးခဲ့ရသည်။



ယခု တန်ထင်ဟုန် စီးသည့်အလှည့်သို့ ရောက်ခဲ့ရပေပြီ။

တန်ထင်ဟုန်က ...

"ကဲ ... ညီမလေး လွှဲပေးလေ"

"လွှဲမယ် ... လွှဲမယ်"

"အရမ်းလွှဲနော်၊ အစ်ကိုက ဖြည်းဖြည်းလေးလွှဲတာကို မကျေနပ်ဘူး၊ မြစ်ဘက်ကိုရောက်ချင် ရောက်ပါစေ"

"ဟာ ... အဲဒီလိုတော့ အရမ်းမလွှဲဘူး"

"လွှဲစမ်းပါ၊ မကြောက်ပါနဲ့၊ ရေထဲပြုတ်ကျရင် အစ်ကိုရေကူးပြီး ပြန်တက်လာမှာပေါ့၊ ကဲ ... အရှိန်နဲ့လွှဲစမ်းပါ"

တန်ထင်ဟုန်က အတင်းလွှဲခိုင်းသဖြင့် လုဝမ်ရင်းကလေးက လွှဲရတော့၏။ တန်ထင်ဟုန်အနေဖြင့် သိုင်းကစားရာ၌ ကျွမ်းထိုးခုန်ပျံနေရသဖြင့် တော်ရုံတန်ရုံအမြင့်ရောက်သည်ကို ရင်မခုန်တော့ချေ။

ထို့ကြောင့် ရန်ခုန်နိုင်အောင် အတင်းလွှဲခိုင်းနေခြင်း ဖြစ်၏။

"အစ်ကို သတိထားနော်၊ ရေထဲကျသွားရင် လွယ်လွယ်နဲ့ ပြန်တက်နိုင်မှာ မဟုတ်ဘူး"

"အမယ်လေး ... ညီမလေးပဲ အစ်ကို့ကို မျောက်ဖြစ်မယ့်လူလို့ ပြောတာမဟုတ်လား၊ အခု ညီမလေး လွှဲပေးတာလောက်တော့ အစ်ကိုက အပျော့ပဲ"

ထိုအခါ လုဝမ်ရင်းက တိုး၍တိုး၍ လွှဲပေးတော့၏။ ဒန်းသည် အတော်မြင့်မြင့်သို့ မြောက်တက်နေလေ၏။

တန်ထင်ဟုန်က မြစ်ထဲကျသွားလျှင် ကမ်းပေါ်သို့ပြန်တက်ရခက်သည်ကို သိရှိ၏။

သို့သော် ဒန်းကိုဆင်ထားသည့်နွယ်ကြိုးမှာ လက်မောင်းလုံးခန့်ရှိသဖြင့် မည်သို့မျှ မပြတ်ကျနိုင်သည်ကို သူ သိပေသည်။

ထို့ကြောင့် သူသည် စိတ်ချလက်ချ လွှဲခိုင်းနေခြင်း ဖြစ်၏။

လုဝမ်ရင်းကလည်း လွှဲရှိန်ရသွားသောအခါ အားထည့်၍လွှဲပေးနေ၏။ နွယ်ဒန်းသည် အမြင့်ကို မြင့်သထက် မြင့်တက်သွားလေတော့သည်။

"ဟေး ... ဟေး ... ဟေး"

"ဟား ... ဟား ... ဟား"

တန်ထင်ဟုန်က ညသသံပေးလေ၏။ တန်ထင်ဟုန်သည် မြောက်တက်နေသော ဒန်းပေါ်၌ ကင်းမြီးကောက်ပင် ထောက်ပြလိုက်လေ၏။

"ဒန်းရှိန် အကုန်ပဲလား ညီမလေး၊ ညီမလေးမှာ ဒီထက်ပိုပြီး လွှဲအားမရှိတော့ဘူးလား"

တန်ထင်ဟုန်က လုဝမ်ရင်း မခံချင်ဖြစ်အောင် ပြောလေ၏။ သူ ညီမလေးကို စနေခြင်းဖြစ်၏။

လုဝမ်ရင်းသည် စောစောကတော့ မခံချင်ဖြစ်သည် မဟုတ်ပေ။ သူ့အစ်ကို စီးပျော်စေရန် အားကုန်လွှဲပေးနေခြင်း ဖြစ်၏။ ယခုအခါတော့ သူ မခံချင်ဖြစ်နေပေပြီ။



သူ့အစ်ကို စနောက်နေသည်ကို သူမ မခံချင်တော့ပေ။

"ဟင်း ... ကြည့်နေ၊ အစ်ကို့ကို ဒန်းတစ်ပတ်လည်အောင် လွှဲပြမယ်"

"တစ်ပတ်လည်အောင် မလွှဲနဲ့ညီမလေးရေ၊ နှစ်ပတ် သုံးပတ်လည်အောင် လွှဲပေးစမ်းပါ၊ အခု ညီမလေးလွှဲနေတာ ဖျင်းစရာကြီး"

တန်ထင်ဟုန်က ဒန်းပေါ်၌ ကင်းမြီးကောက်ထောင်ပြ၊ ကျွမ်းထိုးပြနေ၏။

"ညီမလေးကို အိမ်ပြန်ရောက်မှ အားဆေးတိုက်ရဦးမယ်"

"ကဲဟယ် ... ကဲဟယ်၊ ဒီလောက် အားဆေးတိုက်ချင်တာ၊ တိုက်ဦးဟယ် ... တိုက်ဦးဟယ်"

လုဝမ်ရင်းက အားရပါးရ လွှဲလိုက်လေ၏။ ဒန်းသည် အမြင့်ထက်ကို မြောက်တက်သွား၏။ တန်ထင်ဟုန်က ဒန်းနှင့်အတူ ပါသွားလေ၏။

"ဝှစ် ... ဝှစ်"

"ဒေါက် ... ဒေါက်"

အရာဝတ္ထုနှစ်ခု လာမှန်သဖြင့် ဒန်ကိုချည်ထားသောကြိုး ပြတ်သွားသည်။ တန်ထင်ဟုန်သည် ဒန်းနှင့်အတူ မြစ်ထဲသို့ လွင့်စဉ်သွားလေ၏။

✱ ✱ ✱

## (၇)
## သံသာယ နွယ်ပင်

မြစ်ရေထဲသို့ ဒန်းနှင့်အတူ တန်ထင်ဟုန် ပြုတ်ကျသွားသော အသံသည် ဝုန်းခနဲ မြည်ဟီးသွားလေ၏။

"လာကြပါဦး ... လာကြပါဦး ... အစ်ကိုတန် မြစ်ထဲပြုတ်ကျသွားလို့၊ အစ်ကိုတန် မြစ်ထဲကျသွားလို့ ..."

လုဝမ်ရင်းသည် အော်ဟစ်ငိုယိုလေတော့၏။ လုရှုဟုန်၊ လီတာကျေနှင့် လုချူကီးတို့သည် သူမ အော်ခေါ်သောအသံကို မကြားသဖြင့် ထွက်မလာကြချေ။

"ဖေဖေ လာပါဦး ... ဘာဘကြီးတို့ လာကြပါဦး၊ အစ်ကိုတန် ရေထဲကျသွားပြီ၊ မြစ်ထဲကျသွားပြီ၊ အစ်ကို့ကို ကယ်ပါဦး"

လုဝမ်ရင်းသည် အသံကုန်အော်ဟစ်ရလေ၏။ ထိုအခါကျမှ လီတာကျေနှင့် လုချူကီးတို့ အပြေးထွက်လာကြလေ၏။

"ဘာဖြစ်တာလဲ မိန်းကလေး ... ဘာဘကြီးတို့ကို ပြောစမ်း"

"ဟိုမှာ အစ်ကို ဒန်းကြိုးပြတ်ပြီး မြစ်ထဲကျသွားပြီ"



"ဟင် ..."

"ဟာ ..."

လုချူကီးသည် ဒန်းကြိုးကိုကိုင်ကြည့်ပြီး မျက်နှာပျက်သွား ၏။ လုချူကီးက လီတာကျေကို ပြလိုက်သည်။ လီတာကျေ ခေါင်း ိတ်၏။ သူတို့သည် မြစ်ထဲသို့ မျှော်ကြည့်မိကြ၏။

လမ်းလျှောက်ထွက်သွားသည့် လုရှုဟုန်လည်း အပြေးအလွှား ရောက်ရှိလာသည်။ အကျိုးအကြောင်း သိရသောအခါ သူလည်း ျက်လုံးပြူးမျက်ဆန်ပြူးဖြင့် လိုက်လံရှာဖွေရလေ၏။

လုရှုဟုန်က ...

"လီတာကျေ မြစ်ဆိပ်မှာ လှေတစ်စင်းရှိတယ်၊ သွားဖြုတ် မ်း"

လီတာကျေသည် မြစ်ဆိပ်သို့ ပြေးရတော့၏။ သူသည် လှေ ဖြုတ်၍ တရကြမ်း လှော်ခတ်လာ၏။ လုရှုဟုန်နှင့် လုချူကီးတို့သည် လှေအနီးသို့ ခုန်ချပြီး လှေပေါ်တက်ကြသည်။

လုဝမ်ရှင်းကား ငိုကြွေးနေ၏။

စောစောတုန်းက ပျော်ရွှင်မြူးတူးသံများနှင့် စီညံနေသော ညောင်ပင်ကြီးအောက်၌ တအီအီငိုကြွေးသံများ ကြားနေရချေပြီ။

"အစ်ကို ... အစ်ကို ခုတော့ ဒုက္ခရောက်ပြီ မဟုတ်လား၊ ဟီး ... ဟီး ... ဟီး"

တန်ထင်ဟုန်ကလေးကို သူ့ဘကြီးများက လိုက်ရှာနေသည် ှာ အတော်ကြာသော်လည်း ပြန်မတွေ့တော့ချေ။

မြစ်ရေပြင်ကား တသွင်သွင်စီးဆင်းနေလေ၏။

✱ ❆ ✱

ချိုးငှက်တို့ သိုက်မြုံအိမ်ကြီးမှာ အပ်ကျသံကြားရလောက် အောင် ငြိမ်သက်တိတ်ဆိတ်နေလေ၏။ တစ်ခါတစ်ရံ ငိုရှိုက်လိုက် သော လုဝမ်ရင်း၏ငိုရှိုက်သံမှတစ်ပါး အခြားမည်သည့်အသံမျှ မကြား ရချေ။

ညီနောင်သုံးဦးတို့မှာ ငူငူကြီးထိုင်နေမိကြ၏။ မည်သူမျှ စကား မပြောမိကြချေ။ တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲလိုက်သူမှာ အစ်ကိုကြီး လုရှုဟုန် ဖြစ်လေ၏။

"အင်း ... ကလေးအဖြစ်ကတော့ တကယ်ကြေကွဲစရာ ဝမ်း နည်းစရာပဲ၊ ကလေးရဲ့ အစအနကို မတွေ့ရတာလည်း စဉ်းစား မရအောင် ဖြစ်နေတယ်"

ကျန်နှစ်ဦးမှာ လုံးဝ စကားမပြောနိုင်ချေ။ ငိုနေမြဲငိုနေကြ၏။

လုရှုဟုန်ကပင် ဆက်ပြောလေ၏။

"ငါတို့ လှေနဲ့လိုက်ရှာတော့လည်း လုံးဝ မတွေ့ကြရဘူး ကလေးပျောက်သွားပုံက မြန်လွန်းတယ်ကွာ၊ ဒီမြစ်ရေစီးလည်း မသ ပါဘူး"

ကျန်နှစ်ယောက်မှာ ငိုမြဲငိုနေကြ၏။

လုံးဝ စကားမပြောကြချေ။



"မင်းတို့ ဘယ်လိုသဘောရသလဲကွ၊ ဟော ..."

လီတာကျေ့တို့ လုံးဝ ငြိမ်သက်နေကြသဖြင့် လုရှုဟုန်က ကျေမနပ် ပြောဆိုလိုက်လေ၏။

လီတာကျေ့က စိတ်ပျက်လက်ပျက် ခေါင်းခါ၏။

"ဘာမှ မတွေ့တာ ဘာလုပ်လို့ရမှာလဲ အစ်ကြီးရ"

လုဝမ်ရင်း၏ ပြောကြားချက်အရ နွယ်ကြိုးကို တစ်စုံတစ်ခု လာမှန်သည်ကိုတော့ သိရသည်။ သို့သော် ဘာမှန်သည့်ပစ္စည်းကို မတွေ့ရချေ။

လုချူကီးက ...

"ကျုပ်တို့ ပြေးထွက်လာတာပဲလေ၊ ကျုပ်တို့ မြစ်ကမ်းနဖူး ကို ရောက်တဲ့အချိန်မှာ ဘာမှ မတွေ့ရတော့ဘူး"

ကလေးငယ်တစ်ဦး နေ့မြင်ညပျောက်ဆိုသကဲ့သို့ ဖြစ်သွားရ ခြင်းမှာ အတော် ထူးဆန်းသည်။ ပျော်ရွှင်ကြည်နူးခဲ့ကြရသော အချိန် အခါသည် ကြေကွဲဝမ်းနည်းဖွယ်ရာ ဖြစ်ပျက်ခဲ့ရပေသည်။

သိုင်းညီနောင်သုံးဦးမှာ မည်သူကမျှ သိုင်းပညာ ဖလှယ်မည့် စကား မပြောကြတော့ချေ။

လုရှုဟုန်လည်း အိပ်မပျော်ချေ။

လီတာကျေ့လည်း လူးလိမ့်၍သာနေသည်။ လုံးဝ အိပ်၍မရ ခဲ့ချေ။

လူ့ဘီလူးကြီး လုချူကီးကား ခက်ရင်းခွကြီး ပိုက်ကိုင်ကာ ငေး ကြောင်နေခဲ့လေသည်။

သူတို့သည် သူတို့၏ညီလေး တန်ထင်လင်းအတွက် ကြေကွဲ ဝမ်းနည်းခဲ့ရသကဲ့သို့ သူတို့တူကလေး တန်ထင်ဟုန်အတွက်လည်း ကြေကွဲဝမ်းနည်းနေကြရသည်တကား။

ဤသို့နှင့် လွမ်းဆွေးကြေကွဲဖွယ်ရာ တစ်ညတာအချိန်သည် ကုန်ဆုံးသွားရပြီး နံနက်မိုးသောက် အလင်းရောက်လာလေ၏။

သိုင်းညီနောင်သုံးဦးသည် မြစ်ကမ်းနဖူး ညောင်ပင်အောက်မှ နေ၍ တန်ထင်ဟုန်ကလေး၏ အလောင်းကို စောင့်ကြည့်ကြသည်။ ညနေဆည်းဆာချိန် ရောက်သည်အထိ အလောင်းသည် လုံးဝ ပေါ် မလာချေ။

ရွှေသဲဝါမြစ်ပြင်သည် ကလေးတစ်ဦးအား ဝါးမြိုခဲ့သည့် အတွက် မည်သည့်စိတ်ထိခိုက်မှုမျှ မရှိသကဲ့သို့ ဣန္ဒြေရလှပေသည်။

နေ၏အလင်းရောင် ရုပ်သိမ်းသွားသောအခါ အမှောင်သည် တစ်စစ ဝါးမျိုလာလေ၏။

လုရှုဟုန်က ...

"ကဲ ... မြင်တဲ့အတိုင်းပဲ၊ ကလေးက ရေနစ်မသေတာတော့ အသေအချာပဲ၊ ကလေးအလောင်းကိုလည်း မင်းတို့ မတွေ့ကြဘူး မဟုတ်လား"

လုရှုဟုန်က မတ်တတ်ရပ်ရင်း ပြောလိုက်လေ၏။

ကျန်နှစ်ဦးကမူ နှုတ်ဆိတ်နေကြ၏။

"တို့ အိမ်ပြန်ကြရင် ကောင်းမယ်ထင်တာယ်"



လုရှုဟုန်က အိမ်ပြန်ရန်ပြောသော်လည်း လီတာကျွေတို့မှာမူ မလှုပ်ကြချေ။ လီတာကျွေတို့နှစ်ဦးသည် စိတ်ရှုပ်ထွေး နောက်ကျိ နေကြသည်။

"ကဲ ... ညီလေးတို့၊ အာရိုင်နေကြတာလဲ၊ ပြန်ကြပါစို့"

လုရှုဟုန်က ဒုတိယအကြိမ် ထပ်မံလှုံ့ဆော်လိုက်၏။

"ကျုပ်တော့ ပြန်မလိုက်တော့ပါဘူး"

လုချူကီး၏စကားကြောင့် လုရှုဟုန် အံ့အားသင့်သွား၏။

"ကျွန်တော်လည်း ဒီက တန်းပြန်ပါတော့မယ်"

လီတာကျွေက ထပ်မံပြောလိုက်သောအခါ လုရှုဟုန် မျက် မှောင်ကြုတ်သွားသည်။

မည်သည့်သဘောနှင့် သူတို့ ပြန်ကြမည်နည်း။ သူ စဉ်းစား သည်။ ထို့နောက် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ဟင်း ... မင်းတို့ ငါ့အိမ်ကို ပြန်မလိုက်ကြတော့ဘူးပေါ့ ဟုတ်လား"

နှစ်ယောက်စလုံး ခေါင်းညိတ်ကြလေ၏။

"ဟုတ်ပါတယ်၊ မလိုက်ကြတော့ပါဘူး"

"ငါ စိတ်မကောင်းဘူးကွာ၊ မင်းတို့ သုံးလေးရက်လောက် ဆက်နေသင့်သေးတာပေါ့"

"တန်ထင်လင်း လုပ်ကြံခံရတဲ့ တစ်နှစ်မြောက်နေ့မှာ သူ့သား လေး လုပ်ကြံခံရတယ်ဆိုတော့ ကျုပ်တို့ ဆက်မနေသင့်တော့ပါဘူး၊

သူ့သားလေးကို မစောင့်ရှောက်နိုင်တဲ့အတွက် ကျုပ်တို့ကိုယ်ကျုပ်တို့ ရှက်မိတယ်ဗျာ”

လုချူကြီးက ပြောလေ၏။

လီတာကျွေကလည်း ဝင်၍ ပြောလိုက်၏။

“ဟုတ်တယ် အစ်ကိုကြီး ... ကျွန်တော်တို့ ပြန်ပါရစေတော့၊ ဒီလိုပြန်ခြင်းဟာ အားလုံးအတွက် အကောင်းဆုံးလို့ ထင်ပါတယ်”

ထိုသို့ပြောရာတွင် လီတာကျွေ၏မျက်နှာသည် တင်းမာအေးစက်နေ၏။ သူ့စကားလုံးများသည် ယခင်ကလို နွေးထွေးမှု မရှိချေ။

လုရှုဟုန်သည် ခေါင်းခါယမ်းလေ၏။

“ကောင်းပြီလေ၊ မင်းတို့ကို တားမရရင်လည်း ပြန်ကြပေါ့ကွယ်၊ ငါကတော့ ဆက်နေချင်ပါသေးတယ်၊ ငါတို့ညီအစ်ကိုတွေ သိုင်းပညာအကြောင်း မဆွေးနွေးရတာလည်း ကြာပြီ မဟုတ်လား၊ ဒီကိစ္စဟာ ငါ့မှာ တာဝန်ရှိပါတယ်၊ ငါ့အိမ်မှာ ဖြစ်သွားတာကိုး”

လုရှုဟုန်၏လေသံမှာ အကြီးအကျယ် စိတ်မချမ်းမြေ့သံကြီး ပေါက်နေ၏။

လီတာကျွေနှင့် လုချူကြီးတို့သည် သူတို့အစ်ကိုကြီးကို မကြည့်ကြချေ။ လှည့်ထွက်သွား၏။ လှည့်မကြည့်ဘဲ နှုတ်ဆက်ကြသည်။

“သွားမယ် အစ်ကိုကြီး”

ထို့နောက် နှစ်ယောက်စလုံး ညောင်ပင်ကြီးအောက်မှ ထွက်ခွာသွားကြလေ၏။



လုရှုဟုန်သည် ငေးငိုင်ကျန်ရစ်ခဲ့သည်။ မျက်နှာသည် ပို၍မင်းရင့်ရော်သွားဟန် ရှိ၏။ သူသည် ကျောက်ရုပ်ကြီးတစ်ရုပ်နှယ် လှုပ်မယှက် ကျန်ရစ်ခဲ့သည်။

ထိုအချိန်တွင် အမှောင်ထုထဲ တိုးဝင်နေကြသော လီတာကျွေနှင့် လုချူကြီးတို့သည် အတွေးကိုယ်စီနှင့် စကားမပြောဖြစ်ကြချေ။

သူတို့၏ မျက်စိထဲတွင် တန်ထင်ဟုန်စီးခဲ့သည့် ဒန်းနွယ်ကြိုးအား မြင်ယောင်နေခဲ့ကြသည်။ ဒန်းနွယ်ကြိုးများသည် မနိုင်၍ပြတ်သွားသည့်အနေအထားမျိုး မဟုတ်ချေ။ မခိုင်၍ပြတ်လျှင် အသားမျှင်များ [illegible]လန်ကျဲနေပေလိမ့်မည်။ ယခုတော့ ခြောက်ထောင့်ကြယ်နှင့် ပစ်ဖြတ်လိုက်သကဲ့သို့ တိတိရိရိ ပြတ်နေသည်။

သူတို့ ခြောက်ထောင့်ကြယ်များကို မမြင်ကြရပါ။ သို့သော် လုဝမ်ရင်းက နွယ်ကြိုးကို တစ်ခုခုလာမှန်သည်ကိုတော့ ကြားသည်ဟု ပြောထားခဲ့သည် မဟုတ်ပါလား။

သည်တော့ သူတို့အဖို့ တွေးစရာအများကြီး ရှိသွားသည်။ တန်ထင်လင်း သေဆုံးခဲ့ရသည်မှာ အခြားရန်သူများ၏ လုပ်ကြံမှုမှ ဟုတ်ပါမည်လော။

သူတို့သည် အံကြိတ်မိကြလေသည်။

နှစ်ဦးစလုံး စိတ်ထဲ၌ တန်ထင်လင်းနှင့် တန်ထင်ဟုန်အတွက် လက်စားချေရမည်ဟု ဆုံးဖြတ်မိကြလေ၏။

✱ ❋ ✱

## (၈)
## အပြန်ခရီး

ဆယ်နှစ် ...။

ဆယ်နှစ်တာ ကြာမြင့်သွားချေပြီ။

ရွှေသဲဝါမြစ်ကမ်း၊ အေးချမ်းသာယာမြေဒေသသို့ လူစိမ်းတစ်ဦး ရောက်ရှိလာ၏။ ထိုလူသည် မြင်းဖြူကြီးကိုစီးကာ ရောက်လာခြင်း ဖြစ်သည်။

ထိုလူသည် အထက်တန်းလွှာမှ လူတစ်ဦးဖြစ်ဟန် ရှိ၏။ သူ ဝတ်စားထားပုံမှာ အလွန် အထက်တန်းကျသည်။ အဝတ်အစားများကလည်း အထက်တန်းစားများဝတ်သော အဝတ်အစားများပင် ဖြစ်လေသည်။

အသက်အရွယ်က ဆယ့်ကိုး၊ နှစ်ဆယ်မျှသာ ရှိသေးသဖြင့် ငယ်ရွယ်နုပျိုသော အရွယ်ဖြစ်ကြောင်း သိရှိကြရ၏။

ထိုလူငယ်သည် အဝတ်အစား အထက်တန်းကျခြင်း၊ အသက်အရွယ် ငယ်ရွယ်နုပျိုခြင်းတို့နှင့် ပြည့်စုံသည်သာမက ရုပ်ရည်ကလည်း အလွန် ချောမောပေသည်။



မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ ပါးလွှာသော နှုတ်ခမ်းများနှင့် ညိုမှောင်သော မျက်လုံးများက သူ့အား အလွန်ချောမောစေသည်။

တန်ဖိုးကြီးသောမြင်းကိုစီးလျက် ချောမောကြံ့ခိုင်သော ထိုလူငယ်သည် ရွာထဲသို့ ဝင်လာ၏။

ရွာခံများအဖို့ ထိုလူငယ်မှာ လူစိမ်းတစ်ဦးဖြစ်နေသော်လည်း ထိုလူငယ်အဖို့မှာမူ အေးချမ်းသာယာမြေဒေသကို လွန်စွာရင်းနှီးနေဟန် ရှိ၏။ တွေ့သည့်လူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သွား၏။

"ဗျို့ ... ဦးကြီးဝမ် နေကောင်းရဲ့လားဗျ"

ရှေ့တူရူမှ လျှောက်လှမ်းလာနေသည့် ရွာလူကြီး ယီဝမ်အား နှုတ်ဆက်လိုက်၏။

"အေးကွာ ... အေး ... အေး၊ နေကောင်းပါတယ်"

ယီဝမ်မှ သူ့အားနှုတ်ဆက်သဖြင့်သာ ပြန်နှုတ်ဆက်လိုက်ရသည် မည်သူက နှုတ်ဆက်မှန်း မသိပေ။ ဤလူငယ်လေးအား သူ မသိပေ။ သူသည် အူကြောင်ကြောင်ဖြင့် ငေးကြောင်ကြည့်နေလေ၏။

"အင်း ... ဘယ်ကသူငယ်လည်း မသိဘူး၊ ငါလည်း သူ့ကို တစ်ခါမှ မမြင်ဖူးဘူး၊ သူ့ပုံစံကတော့ ငါ့ကို သိနေပုံပဲ၊ ငါ့အသိထဲမှာ ဒီလို အထက်တန်းကျတဲ့လူလည်း တစ်ယောက်မှ မရှိပါဘူး၊ သူ့ပုံစံက နေပြည်တော်က သူကြွယ်သားပုံစံပဲ၊ ဘယ်သူ့သားသမီးများလည်း မသိပါဘူး"

သူသည် ဦးခေါင်းကိုကုတ်ရင်း ဗျစ်တောက်ဗျစ်တောက်နှင့် ပြောနေမိလေ၏။ သူသည် မြင်းဖြူကြီးစီးသွားသည့် လူငယ်၏နောက်ကျောကိုကြည့်ပြီး ...

"လူက လူချောပဲ၊ အတော်ချောတဲ့ သူငယ်ပဲ၊ တစ်မြို့လုံးရှာရင်တောင် တစ်ယောက်တွေ့ဖို့မလွယ်တဲ့ ရုပ်ရည်မျိုးပဲ"

လူငယ်သည် လမ်း၌တွေ့သူများကိုလည်း နှုတ်ဆက်သွား၏။

ထိုလူများသည်လည်း လူငယ်၏ချောလှပုံကို စိတ်ဝင်စားကြလေ၏။ အားလုံးပင် လူငယ်ကို ချီးကျူးကြလေ၏။

ချိုးငှက်သိုက်မြို့ စံအိမ်ကြီးမှာ ရွာလမ်းအဆုံး မြစ်ကမ်းနဖူး၌ရှိလေရာ လူငယ်သည် ထိုလမ်းကို အစအဆုံးသွားနေခြင်း ဖြစ်၏။ မြင်းဖြူကြီးမှာ တခွပ်ခွပ်နှင့် လျှောက်လှမ်းနေရ၏။

စပ်စုသော ရွာသားအချို့သည် မြင်းဖြူကြီးနှင့် လူစိမ်းသည် ချိုးငှက်သိုက်မြို့စံအိမ်ကြီးသို့ အဘယ်ကြောင့်လာရသည်ကို သိလိုကြသည်။ သူတို့သည် မလှမ်းမကမ်းမှ မသိမသာ လိုက်လာကြသည်။

မြင်းဖြူကြီးသည် ချိုးငှက်သိုက်မြို့စံအိမ်ကြီးရှေ့၌ ရပ်သွားလေ၏။

"ဟာ ... ကြယ်ပစ်ဝိဇ္ဇာဆရာကြီး လုရှုဟုန်ဆီလာတာပဲ"

ရွာသားများက ရေရွတ်လိုက်ကြ၏။

"ဟာ ... ဒီအိမ်ကိုပဲလာမှာပေါ့ကွ၊ တို့ရွာမှာ ဆရာကြီးလုရှုဟုန်ပဲ အဆင့်အတန်း အမြင့်ဆုံးဆိုလို့ရှိတာ၊ နေတာထိုင်တာ စားတာသောက်တာ ဘယ်လောက် အဆင့်မြင့်သလဲ၊ လူငယ်ကလည်း အထက်တန်းကျကျဆိုတော့ ..."

သူတို့သည် စကားကို အဆုံးမသတ်ချေ။ လူငယ်ကိုသာ ကြည့်နေကြသည်။

စံအိမ်ရှေ့တွင် မြင်းဖြူကြီးနှင့် လူငယ်တစ်ဦးရပ်နေဖြင့် မိန်းမပျိုလေးတစ်ဦးသည် ခြံတံခါးဆီသို့ ထွက်လာလေ၏။

မိန်းမပျိုလေးသည် နန်းထိုက်သည့် အချောအလှ မိန်းကလေးတစ်ဦးတည်း။ အသားအရည်မှာ စိုဝင်းနုမွတ်နေသည်။ မဟာနဖူးကလည်း ရှိသည်။ မျက်တောင်များကလည်း ရှည်လျားလှသည်။ နှာတံကလည်း ဖြောင့်စင်းလှသည်။ နှုတ်ခမ်းပါးကလေးများက နှင်းဆီဖူးကလေးလို ကြွရွနေသည်။ ပါးကလေးများက ပန်းသွေးရောင်ကြွနေကြသည်။

လူငယ်က သေချာစွာကြည့်နေသောကြောင့် မိန်းမပျိုလေးမှာ ရှက်စနိုးဖြစ်သွားသည်။

"အို ..."

လူငယ်က ဝမ်းသာအားရ ပြောလိုက်သည်။

"မင်း ... မင်း ... ညီမလေး လုဝမ်ရင်း မဟုတ်လားဟင်"

"ရှင် ..."

မိန်းမပျိုလေးမှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

လူစိမ်းသည် အဘယ့်ကြောင့် သူမနာမည်ကို သိနေရသနည်း။

"ငါမေးတာ ဖြေစမ်းပါ၊ မင်းဟာ လုဝမ်ရှင်း မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်၊ ရှင် ... ရှင်က ဘယ်သူလဲ"

မိန်းမပျိုလေးက လူငယ်အား ပြန်မေးလိုက်၏။

"ညီမလေး ... နင် ငါ့ကို မသိတော့ဘူးလား၊ ငါ နင့်အစ်ကို တန်လေ"

လုဝမ်ရှင်း မျက်လုံးလေးဝိုင်းသွား၏။ သူ၏အသိဉာဏ်သည် လွန်ခဲ့သော ဆယ်နှစ်ဆီသို့ အပြေးအလွှား ရောက်သွားလေ၏။ သူမသည် ဒန်းကြိုးပြတ်ကျသွားသော သူ၏အစ်ကိုတန်ကို မှတ်မိလိုက်သည်။

"ရှင် ... ရှင်ဟာ အစ်ကိုတန်၊ အစ်ကိုတန် ဟုတ်ရဲ့လားဟင်"

သူမသည် ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်မေးလိုက်၏။ သူမသည် လူငယ်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်သည်။ တန်ထင်ဟုန်၏ ငယ် ရုပ်သည် ပြန်ပေါ်မလာပေ။

လူငယ်က ...

"ဟာ ... ဒီကောင်မလေး ဘာကြည့်နေတာလဲ၊ တံခါးဖွင့်စမ်း၊ ဘဘကြီးကော နေကောင်းရဲ့လား၊ အိမ်ထဲမှာလား"

မိန်းမပျိုလေးမှာ သူမ၏ခြံတံခါးကို ဖွင့်ပေးရနိုးနိုး မဖွင့်ပေး ရနိုးနိုး ဖြစ်နေသည်။ တန်ထင်ဟုန်ကိုလည်း သူ မမှတ်မိချေ။

တန်ထင်ဟုန်သည် လုဝမ်ရှင်း၏ စိတ်သဘောထားကို အကဲ ခတ်မိသွားသည်။



"ဘာလဲ ... နင်က ငါ့ကိုတောင် မယုံတော့ဘူးလား"

"ယုံပါတယ် အစ်ကို၊ ဒါပေမယ့် ညီမဟာ အစ်ကိုတန်ရဲ့ငယ် ပ်ကို ဖမ်းလို့မရဘူး"

"အေး ... ငယ်ရုပ်ဖမ်းလို့မရရင် ဖမ်းလို့ရတဲ့ဟာကို ပြမယ် ဟာဒီမှာကြည့် ..."

တန်ထင်ဟုန်သည် သူ့အင်္ကျီရင်ဘတ်အား လှန်ပြလိုက်သည်။ ိုအခါ ရင်ဘတ်အသားဖြူဖြူပေါ်၌ ဒင်္ဂါးဝိုင်းခန့်ရှိသော အမည်း တ်ကြီး ပေါ်လာလေတော့၏။

လုဝမ်ရှင်း၏မျက်နှာသည် ချက်ချင်း ဝင်းပသွား၏။ သူမသည် ိုအမည်းမှတ်ကြီးကို ကောင်းကောင်းမှတ်မိသည်။

"အစ်ကိုတန် ... အစ်ကိုတန် မသေဘူးနော်၊ ညီမလေး မှတ်မိ ပြီ၊ အစ်ကို့ရင်ဘတ်မှာ အမည်းမှတ်ကြီးရှိတာ ညီမလေး မှတ်မိပြီ"

"နင်ဟာလေ ဒီလိုပဲ၊ နင် အားကုန်လွှဲလိုက်တဲ့ အချိန်မှာ ါ ဒန်းကြိုးပြတ်ပြီး ရေထဲပြုတ်ကျသွားတာ၊ နင့်ရှေ့မှာပဲဥစ္စာ၊ ညီမ လေးရာ ဒါကိုတော့ မှတ်မိဖို့သင့်ပါတယ်"

"ဒန်းကြိုးပြတ်တာကိုတော့ မှတ်မိတာပေါ့ အစ်ကိုတန်ရ ခု မမှတ်မိတာက အစ်ကို့ရုပ်ရည်ကို မမှတ်မိတာပါ၊ အခုတော့ စ်ကို့ကို ညီမလေး မှတ်မိပါပြီ"

လုဝမ်ရှင်းသည် ဝမ်းသာအားရဖြင့် ခြံတံခါးသော့ကို ဖွင့်လေ ၏။ ဝမ်းသာလွန်းသဖြင့် အယောင်ယောင်အမှားမှားနှင့် ဖွင့်နေသဖြင့် တံခါးမှာ မပွင့်နိုင်အောင်ဖြစ်နေလေ၏။

တန်ထင်ဟုန်က ရယ်မောလိုက်သည်။

"ညီမလေး ... နင်ဟာလေ ငယ်ငယ်တုန်းကအတိုင်းပဲ၊ ဝမ်
သာရင်လည်း အယောင်ယောင်အမှားမှား ဖြစ်တာပဲ၊ ဝမ်းနည်းရ
လည်း အယောင်ယောင်အမှားမှား ဖြစ်တာပဲ၊ အခုလည်း နင်ငယ်ငယ
တုန်းကအတိုင်းပဲ၊ ထစ်ခနဲရှိ ငိုသေးသလား"

"ချောက် ..."

ထိုအချိန်မှ သော့က ပွင့်သွားသည်။

လုဝမ်ရင်းသည် တံခါးကိုဆွဲဖွင့်ပြီး ပြောလိုက်လေ၏။

"ပိုတောင် ပိုသေးတယ် အစ်ကိုရဲ့"

တန်ထင်ဟုန်သည် မြင်းပေါ်မှခုန်ဆင်းပြီး လုဝမ်ရင်၏ဦးခေါ
ကို ပုတ်လိုက်သည်။

"အင်း ... ဒါဆို ကောင်းတယ်၊ ငါလည်း ညီမလေးကို မစ
တာကြာပြီ၊ ပိုပြီး စရမယ်၊ ဒါမှ နင်လည်း ပိုပြီးငိုနိုင်မှာပေါ့ ဟုတ
လား၊ ဘဘကြီး အိမ်ထဲမှာရှိတယ် မဟုတ်လား"

"ရှိတယ် အစ်ကို"

"ဘဘကြီးဆီ သွားကြရအောင်"

"သွားလေ ..."

"ငါ့ကိုမြင်ရင် ဘဘကြီး သိပ်အံ့သြသွားမှာပဲ"

"အစ်ကိုကလည်း စဉ်းစားကြည့်ပါဦး၊ ဘယ်မှာ မအံ့သြ
နေပါ့မလဲ၊ အံ့လည်းအံ့သြ၊ ဝမ်းလည်းသာသွားမှာပေါ့"



သူတို့နှစ်ယောက်သည် စံအိမ်ကြီးဆီသို့ ခပ်သွက်သွက်လျှောက်
သွားကြလေ၏။

သူတို့နှစ်ဦးအား မသိမသာစောင့်ကြည့် အကဲခတ်နေသည့်
လူစုမှာ တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြလေ၏။

"ဆရာကြီး လုရှုဟုန်ရဲ့ တပည့်တစ်ယောက်ယောက် ဖြစ်လိမ့်
မယ်ကွ"

ခြံအနီးသို့ အနီးကပ်ဆုံး သွားရောက်ပြီး ချောင်းမြောင်းနား
ထောင်သူတစ်ဦးသည် အလွန်လျင်မြန်စွာ ပြန်လာလေသည်။

"မင်းတို့ ဘာတွေပြောနေကြတာလဲ၊ ဒီကောင်လေးဟာ ဟိုး
အရင်က ဆရာကြီးမွေးစားထားတဲ့ ကောင်လေးကွ"

"ဟော ..."

"ဟုတ်လား ... ဆရာကြီးမွေးစားတဲ့ ကောင်လေးလား"

"ဟုတ်တယ်လေ ... တန်ထင်ဟုန်တဲ့ကွ၊ သူတို့ပြောနေတာ
ဒန်းစီးနေတုန်း မြစ်ထဲပြုတ်ကျသွားတယ်လို့ ပြောနေတာပဲ၊ ကောင်
မလေးကလည်း ကြာတော့ မမှတ်မိဘူး ဖြစ်နေတာပေါ့"

ရွာသားများသည် သူတို့ကြားထားသမျှ ပြန်လည်ဖောက်သည်
ချနေကြတော့၏။

✱ ✱ ✱

# (၉)
# သေရွာမှ ပြန်လာသူ

ရွာသားများသည် ချိုးငှက်သိုက်မြို့ကြီးနှင့် ခပ်လှမ်းလှမ်း
စုဝေး၍ စကားပြောနေစဉ် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးပရုပွ
လူစိမ်းတစ်ယောက် ဝင်ရောက်လာလေသည်။

"နောင်ကြီး ပြောလိုက်တာလား မသိဘူး၊ စောစောကကော
လေးနာမည်က တန်ထင်ဟုန်ဆိုတာကို"

လူစိမ်းက မေးလိုက်သဖြင့် ရွာသားက လူစိမ်းကို ပြန်ကြ
လိုက်သည်။

"ဟုတ်တယ်၊ ပြောလိုက်တယ်လေ"

ရွာသားသည် ထိုလူစိမ်းကို သေချာစွာအကဲခတ်လိုက်၏
ထိုလူသည် ဓားတစ်ချောင်းကို သိုင်းလွယ်ထား၏။ အင်္ကျီနှင့် ဘော
ဘီမှာလည်း အနက်ရောင် ဖြစ်နေသည်။

ရွာသားက ...

"အဲဒီ တန်ထင်ဟုန်ဆိုတာ ခြံထဲဝင်သွားတဲ့ လူငယ်ပဲ၊ ဘ
ဖြစ်လို့လဲ"



ရွာသားက ဖြည့်စွက်ပြောလိုက်လေ၏။

ထိုအခါ လူစိမ်းက ...

"ဪ ... ဘာမှ မဖြစ်ပါဘူးဗျာ၊ ကျွန်တော့်မိတ်ဆွေတစ်ယောက်နဲ့တူလို့ မေးကြည့်တာပါ၊ ကျွန်တော့်မိတ်ဆွေနဲ့ တော်တော်တူတာပဲ"

"ခင်ဗျား သေသေချာချာ တွေ့လိုက်လို့လား"

"အသေအချာတော့ မတွေ့ပါဘူးဗျာ၊ အဝေးက လှမ်းမြင်လိုက်တာပါ"

"ခင်ဗျားမိတ်ဆွေ ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ခြံဝက သူ့ကိုစောင့်နေလေ၊ ထွက်လာတော့ တွေ့ရမှာပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော် သွားကြည့်လိုက်ဦးမယ်"

သူစိမ်းသည် ချိုးငှက်သိုက်မြို့ စံအိမ်ကြီးဘက်ဆီသို့ ထွက်ခွာသွားလေ၏။

ရွာသားတစ်ဦးက ...

"ဟေ့ ... မင်းတို့ သေသေချာချာ ကြည့်မိရဲ့လားကွ"

"ဘာလဲကွ"

"အဲဒီ ပါးမြိုင်းမွေးနဲ့လူဟာ မြင်းဖြူစီးလာတဲ့ တန်ထင်ဟုန်ဆိုတဲ့လူနဲ့ တူတယ်ကွ"

"ဟာ ... မင်းဥစ္စာက မဟုတ်သေးပါဘူး၊ သူက နှုတ်ခမ်းမွေး ပါးမြိုင်းမွေးနဲ့ဆိုတော့ မင်း ဘယ်လိုလုပ် ရုပ်ဖမ်းလို့ ရမှာလဲ"

လုရှုဟုန် အလန့်တကြားဖြစ်သွားလေ၏။ သူသည် တန်ထင်ဟုန်အား သေချာစူးစိုက်၍ ကြည့်မိလေ၏။

လူငယ်က ကြည်နူးစွာပြုံးပြီး သူ၏အင်္ကျီရင်ဘတ်ကို လှစ်ဟ၍ ပြလိုက်လေသည်။

"ဟောဒီမှာကြည့်ပါဦး ဘဘကြီးရဲ့၊ ကျွန်တော့်ရဲ့ မွေးရာပါ အမှတ်ကြီး ..."

လုရှုဟုန်သည် လုကိုမမှတ်မိသဖြင့် အမှတ်ကို သေချာစွာကြည့်ရှုလေ၏။ မှန်သည်။ ဤလူငယ်ကား တန်ထင်ဟုန်ပေတည်း။

"ကျွန်တော် ဒန်းကြိုးပြတ်သွားတဲ့အချိန်မှာ ချိုးငှက်သိုက်မြို့ စံအိမ်ကြီးမှာ ဦးလီတာကျွေနဲ့ ဦးလုချူကီးတို့ ရှိနေတယ် မဟုတ်လား၊ အခု သူတို့လာနေလျက်ပဲလား"

တန်ထင်ဟုန်၏ အမေးစကားသည် လုရှုဟုန်ကို မျက်နှာပျက်သွားစေသည်။

"ဒီလို အစ်ကိုတန်ရ ... ဦးဦးလုချူကီးတို့က အစ်ကို ဒီလိုဖြစ်တာဟာ ချိုးငှက်သိုက်မြို့ စံအိမ်ကြီးမှာ ဖြစ်တာဆိုတော့ ဖေဖေ့မှာ တာဝန်ရှိတယ်ဆိုပြီး သူတို့က ဖေဖေ့ကို အပြစ်မြင်နေကြတယ်၊ ဖေဖေက အစ်ကို့ကို စောင့်ရှောက်ရာမှာ တာဝန်မကျေဘူးလို့ မြင်နေကြတယ်၊ သူတို့ ဒီစံအိမ်ကြီးကို ရောက်မလာတာ ကြာလှပြီလေ၊ ဆယ်နှစ်လောက်တောင် ရှိနေပြီပဲ"

လုဝမ်ရင်းက အတိုချုံး ရှင်းပြလိုက်၏။



ထိုအခါ တန်ထင်ဟုန်က ...

"ဒီလိုဆိုရင် သိပ်ဝမ်းနည်းစရာ ကောင်းတာပဲ၊ ကျွန်တော့်
သာ ဒန်းကြိုးပြတ်သွားတဲ့ဥစ္စာ၊ ဘဘကြီးမှာ ဘာတာဝန်ရှိနိုင်
လဲ၊ ကျွန်တော် ပြုတ်ကျရင် ပြုတ်ကျ၊ မပြုတ်ကျရင် ညီမလေး
ဝမ်ရင်း ပြုတ်ကျမှာပဲ၊ ကျွန်တော့်ကြောင့် ဘဘကြီးတို့ညီအစ်ကို
စိတ်ဝမ်းကွဲသွားတယ်ဆိုရင် ကျွန်တော်က ဦးဦးတို့ကို လိုက်ခေါ်
ယ်၊ ဒါမှ ဘဘကြီးတို့ သင့်မြတ်ကြမှာပေါ့"

တန်ထင်ဟုန်ပြောသည့်စကားမှာ အမှန်တရားသာ ဖြစ်သည်။ သူ့ကြောင့် အားလုံး စိတ်ဝမ်းကွဲသွားကြသည် မဟုတ်ပါလား။
ရှုဟုန်မှာ တန်ထင်ဟုန်၏ စကားကိုကြားပြီး စိတ်မကောင်း
် သွားရသည်။

လုရှုဟုန်က ...

"ဒါကတော့ မင်းသဘောပဲကွယ်၊ မင်း ခေါ်ချင်လည်း လိုက်
ါပါ၊ သူတို့လိုက်လာရင်တော့ ငါ ဝမ်းသာရမှာပေါ့၊ မလိုက်လာရင်
က်ပြီး စိတ်မကောင်းရုံပေါ့၊ ငါ ဘာမှမပြောလိုတော့ပါဘူး၊ ဒါနဲ့
ထဲပြုတ်ကျပြီး မင်း ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကို ပြန်ပြောစမ်း
ဦး လူလေးရယ်"

လုရှုဟုန်က မေးလိုက်သဖြင့် တန်ထင်ဟုန်က ပြုံးလိုက်၏။

"ပြောပြရရင်တော့ ဇာတ်လမ်းက အရှည်ကြီးပဲ ဘဘကြီးရဲ့၊
ျွန်တော် အကျယ်ချဲ့ မပြောတော့ဘူး"

"အေးပါ၊ ဘယ်လိုပြောပြောရပါတယ်၊ ငါက သိချင်တာပဲ ရှိတာ"

"မြစ်ထဲကျသွားတော့ ကျွန်တော် ရေစီးနဲ့မျောပါသွားတယ် ဘဘကြီးရဲ့၊ မြစ်ထဲမှာ ကျွန်တော့်ကို ကယ်တင်သူတစ်ဦး ပေါ်လာတယ်၊ အဲဒီလူက ကျွန်တော့်ကို သိုင်းပညာသင်ပေးတော့ ကျွန်တော်လည်း သိုင်းပညာတစ်ဝက်တစ်ပျက်နဲ့ ဘဘကြီးတို့ဆီ ပြန်မလာချင်တော့ဘူး၊ ဆက်ပြီး သိုင်းပညာပဲ သင်နေလိုက်တယ်"

"မင်းကွာ ... ဆယ်နှစ်ကြီးများတောင် နေရတယ်လို့"

ကျွန်တော်လည်း စဉ်းစားပါသေးတယ်၊ သေသောသူ ကြာရင်မေ့ဆိုတဲ့ စကားအတိုင်း ဘဘကြီးတို့ ကြာရင်မေ့သွားမှာပဲလို့ ယူဆပြီး ပြန်မလာတော့တာပါ"

ထိုအခါ လုဝမ်ရင်းက ဝင်ပြောသည်။

"ညီမလေးကတော့ မမေ့ပါဘူးနော်၊ မြစ်ကမ်းဆိပ်ရောက်ရင် အစ်ကို့ကိုပဲ သတိရနေတာပါ"

"ဒါကတော့ ညီမလေးက အစ်ကို့ကို ချစ်တာကိုး၊ ဟဲ ... ဟဲ ... ဟဲ ... အခုတော့ သိုင်းပညာလည်းစုံပြီ၊ ဘဘကြီးတို့အပေါ် အန္တရာယ်ကျရောက်ရင်လည်း ကျွန်တော်က ကယ်တင်နိုင်ပြီ၊ အဲဒီအချိန် ပြန်လာတော့ အကောင်းဆုံးပေါ့ ညီမလေးရယ်"

တန်ထင်ဟုန်၏စကားများမှာ သွေးကြီးသော စကားများသာ ဖြစ်သည်။ လုရှုဟုန်၏ မျက်ခုံးများ မြင့်တတ်သွားလေ၏။



ငယ်ရွယ်နုနယ်လှသော မလောက်လေးမလောက်စား လူငယ်တစ်ဦးက သူတို့ကို ကယ်တင်ပေးမည်တဲ့။ မိမိကဲ့သို့ သိုင်းသမားအရင့်အမာကြီး၏ ဂုဏ်သိက္ခာကိုပင်မထောက် ပြောရက်လိုက်သည့် စကား။

ရင်တွင်၌ မကျေမချမ်းဖြစ်သွားရသည်။ သို့သော် လုရှုဟုန်သည် ရင်တွင်းမှခံစားချက်ကို မျက်နှာ၌ မပေါ်လွင်စေပေ။

လုရှုဟုန်သည် တန်ထင်ဟုန်ကိုပြုံး၍ ကြည့်လိုက်ပြီး ...

"အင်း ... မင်းဟာ ဘဘကြီးတို့ကို ကယ်တင်နိုင်ပြီဆိုတော့ သိုင်းပညာတွေ အတော်ကလေး ပြည့်ဝခဲ့ပြီပဲ၊ ဝမ်းသာတယ်လူကလေး၊ ကဲ ... ကဲ ... မင်းနှမလေးနဲ့ ချစ်ချစ်ခင်ခင်နေထိုင်ပြီး ငယ်ငယ်ကလိုပဲ ညီမလေးကိုညှာနော် ဟုတ်လား၊ သွား ... သွား ... အနားယူချေဦး"

"ဟုတ်ကဲ့ ဘဘကြီး"

တန်ထင်ဟုန်ကလေးသည် လုရှုဟုန်ကို ဂါရဝပြုလိုက်ပြီး လုဝမ်ရင်းနှင့်အတူ လှည့်ထွက်သွားလေတော့၏။

✱ ✱ ✱

## (၁၀)
## သံသယဖြစ်စရာ လူ

တန်ထင်ဟုန်သည် အနားမယူချေ။ အနားယူရန်လည်း မပေါ်ချေ။ သူ ပင်ပန်းခဲ့သည်မှ မဟုတ်ဘဲ။ သူတို့သည် အိမ်ရှေ့ပန်းခြံထဲသို့ ဆင်းသက်လာကြလေ၏။

ပန်းခြံမှာ လွှန်ခဲ့သည့် ဆယ်နှစ်ကလို ပန်းမျိုးစုံစိုက်ပျိုးထားဆဲပင်။ ကြွကြွရွရွ လန်းဆန်းဖူးသစ်နေကြသည်။ အထူးသဖြင့် နှင်းဆီများမှာ လှပဝေဆာနေသည်။

တန်ထင်ဟုန်က နှင်းဆီဖြူတစ်ပွင့်ခူးပြီး လုဝမ်ရင်းအား လှမ်းပေးလိုက်သည်။

"ရော့ ... ညီမလေး၊ အစ်ကိုနဲ့ ညီမလေး မတွေ့ရတာ ဆယ်နှစ်တောင်ကြာပြီ၊ နည်းတဲ့အချိန် မဟုတ်ဘူး၊ အခု ညီမလေးနဲ့အစ်ကို ပြန်တွေ့ရတဲ့ အထိမ်းအမှတ်နဲ့ ညီမလေးကို ဒီနှင်းဆီပန်းအဖြူကို ပေးတာ"

လုဝမ်ရင်း ပျော်ရွှင်စွာ လက်ခံလေ၏။ သူမက ရင်ရင်း ...



"အစ်ကိုလည်း အတော်ပြောင်းလဲနေပြီနော်"

"ဘာ ပြောင်းလဲလို့လဲ ညီမလေးရဲ့"

"အစ်ကိုဟာ အလျှင်က အဖြူရောင်ကို မကြိုက်ဘူးလေ၊ ရောင်ကို သိပ်မုန်းတာပဲ၊ အနီရောင်မှ အနီရောင်၊ ခုတော့လည်း ရောင်ကို ကြိုက်နေပြန်ပြီ၊ အဝတ်အစားလည်း အဖြူရောင်၊ လည်း အဖြူရောင်၊ နှင်းဆီပန်းလည်း အဖြူရောင်၊ အားလုံး ရောင်ချည်းပဲ၊ အကြိုက်ပြောင်းသွားတာ ဖြစ်မယ်နော်"

တန်ထင်ဟုန်သည် ကွက်ခနဲ မျက်နှာပျက်သွား၏။ သို့သော် ည် အဆင်ပြေအောင်တော့ ပြောပြသည်။

"သြော် ... ညီမလေးရယ်၊ လူဆိုတာ အသက်ကြီးလာတာနဲ့ ပြောင်းလဲတတ်တာပဲ၊ အတွေးအခေါ် အယူအဆတွေလည်း င်းလဲတတ်တာပဲ ညီမလေးရယ်"

သူသည် ဆက်ပြောလေ၏။

"ငယ်ငယ်က အစ်ကို အနီရောင်ကို ချစ်တယ်၊ ရဲရင့်တာ ရှိတာကို ကြိုက်တဲ့သဘောပေါ့၊ အဲ ... အခု အရွယ်ရောက်လာ အရာရာမှာ ရဲရင့်နေလို့ မရဘူးဆို စဉ်းစားမိလာတယ်၊ ရဲရင့် ကောင်းတာ မဟုတ်ဘူး၊ ဖြူစင်မှကောင်းတယ်၊ ဖြူစင်မှရိုးသား ဆိုတာတွေကို မြင်လာပြီလေ၊ ဒါကြောင့် အဖြူရောင်ကို ပြောင်း ကြိုက်တာပါ"

လုဝမ်ရင်းသည် တန်ထင်ဟုန်၏ စကားများကို နားထောင် ...

"ညီမလေးကတော့ ဘာမှ မပြောင်းလဲဘူး၊ ငယ်ငယ်တုန်းက ကြိုက်တာတွေကိုပဲ ကြိုက်တယ်၊ ငယ်ငယ်တုန်းကလိုပဲ နေတယ် ထိုင်တယ်၊ ငယ်ငယ်တုန်းကလိုပဲ ငိုတယ်၊ အားလုံး ငယ်ငယ်တုန်းက အတိုင်းပဲ"

"ဒါပေမယ့် ပြောင်းလဲခဲ့တာကို ညီမလေး မသိလိုက်တာ ရှိပါသေးတယ်"

"ဘာများလဲ"

"ငယ်ငယ်တုန်းက အကျည်းတန်ပြီး ကြီးလာတော့မှ အရမ်း ချောလာတာဟာ ညီမလေးရဲ့ ပြောင်းလဲမှုပေါ့ ညီမလေးရဲ့"

လုဝမ်ရင်းသည် မမျှော်လင့်သောစကားကြောင့် မျက်နှာ သွေးရောင်လွှမ်းသွားလေ၏။ သူမသည် အတန်ကြာ တိတ်ဆိတ်နေ ပြီးမှ ...

"ဒါက အစ်ကိုထင်လို့ပါ၊ ညီမလေးကတော့ မပြောင်းလဲပါ ဘူး၊ ညီမလေးက ငယ်ငယ်တုန်းကလည်း လူတိုင်းက လှတယ် ချောတယ်လို့ ချီးကျူးခဲ့ကြတာချည်းပဲ၊ အစ်ကိုလည်း ညီမလေးကို ချီးကျူးခဲ့တာပဲ၊ တစ်ခါမှ အကျည်းတန်တယ်လို့ မပြောခဲ့ပါဘူး"

"ဟဲ ... ဟဲ ... ဟဲ ... ဒါကတော့ ကိုယ့်ညီမဆိုတော့ သာသာ ထိုးထိုး ပြောတာပေါ့"

"ဒါက အကြောင်းမဟုတ်ပါဘူး အစ်ကိုရယ်၊ အစ်ကို ရောက် လာတဲ့အခိုက် ညီမလေးတို့ ချစ်ချစ်ခင်ခင်နေဖို့ပဲ အရေးကြီးတယ် မဟုတ်လား"



"မဟုတ်ပါဘူး၊ အစ်ကိုက ညီမလေးကို အလိုလိုက်တဲ့ အကြောင်း ပြောချင်တာပါ၊ အစ်ကို ရေထဲပြုတ်ကျတုန်းကလည်း ညီမလေးကို အလိုလိုက်ခဲ့လို့ပဲ၊ ညီမလေးက အစ်ကို့ကို အတင်းစီး နိုင်းတော့ အစ်ကို ဒန်းစီးရတာပေါ့၊ ညီမလေးကိုသာ အလိုမလိုက် ခဲ့ရင် အစ်ကိုလည်း ရေထဲပြုတ်ကျစရာ မလိုတော့ဘူး"

တန်ထင်ဟုန်ကမူ သူ အလိုလိုက်ကြောင်းကို ရည်ရွယ်ပြော ခြင်း ဖြစ်သည်။ သို့သော် တဖက်က လုဝမ်ရင်း၏ ချို့ယွင်းချက်ကို လက်ညှိုးထိုးပြနေသကဲ့သို့ ရှိနေသဖြင့် လုဝမ်ရင်း၏ မျက်နှာ ညှိုး သွားသည်။

"ဟုတ်ပါတယ်၊ တကယ်တော့ အစ်ကို ရေထဲပြုတ်ကျတာ ညီမလေးကြောင့်ပါ"

သူမသည် ခပ်တိုးတိုးပြောလိုက်၏။ တိုးပင်တိုးသော်လည်း တန်ထင်ဟုန် ကောင်းစွာကြားလိုက်သည်။ တန်ထင်ဟုန်မှာ စိတ် မကောင်းဖြစ်သွားသည်။ သူသည် ချက်ချင်းပင် ပျာပျာသလဲ ပြော၏။

"ညီမလေး အဲဒီလို မထင်ပါနဲ့၊ အစ်ကိုက ညီမလေးကို ဘယ်လောက် အလိုလိုက်သလဲ ဆိုတာကိုသာ ပြောတာပါ၊ ညီမလေး ကို အစ်ကိုက အပြစ်တင်နေတာ မဟုတ်ပါဘူး၊ ပြီးတာတွေလည်း ပြီးနေပါပြီ၊ အစ်ကိုဟာ ညီမလေးကို ငယ်ငယ်ကလည်း ချစ်တယ်၊ အခုလည်း ချစ်တယ်၊ ငယ်ငယ်ကလည်း အလိုလိုက်ခဲ့တယ်၊ အခု လည်း အလိုလိုက်မယ်၊ ကဲ ... ကျေနပ်ပြီလား"

ထိုသို့ပြောလိုက်မှ လုဝမ်ရင်း၏မျက်နှာသည် ပြုံးယောင်သ
လာပြီး ဦးခေါင်းကလေးကိုငုံ၍ ...

"တကယ်ပြောတာနော်၊ ညီမလေးကို ငယ်ငယ်တုန်းက
အစ်ကို အလိုလိုက်ရမယ်နော်"

"အလိုလိုက်ရမှာပေါ့ ညီမလေးရယ်၊ အစ်ကို့မှာ ဒီညီမလေ
တစ်ယောက်ပဲရှိတာ"

တန်ထင်ဟုန်နှင့် လုဝမ်ရင်းတို့ ပန်းခြံထဲ၌ စကားပြော
ကြစဉ် တန်ထင်ဟုန်၏မျက်နှာသည် ရုတ်တရက် တင်းမာခက်ထ
သွားလေ၏။

ထို့ကြောင့် လုဝမ်ရင်းသည် တန်ထင်ဟုန်၏ မျက်နှာအ
စိုးရိမ်တကြီး ကြည့်လေ၏။

"အစ်ကို ဘာ ... ဘာတွေ့လို့လဲဟင်၊ အစ်ကို ဘာဖြစ်လ
မျက်နှာထား ပြောင်းသွားတာလဲ"

တန်ထင်ဟုန်သည် ခြံတံခါးဆီသို့ စိုက်ကြည့်နေပြီး ...

"ညီမလေးတို့မှာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးနဲ့လူတစ်ယောက
အသိရှိနေသလား"

"ဟင့်အင်း ... မရှိပါဘူး၊ ဘာဖြစ်လို့လဲဟင်"

လုဝမ်ရင်းက နားမလည်စွာ ပြန်ပြောလိုက်၏။

တန်ထင်ဟုန်က ...

"ညီမလေး ... ဒါဆိုရင် ခြံဝင်းနဲ့မျက်စောင်းထိုးက သစ်ပ
ကြီးအောက်ကိုကြည့်၊ တည့်တည့် မကြည့်နဲ့၊ မျက်စိစွေပြီးကြည့်"



လုဝမ်ရင်းသည် မျက်စိစွေပြီး ကြည့်လေ၏။ သစ်ပင်အောက်
၌ မုတ်ဆိတ်မွေး ပါးမြိုင်မွေးနှင့် လူစိမ်းတစ်ယောက်သည် ခြံထဲရှိ
သူတို့အား မသိမသာ အကဲခတ်နေကြောင်း တွေ့ရှိရ၏။

"အို ... ဟုတ်ပါရဲ့၊ ဘယ်သူလဲ မသိဘူး၊ ဒီလူကို တစ်ခါမှ
မမြင်ဖူးဘူး"

လုဝမ်ရင်းက တန်ထင်ဟုန်အား တိုးတိုးပြောပြလေသည်။

တန်ထင်ဟုန်က ...

"ဘဘကြီးအသိထဲက မဖြစ်နိုင်ဘူးလား"

လုဝမ်ရင်းက ခေါင်းခါသည်။

"ဟင့်အင်း ... မဖြစ်နိုင်ဘူး၊ ဖေဖေ့ဆီ တစ်ခါမှ ဝင်ထွက်
သွားလာတာလည်း မတွေ့ဖူးဘူး၊ တော်တော်တော့ ထူးခြားတာပဲ၊
အရင်က ဒီအိမ်ကြီးကို စောင့်ကြည့်သူလည်း မရှိဖူးပါဘူး"

"ဒါဆို လူစိမ်းတစ်ယောက်ဆိုတာ သေချာပေါ့၊ အသာနေ"

တန်ထင်ဟုန်က ခြေလှမ်းပြင်လိုက်ရာ လုဝမ်ရင်းက စိုးရိမ်
တကြီး တားဆီးလိုက်၏။

"အို ... မသွားနဲ့ ... မသွားနဲ့၊ အစ်ကိုသွားရင် တိုက်တာခိုက်
တာတွေ ဖြစ်နေဦးမယ်"

"ဟာ ... မဟုတ်တာ၊ အစ်ကို ဘယ်သူ့ကိုမှမကြောက်ပါဘူး"

"မသွားပါနဲ့ အစ်ကို၊ ဟိုလူ့နောက်ကျောမှာ ဓားလွယ်ထား
တာ တွေ့တယ်မဟုတ်လား"

လုဝမ်ရင်းသည် တန်ထင်ဟုန်အား စိုးရိမ်ကြီးစွာဖြင့် တားဆီးနေလေ၏။

တန်ထင်ဟုန်က တဟားဟား ရယ်မောရင်း ...

"ကဲ ... ကဲ ... ကောင်းပြီ ... ကောင်းပြီ၊ ဒီလိုဆိုရင် အစ်ကိုခြံပြင်ကို မထွက်တော့ဘူး၊ ဒီလူကို ခြံထဲလှမ်းခေါ်ပြီး မေးမယ်၊ ဘာဖြစ်လို့ ခင်ဗျား ဒီအိမ်ကြီးကို ချောင်းကြည့်နေတာလဲလို့၊ သူလုပ်တာက မဟုတ်ဘူးလေ"

လုဝမ်ရင်းက ခေါင်းညိတ်လေ၏။

တန်ထင်ဟုန်သည် ခြံဝဆီသို့ လျှောက်သွားတော့သည်။ ခြံတံခါးဝ၌ရပ်ပြီး လှမ်းကြည့်သောအခါ ထိုလူစိမ်း ရှိနေသေး၏။

"ဟေ့ ... လူ၊ ခဏဗျ"

တန်ထင်ဟုန်က လူစိမ်းကို လှမ်းခေါ်လိုက်လေ၏။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးနှင့်လူရွယ်မှာ အံ့ဩသွားသည်။ ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ သူမှလွဲ၍ မည်သူမှ ရှိမနေပါ။

သူသည် တန်ထင်ဟုန်ကိုကြည့်၍ မေးလိုက်၏။

"ကျုပ်ကို ခေါ်တာလား"

"ဟုတ်တယ်"

မုတ်ဆိတ်နှင့်လူရွယ်သည် ခြံတံခါးဆီသို့ လျှောက်လာလေ၏။

သူသည် ခြံတံခါးတစ်ဖက်၌ ရပ်နေသော တန်ထင်ဟုန်ကို စူးစူးစိုက်စိုက် ကြည့်သည်။

"ကိစ္စက ..."



မုတ်ဆိတ်နှင့်လူရွယ်က မေးလိုက်၏။

တန်ထင်ဟုန်က ...

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်တို့နှစ်ယောက်ကို စောင့်ကြည့်နေတာလဲ"

ထိုအမေးစကားကြောင့် မုတ်ဆိတ်နှင့်လူရွယ်မှာ မျက်မှောင်ကြုတ်သွားလေ၏။

တန်ထင်ဟုန်၏ မျက်လုံးများကို ထိုလူရွယ်က စူးစိုက်ကြည့်လိုက်သည်။

သူ့မျက်လုံးများ၌ အကြောက်တရား မရှိချေ။

"ခင်ဗျားဉစ္စာက လွန်လွန်းလှချည်လား၊ ကျုပ်မျက်လုံးနဲ့ကျုပ်ကြည့်တာ ကျုပ်က ဘယ်သူ့ကို ခွင့်တောင်းနေရဦးမှာလဲ"

"မကြည့်နဲ့ ကျုပ် မကြိုက်ဘူး"

မုတ်ဆိတ်နှင့် လူရွယ်က ပြုံးသွား၏။

"ဟဲ ... ဟဲ ... ဟဲ ... ကျုပ်တော့ ကြိုက်တယ်"

"ဘာကွ ..."

တန်ထင်ဟုန်၏ဒေါသသည် ပေါက်ကွဲထွက်သွားတော့သည်။ သို့သော် သူ့နောက်တွင်ရှိနေသည့် လုဝမ်ရင်းက သူ့ကို ဆွဲထားသည်။

"အစ်ကိုတန် ... အစ်ကိုတန် မထွက်ရဘူး၊ ရန်မဖြစ်ရဘူး"

တန်ထင်ဟုန်က လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောလိုက်၏။

"မင်းက ငါ့ကို ဘာကောင်မှတ်နေသလဲ၊ မင်းလိုကောင်ကို

တစ်စစီဆွဲဖွဲ့လို့ ရတယ်ဆိုတာ မင်းသိရဲ့လား၊ ဆွဲဖွဲ့ပြမှ မင်းလိုကောင်မျိုး မှတ်သွားမယ်"

မုတ်ဆိတ်နှင့်လူရွယ်ကလည်း တုံ့ပြန်ပြောဆိုလေ၏။

"ငါကလည်း မင်းလိုကောင်မျိုးကို အမှုန့်ချေပစ်နိုင်တယ်ဆိုတာ မင်း သိလား"

တန်ထင်ဟုန်မှာ မခံမရပ်နိုင်ဖြစ်လွန်းသဖြင့် တံခါးဖွင့်ရန်ကြိုးစားတော့သည်။

လုဝမ်ရင်းမှာလင်း အမြဲပင် တန်ထင်ဟုန်ကို ဖက်ထားရသည်။

"နေစမ်းပါ ညီမလေးရယ် ... ဒီကောင်ပြောတာကို ညီမလေး ကြားတယ် မဟုတ်လား၊ ဘယ်လောက် အသည်းယားစရာ ကောင်းသလဲလို့၊ ဒီကောင့်ကို အစ်ကို ဆုံးမလိုက်ပါရစေ"

ထိုအခါ မုတ်ဆိတ်နှင့်လူရွယ်က ...

"အေး ... ငါကလည်း မင်းလိုကောင်မျိုးတွေကို သင်ခန်းစာပေးချင်နေတာ ကြာပြီကွ"

သူတို့သည် ခြံဝင်းတံခါး၏ တစ်ဖက်တစ်ချက်မှ ခြိမ်းခြောက်ဟိန်းဟောက်နေကြ၏။

"အေး ... မင်းတော့ နေနိုင်ဦးပေါ့ကွာ၊ ဒီမှာ ငါ့ ညီမလေး ကြားကခံနေလို့ မင်း သက်သာသွားတယ် မှတ်ထား၊ နို့မို့ဆိုရင်တော့ ဒီသံတိုင်တွေလို မင်း ကွေးသွားမယ် မှတ်ထား"

တန်ထင်ဟုန်သည် ခြံဝင်းတံခါးရှိ သံတိုင်များအား ဖျစ်ညှစ်



လိုက်ရာ သံချောင်းများ ကွေးသွားသည်။ ထိုအခါ မုတ်ဆိတ်နှင့်လူရွယ်က တဟားဟား ရယ်လေ၏။

"အင်း ... တော်တော်ကြီးမားတဲ့ အတွင်းအားပဲ၊ သံတိုင်ကွေးသွားအောင်ကို သန်မာတာပါလား၊ ဟား ... ဟား ... ဟား"

မုတ်ဆိတ်နှင့်လူရွယ်က တဟားဟားအော်ရယ်ရင်း ခြံတံခါးရှိ ကွေးသွားသည့်သံတိုင်များကို ဆွဲလိုက်သည်။ ထိုအခါ သံချောင်းများသည် ကွေးညွှတ်သွားရုံမက အပြင်သို့ပင် ပါသွားသည်။

ထိုအခါ တန်ထင်ဟုန်နှင့် လုဝမ်ရင်းတို့မှာ အံ့ဩလွန်းသဖြင့် ကြက်သေ သေသွားကြတော့၏။

"လာ ... လာ ... အစ်ကို၊ အိမ်ထဲဝင်မယ်"

လုဝမ်ရင်းက တန်ထင်ဟုန်ကို အတင်းဆွဲခေါ်သွားလေ၏။ တန်ထင်ဟုန်သည် ရှန်းကန်ခြင်းမပြုတော့ဘဲ လှည့်ကြည့်လှည့်ကြည့်နှင့် လိုက်ပါသွားသည်။

မုတ်ဆိတ်နှင့်လူရွယ်က တန်ထင်ဟုန်ကို မမှိတ်မသုန် ကြည့်နေ၏။ ထို့နောက် အံကြိတ်လိုက်သည်။ ကွေးကောက်နေသော သံ တိုင်များကို ဆွဲယမ်းလိုက်ပြီး ...

"ဟင်း ... သူ့ကိုယ်သူ တန်ထင်ဟုန်တဲ့၊ ဟား ... ဟား ... ဟား ... တန်ထင်ဟုန် ... တန်ထင်ဟုန် အေး ... မင်း မိုးကောင်းတုန်း ရွာထားဦးပေါ့ကွာ"

မုတ်ဆိတ်နှင့်လူရွယ်က [illegible]သွားလေတော့၏။

✱ ✱ ✱

# (၁၀)
# ခြောက်ထောင့်ကြယ် လက်နက်

မုတ်ဆိတ်နှင့်လူငယ်သည် ဒေါသထွက်ထွက်နှင့် ခြေလှမ်းကို ဆောင့်နင်းရင်း ရွာလမ်းအတိုင်း ပြန်လာခဲ့၏။ ညနေဆည်းဆာချိန် ဖြစ်နေ၍ ရွာထဲ၌ လူသွားလူလာ စည်ကားစပြုလေပြီ။

သူသည် ရွာထဲမှ ဆက်လက်လမ်းလျှောက်ခဲ့ရာ ရွာတစ်ဖက် ထိပ်သို့ ရောက်ရှိလာလေ၏။ ထို တစ်ဖက်ထိပ်တွင် ပန်းတစ်ပွင့် စားသောက်ဆိုင် တည်ရှိ၏။

စားသောက်ဆိုင်ရှေ့သို့ ရောက်သောအခါ သူသည် ဆိုင်းဘုတ် ကို မော့ကြည့်၏။ ဝမ်းဗိုက်မှာလည်း ဆာလောင်သယောင် ဖြစ်လာ သည်။ ထို့ကြောင့် သူသည် ဆိုင်ထဲသို့ ဝင်ချလိုက်တော့သည်။

သူသည် ဆိုင်ရှင်အဘိုးကြီး ထိုင်နေသည့်ထိုင်ခုံသို့ တန်းမတ် စွာ ဝင်သွားသည်။ ဆိုင်ရှင်အဘိုးကြီးမှာ အသက်ခုနစ်ဆယ်ကျော် နေပြီ ဖြစ်၏။

အမည်မှာ ကျင်းဟုတ်ကြီး ဖြစ်သည်။



ကျင်းဟုတ်ကို မုတ်ဆိတ်နှင့်လူရွယ်သည် သိရှိထား၏။ သူက ဆာလောင်နေသဖြင့် ကျင်းဟုတ်ထံသို့ ဝင်လာခြင်း ဖြစ်သည်။

"ဗျို့ ... ဦးကျင်းဟုတ်ကြီး နေကောင်းရဲ့လား"

"ဟော ..."

ကျင်းဟုတ်သည် တုန်လှုပ်သွားသည်။

"ငါ နေကောင်းတာ နေမကောင်းတာ မင်းနဲ့ဘာဆိုင်လို့ လဲကွ"

"ဦးကြီးကျင်းဟုတ်နေကောင်းမှ ကျွန်တော် ကောင်းတဲ့အကူ အညီပေးနိုင်မှာမို့ ဒီလို နှုတ်ဆက်လိုက်တာပါဗျာ"

"ဆိုစမ်းပါဦး"

"အခု ကျွန်တော် ဗိုက်ဆာနေတာဗျ"

"တစ်ခုခု မှာစားလိုက်ပေါ့ကွာ"

"စားတာကတော့ ဟုတ်ပါပြီ၊ ပြီးရင် အိပ်ဖို့ တစ်ခန်းလောက် လိုချင်ပါတယ်"

"အခန်းလွတ်တွေ အများကြီးပါပဲကွာ၊ မင်း အခန်းတစ်ခန်း ယူလိုက်ပေါ့"

"အဲဒါ ပြောတာပေါ့ဗျာ၊ ကျွန်တော်မှာ စားသောက်ဖို့အတွက် လည်း ပိုက်ဆံမရှိဘူး၊ အခန်းငှားဖို့လည်း ပိုက်ဆံမရှိဘူး၊ ကျွန်တော် ဖြူကာပြာကာ ကျနေတာ"

မုတ်ဆိတ်နှင့်လူငယ်က အခြေအနေမှန်ကို တင်ပြရလေသည်။

သူလိုလူမျိုးကို မည်သည့်ဆိုင်ရှင်ကမျှ လက်ခံ ပျင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် သူသည် ကျောင်းဟုတ်ကို ဉာဏ်မျှ ချီးသာစွာပြော နေခြင်း ဖြစ်၏။

"မရှိလည်း ကိစ္စမရှိပါဘူးကွာ ရှိမှပေးပေါ့"

ကျောင်းဟုတ်သည် စိတ်ချမ်းသာသလိုနေသူ ဖြစ်၏။ သူ့ဆိုင်၌ ပိုက်ဆံမရှိ၍ စားမရနိုင်သူ မရှိစေရပေ။ ပိုက်ဆံမရှိသဖြင့် တည်းခိုနိုင် သူမရှိ မဖြစ်စေရပေ။

သူသည် မုတ်ဆိတ်နှင့်လူငယ်ကို လွယ်ကူစွာပင် လက်ခံလိုက် လေ၏။

မုတ်ဆိတ်နှင့်လူငယ်သည် သူ့စကားကို ကျောင်းဟုတ်က လက်ခံ လိုက်သည်ကို တွေ့ရသောအခါ အလွန် ဝမ်းသာသွားသည်။

သူသည် စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်လေ၏။ သူသည် အခြေအနေရှိ...သည် ရှုသမျှအခွင့်အရေးကို မပျာပေ။ သူ ဗိုက်ပြည့် ရုံ ခေါက်ဆွဲကြော်တစ်ပွဲသာ မှာစားသည်။

ကျောင်းဟုတ်သည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကြည့်နေ လေသည်။

စားပွဲထိုးသည် ခေါက်ဆွဲကြော်ကို အတန်ကြာသည်အထိ ... မပို့ပေ။

"မြန်မြန်ကြော်ပါဗျာ၊ ကျုပ်မှာထားတာ ကြာလှပါပြီ၊ ကျုပ် ဆာလာတာ ကြာပြီ"



စားပွဲထိုးအကြီးအကဲက လူရွယ်အား မျက်စောင်းထိုးလိုက်၏။

"အလကားလည်း လာစားသေး မြန်မြန်လည်း လိုချင်သေး၊ ...ယ်လို သတ္တဝါလဲမသိဘူး၊ အငတ်တိုင်းပြည်ကများ လာတာလား ...သိဘူး"

သူသည် ထိုစကားကို ဖွင့်ပြောလိုက်သည်တော့ မဟုတ်ပါ။ ...ိတ်ထဲက ပြောလိုက်ခြင်းသာ ဖြစ်သည်။ တကယ်ပြောလိုက်သည့် ...ကားကတော့ ချိုပါသည်။

"ရမှာပါ ဆရာလေး၊ ခဏလေးစောင့်ပါနော်၊ မကြာခင် ရတော့မှာပါ"

မကြာမီ စားပွဲထိုးလေးသည် ခေါက်ဆွဲကြော်ပန်းကန်ကို လာ ချပေးလေသည်။

ဆာလောင်နေသည့် မုတ်ဆိတ်နှင့်လူရွယ်သည် အားပါးတရ စားလေရာ တစ်ခဏချင်း ခေါက်ဆွဲကြော်များ ကုန်သွားသည်။ လူရွယ်သည် ကျောင်းဟုတ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဦးလေးကျောင်းဟုတ်ကြီး ... ကျွန်တော် ဗိုက်မဝသေးပါဘူးဗျာ၊ ခေါက်ဆွဲကြော်တစ်ပွဲလောက် ထပ်စားပါရစေ"

"ဟ ... ငါပြောထားပြီးပြီပဲ၊ မင်းကြိုက်သလောက် စားပေါ့"

မုတ်ဆိတ်နှင့်လူရွယ်သည် စားပွဲထိုးဘက်သို့လှည့်၍ မှာကြား လိုက်၏။

"ငါ့ကို ခေါက်ဆွဲကြော်တစ်ပွဲ ထပ်ပေးပါဦးကွာ"

"ဟုတ်ကဲ့ ဆရာလေး"

စားပွဲထိုးလူငယ်သည် ထွက်သွားပြီး အတန်ကြာသောအခါ ခေါက်ဆွဲကြော် နောက်ထပ်တစ်ပွဲ လာချပေးလိုက်၏။ ခေါက်ဆွဲကြော်ပွဲလည်း ပြောင်သလင်းခါသွားလေသည်။

"အင်း ... အခုမှ နေသာထိုင်သာ ရှိသွားတော့တယ်"

လူရွယ်သည် ဆာလောင်မွတ်သိပ်နေသည့် အာသာပြည့်သွားသဖြင့် စိတ်သက်သာရာ ရသွားသည်။ စားပွဲထိုးလူငယ်လေးသည် သူ စားသောက်ပြီးသည့် ပန်းကန်ပြားများကို သိမ်းဆည်းနေသည်။

ထိုအချိန်၌ ကျင်းဟုတ်သည် အခန်းတွင်းသို့ ဝင်သွားသဖြင့် စားပွဲထိုးလူငယ်သာ ကျန်ရစ်ခဲ့သည်။

မုတ်ဆိတ်နှင့်လူရွယ်က ပြောလိုက်သည်။

"ကဲ ... ညီလေး၊ ငါ့ဝိုင်းက ဘယ်လောက်ကျသလဲကွ"

ထိုအခါ ကျင်းဟုတ်ကြီးနှင့် မုတ်ဆိတ်နှင့်လူရွယ် ပြောနေသည့် စကားများကို ကြားခဲ့သည့် စားပွဲထိုးအကြီးအကဲသည် လူရွယ်ဆီသို့ လျှောက်လာလေ၏။

"ဆရာလေး ဘာပြောတာလဲခင်ဗျာ"

"ကျွန်တော်စားတာ ဘယ်လောက်ကျသလဲလို့ မေးနေတာပါ"

"မဟုတ်ပါဘူး ဆရာလေးရယ်၊ ဆရာလေးနဲ့ ဆရာကြီးကျင်းဟုတ်တို့ ပြောနေတာကို ကျွန်တော် ကြားပါတယ်၊ ဆရာလေး ဘာကြောင့် မေးတာလဲခင်ဗျာ"



"သိချင်လို့ပေါ့ဗျာ"

"ခေါက်ဆွဲကြော် နှစ်ပွဲအတွက်တော့ ငွေစနှစ်စ ကျပါတယ်၊ ဆရာလေးက ရှင်းမလို့လားခင်ဗျာ"

"မေးကြည့်တာပါ၊ ဦးလေးကျင်းဟုတ်ကြီး ဘယ်မှာလဲ၊ ကျွန်တော့်အတွက် အခန်းတစ်ခန်းငှားထားတယ်၊ အဲဒီအခန်းကော ငွေဘယ်လောက်ကျသလဲဆိုတာ မေးပေးပါဗျာ"

"ဆရာလေးမှာ ငွေမှမပါဘဲ၊ သူ့ကိုမေးနေလို့ အပိုပေါ့ခင်ဗျာ"

"မေးမှာသာ မေးပေးစမ်းပါဗျာ၊ မေးရမှာက ခင်ဗျားအလုပ်၊ နောက်ပိုင်းကိစ္စက ကျုပ်အလုပ်ပါ"

လူငယ်သည် စိတ်ဆိုးသွားသည်။

ထိုအခါ နောက်မှဝင်လာသော ကျင်းဟုတ်ကြီးသည် မုတ်ဆိတ် နှင့်လူရွယ်၏စကားကို ကြားသဖြင့် တဟားဟား ရယ်လေသည်။

"ဟား ... ဟား ... ဟား ... ဘယ်လိုဖြစ်တာလဲကွ၊ မင်းပဲ ပေးစရာငွေမပါလို့ စားပါရစေ တည်းပါရစေ ပြောတယ်၊ အခု ငွေက ဘယ့်နှယ်ရောက်လာတာလဲ"

မိတ်ဆိတ်နှင့်လူငယ်သည် ကျင်းဟုတ်ကြီး ထိုင်ချလိုက်သည့် စားပွဲသို့ ထသွားလိုက်သည်။

"ကျွန်တော့်မှာ ငွေစ မပါတာတော့ အမှန်ပါပဲ"

"အေးလေ ... မင်းမှာ ငွေစမပါလည်း ငါ ဂရုမစိုက်ပါဘူး၊ မင်း စားချင်တာစား၊ တည်းချင်သလိုတည်းလို့ ငါ ခွင့်ပြုလိုက်ပြီပဲ"

"ငွေတော့ မပါပါဘူး၊ ဒီဖြင်ဟာတွေတော့ ပါပါတယ်၊ ဦးကျင်းဟုတ်ကြီးရဲ့၊ စားသောက်ခနဲ့ အခန်းခကို ပြောစမ်းပါ"

"မင်းက ဘာရည်ရွယ်ချက်မှန်း မသိဘဲ အတင်းပြောခိုင်းနေတော့ ပြောရမှာပေါ့ကွာ၊ ခေါက်ဆွဲကြော်နှစ်ပွဲက ငွေစနှစ်စ၊ အခန်းခက ငွေစဆယ်စ၊ စုစုပေါင်း ဆယ့်နှစ်စပေါ့ကွ၊ ဟဲ ... ဟဲ ... ဟဲ"

ကျင်းဟုတ်ကြီးသည် တမင် ဈေးမြှင့်၍ပြောလိုက်ခြင်း ဖြစ်သည်။ တည်းခိုခမှာ ငွေစငါးစသာ ကျသည်။ လူရွယ် ငွေမချေနိုင်ဟုထင်ထား၍ တမင် ပြောလိုက်ခြင်းသာ ဖြစ်သည်။

သို့ရာတွင် ကျင်းဟုတ်ကြီးသည် အရယ်ရပ်သွားလေ၏။ မျက်လုံးကြီးလည်း ပြူးထွက်လာသည်။

အဘယ်ကြောင့်ဆိုသော် မုတ်ဆိတ်နှင့်လူရွယ်၏ လက်သည် စားပွဲပေါ်သို့ ရောက်လာပြီး လက်ပြန်ရုတ်သွားသောအခါ ရွှေဒင်္ဂါးဆယ့်နှစ်ပြားတိတိ ကျန်ရစ်ခဲ့သောကြောင့်တည်း။

သူသည် စကားမပြောနိုင်ဘဲ တံတွေးနှင်သလို ဖြစ်နေ၏။

လူရွယ်က ...

"ကျွန်တော့်မှာ ငွေစကော့ မပါခဲ့ပါဘူး၊ ဒါပေမယ့် ရွှေဒင်္ဂါတွေတော့ ပါပါတယ်၊ ဒီ ရွှေဒင်္ဂါးဆယ့်နှစ်ပြားဟာ ငွေစ ဆယ့်နှစ်စထက်တော့ များမှာပါပဲ၊ များပါစေ ကိစ္စမရှိပါဘူး၊ ကျွန်တော့်ကို ပြန်မအမ်းပါနဲ့တော့၊ ကျွန်တော်တည်းခိုမယ့် အခန်းခအဖြစ် ကြိုတင်ယူထားလိုက်ပါတော့ဗျာ"



"ဟာ ... မဟုတ်တာကွာ၊ မင်းရဲ့ ရွှေဒင်္ဂါးဆယ့်နှစ်ပြားဟာ အခန်းခကျသင့်ငွေထက် အဆပေါင်းများစွာ ပိုနေပါတယ်၊ ပိုတဲ့ငွေပြန်ယူပါ",

သူ့၌ ငွေစမပါ၍ စားသောက်ခွင့်ပြုပါရန် ပန်ကြားသောအခါ ...သည် ကြည်ကြည်သာသာနှင့် ခွင့်ပြုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အချို့သိုင်းသမားများသည် စားသောက်ပြီး တုတ်တပြက်ဓားတပြက်လုပ်ပြီး ဆိုင်ရှိပစ္စည်းများကို ဖျက်ဆီးသွားသည်ကို ကျင်းဟုတ်ကြီးက အကြိမ်ကြိမ် ခံခဲ့ရသောကြောင့်တည်း။

ထို့ကြောင့် သူသည် လူရွယ်က ခွင့်ပန်သောအခါ ကျေကျေနပ်နပ် ခွင့်ပြုခဲ့ပေသည်။ ယခုတော့ မမျှော်လင့်ဘဲ လူရွယ်သည် ရွှေဒင်္ဂါးပြား ကိုင်သုံးသူဖြစ်နေပေပြီ။

"မဟုတ်ပါဘူးဗျာ၊ ဦးကျင်းဟုတ်ကြီးက သဘောကောင်းတာပဲ၊ ကျုပ်ကို ပိုက်ဆံမရှိဘဲနဲ့ ခေါက်ဆွဲကြော်လည်းကျွေးတယ်၊ အခန်းလည်း ငှားတယ်ဆိုတော့ ဦးကျင်းဟုတ်ကြီးပဲ ယူလိုက်ပါတော့"

ကျင်းဟုတ်ကြီးလည်း မငြင်းတော့ချေ။

"မင်းက ဒီလောက်တောင် ရက်ရောနေမှတော့ ငါကလည်း မင်းကို အကောင်းဆုံးအခန်းပေးပြီး အကောင်းဆုံး ပြုစုရတော့မှာပေါ့ကွာ၊ ကဲ ... လာ ... လာ၊ ငါကိုယ်တိုင် မင်းနေရမယ့်အခန်းကို လိုက်ပြမယ်"

ကျင်းဟုတ်ကြီးသည် သော့တစ်ချောင်းကိုယူလျက် အပေါ်ထပ်

သို့ တက်လေသည်။ မုတ်ဆိတ်နှင့်လူရွယ်သည်လည်း ကျင်းဟုတ် နောက်သို့ လိုက်သွားသည်။

"ကဲ ... ဒီအခန်းဟာ အကောင်းဆုံးပဲ၊ လေကောင်းလေသန့်လည်း ရတယ်၊ အောက်ကိုလည်း ဆီးမြင်နိုင်တယ်၊ နောက်ဆုံးပြောလိုက်မယ်ကွာ၊ မင်းနေချင်ရင် တစ်သက်လုံးပဲ နေနေ၊ မင်းစိတ်ကြိုက် နေနိုင်ပါတယ်"

"ကောင်းပါပြီဗျာ၊ ကျေးဇူးတင်ပါတယ်"

"ကဲ ... ငါ သွားမယ်"

"ဟုတ်ကဲ့"

ကျင်းဟုတ်ကြီး ထွက်သွားသောအခါ မုတ်ဆိတ်နှင့်လူရွယ်သည် စိတ်လွတ်ကိုယ်လွတ် ဝင်လာခဲ့သည်။ အခန်းသည် အတော်ကောင်းသည်။ ပြည့်ပြည့်စုံစုံနှင့် ပရိဘောဂ အစုံအလင်ရှိသည်။ သူသည် ကျောဝ်၌လွယ်ထားသည့် ဓားကိုဖြုတ်၍ ခေါင်းအုံးအနီးတွင် ထားသည်။

ထိုအခါမှ ဓားနှစ်ချောင်းဖြစ်နေသည်ကို တွေ့ရသည်။ သူသည် ဓားနှစ်လက်ကို ပူးချည်ထားခြင်း ဖြစ်သည်။ ခေါင်းမှ မြက်ဦးထုပ်ကိုလည်း ချိတ်တစ်ခုတွင် ချိတ်လိုက်၏။ ဖိနပ်စုတ်ကိုတော့ ခုတင်ခြေရင်း၌ပင် ချွတ်လိုက်သည်။

သူ ပြုံးလိုက်သည်။ လုဝမ်ရင်းအား သတိရလိုက်မိလေသောကြောင့် ဖြစ်သည်။ လုဝမ်ရင်းသည် သူ၏မုတ်ဆိတ်မွေး ပါးမြိုင်းမွေးနှင့်မျက်နှာကို မြင်လိုက်ရလေသည်။



လုဝမ်ရင်းသည် တန်ထင်ဟုန်ဆိုသည့် အဖြူရောင်ဝတ်စုံနှင့် လူငယ်အား စိုးရိမ်တကြီးနှင့် ခေါ်နေသည်ကို သူ မြင်ယောင်လာမိလေသည်။

သူသည် သူဝတ်ဆင်ထားသည့် အနက်ရောင်အင်္ကျီအား ချွတ်လိုက်သောအခါ သူ့ရင်ဘတ်၌ ကျပ်ပိုင်းခန့်ရှိ အမည်းရောင်အမှတ်ကြီး ထွက်ပေါ်လာလေသည်။

သူသည် အင်္ကျီအား လွှင့်ပစ်မည်ပြုပြီးမှ သတိရပြီး ကမန်းကတန်း အိတ်ကိုလှမ်း၍ နှိုက်လိုက်လေသည်။ အင်္ကျီအိတ်ထဲမှ ကြယ်လက်နက်ပုန်းတစ်ခု ထွက်လာသည်။

ခြောက်ထောင့်ကြယ် လက်နက်ကလေးကို လေထဲ၌မြှောက်၍ ဆော့ကစားနေသည်။ ခြောက်ထောင့်ကြယ် လက်နက်ကလေးသည် သံမဏိဖြင့် ပြုလုပ်ထားသော လက်နက်ပုန်းကလေးပင်။

ခြောက်ထောင့်ကြယ် လက်နက်သည် မည်သူ၏ လက်နက်ပေတည်း။

✻ ✻ ✻

## (၁၂)
## အပြိုင် အဆိုင် အနိုင်

ပန်းတစ်ပွင့် စားသောက်ဆိုင်၌ တည်းခိုနေထိုင်သည့် မုတ်ဆိတ်မွေး ပါးမြိုင်းမွေးနှင့်လူငယ်မှာ ဆက်ဆံရေးကောင်းလှသဖြင့် တစ်ဆိုင်လုံးနှင့် ရင်းနှီးသွားလေ၏။

လီဖူးယုံ ...။

လီဖူးယုံဆိုသည်မှာ ထိုလူငယ်၏အမည် ဖြစ်သည်။ လီဖူးယုံသည် ဆက်ဆံရေးကောင်းရုံတင် မဟုတ်။ စိတ်ရင်းလည်း ကောင်းသည်။ ထို့ပြင် သူ သုံးစွဲပုံနှင့် သူနေထိုင်ပုံမှာ တခြားစီ ဖြစ်သည်။

အလွန်တစ်ရာရောင့်ရဲပြီး လောကသဘာဝကို နားလည်သည့် ကျင်းဟုန်ကြီးနှင့် ထိုလူရွယ်သည် မကြာမီ ဦးလေးသားချင်းနှင့် တူသားသဖွယ် ရင်းနှီးခင်မင်သွားသည်။ လူရွယ်သည် ကျင်းဟုတ်ကြီးကို လေးလည်း လေးစားသည်။ ချစ်လည်း ချစ်သည်။ အဘိုးအို၏ လောကအမြင်များကို သူ လေးစားသည်။

လူတိုင်းအပေါ် ပြုံးနိုင်သည်ကိုလည်း သူ လေးစားသည်။



အဘိုးအို၏ အပြုအမူ အပြောအဆိုမှန်သမျှမှာ လေးစားဖွယ် ဖြစ်နေသည်ကို သူ သိသည်။

သူသည် သိုင်းသမားတစ်ဦး ဖြစ်၏။ ထိုအချက်ကို ကျင်းဟုတ်ကြီးက သိသည်။ ဓားသမားတစ်ဦးဖြစ်သော်လည်း သူ့ဓားချက်ကို မည်သူမျှ မမြင်ဖူးချေ။

ဓားနှစ်လက်ကိုပူး၍ ချိတ်ဆွဲထားသဖြင့် အမြင်မသန်သူများက ဓားတစ်လက်သာ ချိတ်ဆွဲထားသည်ဟု မြင်တတ်ကြသည်။

သူသည် ထစ်ခနဲရှိ ဓားနှင့်ဖြေရှင်းတတ်သူ မဟုတ်ပေ။ ထို့ကြောင့် သူ့ဓားနှင့်ရှင်းပြီဆိုလျှင် ကြောက်ရတော့သည်။ သူ့ဓားသည် အလွန်သွေးဆာသောဓား ဖြစ်၏။

ထို့ကြောင့် ဓားကို သူ မထုတ်ခြင်းဖြစ်သည်။ ဓားထုတ်ပြီးလျှင် သွေးစွန်းသွားမှ ဓားအိမ်ထဲပြန်ဝင်သောဓားမျိုး ဖြစ်သည်။

ပန်းတစ်ပွင့် စားသောက်ဆိုင်မှလူများမှာ သူ့အား ဓားသမားအဖြစ် သိထားကြသော်လည်း ဓားကြောင့် အထင်ကြီးကြသည် မဟုတ်ချေ။

တစ်နေ့တွင် သူ၏အတွင်းအားကို မြင်လိုက်ကြရသဖြင့် ပန်းတစ်ပွင့်စားသောက်ဆိုင်မှ လူများအားလုံး သူ့ကို ဖြုံသွားကြသည်။

တစ်နေ့တွင် ပန်းတစ်ပွင့်စားသောက်ဆိုင်သို့ လူရမ်းကားတစ်ဦး ရောက်ရှိလာ၏။ ထိုလူသည် ရှာခံမဟုတ်ပေ။ လူစိမ်းတစ်ဦးသာ ဖြစ်သည်။

သာမန်အရပ်သား မဟုတ်။ အောက်လမ်းသိုင်းသမား လူရမ်း
ကားတစ်ဦးသာ ဖြစ်သည်။

ပထမတော့ သူသည် ကောင်းကောင်းသာ ဖြစ်သည်။ တစ်ဦး
တည်း အေးဆေးစွာ အရက်သောက်နေခြင်း ဖြစ်သည်။

သူသည် အကောင်းတကာ့ အကောင်းဆုံး ဝါးစိမ်းတစ်ရာ
အရက်ကိုမှာပြီး အကောင်းတကာ့အကောင်းဆုံး အစားအစာများကို
မှာကြားစားသောက်နေသည်။

သူသောက်သည့် အရက်နှင့် သူမှာစားသည့် အစားအသောက်
များမှာ ဤဆိုင်၌ ဈေးအကြီးဆုံး ဖြစ်လေ၏။ ဈေးကြီးချင်ကြီး
မကြီးချင်နေ။ သူကတော့ မှာသောက်၏။ မှာစား၏။

စားသောက်မပြီးခင်မှာပင် သူသည် သူ့အတွက် အခန်းတ
ခန်း စီစဉ်ပေးရန် တောင်းဆိုတော့၏။ ထိုလူ ရမ်းကားနေသည
နေ့ကျမှ လီဖူယုံကလည်း တည်းခိုခန်းအတွင်း တစ်နေ့လုံ
ရှိနေသည်။

သူ မှာကြားစားသောက်နေပုံ၊ အခန်းတောင်းနေပုံကို ကြ
သည်။ အမျိုးမျိုး ကြေး(ဈေး)များနေသည်ကိုလည်း ကြားသည်
ငွေရှင်းရမည့်အချိန် ရောက်သောအခါ ကျင်းဟုတ်ကြီး
ရှင်းတမ်းပြလေတော့သည်။

“ဆရာကြီး စားသောက်ထားတာတွေဟာ စုစုပေါင်း ငွေစတ
ထောင် ကျပါတယ် ဆရာကြီး”



ထိုသူစိမ်း၏ အမည်မှာ ဓားမင်းသား စီးယားဟု သိရသည်။
ားမင်းသား စီးယားသည် ကျင်းဟုတ်ကြီးကို မချေမငံ ပြောလေ၏။

“ဟေ့ … ငွေစတစ်ထောင်မကလို့ တစ်သောင်းကျကျကွာ၊
မပေးနိုင်ဘူး၊ ဓားမင်းသား စီးယားဆိုတာ ငါပဲကွ၊ မကျေနပ်လို့
ယှဉ်ချင်တဲ့လူရှိရင် ထွက်ခဲ့ကွ”

သူသည် စားပွဲခုံများကို ကန်ကျောက်ပစ်၍ ခုတ်မည်ထစ်မည်
ကြိမ်းမောင်းနေသည်။

ကျင်းဟုတ်ကြီးကတော့ အပြုံးမပျက်ပါ။ ဒီအမျိုးကို သူ ကြုံ
တွေ့ဖူးထားသည်ပဲ။

“ရပါတယ် ဆရာကြီးရာ … ကျုပ် က ကျသင့်တဲ့တန်ဖိုးကို
ပြောပြတာပါ၊ မရှိလည်း နောက်မှပေးပေါ့ဗျာ”

ထိုအခါ စီးယားက စားပွဲကိုထုလိုက်၏၊

“ဝုန်း …”

“ဘာမရှိတာလဲ၊ ငါ့မှာ ငွေရှိတယ်ကွ၊ ဟောဒီမှာ တစ်ထောင်
တောင် မကဘူး၊ တစ်သောင်းမကဘူး၊ တွေ့လား …”

သူသည် ငွေထုပ်ကို စားပွဲပေါ်ပစ်ချ၏။ ကျင်းဟုတ်ကြီးမှာ
ပြုံးနေဆဲပင် ရှိပါ၏။

“ဟဲ … ဟဲ … ဟဲ … ဆရာကြီးမှာရှိလည်း တခြားကိစ္စတွေမှာ
သုံးရတာပေါ့ဗျာ၊ ကျုပ်ဆိုင်ကို ပေးမသွားလည်း ကိစ္စမရှိပါဘူး၊
ဖြစ်ပါတယ်”

ကျင်းဟုတ်ကြီးက အလိုက်သင့် အဆင်ပြေအောင် ပြောလိုက်၏။

ဓားမင်းသား စီးယားက လက်မခံချေ။ သူက ကတ်ဖဲ့လုပ်တတ်သူသာ ဖြစ်သည်။

“ဟေ ... ဘယ်မှာမှ သုံးစရာမရှိဘူးကွ၊ မင်းတို့ဆိုင်ကို စေတနာမရှိလို့ မပေးတာ၊ အကောင်းဆုံးအရက်ကို ပိုက်ဆံမပေးဘဲ သောက်တယ်ကွာ၊ အကောင်းဆုံးအစားအစာကို ပိုက်ဆံမပေးဘဲ စားတယ်ကွာ၊ ဘာဖြစ်လဲ၊ မင်းတို့ထက်မိုက်လို့ စားတယ် သောက်တယ်၊ မင်းက မကျေနပ်ဘူးလား”

ကျင်းဟုတ်ကြီးသည် ရန်လိုနေသောသူကို မည်သည့်စကားပြောပြော အပြစ်သာဖြစ်မည်ဟု သိ၏။ ထို့ကြောင့် စီးယားအနားမှ ထွက်ခွာသွားတော့၏။

စီးယားက အငြိမ်မနေပေ။

“ဟော့ ... အဘိုးကြီး၊ ဘယ်ကိုထွက်သွားတာလဲ၊ ကျုပ်နားကို လာစမ်း”

ကျင်းဟုတ်ကြီးသည် စီးယားအနားသို့ သွားရပ်ရလေ၏။

“ဘာအလိုရှိသလဲ ဆရာကြီး”

“ငါပြောတာ မင်း မကြားဘူးလား၊ မင်းတို့ဆိုင်မှာရှိတဲ့ အကောင်းဆုံး အခန်းတစ်ခန်း လိုချင်တယ်”

ကျင်းဟုတ်ကြီးက ပြုံးပြုံးကြီး ပြောသည်။



“ဆရာကြီး ... အကောင်းဆုံးအခန်း မရှိတော့ပါဘူး၊ ဒုတိယအကောင်းဆုံးအခန်းကိုတော့ စီစဉ်ပေးလို့ရပါတယ်”

စီးယားက ရန်လိုနေသည်။

“မလိုချင်ဘူး၊ ငါ အကောင်းဆုံးအခန်းကိုပဲ လိုချင်တယ်၊ မင်းတို့ဆီမှာ အကောင်းဆုံးအခန်းရှိတယ် မဟုတ်လား”

“ရှိပါတယ်ဗျာ၊ ဒါပေမယ့် လူရှိနေပါတယ်၊ သူက ငှားထားတာ ရက်အတော်ကြာသွားပါပြီ”

“အဲဒီလူကို မောင်းထုတ်လိုက်”

“မဖြစ်ပါဘူးဗျာ၊ သူက ကျုပ်တို့ဆီမှာ တန်ရာတန်ကြေးပေးပြီး ငှားနေတဲ့လူပါဗျာ”

“ဘာ တန်ရာတန်ကြေးလဲ၊ မလိုချင်ဘူး၊ အဲဒီလူကို ဆွဲထုတ်ပစ်လိုက်”

“သူက ငွေစပေးတာ မဟုတ်ပါဘူး၊ ရွှေဒင်္ဂါးတွေ ပေးထားတာပါ၊ နောက်ပြီး ပေးတဲ့ရွှေကလည်း သူ နှစ်နှစ်လောက် တည်းခိုနိုင်တဲ့ ရွှေဒင်္ဂါးတွေပါ၊ ဒါပေမယ့် သူ မတည်းပါဘူး၊ အလွန်ဆုံး တစ်လလောက်ပဲ တည်းမှာပါ၊ ဒါကြောင့် သူ့ကို ဆွဲထုတ်ပစ်လို့ မဖြစ်ပါဘူး”

ကျင်းဟုတ်ကြီးက အပြေအလည် ရှင်းပြလေ၏။

“ဘာကွ ... ရွှေဒင်္ဂါးပေးထားတယ် ဟုတ်လား”

“ဟုတ်ပါတယ်၊ အဲဒီ အကောင်းဆုံးအခန်းမှာ တည်းခိုတဲ့လူက ရွှေဒင်္ဂါးတွေ ပေးထားတာပါ”

ဓားမင်းသားစီးယားသည် အရက်ကို ဤမျှသောက်နေပါလျက် မမူးသေးချေ။ သူသည် မေးစေ့ကိုပွတ်၍ စဉ်းစားနေလိုက်၏။

"ကောင်းပြီ ... ငါ စဉ်းစားမိပြီ"

"ဒုတိယ အကောင်းဆုံးအခန်းကိုယူဖို့ စဉ်းစားတာလားဗျာ"

"မဟုတ်ဘူး၊ အဲဒီ အကောင်းဆုံးအခန်းမှာနေတဲ့ သူကို ငါ တွေ့ချင်တယ်၊ သွားခေါ်စမ်း"

ကျင်းဟုတ်၏မျက်နှာ၌ အပြုံးမပီတော့ချေ။

"မ ... မလုပ်ပါနဲ့ ဆရာကြီးရယ်၊ အဲဒီလူဟာ လူကောင်းတစ်ယောက်ပါ"

ကျင်းဟုတ်သည် စီးယားကို တောင်းပန်လိုက်၏။ စီးယားက လက်မခံချေ။

"အို ... လူကောင်းသူကောင်းမို့ ငါက တွေ့ချင်တာပေါ့ အဘိုးကြီးရဲ့၊ လူဆိုးဆိုရင် ဘာလုပ်ဖို့တွေ့ရမှာတုန်း၊ သွားစမ်းပါ၊ ခု ခေါ်လိုက်စမ်းပါ"

ကျင်းဟုတ်သည် ဦးနှောက်ခြောက်သွား၏။ တောင်းပန်၍လည်း မရတော့ပေ။

"သွားခေါ်လေကွာ၊ ရွှေဒင်္ဂါးနဲ့ တည်းခိုတယ်ဆိုတဲ့ ကောင်ကို ဒီကိုခေါ်လာခဲ့"

စီးယားသည် ဓားအားကိုးဖြင့် ရမ်းရမ်းကားကား ပြောနေ၏။ ကျင်းဟုတ်၏ မျက်နှာပေါ်၌ရှိသော အပြုံးများသည်လည်း



လွင့်စင်ကင်းပျောက်ခဲ့ရပြီ။ ဤသို့ ဒုက္ခပေးသောလူမျိုးကို သူ မကြုံဘူးခဲ့ချေ။

"ကဲ ... ကဲ ... မင်း မသွားနဲ့တော့၊ အေးအေးဆေးဆေးသာ ထိုင်နေပေတော့၊ မင်းနေရာမှာ သွားထိုင်"

သူသည် သူ့အဖေလောက်ရှိသော ကျင်းဟုတ်ကို ရင့်သီးစွာ ပြောနေလေ၏။

"ဒီကိစ္စကို မင်းမရှင်းနဲ့၊ ငါပဲ ရှင်းလိုက်တော့မယ်၊ ဟုတ်လား"

သူသည် ထိုင်ရာမှ ထလိုက်လေ၏။

သူ ထနေသည်မှာ နောက်ကျနေသေးသည်။ အဘယ့်ကြောင့်ဆိုသော် လီဖူယုံသည် သူ့စားပွဲရှေ့သို့ ရောက်ရှိနေလေသည်။

"လီဖူးယုံ ... ငါ မင်း အေးအေးဆေးဆေးနေရအောင် ပြောပေးပါသေးတယ်ကွာ၊ သူ ... သူက ..."

လီဖူးယုံက ကျင်းဟုတ်ကို ပြုံး၍ ပြောလိုက်လေ၏။

"ဦးလေးကျင်းဟုတ် ဘာမှ စိတ်မပူပါနဲ့၊ ဦးလေးကျင်းဟုတ်တို့ပြောနေတာတွေကို ကျွန်တော် ကြားပါတယ်"

ကျင်းဟုတ်သည် ဓားမင်းသားစီးယားဆိုသူကို စိုးရိမ်၏။ ဓားမင်းသားဆိုသည့်ဘွဲ့မှာ တော်ရုံတန်ရုံနှင့် မရပေ။ လီဖူးယုံကို ဒုက္ခပေးမှာ စိုးရိမ်သည်။

ထို့ပြင် စီးယားဆိုသူမှာ ထွားကျိုင်းကြံ့ခိုင်သည့် လူတစ်ဦးဖြစ်၏။ မျက်ခုံးထူထူ မေးရိုးကားကားနှင့် လူထွားကြီးတစ်ဦး ဖြစ်၏။

လီဖူးယုံသည် စီးယားရှေ့၌ အေးဆေးစွာပင် ရပ်လိုက်သည်။

စီးယားက စူးစိုက်ကြည့်နေ၏။

လီဖူးယုံက ...

"ကဲ ... ဆရာကြီး၊ ခင်ဗျားခေါ်နိုင်းတဲ့ အကောင်းဆုံးအခန်းကို ရွေးဒါါးပေးပြီး ငှားနေတဲ့လူဆိုတာ ကျုပ်ပဲ၊ ခင်ဗျား ဘာကိစ္စနဲ့ အခေါ်နိုင်းရတာလဲ"

စီးယားသည် ထိုင်ခုံ၌ ပြန်ထိုင်လိုက်၏။ အရက်ကို တစ်ကျိုက် မော့လိုက်သည်။

သူသည် လူရွယ်ကို အကဲခတ်လိုက်၏။ လူရွယ်သည် နောက်ကျော၌ ဓားတစ်လက်ကို သိုင်းလွယ်ထားပြီး မြက်ဦးထုပ်ကို ဆောင်းထားသည်။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ဗရဗျစ်နှင့် ဖြစ်သည်။ ဖိနပ်စုတ်ကြီး စီးထားသည်။ အသက်ကတော့ တော်တော်ငယ်ပုံ ရသည်။

မုတ်ဆိတ်မွေး ပါးမြိုင်းမွေးကြီးကြောင့် ကြီးရင့်နေပုံရခြင်း ဖြစ်သည်။

သိုင်းလောက၌ အသက်ကြီးခြင်း၊ ငယ်ခြင်းမှာ များစွာခြားနားသည်။

အသက်ကြီးသည့်သူသည် သိုင်းပညာအဆင့်မြင့်ပြီး အတွင်းအားပညာ၌ များစွာ ပြည့်စုံသည်။ အသက်ငယ်သူသည် သိုင်းပညာအဆင့်ငယ်ပြီး အတွင်းအားပညာ မပြည့်ဝ ဖြစ်တတ်သည်။



သို့သော် ခြွင်းချက်တစ်ခုတော့ ရှိသည်။ ထူးခြားသော ဖြစ်ရပ်တစ်ခုခုကြောင့် အသက်ငယ်ရွယ်သူများသည် သိုင်းပညာရော အတွင်းအားပါ အဆင့်မြင့်တတ်၏။ ထိုသူများကတော့ အလွန် အရေအတွက် နည်းပါးသည်။

စီးယားသည် သူ့ရှေ့၌ရပ်နေသည့် လူရွယ်သည် သူ့ထက်များစွာ ငယ်ရွယ်သဖြင့် သူ့ထက် သိုင်းပညာ မည်သို့မျှမမြင့်နိုင်ဟု တွက်ဆလိုက်သည်။

သူသည် တိုလူငယ်အား သနားလိုက်မိသည်။ သူသည် ငယ်ရွယ်နုနယ်သော သိုင်းသမားများကို လူရာမသွင်းတတ်ပေ။

"မင်း ငါ့ကို သိလား"

စီးယားက မေးလိုက်၏။

"မသိဘူး"

လီဖူးယုံက တိုတိုပြတ်ပြတ်ပင် ပြောလိုက်၏။

"အေး ... မင်းမသိရင် မှတ်ထားကွ၊ ဓားမင်းသားစီးယားဆိုတာ ငါပဲကွ၊ ငါ့ဓားစာမမိခင် လူကြီးသူမတွေအပေါ် ဆက်ဆံပြောဆိုတာတွေပြင် ကြားလား"

"ခင်ဗျားကျတော့ မပြင်ပါလား"

"ဘာပြင်ရမှာလဲ"

"ခင်ဗျား ဦးကြီးကျင်းဟုတ်အပေါ် ဆက်ဆံတာကို ပြင်ရမှာပေါ့၊ ဦးကြီးကျင်းဟုတ်ဟာ ခင်ဗျားအဖေလောက်ရှိတဲ့လူ၊ မင်းနဲ့ငါနဲ့ ပြောတာ ခင်ဗျား ရိုင်းစိုင်းလွန်းအားကြီးတယ်"

"ဟယ် ... တော်စမ်း တိတ်စမ်း၊ မင်းက ငါ့ကို ဘာကောင်မျ
အောက်မေ့နေသလဲ"

"ကျုပ်လည်း ဘာကောင်မှ မဟုတ်ဘူး၊ အကောင်ဆိုတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ဂရုမစိုက်ဘူး၊ ဆင်ပဲဖြစ်ဖြစ်၊ ကျားပဲဖြစ်ဖြစ် ဘယ်ကောင်မှ ဂရုမစိုက်ဘူး၊ ရန်ဆိုင်ဖို့လည်း ဝန်မလေးဘူး"

လီဖူးယုံက ခက်ထန်စွာ ပြောလိုက်သည်။ သူပြောသည့်စကား မှာ စိန်ခေါ်သည့်စကား ဖြစ်သည်။ ဤစကားကို စီးယား ခံနိုင်လျှင် မည်သည့်စကားကိုမဆို သည်းခံလိမ့်မည်။

ကျင်းဟုတ်ကြီးသည် လီဖူးယုံအတွက် စိုးရိမ်ထိတ်လန့်နေလေ သည်။ သို့သော် လီဖူးယုံကမူ စီးယားကို ကြောက်လန့်ဟန် နည်း နည်းမှ မရှိချေ။

"ဝုန်း ..."

ကုလားထိုင်များ ပြိုလဲကုန်သည်။ စီးယားသည် ခုန်ထပြီး စားပွဲကုလားထိုင်များကို တွန်းထိုးပစ်လိုက်သည်။ သူသည် သူ၏ဓား ကို ဆွဲထုတ်လိုက်သည်။

"ရှမ်း ..."

စီးယားသည် သူ၏ဓားကို အသုံးပြုတော့မည်။ ထိုပွဲကို လီဖူး ယုံ အပြိုင်အဆိုင် နွှဲနိုင်ပါမည်လားဟု ကျင်းဟုတ်ကြီး ထိတ်လန့်စွာ တွေးတောနေမိသည်။

* * *



## (၁၃)
## လောင်းကြေး စားကြေး

စီးယားသည် ဒေါသတကြီး အော်ဟစ်ကြိမ်းမောင်းလေသည်။

"မင်းလို မလောက်လေးမလောက်စား ကောင်ကများ ငါ့ကို ဒီလိုပြောဝံ့သလား၊ မင်းလိုကောင်ကို ငါ ဂရုမစိုက်ဘူးကွ၊ မင်း ငါ့အကြောင်း သိစေရမယ်၊ စီးယားကွ ... စီးယား"

သူသည် ဓားကြီးကို လေထဲ၌ ဝှေ့ယမ်းလိုက်သည်။

"ဝှီး ... ဝှီး ... ဝှီး"

သူ ဓားရေးပြနေသော်လည်း လီဖူးယုံက ဂရုမစိုက်ပေ။ ပြုံးမဲ့ မဲ့ဖြင့် စီးယားကို ကြည့်နေသည်။

"ဟေ့ကောင် ..."

"ဘာလဲဗျ ..."

"မင်း ဓားထုတ်လိုက်လေ၊ ငါ သိုးတစ်ကောင်ကိုသတ်သလို မသတ်ချင်ဘူး"

"ကျုပ် ဓားထုတ်ချင်ထုတ်မယ်၊ မထုတ်ချင် မထုတ်ဘူး"

"ဘာလဲ ... မင်းက ငါနဲ့ယှဉ်ရမှာ ကြောက်သွားပြီလားကွ၊ ဟား ... ဟား ... ဟား"

လီဖူးယုံသည် ကျော၌ချိတ်ထားသောဓားကို မထုတ်သေးပေ။ စီးယားက လှောင်ရယ်ရယ်ရင်း ပြောလိုက်ခြင်း ဖြစ်၏။

လီဖူးယုံက ...

"အင်း ... သတ္တဝါနဲ့လက်နက် မမျှသလိုဖြစ်နေပါပေါ့လား"

"ဘာကွ ..."

"ဟုတ်တယ်၊ ခင်ဗျားဓားကြည့်ရတာ ကျုပ် ခင်ဗျားကို သနားနေတယ်၊ ကျုပ်ဓားကိုထုတ်ဖို့ မလိုအပ်ဘူးဆိုတာလည်း ကျုပ် သိနေတယ်၊ ကျုပ်ဓားကလည်း တကယ့်ဓားဗျ၊ ဓားထုတ်ပြီးရင် သွေးစွန်းပြီးမှ ဓားအိမ်ထဲကို ပြန်ထည့်လို့ရတယ်၊ ခု အခြေအနေအရတော့ အဲဒီအခြေအနေထိ မရောက်နိုင်တဲ့ပွဲ ဖြစ်မှာပါ"

လီဖူးယုံက ခပ်အေးအေးပင် ပြောသည်။ သူ၏စကားများမှာ အေးသော်လည်း စီးယားအဖို့ သံပူရည်များကဲ့သို့ နားထဲစီးဝင်သွားသည်။

ထိုစကားများသည် သူ့အား စော်ကားလိုက်သည့်စကားများပင် မဟုတ်ပါလော။

ထို့ကြောင့် သူ၏ဒေါသများ ပေါက်ကွဲထွက်သွားလေသည်။

"ဝိုး ... ဝိုး ... ဝိုး"

စီးယားသည် လီဖူးယုံအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။ သူ၏ လှုပ်ရှားမှုမှာ အံ့ဩလောက်အောင် မြန်ဆန်လှသည်။



စီးယား၏ ဓားကြီးသည် လေထဲသို့ လှည့်ပတ်တက်သွားပြီး လီဖူးယုံ၏ ဦးခေါင်းအားခွဲရန် အရှိန်ဖြင့် ကျဆင်းလာသည်။ လီဖူးယုံသည် ဦးခေါင်းအခွဲခံရတော့မည်ကို သိနေ၏။

ဆိုင်ထဲမှ စားပွဲထိုးများ၊ ကြော်လှော်ချက်ပြုတ်နေသူများနှင့် ကျင်းပတ်ကြီးသည် မျက်စိကိုစုံမှိတ်လိုက်သည်။ လီဖူးယုံ၏ဦးခေါင်း ခွဲချခံရတော့မည် မဟုတ်ပါလား။

တကယ်တော့ ထိုသို့ မဟုတ်ပေ။ လီဖူးယုံသည် လှစ်ခနဲ ကိုယ်တစ်ခြမ်းစောင်း၍ ရှောင်တိမ်းလိုက်သည်။ သူ ရှောင်လိုက်သည်မှာ လျှင်မြန်လွန်းလှသဖြင့် ရိပ်ခနဲ လှုပ်ရှားလိုက်သည်ကိုသာ မြင်ရပေသည်။

အပိုင်ခုတ်ချလိုက်သော စီးယား၏ဓားသည် အရှိန်လွန်ကျသွားသည်။ လီဖူးယုံ၏ခန္ဓာကိုယ်က ပွတ်ကာသီကာ ကျသွားသည်။

ထိုအခါ လီဖူးယုံ ဆက်တိုက်လှုပ်ရှားလိုက်သည်။ သူသည် စီးယား၏ဓားကိုင် လက်ကောက်ဝတ်ကို လက်ညှိုးဖြင့် တောက်ချလိုက်သည်။

"ဟ ... ဟ"

စီးယား၏နှုတ်ဖျားမှ နာကျင်စွာ အော်လိုက်သံ ထွက်လာသည်။ သူ့ဓားသည် လက်ထဲမှလွတ်ကျသွားသည်။

ထိုသို့ ပြုလုပ်နိုင်ရန်မှာ လူတစ်ယောက်၏အကြောများသည် မည်သည့်နေရာ၌ ရှိနေသည်ကို သိရမည့်အပြင် တိုက်ခိုက်နိုင်ရန်လည်း လေ့ကျင့်ထားမှ ရပေလိမ့်မည်။

ယခု လီဖူးယုံ၏ တိုက်ခိုက်ချက်မှာ ကွက်တိဖြစ်နေသည်။
သူ၏ အတွင်းအားကို လက်ချောင်းကလေးဆီသို့ ပို့ပြီး တောက်ချ
လိုက်ခြင်း ဖြစ်သည်။

စီးယားမှာ နာကျင်လှစွာဖြင့် ညာဘက်လက်ကောက်ဝတ်ကို
ဘယ်လက်ဖြင့် ဆုပ်ကိုင်ထားပြီး ကုန်းကုန်းကြီး ဖြစ်နေလေသည်။
သိုင်းသမားအဖို့ ထိုအနေအထားမှာ အနေအထားပျက်ခြင်းပင်။
ထိုပုံစံမျိုးဖြင့် မည်သူ့ကိုမျှ မခုခံနိုင်ချေ။

လီဖူးယုံမှာ လှစ်ခနဲ လှုပ်ရှားလိုက်သည်မှတစ်ပါး အခြား
မည်သည့်လှုပ်ရှားမှုမှ မရှိချေ။ သူသည် စီးယား လွတ်ကျသွားသည့်
ဓားကို ကောက်ယူပြီး အသွားဘက်မှကိုင်ကာ ဓားရိုးအား စီးယား
ကို ကမ်းပေးလိုက်သည်။

"ဘယ်လိုလဲဗျ ဓားမင်းသားစီးယား ... ဓားမင်းသားဆိုတဲ့
နာမည်ကိုယူထားပြီးရင် ဓားကို မြဲမြဲကိုင်နိုင်ရတယ်ဗျ၊ မင်းသားလေး
လို လှလှပပ သုံးစွဲနိုင်ရတယ်၊ အခု ခင်ဗျားက ဓားကိုင်တာလည်း
မမြဲပါလား၊ လှလှပပလည်း မသုံးစွဲနိုင်ဘူး၊ ဒီတော့ ခင်ဗျားဟာ
ဓားမင်းသားဘွဲ့နဲ့ မတန်ပါဘူး၊ ခင်ဗျားကို ကျုပ် တစ်ချက်ပဲ တိုက်
ခိုက်ရသေးတယ်၊ ဓားလွတ်ကျသွားပြီ၊ ခင်ဗျားကို ဓားလူပြက်လို့
ဘွဲ့ပေးမှ ကောင်းလိမ့်မယ်၊ ရော့ ... ခင်ဗျားဓား၊ ကျုပ်ကပဲ ခင်ဗျား
ဓားကို ကောက်ပေးပါတယ်"

လီဖူးယုံ၏စကားမှာ သူ့အား ကလိသောစကား ဖြစ်၏။



သူ့အား မခံချင်အောင် ပြောနေသောစကားများ ဖြစ်သည်။

"အေး ... မင်းက ကောက်ပေးတော့လည်း ငါ့ဓားကို ပြန်ယူရ
တော့တာပေါ့ကွာ"

သူသည် ဓားကိုဆွဲယူပြီး တိုက်ခိုက်မည်ဟု ကြံစည်လိုက်၏။
သူ၏ လက်ဖဝါးအတွင်းသို့ ဓားလက်ကိုင်ရိုး ဆုပ်ကိုင်မိသည်နှင့်
သူသည် လျှပ်တစ်ပြက် တိုက်ခိုက်ရန် ကြိုးစားလိုက်သည်။

သို့သော် ဓားကို ဆွဲ၍မရချေတကား။ အသွားဖက်မှ ဆုပ်
ကိုင်ထားသည့် လီဖူးယုံ၏ ဓားကိုင်လက်သည် မြဲမြဲလှချေ၏။

"ဟဲ ... ဟဲ ... ဟဲ ... ဘယ်လိုလဲ ဓားမင်းသားရဲ့၊ ကျုပ်က
ဓားသွားဖက်က ကိုင်ထားရတဲ့သူပါဗျာ၊ ဆွဲယူလို့မရရင် ကျုပ်တို့
အလောင်းအစား လုပ်ကြရအောင်"

လီဖူးယုံက ပြောလိုက်၏။

ထိုအခါ စီးယားက ခြောက်ကပ်စွာ ပြောလိုက်၏။

"ဘယ်လို အလောင်းအစားလဲ"

"ဒီလိုဗျာ ... ခင်ဗျားနဲ့ကျုပ် ခင်ဗျားဓားကို ပြိုင်ဆွဲကြမယ်၊
ခင်ဗျားက လက်ကိုင်ရိုးဘက်ကိုင်၊ ကျုပ်က အသွားဘက်က ကိုင်မယ်၊
ခင်ဗျားလက်ထဲပါရင် ကျုပ်က အရှုံး၊ ကျုပ်လက်ထဲပါရင် ခင်ဗျား
ဘက်က အရှုံး"

"အလောင်းအစားကတော့ ..."

"ကျုပ်ရှုံးရင် ကျုပ်အစနီးကို ယူရုံတင်မကဘူး ကျုပ်အသက်

ကိုလည်း ယူနိုင်တယ်၊ ခင်ဗျားသဘောပဲ၊ ဓားကို ခင်ဗျားဘက်ကို ပါအောင် မဆွဲနိုင်ဘူးဆိုရင်တော့ ခင်ဗျားအရှုံး၊ ခင်ဗျားငွေအိတ်ကို ထားခဲ့ရမယ်၊ ဒီဆိုင်ကိုလည်း ခင်ဗျား တစ်သက်လုံးမလာရတော့ဘူး၊ ကျေနပ်ရဲ့လား"

မကျေနပ်၍လည်း မဖြစ်တော့ချေ။ ထိုအတိုင်း သဘောတူ လက်ခံရပေတော့မည်။

"ကောင်းပြီလေ ... ငါ လက်ခံတယ်"

ပထမပိုင်းတွင်တော့ သူ အရှက်ကွဲသွားခဲ့ရသည်။ ယခု ဒုတိယပိုင်းတွင် သူ အရှက်နှင့်ဂုဏ်သိက္ခာကို ပြန်လည်ကာကွယ် ရပေမည်။

"ကဲ ... စမယ်၊ ခင်ဗျား ဆွဲပေတော့"

စီးယားသည် ဓားကိုဆွဲလေတော့၏။ လီဖူးယုံကမူ ခပ်ပြုံးပြုံး ရှိလေ၏။

စီးယားသည် ဓားကိုဆွဲလေတော့၏။ မျက်လုံးအစုံသည် ပြူး ထွက်လာသည်။ လီဖူးယုံကမူ နေရာမှတစ်လက်မမျှ မရွေ့ချေ။

"ဟေး ... ဟေး ... ဟေး"

"ဆွဲပေး ... ဆွဲပေး ..."

"လီဖူးယုံကွ ... လီဖူးယုံ"

ကြည့်နေသူများသည် လီဖူးယုံ သာနေပြီကိုသိသည့်အတွက် လီဖူးယုံကို ဖိ၍ အားပေးကြတော့၏။



စီးယားသည် အတင်းဆွဲ၏။ နောက်ဆုံး လက်တစ်ဖက်ဖြင့် ဆွဲ၍မရသောအခါ လက်နှစ်ဖက်ဖြင့် ဆွဲတော့၏။ လက်နှစ်ဖက်ဖြင့် ဆွဲသော်လည်း မရချေ။ နောက်ဆုံး စီးယား အရှုံးပေးသွားရလေ၏။

ဓားရိုးကိုင်ထားသည့်လက်ကို လွှတ်လိုက်ရသည်။ သူ့ လက် ချောင်းများမှာ သွေးခြည်ဥမတတ် နီရဲနေသည်။ နောက်ဆုံးတွင် စီးယား အရှုံးပေးရတော့သည်။

"စီးယား ... ခင်ဗျားဓားဟာ မ,ကောင်းပါဘူး၊ မကောင်းတဲ့ သံနဲ့ လုပ်ထားတာ၊ ဒီမှာကြည့်"

"ထောက် ..."

လီဖူးယုံက လက်ညှိုးဖြင့် တောက်လိုက်သောအခါ ဓားမှာ ထက်ပိုင်းကျိုးကျသွားလေတော့သည်။ ထိုအခါ စီးယား အလွန်ထိတ် လန့်သွားသည်။ သူ၏ဓားကို အကောင်းစားသံမဏိဖြင့် ပြုလုပ်ထား ခြင်း ဖြစ်၏။ လူငယ်၏အတွင်းအားကို သူ ဖြုံသွား၏။

"ကဲ ... ဆရာကြီး၊ ဘာကြည့်နေတာလဲ၊ ခင်ဗျား ရှုံးသွားပြီ မဟုတ်လား၊ ခင်ဗျားငွေထုပ်ကို ထားခဲ့ပေတော့"

စီးယားသည် သူ၏ငွေထုပ်ကို စားပွဲပေါ်တင်ပေးပြီး ပန်းတစ် ပွင့် စားသောက်ဆိုင်မှ ဒယီးဒယိုင်ဖြင့် ထွက်ခွာသွားလေတော့သည်။

လီဖူးယုံသည် စီးယား၏ကျောပြင်ကို ငေးကြည့်နေပြီး ကျင်း ဟုတ်ကြီးဘက်သို့ ပြန်လှည့်လာလေ၏။

"ဦးကျင်းဟုတ်ကြီး ... ဒီငွေထုပ်ကို ဦးကြီး ယူလိုက်ပါတော့"

"ဟာ ... မဟုတ်တာဘဲ၊ မင်းက အသက်နဲ့ထပ်ပြီး လောင်းကြေးထပ်ထားတာဆိုတော့ မင်းပဲ ယူသင့်ပါတယ်ကွာ"

"ဟား ... ဟား ... ဟား ... ကျွန်တော့်အသက်နဲ့ထပ်ပြီး လောင်းကြေးလုပ်ထားတာက တန်ဖိုးရှိအောင် လုပ်တာပါဗျ၊ ဒီလူကို ကျွန်တော် ဘယ်လိုဖြစ်ဖြစ်နိုင်တယ်ဆိုတာ မြင်ရုံနဲ့သိပါတယ်၊ ဒီလူ စားသောက်ထားတာတွေက နည်းတာမှ မဟုတ်တာ၊ ကျွန်တော်က အဲဒီအတွက်ရည်ရွယ်ပြီး ငွေထုပ်ကိုလောင်းဖို့ သူ့ငွေထုပ်ကိုလောင်းဖို့ ပြောရတာပါ၊ ဦးကျောင်းဟုတ်ကြီးပဲ ယူလိုက်ပါဗျာ"

ကျောင်းဟုတ်ကြီးမှာ ငွေထုပ်ကို လက်ခံလိုက်ရ၏၊

"အတော်ဆိုးတဲ့ လူကွ၊ တစ်သက်လုံး ပြုံးလာခဲ့တဲ့လူတောင် မပြုံးနိုင်တော့ဘူး ဖြစ်သွားတယ်၊ မင်း ကယ်ပေလို့"

"စိတ်ချပါဗျာ ... ကျွန်တော်လည်း အစွမ်းမပြချင်ဘဲ ပြလိုက်ရတာပါ"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

စားပွဲထိုးများက လီဖူးယုံကို လက်ခုပ်တီးပြီး အားပေးလိုက်ကြ၏။

✱ ❁ ✱



## (၁၄)
## အတုနဲ့ အစစ်

ရွာထိပ်မှ မြင်းဖြူကြီးတစ်စီးနှင့် မြင်းညိုကြီးတစ်စီးတို့သည် ရွှေသဲဝါမြစ်ဝှမ်း၊ အေးချမ်းသာယာမြေဒေသရှိ ရွာကြီးထဲသို့ ဝင်ရောက်လာလေသည်။

မြင်းကြီးနှစ်စီးသည် ပန်းတစ်ပွင့် စားသောက်ဆိုင်သို့ ဦးတည်သွားနေလေ၏။ သူတို့သည် ခရီးဝေးမှပြန်လာဟန် ရှိသည်။ ဆာလောင်မွတ်သိပ်နေပုံလည်း ရသည်။

မြင်းဖြူကြီးစီး၍ အဖြူရောင်ဝတ်စုံ ဝတ်လာသူမှာ တန်ထင်ဟုန် ဖြစ်သည်။

မြင်းညိုကြီးပေါ်မှ အနီရောင်ဝတ်စုံကိုဝတ်ဆင်ပြီး ခက်ရင်းခွကြီးကို ကိုင်လာသူကား ကင်းမြီးကောက်နီဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး လုချူကီးပင် ဖြစ်လေသည်။

လုချူကီးသည် မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများ ပေါက်နေရုံမျှမက ဆံပင်ပါ ပခုံးပေါ်ကျနေပြီး ခန္ဓာကိုယ်ကြီးမှာလည်း ကြီးထွားလှလေရာ မြင်ရသူများသည် လူ့ဘီလူးကြီးဟု ထင်မှတ်ကြလေသည်။

သူတို့သည် မြင်းနှစ်ကောင်ကို ဆိုင်အပြင်ဘက်၌ ကြိုးချည်၍ ဆိုင်ထဲသို့ ဝင်ခဲ့ကြလေသည်။

ဆိုင်ထဲသို့ ဝင်လာသည်နှင့် လုချူကြီးမှာ အလွန်ထူးခြားလှသဖြင့် လူများ ဝိုင်းကြည့်ကြသည်။ ထို့ပြင် ဝတ်စုံဖြူဝတ် တန်ထင်ဟုန်မှာ သန့်ရှင်းသပ်ရပ်သလောက် ဝတ်စုံနီဝတ် လုချူကြီးသည် ဖြစ်သလို ဝတ်ဆင်ထား၍ ဖြစ်သည်။

တန်ထင်ဟုန်က ...

"ဦးဦးလုချူကြီး ... ဘာစားမလဲ၊ ကျွန်တော်ကတော့ ခေါက်ဆွဲကြော်ပဲ မှာစားမယ်"

လုချူကြီးကမူ ...

"ငါက တော်ရုံတန်ရုံ ဘယ်ရမလဲ၊ ဟော ... အရက်အိုးတစ်အိုးပေး၊ စားစရာတွေ ငါ ထပ်မှာမယ်"

ထို့နောက် စားစရာစာရင်း ပေးလေတော့သည်။ သူ မှာသည့် ဟင်းများမှာ လေးငါးမျိုး ဖြစ်သည်။

လုချူကြီးက ...

"မင်းက ဘာပြုံးတာလဲ"

"ဪ ... ဦးဦးဟာ ခန္ဓာကိုယ်ကြီးတော့ များများစားရပါလားတွေးမိလို့ ပြုံးတာပါ"

"ဪ ... ဒါကား၊ ဒါတော့ မပြောနဲ့ကွာ၊ ငါက မနက်ညစားနေတာ မဟုတ်ဘူး၊ တစ်နေ့လုံးမှ တစ်ခါပဲစားတာကွ၊ တစ်ခါစားရင်လည်း အဝစားတာ၊ အဲဒီတော့ များများမှာရတာပေါ့"



"လုဝမ်ရင်းကတော့ သူတို့အိမ်ကြီးမှာ မစားလို့ စိတ်ဆိုးနေတော့မှာပဲ"

"ဘယ်တတ်နိုင်မလဲကွာ ဆာနေတာကိုး"

"ဦးဦးကလည်း ရှာဟိုဘက်ထိပ်ဆိုရင် ချိုးငှက်သိုက်မြို့စံအိမ်ကြီးဆီ ရောက်ပြီ၊ နည်းနည်းပဲလျှောက်ရတော့မှာ၊ အဲဒီကျမှ စားရင်ပြီးတာပဲ"

"ဟာ ... ဆာနေပြီကွ၊ သူစိတ်ဆိုးချင် ဆိုးပါစေတော့၊ ကလေးမလေးကိုတော့ ငါ ချစ်ပါတယ်"

"သူကလည်း ဦးဦးကို ချစ်ပါတယ်၊ ဦးဦးကိုလည်း မကြာခဏသတိရပါတယ်"

သူတို့ မှာကြားထားသည့် စားစရာ သောက်စရာများ ရောက်ရှိလာသဖြင့် သူတို့သည် ဆာဆာနှင့် ကုန်းလွေးကြတော့သည်။

တန်ထင်ဟုန်ကမူ ခေါက်ဆွဲကြော်သာ စားသည်။

"ဘဘကြီးကတော့ ဦးဦးတို့ အသွားအလာမလုပ်ကြတော့ စိတ်မကောင်းပါဘူး၊ အဲဒါကြောင့်လည်း မကြာခဏ ပြောပါတယ်"

တန်ထင်ဟုန်က ချိုးငှက်သိုက်မြို့စံအိမ်ကြီးအကြောင်း ပြောပြသည်။

လုချူကြီးကမူ အရက်တစ်ခွက်သောက်လိုက် ဟင်းများကို တစ်ပွဲပြီးတစ်ပွဲစားလိုက်ဖြင့် ဆက်တိုက် စားသောက်နေသည်။ သူဆာလှပြီ မဟုတ်ပါလော။

ထိုစဉ် ဆိုင်ထဲသို့ လီဖူးယံ့ ဝင်လာလေ၏။

ထိုအခါ တန်ထင်ဟုန်သည် လူချုကြီး၏ခြေထောက်ကို နင်းလိုက်လေ၏။

"ဟော ... ဟော ... ဘာဖြစ်တာလဲ"

လူချုကြီးက အော်လိုက်သည်။

လီဖူးယံ့သည်လည်း သူတို့ကို မြင်သွားသဖြင့် အခြားစားပွဲတစ်လုံး၌ သွားထိုင်လေ၏။ တန်ထင်ဟုန်သည် လီဖူးယံ့အား မေးထိုးပြလိုက်၏။ သူပဲဆိုသည့်သဘော။

လူချုကြီးက လှမ်းကြည့်ရင်း ...

"ဘယ်သူလဲကွ"

"ကျွန်တော်နဲ့ ရန်ဖြစ်တဲ့ကောင်ဟာ ဒီကောင်ပဲ ဦးဦး၊ ကြည့်ရတာ ထောင့်မကျိုးဘူး"

"ဟေ ... ဘယ်လိုဖြစ်ကြတာလဲကွ၊ ပြောစမ်းပါဦး"

"ဟွန်း ... ဒီကောင်လေ ချိုးငှက်သိုက်မြို့ကို လာချောင်းနေတာ ဦးဦးရ၊ ကျွန်တော်ကခေါ်မေးတော့ ပြဿနာ ဖြစ်ကြတာပဲ"

"သူက ဘာဖြစ်လို့ ချောင်းတာတဲ့လဲ"

"မသိပါဘူး ဦးဦးရာ၊ သူက လုဝမ်ရင်းကို အသည်းအသန်စိုက်ကြည့်နေတာပဲ"

"ဟား ... ဟား ... ဟား ... မင်းဥစ္စာက ပြဿနာ မဖြစ်လောက်ပါဘူးကွာ၊ မင်းက မနာလိုတာပေါ့ကွာ၊ ယောက်ျားချင်း



င်းက ဒီလောက်လှတဲ့ မိန်းကလေးနဲ့ တွဲနေတာကို မနာလိုပြီး မင်းတို့ကို ကြည့်တာပေါ့ကွ"

"မဟုတ်ဘူး ဦးဦးရ၊ အဲဒီလို မဟုတ်ဘူး၊ ဒီကောင်က ဘာကြံစည်နေသလဲ မသိဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဘာတစ်ခုခုလဲဆိုတာသာ မသိတာ"

"ဒါဆိုလည်း အလွယ်လေးပဲကွာ"

"ဘာ အလွယ်လေးလဲ ဦးဦးရ"

"မင်း သူ့ကို တစ်ခုခုလုပ်လိုက်ပေါ့၊ မလုပ်လိုက်ဘူးလား"

"ရှေ့မှာ လုဝမ်ရင်းက စံနေတယ်လေ"

"သူတို့မိန်းကလေးတွေကတော့ စိုးရိမ်ရှာမှာပေါ့လေ၊ နောက်ပြီး လုဝမ်ရင်းက သိုင်းပညာလည်း မသင်ဘူးကွ၊ သူက သာမန်အရုပ်သူလိုပဲနေတာ"

"ဒီကောင် အကြံအစည်တစ်ခုခု ရှိတယ်ဆိုတာ ထင်ရှားတယ်၊ ဒီကောင် ဒီအရုပ်ကကို မခွာနိုင်ဘူး၊ ဒီဆိုင်မှာ တည်းနေတာကိုပဲကြည့်၊ ဒီကောင့်မှာ အကြံအစည်မရှိရင် သူ့ကို ဒီဆိုင်မှာ ဘယ်တွေ့ရတော့မလဲ"

"အင်း ... ဖြစ်နိုင်တယ်"

လူချုကြီးသည် စားသောက်ရင်း လီဖူးယံ့ကို လှမ်းကြည့်လိုက်သည်။

လီဖူးယံ့ကလည်း လှမ်းကြည့်နေသည်။ သူတို့သည် မျက်လုံး

ချင်း ဆုံသွား၏။ ထိုအခါ လူချူကြီး၏စိတ်ထဲတွင် ထိုမျက်လုံးမျိုးကို မြင်ဖူးသလိုလို ရှိလေ၏။ အသိအကျွမ်းထဲကလိုလို စိတ်ထဲတွင် ထင်မိသည်။

သည်မျက်လုံးသည် သူ့အတွက် စိမ်းမနေပေ။ သို့ကြောင့် စိတ်ထဲတွင် တစ်မျိုးတစ်မည် ဖြစ်သွားလေ၏။ ထိုလူရွယ်သည် မည်သူပေနည်း။

လီဖူးယုံ၏မျက်နှာသည် ပြုံးယောင်ယောင် ဖြစ်နေ၏။

လူချူကြီးကို ရင်းနှီးသူယောင်ယောင် ပြုံးကြည့်နေခြင်းဟုသည်။ လူချူကြီးမှာ ပြန်ပြုံးပြရုံးနီး ဖြစ်သွားလေသည်။

တန်ထင်ဟုန်က ...

"သူ ဦးဦးကိုကြည့်နေတယ်၊ ကြည့်တဲ့အကြည့်က ရန်လိုတဲ့ အကြည့်၊ ဦးဦးကို ဂရုမစိုက်ဘူးဆိုတဲ့ အကြည့်မျိုးပဲ"

"အေး ... အဲဒီလိုကြည့်တာ ငါ မကြိုက်ဘူး၊ ဒီကောင့်ကို ငါ ဆုံးမလိုက်မယ်"

လူချူကြီးသည် လက်သုတ်ပဝါဖြင့် ပါးစပ်ကိုသုတ်လိုက်ပြီး လီဖူးယုံထံသို့ ထသွားသည်။

"ယောကောင် ... မင်း ငါ့တူနဲ့ ရန်ဖြစ်ကြတယ်ဆိုကွ"

"ဘာလဲ ... သူက ကျွန်တော့်ကို မယှဉ်ရဲလို့ ဦးဦးကို တိုင်လိုက်တာလား"

လီဖူးယုံက တန်ထင်ဟုန်ကြားအောင် ခပ်ကျယ်ကျယ် ပြောလိုက်၏။



လူချူကြီးသည် သူ၏ခက်ရင်းခွကြီးကို ကြမ်းပြင်၌ ဆောင့်လိုက်၏။

"အဲဒါ ငါ့တူကွ၊ သူ တစ်ခုခုဖြစ်လို့ကတော့ မင်း မလွယ်ဘူး မှတ်၊ မင်းကို ခက်ရင်းခွနဲ့ တံကျင်လျှိုပစ်မယ်"

လူချူကြီးက ကြိမ်းဝါးလိုက်၏။

ထိုအခါ လီဖူးယုံက ခပ်တိုးတိုး ပြောလေ၏။

"မအဲ ... မအဲ ... မအဲ ... ယေယေတုန်းက ဦးဦး ကျွန်တော့်ကို ခက်ရင်းခွကြီးနဲ့ ရိုက်လိုက်တာကို မှတ်မိသေးသလား၊ ကျွန်တော်က ဦးဦးလိုတာကျွဲရဲ့လုံ့နဲ့ ဦးဦးရဲ့မျက်နှာကို တစ်ချက်ထိုးပြီး ကျွမ်းပစ်ထွက်သွားတယ်လေ၊ ဦးဦးသာ မလျင်ခဲ့ရင် အဲဒီတုန်းက ဦးဦး ခံသွားရမယ်"

တိုးတိုးပြောသံကို ကြားလိုက်သောအခါ လူချူကြီး မျက်လုံး ဝိုင်းသွားလေသည်။

ထိုအဖြစ်အပျက်မှာ လွန်ခဲ့သော ဆယ်နှစ်ခန့်က တန်ထင်ဟုန်လေးကို ပညာစမ်းကြသော အဖြစ်ပင်။

သူ မည်ကဲ့သို့သိနေသနည်း။ ထိုလူရွယ်သည် တန်ထင်ဟုန်ကလေးပင်လော။ လူချူကြီးသည် မျက်လုံးပြူး၍ ကြည့်မိလေ၏။

"မင်း ... မင်း ... အဲဒါကို မှတ်မိသလား"

"မှတ်မိတာပေါ့၊ လွန်ခဲ့တဲ့ဆယ်နှစ်က ဦးဦးတို့ ကျွန်တော့်ကို ပညာစမ်းကြတာပဲ"

"ဒါ ... ဒါဖြင့် ... မင်း ... မင်းက တန်ထင်ဟုန်ပေါ့"

သူက တီးတိုး မေးလိုက်လေ၏။

"အဲဒီတုန်းက လုဝမ်ရင်းက ကျွန်တော့်ကို သိုင်းသမားမဖြစ်ဘူး၊ မျောက်တစ်ကောင်ပဲ ဖြစ်မယ်လို့ပြောခဲ့တယ်၊ ဟောဒီမှာ ကြည့်"

လုရှယ်က လုချူကြီးကိုကွယ်လိုက်ပြီး ရင်ဘတ်ကအမှတ်မည်းကြီးကို ပြသ၏။

"အင်း ... ဒါကြောင့် မင်းမျက်လုံးတွေဟာ မစိမ်းပါဘူးလို့ ငါ မှတ်မိနေတာကိုး ... ဟုတ်ပြီ"

လုချူကြီး၏အသံ ပိုတိုးသွား၏။

"ငါ့ကိုခေါ်လာတဲ့ကောင်က ဘယ်သူ ဘယ်ကကောင်လဲ၊ မင်းသိလား"

"အတုလေ ... အတုပေါ့၊ ဘယ်ကမှန်းတော့ မသိဘူး"

"ဟော ..."

"နောက်မှ ဦးဦးနဲ့ကျွန်တော်တွေ့ကြမယ်၊ အခုတော့ ဟိုကောင် မရိပ်မိအောင် ဦးဦးနဲ့ကျွန်တော် ရန်ဖြစ်ကြစို့၊ ယုတ္တိရှိပစေနော်"

"လုပ်လိုက်ကွ"

"ဒုန်း ..."

လုချူကြီးသည် သူ၏ခက်ရင်းခွကြမ်းကို ကြမ်းပြင်သို့ ဆောင့်လိုက်၏။ အသံကျယ်လောင်စွာ ထွက်ပေါ်သွားလေ၏။

"ငါ့ကို စိတ်ဆိုးအောင်လုပ်တဲ့သူ ဘယ်သူ့ကိုမဆို အရှင်မထားဘူးကွ၊ ငါ ရှင်းပစ်ခဲ့တာချည်းပဲကွ၊ နားလည်လား"



လုချူကြီးသည် တန်ထန်ဟုန်အစစ်အားကြည့်၍ ဟိန်းဟောက်လိုက်၏။

လီဖူးယုံကလည်း ပြန်အော်သည်။

"ကျုပ်ကလည်း ခင်ဗျားလိုပါပဲဗျ၊ ကျုပ်ကို ဘယ်သူမှ အမိန့်လာပေးလို့မရဘူးနော်"

လီဖူးယုံ၏ စကားဆုံးသည်နှင့် ခက်ရင်းခွကြီးသည် လျှပ်တစ်ပြက် သူ့ခေါင်းပေါ်သို့ ကျလာလေ၏။ ထိုစဉ် လီဖူးယုံသည် သူထိုင်နေသည့်ထိုင်ခုံမှ ခုန်ထွက်သွားလေပြီ။

"ဝုန်း ..."

လီဖူးယုံအစား ကျောက်ကုလားထိုင်သည် အစိတ်စိတ်အမွှာမွှာ ကွဲကြေသွား၏။

လုချူကြီးက ကျောက်ကုလားထိုင်ကို ညွှန်ပြပြီး ပြောသည်။

"တွေ့လား ဟောကောင် ... မင်း နောက်ဆိုရင် အဲဒီကုလားထိုင်လို အစိတ်စိတ်အမွှာမွှာ ဖြစ်သွားမယ်၊ မင်းကို အခု ငါ ညှာလိုက်တာပဲ"

"သြော် ... ဒီလိုလား"

လီဖူးယုံသည် ပြောပြောဆိုဆို သူ့ရှေ့ရှိ ကျောက်စားပွဲကြီးကို လက်ဝါးနှင့် ရိုက်ချလိုက်၏။

"ဝုန်း ..."

ကျောက်စားပွဲကြီးသည် အစိတ်စိတ်အမွှာမွှာ ကွဲကြေသွား၏။

လီဖူးယုံကလည်း ကျောက်စားပွဲကြီးကို ညွှန်ပြရင်း ပြောသည်။

"တွေ့လား ... ခင်ဗျားလည်း ဒီကျောက်စားပွဲကြီးကို ဖြစ်သွားမယ်မှတ်"

သို့သော် သူတို့နှစ်ယောက်ကြားထဲသို့ ကျင်းဟူတ်ကြီး ပြေးဝင်လာလေသည်။

"ဟို ... ဟို ... တော်ကြပါ၊ တော်ကြပါ၊ ကြားထဲက ကျုပ်စားပွဲကုလားထိုင်တွေ ကုန်ပါလိမ့်မယ်၊ အခုပဲ စားပွဲတစ်လုံးနဲ့ ကုလားထိုင်တစ်လုံး ကုန်ပြီ၊ ခင်ဗျားတို့ ဒီလိုဆက်လုပ်နေရင်တော့ ကျုပ်တစ်ဆိုင်လုံး ကုန်လိမ့်မယ်၊ တော်ကြပါတော့ဗျာ"

လီဖူးယုံက ...

"ကျုပ်ရိုက်လိုက်တဲ့ စားပွဲအတွက်တော့ မပူပါနဲ့၊ ကျုပ်အလျော်ပေးမှာပါ၊ ရော့ ... ကျုပ် ပေးတယ်"

သူသည် ရွှေဒင်္ဂါးတစ်ပြား ပစ်ပေးလိုက်၏။ ထိုအခါ လုချုကြီးက တန်ထင်ဟုန်အတုဘက်သို့ လှည့်ကြည့်လိုက်လေသည်။

တန်ထင်ဟုန်အတုသည် အိတ်ထဲသို့ နှိုက်လိုက်၏။ ငွေစများပါလာသည်။

"ရော့ ... ဦးဦး လျော်လိုက်ပါ"

"ဟာ ... ရွှေဒင်္ဂါး မဟုတ်ဘူးလား"

"ဟင့်အင်း ... "

လုချုကြီး၏ မျက်နှာသည် ရှုံ့မဲ့သွားသည်။

"တို့ ရှုံးပြီပေါ့"

ညည်းညူသောစကားကိုပြောလျက် ထိုင်ချလိုက်သည်။



လီဖူးယုံသည် ခေါက်ဆွဲကြော်တစ်ပွဲ မှာလိုက်သည်။

"ဟော့ ... ခေါက်ဆွဲ ကြော်တစ်ပွဲ"

"သွားမယ်ဟေ့ ... ဆက်ထိုင်နေရင် တစ်ဆိုင်လုံးကို ငါ ဖျက်ဆီးမိလိမ့်မယ်"

လုချုကြီးက ထရပ်လိုက်၏။

တန်ထင်ဟုန်အတုက ...

"ဒီလောက်လည်း စိတ်မပျက်ပါနဲ့ ဦးဦးရာ၊ ကျွန်တော် ငွေစတွေ လျော်ပေးလိုက်ပါ့မယ်"

"တော်ပါကွာ ... တို့ ရှုံးနေပြီပဲ၊ လာ သွားကြမယ်၊ ထပ်ပြီး အရှက်ကွဲမခံနိုင်ဘူး"

လုချုကြီး ထွက်သွားရာ တန်ထင်ဟုန်ကလည်း ငွေစများကို စားပွဲပေါ်တင်ပြီး ကမန်းကတန်း လိုက်သွားရလေသည်။

သူတို့နှစ်ဦး ဆိုင်ထဲမှထွက်သွားသောအခါ ဆိုင်ထဲမှလူများသည် တဝါးဝါးတဟားဟား ရယ်မောကြလေတော့သည်။

"ရော့ပါကွာ ... မင်းရွှေဒင်္ဂါး ပြန်ယူပါ၊ စားပွဲခုံက ဒီလောက် မကျပါဘူး"

ကျင်းဟူတ်ကြီးက ပြန်ပေးသည့်ရွှေဒင်္ဂါးကို တန်ထင်ဟုန်အစစ်က လှမ်းယူလိုက်လေ၏။

✱ ❈ ✱

## (၁၅)
## သနစ်အဖြစ်စုံ

ပန်းတစ်ပွင့် စားသောက်ဆိုင်။

ဆိုင်ထဲ၌ ထိုင်နေသူ နှစ်ဦးမှာ လူ့ဘီလူးကြီး လုချူကြီးနှင့် လီဖူးယုံတို့ ဖြစ်သည်။

ဆိုင်ထဲရှိ ဆိုင်အလုပ်သမားများမှာ လွန်စွာအံ့ဩကုန်၏။

အဘယ့်ကြောင့် မနေ့က ရန်ဖြစ်သူနှစ်ဦးသည် ယခု ခေါင်းချင်းရိုက်နေကြပါသနည်း။

လုချူကြီးသည် တန်ထင်ဟုန်၏စကားများကို လက်ခံသော်လည်း အားလုံးကို လက်မခံသေးပေ။ ထို့ကြောင့် ယခု လာရောက်ဆွေးနွေးခြင်း ဖြစ်ပေသည်။

သူသည် တန်ထင်ဟုန်၏စကားများကို အလွန်စိတ်ဝင်စား၏။ မနေ့က တန်ထင်ဟုန်၏စကားများကို လိုက်နာခဲ့သည်သာ ကြည့်ပါတော့။

လုချူကြီးက ...



"ငါ တစ်ခုပြောမယ်၊ မင်းဟာ တန်ထင်ဟုန်အစစ်ဆိုရင် မင်းရဲ့ဘကြီး လုရှုဟုန်ကို ဘာလို့ သွားရှင်းမပြရတာလဲ၊ ရှင်းပြရမှာပေါ့"

လုချူကြီး၏မေးခွန်းသည် မေးသင့်မေးထိုက်သော မေးခွန်းသာ ဖြစ်၏။

"ဒါက ဒီလိုရှိတယ် ဦးဦးရဲ့၊ ကျွန်တော် ဒီရွာကိုရောက်တော့ ဒီကောင်က ချိုးငှက်သိုက်မြို့ထဲကို ကျွန်တော့်အရင် ဝင်သွားခဲ့ပြီလေ၊ လက်မတင်လေး ဦးသွားတာပေါ့၊ ကျွန်တော်လည်း ဦးဦးပြောသလို ရှင်းပြဖို့လာတာပါ၊ ဒါပေမယ့် ကျွန်တော် သိပ်အံ့ဩသွားခဲ့တယ်၊ ကျွန်တော့်အကြံအစည်ကိုလည်း ခေတ္တ ရပ်ဆိုင်းလိုက်ရတာပေါ့"

လီဖူးယုံ၏ရှင်းပြချက်လည်း မဆိုးပြန်ပေ။

"မင်းရဲ့ ပထမရည်ရွယ်ချက်က ဘာလဲကွ"

လုချူကြီးက လီဖူးယုံအား အကဲခတ်ပြီး မေးလိုက်၏။ လီဖူးယုံသည် ထိုမေးခွန်းကို ချက်ချင်းမဖြေပေ။ အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူလိုက်သည်။ သူသည် ထိုပစ္စည်းလေးကို စားပွဲပေါ်တင်လိုက်သည်။

"ဟင် ... ဒါ ... ဒါ နောင်တော်ကြီး လုရှုဟုန်ရဲ့ ခြောက်ထောင့်ကြယ်ပဲ"

ခြောက်ထောင့်ကြယ်ကလေးသည် စားပွဲပေါ်၌ ထင်ရှားစွာ ရှိနေ၏။

"ဟုတ်ပါတယ် ဦးဦး၊ ကျွန်တော့် ပထမဦးဆုံး ရည်ရွယ်ချက်က ဒီကိစ္စကို ဖော်ထုတ်ဖို့ပါပဲ"

"ခုကော ..."

"ခုတော့ နောက်ထပ်ပဟေဠိတစ်ခု ထပ်ဖြေရမလိုဖြစ်နေတာပေါ့၊ ကျွန်တော် ဆယ်နှစ်စောင့်ခဲ့ပြီ၊ နောက်ထပ် ဆယ်နှစ် ဘာဖြစ်လို့ မစောင့်နိုင်ရမှာလဲ"

"မင်း ဒီခြောက်ထောင့်ကြယ်ကို ဘယ်ကရခဲ့တာလဲ"

"ဒါက ကျွန်တော့်ကို မြစ်ထဲကျစေတဲ့ တရားခံလေ၊ သူက နှစ်ခုလာမှန်တာ ဦးဦးရဲ့၊ အခုဟာက ပထမကြယ်ပဲ၊ သူ နွယ်ကြိုးကိုဖြတ်လိုက်တော့ အရှိန်သေသွားတယ်၊ ကျွန်တော်က ချောက်လိုဆော့တဲ့ အကောင်ပဲ၊ ဖပ်ခနဲဆို ဖမ်းလိုက်တယ်၊ နောက်ကြယ်တစ်ခုက နောက်ကြိုးကိုဖြတ်ပြီး မြစ်ထဲကို ကျွန်တော်ကျသွားတာပဲ၊ ဒါ အယ်သူ့လက်ချက်လဲဆိုတာ ကျွန်တော် သိပ်သိချင်နေတယ်၊ ဖေဖေ့ကို လုပ်ကြံခဲ့တဲ့ တရားခံနဲ့လည်း ဆက်စပ်နေလိမ့်မယ်လို့ ကျွန်တော် ထင်နေတယ်"

လီဖူးယုံ၏အသံမှာ တဖြည်းဖြည်း တုန်လှုပ်လာသည်။ မျက်လုံးများကလည်း တောက်ပလာ၏။ သူ့၌ ခံစားချက် ရှိနေသည်။

လုချူကြီးက ...

"အေး ... တို့လည်း အဲဒါကို တွေးမိတယ်၊ ငါတို့ နွယ်ကြိုးကို စစ်ဆေးကြည့်တော့ တစ်စုံတစ်ခုက ဖြတ်သွားတယ်ဆိုတာ တွေ့ရတယ်၊ ငါတို့လည်း သံသယရှိသွားတာပေါ့၊ ဒါကြောင့် နောင်ကြီးလုရှုဟုန်ဆီက ပြန်သွားခဲ့ကြတာပဲ၊ အဲဒီတုန်းက ငါတို့ စားသောက်နေကြတာကွ၊ သူက လမ်းလျှောက်ထွက်မယ်ဆိုပြီး ငါတို့ဆီကနေထွက်သွားခဲ့တယ်၊ သူ ထွက်သွားတာကလည်း မင်းတို့ရှိတဲ့ ညောင်ပင်ဘက်ကိုပဲ၊ ငါတို့လည်း စိတ်မကောင်းပါဘူး၊ သူ့မှာ တာဝန်ရှိနေတယ်လို့ ငါတို့နှစ်ယောက် ယူဆခဲ့ကြတယ်"



လုချူကြီး၏စကားသည် ရင်ထဲမှစကားများ ဖြစ်သည်။

သူသည်လည်း ခံစားချက်တူသူနှင့် တွေ့သောအခါ ရင်ထဲ ဆက်မထားနိုင်တော့ချေ။ ပွင့်အန်လာရသည်။

"အမှန်အတိုင်းပြောရရင် ဦးဦးတို့ကို ကျွန်တော် ယုံပါတယ်၊ ဦးဦးတို့ဟာ ကျွန်တော် ငယ်ငယ်ကတည်းက ကျွန်တော့်အပေါ် သံယောဇဉ်ကြီးခဲ့သူတွေ မဟုတ်လား၊ ဒီကိစ္စကို ကျွန်တော် စုံစမ်းထောက်လှမ်းလို့ သက်သေသက္ခာယ်တွေရရင် ဦးဦးတို့ကို လာခေါ်ပြီး ရှင်းမယ်လို့ ဆုံးဖြတ်ထားတယ်၊ အခုတော့ ဦးဦးတို့ကို ရှာဖို့မလိုတော့ဘူး၊ အခုလို ကြုံတင်တိုင်ပင်ခွင့်ရတော့ ကောင်းတာပေါ့"

"အင်း ... မင်းကို ငါ ယုံပြီထားပါတော့၊ အခု ဟိုအိမ်က ကောင်ကိစ္စကို ဘယ်လိုရှင်းမှာလဲ"

"အခုတော့ ဘယ်လိုမှလုပ်လို့ရမှာ မဟုတ်ဘူး၊ စောင့်ကြည့်နေရဦးမှာပဲ၊ ဒီကောင့်ခြေလှမ်းကို ကြည့်ရမယ်၊ ဒီကောင့်နောက်မှာ ဘယ်သူတွေရှိနေတယ် ဆိုတာကို စောင့်ကြည့်ရမယ်"

"အင်း … မင်းပြောတာ မှန်တယ်"

"သူဟာ ကျွန်တော့်ကိုယ်စား ဘာကြောင့် အယောင်ဆောင်နေရတာလဲ၊ ဒါကို ကျွန်တော်သိရမှ ဖြစ်မယ်၊ ကျွန်တော့်အဖေနဲ့ ပတ်သက်ချင် ပတ်သက်နေလိမ့်မယ်၊ အဆိုးပတ်သက်တာလား၊ အကောင်းပတ်သက်တာလား၊ ကျွန်တော် စောင့်ကြည့်ရမယ်၊ သူတို့ဟာ တစ်ခုခုလိုချင်လို့ လုပ်နေတယ်ဆိုတာ သိသာတယ်၊ ဘာလိုချင်တာလဲဆိုတာတော့ ကျွန်တော် မသိဘူး"

လူချုပ်ကြီးသည် လေးလေးနက်နက် စဉ်းစားလေတော့သည်။

"အေး … မင်းပြောတာ မှန်တယ်၊ ငါလည်း တစ်ခုတော့ စဉ်းစားမိတယ်၊ ချိုးငှက်သိုက်မြို့အိမ်ကြီးမှာ လျှို့ဝှက်ချက်တော့ ရှိရမယ်၊ ငါ တစ်ခုတွေးမိတာ ရှိတယ်"

"ဘာတွေးမိလို့လဲ ဦးဦး"

"ဖြစ်နိုင်မယ်လို့ ထင်တယ်ကွ၊ ဘာလဲဆိုတော့ မင်းအဖေဆီက တို့များ ယူလာတဲ့ သေတ္တာလေးလေ"

"ကျွန်တော် သိတော့သိတယ်၊ အဲဒီသေတ္တာက အတော်ကြီးသလား"

"အဲဒီသေတ္တာက အဓိကပဲလို့ ငါထင်တယ်၊ အဲဒီသေတ္တာကို မင်း အရွယ်ရောက်လာရင် ပေးအပ်ကြမယ်လို့ ဆုံးဖြတ်ထားကြတယ်၊ မင်းလည်းမရှိတော့ ဘယ်သူမှလည်း မဖွင့်နိုင်ကြဘူး၊ ဖွင့်လည်း ဖွင့်မကြည့်ကြဘူး၊ မင်းကိုအပ်ပြီးတဲ့နေ့မှပဲ ကြည့်ကြမယ်လို့ သဘောတူခဲ့ကြတယ်"



"အဲဒီသေတ္တာက အခု ဘယ်မှာလဲ"

"အဲဒီသေတ္တာကလေးနဲ့ မင်းကို နောင်ကြီးလုရှုဟုန်ဆီမှာ အပ်ထားတာပေါ့၊ မင်းက မြစ်ထဲကျသွားတော့ အဲဒီ သေတ္တာက နောင်ကြီးလုရှုဟုန်ဆီမှာ ရှိနေမှာပေါ့၊ မင်း အခုကိစ္စတွေဟာ အဲဒီ သေတ္တာနဲ့ပတ်သက်နေနိုင်တယ်"

လီဖူးယုံ၏ မျက်လုံးအစုံသည် မျှော်လင့်ချက်များဖြင့် ဝင်းလက်တောက်ပသွား၏။

လီဖူးယုံက …

"ကျွန်တော့်ကို ခွင့်လွှတ်ပါဦး ခင်ဗျာ၊ ကျွန်တော် မသိသလို လုပ်နေတာ ခွင့်လွှတ်ပါ၊ ကျွန်တော်လည်း အဲဒီလိုပဲ တွေးမိပါတယ်၊ ဒါကြောင့် သူတို့လှုပ်ရှားမှုကို ကျွန်တော် စောင့်ကြည့်နေတာပါ"

လီဖူးယုံက ဆက်ပြောလေ၏။

"အခု ဦးရောက်လာခိုက်မှာ အဲဒီသေတ္တာလေး ရှိသေးသလားလို့ မေးကြည့်ပါ၊ ရှိပဲရှိသေးသလား၊ ဒါမှမဟုတ် …"

လီဖူးယုံသည် စဉ်းစားနေလေ၏။

လူချုပ်ကြီးသည် လီဖူးယုံဘာကို စဉ်းစားနေသည်ကို သိသည်။

"မင်း ဘာစဉ်းစားနေတယ်ဆိုတာ ငါ သိပါတယ်၊ ဒီကောင့်ကို ပေးဦးမှာ မဟုတ်ဘူးကွ၊ မင်းပဲ စဉ်းစားကြည့်လေ၊ ဒီကောင် ဒါကို ရသွားရင် ဒီအိမ်ကြီးမှာရှိနေစရာ မလိုတော့ဘူး၊ ဒီပစ္စည်းကို သူ မရသေးဘူးဆိုတာ သိသာတယ်"

လီဖူးယုံက ခေါင်းညိတ်၏။

"ဦးပြောတာ ဖြစ်နိုင်လောက်ပါတယ်၊ ဒီကောင် ဒါကို ရမှာ မဟုတ်သေးပါဘူး"

"ဒါနဲ့ မင်းကို တစ်ခုမေးစမ်းပါရစေဦး"

"ဘာများလဲဦး ..."

"မင်း လုဝမ်ရင်းအတွက် ဘာမှ မပူဘူးလား"

လီဖူးယုံ၏မျက်နှာကို အကဲခတ်ရင်း လုချူကြီး မေးလိုက်၏။

လီဖူးယုံ ပြုံးလိုက်၏။

"စိတ်တော့ ပူတာပေါ့ဦးရာ၊ ဒါပေမယ့် လုဝမ်ရင်းက တော်ရုံ မိန်းကလေးတစ်ဦး မဟုတ်ပါဘူး"

"ဟ ... မင်းက အထင်ကြီးလှချင်လား"

"ဟုတ်တယ်ဦးရ၊ လုဝမ်ရင်းဟာ စဉ်းစားတွေးခေါ်တတ်ပါတယ်၊ ကျွန်တော်နဲ့ လုဝမ်ရင်းတို့ ငယ်စဉ်က ဆက်ဆံခဲ့ကြတဲ့ လျှို့ဝှက်ချက် အတိုင်းအတာတွေကို ဒီကောင် မသိနိုင်ပါဘူး"

"သူ အမှားတော့ လုပ်မိဦးမှာပါ၊ အဲဒီအခါကျရင် ပြဿနာ ပေါ်လာနိုင်တယ်၊ လုဝမ်ရင်းဟာ ကိုယ့်ကိုယ်ကို ထိန်းနိုင်မှာပါ"

"အင်း ... မင်းဟာ မင်းအဖေခြေရာကို နင်းနိုင်မယ့်ကောင်ပဲ၊ မင်းဟာ အင်မတန် စိတ်ရှည်တာပဲ၊ မင်းအဖေဟာ မင်းအမေကို သတ်သွားတဲ့ကောင်ကို စိတ်ရှည်လက်ရှည် လိုက်ရှာနေခဲ့တာပဲ၊ အခု မင်းလည်း တော်တော်စိတ်ရှည်ရှည် နေနိုင်တယ်၊ ငါတို့ဆိုရင်တော့



မရဘူး၊ နောင်ကြီးလုရှုဟုန်ကိုလည်း ရင်ဆိုင်ဖြေရှင်းပစ်မှာပဲ၊ ဟို ကောင်ကိုလည်း မောင်းထုတ်မိမှာပဲ၊ ငါတို့က စိတ်တိုတယ်လေ"

"အချိန်ကိုတော့ စောင့်ရမှာပေါ့ဦးရယ်၊ သက်သေအထောက် အထားရရင်တော့ တစ်မျိုးပေါ့၊ သက်သေက အရေးကြီးပါတယ်၊ အချိန်ကို စောင့်ရမှာပေါ့"

လုချူကြီးသည် လီဖူးယုံ၏မျက်နှာကို စေ့စေ့ကြည့်လိုက်၏။ လီဖူးယုံ၏မျက်နှာပေါ်၌ နာကြည်းမှု၊ ခံစားမှု အရိပ်အယောင်များကို တွေ့နေရသည်။

"နေစမ်းပါဦး ... မင်းက ဘယ့်နှယ်ကြောင့် လီဖူးယုံ ဖြစ်နေ ရတာတုန်း"

"ဟာ ... ဒါတော့ ဦးပဲ စဉ်းစားကြည့်လေ၊ တန်ထင်ဟုန်တစ်ယောက် ချိုးငှက်သိုက်မြို့ စံအိမ်ကြီးထဲမှာ ရှိနေမှတော့ ကျွန်တော်က တန်ထင်ဟုန်ဖြစ်လို့ ဘယ်ရတော့မလဲ၊ တန်ထင်ဟုန်နှစ်ယောက်ဖြစ် နေရင် ပြဿနာပေါ်ပြီပေါ့။

တစ်ခုတော့ရှိတယ်၊ တန်ထင်ဟုန် တစ်၊ တန်ထင်ဟုန် နှစ်ဆို ရင်တော့ တစ်မျိုးပေါ့၊ နောက်တစ်မျိုးက တန်ထင်ဟုန် အတုဆိုတာနဲ့ တန်ထင်ဟုန် အစစ်ဆိုတာ နှစ်မျိုးပေါ့။

အတုဆိုတာ တစ်ချိန်ချိန်မှာ ပျောက်ကွယ်သွားရမှာပေါ့လေ၊ အချိန်တော့ စောင့်ရမှာပေါ့၊ ကျွန်တော် ဒီကိစ္စအတွက်တော့ စိတ် ရှည်ပါတယ်၊ ရန်သူကိုရင်ဆိုင်ဖို့ ကိုယ်အား ဉာဏ်အား ဥစ္စာအား အကုန်ပုံသုံးပြီး ရင်ဆိုင်ရမှာပေါ့"

လူချုကြီးသည် ဦးခေါင်းညိတ်လေ၏။ သူသည် ဘူဖြစ်သူအား ကြင်နာစွာ ကြည့်နေ၏။

သူတို့သားအဖအဖြစ်မှာ နာကြည်းစရာ ခံပြင်းစရာ လက်စားချေချင်စရာပင် မဟုတ်ပါလား။

ဖခင် လုပ်ကြံခံရသည်သာမက အရွယ်မရောက်သေးသည့် ကလေးကိုပါ လုပ်ကြံသတ်ဖြတ်ခြင်း မဟုတ်ပါလား။

လူချုကြီးအနေဖြင့် သူ့တစ်သက်လုံး အမှန်တရားဘက်မှ ရပ်တည်လာခဲ့သူဖြစ်၏။ ယခုလည်း အမှန်တရားဘက်မှပင် ရပ်တည်ရပေတော့မည်။

ခြေမ,မကောင်း ခြေမဖြတ်။ လက်မ,မကောင်း လက်မဖြတ် ရမည့်လုပ်ရပ်သည် မကြာမီဖြစ်လာတော့မည်။

အမှန်ဆိုပါမူ လီဖူးယံ့၏ဖခင် တန်ထင်လင်းနှင့် နောင်ကြီးလုရှုဟုန်မှာ သူတို့ထက်ပင် ပို၍ ရင်းသေးသည်။ ဖအေတူ မအေကွဲ ညီအစ်ကိုများဖြစ်၍ အခြား သူစိမ်းများထက်ပင် သွေးသားချင်း ပို၍ ရင်းနှီးကျသူများ မဟုတ်ပါလား။

သို့သော် သိုင်းလောကကျတော့ တစ်မျိုးဖြစ်သည်။ သွေးရင်းသားရင်း ညီအစ်ကိုရင်းထက် သွေးသောက်ပြီး ဖွဲ့စည်းထားသည့် ညီအစ်ကိုများက ပိုရင်းကြသည်။ အသက်ကို စွန့်လွှတ်ရဲကြသည်။

ထို့ကြောင့် လုရှုဟုန်၊ လုချုကြီး၊ လီတာကျော်နှင့် ဓားနှစ်လက် တန်ထင်လင်းတို့မှာ သွေးသောက်ညီအစ်ကိုများဖွဲ့ပြီး တစ်ဦးအတွက် တစ်ဦး အသက်ပေးကြမည့်သူများအဖြစ် ချစ်ခင်နေကြခြင်း ဖြစ်သည်။



ဓားနှစ်လက် တန်ထင်လင်းမှာ ညီအစ်ကိုလေးယောက်ထဲတွင် အသက်အငယ်ဆုံးဖြစ်သည်သာမက ရိုးသားဖြူစင်ပြီး စိတ်ရင်းကောင်းသူ ဖြစ်သည်။

ထို့ပြင် သိုင်းလောက၌ တစ်ခေတ်တွင်တစ်ယောက်ဟု ဆိုရလောက်အောင် ဓားနှစ်လက်သိုင်းပညာတွင် အလွန်ထူးချွန်သည်။

ဓားချင်းယှဉ်ရာတွင်လည်း မည်သူက စိန်ခေါ်သည်ဖြစ်စေ အားလုံးကို အနိုင်တိုက်ခိုက်ခဲ့သူ ဖြစ်သည်။

ဓားနှစ်လက် တန်ထင်လင်းကြောင့် ၎င်းတို့ သိုင်းညီနောင်လေးဖော်မှာ ပို၍ ဂုဏ်တက်ခဲ့သည်။ သူတို့ကို သိုင်းလောက၌ လေးစားခဲ့သည်။

သိုင်းညီနောင် လေးဖော်ကို မည်သူမျှ မထီလေးစားမလုပ်ရဲခဲ့ကြချေ။

သိုင်းညီနောင် လေးဖော်ကလည်း မဟုတ်တာ၊ မမှန်တာ မလုပ်ချေ။ အထက်လမ်း သိုင်းလောကသားများ ဖြစ်သည်နှင့်အညီ မကောင်းသူပယ်၊ ကောင်းသူကယ် အလုပ်မျိုးသာ လုပ်ခဲ့ကြသည်။

သူတို့အနက် လုချုကြီးတစ်ယောက်သာ ကင်းမြီးကောက်နီ ဂိုဏ်းကို တည်ထောင်ခဲ့သည်။ ကျန်သူများမှာ တစ်ကိုယ်တော် သိုင်းသမားများသာ ဖြစ်ခဲ့သည်။

ထိုစဉ် နောင်ကြီးလုရှုဟုန်က သိုင်းလောကမှ အနားယူသွားခဲ့သည်။

တန်ထင်လင်းက အသတ်ခံရသည်။

[illegible]လောကတွင် လီတာကျေနှင့် လုချူကြီးနှစ်ယောက်သာ ကျန်[illegible]သည်။

[illegible]ခုတော့ ပြဿနာ ပြန်စတော့မည်။ တန်ထင်ဟုန် အတုနှင့် [illegible]ားလည်း ပေါ်လာသည်။

မျက်စိလည်စရာ မျက်စိရှုပ်စရာများ ဖြစ်ပေါ်လေပြီ။ မည်သို့ ဖြစ်စေ သူကတော့ အမှန်တရားဘက်မှ ရပ်တည်မည့်သူ ဖြစ်သည်။

"ကဲ ... ငါလည်း ပြန်မှဖြစ်မယ်"

"ဟုတ်တယ် ... ဦးလည်း ချိုးငှက်သိုက်မြို့ကို ပြန်ပေတော့၊ သေတ္တာလေးကိစ္စ ဘာဘကြီးကို မေးကြည့်ပါဦး၊ အဲဒီကိစ္စ ကျွန်တော် သိချင်ပါတယ်"

"အေး ... မင်းကို အသိပေးရမှာပါ၊ ဒီတွေ့ာက မင်းနဲ့အသက် ဆိုင်ဆုံးပဲ၊ အင်း ... တူလေး ... တူလေး ... မင်းဟာ မင်းရဲ့ဖခင်ခြေ ရာကို နင်းနိုင်တဲ့သူပါကွယ်၊ မင်းဖခင်ကလည်း မင်းလိုပဲ စိတ်ရှည် လက်ရှည်နဲ့ လုပ်တတ်ကိုင်တတ်သူပါ၊ ဟိုတစ်ယောက်ကတော့ မင်း နဲ့ ဆန့်ကျင်ဘက်ပဲ၊ ငါ့ကို သူခေါ်တာကလည်း သူ့အကြောင်းနဲ့ သူပေါ့လေ"

လီဖူးယုံက ...

"ဦး ... နောင် ဒီကိုလာမယ်ဆိုရင် ကျွန်တော့်အခန်းထဲကို လာပါနော်၊ အပြင်မှာက သိပ်မလုံခြုံဘူး"

"အေး ... ဟုတ်တယ်၊ ပြဿနာက ဘယ်လိုမှန်း မသိဘူး"

"တကယ်လို့ ဦးနဲ့ကျွန်တော် ဒီမှာ စကားပြောနေတာကို



သူတို့ထဲက တစ်ယောက်ယောက်ကမြင်သွားပြီး သူတို့သိသွားမယ် ဆိုရင် ဦးအနေနဲ့ အခုလောက် ဝင်ရမှာမလွယ်ဘူး"

"အေး ... ငါလည်း ရိပ်မိပါတယ်၊ မင်းလည်း ပိပိရိရိ ဖြစ်ပါ စေ၊ ငါ ဟိုအိမ်မှာ အဆင်မပြေရင် ဒီဆိုင်ကိုပဲ ပြောင်းလာခဲ့မယ်"

"ဟာ ... ဒီကိုပြောင်းလာခဲ့ရင် ဦးအနေနဲ့ ခြေရာခံလို့ ဘယ်ရ တော့မလဲ၊ ချိုးငှက်သိုက်မြို့မှာပဲ နေပါ၊ အဲဒီက လှုပ်ရှားမှုတွေကို အဲဒီမှာနေမှ သိခွင့်ရမှာပါ၊ နောက်ပြီး လုဝမ်ရင်းကိုလည်း စောင့် ရှောက်နိုင်တာပေါ့"

"ဟား ... ဟား ... ဟား ... မင်း အတော်ဉာဏ်များတဲ့ကောင် ပါလားကွာ"

တန်ထင်ဟုန်၏မျက်နှာ နီသွားလေ၏။

"မိန်းကလေးက အလိုတူအလိုပါ ဖြစ်နေရင်တော့ ငါလည်း မတတ်နိုင်ဘူးနော်"

"လုဝမ်ရင်းက အဲဒီလောက်တော့ မညံ့ပါဘူး"

"မင်း ... မင်း မိန်းမတွေကို သိပ်အထင်ကြီး၊ မိန်းမတွေဟာ အကြောက်ရဆုံး နားလည်ရအခက်ဆုံးဆိုတာ မင်း နားလည်ထား ပါ၊ ကဲ ... ငါ သွားတော့မယ်"

စကားဆုံးသည်နှင့် လူ့ဘီလူးကြီး လုချူကြီးသည်ခက်ရင်းခွ ကြီးကိုကိုင်၍ ဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။

✱ ✱ ✱

## (၁၆)
## စုံစမ်းသူ

ပန်းတစ်ပွင့်စားသောက်ဆိုင်၌ လူနှစ်ယောက် ဆုံတွေ့ကြ၏။

တစ်ယောက်က လင်ပိန်းရှောင်။

တစ်ယောက်ကတော့ လေပွေ့ရင်ဟုန်။

လင်ပိန်းရှောင်ကား ဤရွာသား ဖြစ်သည်။ သူသည် လူရုပ်လူပွေတစ်ယောက်ဖြစ်ပြီး အရပ်ကြီးက ကုလားအုပ်လို ကလန်ကလားနှင့် ဖြစ်သည်။

လေပွေ့ရင်ဟုန်ကတော့ ဤရွာသား မဟုတ်ပေ။ သူသည် ကျကျနန ဝတ်စားတတ်သူ ဖြစ်သည်။ အဖိုးထိုက် အဖိုးတန် ပိုးဖဲကတ္တီပါများကို ဝတ်စားထားသည်။ ရှန်စီမြို့မှ သူကြွယ်တစ်ယောက်၏လူယုံ ဖြစ်သည်။

သူသည် လင်ပိန်းရှောင်ထက် အစစအရာရာ သာသည်။ လင်ပိန်းရှောင်သည် ရှုပ်ပွေရန်မှတစ်ပါး အခြားဘာမှ မတတ်မြောက်ချေ။ လေပွေ့ရင်ဟုန်ကတော့ သိုင်းပညာ မတောက်တခေါက် တတ်ပေသည်။



ရှန်စီမြို့တွင် အောက်လမ်း သိုင်းဆရာများရှိရာ အောက်လမ်းသိုင်းဂိုဏ်းတစ်ခုတွင် လေပွေ့ရင်ဟုန်သည် ဂိုဏ်းဝင်တစ်ယောက် ဖြစ်လေ၏။

သူ၏သူဌေးဖြစ်သော ကျောက်စင်လားမှာ တပည့်တပန်းများနှင့် စီးပွားဖြစ်နေသော ကြောင်သူတော်ကြီးတစ်ယောက် ဖြစ်လေ၏။

သူ၏တပည့်တပန်းများမှာ လူဆိုးလူမိုက်များဖြစ်သည်။ သူတို့သည် လူလစ်သည်နှင့် ခိုးဆိုးလုယက် တိုက်ခိုက်သူများ ဖြစ်သည်။

ကျောက်စင်လားကို သူ့တပည့်များက ဝံပုလွေကြီး ကျောက်စင်လားဟု သူတို့အချင်းချင်း ခေါ်ဆိုကြသည်။ ကျောက်စင်လားသည် ဝံပုလွေကဲ့သို့ ကောက်ကျစ်သူတစ်ယောက်ပေတည်း။

ကျောက်စင်လားသည် သူ၏စားကျက်ကို ဖြန့်ကျက်လိုသူ ဖြစ်သည်။

သူသည် သူ၏တပည့် လေပွေ့ရင်ဟုန်ကို အေးချမ်းသာယာမြေရွာကြီးသို့ စေလွှတ်ခဲ့သည်။ ဤသို့ဖြင့် လေပွေ့ရင်ဟုန်သည် အေးချမ်းသာယာမြေဒေသသို့ ရောက်ရှိလာခဲ့ရခြင်း ဖြစ်လေသည်။

မည်သည့်ကိစ္စနည်း။

လေပွေ့ရင်ဟုန် လာသည့်ကိစ္စမှာ လူတစ်ယောက်ကို စုံစမ်းထောက်လှမ်းရန်ပင် ဖြစ်သည်။ ထို့ကြောင့် သူသည် လင်ပိန်းရှောင်ကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အများဆုံး တွေ့ဆုံရပေမည်။

လင်ပိန်းရှောင်လို ပုဂ္ဂိုလ်မျိုးကသာ သူ့အား အများဆုံးကူညီနိုင်ပေသည်။

သူသည် လင်ပိန်းရှောင်အား အရက်တိုက်ပြီး သတင်းမေးနေလေ၏။ လင်ပိန်းရှောင်နှင့် ယခင်ကလည်း သူ ဆက်ဆံဖူးသည်။

"အခုတလော ဒီရွာကို လူစိမ်းတွေ ရောက်နေတယ်ဗျ၊ တစ်ခုတော့ ရှိပါတယ်၊ ဒီလူစိမ်းတွေကို လူစိမ်းလို့တော့ ပြောမရဘူးပေါ့"

"ဘယ်သူတွေများလဲ ပြောစမ်းပါဦး"

"ဟို ချိုးငှက်ရိပ်မြုံစံအိမ်ကြီးကို လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က သေဆုံးသွားပြီလို့ထင်တဲ့ သူ့မွေးစားသား ပြန်ရောက်နေတယ်ဗျ"

"ဘယ်အရွယ်လဲကွ"

"အသက်နှစ်ဆယ်ကျော်ပဲ ရှိဦးမယ်"

"ဟာ ... ငယ်ငယ်ပဲ ရှိသေးတာပဲ၊ အသက်နှစ်ဆယ်ဆိုတော့ လူငယ်လေးတစ်ယောက်ပေါ့၊ ပုံပန်းသဏ္ဍာန်ကို ပြောပြစမ်းပါဦး"

လေပွေ့ရင်ဟုန်က စိတ်ဝင်စားစွာ မေးလေ၏။

"ဝတ်ပုံစားပုံကတော့ အထက်တန်းကျတယ်ဗျ၊ သူ လာတုန်းကလည်း အင်မတန်ကြံ့ခိုင်တဲ့ မြင်းဖြူကြီးကို စီးလာတယ်၊ သူက အင်မတန်ထူးခြားတယ်၊ အမြဲတမ်း အဖြူရောင်ဝတ်စုံကိုပဲ ဝတ်တယ်၊ သူက အသက်ငယ်သလောက် အင်မတန်ချောတဲ့ လူချောလူလှဗျ"

"အခု ဒီသူငယ် ဘယ်မှာနေသလဲ၊ ချိုးငှက်ရိပ်မြုံမှာပဲလား"

"ချိုးငှက်သိုက်မြုံဆရာကြီး လုရှုဟုန်ရဲ့ မွေးစားသားပဲလေ၊ အဲဒီစံအိမ်ကြီးထဲမှာပဲ နေတာပေါ့"

"အပြင်လေးဘာလေး မထွက်ဘူးလား"



"ထွက်ပါတယ်၊ တစ်ခါတစ်လေ ဒီပန်းတစ်ပွင့်စားသောက်ဆိုင်ဘက်ကို လာတတ်တယ်"

လေပွေ့ရင်ဟုန်က ဆက်မေးလေ၏။

"စောစောက မင်းပြောတော့ ဒီရွာကို လူစိမ်းတွေရောက်နေတယ်လို့ ဆိုတယ်၊ တစ်ယောက်တည်းတော့ ဟုတ်ဟန်မတူဘူး၊ ဘယ်သူတွေ ရောက်နေသေးသလဲ"

လင်ပိန်းရှောင်သည် စဉ်းစားနေသည်။

"အဲ ... နောက်တစ်ယောက်ကတော့ ဆရာကြီး လုရှုဟုန်ရဲ့ သွေးသောက်ညီအစ်ကို ခက်ရင်းခွကြီး လုချူကီးပါ၊ သူလည်း ရောက်နေတယ်၊ သူကတော့ ဂိုဏ်းတစ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးလို့ သိရတယ်၊ ဘာဂိုဏ်းလဲတော့ မသိဘူး"

"သိပြီ ... သိပြီ ... ငါ သိပြီ၊ ကင်းမြီးကောက်နီဂိုဏ်းက လူ့ဘီလူးကြီးကို ပြောတာမဟုတ်လား၊ သူ့ခက်ရင်းခွကြီးကလည်း အင်မတန် ကြီးတယ်လေ၊ လူကလည်း အင်မတန် ထွားကျိုင်းကြီးမားတယ် မဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်၊ ခင်ဗျားပြောတဲ့ သူပါပဲ၊ ဆံပင်ရှည်ရှည် မုတ်ဆိတ်ကျင်စွယ်တွေ ရှည်နေတဲ့သူပဲ"

"အင်း ... နောက် ဘယ်သူများ ရှိသေးသလဲ"

"ဟိုတလောတုန်းကတော့ ဓားသမားတစ်ဦး ရောက်လာသေးတယ်၊ ဓားမင်းသားစီးယား ဆိုလားဘာဆိုလားပဲ၊ ဒီဆိုင်ကိုရောက်လာတာ"

"ဘာ ... ဓားမင်းသားစီးယား ဟုတ်လား၊ သူ့ ပုံပန်းသဏ္ဌာန်ကို ပြောစမ်းပါဦး"

"မျက်လုံးပြူးပြူး အသားမည်းမည်းနဲ့"

"ဟော ... တော် ... တော် တော်တော့"

လင်ပိန်းရှောင်မှာ အံ့အားသင့်သွားလေ၏။ လေပွေရင်ဟုန်၏ တားမြစ်သံမှာ အလျစ်စလိုနိုင်လှသည် မဟုတ်ပါလား"

"ဘာဖြစ်လို့လဲ ... ဒီဓားသမားဟာ ဒီဆိုင်ထဲမှာဟင် ခံသွားရတယ်"

"ဘာ ... သူ ခံသွားရတယ် ဟုတ်လား"

"ဟား ... ဟား ... ဟား ... ဟုတ်ပြီ၊ ဟုတ်ပြီ၊ တခြား လူစိမ်းတစ်ယောက်လည်း ရောက်နေသေးတယ်၊ ကျုပ် ပြောဖို့မေ့သွားတာ"

"ဘယ်သူလဲ ..."

"ခုနက ဓားမင်းသားစီးယားကို ဆုံးမလိုက်တဲ့လူလေ"

"စီးယားကို ဘယ်လိုဆုံးမတာလဲ၊ အပြည့်အစုံ ပြောစမ်းပါဦး"

လင်ပိန်းရှောင်ပြောသည်မှာ ဆက်တိုက်မဟုတ်သဖြင့် လေပွေရင်ဟုန်သည် မကြာခဏ ဖြတ်မေးနေရသည်။

လင်ပိန်းရှောင်က ပြောရင်း တက်ကြွလာ၏။

"ဟာ ... ဒီလူက တော်သလားတော့ မပြောနဲ့၊ ဓားမင်းသားရဲ့ဓားကို လက်ချောင်းကလေးနဲ့ အသာကလေး ရိုးပြလိုက်တာပဲ"

"ဟော့ကောင် ... မြန်မြန်ပြောစမ်း၊ ဒီဓားရိုးတဲ့သိုင်းသမားရဲ့ ပုံစံကို မြန်မြန်ပြောစမ်း"



လေပွေရင်ဟုန်သည် လွန်စွာ စိတ်ဝင်စားသွား၏။

"ဒီလူက ဓားနှစ်လက်ကို လွယ်လို့ဗျ၊ ဓားရိုးတွေက အနက်တွေ၊ ကျုပ် ကောင်းကောင်းမှတ်မိတယ်"

"ဓားရိုးက အနက်တွေဟုတ်လား၊ ဓားနှစ်ချောင်း ဟုတ်လား"

"ဟုတ်တယ်၊ သူ ဝတ်လာတဲ့ ဝတ်စုံကလည်း အနက်ပဲ"

"မြက်ဦးထုပ် ဆောင်းထားသေးသလား"

"ဟုတ်တယ် ... ဆောင်းထားတယ်၊ မြက်ဦးထုပ်က ခပ်စုတ်စုတ်ဗျ"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ သူပဲ ... သူပဲ"

"ဘယ်သူလဲ ... သူဆိုတာ"

"မင်းပြောတဲ့ လူပဲပေါ့"

"အင်း ... လူက ငယ်ငယ်ရယ်၊ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေနဲ့ဗျ၊ ဒါတောင် သူ ရုပ်အတော်ချောတယ်ဆိုတာ ခန့်မှန်းလို့ရတယ်"

"သူ ... သူ အခု ဘယ်မှာနေသလဲ"

လင်ပိန်းရှောင် ခေါင်းကြီးသွား၏။

"အဲ ... အဲဒါတော့ မသိဘူး"

လေပွေရင်ဟုန်မှာ နဖူးကို လက်နှင့်ရိုက်မိတော့၏။

"သေလိုက်ပါတော့ကွာ၊ ဓားမင်းသားစီးယားကို နိုင်လိုက်တဲ့ဓားသမားကို ဘယ်မှာနေမှန်း မင်းမို့ မသိဘဲ လျစ်လျူရှုထားရတယ်

လို့၊ ဘာဖြစ်လို့ ဒီလောက်တောင် အသုံးမကျရတာလဲ၊ မင်းကွာ ... သူဘာရာဇာတွေနဲ့သွားနေပြီး တွင်းထဲမှာအိပ်နေဖို့ ကောင်းတယ်"

လင်ပိန်းချောင်မှာ ငြိမ်ကုပ်သွားသည်။ တကယ်တော့ သူ့ကို လေပွေရင်ဟုန်က အစားအသောက်များအတွက် အားလုံး အကုန်အကျခံနေသူ မဟုတ်ပါလား။

"ဒါနဲ့ သူတို့ တိုက်ခိုက်ကြတယ် မဟုတ်လား၊ ဘယ်မှာ တိုက်ခိုက်ကြတာလဲ"

"ဒါတော့ သိတယ်ဗျ၊ ဒီဆိုင်ထဲမှာပဲ တိုက်ကြတာ"

"သူတို့တိုက်ပွဲက အင်မတန်ကြည့်ကောင်းတဲ့ပွဲဖြစ်မှာကွ၊ မင်း မမှတ်မိဘူးလား၊ မင်းအစား ငါ ရှုးချင်တယ်ကွာ"

"သူတို့ ဒီစားသောက်ဆိုင်မှာပဲ တိုက်ကြတာပါ"

"သေချာတယ်နော်"

"သေချာပါတယ်"

"ငါ့မှာ သိအောင်လုပ်နိုင်တဲ့နည်း ရှိပါတယ်"

လေပွေရင်ဟုန်သည် မတ်တတ်ထရပ်လိုက်သည်။ ထို့နောက် ဆိုင်ရှင်စားပွဲတွင် ထိုင်နေသည့် ကျင်းဟုတ်ကြီးထံသို့ ထသွားပြန်သည်။ ကျင်းဟုတ်ကြီးရှေ့၌ သူ ရပ်လိုက်သည်။

"ဒီမှာ ဆရာကြီး ... ဟိုတလောက ဓားမင်းသားစီးယားဆိုတဲ့ သိုင်းသမားနဲ့ တိုက်ခိုက်ခဲ့တဲ့ မှတ်ဆိတ်ထူလဗျစ်နဲ့ သိုင်းသမားဟာ ဒီဆိုင်မှာ တည်းခိုနေသလားဗျ"



ကျင်းဟုတ်ကြီးသည် လေပွေရင်ဟုန်ကို အကဲခတ်ကြည့်လိုက်သည်။ သူသည် လူဆိုးလူကောင်း မြောက်မြားစွာကို တွေ့ခဲ့ဖူးပြီး လူကောင်းဟုထင်ပြီး လူဆိုးဖြစ်နေသည့် လူများကိုလည်း တွေ့ခဲ့ဖူးပြီ။ လူဆိုးဟုထင်ပြီး လူကောင်းဖြစ်နေသည့် လူများကိုလည်း တွေ့ခဲ့ဖူးပြီ။

ယခု လေပွေရင်ဟုန်ကို ကြည့်လိုက်သောအခါ မြင်ရုံနှင့် လူကောင်းမဟုတ်သည်ကို သိနိုင်သည်။ ထို့ကြောင့် စကားကို လှီးလွှဲပြောဆိုတော့သည်၊

"ရန်ဖြစ်တဲ့ပွဲကတော့ များပါတယ်ဗျာ၊ တခြိမ်းခြိမ်းနဲ့ ဖြစ်နေကြတာပဲဗျ၊ ကျုပ် စိတ်ပျက်လို့ ဆိုင်ပိတ်မလို့တောင် စိတ်ကူးမိတယ်၊ အဲဒီ သိုင်းသမားရဲ့နာမည်ကို ခင်ဗျား သိသလား"

ကျင်းဟုတ်ကြီးက ပြန်မေးလိုက်သည်။

လေပွေရင်ဟုန်က ...

"ဓားညီနောင် စစ်ကုယောင်တဲ့ဗျ"

ကျင်းဟုတ်ကြီး ခေါင်းယမ်းသည်။

"မသိပါဘူးဗျာ၊ ကျုပ်ကြားမိတဲ့နာမည်တွေထဲမှာ ဒီနာမည်မျိုး မပါဘူး၊ ခင်ဗျားနာမည်က ခပ်ဆန်းဆန်းပဲ"

လေပွေရင်ဟုန်သည် စိတ်ပျက်ပြီး သူ့စားပွဲသို့ ပြန်လျှောက်သွားလေသည်။

ထိုအခါ ကျင်းဟုတ်ကြီးသည် တီးတိုး ရေရွတ်နေသည်။

"ဓားညီနောင် စစ်ကုယောင် ..."

"ဘားညီနောင် စစ်ကုယောင် ..."

ထိုစဉ် လေပွေရင်ဟုန်သည် လင်ပိန်းရှောင်၏ စားပွဲဆီသို့ ပြန်ရောက်သွားသည်။

"ဘယ့်နှယ်လဲ အာစရိ... သိခဲ့ရဲ့လား၊ အာစရိ သိချင်တဲ့ သိုင်းသမားကို စုံစမ်းလို့ရခဲ့ရဲ့လား"

"မသိဘူးတဲ့ကွ၊ ရန်ပွဲတွေကများလွန်းလို့ သူ မမှတ်မိဘူးတဲ့"

"ဒါတော့ ဟုတ်တယ်ဗျ၊ ဘားသမားတွေက ဒီဆိုင်မှာချည်းပဲ လာပြီးရန်ဖြစ်နေကြတယ်၊ ရန်ဖြစ်စရာနေရာ ရှားလို့လား မသိပါဘူးဗျာ"

လေပွေရင်ဟုန်သည် စိတ်ပျက်လက်ပျက် ဖြစ်သွားဟန်ဖြင့် ပြန်ထိုင်လိုက်သည်။

ထိုစဉ် လင်ပိန်းရှောင်၏မျက်နှာသည် ဝင်းထိန်တောက်ပသွားသည်။ လေပွေရင်ဟုန်သည် တစ်စုံတစ်ခုတော့ ထူးပြီဟု သိလိုက်၏။

လင်ပိန်းရှောင်သည် ဘာကိုတွေ့သွားသနည်း။ သူသည် လင်ပိန်းရှောင် ကြည့်သည့်နေရာကို လိုက်ကြည့်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ချက်ချင်း ထိန်းလိုက်သည်။ လင်ပိန်းရှောင်သည် သူ့ကို ပြောပြလိမ့်မည်။

လင်ပိန်းရှောင် ပြောသည့်စကား သူ နားထောင်ရမည်။ ထို့ကြောင့် သူသည် လင်ပိန်းရှောင်ကို အသာကြည့်နေလေသည်။

✱ ✱ ✱



## (၁၇)
## နောက်ယောင်ခံလိုက်သူ၏ ဒုက္ခ

လင်ပိန်းရှောင်သည် ဆိုင်အပေါ်ထပ်သို့ ကြည့်နေသည်။ သူ တွေ့ချင်နေသည့် သိုင်းသမားကို သူ တွေ့နေရပြီ မဟုတ်ပါလား။

ကျင်းဟုတ်ကြီးကို မေးစရာ မလိုတော့ပေ။

မုတ်ဆိတ်မွေး ပါးမြိုင်းမွေးနှင့် လူရွယ်တစ်ယောက်သည ဆိုင် အပေါ်ထပ်မှ အောက်သို့ ဆင်းလာလနေသည်။

"ဆရာရင်ဟုန် ဟို ... ဟို ... ဟိုမှာ ကျုပ်ပြောတဲ့ သိုင်းသမား ဟိုမှာ ... ဟိုမှာ"

လင်ပိန်းရှောင်သည် ကမန်းကတန်း ပြောလိုက်သည်။ လေပွေရင်ဟုန်သည် အသာလှည့်၍ မသိမသာ ကြည့်လိုက်သည်။

"အေး ... ဟုတ်ပြီ မှန်တယ်၊ မင်းလည်း မှတ်ထား၊ ငါ ရှာနေတဲ့ စစ်ကုယောင်ဆိုတာ သူပဲ"

"ဒါဆို ဆိုင်ရှင်ကျင်းဟုတ်ကြီးက အာစရိကို ညာလိုက်တာပေါ့နော်"

"အေးပေါ့ ... ညာလိုက်တာပေါ့၊ အေး ... ပြန်စဉ်းစားကြည့်တော့ ညာတာလည်း ဟုတ်ချင်မှဟုတ်မှာ၊ သူပြောသလို ရန်ပွဲတွေများနေတော့ မမှတ်မိတာလည်း ဖြစ်ချင်ဖြစ်မှာပါ၊ နောက်တစ်ခုက စစ်ကုယောင်က ဒီမှာ ဘယ်လိုနာမည်ပေးထားသလဲမှ မသိတာ၊ နာမည်လွဲပြီး ပေးထားချင် ပေးထားမှာပေါ့"

စားညီနောင် စစ်ကုယောင်ဆိုသော လီဖူးယုံသည် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ ဆိုင်ပြင်သို့ ထွက်သွားလေသည်။

လေမွေ့ရင်ဟုန်က စားပွဲထိုးတစ်ယောက်အား ခေါ်လိုက်သည်။

"ဒီစားပွဲက ငွေရှင်းမယ်ဟေ့၊ တစ်ယောက်ယောက် လာစမ်းပါဦးကွာ"

စားပွဲထိုးတစ်ယောက်သည် လျင်မြန်စွာ ရောက်ရှိလာလေ၏။

လေမွေ့ရင်ဟုန်က ...

"စောစောက အပေါ်ထပ်က ဆင်းလာတဲ့လူဟာ ဘယ်သူလဲကွ၊ ငါ နာမည်မေ့နေလို့ကွာ"

"လီဖူးယုံပါခင်ဗျာ"

"အေး ... ဟုတ်ပြီ ... ဟုတ်ပြီ၊ လီဖူးယုံ ... လီဖူးယုံ ငါ သတိရပြီ၊ ကဲ ... ငါတို့စားပွဲက ဘယ်လောက်ကျသလဲ"

"ငွေစတစ်ဆယ် ကျပါတယ်"

"ရော့ ... ဒါက ငွေစတစ်ဆယ်၊ ဒါကအပို မင်းအတွက်"

စားပွဲထိုးလေး ကျေနပ်သွားသည်။

သူသည် အရိုအသေပေးပြီး ထွက်ခွာသွားလေ၏။



သူတို့သည် ချက်ချင်းထကာ ဆိုင်ထဲမှထွက်သည်။ လီဖူးယုံနောက်သို့ ချက်ချင်း လိုက်တော့သည်။ လီဖူးယုံကမူ စိုက်စိုက်နှင့် ရှေ့မှသွားနေလေ၏။

လင်ပိန်းရှောင်နှင့် လေမွေ့ရင်ဟုန်တို့သည် လီဖူးယုံနောက်မှ လိုက်နေကြသည်။ နှစ်ယောက်ဖြစ်နေသဖြင့် ဟန်တော့ကျသည်။ လှည့်ကြည့်မည်ဆိုလျှင်သူတို့ စကားပြောနေကြရုံသာ။

ထိုစဉ် ဆိုင်ထဲ၌ ကျင်းဟုတ်ကြီးသည် လေမွေ့ရင်ဟုန်တို့ ခေါ်မေးသည့် စားပွဲထိုးကို ခေါ်လိုက်သည်။

"ဟေ့ကောင် ... မင်းကို ဟိုနှစ်ယောက်က ဘာတွေခေါ်မေးနေတာလဲ"

"သူတို့က လီဖူးယုံရဲ့နာမည်ကို မေ့နေလို့တဲ့၊ အဲဒါကို ခေါ်မေးတာပါ"

"အေး ... အေး ... သွားတော့"

ကျင်းဟုတ်ကြီးသည် ထိုလူထွက်ခွာသွားရန် လက်ပြလိုက်၏။ သူသည် ထိုအကြောင်းကို စဉ်းစားနေသည်။ အဆက်အစပ် မည်သို့မျှ မစဉ်းစားမိသော်လည်း တစ်ခုခုတော့ ဖြစ်မည်ဟု စဉ်းစားမိလေ၏။

ထိုအချိန်၌ ထိုလူနှစ်ယောက်သည် လီဖူးယုံနောက်သို့ လိုက်နေကြလေပြီ။

ရှေ့မှသွားနေသော လီဖူးယုံသည် လမ်းတစ်ခုထဲသို့ ချိုးဝင်လိုက်သည်။ ထိုလမ်းချိုးသည် နောက်မှလိုက်နေသူများနှင့် အတော်လေး အလှမ်းကွာသည်။

နောက်မှလိုက်လာသူများသည် အူယားဖားယား ဖြစ်သွားကြသည်။ သူတို့ လိုက်မမီလျှင် မျက်ခြည်ပြတ်သွားမည် မဟုတ်ပါလား။

သူတို့သည် အလျင်အမြန် ပြေးလိုက်ကြတော့၏။

"ရှူး ..."

လမ်းထောင့်သို့ရောက်သောအခါ သူတို့သည် လမ်းချိုးအတွင်းသို့ ကြည့်လိုက်၏။

"ဟင် ..."

"ဟာ ..."

မည်သူ့ကိုမျှ မတွေ့ရတော့ပေ။ ရှေ့မှချိုးကွေ့သွားသော လီဖူးယုံသည် အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

"ဓားညီနောင် ဘယ်ရောက်သွားပြီလဲ မသိဘူး၊ လျှင်လိုက်တာကွာ"

လေပွေရင်ဟုန် ပြောလိုက်လေ၏။

ဟိုကြည့်သည်ကြည့်နှင့် ပတ်ဝန်းကျင်ကို လိုက်ကြည့်နေ၏။ လေပွေရင်ဟုန်သည် မည်သူ့ကိုမျှ မတွေ့ရသဖြင့် လင်ပိန်းရှောင်အား လှမ်းပြောလိုက်သည်။

"ကဲ ... မင်း ဒီလမ်းချိုးထဲ လိုက်ဝင်ပြီး ဒီကောင့်ကို ရှာ၊ ငါက လမ်းမကြီးပေါ်တက်ပြီး ဒီကောင့်ကိုရှာမယ်၊ ကဲ ... သွား ... သွားရှာတော့"

လေပွေလင်ဟုန်သည် လင်ပိန်းရှောင်ကို တွန်းထိုးပြီး လမ်းထဲသို့ ဆင်းနိုင်း၏။ သူက နောက်ပြန်လှည့်ကာလမ်းမပေါ်တက်သွား၏။



သူ့အကြံက ပိုင်သည်။ ဒုက္ခရောက်ချင်းရောက်လျှင် လင်ပိန်းရှောင်သာ ဒုက္ခရောက်ပေမည်။ သူကတော့ လွတ်သည်။

လင်ပိန်းရှောင်သည် လမ်းချိုးထဲသို့ ဗျစ်တောက်ဗျစ်တောက်နှင့် ဝင်သွားသည်။ မျက်စိကို အလစ်မပေး။ အသံကို နားထောင်ရင်း ဝင်လာသည်။

"အတော်လည်တဲ့ ဓားသမား၊ ငါတို့လိုက်လာတာကို မသိသလိုလိုနဲ့ လှစ်နေအောင် ပါးတာပဲ၊ အခုကျတော့လည်း ပျောက်သွားပြီ"

သူသည် စိတ်ထဲမှ ကျိန်ဆဲလာလေ၏။

"ဝှစ် ..."

"အမယ်လေး ..."

အမှောင်ထဲမှ လက်ကြီးတစ်ဖက်က သူ့လည်ကုတ်ကို ဆွဲယူသွား၏။ ပြုတ်တူနှင့်ညှပ်လိုက်သည့်အလား သူသည် ရုန်းကန်၍ မရတော့ပေ။

"မင်း ရုန်းမနေနဲ့၊ ရုန်းနေလည်း အပိုပဲ၊ ငါ့လက်ထဲက မင်း ဘယ်လိုမှမလွတ်ဘူး၊ နောက်တစ်ယောက်ကော ..."

လီဖူးယုံက ခက်ထန်စွာ မေးလိုက်၏။ လင်ပိန်းရှောင်မှာ အကြီးအကျယ် ကြောက်ရွံ့နေသည်။ သူသည် ဤသို့ တစ်ကြိမ်တစ်ခါမျှ အဖမ်းမခံရဘူးပေ။

"သူ ... သူက ..."

"သူ ဘယ်မှာလဲ"

"သူ ကျွန်တော့်နောက် လိုက်မလာပါဘူး၊ လမ်းမကြီးပေါ် ပြန်တက်သွားပါတယ်၊ လမ်းချိုးထဲ ကျွန်တော့်ကိုပဲ ဝင်ခိုင်းတာပါ"

"သူ ဘယ်သူလဲ"

"လေပွေရင်ဟုန်ပါ၊ ရှန်စီမြို့က ဝံပုလွေကြီး ကျောက်စင်လား ရဲ့ လူယုံပါ"

"ကောင်းပြီ ... ငါ့နောက်ကို ဘာဖြစ်လို့ နောက်ယောင်ခံပြီး လိုက်လာရတာလဲ"

"မ ... မသိပါဘူးခင်ဗျာ၊ သူလိုက်ခိုင်းလို့ လိုက်ရတာပါ"

"ဘာ ... မသိတာလဲ ... ကဲကွာ"

လီဖူးယုံသည် လင်ပိန်းရှောင်၏ လက်ကောက်ဝတ်ကို ညှစ် လိုက်ရာ တဗျတ်ဗျတ်မြည်သွား၏။ လင်ပိန်းရှောင် အော်တော့သည်။

"အား ... အား ... အား"

"ကျွန်တော် တကယ်မသိတာပါဗျာ၊ သူ ... သူက ခင်ဗျားကို လာစုံစမ်းတာပါ"

"ကောင်းပြီလေ ... မင်းရဲ့ဆရာ လေပွေရင်ဟုန်ကို ပြောလိုက်၊ နောက်တစ်ခါ အဲဒီလို နောက်ယောင်ခံလိုက်ရင် လေပွေကနေ ဖုန်လေပွေဖြစ်သွားမယ်လို့ ပြောလိုက်"

"ဟုတ် ... ဟုတ်ကဲ့ခင်ဗျာ"

"ကဲ ... သွားတော့"

လီဖူးယုံသည် လင်ပိန်းရှောင်အား ဖမ်းညှပ်ရာမှ လက်လွှတ် ပေးလိုက်သည်။ လင်ပိန်းရှောင်သည် တစ်ချိုးတည်းပြေးလေတော့၏။



"ဟင် ... ဝံပုလွေ ... ဝံပုလွေ၊ ဒါက ခြေလှမ်းအစပဲ ဖြစ်လိမ့် မယ်၊ တွေ့ကြသေးတာပေါ့ကွာ"

လီဖူးယုံသည် စိတ်ထဲမှကြိမ်းဝါးလိုက်ပြီးနောက် ပန်းတစ်ပွင့် စားသောက်ဆိုင်သို့ ပြန်လျှောက်လာခဲ့သည်။ သူ့အကြောင်း တီးတိုး ပြောနေသူများကို စမ်းသပ်လို၍သာ သူ ထွက်လျှောက်လာခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်၌ လင်ပိန်းရှောင်သည် လွဲသွားသောလက်ဆစ်ကို ဆုပ်ကိုင်၍ လမ်းမပေါ် ပြေးတက်သည်။ သူသည် လေပွေရင်ဟုန် နှင့် ပြန်တွေ့၏။

"ဟေ့ကောင် ... လင်ပိန်းရှောင် မင်း ဓားညီနောင်နဲ့ တွေ့ခဲ့ ရဲ့လား"

ရင်ဟုန်က အလျင်စလို မေးလိုက်သည်၊

လင်ပိန်းရှောင်က မျက်နှာကြီးရှုံ့မဲ့ပြသည်။

"ဓားညီနောင်လား ပြုတ်တူညီနောင်လားတော့ မသိဘူး၊ ကျုပ် လက်ကို ချိုးပစ်လိုက်တယ်၊ အခု လှုပ်လို့တောင် မရတော့ဘူးဗျ၊ ဟီး ... ဟီး ... ဟီး"

"တွေ့ခဲ့တယ် ဟုတ်လား၊ ခု ... ခု သူ ဘယ်မှာလဲ"

"သွားပြီ ... သူ ထွက်သွားပြီ၊ အာစရိကိုလည်း သူ ပြောခဲ့ သေးတယ်၊ နောက်တစ်ခါ သူ့နောက်ကို နောက်ယောင်ခံလိုက်ရင် လေပွေကနေ ဖုန်လေပွေဖြစ်သွားမယ်လို့ ကြိမ်းသွားတယ်၊ အား ... နာလိုက်တာဗျာ"

လင်ပိန်းရှောင်၏လက်ကို ရင်ဟုန်ကိုင်ကြည့်ပြီး အဆစ်လွဲသွားသည်ကို ပြန်တည့်ပေးလိုက်၏။

"ညည်းမနေစမ်းပါနဲ့ကွာ၊ မိန်းမကျနေတာပဲ၊ ရော့ ... မင်း ဆောင်ရွက်ပေးတဲ့ အဖိုးအခ"

သူသည် ငွေစများကို လင်ပိန်းရှောင်၏လက်ထဲသို့ ထည့်ပေးလိုက်သည်။

လင်ပိန်းရှောင်သည် ညည်းညူနေခြင်းကို ရပ်လိုက်၏။

"မင်းလုပ်တာနဲ့ တို့အဖွဲ့ သူ့ကိုစုံစမ်းနေတာကို စင်တုယောင်က သိသွားပြီ၊ ငါတို့ သူ့နောက်ကို နောက်ယောင်ခံလိုက်ဖို့ မလွယ်တော့ဘူး၊ မင်း လုပ်ရမယ့်အလုပ်က သူ့နောက်က နောက်ယောင်ခံရမယ့်အလုပ် မဟုတ်ဘူး၊ သူ ဘာလုပ်သလဲဆိုတာကို စောင့်ကြည့်ရမယ် နားလည်လား"

"ဟုတ် ... ဟုတ်ကဲ့ပါဗျာ"

"မင်း သူ့ကို စောင့်ကြည့်ထား၊ သူ့လှုပ်ရှားမှုကို ငါတို့ကို သတင်းပေး၊ ကိုယ်ကင်းမှ ဖြစ်တော့မယ်"

"ဟုတ်ကဲ့"

"အကြောင်းထူးတာနဲ့ အချိန်မရွေး ရှန်စီမြို့ကိုလာခဲ့၊ ဝံပုလွေအဖွဲ့ကို လာအကြောင်းကြား"

"ဟုတ်ကဲ့"

"ကဲ ... ငါ သွားတော့မယ်"

လေပွေရင်ဟုန်သည် လူရှုပ်လူပွေ လင်ပိန်းရှောင်အား ချော့



တစ်ခါ ချောက်တစ်လှည့်ဖြင့် ပိုက်ဆံများပေးကာ ထွက်ခွာသွားတော့သည်။

"ဘုရား ... ဘုရား ... ဒီငွေတွေကိုမက်လို့ လက်ကျိုးမလို ဖြစ်သွားရတာ၊ အင်း ... ကိုယ့်သေတွင်း ကိုယ်တူးသလိုတော့ ဖြစ်နေပြီနဲ့ တူတယ်"

သူ့ခဗျာ ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ်နှင့်တိုးဆိုသလို ဖြစ်နေသည်။ ရှေ့တိုးရခက် နောက်ဆုတ်ရခက်နှင့် ဖြစ်နေရသည်။

"ဪ ... ဒုက္ခ ... ဒုက္ခ၊ ငါ လိမ္မာသလိုကြည့်နေမှ အသက်ရှည်မယ်နဲ့ တူတယ်"

ထိုစဉ် အဝေးမှ လီဖူးယုံ ပြန်လာနေသည်ကို မြင်သောအခါ သူသည် သစ်ပင်အကွယ်တစ်ခု၌ ဝင်နေလိုက်၏။

"သူ ဒီမှာတည်းခိုနေတာကို ငါ သိရပြီ၊ သူတို့ကိုတော့ ဘယ်လိုမှ သတင်းမပို့နိုင်ဘူး၊ စားညီနောင်နဲ့ ဝေးဝေးရှောင်နေမှ၊ မရှောင်နိုင်ရင် စားစာမိမှာတော့ အမှန်ပဲ"

လင်ပိန်းရှောင်သည် ခပ်သုတ်သုတ် ထွက်ခွာသွား၏။ မကြာမီ အရက်ဆိုင်တစ်ဆိုင်၌ စိတ်ညစ်ညစ်နှင့် အရက်ကို မောင်းတင်၍ သောက်နေသော ရင်ဟုန်ကို တွေ့ရှိကြရလေတော့၏။

✱ ✱ ✱

## (၁၈)
## သံကျာပွတ်မယ်

အေးချမ်းသာယာမြေဒေသ၊ ရိုးငှက်သိုက်မြို့ရှိရာ ရွာကြီးဆီသို့ မြင်းနက်တစ်စီးနှင့် အမျိုးသမီးတစ်ဦး ဆိုက်ရောက်လာ၏။ သူမသည် ဟိုလူ့မေး ဒီလူ့မေးနှင့် ပန်းတစ်ပွင့်စားသောက်ဆိုင်သို့ နောက်ဆုံး ရောက်ရှိလာလေ၏။

သူမ၏မြင်းနက်ကြီးကို ညွှန်ကြိုတစ်ဦးထံတွင် အပ်နှံပြီး ဆိုင်ထဲသို့ ဝင်သွားသည်။

သူမ၏မျက်နှာထားက ခပ်တင်းတင်းပင်။

ဝက်ဝံသားရေအင်္ကျီကို ဝတ်ဆင်ထားသော သူမသည် အသားအရေ ဝါဝင်းလှသည်။

သူမသည် ကျောက်စီဓားတစ်ချောင်းကို ကျော၌ သိုင်းလွယ်ထားပြီး ညာဘက်လက်က ကျာပွတ်တစ်လက်ကို ခေါက်၍ကိုင်ထားသည်။ ကျာပွတ်မှာ လိပ်ကျောက်မြီးဖြစ်ပြီး ကျာပွတ်အဖျား၌ အဆိပ်အပ်တစ်ချောင်း တပ်ဆင်ထားလေသည်။



သူမသည် ဆိုင်ရှင်ဖြစ်သော ကျင်းဟုတ်ကြီးထံသို့ တန်းတန်းမတ်မတ် လျှောက်သွားလေ၏။

မျက်နှာစိမ်းတစ်ဦး ဖြစ်သည့်အပြင် တောင့်တင်းဖြောင့်မတ်ချောမောလှသူဖြစ်၍ ဆိုင်ထဲရှိသူများသူအားလုံး ငေးကြည့်နေသည်။

သူမသည် မျက်ခုံးထူထူ၊ နှာတံစင်းစင်း၊ နှုတ်ခမ်းပါးပါးနှင့် ပြေပြစ်ချောမောလှပသော်လည်း ခက်ထန်မာကျောသည့် မျက်နှာထားကြောင့် ကြည့်နေသူများ လန့်သွားကြသည်။

သူမသည် ကျင်းဟုတ်ကြီးရှေ့၌ ရပ်လိုက်၏။

"ရှင် ဆိုင်ရှင်လား"

"ဟုတ်ပါတယ် ကလေးမရယ်"

"ဒီဆိုင်မှာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးထူလပျစ်နဲ့ လူတစ်ယောက်ကို မတွေ့မိဘူးလား"

ကျင်းဟုတ်ကြီးသည် သူမအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး

"ဟ ... ဒီရွာမှာက မိန်းကလေးပြောတဲ့လူတွေက အများကြီးပဲကွယ့်"

"ဒါဖြင့် ..."

မိန်းကလေး၏မျက်လုံးများ မြင့်တက်သွား၏။

"ဒါဖြင့် မြက်ဦးထုပ်ဆောင်းပြီး ကျောမှာလည်း ဓားရိုးအနက်နဲ့ ဓားနှစ်ချောင်းကို သိုင်းလွယ်ထားတဲ့ ဓားသမားတွေကော အများကြီးပဲလား"

မိန်းကလေးက ရှုံ့မဲ့ပြီး မေးလိုက်လေ၏။

"စိတ်မဆိုးပါနဲ့ မိန်းကလေးရယ်၊ ကျုပ်က အမှန်အတိုင်း ပြောပြတာပါ၊ အမှန်စကားဟာ နားဝင်မချိုတတ်ဘူးကွယ့်၊ ခုနပြောတဲ့လူကတော့ ဒီဆိုင်မှာလည်း မရှိဘူး ဒီရွာမှာလည်း မရှိဘူးကွယ့်၊ အဲဒီလူရဲ့ နာမည်လေးဘာလေး သိရရင်တော့ ကောင်းမှာပဲ၊ ကျုပ်လည်း စုံစမ်းကြည့်နိုင်တာပေါ့"

ကျောင်းဟုတ်ကြီးက သွေးတိုးစမ်းပြီး မေးမြန်းလေ၏။

"သူ့နာမည်သိရင်ကော ရှင်က ဘာလုပ်နိုင်မှာမို့လဲ"

"ကျုပ်ဆိုင်မှာ နာမည်ပေးပြီး တည်းခိုကြရတာပါ၊ သူက နာမည်အစစ်အမှန် ပေးထားရင် တန်းသိတာပေါ့ကွယ်"

"အင်း ... ဒါတော့လည်း ဟုတ်တယ်၊ သူ့နာမည်က ဓားညီနောင် စစ်ကုယောင်လို့ ခေါ်တယ်"

ကျောင်းဟုတ်ကြီး၏ မျက်ခုံးများ မြင့်တက်သွားသည်။ လာပြန်ပြီလား စစ်ကုယောင်။

မိန်းကလေးသည် ကျောင်းဟုတ်ကြီး၏ မျက်နှာကိုကြည့်ပြီး မေးလိုက်၏။

"ရှင် ကြားဖူးလို့လား"

"ဟင့်အင်း ... မကြားဖူးပါဘူးကွယ်"

သူက ကမန်းကတန်း ပြောလိုက်၏။

မိန်းကလေးမှာ စိတ်ပျက်သွား၏။

"အဲ ... တကယ်လို့ မိန်းကလေးထွက်သွားပြီးမှ အဲဒီလူ



ရောက်လာမယ်ဆိုရင် ဘယ်လိုပြောလိုက်ရမလဲကွယ့်၊ ဒါက ကျုပ်ရဲ့ စေတနာသက်သက်နဲ့ ပြောတာပါ"

"ကျေးဇူးတင်ပါတယ်၊ ရှင့်စေတနာကို သဘောပေါက်ပါတယ်၊ ကျွန်မနာမည်က ရွှေလန်ပါ"

ကျောင်းဟုတ်ကြီးသည် မျက်လုံးပြူးသွား၏။

ရွှေလန်က ...

"ဘာလဲ ... ကျွန်မနာမည်ကို ရှင် ကြားဖူးလို့လား"

"ဟဲ ... ဟဲ ... ဟဲ ... ကြားများ ကြားဖူးသလားလို့ပါ၊ ရွှေလန်ဆိုတာ မိန်းကလေးရဲ့အမည်ပဲနော်"

"ဟုတ်တယ်၊ ရွှေလန် သံကျာပွတ်မယ် ရွှေလန်ဆိုတာ ကျွန်မပဲ၊ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့ နေ,နေတာပဲ"

"သိပါပြီ ... ကျုပ် သိပါပြီ"

"သူ ရောက်လာခဲ့ရင် ကျွန်မ လာရှာတယ်ဆိုတာ ပြောပြပေးပါနော်၊ အခု ကျွန်မလိုက်လာတာကလည်း သူဒီနေရာကို ရောက်နေတယ်လို့ သတင်းကြားလို့ပါ"

"ကောင်းပါပြီ၊ ပြောလိုက်ပါ့မယ်ကွယ်၊ နေဦး ..., နေဦး၊ သူ့ပုံပန်းက မုတ်ဆိတ်မွေး ပါးမြိုင်းမွေးနဲ့ မြက်ဦးထုပ်ဆောင်းထားတယ်၊ ဓားရှိုးနက် ဓားနှစ်လက်ကိုလည်း သိုင်းလွယ်ထားတယ်၊ နာမည်က ဓားညီအစ်ကို စစ်ကုယောင်နော်"

"ဩော် ... ရှင်ကလည်း လုပ်တော့မယ်၊ ဓားညီနောင် စစ်ကုယောင်ပါရှင်"

မိန်းမပျိုသည် ထိုစကားကိုပြောပြီးသည်နှင့် လှည့်ထွက်သွား၏။ သည်အခါမှ ကြည့်နေသူများ သက်ပြင်းချနိုင်တော့သည်။ ဤမိန်းမပျိုသည် လှပသော်လည်း မီးတောက်မီးလျှံနှင့်တူကြောင်း အားလုံးက သိရှိကြသည်။

ဤမိန်းမပျိုကို တစ်စုံတစ်ယောက်က သွားစမ်းသပ်ပြီဆိုပါစို့ ထိုသူသည် သေမင်းနှင့် နှာခေါင်းကျည်ပွေ့ တွေ့သွားမည် ဖြစ်သည်။

သူတို့သည် ကျင်းဟုတ်ကြီးကို ဝိုင်းမေးကြလေ၏။

"ဘယ်သူတဲ့လဲဗျ"

"သံကျာပွတ်မယ် ရှုလန့်တဲ့ကွာ၊ စစ်ကုယောင်ကို လာမေးတာကွ"

"ဟာ ... သံကျာပွတ်မယ် ရှုလန့်တဲ့လား၊ သူမေးတဲ့သူက ဓားညီနောင် စစ်ကုယောင်တဲ့လား"

"အေးကွာ ..."

"သူတို့တွေက တကယ့်နာမည်ကျော် သိုင်းသမားတွေပဲ"

"သိပါဘူးကွာ၊ သူတို့ပြောတဲ့ နာမည်တွေကိုလည်း ဘာဟာက နာမည်ကျော် သိုင်းသမား၊ ဘယ်ဟာက နာမည်ကျော် သိုင်းသမား မဟုတ်ဘူးလို့ ခွဲခြားနိုင်တဲ့အစွမ်းလည်း ငါ့မှာ မရှိပါဘူးကွယ်၊ ငါကတော့ မိန်းကလေးလှလို့ စိုက်ကြည့်မိတာပါပဲ"

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

"ဦးကျင်းဟုတ်ကြီးက လုပ်တော့မယ်"



ကျင်းဟုတ်ကြီးသည် ရယ်မောရင်း သူ့ထိုင်ခုံမှ ထလာ၏။

သူသည် အပေါ်ထပ်သို့ တက်သွားသည်။ အပေါ်ထပ်ရှိ သီးသန့်အခန်းများအနက် အကောင်းဆုံးအခန်းရှေ့သို့ သွားရောက်ပြီး တံခါးခေါက်လိုက်သည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

"ဦးကျင်းဟုတ်ကြီးနဲ့ တူတယ်"

အခန်းတွင်းမှ လီဖူးယုံ၏အသံ ထွက်လာသည်။

ကျင်းဟုတ်ကြီးက ...

"ဟုတ်တယ် ငါပါကွာ၊ ပြောစရာရှိလို့"

လီဖူးယုံသည် တံခါးဖွင့်ပေးလေ၏။ ကျင်းဟုတ်ကြီးနှင့် လီဖူးယုံတို့သည် လျှို့ဝှက်အချိန်းအချက် ပြုလုပ်ထားသည်။ တံခါးနှစ်ချက် အမြန်ခေါက်ပြီးမှ တစ်ချက်ခေါက်လျှင် ကျင်းဟုတ်ကြီး ဖြစ်ရမည်။

ကျင်းဟုတ်ကြီး အခန်းထဲသို့ရောက်သောအခါ လီဖူးယုံက တံခါးပြန်ပိတ်လေ၏။

"ဘာများလဲ ဦးကျင်းဟုတ်ကြီး"

"ဟဲ ... ဟဲ ... ဟဲ"

"ဘာရယ်နေတာလဲဗျ"

"မင်း ငါ့ကိုမှန်မှန်ပြောစမ်း၊ မင်းဟာ သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ဓားညီနောင် စစ်ကုယောင် မဟုတ်လား"

ကျင်းဟုတ်ကြီးစကားကြောင့် လီဖူးယုံ အံ့အားသင့်သွား၏။

"ဦးကျင်းဟုတ်ကြီးကို ဘယ်သူပြောလိုက်လို့လဲ"

"မင်းက ပြန်မေးမနေစမ်းပါနဲ့၊ ငါမေးတာကိုသာ ဖြေစမ်းပါ"

"ဟဲ … ဟဲ … ဟဲ"

လီဖူးယုံက ရယ်မောနေ၏။

"ပြောလေကွာ၊ စစ်ကုယောင်ဆိုတာ မင်း မဟုတ်လား"

လီဖူးယုံမှာ မငြင်းသာတော့သဖြင့် ခေါင်းညိတ်လိုက်ရ၏။

"အေး … ငါလည်း ဒီလောက်တော့ ခန့်မှန်းနိုင်ပါတယ်၊ မင်း ဟာ သိုင်းလောကအကျော်အမော်တစ်ယောက် ဖြစ်မယ်ဆိုတာ ငါ အကဲခတ်မိပါတယ်၊ အထူးသဖြင့် ဓားမင်းသားစီးယားနဲ့ ယှဉ်ပြိုင် တုန်းကပေါ့ကွာ၊ ဓားစွမ်းရည်က အတော်ထက်တယ် မဟုတ်လား"

"ခု ဘယ်သူပြောလိုက်လို့လဲ"

"အင်း … ပြောလိုက်တဲ့လူကို မင်းသိရင် အံ့မတန် အံ့ဩ သွားမယ်ကွ"

"ဘယ်သူများလဲဗျာ"

"အင်မတန်ဖြောင့်စင်း၊ အင်မတန်တောင့်တင်း၊ အင်မတန် ချောမောလှပတဲ့ မိန်းမပျိုလေးတစ်ယောက် ပြောလိုက်တာကွ"

"ဗျာ … မိန်းမတစ်ယောက်က ပြောလိုက်တယ်"

"အေး … ဟုတ်တယ်၊ ခုလေးတင်ပဲ သူ ပြန်ထွက်သွားတယ်၊ သူ့နာမည်က သံကျာပွတ်မယ် ရှလန်လို့ ပြောသွားတယ်"

ထိုအခါ လီဖူးယုံက ညည်းညူလိုက်သည်။

"အင်း … ဒုက္ခပါပဲဗျာ"

"အေး … သူပြောတော့ ငါက မင်းကို မြင်ယောင်မိပါတယ်



ကွာ၊ ဒါပေမယ့် မင်းကို ရန်ပြုသူမှန်း ဘာမှန်းမသိတော့ ပြောင် ငြင်းလိုက်ရတာပေါ့ကွာ၊ ဒီလောက်လှတဲ့ မိန်းကလေးတစ်ယောက်ကို မသိဘူး မရှိဘူးလို့ ပြောလိုက်ရတာ စိတ်မကောင်းစရာပဲကွာ"

လီဖူးယုံက စိတ်ပျက်လက်ပျက် ထိုင်ငေးနေ၏။

"မင်းက ဘာဖြစ်လို့ ငိုင်နေရတာလဲကွ"

"အဲဒီမိန်းကလေးက ကျွန်တော့်ကို ရန်ပြုမယ့် မိန်းကလေး မဟုတ်ပါဘူး၊ ကျွန်တော့်အပေါ် အင်မတန် သံယောဇဉ်ကြီးတဲ့ မိန်း ကလေးပါဗျာ"

"ဟော …"

"သူက ကျွန်တော့်အပေါ် သိပ်သံယောဇဉ်ကြီးတယ်ဗျာ"

"မင်းကို သူက လာရှာသွားတယ်၊ သူလိုက်ရှာနေတယ်ဆိုတဲ့ အကြောင်း ပြောပေးပါတဲ့"

"ဟင်း …"

လီဖူးယုံသည် သက်ပြင်းချလိုက်၏။

ကျင်းဟုတ်ကြီးက …

"သက်ပြင်းချမနေနဲ့ကွာ၊ မိန်းကလေးတစ်ယောက်က ကိုယ့် ကို စောင့်ရှောက်ဖို့ လိုက်ရှာနေတယ်ဆိုတာ နည်းနည်းနောနော သံယောဇဉ်မဟုတ်ဘူး၊ ယောက်ျားတစ်ယောက်အဖို့ ဝမ်းသာရမယ့် အခြေအနေပေါ့ကွ၊ မင်းက ဝမ်းမသာဘဲ ဘာဖြစ်လို့ သက်ပြင်းချ နေရတာလဲ၊ မင်းဟာက ပြောင်းပြန်ပါလားကွာ"

"ဩော် … ကျွန်တော့်မှာ ဆောင်ရွက်စရာကိစ္စတွေ ရှိနေသေး

တယ်၊ အဲဒီကိစ္စတွေမပြီးခင် သူက ကိုးလို့ကန့်လန့် ဝင်ပါနေတော့ ကျွန်တော်မှ စိတ်မမောရင် ဘယ်သူမောမှာလဲဗျာ"

"အေးလေ ... ဒါကတော့ မင်းအကြောင်းနဲ့မင်းပေါ့ကွာ၊ မိန်းကလေးကိုတော့ ငါ သနားသွားပြီဟေ့၊ ငါများ မှားသွားသလား မသိပါဘူးကွာ၊ မင်းရှိနေလျက်နဲ့ သူ့ခမျာ တွေ့မသွားရရှာဘူး"

"ဟာ ... မလုပ်ပါနဲ့၊ ခုနေခါများမှာ သူနဲ့မတွေ့လေ ကျွန်တော့်အတွက် ကောင်းလေပါပဲ၊ သူရှိနေရင် ကျွန်တော့်ကိစ္စတွေကို လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်မှာ မဟုတ်ဘူးဗျ"

ကျောင်းဟုတ်ကြီးသည် သက်ပြင်းချလိုက်၏။

"ကဲ ... ကဲ ... ငါ သွားမယ်၊ သူပြန်ရောက်လာဦးမယ်လို့ ငါ ထင်တယ်၊ ဒီတစ်ခါ ပြန်ရောက်လာရင် ငါ ဘယ်လိုပြောလိုက်ရမလဲ၊ ငါ့ကို ပြောထားဦး"

"မသိဘူး၊ မရှိဘူးလို့သာ ပြောလိုက်ပါ ဦးကျောင်းဟုတ်ကြီးရာ၊ ဒါ အကောင်းဆုံးပါပဲ"

ထိုအခါ ကျောင်းဟုတ်ကြီးသည် ညည်းညူနေလေတော့သည်။

"အင်း ... ယောကျ်ားတွေ ယောကျ်ားတွေ၊ ချစ်တော့လည်း သူတို့ပဲ၊ ရှောင်တော့လည်း သူတို့ပဲ၊ အတော်မတရားတဲ့ဟာတွေပဲ၊ မိန်းကလေးတွေကျ အမျိုးမျိုး အပြစ်ပြောတယ်၊ တကယ့်လူတွေပဲကွ"

ကျောင်းဟုတ်ကြီးသည် ထိုစကားကိုပြောပြီး အောက်ထပ်သို့ ပြန်လည်ဆင်းသက်သွားတော့၏။

"အင်း ... ရှုလန် ... ရှုလန် ... မင်းဟာ အင်မတန် ဖွဲနပဲကြီး



လှတဲ့ မိန်းကလေးတစ်ယောက်ပါလား၊ မင်းရဲ့ဖွဲကိုတော့ ငါ ဩချပါတယ်ကွာ"

သူသည် နှုတ်မှ ဤသို့ပင် တီးတိုးရေရွတ်မိသည်။ တကယ်တော့ သူမသည် သူ့အပေါ် သံယောဇဉ်ကြီးပြီး သူ့ကို မတွေ့ တွေ့အောင် လိုက်ရှာနေခြင်း ဖြစ်သည်။

သူမက သူ့ကိုလိုက်ရှာနေခြင်းမှာ သူ၏ အရေးကိစ္စများကို အကူအညီပေးလို၍ ဖြစ်သည်။ သူ့အနားတွင် အသက်စွန့်ကူညီပြီး ပါရမီဖြည့်ချင်သူတစ်ယောက် ဖြစ်သည်။

ဤသည်ကို လီဖူးယုံ မလိုလားပါ။

သူ့၌ ဆောင်ရွက်စရာကိစ္စများ ရှိနေသည်။ ထိုဆောင်ရွက်စရာများကို သူ စိတ်ရှင်းရှင်းနှင့်ပင် လုပ်ဆောင်သွားချင်သည်။ သူမ ပါလာလျှင် ကိစ္စများကို ဦးစားပေးဆောင်ရွက်နိုင်တော့မည် မဟုတ်။ သူမအတွက် နောက်ဆံတင်းနေရပေလိမ့်မည်။

ထို့ကြောင့် သူမကို ရှောင်ကွင်းခဲ့ခြင်း ဖြစ်သည်။

သူသည် ဤမိန်းကလေးအား လုံးဝ အတွေ့ခံ၍မဖြစ်ပေ။ အတွေ့ခံလျှင် သူမကို ခွာထုတ်၍ရတော့မည် မဟုတ်ပေ။ အပြင်ထွက်လျှင် သတိထားပြီးမှ သွားလာရတော့မည်။

"သြော် ... ရှုလန်ရယ် မင်း ငါ့ကို အင်မတန်ဒုက္ခပေးပါလား"

လီဖူးယုံသည် မအောင့်နိုင်တော့သဖြင့် ထုတ်ဖော်ညည်းညူမိတော့သည်။

✱ ✱ ✱

# (၁၉)
# ဝံပုလွေ ထောင်ချောက်

သံကျာပွတ်မယ် ရှလန်။

သူမသည် ပန်းတစ်ပွင့်စားသောက်ဆိုင်ကို ကျောခိုင်း၍ ထွက်လာခဲ့သည်။ သူမသည် မြင်းကိုမစီးတော့ပေ။ မြင်းနက်ကြီး၏ဇက်ကြိုးကို လက်ကဆွဲပြီး ရွာထဲလျှောက်လာလေသည်။

သူမသည် လမ်း၌တွေ့သမျှလူများကို မေးမြန်းစုံစမ်းလာခဲ့သည်။ ရွာတွင်းလမ်းမဖြစ်သဖြင့် လူများနှင့် တစ်ယောက်ပြီးတစ်ယောက် ဆုံနေသည်။

ထိုစဉ် လီဖူးယုံအား စောင့်ဆိုင်းအကဲခတ်ရန် တာဝန်ပေးခြင်းခံရသော လင်ပိန်းရှောင်သည် မေးမြန်းစုံစမ်းနေသော ဝက်ဝံသားရေအင်္ကျီဝတ် မိန်းမပျိုကို သတိပြုမိသွားသည်။

သူ၏ဦးခေါင်းထဲ၌ အကြံတစ်ချက် လင်းလက်သွားလေသည်။ သူသည် ထိုမိန်းမပျိုရှေ့ သွားရပ်လေ၏။

"အစ်မမေးတာ ဟို ဓားနှစ်လက်နဲ့လူကို မဟုတ်လား၊ မုတ်



ဆိတ်မွေး ပါးမြိုင်းမွေးနဲ့ လူလေ၊ ခပ်ငယ်ငယ်ပဲ ရှိပါသေးတယ်၊ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးနဲ့မို့ သူ့ကို ရင့်တယ်လို့ထင်နေတာ"

မိန်းမပျို၏မျက်နှာသည် ဝင်းပသွား၏။ သူမသည် သူ့ကို အလွန်တွေ့ချင်နေသည် မဟုတ်ပါလား။ ဘေးအန္တရာယ်များကို သူမ မတွေးမိပေ၊

"ဟုတ် ... ဟုတ်ပါတယ်ရှင်၊ အဲဒီလူဟာ ဓားနှစ်လက် စစ်ကုယောင်လို့ ခေါ်ပါတယ်"

မိန်းမပျိုသည် သဲလွန်စရသွားသဖြင့် အလွန် ဝမ်းသာနေသည်။ အားကိုးတကြီးဖြင့် လင်ပိန်းရှောင်အနီးသို့ တိုးကပ်သွား၏။

"သူ ... သူ ခု ဘယ်မှာလဲဟင်"

လင်ပိန်းရှောင်သည် မိန်းမပျိုကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး ...

"ရှန်စီမြို့က မိတ်ဆွေတစ်ယောက်ဆီကို သွားတယ်ဗျ"

"သူ ဒီမှာမရှိဘူးပေါ့"

"ဟုတ်ပါတယ်၊ မနေ့က ဒီရွာကထွက်သွားတာဗ်"

"ကျေးဇူးပြုပြီး သူ သွားတဲ့နေရာကို ပြောပြပါလား"

"အဲဒါမှ ခက်တာပဲ၊ ကျွန်တော်က အဲဒီနေရာကို သိရုံသာ သိတာခင်ဗျ၊ လမ်းနာမည်တွေဘာတွေ လုံးဝ မသိဘူး ၊ ဒါပေမယ့် အစ်မ သွားချင်ရင်တော့ ကျွန်တော် ကူညီနိုင်ပါတယ်၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"အို … ကျေးဇူးပဲ၊ ကျွန်မကို လိုက်ပို့ပေးပါနော်"

"ရပါတယ်ခင်ဗျာ၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ စစ်ကိုယောင်ရဲ့မိတ်ဆွေဟာ ကျွန်တော့်မိတ်ဆွေပေါ့၊ အိမ်တိုင်ရာရောက် လိုက်ပို့ပေးပါ့မယ်"

လင်ပိန်းရှောင်သည် မိန်းမပျိုကို ယုံလောက်အောင်ပြောလေ၏။ မိန်းမပျိုမှာ စစ်ကိုယောင်အား အလွန်တွေ့ချင်နေသဖြင့် လင်ပိန်းရှောင်ပြောသမျှကို ယုံနေသည်။

ဤသို့ဖြင့် လင်ပိန်းရှောင်သည် ရှုလန်အား ရှန်စီမြို့သို့ ခေါ်ဆောင်သွားလေတော့၏။

ရှန်စီမြို့နှင့် အေးချမ်းသာယာမြေဒေသမှာ အလွန်နီးကပ်သောကြောင့် နေ့တစ်ဝက် မြင်းဖြင့်ခရီးနှင်ရုံဖြင့် ရှန်စီမြို့သို့ ရောက်ရှိလေ၏။

လင်ပိန်းရှောင်သည် မြို့စွန်ရှိ ခြံဝင်းကျယ်ကြီးဆီသို့ ဆက်လက် ခရီးနှင်လိုက်သည်။ ခြံဝင်းကြီးအတွင်း အလွန်ခမ်းနားကြီးကျယ်သော အဆောက်အဦးတစ်ခု ထီးထီးမားမား တည်ရှိနေသည်။

သူတို့နှစ်ဦးသည် ခြံဝင်းဝ၌ မြင်းများကို ရပ်တန့်လိုက်ကြ၏။

"စစ်ကိုယောင်ရဲ့မိတ်ဆွေက ဒီလိုအိမ်ကြီးနဲ့ နေနိုင်တယ်ဆိုတော့ အံ့သြဖို့အလွန်ကောင်းတာပဲ"

သံကျားပွတ်မယ် ရှုလန်က အံ့သြစွာ ရေရွတ်နေသည်။ သူမသည် အိမ်ကြီးဆီသို့ လှမ်းမျှော်ကြည့်လေ၏။ လင်ပိန်းရှောင်သည် ခြံတံခါးဝ၌ရပ်၍ အော်ခေါ်သည်။



"ဗျို့ … ဆရာရင်ဟုန် တံခါးဖွင့်ပါဦး"

သပ်သပ်ရပ်ရပ် ဝတ်စားထားသော လူတစ်ဦးသည် အပြင်သို့ထွက်လာ၏။ သူသည် လင်ပိန်းရှောင်နှင့် သံကျားပွတ်မယ်တို့ကို တွေ့သောအခါ လွန်စွာ အံ့အားသင့်သွားသည်။

"လင်ပိန်းရှောင် … ဘာကိစ္စတုန်း"

လင်ပိန်းရှောင်က မျက်စိတစ်ဖက်ကို မှိတ်ပြလိုက်ပြီး …

"ဟောဒီအစ်မကြီးက စစ်ကိုယောင်ကို တွေ့ချင်လို့တဲ့၊ အဲဒါ စစ်ကိုယောင်နဲ့တွေ့ရအောင် ကျွန်တော် ခေါ်လာခဲ့တာပါ"

လေပွေရင်ဟုန်သည် အလွန် လူရည်လည်သူဖြစ်ပြီး ချက်ဆိုနားကွက်က မီးတောက်သူ ဖြစ်၏။ လင်ပိန်းရှောင်သည် ထိုမိန်းမပျိုကို ဖြားယောင်းခေါ်ဆောင်လာမှန်း ရိပ်မိလေ၏။

"ဩော် … ဓားညီနောင်နဲ့ ဆရာကြီးတို့ အပြင်ခဏထွက်သွားပါတယ်၊ ပြန်လာကြပါလိမ့်မယ်၊ လာကြပါ၊ အထဲကို ဝင်ကြပါ"

ရင်ဟုန်က တံခါးဖွင့်ပေးသည်။ မြင်းများကိုလည်း ဆွဲယူလိုက်သည်။ သူသည် အိမ်ကြီးဆီသို့ ခေါ်ဆောင်သွား၏။

"အင်း … ဒီအိမ်ကြီးက သိပ်ခန်းနားတာပဲ၊ စစ်ကိုယောင်က ဒီမှာ ဘာလာလုပ်နေပါလိမ့်"

✱ ✱ ✱

## (၂၀)

ရှုလန်သည် အိမ်ကြီးဆီသို့သွားနေစဉ် ထိုသို့ အတွေးပေါက်လေ၏။

"ကျွန်တော့်ဆရာနဲ့ စစ်ကုယောင်တို့က အင်မတန် ခင်ကြတာပါဗျာ"

ဧည့်ခန်းထဲသို့အရောက်တွင် ရင်ဟုန်က ပြောလိုက်သည်။

"ရှင့်ဆရာက ဘယ်သူလဲရှင့်"

ရှုလန်က မေးလိုက်၏။

"ကျွန်တော်တို့ဆ ရာက ဒီမြို့မှာတော့ မျက်နှာဖုံးပါပဲ၊ ကျောက်စင်လားလို့ ခေါ်ပါတယ်"

"ရှင်ကကော အဲဒီ ကျောက်စင်လားနဲ့ ဘာတော်သလဲ"

ရှုလန်သည် ထက်မြက်သွက်လက်သူဖြစ်၍ ဒိုးခနဲဒေါက်ခနဲ မေးသည်။

"ကျွန်တော်က သူ့ညီဝမ်းကွဲပါဗျာ"

"သြော် ... သြော်"



လင်ပိန်းရှောင်နှင့် ရှုလန်တို့သည် ဧည့်ခန်းထဲရှိ ကုလားထိုင်များ၌ ထိုင်လိုက်ကြ၏။

"ခဏ နားနေကြဦးဗျ၊ တစ်ခုခုသုံးဆောင်ဖို့ ကျွန်တော် ပြင်ဆင်လိုက်ပါဦးမယ်"

ရင်ဟုန်သည် နောက်ဖေးဆောင်သို့ဝင်သွားရာ လင်ပိန်းရှောင်လည်း ရှုလန်ကို တောင်းပန်၍ ဝင်လိုက်သွားလေသည်။

ရင်ဟုန်က ...

"ဟော့ကောင် လင်ပိန်းရှောင် မင်း ဘာလုပ်ခဲ့တယ်ဆိုတာ သိရဲ့လား၊ မင်းဟာ ပြဿနာကို မီးခွက်ထွန်းရှာတဲ့ ကောင်ပဲ"

"အာစရိကလဲဗျာ၊ သေသေချာချာ စဉ်းစားကြည့်ပါဦး၊ ဒီအမျိုးသမီးဟာ စစ်ကုယောင်ကို အသည်းအသန် လိုက်ရှာနေတာ၊ စစ်ကုယောင်ရဲ့ချစ်သူ ဖြစ်နိုင်တယ်၊ ဒါကို ကျွန်တော်တို့က ထိန်းထားဖို့လိုတယ်၊ စစ်ကုယောင်ရဲ့ချစ်သူဖြစ်နေရင် စစ်ကုယောင် ဘယ်ပြေးတော့မလဲ၊ သူ့ကို ငါးစာလုပ်ပြီး ကွီခနဲ ဖမ်းလိုက်ရုံပဲပေါ့၊ ဒါကြောင့် ကျွန်တော် မနည်းဖြီးဖြန်းပြီး ခေါ်လာရတာ"

"မင်းဟာ တကယ့်ကောင်ပဲ၊ သိုင်းလောကအကြောင်းလည်း ဘာမှ မသိဘူး၊ မင်း အခုခေါ်လာတာ ဘယ်သူလဲ သိလား"

"စစ်ကုယောင်ရဲ့ ချစ်သူပေါ့"

"အေး ... စစ်ကုယောင်ရဲ့ချစ်သူ ဖြစ်မဖြစ်တော့ မသိဘူး၊ အခု ငါတွေ့နေရတာက တကယ့် မြွေပွေး မြွေဟောက်ပဲကွ၊ သိုင်းလောကမှာ နာမည်ကြီးနေတဲ့ သံကျာပွတ်မယ် ရှုလန်ဆိုတာ သူပဲ"

လင်ပိန်းရှောင်မှာ မျက်နှာတစ်ခုံး သွေးဆုတ်ဖြူရော်သွားတော့သည်။ သူသည် အလွန် ထိတ်လန့်သွားလေ၏။

"အခု ... အခုတော့ ကျွန်တော် မတတ်နိုင်တော့ဘူး၊ ဆရာရင်ဟုန်ရယ်၊ ကျွန်တော့်ကို ကယ်ပါ၊ ဒီကိစ္စကြီး ပြေလည်သွားအောင် ဆရာပဲ စီစဉ်ပေးပါတော့ ဆရာရယ်"

ရင်ဟုန်သည် အလွန်ဦးနှောက်ခြောက်သွား၏။

သံကျာပွတ်မယ်၏အစွမ်းကို သူ ကြားဖူးထားသည်။ အတန်ကြာမှ သူ စိတ်ကူးပေါက်သွား၏။

"ရော့ ... ဒါ အဖန်ရည်ထည့်ထားတဲ့ ခွက်နဲ့ ကရားတွေပဲ၊ သူ့ကို အဖန်ရည် သောက်အောင်တိုက်လိုက်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"မင်း မသောက်နဲ့နော်"

"ကျွန်တော် နားလည်ပါတယ်ခင်ဗျာ"

"အေး ... ငါ ဆရာကြီးဆီ အစီရင်ခံလိုက်ဦးမယ်"

သူသည် အခြားအခန်းဆီသို့ ဝင်သွားတော့၏။

လင်ပိန်းရှောင်သည် အဖန်ရည်ကရားများကိုယူ၍ ဧည့်ခန်းသို့ ထွက်သွားလေ၏။

"ဟဲ ... ဟဲ ... အစ်မလေး အဖန်ရည်သောက်ကြရအောင်၊ အမောအပန်းဖြေရင်းပေါ့၊ ကျွန်တော့်ဆရာက လူလွှတ်ခေါ်ခိုင်းလိုက်ပါတယ်၊ မကြာခင် ရောက်လာကြမှာပါ"

လင်ပိန်းရှောင်သည် အဖန်ရည်ခွက်ထဲသို့ အဖန်ရည်ထည့်ကာ



ရှုလန်အား ပေးလိုက်၏။ ရှုလန်ကလည်း စစ်ကုယောင်ကိုသာ မျှော်နေရာမှ အဖန်ရည်ခွက်ကို လှမ်းယူလိုက်၏၊

ရှုလန်က ...

"ဒီအိမ်ကြီးက အရမ်းခမ်းနားတာပဲနော်၊ ဒီကျောက်စင်လားဆိုတဲ့လူကြီးက တော်တော်ချမ်းသာပုံ ရတယ်"

"ဟာ ... ချမ်းသာတာတော့ မပြောနဲ့အစ်မလေးရ၊ လူချစ်လူခင်လည်း အလွန်ပေါတယ်၊ သဘောကောင်းတာကိုး"

သူက ဆက်ပြောလေ၏။

"ဓားညီနောင်နဲ့လည်း အတော်လေးရင်းနှီးပုံ ရတယ်"

ထိုအခါ ကျာပွတ်မယ်ရှုလန်သည် မျက်မှောင်ကြုတ်ကာ စဉ်းစားနေ၏။ သူမ စဉ်းစားမှာကို လင်ပိန်းရှောင် အရမ်းကြောက်သည်။

"အစ်မလေး ... အဖန်ရည်ပူပူလေးသောက်လိုက်ပါဦး၊ အမောပြေပေါ့"

ရှုလန်သည် တစ်ကျိုက်သောက်ချလိုက်၏။ မကြာမီ ရင်ဟုန် ဝင်လာသည်။

"စစ်ကုယောင် မကြာခင်ရောက်လာပါတော့မယ်၊ လူလွှတ်ခေါ်ခိုင်းလိုက်ပါပြီ"

သူသည် ပြောပြောဆိုဆို စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်၏။

✱ ❄ ✱

## (၂၁)

ရင်ဟုန်သည် သံကျားပွတ်မယ် ရှုလန်ကို ရွန်းရွန်းစားစား ကြည့်ပြီး ...

"မင်းက သိပ်လှပါလား"

သူ့စကားကြောင့် ရှုလန် ဆတ်ခနဲ ဖြစ်သွား၏။ ရင်ဟုန်အား စူးစိုက်ကြည့်နေ၏။

"ရှင် ဘာပြောလိုက်တယ်၊ ပြန်ပြောစမ်း"

ရှုလန်က အေးစက်စက်မေးလိုက်၏။

"ဟဲ ... ဟဲ ... ဟဲ ... အရှိကိုအရှိအတိုင်း ပြောတာပဲကွ၊ ဘာမှ စိတ်ဆိုးစရာ မလိုပါဘူး"

ရင်ဟုန်သည် မိန်းမပျို့ရှုလန်အား ဂရုမစိုက်သလို ပြောလိုက်ရာ လင်ပိန်းရှောင်မှာ မှင်တတ်အံ့ဩသွား၏။

စောစောကပင် ဤမိန်းမပျိုကို မြွေပွေး မြွေဟောက်ကဲ့သို့ ကြောက်စရာကောင်းသည်ဟု ပြောဆိုခဲ့သည် မဟုတ်ပါလား။



ရှုလန်သည် ထရပ်လိုက်၏။ စားပွဲပေါ်တင်ထားသော ကျားပွတ်ကို ဆွဲယူလိုက်၏။

လင်ပိန်းရှောင်မှာ လန့်သွားပြီး ကမန်းကတန်း နောက်ကို ဆုတ်သွား၏။

လေပွေ့ရင်ဟုန်ကတော့ ဣန္ဒြေမပျက်ထိုင်၍ ပြုံးနေသည်။

သံကျားပွတ်မယ် ရှုလန်သည် ချက်ချင်းပင် ဒယီးဒယိုင်ဖြစ်သွား၏။ သူမသည် ကိုယ်ကိုထိန်းပြီး လက်ကိုမြှောက်လိုက်၏။ ထိုအခါ လက်မမြှောက်နိုင်တော့ပေ။

"ရှင် ... ရှင်တို့ ကျွန် ... ကျွန်မကို လိမ် ... လိမ်"

သူမသည် စကားဆုံးအောင် မပြောနိုင်ချေ။ ထို့နောက် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ထိုးကျသွားတော့၏။

"ဟဲ ... ဟဲ ... ဟဲ ... သံကျားပွတ်မယ်လည်း ဆေးနဲ့တွေ့တော့ ဖယောင်းကျားပွတ်မယ် ဖြစ်သွားတော့တာပဲ"

ထိုစကားကို ပြောလိုက်သူမှာ ရင်ဟုန် မဟုတ်ပါ။ ကျောက်စင်လား ဖြစ်ပါသည်။

သူသည် ဧည့်ခန်းထဲဝင်လာပြီး ကျေနပ်စွာ ကျူးရင့်လိုက်ခြင်း ဖြစ်၏။

"ကြည့်စမ်း ... တစ်ပွေ့တစ်ပိုက်ကြီးပါလား၊ ရင်ဟုန်ရေ ... ဟဲ ... ဟဲ ... ဟဲ ... ဒီလောက်လှတဲ့ မိန်းကလေးက သိုင်းလောကမှာ မိန်းမကြမ်းကြီး လုပ်နေရတယ်လို့ကွာ"

ကျောက်စင်လားသည် ရှလန်၏တစ်ကိုယ်လုံးအား စားမတတ် ဝါးမတတ်ကြည့်ရင်း ပြောလိုက်သည်။

"ဟာ ... ဆရာကြီးပြောတဲ့ အစိပ္ပါယ်က သံကျာပွတ်မယ်ဟာ သိုင်းလောကမှာ မိန်းမကြမ်းကြီး လုပ်နေမယ့်အစား ဒီလိုစံအိမ်မျိုးမှာ သူဌေးကတော်လေးအဖြစ် စည်းစိမ်ရှိရှိနဲ့ နေထိုင်ဖို့သင့်တယ်လို့ ဆရာကြီးက ပြောချင်တာလားခင်ဗျာ"

ရင်ဟုန်သည် ဗောင်းတော်ညိတ်၊ စိတ်တော်သိသူ ဖြစ်၏။ သူ့ဆ‌ေ၊ကြီး နှစ်မြိုက်မည့်စကားကို ရွေးချယ်ပြောတတ်လေ၏။

ကျောက်စင်လားသည် အလွန်အားရနှစ်သက်သွားလေ၏။

"အေး ... မင်း တော်တယ် ရင်ဟုန်၊ အင်း ... တကယ်တော်တယ်၊ ငါ့စိတ်ထဲမှာ ဘာဖြစ်နေတယ်ဆို မင်းသိတယ်၊ ဒါပေမယ့် မင်းမသိတာ ရှိသေးတယ်၊ အဲဒါကို မင်းသိအောင် ငါ ပြောပြမယ်"

သူသည် လဲကျနေသည့် သံကျာပွတ်မယ်အား လက်ညှိုးထိုးပြလိုက်၏။

"ဒီမိန်းမဟာ ငါ ဖြစ်စေချင်တိုင်း ဖြစ်မယ့် မိန်းမလို့ မင်းထင်နေတယ် မဟုတ်လား၊ ဒီမိန်းမကို မင်းဖြစ်စေချင်သလို ဖြစ်လို့မရသလို ငါလည်း ဖြစ်စေချင်သလို ဖြစ်မရတဲ့ မိန်းမမျိုးကွ၊ ဒီမိန်းမဟာ မိန်းမ မီးခဲကွ ... မိန်းမ မီးခဲ၊ သူ့ကို ငါ အပိုင်ကြံလိုက်ရင် သူဌေးကတော်လေးလို အေးအေးနေမယ် မှတ်နေသလား၊ အကုန်သတ်မှာ၊ ငါနဲ့ တစ်ဆွေလုံးတစ်မျိုးလုံးကို အကုန်လျှောက်သတ်မယ့် မိန်းမကွ"



"ဒီမီးခဲမကို ငါ မချစ်ပါရစေနဲ့၊ ဒီအတိုင်းပဲ ကြည့်နေပါရစေ၊ ငါ့လည်မျို လည်ချောင်းတော့ အပြတ်မခံပါရစေနဲ့ကွာ"

သူဌေးကြီး ကျောက်စင်လားသည် အလွန်လူကဲခတ်တော်သူ ဖြစ်၏။ သူသည် သံကျာပွတ်မယ်အကြောင်း ကောင်းကောင်းကြီး ကြားသိထားသူ ဖြစ်သည်။ နဖူးတွေ့ ဒူးတွေ့နီးပါး တွေ့ရသောအခါ ဤမိန်းမသည် မိုးကိုဒူးနဲ့တိုက်မည့် မိန်းမဖြစ်ကြောင်း သူ သိသွား၏။

ထို့ကြောင့် ထိုမိန်းမကို သူသည် လက်ဖျားနှင့်ပင် မထိဝံ့ပေ။ သူလိုချင်လျှင် ထိုမိန်းမနှင့် ပုံစံတူမိန်းကလေးဆယ်ယောက် သို့မဟုတ် အယောက်နှစ်ဆယ်မျှမက ရရှိနိုင်ပေ၏။

"ကဲ ... သံကျာပွတ်မယ်ကို ဒီအတိုင်းမထားနဲ့၊ သူ သတိရလာရင် ဒုက္ခပေးနိုင်တယ်၊ ဒီတော့ သူ့ကို ဝံပုလွေထောင်ချောက်ထဲ ထည့်ထားလိုက်၊ ဒုက္ခပေးနိုင်လောက်တဲ့ သူ့ခြေလက်တွေကို သံကြိုး ချည်ထားဟေ့"

သို့ဖြင့် ကျာပွတ်မယ်သည် ဝံပုလွေထောင်ချောက်အတွင်းသို့ သက်ဆင်းသွားရတော့သည်။

"ဟော့ ... မင်းရဲ့စိတ်ကူး အင်မတန်ကောင်းတယ်၊ မင်းအတွက် ဆုငွေ"

သူဌေးကြီး ကျောက်စင်လားသည် လင်ပိန်းရှောင်ထံသို့ ငွေအိတ်တစ်အိတ် ပစ်ပေးလိုက်သည်။ လင်ပိန်းရှောင် ပျော်သွားသည်။

✻ ❆ ✻

## (၂၂)
## ထွက်ပေါက်

သံကျာပွတ်မယ်ရှုလန် သတိရလာသောအခါ သူ့လက်တွင် သားရေကြိုးတစ်စဖြင့် လက်ခြေကို ချည်နှောင်ထားကြောင်း တွေ့ရှိရလေသည်။

ကျောက်စင်လားက သံကြိုးဖြင့်ချည်နှောင်ဖို့ အမိန့်ပေးထားသော်လည်း သူ့တပည့်များက သားရေကြိုးဖြင့်သာ ချင်နှောင်ခဲ့ကြသည်။

သူတို့ ယုံကြည်ကြသည်။ ရှုလန်တစ်ယောက် သူတို့၏ထောင်ချောက်ထဲမှ မည်သို့မျှမလွတ်နိုင်ဟု ယုံကြည်ထားသောကြောင့် ဤသို့ သားရေကြိုးနှင့်သာ ချည်နှောင်ထားကြခြင်း ဖြစ်သည်။

သူမအား သွင်းထားသောအခန်းမှာ အချုပ်ခန်း မဟုတ်ချေ။ သာမန် အခန်းတစ်ခန်းသာ ဖြစ်သည်။ အလင်းရောင်များ အခန်းထဲသို့ ဝင်နေသည်။

သူမအား ခုတင်ကြီးတစ်လုံးပေါ်တွင် ကန့်လန့်ဖြတ်တင်ထားခြင်း ဖြစ်သည်။



ရှုလန်သည် ပြတင်းပေါက်မှ အပြင်ကို လှမ်းကြည့်သည်။ အပြင်တွင် ပြာလွင်သော မိုးကောင်းကင်ကြီးကို မြင်ရ၏။

သူမသည် ရောက်စကတွေ့မြင်ရသော အဆောက်အအုံကြီးထဲရှိ အခန်းတစ်ခန်းတွင် ရောက်နေဟန်တူသည်။

သူမ၏ သံကျာပွတ်ကိုလည်း တွေ့ရသည်။ အခန်းကြမ်းပြင်တစ်နေရာတွင် ခွေခွေခေါက်ခေါက် တွေ့မြင်နေရသည်။

ခုတင်ခေါင်းရင်းတွင် စားပွဲတစ်လုံး ရှိသည်၊ သူမ၏လက်နှင့်ခြေထောက်ကို သားရေကြိုးဖြင့် ချည်နှောင်ထားသည်ကို တွေ့ရသည်။

ဆိတ်သားရေလော နွားသားရေလော မသိရပေ။ လက်ချောင်းများကို ဆန့်ထုတ်သော်လည်း မရချေ။ ခြေထောက်များကို ဆန့်ထုတ်သော်လည်း မရချေ။

အတွင်းအားထုတ်၍ ကြိုးဖြတ်သော်လည်း မရပြန်ပေ။ အလွန်ခိုင်ခံ့သော သားရေကြိုးပါပေ။

သူမသည် ခုတင်ပေါ်၌ ဟိုဘက်သည်ဘက်ဆောင်း၍ ရ၏။ အကယ်၍ ခုတင်ပေါ်မှ ဆင်းချင်လျှင်တော့ ကိုယ်ကိုလိမ့်၍ ဆင်းလျှင်တော့ ရမည်။

သူမသည် ဤအိမ်ကြီးကို စတင်ရောက်ရှိလာပုံကို စဉ်းစားကြည့်သည်။ သူမသည် ပန်းတစ်ပွင့် စားသောက်ဆိုင်မှ ထွက်လာခဲ့၏။ ရွာတွင်းရှိ တွေ့သမျှလူများကို စုံစမ်းသည်။

လမ်း၌ သူမကို လာရောက်တွေ့ဆုံသည့် လူတစ်ဦးကို တွေ့ရသည်။

ထိုလူက စစ်ကုယောင် ဤမြို့မှာရှိသည်ဟု ပြောသည်။ ဤသို့ဖြင့် သူမသည် ဤမြို့သို့ လိုက်လာခဲ့သည်။ ဤအိမ်ကြီးကို ရောက်ရှိခဲ့သည်။

သို့သော် သူမ အဖန်ရည်သောက်ပြီးနောက် သတိမေ့သွား၏။ သူမ အဖမ်းခံရသည်။ ဒါပဲ ဖြစ်သည်။

သည်အဖြစ်ထဲတွင် သူမ တွေ့ဆုံရသည်က လူနှစ်ဦးပဲ ဖြစ်သည်။ တစ်ဦးက သူ့ကို ရှန်စီမြို့သို့ လိမ်ညာခေါ်ဆောင်လာသူ ဖြစ်သည်။ ထိုသူမှာ ကုလားအုတ်လို ပိန်ရှည်ရှည်နှင့် ဖြစ်သည်။

တစ်ဦးကား ဤအိမ်ကြီးထဲ၌ တွေ့ဆုံရသူ ဖြစ်သည်။ အစ၌ ဣန္ဒြေရှိသော်လည်း နောက်ပိုင်း၌ စမ်ဖြဲဖြဲနှင့်ကြည့်သူ ရင်ဟုန့်ဆိုသူ ဖြစ်၏။ သူတို့နှစ်ဦးစလုံးကို ဤအခန်းထဲ၌ သူမ နောက်ဆုံးတွေ့ခဲ့သည်။

"ဟင်း ... တောက် ..."

သူမက တက်ခေါက်လိုက်၏။ သူမသည် ထိုလူနှစ်ဦးအား ကျာပွတ်စာကျွေးချင်သည့်စိတ် ပေါ်နေသည်။

တကယ်တော့ ယခုလိုဖြစ်ရသည့် တရားခံမှာ စားညီနောင် စစ်ကုယောင်နှင့် တွေ့ချင်လွန်းလှသည့် သူမ၏ဆန္ဒကြောင့်သာ ဖြစ်၏။ သူမသည် ကိုယ့်ဒုက္ခကိုယ်ရှာသူ တစ်ဦးပင်။

သူမ ဆန္ဒပြင်းပြ၏။ သူမ ဆန္ဒပြင်းပြမိသည့်အတွက် အမှားအမှန်ကို မစဉ်းစားနိုင်ဘဲ ထောင်ချောက်အတွင်းသို့ သက်ဆင်းရခြင်း ဖြစ်သည်။



သူကတော့ ဒါတွေသိမည် မဟုတ်။ သူ့ကိစ္စသာ သူ အရေးတကြီး ဆောင်ရွက်နေသည်။ သူမကို သတိရမှ ရပါ၏လော။ သူမသည် သူ့ကို သံယောဇဉ်ကြီးမိသည့်အတွက် နေဝင်ရမလိုပင် ဖြစ်လာသည်။

"ဟင်း ..."

သူမသည် သက်ပြင်းချမိ၏။ သို့သော် ဤသို့ တွေးခြင်းမှာ တစ်ခဏသာ ဖြစ်၏။

ထိုတစ်ခဏသာ သူ့ကို ဒေါသဖြစ်သော်လည်း နောင်တွင် ပြန်လည်သတိရ လွမ်းဆွတ်နေသည်သာ ဖြစ်၏။ သူ့ကိုမတွေ့ရ မနေနိုင်သော သူမသည်သာ အပြစ်ရှိပေသည်။

တကယ်တော့ သူ့တွင် အပြစ်မရှိပါ။ သူက လိုက်ခဲ့ပါဟု ခေါ်နေသည်လည်း မဟုတ်ချေ။ မည်သို့ပင်ဖြစ်စေ ယခုအခြေအနေကို သူသိသွားပါက ကောင်းပေမည်။ မိမိက သူ့ကို မည်မျှ သံယောဇဉ်ကြီးသည်ကို သူ သိသွားပေမည်။

✻ ❆ ✻

## (၂၃)
## မင်းပေါင်းစုံညီ

မြင်းနှစ်ကောင်ကသော မြင်းရထားကြီးသည် တစ်ရှိန်ထိုး ပြေးနေလေသည်။

မြင်းရထားမောင်းသမားသည် မြင်းများကို ဇက်ကုန်ဖွင့်ကာ မောင်းနှင်နေ၏။ သခင်ကြီးကလည်း ဤသို့မောင်းနှင်ရန် အခွင့်ပေး ထားသည် မဟုတ်ပါလား။

သခင်ကြီးတို့ ဇနီးမောင်နှံကို လိုရာအရောက်ပို့ပေးရန် စိတ်အားထက်သန်နေ၏။ သခင်ကြီးက လီတာကျွေပင်တည်း။

ရွှေလှံ့ပျံ လီတာကျွေဖြစ်သည်။ ဇနီးသည်သည်လည်း သခင်ကြီးဘေးတွင် ပါလာ၏။

သူတို့သည် နေပြည်တော်မှ အေးချမ်းသာယာမြေဒေသရှိ ချိုးငှက်သိုက်မြို့ စံအိမ်ကြီးဆီသို့ မြင်းရထားကို အရှိန်ကုန် မောင်းနှင်နေခြင်း ဖြစ်တော့သည်။

မြင်းများကို အနားပေးရန် ခေတ္တနားကြ၏။ ထိုအချိန်မှာပင်



စားသောက်ကြသည်။ ဤသို့ဖြင့် ခရီးပြင်းနှင်လာကြသောကြောင့် မကြာမီ ချိုးငှက်သိုက်မြို့ စံအိမ်ကြီးဆီသို့ ရောက်ရှိလာကြတော့၏။

သခင်ကြီးတို့ ဇနီးမောင်နှံ ရောက်ရှိလာကြသဖြင့် ချိုးငှက်သိုက်မြို့ စံအိမ်ကြီးမှာ ပို၍ စည်ကားသိုက်မြိုက်သွားတော့သည်။

ပထမ ရောက်လာသူများမှာ တန်ထင်ဟုန်နှင့် ခက်ရင်းခွဘီလူးကြီး လုချူကီးတို့ ဖြစ်ကြသည် မဟုတ်ပါလား။ ယခု စုစုပေါင်းလေးယောက်ဖြစ်သွားသဖြင့် ဧည့်သည်များ စုံညီသွားကြပြီ မဟုတ်ပါလား။

ရွှေလှံ့ပျံ လီတာကျွေ၏ဇနီးက ...

"ငါ့တူ တန်ထင်ဟုန် ရောက်နေတယ်ဆိုတော့ မင်းရဲ့ဦးကြီးလီက ချိုးငှက်သိုက်မြို့ စံအိမ်ကြီးဆီ လာချင်နေတာကွယ့်"

"လာချင်ရင်လည်း လာလိုက်ပါလား ဒေါ်လေးရယ်၊ အခုရက်တော်တော်ကြာမှ ဘာဖြစ်လို့ လာရတာလဲ"

တန်ထင်ဟုန်က ပြောလိုက်၏။

"ဟဲ့ ... မင်းမှုထမ်းဆိုတာ မင်းတို့လို သွားချင်တိုင်းသွား လာချင်တိုင်းလာလို့ရတာ မဟုတ်ဘူးကွယ့်၊ ခွင့်ပန်ရသေးတယ်၊ ခွင့်ပန်လို့ရတော့ အလုပ်လွှဲရသေးတယ်"

လီတာကျွေ၏ဇနီး ကျင်ရှာမွေးမှာ နေပြည်တော်သူဖြစ်၏။ စကားပြောလည်း ကောင်းသည်။ ခင်ပွန်းသည် လီတာကျွေအကြောင်း ပြောပြနေရာ အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြ၏။

နေပြည်တော်သူတို့၏ အမူအရာမှာ ကျေးရွာဇနပုဒ် တောမြို့တို့မှ မိန်းမများ၏ အမူအရာနှင့် ကွာခြားလှသည်။ ထို့ကြောင့် အခြားသူများမှာ ကျင်ရှာမွေး၏ အပြောအဆိုကို မျက်တောင်မခတ် ငေးမောနေကြသည်။

ရွှေလှံပျံ လီတာကျေ့မှာ တာဝန်ဝတ္တရားများကို လွှဲပြောင်းပေးအပ်ပြီးနောက် နေပြည်တော်မှ ထွက်ခွာခဲ့ရသဖြင့် စိတ်လက်အလွန်ပေါ့ပါးနေ၏။ ထို့ပြင် သူ၏ချစ်ဇနီးသည်၏ ထီးဟန်နန်းဟန် ကြွင်းဟန်ဖြင့် ပြောဆိုနေသည်ကိုလည်း ကြည်နူးပီတိဖြစ်၍ နေ၏။ ဧည့်ခန်းရှိလူအားလုံး တိတ်ဆိတ်စွာ နားထောင်နေ၏။ သူ၏ဇနီး ကျင်ရှာမွေးသည် ဤစံအိမ်ကြီးထဲမှ လူအားလုံးကို ထိန်းထားနိုင်ပါတကားဟု ဝမ်းသာပီတိ ဖြစ်နေမိ၏။

သူ့ဇနီးသည်ကို [illegible]ပ်တကြည့်ကြည့်ဖြစ်နေသည်မှာလည်း အကြောင်း မဟုတ်ချေ။ သူ့ဇနီးသည် သူ့ထက် အသက်များစွာငယ်ရွယ်သည် မဟုတ်ပါလား။ ငယ်ရွယ်နုပျိုသော ဇနီးချောကို ရထားသာ လီတာကျေ့သည် နေပြည်တော်တွင် များစွာ မျက်နှာပွင့်လန်း၏။ ၎င်းပြင် သူ့ဇနီးသည် အမတ်ကြီးတစ်ဦး၏သမီး ဖြစ်သောကြောင့် သူ့ရာထူးတက်လမ်းများမှာ ပွင့်နေပြီ ဖြစ်လေ၏။

သူတို့ထဲတွင် ဝမ်းအသာဆုံးကူမှာ ကြယ်ပစ်ဝိစ္စာ လုရှုဟုန်ပင်ဖြဆ်၏။ သူသည် သူ၏ ချိုးငှက်သိုက်မြို့ စံအိမ်ကြီးဆီသို့ သူ၏ညီနောင်၏များ ဝင်ထွက်သွားလာသောအခါ အလွန် ဝမ်းသာပီတိဖြစ်နေ၏။



သူသည် လီတာကျေ့၏ဇနီး သူ့ညီမတော် ကျင်ရှာမွေးကို ငေးကြည့်နေသည်။ သူ့ညီမတော်သည် အလွန်လှပလေသည်။

ကျင်ရှာမွေးကို ငေးကြည့်နေသူမှာ သူတစ်ယောက်တည်း မဟုတ်ပေ။ ခက်ရင်းခွ လုချူကီးသည်လည်း ငေးကြည့်နေသည်သာ။

ကျင်ရှာမွေးသည် အသက်သုံးဆယ်ကျော်ခန့်သာရှိပြီး အသားအရေ နုပျိုစိုပြေနေ၏။ ဘီလူးကြီး လုချူကီးသည် မရိုးတော် ကျင်ရှာမွေးကို ဣန္ဒြေသိက္ခာရှိသော ပန်းတစ်ပွင့်အဖြစ် ထင်မှတ်မိ၏။ သူသည် သူ၏မှတ်ဆိတ်ကျင်ဆွယ်များကို ပွတ်သပ်စဉ်းစားနေသည်။

သူတို့လူစုတွင် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ပြီး ဂုဏ်အဆေါင်းနှင့် ပြည့်စုံနေသူမှာ မိန်းမပျိုလေး လုဝါရင်းသာ ဖြစ်တော့၏။ ကျင်ရှာမွေးမှာ လှပပါသည်။ သို့သော် လုဝမ်ရင်း၏အလှနှင့် ယှဉ်လိုက်လျှင် ကြယ်ပွင့်နှင့် လမင်းကြီးပမာ ကွာခြားသွားသည်။

✱ ✱ ✱

## (၂၄)
## သဘောတူညီချက်

လုရှုဟုန်သည် ဤသို့ ကျူးရင့်လေ၏။

"အင်း... ငါ့တူလေးတစ်ယောက် ချိုးငှက်သိုက်မြုံဆီ ပြန်ရောက်တော့ ငါ့လောက်ဝမ်းသာတဲ့လူ မရှိတော့ဘူးလို့ ထင်ပါတယ်၊ ငါ့တူလေး ပြန်လာတော့ ငါတို့ညီအစ်ကိုတွေ ပြန်ဆုံကြတယ်၊ ခုလို ပြန်ဆုံကြတာ ငါ့အဖို့ သေပျော်ပါပြီကွာ"

လုရှုဟုန်သည် အရက်သောက်ပြီး စိတ်များလွတ်လပ်လာသဖြင့် ခံစားချက်များ ပွင့်သွားခြင်း ဖြစ်သည်။

ရွှေလုံ့ပျံ့ လီတာကျွေက ...

"အစ်ကိုကြီး ... နောက်ကြောင်းပြန်စကားတွေကို ပြန်မပြောသင့်ပါဘူး၊ စိတ်မကောင်းစရာတွေပဲ ကြားနေရမှာပေါ့၊ ဒီတော့ ကလေးတွေရဲ့နောင်ရေး စိတ်အေးရအောင်ပဲ စီစဉ်ပေးချင်တယ်"

လီတာကျွေ ရည်ရွယ်သည်မှာ တန်ထင်ဟုန်နှင့် လုဝမ်ရင်း၏ အရေးပင် ဖြစ်သည်။



ဓားနှစ်လက် တန်ထင်လင်းရှိစဉ်ကလည်း ထိုကလေးနှစ်ဦး၏ အရေးကို သူတို့ ဆွေးနွေးဖူးသည်။ ထိုစဉ်က သည်လိုညစာစားပွဲကြီးတွင်တော့ မဟုတ်ချေ။ ထမင်းဝိုင်းဖွဲ့စားသောက်ရင်း သူတို့ ဆွေးနွေးကြခြင်း ဖြစ်သည်။

တန်ထင်ဟုန်နှင့် လုဝမ်ရင်းတို့၏ ရှေ့ရေးဆိုသည်မှာ အခြားတော့ မဟုတ်ပေ။ သူတို့ နှစ်ယောက်ကို အိမ်ထောင်ချပေးရေးပင် ဖြစ်သည်။

သူတို့၏စိတ်ကူးမှာ တစ်မျိုးပင်။ ဆွေမျိုးတော်စပ်ကြသော ဖအေတူ မအေကွဲ ညီအစ်ကိုမှ ပေါက်ဖွားလာသော ကလေးများကို ဥမကွဲသိုက်မပျက်အောင် လက်ဆက်ပေးလိုကြခြင်း ဖြစ်သည်။

ထိုအယူအဆမှာ အချို့ ဆွေမျိုးများကြား၌ လက်မခံတတ်ကြပေ။ သူတို့ကတော့ ဆွေမျိုးသားချင်း လက်ဆက်ပေးလိုလျှင် လက်ဆက်ပေးနိုင်သည်ဟု ယူဆကြသည်။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲက ဖိတ်ခြင်း ဖြစ်သူဟု သူတို့ ခံယူကြသည်။

သူတို့ဆွေးနွေးခြင်းမှာ လက်တွေ့ကျသည်။ သူတို့ ညီနောင်လေးဦးမှာ ကလေးများကြီးပြင်းလာသည်အထိ အသက်ရှည်ချင်မှ ရှည်ပေလိမ့်မည်။ ကျန်ရစ်သူများက ကလေးနှစ်ဦး၏ လက်ဆက်ရေးကို ဆောင်ရွက်ကြရန် ဖြစ်သည်။

ယခု ဓားနှစ်လက်တန်ထင်လင်း မရှိတော့ပေ။ ဓားနှစ်လက် တန်ထင်လင်းအစား လီတာကျွေက ပြောနေပေပြီ။

ဘီလူးကြီး လုချူကီးက လုရှုဟုန့်မျက်နှာကို အကဲခတ်ရင်း ...

"အင်း ... သူတို့လေးတွေလည်း အရွယ်ရောက်လာကြပြီလေ၊ ဒီအကြောင်းကို ငြင်းဆန်ဖို့လည်း အကြောင်းမရှိပါဘူး၊ တစ်ခုတော့ ရှိတယ်၊ သူတို့ချင်းကွဲသွားတာ ဆယ်နှစ်လောက်ရှိပြီဆိုတော့ ဂဟာယ ကံရှင်အချင်းချင်း စိတ်ဝမ်းညီညွတ်မှုမှ ရှိရဲ့လားဆိုတာတော့ စောင့်ကြည့်သင့်ပါတယ်"

လုချူကြီး၏စကားမှာ ကျိုးကြောင်းဆီလျော်လှ၏။

လီတာကျွေက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ လုချူကြီးပြောတာ မှန်တယ်၊ လူငယ်ချင်းသည့်မြတ်မှ စိတ်ချမ်းသာမယ့်ကိစ္စ ဖြစ်လေတော့ လူငယ်ချင်းက အဆင်ပြေမပြေဆိုတာ စောင့်ကြည့်သင့်တယ်"

"ဟုတ်တယ် ... ဟုတ်တယ်၊ ငါလည်း အဲဒီလိုပဲ သဘောရတယ်"

လုရှုဟုန်က ပြောလေ၏။

ထိုအခါ လီတာကျွေသည် ကိစ္စတစ်ခုကို သတိရလာသည်။

"တစ်ခုရှိသေးတယ် အစ်ကိုကြီး"

"ဘာများလဲ"

"ဓားနစ်လက် တန်ထင်လင်းဆုံးတော့ သူ့ဆီက ကျွန်တော်တို့ သိမ်းဆည်းထားတဲ့ သံသေတ္တာလေးတစ်လုံးရှိတယ် မဟုတ်လား၊ အဲဒီ သံသေတ္တာလေးကို ဘယ်လိုဆက်လုပ်ရင် ကောင်းမလဲ"

ကလေးများ၏ အိမ်ထောင်ရေးကိစ္စ ရပ်တန့်သွားစဉ် သူသည် သေတ္တာကိစ္စကို ရှေ့တန်းတင်ပေးလိုက်သည်။



လုချူကြီးသည် လုရှုဟုန်၏မျက်နှာကို မလွှဲတမ်း အကဲခတ်နေလေ၏။

လုရှုဟုန်၏မျက်နှာမှာ မည်သို့မျှ မပြောင်းလဲချေ။

လုရှုဟုန်က ...

"သံသေတ္တာကို ငါတစ်ယောက်တည်းသဘောနဲ့ မဖွင့်ပါဘူး၊ ငါကလည်း မင်းတို့ သဘောတူမှ လုပ်မှာပါ၊ သေတ္တာထဲမှာ ဓားနှစ်လက်က ဘာတွေထည့်ခဲ့သလဲဆိုတာ မသိရသေးဘူး၊ သံသေတ္တာ ရစဉ်ကတည်းက သော့ပါမလာဘူး၊ အဲဒီသံသေတ္တာလေးဟာ မူလအတိုင်း ရှိနေပါတယ်"

လီတာကျွေက ...

"ဒါဆို ကျွန်တော်တို့ သံသေတ္တာကို ဖွင့်ကြည့်ရင် ကောင်းမယ် အစ်ကိုကြီး၊ ဓားနှစ်လက် ဘာတွေထားခဲ့သလဲဆိုတာ သိရတာပေါ့၊ လူစုံတက်စုံရှိနေတဲ့အခါ ဖွင့်ကြည့်ရင် အားလုံး အပြစ်လွတ်တာပေါ့"

လုချူကြီးသည် လုရှုဟုန်ကိုသာ အကဲခတ်နေသည်။

လုရှုဟုန်သည် သဘောမတူသည့် အမူအရာမျိုး ရှိသည်။ သူ ပြောသည့်စကားများလည်း လီတာကျွေ အဆိုပြုသည့်အချက်များကို လုရှုဟုန်သည် သဘောမတူသည့် အမူအရာမျိုး ရှိသည်။ သူ ပြောသည့်စကားများလည်း လီတာကျွေအဆိုပြုမည့် အချက်များကို ဆန့်ကျင်စေသည်။

"ငါတို့ ဒီသံသေတ္တာကို စယူတုန်းက အားလုံးသဘောတူလိုက်တဲ့ အချက်ကတော့ တန်ထင်ဟုန်ကလေး အရွယ်ရောက်မှ ပေးအပ်

ကြမယ်ဆိုတဲ့ အချက်ပဲ၊ ငါတို့ သဘောတူတဲ့အချက်က သံသေတ္တာကို ဖွင့်ကြည့်ကြဖို့ မပါဘူး၊ ငါတို့ မသိသင့်တဲ့ အချက်ပါလာရင် ဘယ်လို လုပ်မလဲ၊ ဒါကြောင့် ငါက ဖွင့်မကြည့်တာပေါ့၊ သူ့ထိုက်နဲ့ သူ့ကံပေါ့ကွယ်၊ သူ့အတွက် ကောင်းဖို့ကိစ္စ ညွှန်ကြားချက်တွေ ပါရင်ပါမယ်၊ သူ့ဘဝအတွက် ဆိုးဖို့ဖန်တီးတဲ့ အကြောင်းအချက်တွေ ပါချင်ပါမယ်၊ ဒီပစ္စည်းတွေကို မင်းတို့ငါတို့ ကြည့်ပြီး စိတ်မကောင်း မဖြစ်စေချင်ဘူးကွာ"

လုရှုဟုန်၏သဘောမှာ သံသေတ္တာကလေးကို ဖွင့်မကြည့်ချင်သည့်သဘောမျိုး ဖြစ်နေသည်။ ထိုအခါ အဆိုတင်သည့် လီတာကျွေသည် သူ့စကားကိုသူ ရုပ်သိမ်းရတော့မည်။ မူအားဖြင့် လုရှုဟုန် မှန်သည်။

သူတို့သည် သံသေတ္တာကို ယူထားစဉ်ကပင် သံသေတ္တာအား ဖွင့်မကြည့်ရန် သူတို့ ဆုံးဖြတ်ခဲ့ကြသည် မဟုတ်ပါလား။

လီတာကျွေက ...

"ကျွန်တော်က ဘာရယ် မဟုတ်ပါဘူး၊ တူတော်မောင်အတွက် ဝမ်းသာစရာလည်း ကြိုတင်ဝမ်းသာနိုင်အောင်လို့ပါ၊ တစ်စုံတစ်ခု ဘေးအန္တရာယ်ရှိစရာတွေ ပါလာရင်လည်း ကျွန်တော်တို့က ဝိုင်းဝန်းကာကွယ်နိုင်အောင်ပါ၊ တကယ်တော့ တူတော်မောင်အတွက်ပါ၊ တူတော်မောင်ဟာ ငယ်ရွယ်သေးတယ် မဟုတ်လား"

လုရှုဟုန်က ...

"လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက မင်း ဒီစကားကိုပြောရင်တော့ မှန်တာပေါ့ကွယ်၊ တူကလေးက ငယ်သေးတယ် မဟုတ်လား၊ အခုတော့ တို့တူကလေးက မငယ်တော့ပါဘူး၊ အသက်နှစ်ဆယ်လောက်ရှိနေပြီပဲ၊ အဲဒီတော့ သေတ္တာထဲက ကောင်းမွေဆိုးမွေဟူသမျှကို သူ့ဘာသာ ခံယူပါစေတော့"



ထိုအခါ လုချူကြီးက ဝင်ရောက်အကြံပေးလေ၏။ သူကလည်း သံသေတ္တာအား ချက်ချင်းမပေးစေလိုပါ။

"ကျွန်တော်တို့ သံသေတ္တာကို ဒီအတိုင်းပဲ ထားလိုက်တာပေါ့၊ တစ်ခုတော့ရှိတယ်၊ သူတို့ လက်ထပ်ဖြစ်တဲ့အခါ သူ့ဖခင်ပေးခဲ့တဲ့အတိုင်း သံသေတ္တာလေးကို လက်ဖွဲ့အဖြစ် ပေးအပ်လိုက်တာပေါ့၊ အဲဒါ အားလုံးအတွက် ကောင်းမယ်ထင်ပါတယ်"

သူတို့သည် တန်ထင်ဟုန်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချလိုက်လေ၏။

သူတို့သည် လူငယ်များ တစ်ဦးသဘောတစ်ဦးသိရန် ရင်းနှီးစေရန် အချိန်ပေးစောင့်ကြည့်မည်။ သံသေတ္တာကို လုံးဝ ဖွင့်မကြည့်ဘဲ ကလေးများ အိမ်ထောင်ကျသောအခါမှ တန်ထင်ဟုန်၏လက်သို့ ပေးအပ်ကြမည်။

ဤနှစ်ချက်ကို သူတို့ ဆုံးဖြတ်လိုက်ကြသည်။

လုရှုဟုန်က အရက်အိုးကို ရွှေ့ပေးလိုက်ရာ လီတာကျွေနှင့် လုချူကြီးတို့သည် အရက်များကို ခွက်သုံးခွက်အတွင်းသို့ အညီအမျှ လောင်းထည့်ကြလေတော့၏။

✱ ✱ ✱

## (၂၅)

လုရှုဟုန်၊ လီတာကျွေနှင့် လုချူကြီးတို့ စကားကောင်းနေစဉ် ဤမှာဘက်၌ ကျင်ရှာမွေး၊ တန်ထင်ဟုန်နှင့် လုဝမ်ရင်းတို့၏ စကားဝိုင်းကို ကျင်ရှာမွေးက ဦးဆောင်နေသည်။

ဟိုဘက်ဝိုင်းတွင်တော့ ဦးဆောင်သူ မရှိပေ။ အတွေ့အကြုံများသူချည်းဖြစ်၍ တစ်ယောက်စီ အကြံပေး ဆွေးနွေးနိုင်ကြသည်။

ဤဝိုင်းမှာတော့ ကျင်ရှာမွေးက အတွေ့အကြုံ အများဆုံးဖြစ်နေသည်။

သူမက အချိန်တန်လျှင် တူတော်မောင် တန်ထင်ဟုန်အား နေပြည်တော်သို့ ခေါ်ဆောင်သွားမည့်အကြောင်း၊ နေပြည်တော်မှာ အလွန်စည်ကားသည့်အကြောင်း၊ ဘုရင်စကောရာဇ်သည် လီတာကျွေကို မျက်နှာသာပေးသည့်အကြောင်း စသည်တို့ကို ပြောကြားနေ၏။

"တူတော်မောင်ရဲ့ သိုင်းပညာနဲ့ဆိုရင် တူတော်မောင်ဟာ မင်းမှုထမ်းကောင်းတစ်ယောက် ဖြစ်နိုင်ပါတယ်"



"ကျွန်တော်က သိုင်းပညာမှာ ဒီလောက်မှ မတော်သေးတာဘဲ ဒေါ်လေးရယ်"

"အိုး ... မင်း အခြေခံပဲတတ်ဦး၊ ဟိုမှာ သိုင်းပညာအဆင့်မြင့်သင်ကြားပြီး ပေါက်မြောက်အောင်မြင်နိုင်ပါတယ်။ ဟိုမှာ သိုင်းပညာသင်တန်းကျောင်းတွေ ရှိတာပဲကွယ့်၊ မင်းမှုထမ်းဖြစ်ချင်ရင် ဒေါ်လေးက ကူညီနိုင်တာပဲ၊ ခက်တာက မင်းတို့ ချိုးငှက်သိုက်မြို့မှာ ဘဘနဲ့တူပလေးပဲရှိတာ၊ ဒီနှစ်ယောက်ကိုစွန့်ပြီး မင်း လိုက်လာဖို့ဆိုတာလည်း မလွယ်လှပါဘူးလေ"

လုဝမ်ရင်းမှာ ဒေါ်လေးကျင်ရှာမွေး၏ ပြောဟန်ဆိုဟန်များကို အထင်ကြီးပြီး ငေးကြည့်နေရှာ၏။ တန်ထင်ဟုန်အား မင်းနေပြည်တော်သို့ ခေါ်ဆောင်မည်ဟု ဆိုသောအခါ သူမ၏မျက်ဝန်းတွင် စိုးရိမ်မှုကို ပြည့်လျှမ်းလာ၏။

သူမသည် ဒေါ်လေးကျင်ရှာမွေးကို သူမ စိတ်ထဲရှိသည်တို့ကို ပြောလိုက်ရှာသည်။

"ဒေါ်လေးက သူ့တူကိုချည်း နေပြည်တော်ကိုခေါ်ဖို့ ပြောနေတယ်၊ ကျွန်မကိုတော့ နေပြည်တော်ခေါ်ဖို့ မပြောဘူး၊ ကျွန်မကျတော့ နေပြည်တော်မှာ အမှုထမ်းလို့ မရဘူးလား"

ထိုအခါ ဒေါ်လေးကျင်ရှာမွေး ရယ်တော့၏။

"ဟင်း ... ဟင်း ... ဟင်း ... ငါ့တူမလို မိန်းမချောတွေကျတော့ မင်းမှုထမ်းဖို့ မလိုတော့ဘူးကွယ့်၊ မင်းစိုးရာဇာရဲ့ ဇနီးမယား

တွေ ဖြစ်ကြရတယ်၊ ကံကောင်းရင်လည်း မှူးကြီးမတ်ကြီး၊ စစ်ဗိုလ်ချုပ်ကြီးတွေရဲ့သားတွေနဲ့ တွေ့ကြရတာပေါ့၊ ချစ်သူတွေဖြစ်ကြပြီ သူတို့နဲ့ ဖူးစာစုံကြတာပေါ့၊ ဒီထက် ကံထူးသူကိုတော့ မှူးကြီး မတ်ကြီး၊ ဗိုလ်ချုပ်ကြီးတွေနဲ့ ဘုရင်တွေက တော်ကောက်တာ ခံ တာပေါ့ကွယ်”

“ဟင် … ဒေါ်လေးဥစ္စာကြီးကလည်း မကောင်းပါဘူး”

“ဒါကတော့ ထုံးစံပါပဲကွယ်၊ မိန်းကလေးဆိုတာ စိတ်ထဲ တိုင်း လုပ်ရတာမျိုးမှ မဟုတ်တာပဲကွယ်၊ တစ်ခုတော့ ရှိတယ် တူမလေးက သိုသိုသိပ်သိပ်နေပြီး ဒေါ်လေးက ဖူးစာရှင်လိုက်ရှာရ တော့ ဖြစ်နိုင်တယ်၊ မှူးမတ်မျိုးနွယ်ဖြစ်ချင်သလား၊ ဘုရင်ကရာဇ်ရဲ့ ဆွေတော်မျိုးတော် ဖြစ်ချင်သလား၊ ဒေါ်လေးက လိုက်ပြီး စပ်ဟ ပေးနိုင်ပါတယ်”

ထိုအခါ လုဝမ်ရင်းမှာ မျက်နှာ သွေးရောင်လွှမ်းသွားလေ၏

တန်ထင်ဟုန်သည် မျက်နှာပျက်သွားလေ၏။

“ဟာ … ဒါတော့ ကျွန်တော် သဘောမတူနိုင်ပါဘူး ဒေါ်လေး ရယ်၊ ဒေါ်လေးတူမကို နေပြည်တော်ခေါ်ပြီး လင်ပေးစားတယ် တာမျိုးတော့ မဖြစ်စေချင်ပါဘူး၊ လုဝမ်ရင်းက ငယ်ပါသေးတယ်

သူက ဆန့်ကျင်ပြောလိုက်လေသည်။

“ဘာ … လုဝမ်ရင်းက ငယ်သေးတယ် ဟုတ်လား၊ အသ ဆယ့်ကိုးနှစ် နှစ်ဆယ်ဆိုတာ လူလားမြောက်နေပြီ၊ အပျိုကြီးဖား ဖြစ်နေပါပြီ၊ အသက် ဆယ့်လေးငါးနှစ်လောက်နဲ့ ဝန်ကတော် မှူး



မတ်ကြီးကတော်တွေ ဖြစ်နေကြတာ တစ်ပုံကြီးပါကွယ်၊ တို့ပြည်မှာ မိန်းကလေးတွေဟာ ငယ်ဖို့ပဲ လိုပါတယ်”

“အို … ဒေါ်လေးကလည်း နားရှက်စရာကြီး”

လုဝမ်ရင်းသည် ပန်းနုရောင်မျက်နှာထားဖြင့် ပြောလိုက်၏။ ကျင်ရှာမွေးက …

“ဒေါ်လေးက ငါ့တူမလေးကို သိသင့်သိထိုက်တာတွေ ပြော ပြတာပါ၊ တူမလေးက ရွာမှာနေတာဆိုတော့ အသိအမြင် ဗဟုသုတ နည်းပါးတာပေါ့၊ ငါ့တူမလေးရဲ့ အစ်ကိုက တူမလေးကို ငယ်ပါ သေးတယ်လို့ဆိုလို့ ဒေါ်လေးက ရှင်းပြတာပါ”

“ဒါကတော့ … သူ … သူ … ”

လုဝမ်ရင်းမှာ ရှေ့ဆက်၍ စကားမပြောနိုင်တော့ဘဲ ထစ်ငေါ့ နေသည်။

“သူ ဘာဖြစ်သလဲပြောစမ်းပါ တူမလေး”

ဒေါ်လေးကျင်ရှာမွေးက သူမ၏စကားကို ဖမ်းပြီးမေးလိုက်၏။

“ဒီ … ဒီလိုပါ ဒေါ်လေးရယ်၊ ကျွန်မက သူ့နှမဖြစ်နေတော့ သူက စိုးရိမ်မှာပေါ့ ဒေါ်လေးရယ်”

“ဪ … ဒါလား”

ဒေါ်လေးကျင်ရှာမွေးသည် သက်ပြင်းတစ်ချက် ချလိုက်သကဲ့သို့ တန်ထင်ဟုန်ကလည်း တံတွေးမျိုချလိုက်ရ၏။

✱ ✱ ✱

## (၂၆)
## ချဉ်းကပ်စုံစမ်းလာသူ

ထိုစဉ် အပြင်မှ ချောက်ခနဲ အသံကြားလိုက်ရ၏။ တန်ထင်ဟုန်သည် ခုန်ထလိုက်၏။

"ဘာဖြစ်တာလဲ"

ကျင်ရှာမွေးက မေးလိုက်၏။

တန်ထင်ဟုန်က ...

"တစ်ခုခုတော့ တစ်ခုခုပဲ"

တန်ထင်ဟုန်သည် ပြေးထွက်သွားလေတော့၏။ တန်ထင်ဟုန် အထဲပြန်ဝင်လာပြီး ...

"ဒေါ်လေး ... ကျွန်တော်တို့ ဦးလေးဆီ သွားရအောင်"

သူတို့ ထွက်လာကြသောအခါ လုချူကြီး၏အော်သံကို ကြားနေရသည်။

"ဟော့ ... ဟိုဘက်ကဘယ်သူလဲ၊ ခက်ရင်းနဲ့ပစ်လိုက်ရမလား"

သူတို့လူစုသည် ခြံဝင်းထဲဆင်းပြီး လုချူကြီး၏အသံကြားရာသို့



လာကြရလေသည်။ ပန်းခြံ ခြံစည်းရိုးအနီး၌ ခက်ရင်းခွကြီး ကိုင်ပြီး လိုက်လံရှာဖွေနေသော လုချူကြီးအား တွေ့ကြ၏။

"ဘာ ... ဘာဖြစ်တာလဲ လုချူကြီးရဲ့"

ကျင်ရှာမွေးမှာ အသက်ငယ်သော်လည်း လုချူကြီး၏မရီးတော် နေသဖြင့် ကျင်ရှာမွေးက အစ်မကြီးအရာမှ မေးလိုက်သည်။

လုချူကြီးက ...

"ဒီနားမှာ လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရတယ်၊ အဲဒါ ကျုပ်က အော်မေးတာ ဘာမှ ပြန်မပြောဘဲ ခြံထဲဝင်သွားတယ်၊ ဒါကြောင့် လိုက်ရှာနေတာ"

ကျင်ရှာမွေးက မေးသည်။

"တန်ထင်ဟုန် ... မင်း အဲဒီဘက်က စောစောက ဝင်လာတာ မဟုတ်လား၊ မင်း ဘယ်သူ့ကိုမှ မတွေ့ဘူးလား"

မတွေ့ပါဘူး ဒေါ်လေး"

ထိုစဉ် ကြယ်ပစ်ဝိဇ္ဇာ လုရှုဟုန်နှင့် ရွှေလုံ့ပျံလီတာကျော့တို့ သည် အပြေးကလေး ရောက်ရှိလာလေ၏။ သူတို့သည် လက်နက် ကိုယ်စီ ကိုင်ထားကြ၏။ လုချူကြီး ပြေးထွက်သွားပြီဆိုတော့ ရန်သူတစ်ယောက်က ချဉ်းကပ်လာနိုင်သည်။

"ဘာဖြစ်တာလဲ လုချူကြီး"

"လူရိပ်တစ်ရိပ်တွေ့လိုက်တယ်၊ ခြံနားကို ကပ်လာတာပဲ၊ ဒီကောင် အဆောက်အအုံအတင့်ရဲတယ်၊ သိုင်းညီနောင်သုံးဖော်ရှိတဲ့အိမ်ကို ကပ်ရဲတဲ့ကောင်ဟာ အတော် သတ္တိကောင်းတာပဲ"

"သူ ဘယ်ရောက်သွားသလဲ"

"ဒီခြံနားမှာ ပျောက်သွားတာပဲ"

"ဟေ ... "

"သေချာရဲ့လား၊ တစ်ခါတစ်လေ စိတ်အထင်မှားတတ်တယ်"

လုရှူဟုန်က ပြောလိုက်သောအခါ လုချူကြီး စိတ်ဆိုးသွား၏။

"ဘာများရမှာလဲ၊ ကျုပ်အရက်သောက်တာ မူးမှမမူးသေးတာ၊ နောက်ပြီး ကျုပ်က နောင်ကြီးတို့ထက် အရက်ပိုပြီးသောက်နိုင်တဲ့ ကောင်ပါဗျ"

"ဟုတ်ပါတယ်ကွာ၊ မင်း သောက်နိုင်ပါတယ်"

"ခုနက တွေ့တဲ့ကောင်က ဝတ်ရုံနက်နဲ့ဗျ၊ ညကြီးမင်းကြီး ဝတ်စုံနက်ကို တွေ့လိုက်တယ်ဆိုကတည်းက ကျုပ် ဘယ်လောက် သေချာတယ်ဆိုတာ နောင်ကြီးတို့ သိသင့်ပါပြီ"

"ကျုပ်က လူမှားဆော်မိမှာစိုးလို့ ခက်ရင်းခွနဲ့မပစ်ဘဲနဲ့ နှုတ်နဲ့ မေလှလိုက်မိတာ၊ အဲဒါ မှားသွားတယ်၊ စောစောကတည်းက ပစ် ထည့်လိုက်ရရင်ကောင်းသား"

လုချူကြီးက အတော်မကျေမချမ်း ဖြစ်နေ၏။ သူသည် ပန်း ပင်များ၊ ခြုံများကြားထဲသို့ ခက်ရင်းခွဖြင့် လိုက်ထိုးနေသည်။

လုရှူဟုန်က ...

"ညီလေး ... လိုက်မထိုးနဲ့တော့၊ မင်းကောင် ခုလောက်ဆို ဟိုဘက်ရွာအစွန်ဘက် ရောက်နေပြီကွ"

လုချူကြီးက စိတ်ပျက်လက်ပျက် ခေါင်းညိတ်၏။



"သေချာတယ်ဗျ၊ ခုလောက်ဆို အဝေးကြီး ရောက်ရောပေါ့"

ရွှေလုံ့ပျံ့လီတာကျွေက လုံ့ကိုဆရင်း ...

"ဟဲ ... ဟဲ ... ဟဲ ... ခုနေ ငါတို့ညီအစ်ကိုတစ်စုနဲ့ ရန်သူ တစ်ယောက် တွေ့လိုက်ရင် အဲဒီရန်သူတော့ မလွယ်ဘူး၊ ငါ့လုံ့ပျံ့ ကလည်း လေ့သာ လေ့ကျင့်နေရတာ တကယ့်ရန်သူနဲ့ မတွေ့တာ အတော်ကြာနေပြီ၊ လေ့ကျင့်ရုံနဲ့တော့ သိုင်းပညာတကယ် မတိုးတက် ဘူးကွ၊ တကယ့်တိုက်ပွဲတွေလည်း နွဲပေးမှ အစွမ်းထက်မြက်လာတတ တယ်"

လုရှူဟုန်က ...

"အလကားနေရင်း လုံ့စွမ်းမပြချင်ပါနဲ့ကွာ၊ ကဲ ... အားလုံး အိမ်ထဲဝင်ရအောင်၊ အစောင့်တွေကို နိုးနိုးကြားကြားရှိဖို့ ငါ သတိပေး လိုက်ဦးမယ်"

"သတိပေးမနေနဲ့ဗျာ၊ ဘယ်ရန်သူမှ ရောက်လာမှာ မဟုတ် တော့ပါဘူး"

လုချူကြီးက သူ့အတွေ့အကြုံများအရ ပြောလိုက်၏။

သူတို့အားလုံး အိမ်ထဲပြန်ဝင်လာကြသည်။ သူတို့အားလုံး ကိုယ့်အခန်းဆီကို ကိုယ်ပြန်ကြ၏။ လုချူကြီးတစ်ယောက် ပြတင်း ပေါက်မှနေ၍ စောစောက လူရိပ်တွေ့သည့် ပန်းခြံအနီးကို မမှိတ် မသုန် စိုက်ကြည့်နေလေသည်။

✱ ✱ ✱

## (၂၇)
## ဆွေးနွေးတိုင်ပင် ဓာတ်ရှုပ်ခွင်

"ဒေါက် ..."

"ဒေါက် ... ဒေါက် ... ဒေါက်"

"ဒေါက် ..."

"ဒေါက် ... ဒေါက် ... ဒေါက်"

အခန်းထဲမှ တရုပ်ရုပ်ခြေသံကို ကြားလိုက်ရ၏။ ခြေသံကို ခြေသံကို တမင်ကြားအောင်လျှောက်ခြင်း ဖြစ်သည်။ ခြေသံမကြားအောင်လည်း လျှောက်နိုင်သည်။

"ဦးလေး လုချူကြီးလား"

"ဟုတ်တယ် ... တန်ထင်ဟုန်"

"ကြွ ..."

ချက်ချင်းပင် တံခါးတစ်ချပ် ပွင့်လာ၏၊ လီဖူးယုံ၏မျက်နှာ ပေါ်လာ၏။

"မြန်မြန်ဝင် ဦး၊ ခုနက လမ်းလျှောက်သံကြားနေရတယ်၊ ကျွန်တော့်စိတ်ထင် လူစိမ်းတစ်ယောက် ရှိနေတယ်လို့ ထင်တယ်၊



ကျွန်တော် မသက်သာဘူး၊ ကျွန်တော့်အကြောင်းကို စုံစမ်းတဲ့လူ ဖြစ်ချင် ဖြစ်နိုင်တယ်"

"မင်းက ဘာလို့ထွက်ပြီး မရှင်းတာလဲ၊ ဒါမျိုးဆိုတာ အောင့်မခံနဲ့၊ ထွက်ပြီး ရှင်းပစ်လိုက်"

"ရှူး ... ဝင် မြန်မြန်ဝင် ဦး"

လုချူကြီးသည် ဘာမျှမပြောတော့ဘဲ အခန်းထဲသို့ လျင်မြန်စွာ ဝင်လိုက်၏။

လုချူကြီးနှင့် လီဖူးယုံတို့သည် လျှို့ဝှက်တံခါးခေါက်သံ သတ်မှတ်ထားကြ၏။ ကျင်းဟုတ်ကြီးနှင့် လီဖူးယုံတို့ သတ်မှတ်ထားသကဲ့သို့ ဖြစ်၏။ တစ်ချက်ခေါက် သုံးချက်ခေါက်။

တစ်ချက်ခေါက် သုံးချက်ခေါက် နှစ်ကြိမ်ခေါက်လျှင် လုချူကြီးမှန်း လီဖူးယုံသိပြီ။ ဤသို့ လျှို့ဝှက်တံခါးခေါက်သံ မသတ်မှတ်၍လည်း မရပါ။ လီဖူးယုံကိုတော့ လူတကာ မရှာပါ။ စစ်လုယောင်ကိုတော့ ရှာနေသူ အများအပြားရှိ၏။

ထို့ပြင် လီဖူးယုံကလည်း ဆောင်ရွက်စရာကိစ္စ အများအပြား ရှိနေ၏။

သို့သော် လီဖူးယုံ အချိန်းအဆက်ပြုထားသူမှာ နှစ်ယောက်သာ ဖြစ်၏။ ကျင်းဟုတ်ကြီးကို သူ ယုံသည်။ အချိန်းအချက် ပြုထား၏။

နောက်တစ်ဦးမှာ လုချူကြီး ဖြစ်၏။ လုချူကြီးကတော့ အရင်းတကာ့အရင်းဆုံး ဦးလေး ဖြစ်၏။

အကယ်၍ တံခါးကို ပစ်စလက်ခတ်ခေါက်သူဆိုလျှင် အထဲမှ တိုက်ရိုက်စီစဉ်ထားနိုင်၏။ ရန်သူဖြစ်လျှင် အထဲမှ ပြင်းထန်သော တိုက်ခိုက်မှုနှင့် ကြုံတွေ့သွားရပေမည်။

လီဖူးယုံသည် သတိအမြဲရှိသူ ဖြစ်၏။ သူကဲ့သို့ အန္တရာယ်များလှသူ၊ ရန်သူများသူအဖို့ သတိလက်လွတ်၍ မဖြစ်ပေ။

သူ၏ လက်ကိုင်ရိုးအနက်ရှိသော ဘားညီနောင်နှစ်လက်မှာ ခေါင်းအုံးစွမ်း တစ်ဖက်တစ်ချက်တွင် အမြဲတမ်း ရှိနေသည်။

ယခု ဦးလေးလုချူကြီးမှန်းသိ၍သာ ဓား,မကိုင်ခြင်းဖြစ်သည်။ တံခါးအခေါက်မှားလျှင် ဓားနှစ်လက်သည် သူနှင့်တွေ့သွားမည်သာ ဖြစ်သည်။

တံခါး ခေါက်သံကြားသည် မဆိုထားနှင့် တံခါးရှေ့၌ ချွတ်ချ် ခြေသံကြားသည်နှင့် ဓားနှစ်လက်သည် သူ့လက်ထဲ၌ ဝပ်ပါသွားပေလိမ့်မည်။

တည်းခိုခန်းဆိုသည်မှာ လူမျိုးတစ်ရာ့တစ်ပါး ဝင်ထွက်သွားလာနေသောနေရာ ဖြစ်၏။ ဤအခန်းမျိုး၌နေလျှင် သတိမပြတ်မှ တော်ကာကျပေလိမ့်မည်။

"အင်း ... မင်းကတော့ မဆိုးပါဘူး၊ သတိတော့ ရှိသားပဲ"

"သတိမရှိလို့ ဘယ်ဖြစ်မလဲ ဦးရယ်၊ ကျွန်တော် သေသွားမှာပေါ့၊ ဒါက တည်းခိုခန်းပဲ၊ ကဲ ... ဦး ဘာထူးသေးသလဲဟင်"

"နေပြည်တော်က နောင်ကြီးလီတာကျွေတို့လင်မယား ရောက်နေကြပြီကွ၊ အဲဒီသတင်း မင်း ကြားပြီးပြီလား"



ထိုအခါ လီဖူးယုံသည် ဝမ်းသာအားရ ဖြစ်သွား၏။

"ဟာ ... ဦးလီတာကျွေတို့ ရောက်နေပြီ ဟုတ်လား၊ ကျွန်တော် သိပ်တွေ့ချင်တာပဲ၊ ဆယ်နှစ် ဆယ့်နှစ်နှစ်အိုတာ အချိန်မနည်းဘူးနော်၊ ဦးဦးလီတာကျွေ ရုပ်ရည် သိပ်ပြောင်းသွားသလား"

"ဘယ်ပြောင်းမှာလဲကွာ၊ သူတို့နေပြည်တော်မှာ ဒီဆယ်နှစ်စလုံး အေးချမ်းနေတာပဲ၊ သူက ပိုလို့တောင် နုပျိုလာသေးတယ်ကွ"

"ဟုတ်လား ... ကျွန်တော် သိပ်တွေ့ချင်နေတာပဲ ဦးရယ်"

လီဖူးယုံမှာ လွမ်းဆွတ်တမ်းတစွာ ပြောနေသဖြင့် လုချူကြီး စိတ်မကောင်း ဖြစ်သွား၏။

"ဩော် ... တူကလေး ... တူကလေး ... သူများတွေ ငယ်ငယ်ရွယ်ရွယ်မှာဆိုရင် ပညာသင်၊ အေးဆေးစွာနေ၊ စည်းစိမ်ခံနေကြတယ်၊ မင်းမှာတော့ အေးဆေးစွာ မနေနိုင်ဘူး၊ ဘယ်ကဝဋ်ကြွေးများပါလာသလဲ မသိပါဘူးကွယ်"

လုချူကြီးသည် လီဖူးယုံအားကြည့်ပြီး စိတ်တွင်းက ပြောလိုက်မိ၏။

မှန်သည်။ တန်ထင်ဟုန် လူမှန်းမသိခင်က မိခင် ဆုံးခဲ့ရ၏။ လူမှန်းသိတတ်စတွင် ဖခင်က အသတ်ခံရပြန်သည်။ သူ အရွယ်မရောက်မီ လုပ်ကြံခံရပြန်၏။

အရွယ်ရောက်သောအခါ ဆွေမျိုးဉာတိများနှင့် သိုက်သိုက်ဝန်းဝန်း မနေရဘဲ ခိုးကြောင်ခိုးဝှက် နေနေရရှာပြန်သည်။

✻ ❈ ✻

## (၂၈)

လူ့ဘီလူးကြီးလုချူကီးသည် စဉ်းစားရင်း ပြောသည်။

"ငါလည်း စဉ်းစားနေတာပဲ၊ ဒီကောင် ခြံနားကို ဘာဖြစ်လို့ ကပ်လာတာလဲ၊ သူ့ဘာသာ စုံစမ်းဖို့ဆိုတာတော့ မလွယ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စုံစမ်းခံရမယ့်လူတွေက အရင့်အမာ သိုင်းသမားကြီးတွေဖြစ်နေလို့ပဲ၊ ငါ ဆင်းလိုက်တော့ ပျောက်သွားတာပဲ"

"သူတို့ ချိန်းတွေ့ဖို့ကြိုးစားတာ ဖြစ်မယ်၊ ပုန်းခိုဖို့နေရာတွေကိုလည်း ပြောထားတာ ဖြစ်မယ်"

"ဖြစ်နိုင်တယ်"

"ကျွန်တော့်စိတ်ထင်တော့ ဒီအဖြစ်အပျက်ရဲ့ နောက်ကွယ်မှာ လူတစ်ယောက်၊ ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုက ကြိုးကိုင်နေမယ်လို့ ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူလုပ်နေတာတွေက စနစ်တကျရှိတယ်၊ အရမ်းလုပ်တာ မဟုတ်ဘူး"

လုချူကီးသည် ငြိမ်သက်စွာ စဉ်းစားနေလေ၏။



"ဒါနဲ့ သေတ္တာကိစ္စရော ပြောမိသေးသလားဟင်"

"အေး ... ငါကတော့ မပြောပါဘူး၊ အသာစောင့်ကြည့်နေမိတာပဲ၊ နောင်ကြီးလီတာကျွေက ပြောတယ်ကွ"

"ဦးလီတာကျွေက ဘာပြောလဲ"

"နောင်ကြီးလီတာကျွေကတော့ ဖွင့်ကြည့်ဖို့ ပြောတာပဲ"

"ဘာဘကြီးကကော ဘာပြောသေးလဲ"

"သော့က အစကတည်းက ပါမလာခဲ့တာ အားလုံးသိနေကြတယ်၊ ဒီတော့ သူက ဖွင့်မကြည့်ရသေးဘူး၊ ဖွင့်ကြည့်ဖို့ သဘောမတူဘူးတဲ့၊ ရိုက်ဖွင့်ကြည့်ရင်တော့ ရမှာပေါ့လေ"

လီဖူးယုံက ခေါင်းညိတ်လေ၏။

"နောင်ကြီးလီတာကျွေပြောတာလည်း မဆိုးပါဘူး၊ ဖွင့်ကြည့်လို့ တန်ထင်ဟုန်အတွက် ကောင်းရာကောင်းကျိုး ဖြစ်နေရင်တော့ အကြောင်းမဟုတ်ဘူး၊ မကောင်းရာမကောင်းကြောင်း ဖြစ်နေရင် အားလုံးက ဝိုင်းဝန်းစောင့်ရှောက်ကြမယ်လို့ ပြောတာပါ၊ နောင်ကြီးလီတာကျွေပြောတာလည်း မဆိုးပါဘူး"

"ဟုတ်တယ် မဆိုးပါဘူး"

"နောင်ကြီးလီတာကျွေက ဒီပြင်အကြောင်း မပြပါဘူး၊ အကြောင်းမပြတာကလည်း မဆိုင်လို့လေ၊ ဆိုင်တဲ့အကြောင်းပြတာတောင် နောင်ကြီးလုရှုဟုန်က သဘောမတူသေးတာ၊ မဆိုတာဆိုရင် ပိုဆိုးမှာပေါ့"

"အင်းလေ ... သံသေတ္တာရကတည်းက အားလုံး ဖွင့်မကြည့်ဖို့

သဘောတူလိုက်ကြတော့ အခုမှ ပိုဆိုးသွားတာပေါ့၊ ကျုန်တော်ကလည်း အရှုယ်ရောက်နေပြီ မဟုတ်လား”

“အေး … မင်းအရွယ်ရောက်တာလည်း တစ်ကြောင်းပေါ့၊ ဒါနဲ့ သူတို့ သံသေတ္တာဖွင့်ကြည့်ဖို့ကိစ္စ ပျက်သွားတယ်”

“သူပြောတာ ဘောင်ဝင်နေတာကိုး၊ ဦးတို့ပြောလို့ မရတော့ဘူးပေါ့”

“ဟုတ်တယ် … အထဲမှာ ပစ္စည်းရှိတာ မရှိတာလည်း သူတို့အပြစ် မဟုတ်ဘူးတဲ့၊ တန်ထင်ဟုန်ရဲ့ပြဿနာပဲတဲ့၊ ဒါလည်း မှန်တယ်လေ၊ တန်ထင်လင်းက အထဲမှာ ဘာရှိတယ်ဆိုတာကို ပြောမှ မပြောလိုက်တာပဲ”

“အဲဒီသေတ္တာကို ဘယ်အချိန်ကျမှ ပေးမှာတဲ့လဲ”

“တန်ထင်ဟုန်နဲ့ လုဝမ်ရင်းတို့ လက်ထပ်တဲ့အခါမှာ ပေးအပ်မယ်လို့ သဘောတူညီလိုက်ကြတယ်”

“ဗျာ … လုဝမ်ရင်းနဲ့ လက်ဆက်တဲ့အခါကျမှ ဒီသေတ္တာကို ပေးမယ် ဟုတ်လား”

လုချူကြီးသည် အော်ဟာစ်ရယ်မောလေ၏။ သူ့အသံကြီးမှာ အခန်းထဲ၌ ဘောင်ဘင်ခတ်သွား၏။ လီဖူးယုံမှာ သူ့အား သတိပေးလိုသော်လည်း ဦးလေးဖြစ်နေ၍ အခက်တွေ့နေသည်။ သူ ခေါင်းကုတ်နေ၏။

“ဟား … ဟား … ဟား … ဘာလဲ၊ မင်း လန့်သွားပြီလား၊ နှာခြောတတ်လိုက်တာ လွန်ရောကွာ”



“ဟာ … ဦးပဲ စဉ်းစားကြည့်ပါဦး၊ ဟိုကောင်က လူစိမ်းတစ်ယောက်ပဲဟာ၊ ကျွန်တော့်လို လူရင်းထဲကဆိုရင်တော့ ကျွန်တော် ဘယ်လိုမှ မခံစားရပါဘူး၊ အခုတော့ ခံစားရတာပေါ့ ဦးရယ်”

လုချူကြီးက ငါသိပါတယ်ဟူသော မျက်နှာထားဖြင့် ကြည့်၏။

“ဟုတ်ရဲ့လား … မင်းကိုယ်မင်း ဆန်းစစ်ကြည့်ဦးနော်၊ အစ်ကိုတစ်ယောက်လို တွန့်တိုနေတာလား၊ ချစ်သူတစ်ယောက်လို တွန့်တိုနေတာလားဆိုတာ မင်း ဆန်းစစ်ကြည့်ဦး”

“ကျွန်တော်ကတော့ ဒီအတုအယောင်နဲ့ လုံးဝ သဘောမတူပါဘူးဦးရာ”

“အေး … စိတ်အေးအေးသာထားပါ ကောင်လေးရယ်၊ လူကြီးတွေက အတင်းအကျပ် မစီစဉ်ကြသေးပါဘူး၊ သူတို့ချင်း ရင်းနှီးအောင် စောင့်မယ်ဆိုတဲ့သဘော ရှိပါတယ်၊ ဟဲ … ဟဲ”

“ဒါလည်း ကောင်းပါတယ် ခင်ဗျာ”

“အဲ … ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ကြိုးချင်းထား ကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိဆိုတဲ့ စကားတစ်ခုတော့ရှိတယ်နော်၊ မိန်းကလေးက ဟိုကောင့်ကို အတုအယောင်လို့ သိထားတာမဟုတ်ဘူး၊ ဒီတော့ သတိမရှိနိုင်ဘူးပေါ့”

“ဒါတော့ ဘယ်တတ်နိုင်မလဲ၊ သူတို့က စိတ်ပါသွားတာကိုး၊ ကျွန်တော် ခွင့်လွှတ်ရမှာပေါ့”

“ဒေါက် … ဒေါက် … ဒေါက်”

စကားပြောနေစဉ် တံခါးခေါက်သံ ပေါ်လာ၏။ လူချုကြီးသည် ခက်ရင်းခွကို တင်းကျပ်စွာကိုင်မိ၏။ သူသည် လီဖူးယုံကို လှမ်းကြည့်လိုက်၏။

လီဖူးယုံက လူချုကြီးအား စိတ်အေးအေးထားရန် အချက်ပြလိုက်၏။ နှုတ်မှလည်း ပြော၏။

"မပူပါနဲ့ဦး၊ ဒီဆိုင်ရှင် ဦးကျင်းဟုတ်ကြီးပါ"

လီဖူးယုံသည် အပြင်သို့ လှမ်းမေးလိုက်၏။

"ဘယ်သူလဲ ... တံခါးခေါက်တာ"

"ငါပါကွ၊ ကျင်းဟုတ်ကြီးပါ"

လီဖူးယုံက တမင်မေးလိုက်ခြင်း ဖြစ်၏။

တံခါးဖွင့်ပေးလိုက်သောအခါ ကျင်းဟုတ်သည် အခန်းထဲဝင်လာ၏။ လူချုကြီးအားတွေ့သောအခါ အံ့အားသင့်သွားသည်။

လီဖူးယုံက ပြုံး၍ကြည့်ရင်း ...

"ဦးကျင်းဟုတ်ကြီး အံ့ဩနေသလား"

"အေးကွာ ..."

"မအံ့ဩပါနဲ့ သူဟာ ကျွန်တော့် ဦးလေးပါ"

"ဟော ..."

"သူက တော်ရုံတန်ရုံလူ မဟုတ်ဘူး၊ ကင်းမြီးကောက်ဂိုဏ်းရဲ့ ဂိုဏ်းချုပ် ခက်ရင်းခွဘီလူးကြီး လူချုကြီးတဲ့"

"ဟုတ်လား"

သူသည် လူချုကြီးအား ခြေဆုံးခေါင်းဆုံး ကြည့်လေသည်။



မြင့်မားသောအရပ်၊ ထွားကြိုင်းသောကိုယ်ခန္ဓာ၊ မုတ်ဆိတ်ကျင်စွယ်များဖြင့် တကယ့်ဘီလူးကြီးနှင့် တူ၏။

"ဒါ ... ဒါ တလောက မင်းနဲ့တိုက်ခိုက်ကြတဲ့ သိုင်းသမားကြီး မဟုတ်လား၊ စားပွဲ ကုလားထိုင်တွေကျိုးလို့ လျော်ပေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပဲ မဟုတ်လား"

လူချုကြီးက ပြုံးကြည့်နေသည်။ လီဖူးယုံက ရှင်းပြရလေ၏။

"ဒီလိုပါ ဒီလိုပါ၊ ကျွန်တော့်ဦးလေးနဲ့ ကျွန်တော်ဟာ ကွဲနေတာ နှစ်ပေါင်းအတော်ကြာပါပြီ၊ တစ်ယောက်ကိုတစ်ယောက် မမှတ်မိကြပါဘူး၊ ကျွန်တော်တို့ တိုက်ခိုက်ပြီး လူချင်းကွဲသွားကြတယ်၊ နောက်အပြင်မှာတွေ့ပြီး ကြားလူတစ်ယောက်ကပြောပြလို့ ကျွန်တော့်ဦးလေးမှန်း သိလိုက်ရတာပါ"

"အို ... ကျွတ် ... ကျွတ် ... အဲဒါ သိုင်းသမားတွေရဲ့ ဒုက္ခပဲပေါ့ကွာ၊ ကိုယ့်တူကိုယ့်သားမှန်း မသိနိုင်လောက်အောင် ဖြစ်ကြရတာ၊ ငါတို့အရပ်သားတွေထဲမှာတော့ မရှိဘူးကွ"

"ဒါကတော့ဗျာ သိုင်းလောကနဲ့ အရပ်လောက တူတာမှ မဟုတ်တာဗျာ"

"နောက်ပြီး တစ်ခုရှိသေးတယ်၊ မင်းတို့ သိုင်းလောကသားတွေက ထစ်ခနဲရှိ တိုက်ကြခိုက်ကြတာပဲ၊ အများမခံကြဘူး၊ ဒီတုန်းက ငါ ကြားဝင်တောင်းပန်ပေလို့၊ နို့မို့ဆိုရင် မင်းတို့တူဝရီးမှန်းမသိဘဲ တိုက်ကြခိုက်ကြရင်း တစ်ဦးနဲ့တစ်ဦး အသေသတ်မိကြမလား တောင် မသိဘူး"

"ဟား ... ဟား ... ဟား"

"ဟဲ ... ဟဲ ... ဟဲ"

"ဒီတုန်းက ဝင်ပြီးတောင်းပန်တဲ့ ခင်ဗျားကို ကျုပ် ကျေးဇူးတင်ပါတယ်ဗျာ"

"အေးဗျာ ... ကျုပ်ကတော့ ရန်အေးချင်တာပဲ ရှိပါတယ်၊ ကျုပ်ဆိုင်ထဲ ဝင်ဝင်လာပြီး သတ်ပုတ်နေကြတော့ ကျုပ်တို့ အမြဲပဲ ရင်ဖို့နေရတယ်"

လီဖူးယုံက တောင်းပန်လိုက်၏။

"ဒါတွေ ထားလိုက်ပါတော့ ဦးကျင်းဟုတ်ကြီးရာ ... အခု အကြောင်းထူးကို ပြောလေ၊ ဘာများ သိလာသလဲ"

ကျင်းဟုတ်ကြီးသည် အကြောင်းမဲ့ အပေါ်ထပ်သို့ တက်မလာတတ်ပေ။

သူနှင့် ခင်မင်ပြီးကတည်းက သူ့ကို သတိပေးရန်၊ ကြိုတင်ပြောကြားရန် အကြောင်းကိစ္စရှိမှသာ သူသည် အပေါ်ထပ်သို့ တက်လာတတ်၏။

ယခု အပေါ်ထပ်သို့ တက်လာခြင်းမှာ သူ့အား ပြောကြားရန် အချက်တစ်ခုခုရှိမည်ဟု လီဖူးယုံ ယုံကြည်၏။ ထို့ကြောင့် ဤသို့ မေးမြန်းလိုက်ခြင်း ဖြစ်သည်။

ပထမပိုင်းပြီး၏

တက္ကသိုလ်နေလင်းအောင်

တက္ကသိုလ်

# ရေဂင်းဒေါင်

ကျင်း၊ ယုံ၏ ကျောတောင်ရှာ

အတုမဲ့ဓားသမား



# တက္ကသိုလ် နေလင်းအောင်

---

# အတုမဲ့ ဓားသမား

ဒုတိယပိုင်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၀၉၂၀၇၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၀၁၇၀၈၀၈
၂၀၀၈ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀၀/-ကျပ်

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံး ပုံနှိပ်

ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅-လမ်း။ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
9(H) နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## (၂၉)

## မထွက်စဖူးထွက်သော ဒေါသ

ထိုအခါ ကျင်းဟုတ်ကြီးက လုချူကီးအား လှမ်းကြည့်သည်။ သူ့စိတ်အလလိုအရ လီဖူးယုံအား နှစ်ကိုယ်ကြားပြောကြားရန်သာ သင့်သည်ဟု ယူဆသည်။

လီဖူးယုံက …

“ပြောသာပြောပါ ဦးကျင်းဟုတ်ကြီးရဲ့၊ ကျွန်တော့်ဦးလေးဟာ ကျွန်တော်နဲ့ နှစ်ကိုယ့်တစ်စိတ်ပါ၊ ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဘာလျှို့ဝှက်ချက်မှ မရှိပါဘူး၊ ဆိုးတိုင်ပင် ကောင်းတိုင်ပင်လူတွေပါ၊ အခုလည်း ကျွန်တော်တို့ တိုင်ပင်နေကြတာပါပဲ”

ထိုအခါ ကျင်းဟုတ်ကြီးက ခေါင်းညိတ်သည်။

“ကောင်းပြီလေ … မင်း အရေးမကြီးဘူး ပြော့ဆိုတော့လည်း ပြောရတာပေါ့ကွာ၊ ငါကတော့ မင်းကို သံယောဇဉ်ရှိတဲ့သူမို့လို့ မင်း ပျက်စီးရာပျက်စီးကြောင်း ဖြစ်သွားမှာကို ကြောက်တာပေါ့၊ ဘာမှ မဖြစ်ဘူးဆိုရင် ပြီးတာပါပဲ”

လုချူကီးသည် ကျင်းဟုတ်ကြီးက လီဖူးယုံအပေါ်ထားသည့်

သံယောဇဉ်ကို ခေါင်းတစ်ညိတ်ညိတ်လုပ်ရင်း အသိအမှတ်ပြုနေ၏။ လူလူချင်း မြင်ရုံနှင့် သံယောဇဉ်ရှိသည်မှာ မလွယ်ကူချေ။

သို့သော် သူ့တူကိုတော့ ယုံ၏။ သူ့တူကို များသောအားဖြင့် သံယောဇဉ်ရှိကြလိမ့်မည်ဟု သူ ယုံကြည်၏။

"ရော ... ဟောဒီမှာ စာတစ်စောင်"

"ဘာစာလဲဗျ"

"ငါ့စကားကို ဆုံးအောင်နားထောင်ပါဦးလေ၊ ဟိုတစ်ခါ မင်းကိုမေးကြတဲ့ လူနှစ်ယောက်ရှိကြတယ် မဟုတ်လား၊ မင်း မှတ်မိရဲ့လား မသိဘူး၊ ပိန်ပိန်ရှည်ရှည် ကုလားအုတ်လိုလူနဲ့ မင်းကို လာမေးကြတာလေ၊ အဲဒီ ကုလားအုတ်လိုလူက ပေးသွားတဲ့စာကွ"

လီဖူးယုံသည် ကျင်းဟုတ်ကြီးလက်ထဲမှ စာကိုယူ၍ ဖြန့်ဖတ်လိုက်သည်။

"သို့

*ဓားညီနောင် စစ်ကုယောင် ...*

*မင်းရဲ့မိန်းကလေး သံကျာပွတ်မယ်ရှုလန်ကို ငါတို့ ဖမ်းထားပြီ၊ ငါတို့လက်ထဲ ရောက်နေပြီ၊ သူ့အသက်ကို မင်း နှမြောရင် ဝံပုလွေ တွေဆီကို လာခဲ့ပါ၊ မင်းကို ကြိုဆိုပါတယ်။*

*မင်းရဲ့ရန်သူတော်*

*ဝံပုလွေ ကျောက်စင်လား"*

လုချူကြီးနှင့် ကျင်းဟုတ်ကြီးတို့သည် လီဖူးယုံခေါ် တန်ထင်ဟုန်၏ မျက်နှာကို အကဲခတ်နေကြသည်။ သူတို့သည် စာရွက်ပေါ်မှ



စာလုံးများ၏ဆိုလိုချက်ကို လီဖူးယုံ၏မျက်နှာပေါ်၌ ဖတ်လျက်ရှိကြသည်။

လီဖူးယုံ၏မျက်နှာသည် တဖြည်းဖြည်း နီရဲလာလေ၏။ သုန်မှုန်ပြီး တင်းမာခက်ထန်၍ လာလေသည်။

လီဖူးယုံ၏မျက်နှာ ထိုသို့ တင်းမာခြင်းမျိုးကို လုချူကြီးရော ကျင်းဟုတ်ကြီးပါ တစ်ခါမျှ မမြင်ဘူးပါ။ လီဖူးယုံ၏မျက်နှာသည် ဒေါသကြောင့် အလွန် တင်းမာခက်ထန်နေသည်။

"တောက် ..."

တက်ခေါက်သံသည် အခန်းထဲ၌ ကျယ်လောင်စွာ လွင့်ပျံ့လာလေ၏။

လီဖူးယုံ၏တက်ခေါက်သံကြောင့် ကျင်းဟုတ်ကြီး လန့်၍ နောက်ဆုတ်သွားသလို လုချူကြီးလည်း ဆတ်ခနဲ ဖြစ်သွားသည်။

သူတို့သည် လီဖူးယုံ၏ တက်ခေါက်သံကို တုန်လှုပ်သွားမိသည်တော့ အမှန်ပင်။

ကျင်းဟုတ်ကြီးကတော့ မမေးရဲချေ။ အခြေအနေက တင်းမာနေသည် မဟုတ်ပါလား။

လုချူကြီးက မေးသည်။

"ဘာစာလဲကွ"

လီဖူးယုံသည် စာကိုလှမ်းပေးလိုက်သည်။ လုချူကြီးက စာကို ယူပြီး ဖတ်ကြည့်သည်။

"တောက် ..."

လီဖူးယုံသည် ဒုတိယအကြိမ် ကျယ်လောင်စွာ တက်ခေါက်လိုက်ပြန်လေ၏။

ကျင်းဟုတ်ကြီးမှာလည်း ဒုတိယအကြိမ် ယောင်ယမ်းကာ နောက်ဆုတ်မိပြန်လေသည်။

သူသည် တံခါးနှင့်ကျော ကပ်မိသွား၏။

လူချုကြီးက စာကိုပြန်မေးရင်း မယုံကြည်နိုင်သော လေသံဖြင့် မေးလိုက်သည်၊

"တန်ထင်ဟုန် ... မင်းကို ငါ မေးစမ်းပါရစေဦး၊ မင်းဟာ အခု သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ဓားညီနောင် စစ်ကုယောင် ဆိုတာ မင်းလား၊ ဒီစာထဲကအတိုင်းဆိုရင် သူတို့က စစ်ကုယောင် ကိစ္စ ပြောနေတာပဲ၊ မင်းက စစ်ကုယောင် ဖြစ်နေတာလား၊ ငါ့ကို အမှန်အတိုင်း ပြောစမ်းကွာ"

လူ့ဘီလူးကြီးလူချုကြီးက စိတ်လှုပ်ရှားစွာ မေးလိုက်၏။

● ✻ ●



## (၃၀)
## တူ ဝရီး အတူခရီး

လီဖူးယုံ၏ မျက်နှာအောက်ချလိုက်၏။ သို့မှသာ တင်းမာနေသော သူ့မျက်နှာကို သူ့ဦးလေး မြင်နိုင်မည်မဟုတ်တော့ချေ။

"ဟုတ်ပါတယ် ဦးဦးရာ"

"မင်း ... မင်း ... စစ်ကုယောင်နော်၊ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့ဖြစ်နေတဲ့ စစ်ကုယောင်၊ ငါ ... ငါ ... ဝမ်းသာလိုက်တာကွာ၊ မင်းဟာ မင်းအဖေထက်တောင် နာမည်ကြီးနေပြီ"

"ဒါတော့ ကျွန်တော်မသိဘူး ဦးဦးရာ၊ သံကျောပွတ်မယ်ဟာ ကျွန်တော့်အပေါ်မှာ သံယောဇဉ်ကြီးတဲ့ သိုင်းသမားတစ်ယောက်ပါ"

"အေး ... သူ့ကိုလည်း ငါသိပါတယ်၊ သိုင်းလောကမှာ ကျော်ကြားနေတဲ့ သိုင်းသမားပဲ၊ မင်းတို့နှစ်ယောက်စလုံး သိုင်းလောကမှာ ကျော်ကြားတယ်၊ ကျော်ကြားရုံတင် မဟုတ်ဘူး၊ အဲဒီကလေးမဟာ မင်းအပေါ် သံယောဇဉ်ရှိနေတယ်လို့ သိုင်းလောကမှာ ဟိုပြော ဒီပြော ပြောနေကြတာ ငါ ကြားပါတယ်၊ အတော်သံယောဇဉ်ကြီးတဲ့ ကလေးမလို့ ငါတို့ကတောင် ပြောခဲ့ကြသေးတယ်"

ထိုအခါ ကျင်းဟုတ်ကြီးက ရှေ့တိုးလာ၏။

"ငါ သိပြီ ... ငါ သိပြီ၊ မင်းတို့ ပြောနေတာကို ငါ သိပြီ၊ အဲဒီကလေးမဟာ တကယ်လှတာပဲ၊ ငါကတောင် နောက်မိသေးတယ်၊ ရုပ်ရည်ရော ကိုယ်လုံးကိုယ်ပေါက်ရော ဘာမှ အပြစ်ပြောစရာမရှိတဲ့ ကလေးမ မဟုတ်လား။

ငါ့ဆိုင်ကို ဟိုတစ်ခါ လာမေးသေးတယ်လေ၊ စစ်ကုယောင် ရှိသလားလို့ လာမေးတာ၊ ငါတောင် မင်းကို သတိပေးသေးတယ်၊ ငါက မင်းကို အန္တရာယ်ပေးမှာလားလို့ စိုးရိမ်ပြီး မရှိဘူးလို့ ပြောလိုက်မိတယ်၊ သူ ထွက်သွားရှာတာပဲ"

ထိုအခါ လုချူကြီးက ...

"ခင်ဗျားကလည်း သေသေချာချာမသိဘဲနဲ့ ဘာဖြစ်လို့ အဲဒီလို ပြောလိုက်ရတာလဲ"

"ဟာ ... ကျုပ်က ခင်ဗျားတူအတွက် စိုးရိမ်ပြီး ပြောလိုက်တာပါ၊ သူ့ကို တက်ပြောတော့မှ ကျုပ်ငြင်းလိုက်တာ မှားမှန်းသိသွားတယ်၊ ကျုပ်စိတ်ထင် ဒီကထွက်အသွားမှာ အဖမ်းခံလိုက်ရတယ်လို့ ထင်တာပဲ၊ အင်း ... သနားစရာကောင်းတဲ့ မိန်းကလေးပါလားကွာ၊ ကိုယ့်ဘေးရန်တောင်ကိုယ် ဂရုမစိုက်ဘဲ ကိုယ်ချစ်တဲ့ယောက်ျားလေးကို လိုက်ရှာရတယ်လို့ကွာ"

ကျင်းဟုတ်ကြီးသည် စိတ်ပျက်လက်ပျက် ညည်းညူလိုက်၏။

လီဖူးယုံက ...

"ကျွန်တော် လိုက်သွားမယ် ဦးဦး"

"ဟေ ... မင်းသွားရင် ငါလည်းလိုက်မှာပေါ့"



လုချူကြီးစကားကြောင့် လီဖူးယုံ ဒုက္ခရောက်သွား၏။ သူက မလိုက်စေလိုပေ။ ဝံပုလွေများကို သူတစ်ယောက်တည်း ရင်ဆိုင်နိုင်သည်ဟု ယုံကြည်သည်။

"ဟင် ... ဦးဦးလိုက်လို့ မဖြစ်ပါဘူး၊ ဒီကိစ္စဟာ ကျွန်တော့်ကိစ္စပါဗျာ၊ ကိုယ်တိုင် ရှင်းနိုင်ပါတယ်ခင်ဗျာ"

"ဟော့ ... မင်းဟာ ငါ့ကို ကိုယ့်ကိစ္စငါ့ကိစ္စ ခွဲခြားပြီး ပြောနေသေးသလား၊ မင်းကိစ္စကလည်း ငါကိစ္စပဲ မဟုတ်လားကွယ"

"မဟုတ်ပါဘူး ဦးဦးရယ်၊ ဦးဦးဆောင်ရွက်ရမယ့်ကိစ္စ ရှိသေးတယ်မဟုတ်လား၊ ချိုးငှက်သိုက်မြို့စံအိမ်ကြီးမှာ ဦးဦးဆောင်ရွက်ရမယ့်ကိစ္စ ရှိနေသေးတယ်လေ၊ ဦးဦး နေခဲ့မှဖြစ်မယ်ထင်တယ်"

"မင်းဆီက ဒီလိုစကားတွေကြားရတာ ငါ စိတ်မကောင်းဘူး၊ မင်းက တယ်ပြီး ခွဲခြားခွဲခြားလုပ်တဲ့ကောင်ပဲ၊ မင်းကိစ္စကို မင်းအဖေ မသေခင်ကတည်းက ငါက ခေါင်းထဲမှာထည့်ထားခဲ့တယ်၊ မင်းအဖေ သေတော့လည်း မင်းကိစ္စကို ငါ အမြဲတမ်း စဉ်းစားခဲ့တယ်၊ အခုလည်း မင်းကိစ္စကို ငါ့ခေါင်းထဲမှာ အမြဲတမ်းထည့်ထားလျက်ပဲ၊ အခုတော့ မင်းက ငါ့ကို မလိုက်နဲ့လို့ပြောနေပြီ၊ ငါ ရင်နာတယ်ကွာ"

လုချူကြီးသည် တကယ်စိတ်မကောင်းဖြစ်သွားလေ၏။ လီဖူးယုံမှာ သူ့ဦးလေးကို မည်သို့ရှင်းပြရမည်မှန်း မသိတော့။

"ကျွန်တော် ဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူး ဦးဦးရယ်၊ ချိုးငှက်သိုက်မြို့စံအိမ်ကြီးမှာ ဖြစ်ပေါ်နေတဲ့ ဖြစ်ပေါ်နေတဲ့ ပြဿနာလည်း ကျွန်တော့်ပြဿနာပါပဲ၊ ခုကိစ္စမှာ ရှလန်ဟာ ဘာမှ မသိခဲ့ပါဘူး၊ ဒီကိစ္စထဲ သူ ပါလာတာလည်း မဟုတ်ပါဘူး၊ အခု သူဟာ

ကျွန်တော့်အတွက် သက်သက်အဖမ်းခံရတာပါ၊ ဒါကြောင့် ကျွန်တော် သွားရှင်းမှာပါ”

“မင်းရှင်းတော့ ငါလည်း ဝင်ရှင်းသင့်တာပေါ့ကွာ”

“ရှန်စီမြို့ကရန်သူတွေကို ကျွန်တော် လုံးဝ မမှုမပါဘူးခင်ဗျာ၊ သူတို့က ကျွန်တော့်ကို လက်စားချေချင်လို့ အခုလိုလုပ်တာပဲ၊ တစ်ချိန်က ကျွန်တော်ဟာ သူတို့ကို ဆုံးမခဲ့တယ်၊ အထိနာသွားကြတယ်၊ အတော်လေး ခံလိုက်ကြရတယ်၊ ကျွန်တော်တစ်ယောက်တည်း ဆုံးမခဲ့တာပါ၊ သံကျာပွတ်မယ်လည်း မပါ,ပါဘူး”

“သူတို့က သက်သက်မဲ့ သံကျာပွတ်မယ်ကို စားစားခံလုပ်တာပဲကွ”

“အဲဒါကို ကျွန်တော် မခံချင်တာပေါ့၊ သံကျာပွတ်မယ် ကျွန်တော့်အပေါ် သံယောဇဉ်ရှိတာကို သူတို့သိတယ်၊ သိမှာပေါ့ သိုင်းလောက တစ်ခုလုံး သိနေတာကိုး၊ သူတို့ဟာ သံကျာပွတ်မယ်ကို ထောင်ချောက်ဆင်ဖမ်းမယ်၊ နှစ်ယောက်စလုံးကို ညှဉ်းဆဲပြီး သတ်ချင်သတ်မယ်၊ ဒါပေမယ့် ဒီကောင်တွေကို ကျွန်တော် မကြောက်ပါဘူး ဦးဦး”

“မင်းက ဘာဖြစ်လို့ မကြောက်ရမှာလဲ၊ မင်းက တစ်ကိုယ်တော်၊ သူတို့က အဖွဲ့အစည်းနဲ့ကွ”

“မကြောက်တာက အကြောင်းရှိပါတယ်၊ သူတို့ဟာ သံကျာပွတ်မယ် ရှလန်လောက်ရော ကျွန်တော့်လောက်ပါ သိုင်းပညာအဆင့် မရှိကြပါဘူး၊ သိုင်းသမားဆိုရုံကလေး ဆိုနိုင်တဲ့သူတွေပါ၊ ထိပ်တန်းသိုင်းပညာတတ်တဲ့ လူဆိုလို့ တစ်ဦးမှ မပါ,ပါဘူး၊ လူဆိုးစားပြတွေ



သက်သက်ပါဦး၊ ဒါကြောင့် ချိုးငှက်သိုက်မြို့ စံအိမ်ကြီးမှာ ဦးရှိနေပါလို့ ကျွန်တော် တောင်းပန်တာပါ”

လီဖူးယံ့က ရှည်လျားစွာ ရှင်းပြသည်။

“ဟေ့ကောင်... ငါလိုက်ပြီး ရှင်းချင်တာ၊ ငါ့တူလေး တန်ထင်ဟုန်အတွက်ကွ၊ စားညီနောင် စစ်ကုယောင်အတွက် မဟုတ်ဘူး၊ စစ်ကုယောင်ဟာ သိုင်းလောကထဲမှာ ပြိုင်ဘက်ကင်းစားသမားလို့ ကျော်ကြားတာ လူတိုင်းသိတယ်၊ ဒါပေမယ့် တန်ထင်ဟုန်ကိုတော့ ဘယ်သူမှ မသိကြဘူး၊ အဲဒီ ဘယ်သူမှမသိတဲ့ တန်ထင်ဟုန်ဟာ ငါ့တူလေးကွ၊ နာမည်မထင်ရှားတဲ့ တန်ထင်ဟုန်ဟာ ငါ့တူပါကွ၊ ငါချစ်တဲ့ တူကွ”

လူချုကြီး၏ ရင်ထဲမှ ပွင့်အန်ထွက်လာသော စကားများကို စိတ်မကောင်းခြင်းကြီးစွာဖြင့် ပြောကြားလေတော့သည်။ ထိုစကားလုံးများသည် လီဖူးယံ့ကို အထိနာစေပြီး ငိုင်သွားစေသည်။ ဘာမျှ မပြောနိုင်အောင် ဖြစ်သွားစေသည်။

ယခုအခါ ကျင်းဟုတ်ကြီးက ဝင်ရောက် ဖျန်ဖြေရတော့သည်။

“အင်း... ခင်ဗျားပြောတာလည်း အမှန်တွေချည်းပဲ၊ ဒီကောင်လေးပြောတာလည်း အမှန်တွေချည်းပဲ၊ မင်းတို့က သွေးသားတော်စပ်တဲ့လူတွေ၊ ကာယကံရှင်တွေလည်း ဖြစ်တယ်၊ ငါကတော့ ကြားလူ၊ မင်းတို့လို သွေးမပူဘူး၊ ဒီတော့ ငါ ပြောစမ်းပါရစေ”

လီဖူးယံ့နှင့် လူချုကြီးတို့သည် ကျင်းဟုတ်ကြီးကို ကြည့်နေကြသည်။

ကျင်းဟုတ်ကြီးက ...

"လီဖူးယုံ ... မင်း ဒီဝံပုလွေကောင်တွေကို ရှင်းနိုင်ကောင်း ရှင်းနိုင်မယ်၊ ဒါပေမယ့် ဒီ ဝံပုလွေကောင်တွေဟာ စီစဉ်ပြီးမှ လုပ်ကြတာနော်၊ သံကျာပွတ်မယ်ကို ဖမ်းတယ်ဆိုကတည်းက ဒီကောင်တွေဆီမှာ အကြံအစည်ကတော့ ရှိနေပြီ၊ ဘယ်လိုထောင်ချောက်တွေလုပ်ထားမယ်ဆိုတာ မသိနိုင်ဘူး၊ ဒီတော့ မင်းတို့ ရန်သူကို အထင်မသေးပါနဲ့၊ ရန်သူကိုအထင်သေးရင် မင်းဦးလေးကို မင်းခေါ်သွားသင့်တယ်"

"အေးဗျာ ... ပြောစမ်းပါ၊ ခင်ဗျားပြောတာ သဘာဝကျတယ်"

လုချူကြီးက အားရပါးရ ဝင်ပြောသည်။

ကျင်းဟုတ်ကြီးက ...

"အကောင်းဆုံးကတော့ ရှန်စီမြို့ကို မင်းတို့တူဝရီးနှစ်ယောက်စလုံး သွားကြ၊ ဟိုမှာဖြစ်တဲ့ပြဿနာတွေကို ရှင်လင်းကြ၊ ဒီရွာမှာ ရန်သူရှိနေသေးတယ်ဆိုရင် တူဝရီးနှစ်ယောက် ပြန်လာပြီး ရှင်းကြ။

တစ်ယောက်အားနှင့်ယူသော် မရ၊ တစ်သောင်းအားနှင့်ယူသော် ရ၏ ဆိုတဲ့စကားလည်း ရှိတာပဲ မဟုတ်လား၊ မင်းတို့တူဝရီးနှစ်ယောက်က ဆိုးတိုင်ပင်ကောင်းပင် မဟုတ်လား၊ အလုပ် လုပ်တော့လည်း အတူတူ လုပ်သင့်တာပေါ့ကွာ"

လုချူကြီးက ပြုံးနေသည်။

လီဖူးယုံ သက်ပြင်းချမိလေသည်။

"ကဲ ... ဦး ကျွန်တော်နဲ့ ရှန်စီမြို့ကိုလိုက်ခဲ့တော့၊သွားကြမယ်"

လုချူကြီးသည် တူဖြစ်သူ စစ်ကဲယောင်၏ သဘောတူညီမှုကို ရသွားသဖြင့် ကျင်းဟုတ်ကြီးကို ဦးညွတ် ဂါရဝပြုလိုက်လေ၏။

ကျင်းဟုတ်ကြီးက ...



"ရပါတယ်ဗျာ၊ ကျုပ်က ဖြစ်သင့်တာကိုပြောတာပါ၊ ဒီကောင် လီဖူးယုံဆိုတာ ခင်ဗျားတူဖြစ်သလို ကျုပ်ရဲ့တူဆိုလည်း မမှားပါဘူး"

"စိတ်ချပါဗျာ၊ ကျုပ်ရဲ့တူ ခင်ဗျားရဲ့တူလေးကို ကျုပ်ကိုယ်တိုင် လိုက်ပါဆောင်ရွက်ရတော့ ကျုပ် စိတ်ပိုပြီး ပေါ့ပါးတယ်ဗျာ၊ ကဲ ... ဝံပုလွေတွေ မင်းတို့ကို ငါ့ရဲ့ခက်ရင်းခွအကြောင်း ပြရတာပေါ့၊ မကြာခင် ငါ့ခက်ရင်းခွအကြောင်း မင်းတို့ သိရမှာပေါ့ကွာ"

လီဖူးယုံက သူ၏ဦးလေး လုချူကြီးကို အရိုအသေပေးပြီး ကျင်းဟုတ်ကြီးကိုလည်း အရိုအသေပေး၏။ ကျင်းဟုတ်ကြီးသည် ပီတိဖြစ်ပြီး ရယ်သည်။

"လီဖူးယုံ ငါ့ကို အရိုအသေပေးစရာ မလိုပါဘူးကွာ"

"လိုတာပေါ့ခင်ဗျာ၊ ဦးနဲ့ ဦးကျင်းဟုတ်ကြီးဟာ ကျွန်တော့် ဦးလေးတွေပဲဥစ္စာ၊ အရိုအသေပေးဖို့ လိုတာပေါ့ဗျာ"

"ဟား ... ဟား ... ဟား"

ကျင်းဟုတ်ကြီးနှင့် လုချူကြီးတို့ ပီတိဖြစ်ပြီး တဟားဟားနှင့် ရယ်နေကြတော့သည်။

"ကဲ ... ငယ်ငယ်တုန်းက ..."

သူသည် ထိုစကားကိုပြောပြီး သူ၏ လက်တစ်ဖက်ကို ထောင်လိုက်သည်။ ထိုစကားကို လီဖူးယုံက သဘောပေါက်သည်။

"ကဲ ..."

သူသည် လေထဲကျွမ်းပစ်ပြီး လုချူကြီး၏လက်တစ်ဖက်ကို ဖမ်းလိုက်သည်။ လုချူကြီးသည် လက်ကို လျှင်မြန်စွာ ရုပ်လိုက်သည်။ သို့သော် ထိုလက်ကို လီဖူးယုံက ဖမ်းမိသွားလေသည်။

"ဟား … ဟား … ဟား … ငါ့ မှားသွားတယ်၊ မင်းဟာ ငယ်ငယ်တုန်းက တန်ထင်ဟုန်မှ မဟုတ်တော့ဘဲ၊ ဓားညီနောင် စစ်ကုယောင်ဖြစ်နေပြီဆိုတာ ငါ မေ့နေတယ်၊ မင်းဟာ အဆင့်မြင့် သိုင်းသမား ဖြစ်နေပြီပဲ"

ထိုအချိန်မှာ ဓားနှစ်လက် တန်ထင်လင်း မသေခင်က ဖြစ်သည်။ သူတို့သားအဖနှင့်တွေ့တိုင်း လုချူကြီးသည် တန်ထင်ဟုန် ကလေးအား ပညာစမ်းသည်။ သူ လက်ထောင်ပေးပြီး တန်ထင်ဟုန် ကလေးအား ဖမ်းခိုင်းခြင်း ဖြစ်သည်။ ငယ်ရွယ်သေးသော တန်ထင် ဟုန်ကလေး မည်သို့ပင်ဖမ်းဖမ်း လုချူကြီး၏လက်ကို မမိခဲ့ပေ။

ခုတော့ ဖမ်း၍မိသွားခဲ့လေပြီ။

တန်ထင်ဟာဟုန်သည် သိုင်းလောက၌ ဥမမည်စာမမြောက် မဟုတ်တော့ချေ။ လူကြီး ဖြစ်နေချေပြီ။

"ကဲ … ကျွန်တော် ခရီးထွက်တော့မယ် ဦးကျင်းဟုတ်ကြီး"

"အေး … ထွက်ပါကွာ၊ မင်းဦးလေးပါသွားလို့ ငါ စိတ်လက် ပေါ့ပါးသွားတယ်၊ မင်းဟာ သိုင်းလောကမှာ နာမည်ကျော်ချင်ကျော် မယ်၊ ပြဿနာကို ဖြေရှင်းရာမှာတော့ ဦးလေး ဘကြီးတွေရဲ့ဦးနှောက် ရှိချင်မှရှိလိမ့်မယ်၊ ကဲ … ကဲ … မင်းတို့ သွားကြပါတော့၊ အောင်မြင် မှာပါကွယ်"

လုချူကြီးသည်လည်း ကျင်းဟုတ်ကြီးကို နှုတ်ဆက်လေသည်။

ထွက်ခွာသွားသော တူဝရီးနှစ်ယောက်ကို ကျင်းဟုတ်ကြီးသည် အားရကျေနပ်စွာ ကြည့်နေလေသည်။

● ✳ ●



# (၃၁)
# ကတိပျက်သူ

လီဖူးယုံနှင့် ဦးလေးဖြစ်သူ လုချူကြီးတို့သည် မြင်းကိုယ်စီဖြင့် ရှန်စီမြို့သို့ ခရီးနှင်ခဲ့ကြလေ၏။

ရှန်စီမြို့နှင့် အေးချမ်းသာယာမြေဒေသမှာ ခရီးမကွာလှသဖြင့် သူတို့ နေ့တစ်ဝက်မျှသာ ခရီးနှင်ကြရမည် ဖြစ်သည်။

လမ်းခရီးတွင် ခရီးပြင်းနှင်နေစဉ် လုချူကြီးသည် သိလိုသော အကြောင်းများကို မေးမြန်းလာခဲ့သည်။

"ငါ မသိလို့ မေးစမ်းပါရစေဦး၊ လုဝမ်ရင်းနဲ့ ဒန်းစီးပြီး မြစ်ထဲပြုတ်ကျသွားတဲ့ တန်ထင်ဟုန်ဆိုတဲ့ ကောင်လေးဟာ ဆယ်နှစ် အတွင်း သိုင်းလောကမှာ အင်မတန် နာမည်ကြီးနေတဲ့ ဓားညီနောင် စစ်ကုယောင်ဆိုပြီး ဖြစ်လာတဲ့အကြောင်းများ ပြောပြစမ်းပါကွာ"

"ဦးသိချင်ရင် ကျွန်တော် ပြောရတာပေါ့"

ဓားညီနောင် စစ်ကုယောင်က ရှေ့တူရူသို့စိုက်ကြည့်ရင်း ပြော ပြသည်။ သူတို့သည် မြင်းကို စိုင်းနှင်နေသော်လည်း မြင်းများသည် အလွန်နှေးကွေးသည်ဟု ထင်နေကြသည်။

သူတို့သည် မြင်းကို အားသွန်၍စီးနင်းနေကြ၏။

"ကျွန်တော့်ဇာတ်ကြောင်းအစက ဒီလိုဦးရဲ့"

တန်ထင်ဟုန်က စကားခံသည်။

"ဦး ... ကျွန်တော်ပြောရင်း မြင်းကို ဒုန်းစိုင်းစီးမယ်၊ ဦးက အမီလိုက်၊ အဲဒီလို မြင်းပြေးနေတုန်းပြောပြမယ်၊ သဘောတူသလား"

"တူတယ်"

"ကဲ ... ကျွန်တော် မြင်းကိုဒုန်းစိုင်းစီးပြီနော်"

တန်ထင်ဟုန်ခေါ် လီဖူးယုံသည် မြင်းကို တရကြမ်းစီးနင်းလေ၏။ လုချုကြီးမှာ ကျန်ရစ်သည်။ လုချုကြီး အမီလိုက်သည်။

"ဇာတ်ကြောင်းအစက ဒီလိုဦးရဲ့ ..."

လီဖူးယုံ၏စကားကို ကြားသည်ဆိုရုံမျှသာ ကြားလိုက်ရသည်။ သူ၏မြင်းမှာ ရှေ့သို့ တော်တော်ဖြတ်သွားသည်။ လုချုကြီးသည် အမီလိုက်သော်လည်း မမီတော့ပေ။

ဤသို့ဖြင့် သူတို့သည် ရှန်စီမြို့သို့ ရောက်ရှိလာလေ၏။ သို့မှသာ လုချုကြီးသည် လီဖူးယုံကို မီသည်။

"အဲဒါပါပဲ ဦးရေ"

"ဟူး ... ဟူး ... တော်ပါတော့ တန်ထင်ဟုန်ရယ်"

လုချုကြီးက တားမြစ်လိုက်ရ၏။

"ဘာလဲ ... ဦးကို ကျွန်တော်ပြောပြတာပဲ၊ ကြားတာ မကြားတာကတော့ ဦးရဲ့တာဝန်ပဲနော်"

လုချုကြီး၏မြင်းညိုကြီးမှာ အမောတကောပြေးရသဖြင့် ပါးစပ်မှာ အမြှုပ်များထွက်နေသည်။ သူ လီဖူးယုံ၏မြင်းကို ကြည့်လိုက်၏။



"ဟင် ... မင်းရဲ့မြင်းနီမလေးက မမောသလိုပါပဲလား"

မှန်သည်။

လီဖူးယုံစီးသည့် မြင်းနီမလေးမှာ ဤမျှ ပြင်းထန်စွာ ခရီးနှင်ခဲ့သော်လည်း မောပန်းပုံမရချေ။ သို့သော် ချွေးများတော့ထွက်နေ၏။

တကယ်တော့ လီဖူးယုံက လုချုကြီးထက် ပညာသာသွားခြင်းဖြစ်၏။ သူ၏ဇာတ်ကြောင်းကို သူ မပြောချေ။

"ဒီလိုဦးရဲ့ ..." အစချီပြီး "အဲဒါပါပဲ ဦးရေ ..." ဟု စကားနှစ်လုံးသာ ပြောခြင်းဖြစ်သည်။ သူသည်မှ မြင်းစီးရင်း ရှန်စီမြို့မှ ဝံပုလွေများကို မည်သို့တိုက်ခိုက်မည်ကိုသာ စဉ်းစားလာခဲ့သည်။

ရှန်စီမြို့သို့ ရောက်သောအခါတွင် ဝံပုလွေများကို တိုက်ခိုက်ရန် သေနင်္ဂဗျူဟာကို ရရှိခဲ့သည်။ သူသည် သူ၏ဦးလေး လုချုကြီးကို တီးတိုးပြောလိုက်ရာ လုချုကြီးသည် ခေါင်းညိတ်ပြီး မြင်းဇက်ကြိုးကို ဆွဲလှည့်၏။ ထို့နောက် မြင်းကိုစီး၍ ထွက်ခွာသွားသည်။

လီဖူးယုံကတော့ ကျောက်စင်လား၏အိမ်ဆီသို့ ဦးတည်သွား၏။ မကြာမီ ကျောက်စင်လား၏အိမ်ကြီးရှေ့သို့ ရောက်လာသည်။

သူသည် တံခါးအားလှုပ်ယမ်းလျက် အတွင်းသို့ လှမ်းခေါ်၏။

"ဗျို့ ... ကျောက်စင်လား၊ ဒီမှာ စစ်ကုယောင် ရောက်လာပြီ၊ ခင်ဗျားက ကျုပ်ကို ကြိုဆိုမယ်လို့ပြောထားပြီး အခုတော့ တိတ်ဆိတ်ငြိမ်သက်လို့ပါလားဗျ"

ကျောတွင် ဓားနှစ်လက်ကိုသိုင်းလွယ်ပြီး မြက်ဦးထုပ်ကိုဆောင်းထားသော လီဖူးယုံသည် မြင်းပေါ်မှ မဆင်းသေးချေ။ မြင်းပေါ်မှ တံခါးကို ဆွဲလှုပ်နေခြင်း ဖြစ်၏။

သိပ်မကြာချေ။ အိမ်ကြီး၏ လသာဆောင်ဆီမှ ကျောက်စင်လား ထွက်ပေါ်လာ၏။

သူက ညာလက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သောအခါ ခြံထဲမှ သူ့တပည့်များ ထွက်လာ၏။ နေရာအသီးသီး ထောင့်အသီးသီးမှ ထွက်လာခြင်း ဖြစ်သည်။

"အင်မတန် တီကျသေချာတဲ့ ဓားညီနောင် စစ်ကုယောင်ကို ကျုပ်က ကြိုဆိုလျက်ပါဗျာ"

ကျောက်စင်လား အားရဝမ်းသာ ပြောကြားလိုက်သော်လည်း သူ့စိတ်ထဲတွင် ဒီအမဲတော့မိပြီဟု ထင်ထားပုံရ၏။

"ကြိုဆိုပါတယ်ဆိုရင်လည်း ခင်ဗျား ခြံတံခါးကို ဖွင့်လေဗျာ၊ ဘာလဲ ... ကျုပ် ကျော်ဝင်လာရမလား၊ ဒါမှမဟုတ် တံခါးကိုဖျက်ဝင်လာရမှာလား"

"ဟဲ ... ဟဲ ... ဟဲ ... ကျော်လည်းမဝင်ရပါဘူး၊ ဖျက်လည်း မဝင်ရပါဘူး၊ ဣန္ဒြေရရ ဝင်လာရအောင် ကျုပ် စီစဉ်ပေးပါ့မယ်"

"လုပ်လေဗျာ၊ စီစဉ်ရင်လည်း စီစဉ်ပေး"

ကျောက်စင်လားသည် ဒုတိယအကြိမ် လက်ကိုဝှေ့ယမ်းလိုက်ရာ ခြံထဲရှိ သူ့တပည့်သိုင်းသမားအချို့ ပေါ်လာပြန်၏။ သိုင်းသမားတစ်ယောက်က တံခါးလာဖွင့်ပေးသည်။

ကျောက်စင်လားက အော်ပြောလေ၏။

"ခင်ဗျားရဲ့ ကျောပေါ်ကဓားညီနောင်ကို ကျုပ်တို့လူရဲ့လက်ထဲကို အပ်နှံစေချင်တယ် စစ်ကုယောင်"



တံခါးဖွင့်ပေးသော သိုင်းသမားသည် စစ်ကုယောင်၏ဓားကို လှမ်းယူရန် ဟန်ပြင်လိုက်၏။

"ဝုန်း ..."

သိုင်းသမားသည် လွင့်စဉ်ထွက်သွား၏။ စစ်ကုယောင်က မည်သို့လုပ်လိုက်မှန်း မသိပေ။ စစ်ကုယောင်၏ လှုပ်ရှားမှုကို ခြံထဲမှ လူများ မမြင်လိုက်ကြချေ။

"အား ..."

မြေပေါ်သို့လဲကျသွားသည့် သိုင်းသမားသည် နာကျင်စွာအော်လိုက်သည်။

ကျောက်စင်လားက တင်းမာခက်ထန်စွာ ပြော၏။

"ဒီလို ကြမ်းကြမ်းတမ်းတမ်းတွေ မလုပ်နဲ့လေ၊ ခင်ဗျားကို ကျုပ် အေးချမ်းစွာ တွေ့ဆုံနေတယ် မဟုတ်လား"

"ခင်ဗျားရဲ့လူတွေက ကျုပ်ကို စော်ကားတာကျတော့ ခင်ဗျား မပြောဘူးလား၊ လက်နက်ကို ကျုပ်မပေးဘဲ သိမ်းတယ်ဆိုတာ ကျုပ်ကို စော်ကားတာပဲဗျ"

"သူ နားလည်မှုလွဲသွားလို့ပါ စစ်ကုယောင်၊ ကျုပ် တောင်းပန်ပါတယ်၊ ဟောကောင် ... သူ့ဓားကို ဘာဖြစ်လို့ သွားယူတာလဲ၊ သူပေးမှယူပေါ့၊ ခံရတာတောင် နည်းသေးတယ်"

"ဟုတ် ... ဟုတ်ကဲ့ပါဆရာကြီး"

စစ်ကုယောင်သည် ဓားနှစ်လက်ကို ကျောမှဖြုတ်လိုက်ပြီး ရှေ့မှသိုင်းသမားတစ်ဦးထံသို့ ပစ်ပေးလိုက်၏။

"ဘယ်မှာလဲ ... ခင်ဗျားတို့အကျဉ်းသား ရှုလန်"

"ဟဲ ... ဟဲ ... ဟဲ ... တွေ့ရမှာပေါ့၊ ဒါလောက်လည်း အဖြစ်သည်းမနေပါနဲ့"

ကျောက်စင်လားက လက်ကိုဝှေ့ယမ်းလိုက်သောအခါ လသာဆောင်အထက်ဝယ် ရှုလန်ကို နောက်ပြန်ကြိုးတုပ်နှောင်ခေါ်လာကြောင်း တွေ့ရလေ၏။

စစ်ကုယောင် အံကြိတ်မိလေ၏။

ရှုလန်သည် စစ်ကုယောင်ကို တွေ့မြင်သွားသည်။ သူမ၏ မျက်ဝန်းအိမ်မှ မျက်ရည်များ စီးကျလာသည်။

သူမသည် ချက်ချင်း အော်ပြောလိုက်သည်။

"စစ်ကုယောင် အဖမ်းမခံနဲ့ သူတို့က ရှင့်ကိုရော ကျွန်မကိုပါ သတ်မှာ၊ အဖမ်းမခံနဲ့"

"ဖြန်း ..."

ကျောက်စင်လားက လက်ပြန်ရိုက်လိုက်၏။

ရှုလန်သည် ယိုင်ထွက်သွားသည်။ ဘေးမှ လေပွေရင်ဟုန်က ဖမ်းဆွဲထားလိုက်သဖြင့် သူမ လဲကျမသွားခြင်း ဖြစ်သည်။

● ✻ ●



# (၃၂)

စစ်ကုယောင်၏ဒေါသသည် ဟုန်းခနဲ ထလာလေတော့၏။ သူသည် မြှားထဲသို့ ခုန်ဝင်လိုက်သည်။

"ဝုန် ... ဝုန်း ... ဝုန်း"

ကျောက်စင်လား၏ တပည့်တစ်ယောက် လဲသွား၏။ သူသည် ကျောက်စင်လား၏ လသာဆောင်ပေါ်သို့ ခုန်ပျံရောက်ရှိသွားလေ၏။

"ဟော့ ... မင်း ရှေ့မတိုးနဲ့၊ မင်း ရှေ့တိုးတာနဲ့ ရှုလန် သေသွားမယ် တွေ့လား"

ကျောက်စင်လားက အော်ဟစ်သတိပေးလိုက်၏။ ရှုလန်၏ လည်ပင်းကို လေပွေရင်ဟုန်က ဓားဖြင့်ထောက်ထားသည်။ စစ်ကုယောင် မြင်အောင်လည်း ပြသည်။

စစ်ကုယောင် ငြိမ်သွားလေ၏။ သူ လှုပ်ရှားလိုက်သည်နှင့် ရှုလန် သေဆုံးသွားမည် မဟုတ်ပါလား။ ကျောက်စင်လားက စစ်ကုယောင်ကို ချီးကျူးလိုက်၏။

"လှုပ်ရှားမှုကတော့ တကယ်မြန်တာပဲ၊ ဒါကြောင့်လည်း သိုင်း

လောကမှာ ဒီလောက် ကျော်ကြားနေတာကိုး၊ မင်း ငြိမ်ငြိမ်နေ၊ ငြိမ်ငြိမ်မနေရင် မင်းရဲ့အသည်းနှလုံးလေး ဒုက္ခရောက်သွားလိမ့်မယ်"

"ကျုပ်နဲ့သူနဲ့ ဘာမှ မဆိုင်ဘူးဗျ၊ သူ့ကို လွှတ်ပေးလိုက်ပါ ကျောက်စင်လား"

ကျောက်စင်လားသည် ရှေ့သို့တိုးလာပြီး ပြောသည်။

"မင်းကို အလျင်ဖမ်းပြီးမှ သူ့ကို လွှတ်ပေးမယ်၊ သူ့ကို အလျင်လွှတ်ပေးလိုက်ဖို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မင်းကို ဖမ်းဖို့ဆိုတာ မလွယ်ဘူးလေ၊ ဒါကို မင်းသိပါတယ်"

စစ်ကုယောင်က သူ့လက်ကို ဆန့်ထုတ်ပေး၏။

"လုပ်လေ ... ကျုပ်ကို ဖမ်းပေါ့၊ ရှုလန်ကို လွှတ်ပေးလိုက်ပါ"

"အဖမ်းမခံနဲ့ ကျွန်မတို့နှစ်ယောက်စလုံးကို သတ်မှာ၊ လွှတ်ပေးမှာ မဟုတ်ဘူး"

ရှုလန်က အော်၏။

လေပွေရင်ဟုန်က ...

"မင်း သေချင်နေသလား ရှုလန် ... ပါးစပ်ကို ပိတ်ထားစမ်း"

ရင်ဟုန်ကစားဖြင့်ဖိလိုက်ရာ လည်တိုင်မှသွေးများစီးကျလာ၏။

"မင်း ငါတို့ကို သိပ်အထင်မသေးနဲ့၊ ငါတို့ဟာ လူတစ်ယောက်ကို လွယ်လွယ်ကူကူသတ်ဝံ့တဲ့ လူတွေချည်းပဲ၊ မင်းကိုလည်း သတ်ဝံ့တယ် သိလား"

ရှုလန်သည် အံကြိတ်နေရလေ၏။

သိုင်းသမားတစ်ယောက်က သားရည်ကြိုးဖြင့် စစ်ကုယောင်ကို အသေအချာ ချည်နှောင်နေတော့သည်။



ရှုလန်သည် မျက်ရည်များစီးကျလာပြီး ...

"သူတို့ လိမ်ပြောနေတာရှင့်၊ သူတို့က ရှင်နဲ့ကျွန်မ နှစ်ယောက်စလုံးကို သတ်မှာ၊ ရှင်က အလကားလာပြီး အသေခံတယ်"

ထိုအခါ စစ်ကုယောင်ကို ချည်နှောင်ပြီးပြီဖြစ်၍ ရှုလန်ဘာပြောပြော အရေးမလုပ်တော့ပေ။

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

သူတို့သည် ဝိုင်း၍ရယ်မောကြလေ၏။ ရယ်နိုင်ကြပြီးကိုး။ သိုင်းလောက၌ ကျော်ကြားနေသည့် စစ်ကုယောင်ကို သူတို့ ချုပ်နှောင်ထားနိုင်ပြီ မဟုတ်ပါလား။

"ကဲ ... သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ချစ်သူနှစ်ဦး ဘာတတ်နိုင်သေးသလဲကွ၊ မင်းတို့ ဝံပုလွေထောင်ချောက်ထဲ ရောက်လာတာပဲ"

စစ်ကုယောင်က ထအော်လိုက်၏။

"ခင်ဗျား ဘယ်လိုလူလဲ"

ကျောက်စင်လားက ရယ်သည်။

"ကဲ ... သူတို့ကို ခေါ်သွားစမ်းကွာ"

သိုင်းသမားလေးဦးသည် စစ်ကုယောင်နှင့် ရှုလန်တို့ကို ခေါ်ဆောင်သွားကြ၏။ အခန်းတစ်ခန်းသို့ ရောက်သောအခါ ဖွင့်၍ နှစ်ယောက်စလုံးကို ပစ်ထည့်လိုက်၏။

ကယ်တင်မည့်သူ စစ်ကုယောင်နှင့် အကယ်ခံမည့်သူ ရှုလန်တို့မှာ နှစ်ယောက်စလုံး အကျဉ်းခံကြရတော့၏။

"ဒီအထဲမှာ မင်းတို့ ကောင်းကောင်းလွမ်းကြ၊ နက်ဖြန်ဆိုရင် မင်းတို့ကို သတ်မှာပဲ"

လေပွေရင်ဟုန်ကပြောပြီး တံခါးကို ဝုန်းခနဲ ပိတ်လိုက်၏။ ကျောက်စင်လားတို့ အောင်ပွဲခံချိန်ကို ရောက်ရှိလာပြီ ဖြစ်သည်။

● ✻ ●



မြင့်မြင့်

## (၃၃)
## ချစ်သူတို့ ဘဝ

"ဒုန်း..."

သူတို့သည် တံခါးကိုဆောင့်ပိတ်ပြီး ရယ်မော၍ ထွက်သွားကြ၏။ သူတို့စိတ်ထင် စစ်ကုယောင်နှင့် ရှုလန်တို့ကို လုံခြုံစွာ အကျဉ်းချပြီးပြီဟု ယုံမှတ်ကြလေ၏။

ခြေသံများသည် တဖြည်းဖြည်းနှင့် ဝေး၍ဝေး၍ သွားသည်။

သည်အခန်းသည် ရှုလန်အား ပထမ လှောင်ပိတ်ထားသော အခန်းထက် ပို၍ ကျဉ်းမြောင်းသည်။ လူနေသည့်အခန်း မဟုတ်ချေ။ ပစ္စည်းများ သိုလှောင်သည့်အခန်း ဖြစ်သည်။ အသံများ တိတ်ဆိတ်သွားသည်။

အခန်းထဲ၌ အလင်းရောင် ပျပျကလေးသာ ရှိနေသဖြင့် တစ်ဦးနှင့်တစ်ဦးမှာ မှုန်ဝါးဝါးသာ တွေ့မြင်နေကြရလေသည်။

သူတို့ မျက်နှာချင်းဆိုင်ဖြစ်နေသဖြင့် တစ်ဦးကိုတစ်ဦး ကြည့်နိုင်မြင်နိုင်သည်။

"ရှင့်ကို ကျွန်မ ပြောသားပဲ၊ အဖမ်းမခံပါနဲ့လို့၊ ခုတော့ သက်သက် ရှင်ပါ အဖမ်းခံရပြီ၊ နှစ်ယောက်စလုံး အဖမ်းခံရတော့ အရှုံးကြီးရှုံးတာပေါ့၊ ရှင်ဟာ တကယ်စက်တာပဲ၊ ကျွန်မပြောစကား များတော့ လုံးဝ တန်ဖိုးမထားဘူး"

ရှုလန်က ဝမ်းပန်းတနည်း ပြော၏။

စစ်ကုယောင်က ပြုံးသည်။ သူက သေမည်ကို ဂရုစိုက်ဟန် မတူချေ။

"မင်းက အဖမ်းခံပြီး ငါ လွတ်နေလည်း အလကားပါပဲ၊ ငါ အဖမ်းခံပြီး မင်း လွတ်နေလို့လည်း အလကားပါပဲကွာ"

"ရှင် ..."

သူမသည် စစ်ကုယောင်၏စကားကို အံ့ဩသွားလေ၏။ သူ့စကားမှာ နှစ်ကိုယ့်တစ်စိတ်စကား မဟုတ်ပါလား။ သူသည် ယခင်က ဤစကားမျိုးကို လုံးဝ မပြောဘူးချေ။

"ရှင် ဘာပြောလိုက်တယ်"

"ဩော် ... မင်းအဖမ်းခံရပြီး ငါ လွတ်နေမယ်ဆိုရင် ငါ့ဘဝ ဘာအဓိပ္ပါယ်ရှိတော့မှာလဲ ပြောတာပါ၊ နှစ်ယောက်စလုံး အသတ်ခံရရင်လည်း ကောင်းတာပဲ၊ အသတ်မခံရသေးခင်တော့ အခုလို အေး အေးဆေးဆေး စကားပြောနိုင်တာပေါ့"

ရှုလန်သည် သက်ပြင်းချလိုက်၏။

သူမ ကြားချင်သောစကားကို ကြားလိုက်ရလေ၏။ သူမ၏ မျက်ဝန်းအိမ်မှ မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းကျလာ၏။

သူမသည် နှစ်ပေါင်းအတော်ကြာ သူ့နောက်သို့ တကောက်



ကောက် လျှောက်လိုက်နေခဲ့၏။ အတွေ့ခံသည်လည်း ရှိသည်။ အတွေ့မခံဘဲ ရှောင်ဖယ်နေသည်လည်း ရှိ၏။

အတွေ့ခံသောအခါလည်း ထိုစကားမျိုးကို လုံးဝ မပြောချေ။

သူမသည် သိုင်းလောက၌ ထင်ပေါ်လှသည်။

သိုင်းပညာကောင်းရုံကြောင့်သာ မဟုတ်။ ရုပ်ရည်ချောမောပြီး ကိုယ်လုံးကိုယ်ပေါက် အလွန်လှသောကြောင့် ဖြစ်လေ၏။

သူမနောက်သို့ လိုက်နေသည့်သိုင်းသမား များစွာရှိ၏။

စစ်ကုယောင်ကဲ့သို့ သိုင်းပညာကောင်းသော သိုင်းသမားများ နှင့် ဥစ္စာပစ္စည်းပြည့်စုံသော သိုင်းသမားများစွာတို့သည် သူမအား ချစ်ရေးဆိုခဲ့ကြသည်။ သူမသည် လှည့်၍မျှ မကြည့်ခဲ့ချေ။

စစ်ကုယောင်မှ စစ်ကုယောင် ဖြစ်ခဲ့၏။ စစ်ကုယောင်ကလည်း သူမကို ဂရုမစိုက်ချေ။ သူကလည်း စစ်ကုယောင်နောက် တကောက်ကောက်လိုက်၏။

ရှုလန်သည် မျက်ရည်များကို သုတ်လိုက်ပြီး ...

"ကျွန် ... ကျွန်မ ရှင်လာလိမ့်မယ်တောင် မထင်ဘူး"

"ဘာဖြစ်လို့ မလာရမှာလဲ"

"ရှင့်ကို ခြံဝရှေ့မှာတွေ့လိုက်တော့ ကျွန်မ မျက်လုံးတောင် ကျွန်မ မယုံဘူး၊ မျက်ရည်တောင် ကျရတယ်"

"ဒီလောက်တောင်ပဲလား"

"ရှင်ပဲ စဉ်းစားကြည့်လေ၊ ရှင်က ထွက်ပြေးနေတာ မဟုတ်သား၊ ကျွန်မမှာသာ ..."

"ငါ ပြေးနေတာက ..."

"ထားပါတော့၊ ကျွန်မကတော့ ကျောက်စင်လားကို ကျေးဇူးတင်တယ်"

"ဘာဖြစ်လို့လဲ ... ဒီကောင်ကြီးက ကတိတည်တဲ့ကောင် မဟုတ်ဘူး"

"ဟွန်း ... ရှင်က အင်မတန်ခြေရှည်တာ၊ ကျွန်မရှာတာ နံ့နေပြီ၊ သူတို့ကတော့ ရှင်နေတဲ့နေရာကို သိကြတယ်၊ ရှင့်ကို ဖမ်းပြီး ကျွန်မဆီပို့ပေးလိုက်တာနဲ့ မတူဘူးလား"

"ဒါဖြင့် မင်း ကျေနပ်သွားပြီပေါ့"

သူမက ခေါင်းညိတ်လိုက်၏။

"ကျွန်မ ကျေနပ်တယ်၊ ကျွန်မဘဝကို တစ်ဖက်တည်းယက်နေရတဲ့လှေလို့ ကျွန်မက ထင်နေတာ၊ ခုတော့ မဟုတ်တော့ဘူး၊ နှစ်ယောက်ရှိပြီ၊ သေလည်း ကျွန်မ မကြောက်ဘူး၊ သေလည်းအတူတူ ရှင်လည်း အတူတူပဲ၊ ကျွန်မ ဆယ်ခါပြန် သေရဲတယ်"

"ငါ ယုံပါတယ်"

"ရှင် ကျွန်မကို ချစ်တယ်နော်"

"ချစ်လို့ လာကယ်တာပေါ့ကွယ်၊ မချစ်ရင် ဘာဖြစ်လို့ လာကယ်ရမှာလဲ၊ မင်းကို ငါ မတွေ့ဘဲ ခပ်ဝေးဝေးထွက်ပြေးနေတယ်ဆိုတာက ငါ့မှာ လုပ်စရာတွေ ရှိနေသေးလို့ပါ၊ နောက်ပြီး ဘယ်သူပဲဖြစ်ဖြစ် မင်းက ငါ့နောက်မှာ ကပ်ပါနေမယ်ဆိုတာ သိတယ်လေ၊ ဒါကြောင့် ငါက မင်းကို ဂရုမစိုက်ဘဲ နေတာပါ၊ မင်း ရန်သူ့လက်ထဲမှာ အဖမ်းခံနေရတယ် ဆိုတာလည်းသိရော ငါ မင်းဆီကို ပြေးလာတယ် မဟုတ်လား"



"ကျွန်မ ရှင့်ကို အရမ်းကျေးဇူးတင်ပါတယ်ရှင်၊ ရှင်က ကျွန်မ စိတ်ချမ်းသာအောင် ကျွန်မသေပျော်အောင် စကားတွေပြောနေတာကိုး၊ ဒီမှာ စစ်ကုယောင် ရှင့်ကို ကျွန်မ သေမတတ်ချစ်ပါတယ်ရှင်"

သူမသည် မျက်ရည်များစီးကျပြီး ပြောလေ၏။ စစ်ကုယောင်သည် ရှလန်ကို အံ့သြမိသည်။ သူမသည် မည်သည့်အခါမှ မျက်ရည်မကျဟု ထင်မိလေ၏။ မိန်းမများသည် နှစ်သက်သည့်အခါတွင်လည်း မျက်ရည်ကျတတ်သည်တကား။

"မငိုပါနဲ့ကွယ်၊ ငါ စိတ်မကောင်းအောင် မလုပ်ပါနဲ့"

"ကျွန်မကို ရှင် ချစ်ပါတယ်နော်"

"ချစ်တာပေါ့ကွယ်၊ မင်းနဲ့ငါဟာ ချစ်သူတွေပဲ"

စစ်ကုယောင်သည် နှုတ်ဖျားမှပြောနေခြင်းမဟုတ်ပေ။ သူမအား ချစ်မြတ်နိုးသည့်အကြောင်း မျက်လုံးများမှ ပြသလျက်ရှိသည်။

"အင်း ... ချစ်သူတွေဖြစ်သွားမှ သေရမှာဆိုတော့လည်း သိပ်မကောင်းသေးပါလား"

"ဟုတ်တယ်"

"ရှင် တစ်ခုခု မလုပ်နိုင်ဘူးလားဟင်"

"အေး ... လုပ်နိုင်လိမ့်မယ်လို့ ထင်တယ်၊ မင်း ခြေထောက် ငါ့ဘက်ကို ဆန့်ထုတ်လိုက်"

ရှလန်သည် ခြေထောက်ကို ဆန့်ထုတ်ပေးလိုက်၏။

"အေး ... တို့ လွတ်မြောက်အောင်ကြိုးစားပြီး ဒီဝံပုလွေတွေကို တိုက်ရမယ်"

စစ်ကုယောင်သည် ရှလန်၏ခြေထောက်မှ ကြိုးများကို သူ့

ခြေထောက်နှင့် ပွတ်လေတော့၏။ ကြာသောအခါ ကြိုးများပြတ်တောက်သွားသည်။

"ကြိုးပြတ်သွားပြီရှင့်"

"အေး ... ပြတ်အောင်လုပ်လိုက်တာကိုး"

"ရှင်ဟာ အလုပ်လုပ်ရင် သိပ်ပြီး ပီပြင်တာပဲ၊ ဒါကြောင့်မို့ သိုင်းလောကမှာ နာမည်ကြီးနေတာပေါ့"

"ကဲ ... စကားကို နောက်မှပြော၊ အခု ငါ့ဖိနပ်ထိပ်က ထွက်နေတဲ့ ဓားပါးလေးနဲ့ မင်းလက်ကကြိုးတွေကို ဖြတ်ပေတော့၊ မြန်မြန်လုပ်လေ ငါတို့အတွက် အကျိုးရှိလေပဲ"

ရွှေလန်သည် စစ်ကုယောင်ပြောသည့်အတိုင်း လုပ်လေတော့၏။ မကြာမီ သူမ၏လက်မှကြိုးများ ပြတ်တောက်သွားသည်။

ရွှေလန်က သူမ၏လက်များကို သွေးလျှောက်အောင် ပွတ်သပ်ပြီးနောက် စစ်ကုယောင်၏ဖိနပ်ထဲမှ ဓားပါးလေးကိုထုတ်ပြီး စစ်ကုယောင်၏လက်မှကြိုးများကို ဖြတ်တောက်လိုက်သည်။

"အင်း ... ချည်ထားတဲ့ကြိုးကလည်း များ..လိုက်တာ၊ သတ္တဝါနဲ့လက်နက် မမျှသလိုဘဲ"

မကြာမီ ချစ်သူနှစ်ဦးစလုံး ကြိုးများချည်နှောင်ထားရာမှ လွတ်မြောက်သွားကြလေ၏။ သူတို့သည် တစ်ဦးကိုတစ်ဦး ရစ်ပတ်နှောပ်ဖွဲ့မိကြလေ၏။

● ✻ ●



# (၃၄)
# စွန့်စားခြင်း၏ နိဂုံး

ဓားညီနောင် စစ်ကုယောင်နှင့် သံကျာပွတ်မယ် ရွှေလန်တို့သည် ...ားရကြိုးများကို ဖြတ်တောက်နိုင်လိုက်သော်လည်း အခန်းကျဉ်း...လေးထဲ၌ ပိတ်မိနေလေ၏။

သူတို့သည် သူတို့အင်အားကို အလကား မ... ...ားကြချေ။ ...ချိန်တန်လျှင် သူတို့ တံခါးလာဖွင့်လိမ့်မည်။ တံခါးလာဖွင့်မှ ...တိုက်ခိုက်ထွက်ကြမည်ဟု ဆုံးဖြတ်ပြီး စောင့်ဆိုင်းနေကြသည်။

စစ်ကုယောင် စဉ်းစား...သည်။ သူသည် အတွင်းအားသုံးကာ ...တံခါးကို ချိုးဖောက်ဖျက်ဆီးပြီး အပြင်သို့ထွက်နိုင်သော်လည်း အပြင်...ဘက်မှ အင်အားအလုံးအရင်းနှင့် တိုက်ခိုက်ပါက သူတို့အတွက် ...အခက်အခဲရှိနိုင်ပေသည်။

တံခါးအဖွင့်ကိုစောင့်ပြီး တိုက်ခိုက်ပါက သူတို့အား ချုပ်နှောင်...ထားပြီးဖြစ်သည်ဟု အေးအေးလူလူရှိနေစဉ် သူတို့က တိုက်ခိုက်နိုင်...မည် ဖြစ်သည်။

ရန်သူအား အလစ်အငိုက်တိုက်ပြီး ထွက်ခွာခြင်းက ပိုကောင်းမည်ဟု စစ်ကုယောင် စဉ်းစား၏။

ရှလန်က တီးတိုးပြောသည်။

"ကျွန်မ အေးချမ်းသာယာမြေဒေသကို ရောက်ခဲ့တယ်၊ ရှင့်ကို စုံစမ်းလို့ မရပါဘူး"

"ငါ ရှိတယ်၊ အဲဒီရွာက တည်းခိုခန်းမှာ တည်းနေတာလေ၊ ပန်းတစ်ပွင့် တည်းခိုခန်းလေ"

"ကျွန်မ မေးသေးတယ်၊ ရှင် မရှိဘူးလို့ ပြောတယ်"

"ဆိုင်ရှင်က ငါ့ကို အန္တရာယ်ပေးမှာစိုးလို့ မရှိဘူး မသိဘူးလို့ ပြောလိုက်တာပါ"

"ဪ ... ရှင့်အပေါ် သူက ဒီလောက် ခင်မင်နေတာကိုး"

"ဟုတ်တယ်၊ ဒါတွေ အရေးမကြီးပါဘူး၊ အရေးကြီးတာက ဒီကနေ လွတ်ဖို့ပဲ"

"ကျွန်မ တစ်ခုစိုးရိမ်မိတယ် စစ်ကုယောင်"

"ဘာများလဲ"

"ဒီဝံပုလွေလူတွေဟာ ကတိလည်းမတည်ဘူး၊ ကလိန်ကကျစ်လည်းကျတယ်၊ သူတို့ဟာ ရှင့်ကို စားချင်းမယှဉ်နိုင်မှန်းသိတော့ အခြားလက်နက်တစ်မျိုးမျိုးနဲ့ တိုက်ခိုက်လာနိုင်တယ်ရှင့်"

"ဒါတော့ ငါ မမှုပါဘူးကွယ်"

"ဟို စပ်ဖြိဖြိကောင်ရဲ့ အန္တရာယ်ကလည်း မသေးဘူး"

စစ်ကုယောင် ဒေါပွသွား၏။



"ဘာလဲ ... ဒီကောင်က မင်းကို စော်ကားသလား"

"ဟင်း ... ကျွန်မကို စော်ကားလို့ဘယ်ရမလဲ၊ ကျွန်မ အသက်ရှင်နေသမျှ ကျွန်မကို စော်ကားလို့ ဘယ်ရမလဲ၊ သူက ကျွန်မကို ထိလို့တော့ရတယ်ရှင့်၊ ဒါပေမယ့် ဘာဖြစ်လို့လဲတော့ မသိဘူး၊ မထိကြဘူး၊ ရင်ဟုန်ဆိုတဲ့လူက ဉာဏ်နီဉာဏ်နက်တော့ များတယ်"

"သူ ဉာဏ်နီဉာဏ်နက်သုံးပြီး မင်းကို မထိပါးပါဘူးနော်"

"သူက ကြိုးတော့ကြိုးစားတယ်ရှင့်၊ ပါးစပ်က ထိကပါး ရိကပါးပြောပြီးတော့ ရပ်သွားတယ်"

ထိုစဉ် လေပွေရင်ဟုန်သည် ဓာတ်ငွေ့သေတ္တာကိုယူကာ အခန်းတွင်းသို့ ဓာတ်ငွေ့လွှတ်မည်ဟု ပြင်ဆင်လေ၏။

စစ်ကုယောင်နှင့် ရှလန်တို့နှစ်ယောက်စလုံး မေ့မျောသွားမှ သူလုပ်ချင်သလိုလုပ်မည်ဟု ရည်ရွယ်ခြင်းဖြစ်သည်။

"ရှမ်း ... ရှမ်း ... ရှမ်း"

လေပွေရင်ဟုန်တို့သည် သိုင်းပညာမထက်မြက်ကြသဖြင့် ခြေသံလုံအောင် မလျှောက်နိုင်ကြပေ။

"ဟော ... ခြေသံကြားရတယ်"

ရှလန်က တီးတိုးပြောသည်။

စစ်ကုယောင်က ပြုံးပြီး ခေါင်းညိတ်၏။ သူကြားနေသည်။ ခြေသံ အဝေးမှလာကတည်းက ဖြစ်သည်။ ရှလန်က အနီးရောက်မှ ကြားခြင်းဖြစ်သည်။

"ရှူး ..."

"အပြင်က ကြားသွားမယ်"

ရှလန်က ခပ်အုပ်အုပ် ရယ်လိုက်၏။

အခန်းတံခါးရှေ့၌ ခြေသံရပ်သွား၏။ ငြိမ်သက်တိတ်ဆိတ်နေသည်။ အခန်းထဲမှအသံများကို နားထောင်နေဟန် ရှိ၏။

အခန်းထဲ၌ စကားသံမကြား ဘာမကြား တိတ်ဆိတ်နေသဖြင့် အပြင်မှ သံသယဝင်နေဟန် ရှိသည်။

ရှလန်က တီးတိုးပြောသည်။

"အစ်ကို အပြင်က တံခါးဖွင့်လည်း မဖွင့်ဘူး၊ ကျွန်မတို့ ပြောတာတွေကို ချောင်းနားထောင်နေကြသလား မသိဘူး"

ရှလန် အခေါ်အဝေါ် ပြောင်းလဲသွား၏။

စစ်ကုယောင် သတိပြုမိသော်လည်း ဘာမျှ မပြောပေ။ သူမ မေးသည်ကိုတော့ ပြန်ပြော၏။

"သေချာတာပေါ့၊ သူတို့ ဘာလုပ်သင့်တယ်ဆိုတာ စဉ်းစားနေတာ၊ အသံကြားရင် တစ်မျိုးလုပ်မယ်၊ မကြားရင် တစ်မျိုးလုပ်မယ် ဆိုတာမျိုးပေါ့၊ ဘာလုပ်မလဲဆိုတာတော့ ငါ မခန့်မှန်းတတ်ဘူး"

"တစ်ခုခုတော့ လုပ်နေတယ်နဲ့ တူတယ်၊ အသံသဲ့သဲ့ကြားနေရတယ်"

ရှလန်က ပြော၏။

"ဟုတ်တယ်၊ သူတို့ တစ်ခုခု လုပ်နေကြတယ်"

စစ်ကုယောင်ကလည်း ပြောသည်။

စစ်ကုယောင်သည် မသင်္ကာသဖြင့် အခန်းပတ်လည်ကို ကြည့်လိုက်သည်။



"ဟိုမှာ ... ဟိုမှာ"

စစ်ကုယောင်က နံရံတစ်နေရာသို့ လက်ညှိုးထိုးပြသည်။ နံရံအောက်ခြေ၌ ပိုက်လုံးတစ်လုံး ထိုးသွင်းဝင်လာပြီးနောက် အဖြူရောင် အငွေ့များ ထွက်လာသည်။

"ရှူး ... ရှူး ... ရှူး"

အငွေ့များသည် အခန်းတဲသို့ ဝင်စပြုလာသည်။

ရှလန်သည် သူမ၏အင်္ကျီစကို ဆွဲထုတ်လိုက်၏။ အင်္ကျီစများကို လုံးထွေးပြီး ပိုက်လုံးဆီသို့ ခုန်အုပ်လိုက်သည်။

ထို့နောက် ပိုက်လုံးထဲသို့ အင်္ကျီစကို ထိုးထည့်တော့၏။ ထိုအခါ မီးခိုးငွေ့များ ဆက်လက်ထွက်မလာတော့ချေ။

"အဲဒါ ဘာငွေ့တွေလဲ"

"အဆိပ်ငွေ့တွေပါ၊ သေစေနိုင်တဲ့ အဆိပ်ငွေ့တော့ မဟုတ်ဘူး၊ ဒီအငွေ့ကို ရှူလိုက်မိရင် မျက်ရည်ထွက်မယ်၊ နှာရှင်တွေထွက်မယ်၊ ပြီးတော့ မေ့မျောသွားမယ်"

"မေ့မြောစေတဲ့ အငွေ့ပေါ့"

"ဟုတ်တယ် အစ်ကို"

"မင်းက ဒီအငွေ့အကြောင်းကို အတော်သိတာပဲ"

ရှလန် ပြုံးလိုက်၏။

"ကျွန်မ ဒီအငွေ့တွေကို တစ်ခါရှူထားရဖူးပြီးပြီလေ၊ အဲဒီအငွေ့တွေကိုရှူမိပြီး မေ့မျောသွားတာပဲ၊ ကျွန်မ တစ်ခုစဉ်းစားမိပြီ၊ သူတို့ဟာ ကျွန်မတို့ကို သတ်မှာတော့မဟုတ်ဘူး၊ သူတို့ တစ်ခုခု လုပ်မလို့ပဲ"

"မထင်နဲ့၊ ဒီကောင်တွေက ဦးနှောက်ရှိတာ မဟုတ်ဘူး၊ လူတစ်ယောက်ကို သတ်ချင်ရင် လွယ်လွယ်လေးနဲ့ သတ်လိုက်တာပဲ"

"ဝင်လာပါစေ၊ ကျွန်မ ဆုံးမလိုက်မယ်"

သူမသည် အခန်းတံခါးနားသို့ ဖြည်းညင်းစွာ ကပ်သွားသည်။

စစ်ကုယောင်က လျင်သည်။ တံခါးပေါက်မှ မြင်နိုင်သည့် နေရာတွင် ခွေခွေကလေး လှဲချလိုက်သည်။ မေ့ချင်ယောင် ဆောင်လိုက်၏။

"ကျွီ ..."

ထိုစဉ် တံခါးဖွင့်သံကို ကြားလိုက်ရသည်။ တံခါးပွင့်သည်နှင့် လေပွေရင်ဟုန် ဝင်လာသည်။

လေပွေရင်ဟုန်သည် အခန်းထဲ၌ အခိုးအငွေ့များကို မတွေ့ရသောအခါ အလွန် အံ့ဩသွားသည်။ အဘယ့်ကြောင့် အငွေ့များ မတွေ့ရသည်ကို စဉ်းစား၍မရဘဲ ရှိသည်။

ထို့ပြင် လဲကျနေသူ စစ်ကုယောင်နှင့် ရှုလန်တို့ ရှိရမည် ဖြစ်သော်လည်း စစ်ကုယောင်သာရှိပြီး ရှုလန်မရှိဘဲ ဖြစ်နေသည်။

သူသည် ရှုလန်ပျောက်ဆုံးနေသည်ကိုလည်း အံ့ဩနေသည်။

"သံကျာပွတ်မယ် ပျောက်ဆုံးနေတယ်၊ စဉ်းစားစရာပဲ"

သူသည် ဆုံးခန်းတိုင်အောင် မစဉ်းစားလိုက်ရချေ။



# (၃၅)
# သုတ်သင်ပွဲ

"ဝုန်း ..."

ရှုလန်သည် လက်ဝါးနှင့်တစ်ချက်တည်း ရိုက်လိုက်သည်။ ရိုက်သည်မှာ ပြင်းထန်သည်။ လေပွေရင်ဟုန် လွင့်စဉ်ထွက်သွား၏။

ရှုလန်သည် ရင်ဟုန်၏နောက်သို့လိုက်သွားပြီး ဇက်ကို ဆွဲယူလိုက်သည်။ ခြေထောက်နှင့် ကန်ထည့်လိုက်၏။

"ဝုန်း ..."

"အင့် ..."

အရှိန်ပြင်းစွာဖြင့် လွင့်စဉ်သွားပြန်သည်။ သည်တစ်ခါကျတော့ အကျမတော်ချေ။ စစ်ကုယောင်ရှိရာသို့ လွင့်စဉ်သွားပြီး စစ်ကုယောင် အပေါ် အုပ်မိုးကျတော့မည်ကဲ့သို့ ဖြစ်သွားသည်။

စစ်ကုယောင်သည် ရင်ဟုန်အား သူ့အသားနှင့် အထိမခံချေ။ သူသည် အောက်မှနေ၍ ရင်ဟုန်၏လည်ပင်းကို လက်ညှိုးနှင့်ထောက်လိုက်သည်။

"အား..."

ရင်ဟုန်သည် ပုံလဲကျသွား၏။

စစ်ကုယောင်ထံ လွှင့်စဉ်သွားခြင်းမှာ ရင်ဟုန်အတွက် ကံဆို
ခြင်းတစ်ရပ်ပင်။

စစ်ကုယောင်သည် ကျောက်စင့်လား၏အိမ်၌ ရှိသူအားလုံ
ကို အလွတ်မပေးတော့ချေ။ ဖြစ်သလို ရှင်းပစ်မည် ဖြစ်သည်။

ကိုယ်ခန္ဓာအား ရှောင်တိမ်းပြီး ထလိုက်သည်။ ရင်ဟုန်မှ
ငြိမ်သက်သွားသည်။ သေဆုံးသွားပြီ ဖြစ်၏။

"လူယုတ်မာတစ်ယောက်တော့ ဓာတ်သိမ်းသွားပြီ၊ ကျန်တဲ
အကောင်တွေ ဓာတ်သိမ်းဖို့ပဲ လိုတော့တယ်၊ အစ်ကို ကျွန်မတို့သွာ
ကြစို့"

ရှုလန်က စစ်ကုယောင်ကို သတိပေးလိုက်၏။ ထို့ကြော
စစ်ကုယောင်သည် အခန်းအပြင်သို့ ထွက်လာ၏။ ထို့နောက် အခန်
တွင်းသို့ ပြန်ဝင်ပြန်သည်။

"အစ်ကို ဘာဖြစ်လို့ အခန်းထဲပြန်ဝင်ရတာလဲ"

"ဒီမှာလေ... ဒီသေတ္တာက အရေးကြီးတယ်"

စစ်ကုယောင်သည် အဆိပ်ငွေ့သေတ္တာကို မြှောက်ပြလိုက်၏

"ဒါကြီးကို အစ်ကိုက ဘာလုပ်မလို့လဲ"

ရှုလန်က မေးလိုက်၏။

"သူတို့က လူများတယ်၊ ဒါကြောင့် ဒါသေတ္တာကို ပြန်ယ
တာပေါ့၊ ဒါက လူအစုအအုပ်ကို အိပ်ပျော်စေတယ် မဟုတ်လား

စစ်ကုယောင်က ပြန်ပြောလိုက်၏။



သူတို့သည် အခန်းထဲမှ ထွက်လာ၏။ အပေါ်ထပ်တွင် အခန်း
ပေါင်းများစွာ ရှိသည်။ သို့သော် ဝပုလွှေတစ်ကောင်မှ မတွေ့ရပေ။
ထို့ကြောင့် အခန်းပေါင်းများစွာကို ကျော်ဖြတ်ခဲ့ကြရသည်။

သူတို့သည် 'သိုင်းအကျော်အမော်နှစ်ဦးဖြစ်ရာ ခြေသံလုံလှ
သည်။ သူတို့သည် တစ်ခန်းပြီးတစ်ခန်း ကြည့်လာ၏။

အခန်းတစ်ခုကို ဖွင့်ကြည့်ပြီးသောအခါ...

"ဟာ... ကျွန်မပစ္စည်းတွေ"

ရှုလန်က ဝမ်းသာအားရ ပြော၏။

စစ်ကုယောင်က...

"ဘာပစ္စည်းတွေလဲ"

"ကျွန်မရဲ့ ဓားနဲ့ ကျာပွတ်လေ"

"ဟုတ်လား... ဒါဆို ဝင်ယူလေ"

"ခဏနော်... ကျွန်မ ဝင်ယူလိုက်မယ်"

ရှုလန်သည် အခန်းထဲသို့ လျင်မြန်စွာ ဝင်လိုက်၏။ ကြမ်း
ပြင်ပေါ်၌ကျနေသည့် ဓားနှင့်ကျာပွတ်ကို ကောက်ယူလိုက်သည်။

"ဟင်... ငါ့ဓားနှစ်လက် ဘယ်ရောက်သွားသလဲ မသိဘူး၊
အရေးအကြောင်းဆိုရင် ကိုယ့်ဓားကိုင်ရမှ အားရတာ၊ ငါ့ဓားကို
လိုက်ရှာရင်လည်း ရန်သူတွေ သိသွားမှာစိုးရတယ်"

"အို... သိသိပေါ့၊ အစ်ကို့ဓားကို လိုက်ရှာပါ"

"လောလောဆယ်တော့ ဒါနဲ့ပဲ တိုက်ရမှာပဲ"

သူသည် ဓားတစ်လက်ကို ကောက်ကိုင်လိုက်၏။

အပေါ်ထပ်၌ လူတစ်ဦးတစ်ယောက်မျှ မရှိချေ။ လေပွေရင်ဟုန်

တစ်ယောက်တည်း အဘယ့်ကြောင့် အပေါ်ထပ်သို့ တက်လာသည် မသိချေ။

သူတစ်ယောက်တည်း ဤစုံတွဲကို တိုက်ရိုက်မည်ကြဲလျှင် ဒုက္ခရောက်နိုင်သည်ကို လူလည်ရင်ဟုန်က မသိဘဲဖြစ်လေမလား။

"အောက်ထပ်ကို ဆင်းမယ်"

"အစ်ကို အောက်ထပ်မှာတော့ သူတို့ ရှိလိမ့်မယ်"

သူတို့သည် အောက်ထပ်သို့ ဆင်းလာကြ၏။ သူတို့ထင်သည့်အတိုင်း အောက်ထပ်တွင် အယောက်နှစ်ဆယ်ခန့် ကြွေအန်ကစားနေကြသည်။

ကြွေအန်ကစားနေသည်မှာ သဲကြီးမဲကြီး ဖြစ်သည်။ သူတို့ကို ဝင်သတ်သွားလျှင်တောင် သူတို့ သိကြမည် မဟုတ်ချေ။

အပေါ်ထပ်မှဆင်းလာသည့် စစ်ကုယောင်နှင့် ရှုလန်တို့ကို သူတို့က လုံးဝ မကြည့်ကြချေ။

စစ်ကုယောင်တို့သည် အေးအေးဆေးဆေး ဆင်းလာကြသည်။

"ဟာ..."

စစ်ကုယောင်က တီးတိုး အမေဒိတ်သံ ပြုလိုက်၏။

"ဘာလဲ... ဘာလဲ"

"ဟောဟို စားပွဲပေါ်မှာ ငါ့စားနှစ်ကို တွေ့နေရပြီ"

"သွားယူလိုက်လေ အစ်ကို၊ သူတို့ သိမှာမဟုတ်ဘူး"

စစ်ကုယောင်သည် စားနှစ်လက်ရှိရာကို ချုတ်နင်းသွားသည်။ စားနှစ်လက်၏ လက်ကိုင်ရိုးများကို ဆုပ်ကိုင်မိသောအခါ သူ့သွေးများ ဆူပွက်လာသကဲ့သို့ ခံစားလိုက်ရလေ၏။



သူသည် အနောက်ပြန်ဆုတ်လာသည်။ ရှုလန်သည် တစ်စုံတစ်ခုကို လက်ညှိုးထိုးပြလေ၏။

"ဘာလဲ..."

"အကျီလေ... အကျီ"

"ဘာအကျီလဲ"

"လေပွေရင်ဟုန်ရဲ့ အကျီပဲဖြစ်မှာပေါ့၊ ဒီမှာ လူတိုင်းအကျီနဲ့ပဲ၊ ရင်ဟုန်ကိုတွေ့လား၊ အကျီချွတ်နဲ့၊ သူက တမင် အပေါ်တက်လာတာ၊ ဘာအကြံအစည်နဲ့ တက်လာတာလဲ မသိဘူး၊ သူ့လုပ်ပုံကိုင်ပုံကိုကြည့်ရတာတော့ ကျွန်မတို့ကို သတ်ဖို့ပဲ"

သိုင်းသမား အယောက်နှစ်ဆယ်ခန့်သည် ကြွေအန်ကို စိတ်ဝင်စားစွာ ကစားနေကြသည်။

"ဟိုကောင် လူယုတ်မာကိုတော့ ရှင်းပြီးပြီ၊ ဒီတစ်ခါ ဒီကောင်တွေအလှည့်ပဲ၊ ဒီကောင်တွေကိုလည်း အားလုံး ရှင်းရမှာပဲ"

စစ်ကုယောင်က ခေါင်းညိတ်သည်။

"ဒီကောင်တွေအားလုံးဟာ စားပြတွေပဲ၊ အားလုံးသေလည်း အကြောင်းမဟုတ်ပါဘူး"

သူသည် သေတ္တာကိုဖွင့်၍အဆိပ်ငွေ့များကိုလွှတ်လေတော့၏။

"ရှူး... ရှူး... ရှူး"

အဆိပ်ငွေ့များသည် တရှူးရှူးနှင့် ထွက်သွားလေသည်။

သိုင်းသမားနှစ်ဆယ်ခန့်မှာ အခန်းထဲ၌ အဆိပ်ငွေ့များ လွှင့်ပျံ့လာသည်ကို သတိမပြုမိပေ။ ကြွေအန်ကိုသာ စိတ်ဝင်စားနေကြ၏။ အငွေ့များက တငွေ့ငွေ့ တက်လာ၏။

"ဟာ … ဘာတွေလဲဟ"

"မီးနိုးတွေပါလား"

"ဘယ်သူ မီးမွှေးနေတာလဲကွ"

မကြာမီ ကြွေအန်ကစားနေကြသူများ တစ်ယောက်တစ်ပေါက် ပြောဆိုကြလေ၏။

"အပွတ် … အပွတ် … အပွတ်"

"အား … စပ်တယ် … စပ်တယ်"

"ဟော့ … ဘယ်ကောင် …"

အောက်ထပ်တစ်ခုလုံး မီးနိုးများ ပြည့်သွားသောအခါ မှုန်း ကျပ်သွားတော့၏။ စစ်ကုယောင်နှင့် ရှုလန်တို့မှာ မီးနိုးအဆိပ်ငွေ့ များလွတ်ရာသို့ ထွက်ခွာသွားကြ၏။

"အပွတ် … အပွတ် … အပွတ်"

မကြာမီ ဝံပုလွေများ လဲကျသွားတော့၏။ အခန်းတစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။

"တို့တွေ အပေါ်ထပ်ပြတင်းပေါက်က ခုန်ချကြမယ်"

"လုပ်လိုက်လေ"

စစ်ကုယောင်နှင့် ရှုလန်တို့သည် အပေါ်ထပ် ပြတင်းပေါက်ကို ဖွင့်လျက် ခုန်ချလိုက်ကြ၏။

ကိုယ်ဖော့ပညာသုံး၍ ခုန်ချခြင်းဖြစ်ရာ သူတို့နှစ်ယောက်သည် သစ်ရွက်ပမာ ပေါ့ပါးစွာ မြောက်ထိုးကျသွားလေသည်။

● ＊ ●

(၃၆)

# သုံးယောက်ပေါင်း လောင်းကျော်

အောက်ထပ်တစ်ခန်းလုံး အဆိပ်ငွေ့များမိပြီး သိုင်းသမား အားလုံး မေ့မြောသွားစဉ် စစ်ကုယောင်နှင့် ရှုလန်တို့သည် မြို့ထဲသို့ ရောက်ရှိသွားလေ၏။ အံ့ဩဖွယ်ရာကောင်းသည်မှာ မြို့ထဲဆင်းလျှင် ဆင်းခြင်း ကျောက်စင်လားနှင့် တိုးနေခြင်းပင်တည်း။

"ဟား … ဟား … ဟား … အောက်ထပ်မှာ အဆိပ်ငွေ့တွေ မှုန်နေကတည်းက မင်းတို့ တစ်ခုခုလုပ်နေပြီလို့ သိလိုက်တယ်၊ အခု ငါမြို့ထဲဆင်းလိုက်တော့ မင်းတို့နဲ့ တန်းတိုးတာပဲ၊ မင်းတို့ ဘယ်ပြေးမလဲ"

ထိုအခါ စစ်ကုယောင်က တဟားဟား ရယ်လေတော့သည်။

"ဟား … ဟား … ဟား … ကျုပ် ဒီကိုရောက်လာတော့ ခင်ဗျားတို့ ကျုပ်ကို ဖမ်းရဲသလား၊ ရှုလန်ကိုပြပြီး အကျုပ်ကိုင်တော့မှ ဖမ်းရဲတာ မဟုတ်လား၊ ရှုလန်ကို မမိရင် ခင်ဗျားတို့ ကျုပ်ကို ရင်မဆိုင်ရဲပါဘူး"

စစ်ကုယောင် ပြောသည့်စကားမှာ အမှန်စကားဖြစ်၏။

သူတို့သည် စစ်ကုယောင်ကို မဖမ်းရဲသဖြင့် ရှလန်ကို ဖမ်းဆီးပြီး စစ်ကုယောင်ကို ထောင်ချောက်ဆင် ဖမ်းဆီးရခြင်း ဖြစ်သည်။ ကျောက်စင်လားမှာ ယခုမှ ကြောက်နေ၍လည်း မဖြစ်တော့ကြောင်း သိလိုက်သည်။

"ထွက်ကြစမ်း ..."

ခြံအားမှ သိုင်းသမားဆယ်ယောက် ထပ်ထွက်လာပြန်သည်။

"ထွက်ကြ ..."

သစ်ပင်ပေါ်၊ ခေါင်မိုးပေါ်မှ သိုင်းသမားများ အလျှိုလျှိုနှင့် ထွက်လာကြ၏။ သူတို့လက်ထဲ၌ လက်နက်ကိုယ်စီ ကိုင်ဆွဲထားကြသည်။

စုစုပေါင်း ဝံပုလွေသိုင်းသမား အယောက်သုံးဆယ်ခန့် ရှိ၏။ သံကျာပွတ်မယ် ရှလန်ကလည်း သူမ၏ ကျာပွတ်ကို လက်ထဲ၌ ဖွေ့ယမ်းလိုက်၏။

"ရွှမ်း ... ရွှမ်း ... ရွှမ်း"

"ဟင်း ... အညောင်းမိနေတာ ကြာပြီ၊ ဒီတစ်ခါတော့ သွေးပူလေ့ကျင့်ခန်း လုပ်ရတော့မယ်"

သူမသည် ညာဘက်လက်က ကျာပွတ်ကိုကိုင်ပြီး ဘယ်ဘက်လက်က ဓားကိုကိုင်ထား၏။

စစ်ကုယောင်ကမူ သူ၏လက်စွဲတော် ဓားညီနောင်ကို ဆုပ်ကိုင်ထား၏။



စစ်ကုယောင်၏မျက်နှာ၌ ထူးခြားမှုကို မတွေ့ရချေ။ များပြားသော ရန်သူများနှင့် တွေ့နေရသော်လည်း မျက်နှာမပျက်ပေ။ သူသိထားသည်က ထိုလူများမှာ ဓားပြများသာ ဖြစ်သည်။

သိုင်းပညာကို ထက်မြက်ပေါက်မြောက်ကြသူများ မဟုတ်ကြပေ။ ထို့ကြောင့် ဤရန်သူများကို သူ မမှုပေ။

စစ်ကုယောင်နှင့် ရှလန်တို့သည် ရန်သူများကို မမှိတ်မသုန် ကြည့်နေကြ၏။

လက်နက်မျိုးစုံ ကိုင်ဆောင်ထားသည့် ဓားသမားများသည် ရှေ့သို့ တဖြည်းဖြည်း တိုးလာ၏။

စစ်ကုယောင်က ...

"ရှလန် ... ဝံပုလွေသုတ်သင်ပွဲကို စလိုက်ကြရအောင်"

"အဆင်သင့်ပါပဲ၊ စလိုက်စို့"

သူတို့နှစ်ဦးသည် တစ်ပြိုင်နက်ခုန်ထွက်ပြီး ရန်သူများကို တိုက်ခိုက်တော့၏။

"ဗိုး ... ဗိုး ... ဗိုး"

"ရွှမ်း ... ရွှမ်း ... ချွမ်း ... ချလွမ်း"

ရှလန်၏ကျာပွတ်သည် မြွေဟောက်တစ်ကောင်လို ဆတ်ခနဲ လှုပ်ရှားသွား၏။

စစ်ကုယောင်၏ဓားကလည်း လေထဲ၌ တရွှမ်းရွှမ်းမြည်ဟီးနေသည်။

ဝံပုလွေများမှာ လှုပ်ပင်မလှုပ်ရှားလိုက်ရချေ။ ပွစနဲ ပွစနဲဖြစ်၍ သွားပြီး တအားအားအော်ကာ လဲကျသွားကြ၏။

ရန်သူများမှာ အတုံးအရုံး ကျဆုံးကုန်သည်။

"ဝိုး ... ဝုစ် ... ဝုစ်"

"ချွမ် ... ချလွမ်း ... ချလွမ်း"

"အီး ..."

"အား ..."

"အင့် ..."

စစ်ကုယောင်၏ဓားချက်ကို ဤကဲ့သို့ မည်ကာမတ္တ သိုင်းသမားများက အဘယ်မှာလျှင် ခံနိုင်ပါမည်နည်း။ တော်ရုံ ထူးချွန်သော သိုင်းသမားများလည်း မခံနိုင်ချေ။

ဓားချက်များမှာ လွန်စွာ လျင်မြန်လှသည်။ သူ့ကို လှုပ်ရှားသည်ဟုပင် မထင်ရချေ။ ဓားချက်တစ်ချက် မြှောက်လိုက်သည်နှင့် ဝံပုလွေနှစ်ယောက်ခန့် ကျဆုံးကြသည်။

ဝံပုလွေများမှာ သူတို့က တိုက်ရသည်မရှိဘဲ သူတို့ချည်း အတိုက်ခံရကာ လဲကျသေဆုံးနေသည်နှင့် ဂန့်လာသည်။

စစ်ကုယောင်မှာ မြက်ပင် ငှက်ပျောပင်များကို လိုက်လံခုတ်လှဲနေသည့် သိုင်းသမားတစ်ယောက်နှင့် တူနေသည်။

ထို့အတူ သံကျာပွတ်မယ် ရှုလန်ကလည်း ယောကျ်ားသားတစ်ဦးပမာ တိုက်ခိုက်သည်။ သူမ၏ လှုပ်ရှားမှုများမှာလည်း သွက်လက်လွန်းလှသည်။

"ရှမ်း ..."

"ဝိုး ... ဝုစ် ... ဝုစ်"



ကျာပွတ်တစ်ဖက်နှင့် ဓားတစ်ဖက် တိုက်ခိုက်ရသည်မှာ မလွယ်ချေ။ သို့သော် သူမက လွယ်လွယ်ကူကူ ခုတ်ထစ်နိုင်သည်။

"အား ..."

"အီး ..."

သံကျာပွတ်နှင့် ထိသွားသူများမှာ ဓားလွတ်ကျသွား၏။ ကျာပွတ်ထဲသို့ ဓားပါသွား၏။ ထိုသူများမှာ သူမ၏ ဘက်ဘက်လက်က ဓားချက်ကို မကြာမီ ခံရတော့သည်။

"ဗိုး ... ဝုစ် ... ဝုစ်"

"အား ..."

ရင်ဘတ်ကွဲသူ၊ ဝမ်းဗိုက်ပေါက်သူ၊ လည်ပင်းပြတ်သူများမှာ မြင်မကောင်းပေ။ တစပြင်ပမာ လူသေအလောင်းများနှင့် ပြန့်ကြဲနေလေသည်။

ထိုစဉ် ခြံဝင်းထဲသို့ လူရိပ်တစ်ရိပ် ကျရောက်လာလေ၏။ ထိုလူ၏ခန္ဓာကိုယ်မှာ ကြီးမားလှ၏။

"ခွေးကောင်တွေ ..."

သူသည် အော်ဟစ်ပြီးနောက် ခက်ရင်းခွကြီးဖြင့် တိုက်ခိုက်နေသည်။ သူ၏ တိုက်ခိုက်ပုံမှာ ကြမ်းတမ်းလှသဖြင့် ဝံပုလွေများမှာ အကြီးအကျယ် ရှောင်တိမ်းနေကြရတော့၏။

ဝံပုလွေများမှာ သူ့ကိုကြည့်ပြီး လန့်သွားသည်။

မုတ်ဆိတ်ကျင်စွယ်များကလည်း ရှည်လျား၊ ခန္ဓာကိုယ်ကလည်း ကြီးမား၊ ခက်ရင်းခွကြီးကလည်း လျင်မြန်စွာ လှုပ်ရှား၍

ဘီလူးကြီးတစ်ကောင် ဝင်ရောက်တိုက်ခိုက်သကဲ့သို့ ဖြစ်နေသဖြင့် ကျောက်စင်လား၏အိမ်ကြီးမှာ အော်ဟစ်သံများနှင့် ဆူညံနေသည်။

ရွှလန်သည် လူ့ဘီလူးကြီးကိုကြည့်၍ လန့်သွား၏။

"အစ်ကို ... အစ်ကို ... ဟိုမှာ ... ဟိုမှာ လူ့ဘီလူးကြီးက ဝင်တိုက်နေတယ်"

စစ်ကုယောင်သည် လုချူကီးကို မြင်ပြီးဖြစ်၏။

"ဟုတ်တယ်၊ အဲဒါ ငါ့ဦးလေးပဲ၊ ငါနဲ့အတူတူ ဒီအိမ်ကြီးကို လာကြတာ၊ ဦးလေးက လူခွဲနေပါဆိုလို့ သူခွဲနေခဲ့တာ၊ အခု ငါ့ကို ကယ်ရအောင် လိုက်လာတာ"

"စစ် ... စစ် ... စစ် ... ဒီလိုဆိုရင် ဒီဝံပုလွေကို အရေခွံဆုတ်ပစ်ရတော့မယ်"

"အလကားစားပြတွေပါ ညီမရယ်"

ရွှလန်သည် သူ့ကို စစ်ကုယောင်က ညီမဟု ခေါ်လိုက်သဖြင့် အလွန်ကြည်နူးပီတိ ဖြစ်သွား၏။ သူမ၏ ခွန်အားများကို ဆယ်ဆတိုး ဖြည့်ပေးလိုက်သို့ ဖြစ်သွားသည်။ သူမသည် အားရပါးရ တိုက်ခိုက်တော့သည်။

ခက်ရင်းခွဘီလူးကြီးကလည်း အော်ဟစ်တိုက်ခိုက်နေ၏။ ဝံပုလွေကြီး ကျောက်စင်လားမှာ မည်သို့မျှ တောင့်မခံနိုင်တော့ချေ။ ထွက်ပြေးသွားခဲ့ရချေပြီ။

● ✻ ●



(၃၇)

စစ်ကုယောင်သည် ကျောက်စင်လား၏တပည့်များကို တိုက်[...]က်ပြီးသော် ပျောက်သွားသည့်ကျောက်စင်လားကို လိုက်လံရှာဖွေ[...]တော့၏။ အိမ်ကြီးပေါ် ခုန်တက်ပြီး ရှာဖွေလေသည်။

အောက်ထပ်၌ ပိုးလိုးပက်လက်လဲကျနေသော ဝံပုလွေများကို [...]တွေ့ရသည်။ ကျောက်စင်လားကိုကား လုံးဝ မတွေ့ရတော့ချေ။

"ကျောက်စင်လား မရှိတော့ဘူး"

"ဘယ်ပျောက်သွားပြီလဲ"

"ပြေးပြီပေါ့၊ သူ ရှုံးသွားပြီပဲ"

မှန်သည်။ ချုံထဲ၌လဲကျနေသော စားပြများ၏အလောင်းများ[...]မှာ ကြည့်မကောင်းချေ။ စစ်ကုယောင်နှင့် ရွှလန်တို့သည် ခြံထဲသို့ [...]ပြန်ဆင်းလာကြ၏။

ခက်ရင်းခွကြီးသည် ရန်သူတစ်ယောက်အား သုတ်သင်နေ[...]သည်ကို တွေ့ရလေ၏။ စားပြသူခိုးလူဆိုးများဟု သိနေသဖြင့် လုချူ[...]ကီးသည် မည်သူ့ကိုမျှ သနားမနေတော့ချေ။

စစ်ကုယောင်သည် ဟိုဟိုသည်သည် လိုက်ကြည့်သည်။ အိမ်
တပ်ထားသော ဆိုင်းဘုတ်တစ်ခုကို တွေ့ကြရသည်။

"ရှန်စီမြို့ အမှုဆောင်ဥက္ကဋ္ဌကြီး ကျောက်စင်လား"

"သွားစမ်း ... ဘာဥက္ကဋ္ဌကြီးလဲ"

"ချွမ်း ..."

စစ်ကုယောင် ဓားဖြင့်ခုတ်ချလိုက်ရာ ဆိုင်းဘုတ်မှာ ပြတ်ထွ
သွားသည်။

"ကြောင်သူတော်ကြီး ဓားပြခေါင်းဆောင်က ဥက္ကဋ္ဌတက်လု
နေတယ်လို့၊ မြို့လူကြီးမျက်နှာဖုံးကိုစွပ်ပြီး မဟုတ်တာမှန်သမျှ အက
လုပ်နေတဲ့သူ၊ တောက် ... မသိလိုက်ရဘာ နာတယ်"

ခက်ရင်းခွဘီလူးကြီး လုချူကြီးသည် စစ်ကုယောင်အနီး
ရောက်လာလေ၏။

"ဘာတွေဖြစ်နေတာလဲ"

"ဦး ... ကျောက်စင်လား မရှိတော့ဘူး၊ သူ ထွက်ပြေးသွားပြ

"ဟ ... မင်း မသတ်လိုက်ရဘူးလား"

"မသတ်လိုက်ရဘူး၊ သူက လစ်ပြီး ထွက်ပြေးသွားတာပဲ

"ဟုတ်ပြီ ... ဒီအဘိုးကြီးပဲ ဖြစ်ရမယ်"

"ဘယ်အဘိုးကြီးလဲ"

"ငါ ခြံနောက်ဘက်ကိုရောက်တော့ အဘိုးကြီးတစ်ယော
တုန်တုန်ယင်ယင်နဲ့ ထွက်လာတယ်ကွ၊ ငါလည်း ခင်ဗျား ဘယ်သူ
လို့မေးတော့ သူ ဒီအိမ်ကခြံစောင့်ပါတဲ့၊ ဓားညီနောင် စစ်ကုယော



ကျာပွတ်မယ် ရှလန်ဆိုတာကို ဒီအိမ်ရှင်ကျောက်စင်လားက သတ်
တမယ်တဲ့၊ သူ မြို့ထဲကိုပြေးပြီ၊ အာဏာပိုင်တွေကို အကြောင်းကြား
ဖို့ ထွက်လာတာပါလို့ပြောတယ်၊ ငါလည်း အဲဒီမှာ အရေးတကြီး
သွားပြီး ခင်ဗျား သွားအကြောင်းကြားပေတော့၊ ကျုပ် အထဲဝင်
က်ဦးမယ်ဆိုပြီး ဝင်လာတာကွ၊ ဟား ... ဟား ... ဟား ... ခုတော့
တောင့်ဆိုတာ အဓိကပုဂ္ဂိုလ်ကြီး ဖြစ်နေတာကိုး"

လုချူကြီးသည် သူ အလှည့်စားခံလိုက်ရသည်ကို သဘောကျ
ရယ်မောနေလေ၏။

စစ်ကုယောင်က ...

"ဟုတ်တယ် ... ဒီကောင်ကြီးဟာ အင်မတန် ဉာဏ်နီဉာဏ်
်များတယ်၊ ပထမတစ်ကြိမ် ကျွန်တော် တိုက်ခိုက်တုန်းကလည်း
ဒီလိုပဲ ထွက်သွားတာပဲ၊ အခုဟာက ဒုတိယအကြိမ်ပေါ့"

စစ်ကုယောင်က မကျေမနပ် ပြောနေတော့၏။

လုချူကြီးက ...

"အေး ... တတိယအကြိမ်ကြုံရင် ဒီကောင်ကြီးကို အရင်ဖြတ်
တာပေါ့၊ အခုတော့ အေးချမ်းသာယာမြေကို ပြန်ကြရအောင်၊
ာလည်း စိတ်ချရတာ မဟုတ်ဘူးကွ၊ မြန်မြန်ပြန်မှကောင်းမှာ၊
ပြင်မှာ မြင်းနှစ်ကောင် အဆင့်သင့်ယူလာတယ်၊ မင်းတို့နှစ်ယောက်
တော့ တစ်ကောင်စီးပေါ့ကွာ၊ ငါကတော့ တစ်ကောင်စီးမှဖြစ်မယ်"

စစ်ကုယောင်က ...

"ကျွန်တော့် မြင်းမလေးက သန်လည်းသန်တယ်၊ မြန်လည်း

မြန်တယ်၊ ဒါပေမယ့် နှစ်ယောက်စီးရင်တော့ အလာတုန်းက
မြန်မြန်ပြေးနိုင်တော့မှာ မဟုတ်ဘူး"

"ဟား ... ဟား ... ဟား ... တော်ပါပြီ တန်ထင်ဟုန်
မင်းနဲ့ငါ အတူတူစီးကြတာပေါ့၊ ငါ့ထက်ကျော်ပြီးတော့လည်း
ချင်ပါနဲ့ကွာ"

လူချုပ်ကြီးက တန်ထင်ဟုန်ရယ်ဟု ခေါ်လိုက်သဖြင့် ရှ
နားရှုပ်ထောင်သွားသည်။

"ဟာ ... ဘယ်လိုခေါ်လိုက်တာလဲ ဦးကြီး၊ သူ့နာမ
ဘယ်သူ ..."

"ဩော် ... မင်းလည်း တန်ထင်ဟုန်အကြောင်း မသိသေ
မှတ်တယ်"

"ဟင့်အင်း ... တန်ထင်ဟုန်ဆိုတာ အစ်ကိုစစ်ကုယော
နာမည်လား"

"အေး ... အေး မင်းလည်းမေး၊ ငါလည်း မေးရတော့
အလာတုန်းက ငါမေးလာတာ၊ ဒီကောင် ကောင်းကောင်းမပြေ
တန်ထင်ဟုန်ကနေ စစ်ကုယောင်အဖြစ် ပြောင်းလဲသွားတဲ့အကြေ
ကို ဦးကြီးက မေးလာတာကွ"

ရှလန်သည် လူချုပ်ကြီး၏စကားကို စိတ်ဝင်စားသွားလေ
"ဟုတ်လား ... အစ်ကို၊ အစ်ကို့နာမည်က တန်ထင်ဟ
လား၊ အဲဒီအကြောင်းတွေ ပြောပြစမ်းပါ အစ်ကိုရာ"

ထိုအခါ လူချုပ်ကြီးက ပင့်ထောင်လေတော့၏။



"အေးကွာ ... မင်းတိုက်တွန်းမှ ဒီကောင် ပြောမှာကွ၊ ငါ့တူက
အင်မတန်လျှို့ဝှက်တဲ့ကောင်"

"ဒါတော့ မပြောနဲ့ဦးကြီးရေ ... သူက ကျွန်မကို ဘာဆိုဘာမှ
အသိပေးတာ မဟုတ်ဘူး"

"အေး ... အခုတော့ မင်း သိသင့်ပါပြီ၊ ဟုတ်တယ်မဟုတ်
လား၊ ကဲ ... ကဲ ... မင်းကလည်း ဖွင့်ပြောဖို့ကောင်းပြီ"

စစ်ကုယောင်သည် လူချုပ်ကြီးနှင့် ရှလန်တို့ အတိုင်အဖောက်
ညီစွာ ပြောနေသည်ကို ပြုံး၍ နားထောင်နေ၏။

"ကဲ ... ဦးကလည်း သိပ်သိချင်နေ၊ ရှလန်ကလည်း သိပ်သိ
ချင်နေတော့ ..."

လူချုပ်ကြီး ဝမ်းသာသွား၏။ ရှလန်လည်း ကြည်နူးသွားသည်။
သူ့ဘဝကို သိခွင့်ရခြင်းမှာ ကြီးကျယ်သောအခွင့်အရေးကြီး
တစ်ရပ်ပင် ဖြစ်၏။

တကယ် စဉ်းစားကြည့်လျှင်လည်း ဒေးညီနောင် စစ်ကုယောင်
အဖို့ ဖွင့်ပြောရန်ဆိုသည်မှာ ထိုနှစ်ယောက်သာ ရှိ၏။

သူ၏ အရင်းနှီးဆုံး ဦးလေး၊ ကြင်ဖော်ကြင်ဖက်ဖြစ်လာမည့်
ချစ်သူ။ ဤနှစ်ဦးကိုမှမပြောလျှင် မည်သူ့ကို ပြောမည်နည်း။

စိတ်အချရဆုံး၊ အယုံကြည်ရဆုံးလူယောက်မှာ သူတို့နှစ်ဦးသာ
ဖြစ်သည်။

"ကဲ ... ဒီ[illegible]ာ ငါတို့ ဘာဆက်လုပ်နေရမှာလဲ၊ ဒီကောင်
ကြီး မဟုတ်တာ[illegible] အတော်အားယူရဦးမယ်၊ ဇာတ်လောက်သား
လောက်တော့[illegible]ာပေါ့ကွာ"

လုချူကြီးက ပြောလေသည်။

စစ်ကုယောင်က ...

"ပထမတစ်ကြိမ် ကျွန်တော် သူ့ဂိုဏ်းကို ဖြိုတုန်းကလည်း ဒီလိုပဲ ဦးရဲ့၊ ဒါပေမယ့် ဘယ်လိုပျိုးထောင်သလဲတော့ မသိဘူး၊ သူ့ ဂိုဏ်းကြီးက ချက်ချင်းကြီးထွားလာတာပဲ၊ ဒါပေမယ့် သိုင်းပညာ သိပ်ထက်မြက်တဲ့လူတွေကို စုနိုင်တာတော့ မဟုတ်ဘူး၊ တစ်ခုပဲ ဘယ်ချောင်မှာခိုကပ်ပြီး မဟုတ်တာတွေ ကြံနေဦးမလဲ မသိဘူး"

"အေးကွာ ... ငါကလည်း ကျောက်စင်လားဆိုတာ ဖြူသလား ညိုသလား သိတာမဟုတ်ဘူး၊ သိရင်လည်း တစ်ခါတည်း ခေါင်း ဖြတ်လိုက်တယ်၊ မသိတော့ ငါ့ကိုလှည့်စားလို့ ရသွားတာပေါ့"

"ကိစ္စမရှိပါဘူး ဦးရယ်၊ သူ နှစ်ကြိမ်လွတ်သွားပြီ၊ သုံးကြိမ် မြောက်မှာတော့ သူ မလွတ်နိုင်တော့ပါဘူး၊ နွားခြေရာနောက်ကို လှည်းဘီးဟာ ထက်ကြပ်မကွာ လိုက်တတ်တယ်ဆိုတဲ့စကားရှိတယ် မဟုတ်လား"

"အဲဒီကောင်ကြီး မကောင်းမှုလုပ်နေတဲ့အကျိုးအတွက် ပြစ် ဒဏ်ကလည်း ထပ်ကြပ်မကွာ လိုက်နေမှာပါ၊ မကြာပါဘူး၊ ဒီကောင် ကြီးကို ကျွန်တော် သုတ်သင်နိုင်မှာပါ"

သူတို့သုံးဦးသည် စကားတ[illegible]နှင့် ခြံကြီးအတွင်းမှ ထွက်ခွာလာကြလေ၏။ ခြံပြင်၌ မြင်[illegible]ညိုကြီးတို့ တက်ကြွ စွာ စောင့်နေကြသည်။

မြင်းပေါ်မတက်မီ သုံးယော[illegible]ပြစမ်းပါ[illegible]ဂ်စင်လား၏ခြံဝင်း [illegible]ထောင်ရေ



[illegible]ကြီးကို လှည့်ကြည့်မိကြသည်။ အခိုက်အတန့်တော့ သူတို့ ဆုံးမခဲ့ [illegible]လေပြီ။ အပြီးအပြတ်ဆုံးမရန် အချိန်ယူရပေဦးမည်။

"ကဲ ... မင်းတို့နှစ်ယောက်က မြင်းနီမကို စီး၊ ငါက မြင်းညို ကြီးကိုစီးမယ်"

စစ်ကုယောင်သည် သူက အရင်တက်ပြီး ရှုလန်ကို သူ့ရှေ့က တတ်စေသည်။ ရှုလန်သည် သူ့ရင်ခွင်ထဲရောက်နေသဖြင့် ရှက် နေသည်။

လုချူကြီးက ရယ်မောရင်း ...

"ငါ ရှေ့ကစီးသွားမယ်၊ မင်းတို့ နောက်ကနေ ဖြည်းဖြည်း ချင်း စီးလာခဲ့ပေါ့ ဟုတ်လား"

"ရပါတယ် ဦးရာ၊ တူတူစီးကြတာပေါ့"

"မင်းက ရပါတယ်ပြောနေတယ်၊ ရှုလန်က ရှက်နေတယ်ကွ ဟား ... ဟား ... ဟား"

ရှုလန်သည် စစ်ကုယောင်၏ရင်ဘတ်ကို တဘုံးဘုံးထုလေ တော့သည်။

● ✻ ●

# (၃၇)
# အတိတ်ဘဝ တစ်စွန်းတစ်စ

"ဟာ ..."

အော်သူမှာ လုရင်ဝမ်းဖြစ်သည်။ တန်ထင်ဟုန်အနေဖြ
မျောက်ရှုံးအောင် ကျွမ်းထိုးနေသူဖြစ်၍ ကြိုးပြတ်သွားသောအ
အသည်းအေးလောက်အောင်လည်း မဖြစ်ချေ။ သူသည် နွယ်ကြိုးပြတ်
သွား၍ မြစ်ထဲသို့ကျသွားသည်။

မြစ်မှာ ရေစီးသန်သည့်မြစ် မဟုတ်သော်လည်း ရေစီးတော
ရှိသည်။ ဒန်းကို အရှိန်ပြင်းစွာဖြင့်လွဲသဖြင့် သူသည် မြစ်လယ်သို
ကျသွားလေသည်။ ထိုစဉ် ရွှေသဲဝါမြစ်၌ လှော်ခတ်လာသည့် လှေ
တစ်စီးရှိသည်။ လှေကိုလှော်လာသော လှော်သားတစ်ဦး ပါရှိသည်

ထိုသူသည် အလွန်ကြီးမားသော ခမောက်တစ်လုံးကို ဆောင
ထားလေရာ ထိုသူ၏အသက်အရွယ်ကို ခန့်မှန်း၍မရနိုင်ဘဲ ရှိသည်

သို့သော် ဤသူကား အဘိုးအိုတစ်ဦးတည်း။

အဘိုးအိုသည် လှေကလေးကို လှော်ခတ်လာသည်။



"ဝုန်း ..."

ရေထဲမှ ကြီးမားသောငါးကြီးတစ်ကောင် ခုန်သွားကြလို့လား"
သွားသည့်အလား ဝုန်းခနဲမြည်ဟီးသွားလေသည်။ သွယ်ဝိုက်၍မေး
ဦး လွှင့်စဉ်ကျလာကြောင်း သူ တွေ့လိုက်ရသည်ပင်းဖြစ်သွား၏။

ထို့ကြောင့် သူသည် လှေကိုအပြင်းအထန်မြင်ရချေ။ သူ
ဖြီး ကလေးငယ်ကလေးကို ဖမ်းဆွဲလိုက်လေသည်။ ဟဲ့။

ကလေးငယ်မှာ ဘာမှ ကြောက်လန့်ဟန်မရှိချေ။ သူ့ကိုနောက်ပါ
ဆွဲတင်လိုက်သောအခါ သွက်လက်စွာ တက်လာသည်။

လှေသည် ရေစီးနှင့်အတူ မျောသွားတော့သည်။ ညောင်ပင်
ကြီးနှင့် တဖြည်းဖြည်း ဝေးကွာသွားတော့သည်။

"ဟော့ ... ကလေး မင်း ဘာမှကြောက်ပုံမရဘူး၊ မင်း ရေကူး
တတ်တာလား"

"ကူးတတ်တယ် အဘိုးရ"

"အေး ... မင်း မဆိုးဘူး"

ကလေးငယ်သည် လက်ထဲ၌ဆုပ်ကိုင်ထားသည့် အရာကလေး
အား ပြသလိုက်သည်။

"အဘိုး ... ဒီမှာကြည့်စမ်း"

"ခြောက်ထောင့်ကြယ်ပါလား"

အဘိုးအိုသည် မျက်လုံးပြူးသွားသည်။

တန်ထင်ဟုန်က ...

"ဟုတ်တယ် ... ခြောက်ထောင့်ကြယ်ပါပဲ၊ ဒါဟာ ကျွန်တော့်
ဘကြီး ကြယ်ပစ်ဝိဇ္ဇာရဲ့လက်နက်ပါ အဘိုး"

၏ မျက်ခုံးများ မြင့်တက်သွားပြန်သည်။

သည် မျက်ခုံးမွေး၊ ဆံပင်မွေး၊ မုတ်ဆိတ်မွေးတို့အား နသည်။ ရုပ်ရည်မှာလည်း လေးစားကြည်ညိုဖွယ်ရာ သည်။

: ... ငါ မေးစမ်းပါရစေဦး၊ မင်း မြစ်ထဲကို ဘယ်လို လဲ"

ဟန်ထင်ဟုန်သည် တဖြည်းဖြည်း ကျန်ကျစ်ခဲ့သော ညောင်ပင်ကြီးကို လက်ညှိုးထိုးပြလေသည်။

"အဲဒီညောင်ပင်ကြီးမှာ ဒန်းစီးနေကြတာ အဘိုးရဲ့၊ အဲဒါ ဒန်းကြိုးပြတ်ပြီး လွင့်စဉ်ကျလာတာပဲ"

အဘိုးအိုသည် တန်ထင်ဟုန်၏ စကားများကို အနှလုံးပငိုလုံ့ စဉ်းစားနေသည်။ ကလေးငယ်၏ စကားများ၌ ဘကြီးဖြစ်သူ၏ ခြောက်ထောင့်ကြယ်ဟု ပြောခဲ့သည်။

"ခြောက်ထောင့်ကြယ် ... မင်းရဲ့ ဘကြီးလို့ ပြောခဲ့တယ်နော်"

"ဟုတ်ပါတယ် ဘကြီးပါ"

"မင်း ဘကြီးနဲ့ အတူနေတာလား"

"ဟုတ်ကဲ့ ... ဘကြီးနဲ့ အတူနေတာပါ"

"မိဘတွေနဲ့ ဘာဖြစ်လို့ မနေတာလဲ"

"ကျွန်တော့်မှာ မိဘ မရှိတော့ပါဘူး"

"အို ... ကျွတ် ... ကျွတ်"

အဘိုးအိုသည် တန်ထင်ဟုန်အား ကြင်နာစွာကြည့်ရှု၏။ ဝတ်စားထားပုံကတော့ မဆိုးလှပေ။ ဆင်းရဲသားထဲက ဟုတ်ဟန်မတူပေ။



"မိဘတွေ မရှိဘူးဆိုတော့ တခြားကို ထွက်သွားကြလို့လား"

အဘိုးအိုက သေကုန်ပြီလားဟု မမေးချင်၍ သွယ်ဝိုက်၍မေးလိုက်ခြင်း ဖြစ်သည်။ တန်ထင်ဟုန်သည် စိတ်မကောင်းဖြစ်သွား၏။ သူ့မိခင် သေဆုံးပုံနှင့် ဖခင်သေဆုံးပုံတို့ကို သူ မမြင်ရချေ။ သူ့ဘကြီးကမူ ရန်သူသတ်၍ သေသည်ဟုသာ ပြောပြသည်။

"ကျွန်တော့်အမေလည်း လုပ်ကြံခံရတာပဲ၊ အဖေလည်း လုပ်ကြံခံရတာပဲ၊ အမေက ရန်သူနဲ့တိုက်ပြီး သေသွားတာပါ၊ အဖေကတော့ လုပ်ကြံခံရတာ သက်သက်ပဲ၊ သိုင်းလေးဖော်ဆိုတာ အဘိုးကြားဖူးမလားမသိဘူး၊ ဖေဖေက အဲဒီထဲက တစ်ယောက်ပါ"

"ဟော ..."

"သူတို့ သိုင်းလေးဖော်ဟာ သုံးနှစ်တစ်ကြိမ်ကျ တွေ့ဆုံပြီး သိုင်းပညာ ဖလှယ်ကြတယ် အဘိုးရဲ့၊ ကျွန်တော့်ဖေဖေ နောက်ကျနေလို့ တမျှော်မျှော်နဲ့စောင့်နေကြတုန်း ကျွန်တော့်ဖေဖေဟာ ဒဏ်ရာကြီးနဲ့ရောက်လာပြီး ဘာမှမပြောနိုင်ဘဲ အသက်ထွက်သွားတာပဲ"

"မင်းအဖေနာမည်ကို ပြောပြစမ်းပါဦး ကလေးရယ်"

"ဓားနှစ်လက် တန်ထင်လင်းပါခင်ဗျာ"

"ဟာ..."

"ဘာဖြစ်လို့လဲ ခင်ဗျာ"

"ဓားနှစ်လက် တန်ထင်လင်းဟာ မင်းအဖေ ဟုတ်လား"

အဘိုးအိုသည် စိတ်မကောင်းခြင်းများစွာ ဖြစ်သွားပြီး မေးပြောပြောလိုက်၏။

● ✳ ●

## (၁၉)

အဘိုးအိုက ညည်းညူ လိုက်သည်။

"ဩော် ... တန်ထင်လင်း ... တန်ထင်လင်း မင်းနဲ့ငါဟာ ဘယ်လိုရေစက်များရှိတယ် မဆိုနိုင်ဘူး၊ ကြုံကြုံဖန်ဖန် ဆုံရလေတယ် တန်ထင်လင်းရယ်၊ အခု မင်းရင်သွေးလေးဟာ ငါ့လက်ထဲ ရောက်နေပြန်ပြီကွယ်"

အဘိုးအို၏ ရေရွတ်သံကြောင့် တန်ထင်ဟုန်မှာ အံ့သြသွားပြီး မော့ကြည့်နေရှာသည်။

"အဘိုး ... ကျွန်တော့်အဖေကို သိလို့လား"

"သိတာပေါ့ ကလေးရယ်"

"ဗျာ ..."

"သိတာပေါ့ မင်းရဲ့ဖေဖေဟာ တစ်ချိန်တုန်းက အဘိုးရဲ့ အချစ်ဆုံး တပည့်တစ်ဦးပေါ့ကွာ"

"ဟာ ..."

တန်ထင်ဟုန်ကလေးသည် အလွန် ဝမ်းသာသွားလေသည်။



"ဖေဖေ့ရဲ့ဆရာဟာ အဘိုးပေါ့၊ ကျွန်တော်သိပြီ၊ ကျွန်တော် ှုံးဖြတ်ပြီးပါပြီ၊ ကျွန်တော် ဆရာအဘိုးရဲ့ မြေးတပည့်ဖြစ်ပါရစေ ၢာ်၊ ကျွန်တော်ဟာ ဖေဖေလို အင်မတန်တော်တဲ့ ဓားသမားတစ် ယောက် ဖြစ်ချင်ပါတယ် အဘိုးရယ်"

"အို ... ဒီလို ဘယ်ဟုတ်ဦးမလဲ၊ မင်းကို မင်းဘကြီးဆီ ပြန် ို့ပေးရဦးမှာပေါ့"

"ဗျာ ... ပြန်ပို့မယ်၊ မပို့ပါနဲ့ အဘိုးရယ်၊ ကျွန်တော်က သိုင်းပညာသင်ချင်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ဘကြီးဟာ သိုင်းပညာ တစ်ခု သင်ပေးပါတယ်၊ ဒါပေမယ့် ကျွန်တော်သင်ချင်သလောက် မသင်ပေးပါဘူး၊ ကျွန်တော့်ကို ငယ်သေးတယ်ထင်နေဟန်တူပါတယ် ခင်ဗျာ"

"ဩော် ... မင်းက မပြန်ချင်ဘူးကိုး"

"ဟုတ်ကဲ့ ... မပြန်ချင်ပါဘူး အဘိုး၊ သိုင်းပညာသင်ချင်လို့ ပါ အဘိုးရယ်"

အဘိုးအိုက အခြေအနေကို ပြောပြ၏။

"မင်းကို ငါ ပြန်မပို့တော့ပါဘူး ကလေးရယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မင်းရဲ့အခြေအနေဟာ အင်မတန် အန္တရာယ်ထူပြောနေ လို့ပဲ၊ အခုတောင် မင်း လုပ်ကြံခံလိုက်ရသလား မသိဘူး၊ မင်း အရွယ်ရောက်လာရင်လည်း လုပ်ကြံခံရဦးမှာပဲ၊ မင်းတို့မျိုးရိုးဟာ လုပ်ကြံခံရမယ့်လက္ခဏာ ပါလာသလား မသိဘူး၊ မလွယ်ဘူး၊ မင်း ဖခင်လို မင်းဟာ လုပ်ကြံခံရမယ်လို့ ငါ ထင်တယ်"

အဘိုးအိုသည် တန်ထင်ဟုန်လေး၏ လက်ထဲမှ ယူကြည့်သည့် ခြောက်ထောင့်ကြယ်ကလေးကို ပြန်ပေးလိုက်၏။

"ရော့ ... ဒါလေးကို မင်း အသက်နဲ့ထပ်တူ သိမ်းထားတော့ မင်းဖခင်ကို လုပ်ကြံတဲ့သူကို ဒီဟာနဲ့ သက်သေထူပြီး မင်း လက်စားချေရမယ် နားလည်လား"

တန်ထင်ဟုန်က ခြောက်ထောင့်ကြယ်ကလေးကို သိမ်းဆည်းလိုက်၏။

"ဟုတ်ကဲ့ အဘိုး၊ ကျွန်တော် သိမ်းဆည်းထားပါ့မယ်၊ ဒါကို သက်သေထူပြီး လက်စားချေပါ့မယ်ခင်ဗျာ"

အဘိုးအိုသည် ကျန်ရစ်ခဲ့သော ညောင်ပင်ကြီးကို မျှော်ကြည့်နေလေ၏။

"ဟော ... ဟိုမှာ မင်းဟာ သူတို့သုံးယောက်ထဲက တစ်ယောက်ယောက်ကို လက်စားချေရမှာကွယ့်"

"အို ..."

အဘိုးအိုသည် အသက်ကြီးသော်လည်း အမြင်သန်လှသည်။ ညောင်ပင်ကြီးအနီး၌ ရောက်နေသည့် သိုင်းသုံးဖော်ကို မြင်၏။

"အဘိုး ... အဲဒီလောက်အကွာအဝေးကို မြင်ရသလား"

"အဲဒီလူတွေဟာ သိုင်းသုံးဖော်ထဲကလူတွေ မဟုတ်လား"

"ဟုတ်ပါတယ် အဘိုးရယ် ... ကျွန်တော့်ရဲ့ဘကြီးတွေပေါ့"

"အေးကွယ် ... အဘိုး သူတို့ကို ကောင်းကောင်းသိပါတယ်"

ထိုသုံးယောက်သည် မြစ်ကမ်းနဖူး၌ တန်ထင်ဟုန်ကို ရှာဖွေနေကြ၏။ ထိုအခြင်းအရာကို အဘိုးအို မြင်သည်။



"အဲဒီဘေးမှာ ကလေးတစ်ယောက်များ ရှိသေးလား မသိဘူး"

"ကျွန်တော့် ဘဘကြီးရဲ့သမီးလေး ရှိပါတယ်၊ ကျွန်တော့်က် နှစ်နှစ်လောက်ငယ်ပါတယ်၊ ကျွန်တော့်အပေါ် အင်မတန် ယာဉ်ကြီးတဲ့ ကလေးမလေးပါ"

အဘိုးအိုက ...

"ငါတို့နဲ့ သူတို့ တော်တော်ဝေးနေတော့ ငါတို့ကို မမြင်နိုင်ပါဘူး၊ မင်း ငါနဲ့ တကယ်လိုက်ခဲ့မှာလား ကလေး"

"အဘိုးက သိုင်းပညာသင်ပေးမယ်ဆိုရင်တော့ အဘိုးဘယ် းသွား ကျွန်တော် လိုက်ပါ့မယ်"

"သိုင်းပညာသင်ပေးဖို့ မင်းကို ခေါ်တာပေါ့ကွ"

"ဒါဆို လိုက်မှာပေါ့ အဘိုးရယ်"

"ကောင်းပြီ ... ဒါဆိုရင် ခုချိန်ကစပြီး မင်းဟာ ငါ့ရဲ့မြေး ပည့်ဖြစ်သွားပြီ"

"ဟုတ်ကဲ့ အဘိုး ... ကျွန်တော့်ကို အဘိုးခိုင်းချင်ရာ ခိုင်းနိုင်ပါ ယ်ခင်ဗျာ"

"အေး ... ဟုတ်ပြီ၊ မင်းတတ်ထားတဲ့ သိုင်းပညာကို ငါ ကြည့်မယ်၊ မင်း ကစားပြစမ်း"

တန်ထင်ဟုန်သည် သူတတ်ထားသမျှ သိုင်းပညာများကို လေ ၌ပင် ခုန်ပျံကစားပြလေ၏။

● * ●

## (၄၀)
## ဓားသမား၏ အတ္ထုပ္ပတ္တိ

မုန်တိုင်း ဓားသခင်။

မုန်တိုင်းဓားသခင် ရဲနန်းထင်ဆိုလျှင် သိုင်းလောက၌ မကြားဖူး သူမရှိချေ။ သိုင်းပညာ သင်ကြားနေသူတစ်ဦးပင် ကြားဖူးသည်။ အလွန်ကျော်ကြားထင်ရှားသည့် ဓားသမားတစ်ဦး ဖြစ်ခဲ့လေ၏။

ဓားစွမ်းထက်သလား မပြောနှင့်။ မည်သူကမျှ သူနှင့်မယှဉ် ရဲချေ။ အသက်လေးဆယ်ခန့်သာ ရှိသေးရာ ဉာဏ်စွမ်းဉာဏ် အပြည့်ဝဆုံးနှင့် ကိုယ်ကာယစွမ်းအား အပြည့်ဝဆုံးအချိန်ပင် ဖြစ် တော့သည်။

မုန်တိုင်းဓားသခင် ရဲနန်းထင်ဆိုလျှင် သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန် ကြောက်ရွံ့ထိတ်လန့်ရသည့် အချိန်အခါ ဖြစ်ခဲ့ဖူးသည်။

မုန်တိုင်းဓားကျမ်းမှ သိုင်းကွက်များကို သူ အကုန်အလွတ်ရ သည်။ အကုန်တတ်ကျွမ်းသည်။ ထို့ကြောင့် ဘုရင်တစ်ဆူသဖွယ် မင်းမူနိုင်ခဲ့ခြင်း ဖြစ်သည်။



ပညာမာန၊ အရွယ်မာနတတ်ချိန်ဖြစ်၍ မုန်တိုင်းဓားသခင် န်းထင်သည် မည်သူ့ကိုမျှ လူမထင်ခဲ့သောအချိန် ဖြစ်သည်။ သည့်အရေးကိစ္စဖြစ်ဖြစ် ထက်ခနဲရှိလျှင် ဓားနှင့်ဖြေရှင်းတတ်သည်။ ၏ဓားမှာ နေ့စဉ် သွေးစွန်းခဲ့သည်။

သူ့ကို ယှဉ်ပြိုင်သည့်ပြိုင်ဘက်များသည် သူ၏ဓားသိုင်းကွက် းကို လုံးဝ မခုခံနိုင်ချေ။ သူ၏သိုင်းကွက်များမှာ မုန်တိုင်းတိုက် သည့်သဖွယ် ပြင်းထန်လှသည်ဖြစ်ရာ ရန်သူများမှာ ခုခံကာကွယ် စွမ်းမရှိ ဖြစ်ကုန်၏။

ယှဉ်ပြိုင်သူတိုင်း သူ့ကို ရှုံးနိမ့်ကြရသည်သာ။

ထို့ကြောင့် သိုင်းလောကကြီး ဆူပွက်လှုပ်ရှားနေသည်။ သူ ည် မတရားမပြုသော်လည်း ထက်ခနဲရှိ ဓားနှင့်သာ ဖြေရှင်းနေ ဖြင့် သိုင်းလောက၌ သွေးသံရဲရဲ ဖုံးလွှမ်းနေ၏။

ရဲနန်းထင်နှင့် မည်သူတိုက်မည်နည်း။ တိုက်သူသည် သေလူ ာ ဖြစ်တော့သည်။ ရဲနန်းထိုက်သည် ယှဉ်ပြိုင်လာသူအား မည်သူ့ မျှ ခွင့်မလွှတ်ချေ။

အသေသတ်ပစ်သည်သာ ဖြစ်၏။ သနားကြင်နာခြင်း လုံးဝ ရှိချေ။

သူ မည်မျှပင်ရက်စက်ရက်စက် တစ်ခုတော့ စည်းကမ်းရှိ၏။ ရန်သူသည် ဓားအိမ်မှဓား မထုတ်သေးသရွေ့ သူက ရန်သူဟု ဘောမထားခြင်း ဖြစ်သည်။

ဓားမထုတ်သောရန်သူအား ရဲနန်းထိုက်က တိုက်ခိုက်သတ် တ်ပစ်လိုက်သည်ဟူ၍ မည်သည့်အခါမှ မကြားရချေ။

ဓားမထုတ်သောရန်သူအား သူသည် မည်သည့်အခါမျှ မတိုက်ခိုက်ခဲ့ချေ။ ဤစည်းကမ်းသဘောတော့ ရှိသည်။

ဓားထုတ်ပြီဆိုလျှင်တော့ ထိုသူသည် ရန်သူစာရင်းဝင်ဖြစ်သွားလေပြီ။ ဓားထုတ်ပြီးမှ ရှိန်းဦးတင် တောင်းပန်သော်လည်း တောင်းပန်၍ မရတော့ပြီ။ ထိုလူသည် မုချ သေရမည်သာ ဖြစ်သည်။

ထို့ပြင် ဓားစွမ်းထက်လှသော မုန်တိုင်းဓားသခင် ရဲနန်းထင်သည် ဓားစွမ်းထက်သမျှ ကျော်ကြားလှ၏။ ထိုအချိန်တွင် သိုင်းလောကမှ ရုတ်တရက် ပျောက်ကွယ်သွားပေသည်။ အဘယ့်ကြောင့်နည်း။

မည်သူမျှ မသိလိုက်ကြသော အဖြစ်အပျက်တစ်ခုသည် ရဲနန်းထင်၏ဘဝ၌ ဖြစ်ပျက်သွားခဲ့သည်။ ထိုအကြောင်းအရာ အဖြစ်အပျက်ကို မြင်သူများရှိသော်လည်း မည်သူမျှ အသေအချာ မသိလိုက်ကြချေ။

ဤအဖြစ်အပျက်ကြောင့် ရဲနန်းထင် သိုင်းလောကမှ ထွက်သွားခြင်းဖြစ်သည်ကိုလည်း မည်သူမျှ မသိကြတော့ချေ။

· တစ်နေ့တွင် မုန်တိုင်းဓားသခင် ရဲနန်းထင်ရှိနေသော နေရာသို့ ဓားသမားကြီးတစ်ယောက် ရောက်လာလေသည်။

ထိုအချိန်၌ ရဲနန်းထင်တစ်ယောက် နောက်လိုက်နောက်ပါ တပည့်များနှင့် သောက်စားမူးယစ်နေချိန် ဖြစ်၏။

ထူးခြားချက်တစ်ခုမှာ မည်မျှ သောက်စားမူးရူးနေစေကာမူ ဓားနှင့် ယှဉ်ပြိုင်တိုက်ခိုက်သောအခါ ရဲနန်းထင်သည် မည်သည့်အခါမျှ အမှားအယွင်းမရှိခြင်းပေတည်း။

● ✻ ●

# (၄၁)

ရောက်ရှိလာသော သိုင်းသမားကြီးမှာ အသက်ခြောက်ဆယ်ခန့်ရှိပြီး ထွားကျိုင်းကြံ့ခိုင်သော ခန္ဓာကိုယ်ရှိနေသည်။ အလုံးနှင့်အရပ်မှာ လိုက်လျောညီထွေ ရှိသည်။

ဓားသမားကြီးသည် စားသောက်ဆိုင်အတွင်းသို့ ဝင်လာသည်။ ဆိုင်အတွင်းသို့ တစ်ချက်လှမ်းကြည့် အကဲခတ်ပြီးနောက် ရဲနန်းထင်၏စားပွဲဆီသို့ တန်းတန်းမတ်မတ် လျှောက်လာတော့၏။

ထို့နောက် စားပွဲရှေ့၌ ရပ်လိုက်ပြီး လှမ်းခေါ်လိုက်၏။

"ဟေ့ကောင် ... ရဲနန်းထင်"

ဓားသမားကြီး၏ ကျယ်လောင်စွာ အော်ငေါက်လိုက်သည့်အသံကြောင့် ရဲနန်းထင်၏တပည့်များမှာ အံ့အားသင့်သွားကြ၏။

ရဲနန်းထင်မှာ အရက်သောက်ထားသဖြင့် အရက်မူးနေသည်။ သူ့အား မည်သူမျှ ဤသို့ မခေါ်ရဲကြချေ။

ဤသို့ အခေါ်ခံလိုက်ရခြင်းအတွက် သူ၏ဒေါသများ ပေါက်ကွဲကုန်တော့၏။

"ငါ့ကို ဒီလိုခေါ်တာ ဘယ်ကောင်လဲကွ"

သူသည် ထရပ်ရင်း အော်မေးလေ၏။

ထိုအခါ သူ့အား မမိတ်မသုန်စိုက်ကြည့်နေသည့် ဓားသ
ကြီးအား တွေ့ရှိလိုက်ရတော့သည်။ ဓားသမားကြီးကိုကြည့်ရင်း
မျက်နှာသည် ကွက်ခနဲ တစ်ချက်ပျက်သွားသည်။

သူသည် ဓားသမားကြီးကို ပြန်စိုက်ကြည့်လိုက်သည်။ သူသ
မျက်မှောင်ကြုတ်၍ ပြန်မေးလိုက်၏။

"ကျုပ်ကိုခေါ်တာ ခင်ဗျားလား"

"ဟုတ်တယ်"

"ခင်ဗျား ဘယ်သူလဲ"

"မင်း မျက်လုံးမပါဘူးလား၊ ပြောဖို့လိုသေးသလား"

ဓားသမားကြီးက ခပ်ထန်ထန်ဟောက်လေ၏။ သိုင်းလော
သူ့အား မည်သူမျှ မဟောက်ရဲချေ။ သူ့နောက်လိုက် တပည့်မ
သည် ဆရာကျေနပ်စေရန် ထရပ်လိုက်ပြီး ဓားများကို ဆွဲထုတ်လို
ကြသည်။

"ရှမ်း ... ရှမ်း ... ရှမ်း"

"တော်တော်လူပါးဝတဲ့ အဘိုးကြီး၊ စက်ကောင်းနေလို့ 
တောင်းတယ် မှတ်တယ်"

ဓားသမားကြီးသည် သူ၏ဓားကို ဆွဲထုတ်လိုက်လေ၏။

"မင်းတို့ နောက်ဆုတ်ကြစမ်း၊ အားလုံး နောက်ဆုတ်ကြ

သူ့တပည့်များသည် ကြောက်အားလန့်အား နောက်ဆု
သွားကြ၏။ ဆိုင်နံရံနှင့် ကပ်မိသောအခါမှ ရပ်တန့်သွားကြ၏



မုန်တိုင်းဓားသခင် ရဲနန်းထင်သည် သူ၏ဓားကို ထုတ်ရတော့
ည်။ သူ့ရှေ့မှပုဂ္ဂိုလ်သည် ဓားထုတ်လိုက်သဖြင့် သူ၏ရန်သူစာရင်း
င်သွားပေပြီ"

"သြော် ... မင်းက ငါ့ကို တိုက်ခိုက်မယ်ဆိုပါတော့"

ဓားသမားကြီးသည် ရဲနန်းထင်က ဓားကိုဆွဲထုတ်လိုက်သည်
ကို မြင်ရသောအခါ အံ့အားသင့်သွား၏။

ရဲနန်းထင်က ...

"ကျုပ်ရှေ့မှာရပ်ပြီး ဓားထုတ်သူမှန်သမျှ ကျုပ်ရဲ့ရန်သူပဲ"

"ဟေ ... ဓားထုတ်ရုံနဲ့ မင်းရဲ့ရန်သူ ဖြစ်ရောလား"

"စကားမရှည်နဲ့၊ ကျုပ်ရှေ့မှာ ဓားထုတ်ရင် ကျုပ်ကိုပမာမခန့်
လုပ်တာပဲ၊ ဒါကြောင့် ကျုပ်ရန်သူလို့ သတ်မှတ်တယ်"

"ကောင်းပြီလေ ... ဒါဆို တိုက်ကြရုံပေါ့ကွာ"

ဤသို့ဖြင့် ဓားသမားကြီးနှင့် ရဲနန်းထင်တို့ တိုက်ခိုက်ကြတော့
သည်။

ဓားသမားကြီး၏ ဓားကွက်များမှာ ရိုးရိုးစင်းစင်း မဟုတ်။
ဓားကွက်များမှာ မခေလှပေ။ သူလည်း ဓားစွမ်းထက်သူပေပဲ။

မုန်တိုင်းဓားသခင် ရဲနန်းထင်သည် ဓားသမားကြီး၏ ပျော
ကွက်ဟာကွက်များကို ထိုးနက်တိုက်ခိုက်သော်လည်း အရာမရောက်
ဘဲ ဖြစ်နေသည်။

သူ၏တပည့်များမှာမူ သူတို့၏ဆရာ အရက်သောက်ထား
သဖြင့် ထိထိရောက်ရောက် မတိုက်နိုင်ခြင်းဖြစ်သည်ဟု ယူဆ၏။

ရန်သူသည် သူ့ဆရာ၏ဓားချက်များ ပျော့နေသဖြင့်သာ
နေနိုင်ခြင်းဖြစ်သည်ဟု ထင်ကြသည်။

တကယ်တော့ ရဲနန်းထင်သည် သူနှင့် တိုက်ခိုက်နေသူ မည်
ဖြစ်သည်ကို တဖြည်းဖြည်း သိမြင်လာသည်။

ထိုသို့ သိမြင်လာသည့်အတွက်လည်း သူ အတိုက်ရခက်လ
ခဲ့ခြင်း ဖြစ်သည်။ အဘယ့်ကြောင့် အတိုက်ရခက်ပါလေသနည်း

အခြားသူများကဲ့သို့ ရက်ရက်စက်စက် သတ်လိုက်ပါလေ
သူသည် မသတ်နိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ထိုသူမှာ တိမ်
ဓားသမားကြီး ရဲကျန်းယီဆိုသော သူ့ဖခင်ဖြစ်နေသောကြောင့်တည်း

ထို့ကြောင့် အခြားသူများကဲ့သို့ သေကွင်းသေကွက်ကို ထု
မသုံးဝံ့ခြင်း ဖြစ်၏။ အဖြစ်ဆိုးပုံမှာ ပြောပြစရာမရှိတော့ချေ။

● * ●

(၄၂)

တိမ်ပျံဓားကွက်များသည် ရဲနန်းထင်အား ပြင်းထန်စွာ ဖိနှိပ်ဘိုးနှက်နေသည်။

သူ့တပည့်များကတော့ ဦးနှောက်ခြောက်နေကြသည်။ သူတို့ဆရာသမားသည် အခြားသော ရန်သူများနှင့်တိုက်လျှင် ဓားကွက်လေး,ငါးကွက်အတွင်း ရန်သူကို အပြတ် ရှင်းပစ်နိုင်သည်ကိုသာ တွေ့ခဲ့ကြသည်။

ယခုတော့ ထိုသို့မဟုတ်။ ဓားကွက် လေး,ငါးဆယ် ရှိနေပြီ။ ထိုအဘိုးကြီးအား အဘယ့်ကြောင့် ဤမျှကြာအောင် တိုက်ခိုက်နေရသည်ကို နားမလည်ကြချေ။

ထို့ကြောင့် ညာသံပေး၍ အော်ဟစ်ကြတော့၏။

"ဟော.... မုန်တိုင်းဓားသခင် ရဲနန်းထင်ကွ"

နောက်လိုက်များ၏ ညာသံပေးမှုသည် ရဲနန်းထင်၏နားထဲသို့ ကျယ်လောင်စွာ ဝင်ရောက်လာ၏။ ထို့ကြောင့် ဓားချက်များသည် အလိုလို သွက်လက်မြန်ဆန်လာ၏။

"ဝှစ် … ဝှစ် … ဝှစ်"

"ထန်း … ထန်း … ထန်း"

ရဲနန်းထင်သည် သူနှင့်တိုက်ခိုက်နေသူသည် ဖခင်ဖြစ်ကြောင်း သိလိုက်လေပြီ။ သူ၌ ဒွိဟစိတ်များ ရှိနေ၏။ ဝေဝေသော စိတ်နှစ်ခုဖြင့် သူသည် ဓားပြိုင်ပွဲကို ဆင်နွှဲနေရလေသည်။

တစ်ဖက်က ဖခင်။

တစ်ဖက်က ဓားသမား သိက္ခာ။

ထိုအစွန်းနှစ်ဖက်တို့သည် လွန်ဆွဲနေကြသည်။ သူသည် မှန်တိုင်းဓားသိုင်းကျမ်းမှ သိုင်းကွက်များကို အကုန်ရထားသူ ဖြစ်သည်။

ထို့ကြောင့် တကယ်တမ်းတိုက်ခိုက်လျှင် ဖခင်ဖြစ်သူအား အချိန်မရွေး အနိုင်တိုက်နိုင်သည်။ ဖခင်ဖြစ်သူထက် သိုင်းပညာတွင် သူက သာသည်။

ဒေါသတကြီးဖြစ်နေသော ဖခင်ဖြစ်သူ၏ ပြင်းထန်စွာတိုက်ခိုက်မှုကို ရှောင်တိမ်းနေရသည်။ တကယ်တော့ ဖခင်ဖြစ်သူသည် သူ့ကို လိုက်လံရှာဖွေနေခဲ့ခြင်းသာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ဖခင်၏ တူတော်သူတစ်ဦးသည် ရန်သူများဘက်မှ တိုက်ခိုက်လာ၏။ ထိုသူကို သုတ်သင်မိခဲ့၏။

ထိုအကြောင်းကိစ္စကြောင့် ဖခင်သည် သူ့ကို လိုက်ရှာနေခြင်း ဖြစ်သည်။ ယခုတော့ တိုက်ခိုက်နေရလေပြီ။

"ဝှစ် … ဝှစ် … ဝှစ်"

ဖခင်၏ဓားချက်တစ်ချက်သည် သူ၏ပခုံးစွန်းအား ရှပ်၍ ထိသွားသည်။ သွေးများ ဖြာခနဲ ကျလာ၏။



"ဟာ … မှန်တိုင်းဓားသခင်ကြီး ဓားထိသွားပြီ"

နောက်လိုက်များသည် စိုးရိမ်ပူပန်စွာ အော်ကြသည်။

ရဲနန်းထင်သည် အံတစ်ချက် ကြိတ်လိုက်၏။ ဓားသမားတစ်ယောက်၏သိက္ခာအတွက် ကာကွယ်ရန် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် ချလိုက်၏။

"ဝှစ် … ဝှစ် … ဝှစ်"

သူ၏ဓားချက်များသည် ဖခင်သိုင်းသမားကြီးကို လွှမ်းခြုံသွားတော့သည်။

ရဲကျွန်းယီမှာ ရဲနန်းထင်၏ဓားကွက်များကို မစုစ်နိုင်ဘဲ ဖြစ်သွား၏။ ရဲနန်းထင်၏ဓားချက်သည် ဖခင်ဖြစ်သူ၏ရင်ညွန့်သို့ ဝင်သွား၏။

"ကျုပ်ကို ခွင့်လွှတ်ပါ အဖေ"

ရဲနန်းထင်သည် ဖခင် ရဲကျွန်းယီအား တီးတိုးပြောလိုက်၏။

ရဲကျွန်းယီမှာမူ သားဖြစ်သူ ရဲနန်းထင်၏ ဖခင်ကိုသတ်ဝံ့သော သတ္တိကို အံ့ဩတုန်လှုပ်စွာ ကြည့်နေ၏။ သူသည် ရင်ဘက်ကို အုပ်လိုက်၏။

"မင်း … မင်း ငါ့ကို ဓားနဲ့ထိုးတယ် ဟုတ်လား၊ မင်း ငါ့ကို သတ်ရဲတယ် ဟုတ်လား၊ မင်း သိပ်ပြီး သတ္တိရှိတယ် ဟုတ်လား"

ဖခင်ဖြစ်သူသည် အလွန်အံ့ဩသော မျက်လုံးများဖြင့် ကြည့်၍ ဒူးထောက်ကျသွား၏။ သူ့မျက်လုံးများသည် ကောင်းကင်ကြီးပြိုကျလာသည်ကို မြင်လိုက်ရသည့်ပုံမျိုး ဖြစ်သည်။

သူ့အသည်းနှလုံးများသည် ရဲနန်းထင် စားနှင့်ထိုးလိုက်သည့်အတွက် မနာကျင်ချေ။ သူ့ကို သတ်ဖွံ့သည့်အတွက် နာကျင်နေသည်။

"ဝုန်း...."

ရဲကျန်းယီ လဲကျသေဆုံးသွားလေပြီ။

"ဟေး... မုန်တိုင်းဓားသခင်ကွ၊ ယှဉ်ရဲတဲ့သူ ဘယ်သူရှိလဲ၊ သေရဲတဲ့လူရှိရင် လာယှဉ်ကြည့်ကြ"

တပည့်များသည် မည်သို့ဖြစ်ပျက်သွားသည်ကို မသိကြချေ။ ဖခင်ဖြစ်သူအား သတ်မိသည့်အဖြစ်ကိုလည်း မသိကြချေ။

ထို့ကြောင့် သူတို့သည် အားရပါးရ အော်ဟစ်အားပေးနေကြခြင်း ဖြစ်သည်။

တကယ်တော့ ထိုအော်သံများသည် ရဲနန်းထင်ကို လှောင်ပြောင်သရော်နေကြသည့် အသံများသာတည်း။

ထို့ကြောင့် ရဲနန်းထင်သည် ဆိုင်ထဲမှ ပြေးထွက်ခဲ့လေတော့သည်။ သူသည် တပည့်များ၏အော်သံကို မကြားရဲတော့ပေ။

"လူသတ်သမား...."

"အဖေကိုသတ်တဲ့ လူသတ်သမား"

ထိုအော်သံများက နားထဲဝင်နေ၏။ ထိုအသံများကို မကြားလိုသဖြင့် ဆိုင်ထဲမှ နားပိတ်ပြီး ပြေးထွက်သွားလေသည်။

တပည့်များ အံ့အားသင့်ပြီး ကျန်ရစ်ခဲ့ကြလေ၏။

● * ●

(၄၃)

ဆိုင်နှင့်ဝေးရာသို့ ရောက်သည့်အခါ အပြေးရပ်လိုက်၏။

"ဟဲ့... ရဲနန်းထင်"

နောက်မှအော်လိုက်သည့်အသံကြောင့် ရဲနန်းထင် လန့်သွား၏။ အဘွားအိုတစ်ဦးတည်း။ အဘွားအိုသည် မောပန်းနေပုံ ရ၏။

"ဟင်... အမေ"

အဘွားအိုသည် ရဲနန်းထင်၏ အမေတည်း။ အမေသည် ခရီး ထွက်လာဟန် တူသည်။

"မင်းအမေ မင်းကိုလိုက်ရှာနေတယ်၊ သူ့တူတစ်ယောက်ဟာ မင်းနဲ့ ဓားချင်းယှဉ်ခုတ်လို့ သေသွားရတယ်ဆို၊ မင်းမှာ ဆွေမျိုးသားချင်းဆိုတဲ့ အသိစိတ်ဓာတ်တောင် မရှိတော့ဘူးလား၊ ဟင်... မင်းအမေ သိပ်မကျေမနပ် ဖြစ်နေတယ်၊ ဒါကြောင့် စိုးရိမ်ပြီး ငါလိုက်လာတာ၊ သားအဖချင်း ရန်ဖြစ်နေမှာစိုးလို့ လိုက်လာတာ"

မိခင်ကြီးသည် စိုးရိမ်ပြင်းပြစွာ ပြောလေ၏။

ရဲနန်းထင်မှာ မြေကြီးထဲသို့နွံ၍ ဝင်သွားချင်မိ၏။

သို့သော် မိခင်ကြီးအား အမှန်အတိုင်းပြောရ၍ မဖြစ်ပေ။

"သူ ... သူ သေသွားပြီ အမေ"

"ဘာ ..."

ရဲနွန်းထင်က တီးတိုးပြောသော်လည်း ရဲနွန်းထင်၏အမေက ကျယ်လောင်စွာ အော်လိုက်သည်။

"ဘာကြောင့် သေတာလဲ"

မိခင်၏အသံမှာ အေးစက်မာကျောလှသည်။ ရဲနွန်းထင်၏ အမေပေပဲ။

"ဓားပြိုင်ပွဲလုပ်ကြတယ် အမေ"

"လိုရင်းကို ပြောစမ်း"

"သူ ရှုံးသွားတယ်"

"မင်းအဖေကို မင်းသတ်တယ်လို့ ပြောစမ်း"

ရဲနွန်းထင် ခေါင်းငိုက်စိုက်ကျနေ၏။

"မင်းအဖေကို မင်း သတ်လိုက်ပြီပေါ့၊ ရှားရှားပါးပါး ဒီလောကကြီးမှာ အဖေ့ကိုသတ်တဲ့ သားဂ မင်းပဲပေါ့"

အမေ့အသံသည် သူ့နားထဲသို့ သံရည်ပူများ လောင်းထည့်လိုက်သည့်အလား ပူလောင်သွားသည်။ သူ့မိခင်သည် သူ့ နောက်ကျောမှဓားကြီးဓားကြီးကို ဆွဲယူလိုက်သည်။

"ရှမ်း ..."

ရဲနွန်းထင်သည် မိခင်အား တီးတိုးပြောလိုက်၏။

"ကျွန်တော် ဓားသမားပါ အမေ"



"ဓားသမားလည်း လူသားပဲ၊ ဓားသမားဟာ အဖေမရှိဘဲမွေးလာတဲ့လူ မဟုတ်ဘူး၊ ဓားသမားဟာ ကျောက်တုံးထဲက ထွက်လာတဲ့လူ မဟုတ်ဘူး၊ ဓားသမားရဲ့ ဂုဏ်သိက္ခာကို ကာကွယ်တဲ့အနေနဲ့ အဖေကိုသတ်လိုက်တာလို့ ဆိုချင်တာလား ..."

မင်းဟာ ငယ်ငယ်က ဓားကြားထဲကြီးလာတဲ့လူ ဖြစ်သင့်တယ်၊ ဒီအဖေ အမေနဲ့ မွေးလာတဲ့လူ မဖြစ်သင့်ဘူး၊ မင်းအဖေကို မင်း သတ်လိုက်ပြီ၊ ကဲ ... ဟောဒီမှာကြည့် ငါဟာလည်း သတ္တိမနည်းပါဘူးကွယ်"

အဘွားအိုသည် ဓားကို သူ့ရင်ညွန့်သို့ စိုက်သွင်းလိုက်၏။ နီရဲသောသွေးများ ဖြာကျလာပြီး မြေပြင်ပေါ်သို့ လဲကျသွားလေ၏။

"အမေ ... အမေ ဘယ်လိုများ လုပ်လိုက်တာလဲဗျာ"

သူသည် မိခင်ကိုပွေ့ပိုက်ပြီး တုန်လှုပ်စွာ ပြောကြား၏။

မိခင်ကြီးသည် မသေသေးချေ။ မသေခင် သူ့အား ကောင်းချီးသြဘာ ပေးသွား၏။

"ရဲ... ရဲ... ရဲနွန်းထင်၊ မင်း ... မင်း ... မင်းဟာ မိဘထက် ဓားကို ကိုးကွယ်တဲ့သားပဲ၊ မင်း ... မင်း ... မိဘကိုသတ်တဲ့သား၊ မင်း ... မှား ... မှားခဲ့ပြီ"

မိခင်ကြီးသည် ထိုစကားများကို ခက်ခဲစွာပြောကြားရသည်။ မိခင်ကြီး မည်မျှခက်ခဲစွာ ပြောကြားရသည်ကို သူသိသည်။ သူ့အသည်းနှလုံးများသည် တဆတ်ဆတ် တုန်ရင်လာသည်။

"ရဲ... ရဲနွန်းထင်၊ မင်းကို တို့မွေးခဲ့တာ မိဘနှစ်ပါးကို ပြန်သတ်ဖို့ ဖြစ်နေပါကလား"

ရဲနန်းထင်၏မိစင်ကြီးမှာ ထိုစကားများကို နာကျင်စွာပြော လျက် အသက်ထွက်သွားလေ၏။

"အမေ ... အမေ ... အမေရယ်"

လူကြမ်းကြီး ရဲနန်းထင်သည် မိစင်အလောင်းကို ပွေ့ပိုက်၍ ငိုကြွေးလိုက်၏။ သူသည် ဖြေမဆည်နိုင်တော့ပေ။

ဖစင်အား သူကိုယ်တိုင် သတ်မိသည်။ မိစင်ကိုလည်း သွယ် ဝိုက်၍ သတ်မိသည်။ မိဘနှစ်ပါးလုံးကို သူ သတ်ခဲ့မိသည် မဟုတ် ပေလား။

"တောက် ..."

သူသည် ပြင်းထန်စွာ တက်ခေါက်မိလိုက်၏။ ထို့နောက် မိစင်၏ရင်ညွန့်၌ စိုက်ဝင်နေသောဓားကို ဆွဲနုတ်လိုက်၏။ သူသည် ဓားကို အဖျားဘက်မှကိုင်ကာ ချိုးချလိုက်၏။

"ကဲကွာ ... လူစိတ်ကင်းမဲ့အောင် လုပ်ခဲ့တဲ့ဓား"

သူ၏ မှန်တိုင်းဓားကြီးသည် ထောက်ခနဲ ကျိုးသွားလေ၏။ ဓားကျိုးကို သူ လွှင့်ပစ်လိုက်၏။

မိစင်အလောင်းကို ခွေ့ခနဲပွေ့ကာ ထိုနေရာမှ ထွက်ခွာသွား လေတော့၏။

မှန်တိုင်းဓားသခင် ရဲနန်းထင်ဆိုသူသည် ထိုအချိန်မှစ၍ သိုင်း လောကမှ ပျောက်ကွယ်သွားလေတော့၏။

● ❋ ●

# (၄၃)
# နည်းလမ်းပြ အာစရိယ

အဘိုးအို ရဲနန်းထင်သည် တန်ထင်ဟုန်ကလေးကို ပြောပြ နေလေ၏။

"အဘိုးဟာ အဲဒီကတည်းက သိုင်းလောကထဲက ထွက်လာ ခဲ့တာပဲ၊ သိုင်းလောကကြီးကို လုံးဝ ကျောခိုင်းလာခဲ့တာ ကြာပြီပေါ့ ကွယ်၊ အဲဒီကာလတွေမှာ တပည့်တစ်ဦးကိုပဲ လက်ခံခဲ့တယ်၊ အဲဒါ မင်း အဖေပေါ့ကွယ်"

"အဘိုးက တခြားတပည့်တွေကို လက်မခံဘူးလား"

"ဘယ်လက်ခံမလဲ၊ အဘိုးက ဒီသိုင်းပညာကို မကြည့်ချင် လောက်အောင် မုန်းနေတာ၊ သူ့ကို သင်ပေးရတာလဲ အကြောင်းရှိ တယ်၊ သူဟာ သူ့ရန်သူတစ်ဦးနဲ့ တိုက်နေတဲ့အချိန်မှာ သူ့ရန်သူက အုပ်စုနဲ့ ဝင်တိုက်ပြီး သူ့ကို သေလောက်အောင် ရိုက်နှက်ပြီး ပစ်ထား ခဲ့လို့ အဘိုးက သူ့ကို ကယ်ဆယ်ပြုစုခဲ့တယ်၊ သူ အကြောင်းစုံ ပြောပြတော့မှ အဘိုး စဉ်းစားမိတယ်၊ သိုင်းပညာဟာ ကောင်းတယ် ဆိုးတယ် ပရှိဘူး၊ သူ့ကို သင်ကြားတဲ့လူအပေါ်မှာသာ မူတည်တယ်။

လူကောင်းရင်၊ သိုင်းပညာကို ကောင်းရာမှာအသုံးချရ
ကောင်းကောင်းဖြစ်မယ်၊ လူမကောင်းရင်၊ သိုင်းပညာကို မကောင်းရ
မှာ အသုံးချရင် အဆိုးဖြစ်မယ်၊ မောက်မာတဲ့သူ သိုင်းပညာတတ်ရ
လူကောင်းတွေ ဒုက္ခရောက်တယ်၊ အဘိုးလိုပေါ့၊ ရိုးသားတည်ကြည်
တဲ့လူ သိုင်းပညာတတ်ရင် လူဆိုးသူခိုးတွေရန်က ကာကွယ်နိုင်တယ်
လို့ အဘိုး သဘောပေါက်သွားတယ်"

"ဒါနဲ့ အဘိုးဟာ အဖေ့ကို တပည့်အဖြစ် လက်ခံလိုက်တယ်
ဆိုပါတော့"

"ဆိုပါတော့ကွာ၊ နာလန်ထလာတဲ့ မင်းအဖေကို ငါ သနား
သွားတယ်၊ ဒါကြောင့် သိုင်းပညာသင်ပေးဖို့ ဆုံးဖြတ်လိုက်တယ်၊
မင်းအဖေကို သိုင်းပညာအမွေ ပေးခဲ့တယ်"

"အဖေက အဘိုးဆီက သိုင်းညဟာ တော်တော်အမွေရလိုက်
ဟန်တူတယ်"

"ရတာပေါ့ ကလေးရယ်၊ သူက သိုင်းလောကမှာ အစွမ်းထက်
တဲ့လူတစ်ဦး ဖြစ်ခဲ့တာပဲ၊ ဓားနှစ်လက် တန်ထင်လင်းဆိုတာ သိုင်း
လောကမှာ နာမည်ကျော်ပဲပေါ့၊ မင်းဘကြီးတွေရဲ့ သိုင်းလေးဖော်
ထဲမှာ ဓားနှစ်လက်ဟာ နာမည်အကျော်ကြားဆုံးကွယ့်"

"ဟုတ်ပါတယ် အဘိုး၊ ကျွန်တော်လည်း အဲဒီလိုပဲ သိထားခဲ့
တာပါပဲ"

"သူဟာ အနေအထိုင် အင်မတန်တော်ပါတယ်၊ ရိုးရိုးအေး
အေးနေပါတယ်၊ ဒါပေမယ့် သူဟာ အဘိုးလို မရမ်းကားခဲ့ရှာပါဘူး၊



တရားမှုဘက်က မရပ်တည်ဘဲ တရားတဲ့ဘက်ကသာ ရပ်တည်ခဲ့ပါ
ယ်၊ တရားသော အရေးကိစ္စတွေမှာသာ အဘိုးသင်ပေးခဲ့တဲ့ သိုင်း
ညာတွေကို သုံးခဲ့ပါတယ်၊ အဘိုးလိုအမှားမျိုးနဲ့ နောင်တမရစေချင်
ို့ သူ့ကို ဆုံးမခဲ့တယ်၊ လူကောင်းသူကောင်း ဖြစ်နေလို့လားမသိ
ူး သူဟာ လုပ်ကြံခံရပြီး သေဆုံးသွားတယ်"

မုန်တိုင်းဓားသခင် ရဲနန်းထင်သည် ၎င်း၏ဘဝဇာတ်ကြောင်းနှင့်
ူ့ဖခင်၏ဇာတ်ကြောင်း တစ်စိတ်တစ်ဒေသကို ပြောပြနေခဲ့သည်။

သူသည် သူ့ဘဝကို သင်ခန်းစာယူရန်၊ အမှန်တရား
မ်းပေါ် တွင်သာ လျှောက်ရန်တို့ကို တန်ထင်လင်းအား
ုံးမညွှန်ကြားခဲ့သည်။ တန်ထင်လင်းသည် သူ၏ဆုံးမစကားများကို
းထောင်ရင်း ဘဝ ဆုံးခဲ့ရသည်။

"မင်းအဖေဟာ တကယ့် သူရဲကောင်းတစ်ယောက်ပါ၊ လုပ်
င့်လုပ်ထိုက်တဲ့ အလုပ်မှန်သမျှကို အကုန်လုပ်တာပဲ၊ သူ လုပ်ကြံခံ
တာကတော့ တစ်ပိုင်းပေါ့ကွယ်"

တန်ထင်ဟုန်ကလေးသည် ခေါင်းညိတ်လက်ခံ၏။

"လူကလေးကိုလည်း မင်းအဖေလို အဘိုး သိုင်းပညာတွေ
င်ပေးမယ်၊ အမှန်တရားကိုဆောင်ရွက်ရင်း သေချင်သေပါစေ၊
ယ်တော့မှ နောက်မဆုတ်နဲ့၊ မင်း ကတိပေးသလား"

တန်ထင်ဟုန်က ...

"ဟုတ်ကဲ့အဘိုး ... ကတိပေးပါတယ်၊ အဖေလျှောက်တဲ့လမ်း
အတိုင်း ကျွန်တော် လျှောက်ပါမယ်ခင်ဗျာ၊ ဒီလမ်းကိုလျှောက်လို့
သေဘေးကြုံရင်လည်း ကျွန်တော် မမှုပါဘူးခင်ဗျာ"

"အေး ... သာရ ... သာရ ... သာရ၊ အင်း ... ကြံကြံဖန်ဖ
ဓားနှစ်လက်ရဲ့သားနဲ့မှ ကြုံရလေတယ်၊ အေးလေ ... ကံကြမ္မာ
ဆုံစည်းခွင့်ပေးတာကိုး၊ မင်းကိုလည်း အဘိုး ပညာအမွေပေးခဲ့ရ
ပေါ့ကွယ်"

"ကျေးဇူးကြီးလှပါတယ် အဘိုးရယ်"

"မင်း ကြည့်ရတာလဲ မင်းအဖေလို ဖြစ်မယ့်ကောင်ဆိုတ
အဘိုး မင်းရဲ့အရည်အသွေးကို တွေ့နေရပြီ၊ မင်းဖြစ်မယ့်ကော
သျှောင်ကလေးနဲ့ဆိုတာလို မင်းမှာ အရည်အချင်းတွေရှိနေတာ အဘိ
မြင်နေရပြီ၊ မင်းအဖေခြေလှမ်းအတိုင်း မင်း နင်းပေတော့၊ အဘိ
ညွှန်ကြားပြသတဲ့အတိုင်း စည်းကမ်းရှိရှိ ဇွဲရှိရှိနဲ့ တစ်သဝေမတိမ်
လေ့ကျင့်သင်ကြားပေတော့၊ တစ်နေ့ မင်းအဖေ ထွန်းပေါက်သလို
အဘိုး ထွန်းပေါက်ခဲ့သလိုမျိုး သိုင်းလောကမှာ မင်းရဲ့နာမည် ကျန်
လိမ့်မယ်"

"ဟုတ်ကဲ့ပါ အဘိုး၊ ကျွန်တော် ကြိုးစားပါ့မယ်"

"ကဲ ... ကဲ ... ခုအချိန်ကစပြီး အဘိုးကို ရှိခိုးပေတော့၊ မင်းကို
တပည့်အဖြစ် အဘိုး လက်ခံလိုက်မယ်"

တန်ထင်ဟုန်သည် ဝမ်းသာအားရ ပဆစ်တုပ်လေတော့သည်။

သူသည် ဆရာအဘိုးအား ဦးသုံးကြိမ်ချသည်။

"အိမ်း ... မင်းဟာ ငါ့တပည့်ဖြစ်ပြီ"

အပြင်လောကအနေဖြင့် ကြည့်မည်ဆိုလျှင် ဆယ်နှစ်သားလေး
က အဘိုးကြီးတစ်ယောက်အား ကန်တော့နေသည့်မြင်ကွင်းကိုသာ
မြင်ရမည် ဖြစ်သည်။



သိုင်းလောကအနေဖြင့်တော့ ထိုမြင်ကွင်းမျိုးသည် မထူးဆန်း
။ မကြာခဏ တွေ့ရတတ်သောမြင်ကွင်းပင် ဖြစ်ပါသည်။

"ငါဟာ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့ ပြိုင်ဘက်ကင်း
းသမားဖြစ်ခဲ့တယ်၊ ပြိုင်ဘက်ကင်း ဓားသမားဖြစ်ခဲ့လို့လည်း
ဟာ မောက်မာခဲ့တယ်၊ မိဘကို သတ်တဲ့လူဖြစ်ခဲ့တယ်၊ ငါ့တပည့်
ာ ငါ့လို မမှားရဘူး၊ ငါ့အမှားကိုပြင်နိုင်ရမယ်။

လူဟာ လုံ့လဝီရိယကြီးကြီးနဲ့ ကျောက်တုံးလိုတောင်ထိပ်ကို
ကင် တက်နိုင်သေးတယ်၊ လုံ့လဝီရိယမထုတ်ဘဲနဲ့ အောက်ကို
လိုတကူကျနိုင်တယ်၊ အဲဒီလိုပဲ မိမိရဲ့ ဂုဏ်သိက္ခာနဲ့ အထက်ကို
ယဉ်းယဉ်းတက်ရပြီး မိမိရဲ့အပြစ်နဲ့ အောက်ကို လွယ်လွယ်ကူကူ
နိုင်တယ် ကလေးရဲ့။

ငါဟာ ပြိုင်ဘက်ကင်း ဓားသမားတစ်ယောက် ဖြစ်ခဲ့ပေမယ့်
ုပ်သင့်တဲ့ အပြစ်ကြီးတစ်ခုကြောင့် အောက်ကို ကျသွားခဲ့ရပြီ၊
းဟာ ဒီလိုအပြစ်မျိုးကို လုံးဝ အဖြစ်မခံရဘူး"

"အဘိုးရယ် ... ကျွန်တော် ကတိပေးပါတယ် ခင်ဗျာ"

တန်ထင်ဟုန်ကို အဘိုးရဲနန်းထင်သည် သူနေထိုင်ရာ တောရွာ
လေးသို့ ခေါ်ဆောင်သွားခဲ့၏။ ထို တောရွာကလေး၌ သိုင်းပညာ
အသေအချာ သင်ကြားပေးလေတော့၏။

တန်ထင်ဟုန်ကလည်း အသေအချာပင် ကျင့်ကြံနေထိုင်သည်။
သည် ငယ်ရွယ်လှသူလေးတစ်ယောက် ဖြစ်သော်လည်း သူ့ကို
းအပ်သောတာဝန်ကို မညည်းမညူတတ်ပေ။

ရေထမ်းခိုင်းလျှင် တစ်နေကုန် ရေထမ်း၏။ မထမ်းနိုင်
ပစ်လဲကျသောအခါမှ ရပ်သည်။

ဆရာအဘိုးရဲနန်းထင်ကလည်း တန်ထင်ဟုန်ကလေး၏ စွ
အားကို အခုန်ညှစ်သုံးသည်။

အကုန်ခိုင်းစေသည်။ ကလေးငယ် ခြေကုန်လက်ပန်းကျသေ
အခါ ကောင်းစွာနားစေပြီး ကောင်းစွာ စားစေသည်။

ဤသို့ဖြင့် တန်ထင်ဟုန်သည် အဘိုးရဲနန်းထင်၏ သင်ကြ
ပြသပေးမှုများကို အကုန်အစင် လိုက်နာနိုင်၏။

သူသည် သိုင်းပညာသင်ရာ၌သာ ဤသို့ ဝီရိယကောင်းသည
မဟုတ်။ အဘိုးရဲနန်းထင်၏ ဝေယျာဝစ္စများကို လုပ်ကိုင်ပေးရာ
လည်း အလွန် ဝီရိယကောင်းသည်။

အဘိုးရဲနန်းထင်သည် သိုင်းပညာသင်ကြားပေးခြင်း အလုပ်
သာ လုပ်ရသည် ကျန်သည့်အလုပ်အားလုံးကို တန်ထင်ဟုန်ကလေ
က အောက်ခြေသိမ်း သိမ်းကျုံးလုပ်လေသည်။

● ✳ ●



## (၄၅)
## သိုင်းလောက ဝင်ခွင့်

တန်ထင်ဟုန်သည် မုန်တိုင်းဓားသခင် ဆရာကြီးရဲနန်းထင်၏
ပည့်အဖြစ် ဆယ်နှစ်တိုင်မျှ သိုင်းပညာသင်ကြားခဲ့ရလေ၏။

ထိုသို့ သင်ကြားခဲ့သည့် ဆယ်နှစ်အတွင်း တန်ထင်ဟုန်က
ပည့်ဝတ်ကို လုံးဝ မချွတ်ယွင်းအောင် စောင့်ထိန်းနိုင်ခဲ့သည်။

တပည့်ကောင်းတစ်ဦး ပီသခဲ့သည်။

အသက်အားဖြင့်လည်း နှစ်ဆယ်သို့ ရောက်ရှိလာသည်။

ဆရာအဘိုး ရဲနန်းထင်၏ ပညာများကိုလည်း သင်ကြားပေး
သလောက် အောင်မြင်စွာ ရယူနိုင်ခဲ့သည်။

သိုင်းပညာဆိုသည်မှာ ခြေ၊ လက်၊ တံတောင်၊ ဦးခေါင်း
စသည်တို့ဖြင့် တိုက်ခိုက်နိုင်သောပညာ ဖြစ်သည်။

ထိုလက်နက်မဲ့ သိုင်းပညာသာမက ဓားပညာကိုပါ ထူးချွန်
စွာ သင်ယူနိုင်ခဲ့သည်။

ဆရာအဘိုး ရဲနန်းထင်၏အမည်မှာ မုန်တိုင်းဓားသခင် ဖြစ်
သည် မဟုတ်ပါလား။

ထို့ပြင် ဆရာအဘိုး ရဲနန်းထင်သည် အတွင်းအားပညာ၏ အရေးပါပုံကို သိရှိသဖြင့် အတွင်းအားပညာကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့၏။

အတွင်းအား မြင့်မားလာအောင် တန်ထင်ဟုန်ကလေးသည် အဆက်မပြတ် လေ့ကျင့်ခဲ့သည်။

ထို့ကြောင့် တန်ထင်ဟုန်သည် အရွယ်နှင့်မမျှအောင် အတွင်းအားတွင် မြင့်မားခဲ့သည်။

ထို့အတူ အကြောပညာရပ်များတွင် ထူးချွန်အောင် လေ့ကျင့်သင်ကြားပေးခဲ့၏။ လူ့တိုင်း၌ အကြောပေါင်းများစွာရှိသည်။ တန်ထင်ဟုန်သည် ထိုအကြောပေါင်းများစွာကို သိထားသည်။

ထို့အပြင် အကြောပိတ်ပညာကိုလည်း သင်ကြားတတ်မြောက်ထားသည်။

လူတစ်ယောက်အား လက်ညှိုးတစ်ချက်ထိုးရုံဖြင့် ထိုလူသည် တောင့်တောင့်ကြီး ဖြစ်သွားရပေမည်။ အကြောပိတ်ပညာရပ်ဖြင့် အသုံးပြုပြီး လက်ညှိုးနှင့်ထိုးခြင်း ဖြစ်သည်။

အကြောဖွင့်ပညာမှာ ထိုတောင့်နေသောလူကို ပြန်လည်လှုပ်ရှားနိုင်စေခြင်း ဖြစ်သည်။

တစ်နေ့တွင် ဆရာအဘိုး ရဲနန်းထင်သည် တန်ထင်ဟုန်ကို ထူးခြားသောစကားကို ပြောဆိုလေ၏။

"ကဲ ... ငါ့တပည့် တန်ထင်ဟုန်"

"ဟုတ်ကဲ့ ... ပြောပါအဘိုး"

"မင်း တစ်ခုသတိထားမိသလား"



"ဘာများလဲ အဘိုးရယ်"

"မင်းရဲ့ ဓားသိုင်းပညာမှာ တစ်စုံတစ်ခုလိုနေသလားလို့ မင်း မထင်ဘူးလား"

"ကျွန်တော့်စိတ်ထင်တော့ လိုနေတယ်လို့ မထင်မိပါဘူး အဘိုးရယ်၊ သင်ရတာတွေများနေတော့ ပိုနေတယ်လို့တောင် ထင်မိပါသေးတယ်"

ဆရာအဘိုးသည် ခေါင်းတဆတ်ဆတ် ညိတ်လေ၏။

"အေး ... မင်းဟာ အရွယ်ငယ်သေးလို့ မုန်တိုင်းဓားသိုင်းကျမ်းကို သင်ပေးသင့် မပေးသင့် ငါ စဉ်းစားခဲ့တယ်၊ နောက်ဆုံး သင်ပေးသင့်တယ်ယူဆပြီး သင်ကြားပေးခဲ့တယ်၊ အခု မင်းဟာ မုန်တိုင်းဓားသိုင်းကျမ်းတစ်ခုလုံးကို တတ်ကျွမ်းသွားပြီ"

တန်ထင်ဟုန်သည် အံ့သြသွားလေ၏။ မုန်တိုင်းဓားသိုင်းကျမ်းတစ်ခုလုံးကို သူ တတ်ကျွမ်းပြီဆိုပါလား။

ဆရာအဘိုး ရဲနန်းထင်က ဆက်၍ပြော၏။

"အေး ... သိုင်းကျမ်းတစ်ခုလုံး တတ်ပြီဆိုလို့ မင်း ဘဝင်မမြင့်နဲ့၊ မင်းဟာ သိုင်းကျမ်းကို သိသေးတာပဲရှိတယ်၊ မတတ်သေးဘူး"

တန်ထင်ဟုန်မှာ နားဝေတိမ်တောင် ဖြစ်နေလေ၏။

"မင်းဟာ အတွေ့အကြုံရဖို့ အများကြီး တိုက်ခိုက်ပြီးတဲ့အခါမှသာ မင်းဟာ သိုင်းပညာကို အကုန်အစင် တတ်မြောက်မှာ"

တန်ထင်ဟုန် နားလည်သွား၏။

"မင်း တကယ်တတ်သွားတဲ့ ပညာရပ်ကတော့ အကြောပညာရပ်တွေနဲ့ အတွင်းအားပညာရပ်တွေပဲ၊ ဒါတွေကို ထပ်ပြီး စမ်းသပ်ဖို့

မလိုတော့ဘူးလေ၊ ဒါပေမယ့် အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့လို့ပဲ မှတ်ပါ၊ ပညာဆိုတာကတော့ ဘယ်တော့မှ ဆုံးခန်းတိုင်တယ်ဆိုတာ မရှိပါဘူး"

"အဘိုးက စေတနာမေတ္တာနဲ့ သင်ပေးတဲ့အတွက် ကျွန်တော် တတ်မြောက်ရတာပါ အဘိုးရယ်"

"ငါ မင်းတို့ သားအဖအပေါ်ထားတဲ့ စေတနာဟာလည်း ပြည့်ဝသလောက်နီးနီး ဖြစ်ခဲ့ပြီ၊ ဒါကြောင့် မင်းဟာ ငါ့အရိပ်အာဝါသအောက်က ထွက်သွားနိုင်ပြီ၊ မင်း၊ ဆက်လက် ဆောင်ရွက်စရာရှိတာတွေကို ဆောင်ရွက်ပေတော့"

ဖြုန်းခနဲ ပြောချလိုက်သည့်စကားကြောင့် တန်ထင်ဟုန် မှင်တက်မိသွားလေ၏။ သူ့ဆရာအဘိုးသည် ဤသို့ ခွင့်ပြုလိမ့်မည်ဟု မထင်ခဲ့ချေ။

သူကတော့ ဓားသိုင်းပညာ တော်ရုံတတ်သည်နှင့် ဖခင်အား သတ်သွားသူ၊ သူ့ကိုလုပ်ကြံရန် ကြံစည်သူတို့ကို သွားရောက်စုံစမ်းလိုခဲ့သည်။ အခုတော့ ဆရာအဘိုးက ခွင့်ပြုခဲ့ချေပြီ။ သူသည် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။

"ကျွန်တော့်ကို ခွင့်ပြုတဲ့အတွက် ဆရာအဘိုးကို ကျွန်တော်၊ ဦးချကန်တော့ပါတယ်ခင်ဗျာ"

တန်ထင်ဟုန်သည် အဘိုးရဲနန်းထင်အား ဦးချကန်တော့လေတော့၏။

အဘိုးရဲနန်းထင်က တပည့်ဖြစ်သူအား ကြင်နာစွာကြည့်နေလေ၏။



"အေး … အေး … ငါ့တပည့်ဟာ သိုင်းလောကမှာ ကျော်လည်ရဦးမယ်၊ အကြိမ်ကြိမ် သတိပေးခဲ့တဲ့စကားတွေကိုလည်း ဘယ်တော့မှ မမေ့နဲ့"

"ကျွန်တော် အဘိုးကိုပေးခဲ့တဲ့ ကတိစကားတစ်ခွန်းကို ဘယ်တော့မှ မမေ့ပါဘူးခင်ဗျာ"

ထိုသို့ဆိုလျှင် ဆရာအဘိုးပြောခဲ့သည့်စကားများကို တန်ထင်ဟုန် မမေ့သည်မှာ မှန်နေချေပြီ။

"ကဲ … ရှေ့ကိုတိုးစမ်း တန်ထင်ဟုန်"

တန်ထင်ဟုန်သည် ရှေ့တိုးထိုင်လိုက်၏။

"ရော့ … မင်းကို ပေးလိုက်တယ်၊ အဘိုးရဲ့ အမှတ်တရလက်ဆောင်လို့ပဲ သဘောထားကွယ်"

မုန့်တိုင်းဓားသခင် ရဲနန်းထင်သည် ယခု ဆယ်နှစ်အတွင်း၌ သူပြုလုပ်ခဲ့သည့် လက်ကိုင်ရိုးအနက်နှင့် ဓားညိုနှောင်အား လက်ဆောင်ပေးလိုက်သည်။

တန်ထင်ဟုန်သည် ဓားညိုနှောင်ကို တုန်တုန်ယင်ယင်ဖြင့် လက်ခံယူမိလေ၏။

သူသည် အလွန်တစ်ရာ ဝမ်းသာသွား၏။ ဆရာအဘိုး ရဲနန်းထင်၏ဓား မရှိတော့ပြီ။ ဓားကိုချိုးပြီး လွှင့်ပစ်ခဲ့ပြီးပေပြီ။

ရဲနန်းထင်က …

"ဓားသွားကတော့ အကောင်းဆုံးသံမဏိနဲ့ ပြုလုပ်ထားတာပဲ၊ မုန်တိုင်းဓားသိုင်းကျမ်းမှာ အဓိက ဓားနှစ်လက်ကို ကိုင်စွဲရတာဆိုတော့ ဒီဓားနှစ်လက်ကို ဆယ်နှစ်အတွင်း ပြုလုပ်ခဲ့တာပဲ၊ ဒီဓားညို

နောင်ဟာ မင်းရဲ့သိုင်းသမားဘဝကို အထွတ်အထိပ်ရောက်စေလိမ့်မယ်၊ တစ်ချိန်က ဓားနှစ်လက်နဲ့ လူစွမ်းကောင်းတစ်ဦးဖြစ်ခဲ့တဲ့ မင်းအဖေကို မင်း သတိရပါ၊ မင်းလည်း ဓားနှစ်လက်နဲ့ ကောင်းသူကိုကယ်၊ မကောင်းသူကိုပယ်တဲ့ သူရဲကောင်းတစ်ယောက် ဖြစ်ပါစေ၊ ကဲ ... သွားပေတော့"

တန်ထင်ဟုန်သည် သူ၏ဆရာအဘိုး ရဲနန်းထင်ကို နောက်ဆုံးအကြိမ် ဦးချကန်တော့လေတော့၏။ ထို့နောက် အဘိုးဆရာအား ကျောခိုင်းထွက်ခွာခဲ့တော့သည်။

တန်ထင်ဟုန်သည် ကောင်းကင်ကြီးကို မော့ကြည့်ပြီး လွန်စွာကျေနပ်နေသည်။ သူသည် သိုင်းလောကအတွင်းသို့ ဝင်ခွင့်ရခဲ့ပြီမဟုတ်ပါလား။

ရန်သူများအား ရှာဖွေရမည်။ လက်စားချေရမည်။ ဤသည်မှာ သူ ဆောင်ရွက်ရမည့် တာဝန်များပင် မဟုတ်ပါလား။

တန်ထင်ဟုန်သည် ဆယ်နှစ်တာ ကြုံတွေ့ခဲ့ရသည့်ဘဝကို ပြောပြ နိဂုံးချုပ်သည်။

"ကျွန်တော့်ရဲ့ ဆယ်နှစ်တာကာလ ဖြစ်ပျက်ခဲ့တဲ့ အတွေ့အကြုံကတော့ ဒါပါပဲ ဦးရယ်"

တန်ထင်ဟုန်သည် မြင်းစီးရင်း ပြောပြလာခြင်းဖြစ်၏။ ရှုလန်သည် သူ့ရင်ခွင်ထဲတွင်မှီလျက် ငြိမ်သက်စွာ နားထောင်နေသည်။

● ✳ ●

# (၄၆)

မကြာမီ ပန်းတစ်ပွင့်စားသောက်ဆိုင်၏ စားသောက်ဖွယ်ရာများ ရောက်ရှိလာပေ‌‌တော့၏။

"ကဲ ... ကဲ ... စားကြ ... စားကြ၊ ခင်ဗျားတို့အားလုံး ဆာလောင်မွတ်သိပ်လာမယ်ဆိုတာ ကျုပ် သိတယ်၊ ဒီတော့ စားစရာတွေကို ကျုပ်က အဆင်သင့် စီစဉ်ထားတာ၊ ခင်ဗျားတို့နှစ်ယောက် ထွက်သွားကတည်းက ပြန်လာရင်တော့ သုံးယောက် ဖြစ်လာမယ်လို့ ထင်ထားတာ၊ အခု ကျုပ်ထင်ထားတဲ့အတိုင်း ဖြစ်လာတာပဲ၊ ကဲ ... စားလိုက်ကြပါဦး"

ကျင်းဟုတ်ကြီးသည် စားသောက်ဖွယ်ရာများကို ပြင်ဆင်ပေး၏။ ဆိုင်ရှင်ကိုယ်တိုင် ပြင်ဆင်ပေးသည်ကို အလုပ်သမားများ မမြင်ဖူးကြချေ။

ကျင်းဟုတ်ကြီးသည် လီဖူးယုံကို တကယ်ခင်မင်၍ ဤသို့ ပြင်ဆင်ပေးခြင်းသာ ဖြစ်သည်။

တန်ထင်ဟုန်က ...

"ဦးကျောင်းဟုတ်ကြီး ... ကျွန်တော်တို့ ရှန်စီမြို့ကို ထွက်သွားတုန်းက ကျွန်တော့်ကို ဘယ်သူများ လာမေးကြသေးသလဲ"

ကျောင်းဟုတ်ကြီးသည် ထိုအခါမှ သတိရသွားသည်။

"ဩော် ... လာတယ်၊ လာတယ်၊ ဟိုတစ်ခါ လူချောကြီးနဲ့လာတဲ့ ဆောင့်ကြွားကြွားလူငယ်လေး လာတယ်"

တန်ထင်ဟုန်နှင့် လူချောကြီးတို့ ခေါင်းမော့မိကြ၏။ ရှလန်ကတော့ ခေါင်းငုံ့၍ စားသောက်နေသည်။

"သူနဲ့ ဘယ်သူပါလာသေးသလဲ ဦးကျောင်းဟုတ်ကြီး"

"အေး ... ငါကလည်း အပြည့်အစုံတော့ မပြောနိုင်ဘူး၊ လူငယ် လေးတစ်ယောက်တည်း လာတာတော့ မဟုတ်ဘူးကွ၊ လင်မယား နှစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်လည်း ပါလာသေးတယ်"

"ဘာလာလုပ်ကြတာပါလိမ့်"

တန်ထင်ဟုန်က တွေးတွေးဆဆ ပြောလေ၏။

ထိုစဉ် ရှလန်က ဝင်ပြောသည်။

"ကျွန်မစိတ်ထင်တော့ ဦးကျောင်းဟုတ်ကြီးဆိုင်မှာ အစားအသောက်ကောင်းတယ်ဆိုပြီး လာစားသောက်ကြတာပဲ ဖြစ်လိမ့်မယ်ထင်ပါတယ်"

"ဖြစ်နိုင်ပါတယ်၊ အခြားအကြောင်းတွေကို အစ်ကို စဉ်းစားနေတာကွ"

တန်ထင်ဟုန်က ပြောလိုက်လေ၏။



ကျောင်းဟုတ်ကြီးက ...

"မင်း ဘာမှ မစဉ်းစားနေနဲ့ကွ၊ သူတို့လာမေးတာ လူချောကြီးကိုပဲ၊ လူချောကြီးကို တွေ့မိသလားတဲ့၊ ငါလည်း ခပ်တည်တည်နဲ့ မသိချင်ယောင်ဆောင်ပြီး ဘယ်က လူချောကြီးလဲလို့ မေးလိုက်တယ်၊ လူငယ်က ဒီဆိုင်မှာ တစ်ခါက ရန်ဖြစ်ဖူးတဲ့ ထောင်ထောင်မောင်းမောင်းလူကြီးလို့ ပြောတယ်။

ငါက ဒီဆိုင်မှာ ခဏခဏ ရန်ဖြစ်ကြတာပဲ၊ ရန်ပွဲတွေက များလွန်းလို့ ငါ မသိဘူးလို့ ပြောလိုက်တယ်၊ အဲဒီလူငယ်နဲ့ ပါလာတဲ့ အမျိုးသမီးကြီးက စကားအများဆုံး ပြောတယ်၊ ဟိုမိန်းကလေးကတော့ ငြိမ်နေတယ်လေ၊ အဝါရောင်အင်္ကျီနဲ့လူကတော့ ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေတာပဲ"

"သူတို့ပြောတာ ဒါပဲလား"

"ဒါတင် မဟုတ်ဘူးကွ၊ စားသောက်ရင်း ပြောနေကြတာကတော့ စုံလို့ပါပဲ၊ သူတို့ပြောတဲ့အကြောင်းထဲမှာ သံသေဂ္ဂအကြောင်းလည်း ပါတယ်၊ လူကလေးဖခင်ရဲ့ ပစ္စည်းလို့ပြောနေကြတာပဲ၊ နောက်ပြီးတော့ မိန်းကလေးနဲ့ လက်ထပ်မယ့်အကြောင်းလည်း ပါတယ်၊ မိန်းကလေးကတော့ ခေါင်းငုံ့နေတာပဲကွ"

"အင်း ... ဒါပဲလား"

"နောက်ပြီး မြင်းပစ်ပြိုင်ပွဲအကြောင်းလည်း ပြောတယ်"

"ဘာ ... မြင်းပစ်ပြိုင်ပွဲ ဟုတ်လား"

"ဖြည်းဖြည်းမေးပါကွာ၊ ငါလည်း ဖြေနေတာပဲ၊ ဒီအကြောင်းက ဟိုမိန်းမက ပြောတာကွ၊ သူတို့ မကြာခင် နေပြည်တော်ကို

ပြန်မယ်တဲ့၊ နေပြည်တော်မှာ မြားပစ်ပြိုင်ပွဲ အကြီးအကျယ်လုပ်တော့ မယ့်အကြောင်း ပြောတာပါ"

"ဒါဟာ စိတ်ဝင်စားစရာပဲ"

"ဘာ စိတ်ဝင်စားရမှာလဲ၊ ဒါ ဘာများထူးဆန်းလို့လဲ၊ ဘာလဲ စားသမားစစ်ကုယောင်က နေပြည်တော်က မြားပစ်ပြိုင်ပွဲကို ဝင်ပြိုင်မလို့လား"

"အင်း ... ဝင်သင့်ဝင်ရမှာပဲ ဦးကျောင်းဟုတ်ကြီးရယ်"

အားလုံး အံ့အားသင့်သွားကြ၏။

လုချူကြီးကမူ တန်ထင်ဟုန်ကို အကဲခတ်နေလိုက်လေသည်။

ရှုလန်ကလည်း တန်ထင်ဟုန်ကို ငေးကြည့်နေသည်။ သူမသည် ချက်ချင်းလိုလိုပင် စကားပြော၏။

"တကယ်ပြောတာလား အစ်ကို"

"တကယ်ပေါ့၊ ဒီဟာက နောက်နေရာမှာမှ မဟုတ်တာ"

"နေပြည်တော်ကိုသွားရင် ညီမလည်း လိုက်မယ်နော်"

"မြားပစ်ပြိုင်ပွဲ ဝင်,မဝင်တော့ မသေချာဘူး၊ နေပြည်တော်ကို သွားတာကတော့ သွားမှာပဲ"

ထိုအခါ ကျောင်းဟုတ်ကြီးက ရယ်၍ပြောသည်။

"ဘယ်သူတွေ ဘာပြောပြော မြားပစ်ပြိုင်ပွဲဝင်ရင် လီဖူးယုံ နိုင်မယ်ဆိုတာတော့ ကျုပ် ယုံတယ်"

"ကဲ ... ကဲ ... ခင်ဗျား ယုံတာမယုံတာက အကြောင်းမဟုတ်ဘူး၊ ညှိသည်သစ် ပါလာတယ်၊ ဒါကို အရင်လက်ခံလိုက်ပါဦး၊ သူက ဒီမှာနေမှာ"



"ရပါတယ်၊ မိတ်ဆွေရင်းတွေပဲ"

"ကျုပ်လည်း ဒီမှာနေချင်တယ်"

လုချူကြီးက ပြောလေရာ တန်ထင်ဟုန်က ချက်ချင်း ဝင်ပြောလေ၏။

"ဟာ ... မဟုတ်တာ ဦးရာ၊ ချိုးငှက်သိုက်မြို့စံအိမ်မှာ ဘာဖြစ်နေတယ်ဆိုတာတော့ ဦးမသိဘဲ ဖြစ်သွားမှာပေါ့၊ ဦးအနေနဲ့ ချိုးငှက်သိုက်မြို့ စံအိမ်ကြီးမှာပဲ နေသင့်တယ်"

"အေးလေ ... အားလုံးအတွက် ငါ နေရမှာပေါ့"

အားလုံး စားသောက်ပြီးကြသောအခါ လုချူကြီးသည် ချိုးငှက်သိုက်မြို့စံအိမ်ကြီးသို့ ပြန်သွားလေ၏။

ကျောင်းဟုတ်ကြီးသည် ရှုလန်အတွက် အခန်းတစ်ခန်းကို တန်ထင်ဟုန်အခန်းနှင့် ကပ်လျက်ရှိနေသည့်အခန်းကို ပေးလိုက်သည်။

တန်ထင်ဟုန်က ရှုလန်ကို အခန်းတွင်းသို့ လိုက်ပို့၏။

"ညီမ ... အစ်ကို ဟိုဘက်အခန်းမှာ ရှိတယ်၊ အကြောင်းကြီးငယ်ရှိရင် အခန်းကို သုံးချက်ခေါက်လိုက်နော်"

"ဟုတ်ကဲ့ ... အစ်ကို"

တန်ထင်ဟုန်သည် သူ့အခန်းကို သူ ဝင်ရောက်သည်။

ကျောင်းဟုတ်ကြီးသည် တန်ထင်ဟုန်ကို နှုတ်ဆက်၍အောက်သို့ဆင်းသွားလေသည်။

● ✻ ●

## (၄၇)

ချိုးငှက်သိုက်မြို့ စံအိမ်ကြီး၌ တိတ်ဆိတ်ငြိမ်သက်နေသည်
အိပ်ချိန်ရောက်ပြီဖြစ်၍ အားလုံး အိပ်ပျော်နေကြလေပြီ။

ချိုးငှက်သိုက်မြို့ စံအိမ်ကြီးရှေ့တွင် ပန်းဥယျာဉ်ကြီး ရှိ၏
ထိုပန်းဥယျာဉ်ကြီးတွင် အရောင်အသွေးစုံလသော ပန်းပင် သစ်ပ
များ ရှိသည်။

လေပြည်လေညင်းက ကျီစယ်ဆော့ကစားသွားသော အခါ
လှုပ်ရှားယိမ်းကစားသွားလေ၏။

အိမ်ကြီး၏ တစ်ခုသောအခန်းတွင်းမှ မှန်အိမ်မီးထွန်းညှိထာ
လေ၏။ တစ်ခန်းလုံး လင်းလင်းရှင်းရှင်း ရှိ၏။

တန်ထင်ဟုန်အတု၏ အခန်းတည်း။

တန်ထင်ဟုန်အတုသည် အိပ်မရဘဲဖြစ်နေသည်။ သူသ
အိပ်ရာထက်၌ လူးလိမ့်နေသည်။

လုဝမ်ရင်းသည် အလွန်တစ်ရာ ရိုးသားဖြူစင်လှ၏။ ဤမိ



လေးအား သူ မကြည့်ရဲချေ။ မိန်းကလေးမှာ သူ အင်မတန်ချစ်ခင်
ွယ်တာခဲ့ရသော တန်ထင်ဟုန်အစစ်ဟုသာ ထင်ငြိနေသည်။

အကယ်၍ သူ့ကို သူမတို့သားအဖအား ကောက်ကျစ်စွာ
ဟ ရောက်လှည့်ဖျားနေသူတစ်ဦးဟု သိသွားပါက သူမတို့သားအဖ
ည် သူ့ကို ဤသို့ ရင်းနှီးစွာ နေထိုင်ကြမည် မဟုတ်ချေ။

သူတို့ တွတ်တီးတွက်တာနှင့် နေထိုင်ခဲ့သည်မှာ သူ့ကို တန်
ထင်ဟုန်အစစ်ဟု ထင်နေ၍သာ ဖြစ်၏။ သူက သူမကို မလုံမလဲ
ဆက်ဆံနေမိသည်သာ။

သူမက အဖြူ။

သူက အဖြူမဟုတ် အမည်း။

မည်းညစ်သောနှလုံးသားနှင့်လူ ဖြစ်ခဲ့သည်။ ထို့ကြောင့် သူမ
နှင့်ဆုံတွေ့တိုင်း စိတ်ရိုင်းများကို ချိုးနှိမ်ဖယ်ရှားခဲ့ရသည်။ မည်သို့
ပင်ဖြစ်စေ သူ့ဘက်က အမြဲတမ်း အထိတ်တလန့် ဖြစ်နေရသည်
ကတော့ အမှန်ပင်။

"ခွမ်း ..."

မီးအိမ်သည် ကွဲသွားလေ၏။

တစ်စုံတစ်ခုသည် မီးအိမ်ကိုလာမှန်ခြင်း ဖြစ်၏။

"ဟင် ..."

တန်ထင်ဟုန်အတုသည် မှောင်ထဲ၌ လန့်သွားလေ၏။

သူသည် ပြတင်းပေါက်မှ ခြံထဲသို့ လှမ်းကြည့်၏။ ခြံထဲရှိ
ပန်းချုံတစ်ခုမှ မီးပွင့်လက်ခနဲ မြင်ရ၏။ သူသည် သက်ပြင်းချလိုက်
၏။ လာချေပြီ။

သူသည် ပြတင်းပေါက်မှ အောက်ထပ်သို့ ခုန်ဆင်းလိုက်၏ ပန်းဥယျာဉ်ထဲရှိ စောစောက လက်ခနဲဖြစ်သွားသည့် ပန်းချုံအနီ သို့ လျှောက်လာခဲ့သည်။

"အဟမ်း ..."

စောစောက ပန်းချုံအနီးမှ မည်သူမျှ ထွက်မလာချေ။ သို့သော် သူ့အနောက်ဘက်ချုံထဲမှ အသံပေါ်ထွက်လာ၏။

"ဟော့ကောင် ... တန်ထင်ဟုန် ငါ ဒီမှာကွ"

ပန်းချုံထဲမှ လူတစ်ယောက် ထွက်လာ၏။ မှောင်ရိပ်ထဲ ဖြစ်သဖြင့် သူ၏မျက်နှာကို မမြင်ရချေ။

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်က ဆရာကြီး ပထမ ပန်းချုံထဲမှာရှိနေမယ် ထင်လို့ပါ"

"အပိုတွေ ပြောမနေနဲ့၊ မင်း အိပ်မပျော်ဘူးလား"

တန်ထင်ဟုန်အတုသည် တုန်သွား၏။

"အိပ်မပျော်ပါဘူးခင်ဗျာ"

"မင်း ငါခိုင်းတဲ့ကိစ္စကို ဘာဖြစ်လို့ ချက်ချင်းမလုပ်ဘဲ အချိန် ဆွဲနေတာလဲ"

"ကျွန်တော် အချိန်မဆွဲပါဘူးခင်ဗျာ၊ သူတို့ဘာသာ ဆုံးပြတ် လို့ ကျွန်တော် နေ,နေရတာပါခင်ဗျာ"

"မင်းပါးစပ်က ဖွင့်ပြောပါလား"

"ဒါ ... ဒါဆိုရင် ကျွန်တော့်ကို သူတို့က ပစ္စည်းသိပ်မက်တယ် လို့ ထင်သွားကြလိမ့်မယ်ခင်ဗျာ၊ အဲဒီလို ထင်သွားရင် ကျွန်တော်



ွတ်လွတ်လပ်လပ်နေလို့ မရတော့ဘူးပေါ့၊ အနေအထိုင် ကျပ်တည်း ွားလိမ့်မယ်လို့ ထင်လို့ပါခင်ဗျာ"

"အခုလည်း မင်း အနေကျပ်တာပဲ မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်"

"မင်းဟာ ငါပြောတဲ့အတိုင်း ခြေမြန်လက်မြန် မလုပ်ဘဲကိုး၊ အိမ်ကြီးထဲကိုရောက်ပြီး ဘာမှ အသုံးမကျဘူး၊ အကြောင်းကြောင် တာ့ မလုပ်နဲ့၊ သစ္စာဖောက်ဆိုရင် ငါတို့ ဘယ်လိုစီရင်တယ်ဆိုတာ သိတယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့၊ သိပါတယ်ခင်ဗျာ"

"အေး ... ဒါဆိုရင် ငါပြောတဲ့အတိုင်း အမြန်ဆုံးလုပ်၊ တွန့် ဆုတ်တွန့်ဆုတ် လုပ်မနေနဲ့၊ တွန့်ဆုတ်တွန့်ဆုတ် လုပ်နေရင်တော့ င်း အိပ်ရာထဲမှာ မနိုးသောအိပ်ခြင်းနဲ့ အိပ်ရလိမ့်မယ်၊ ကျပ်ကျပ် သတိထားနေ"

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာကြီး"

"ကဲ ... ငါ သိပ်မပြောချင်ဘူး၊ ပြောတဲ့အတိုင်းလုပ်လို့ပဲ ပြော ချင်တယ်၊ ငါ သွားမယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ ခင်ဗျာ"

မှောင်ထဲမှ အသံရှင်သည် ပျောက်ကွယ်သွားလေသည်။

တန်ထင်ဟုန်အတုမှာ ပန်းချုံဘေး၌ ငေးငိုင်ကျန်ရစ်ခဲ့၏။ သူသည် စိတ်အာရုံများ ထွေပြားနေသည်။

သူ ဘာလုပ်ရမည်မှန်း မသိတော့ချေ။ သူ့အထက်က တာဝန်

ကြီးလည်း ပိနေသည်။ သက်ဆိုင်သူများကလည်း သူ့ဆုံးဖြတ်ချ
နှင့်သူ ဖြစ်နေသည်။ သူ ဘာလုပ်ရမည်နည်း။

"ဟင်း..."

သူသည် သက်ပြင်းကြီးတစ်ချက် ချလိုက်၏။ သူသည်
ငှက်သိုက်မြို့ စံအိမ်ကြီးဆီသို့ လေးလံသောခြေလှမ်းများဖြင့် လျှော
သွားတော့သည်။

သူ လျှောက်သွားသည်နှင့် ပန်းချုံကြီးတစ်ခုသည် လှုပ်သွ
လေ၏။ လေမတိုင်ဘဲနှင့် အဘယ့်ကြောင့် လှုပ်ရသနည်း။ စောစေ
က တန်ထင်ဟုန်အတု၏ ဆရာကြီးသည် ပြန်လည်ရောက်ရှိလာ
သလား။

မဟုတ်ပါ။

ပန်းချုံထဲမှ ခက်ရင်းခွကြီးကိုင်ထားသော လူချူကြီးသည်
ထရပ်လာလေ၏။ သူသည် တန်ထင်ဟုန်အတုနှင့် ဆရာကြီးတို့၏
တွေ့ဆုံပွဲကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရလေပြီ။

● ✻ ●



## အခန်း(၄၈)

"ဒီအတိုင်းဆိုရင် သူ့နောက်မှာ ကြိုးကိုင်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးဦး
အဖွဲ့အစည်းတစ်ခုခု ဒါမှမဟုတ် ဂိုဏ်းတစ်ခုခု ရှိနေတယ်ဆိုတာတော့
သေချာနေပါပြီ"

တန်ဆင်ဟုန်သည် သူ၏ထင်မြင်ချက်ကို ပြောပြနေလေသည်။

လူချူကြီးကလည်း သူမြင်ခဲ့သည်ကို ပြန်ပြောပြပြီး ဖြစ်သည်။
သူတွေ့ခဲ့သည်များကို အပိုအလိုမပါဘဲ အရင်းအတိုင်း ပြောပြခဲ့သည်။

လူချူကြီးက သူ့ထင်မြင်ချက်ကို ပြောလေ၏။

"ငါကတော့ ဂိုဏ်းတစ်ဂိုဏ်းလို့ မထင်ဘူးကွ၊ ဂိုဏ်းတစ်ဂိုဏ်း
ထက် လူတစ်ဦးဦးက ခိုင်းစေတာပဲလို့ ထင်နေတယ်"

ရှုကန်က ...

"ကျွန်မလည်း ဒီလိုပဲထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့
လှုပ်ရှားမှုက အဖွဲ့အစည်းသဘောမှ မဆန်ဘဲ၊ ဒီတော့ လူပုဂ္ဂိုလ်
တစ်ဦးဦးကပဲ ခိုင်းတာဖြစ်မှာပေါ့"

"အဲဒီလူဟာ ဒီချိုးငှက်သိုက်မြို့အိမ်ကြီးမှာ သူတို့လိုချင်ရ ဟာစ်ခုခုရှိနေလို့ ဒီလိုလုပ်တာပဲ ဖြစ်ရမယ်၊ ဂိုဏ်းတစ်ခုခုက လိုချ တယ်ဆိုရင် ဒီလိုဘယ်လုပ်မလဲ၊ အကြမ်းဖက် တိုက်ခိုက်ရင် ရတ ပေါ့"

"ဒီလိုပြောလို့တော့ ဘယ်ရမလဲ၊ ဂိုဏ်းအဖွဲ့အစည်းတွေက အကြမ်းမဖက်တာကလည်း အကြမ်းဖက်ရင် ဒီပစ္စည်းကို မရနိုင်ဘူးလို့ သူတို့ထင်လို့နေမှာပေါ့၊ နောက်ပြီး အစ်ကို့ သံသေတ္တာကလေးလည်း အိမ်မှာရှိနေတယ်လေ၊ သံသေတ္တာလေးထဲမှာ ဖေဖေက ဘာတွေ လျှို့ဝှက်သိမ်းဆည်းထားခဲ့သလဲမှ မသိတာ"

တန်ထင်ဟုန်က တွေးတွေးဆဆ ပြောသည်။

လုချုကြွီးက ...

"အေး ... ဒါတော့ဟုတ်တယ်၊ ငါလည်း ဒီသေတ္တာလေး ကြောင့်လို့ထင်တယ်၊ တန်ထင်ဟုန် အတုဟာ အဲဒီသေတ္တာကလေးကို ချောင်းနေတာဖြစ်မယ်၊ သူ့အထက်က လူကလည်း အဲဒီ သံသေတ္တာ ကလေးကို ယူခိုင်းနေတာပဲဖြစ်မယ်၊ သူဟာ ခုထိယူမပေးနိုင်သေးဘူး၊ ဆိုလိုတာက ခိုးယူလို့ရရင် ခိုးယူဆိုတဲ့ အမိန့်ပဲ့ဟာယ်ပေါ့၊ ဒါကိုမကျေနပ် လို့ အဲဒီပုဂ္ဂိုလ်က လာဟိန်းဟောက်နေတာပေါ့"

"အဲဒါကို ဦးကြီး သေသေချာချာ မြင်သလား"

"မြင်တာပေါ့၊ ဟို့ကောင့်မျက်နှာ ဆီးရှုက်လောက်ပဲရှိတာ လဲရောင်နဲ့ ငါမြင်နေရတာပဲ၊ ဟိုပုဂ္ဂိုလ်ကိုတော့ မမြင်ရဘူး၊ မှောင် ထဲမှာရှိနေတော့ ဘယ်မြင်ရမလဲ"



"မှောင်ထဲက ပုဂ္ဂိုလ်က အတော်ဩဇာရှိတာပဲ"

"မင်းတို့ကို ငါပြောပြတဲ့အတိုင်းပေါ့၊ ဟိုကောင်လည်း အတော် ကြောက်နေတဲ့ပုံပဲ၊ တို့ကလည်း သံသေတ္တာကို သူတို့ လုဝမ်ရင်း လက်ထပ်ပေးမှ ပေးအပ်မယ်ဆိုတော့ သူလည်း အခက်တွေ့နေတော့ တာပေါ့"

တန်ထင်ဟုန်က ...

"အင်း ... ဒီအတိုင်းဆိုရင် လုဝမ်ရင်းအတွက် အန္တရာယ်ရှိနိုင် တယ်၊ သူက ကောင်မလေးကို အတင်းကပ်ပြီး လက်ထပ်အောင် ဖြားယောင်းနိုင်တယ်"

ရှုလန်သည် တန်ထင်ဟုန်ကို မျက်စောင်းထိုးသည်။

လုချုကြွီးက ...

"ဒါကို ငါလည်းတွေးမိပါတယ်ကွ၊ ဒါကိုတော့ မပူပါနဲ့၊ ငါက အမြဲတမ်း အနီးကပ်စောင့်ရှောက်နေပါတယ်ကွ"

"အင်း ... ငယ်ချစ်ကလေး ပါသွားမှာကို အစ်ကိုက စိုးရိမ် တယ်နဲ့ တူပါရဲ့"

တန်ထင်ဟုန်သည် ချစ်သူ၏ ခနဲ့စကားကို ရှင်းပြလေသည်။

"ဩော် ... ရှုလန်ရယ်၊ လူဆိုးနဲ့ လူကောင်းကို ဘယ်ပေါင်းစပ် စေချင်ပါ့မလဲ၊ လုဝမ်ရင်းဟာ အစ်ကို့ရဲ့ နှမကလေးပဲကွယ်၊ အစ်ကို့ ကိုလည်း အင်မတန်ချစ်တယ်၊ ဟိုလူဆိုးနဲ့ ညားသွားရင် ဟိုကောင် ဟာ ငါ့ယောက်ဖဖြစ်သွားမယ်၊ ဆွေမျိုးတော်ရတော့မှာပေါ့ဟာ၊ မတော်ချင်လို့လည်း မရတော့ဘူးလေ၊ လူဆိုးကို ငါတို့ဆွေမျိုးထဲမှာ မပါစေချင်ဘူးလေ"

ရှလန် ငြိမ်သွားသည်။ တန်ထင်ဟုန် ရှင်းပြသည်မှာ ကျိုးကြောင်းဆီလျော်သည်။

တန်ထင်ဟုန်က ...

"ဦးဟာ လာတွေ့တဲ့လူကို ဖမ်းလိုက်ဖို့ဂေဟာင်းတယ်"

"ဟ ... သူက အဓိကလူ ဖြစ်ချင်မှဖြစ်မှာပေါ့ကွ၊ မင်း တန်ထင်ဟုန်အတုကို ဘာဖြစ်လို့ မဖမ်းတာလဲ၊ အဓိကလူကို ဖမ်းမိချင်လို့ ကြိုးရှည်ရှည်နဲ့ လှန်ထားတာ မဟုတ်လား၊ အဲဒီမှာတွေ့တဲ့လူကို သူ ဆရာကြီးခေါ်ပေမယ့် သူဟာ အဓိကလူ ဖြစ်ချင်မှ ဖြစ်လိမ့်မယ် ...

"ငါ အဲဒါကိုတွေးပြီး သူ့ကိုလွှတ်ပေးလိုက်တာ၊ တန်ထင်ဟုန်အတုဟာ သူ့အထက်လူတွေကို တကယ်ကြောက်တယ်ကွ၊ ဒီကောင်ဖော်ကောင်မလုပ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး"

ထိုအခါ ရှလန်က ...

"ကျွန်မကတော့ တန်ထင်ဟုန် အတုကိုရော သူ့ဆရာကြီးကိုပါ ဝုန်းဒိုင်း ဝင်တိုက်ပစ်ချင်တယ်၊ စောင့်နေတာကို ကျွန်မ စိတ်မရှည်ဘူး"

ရှလန်သည် တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ်တတ်သူဖြစ်သည်။ လာမည့်ဘေး ပြေးတွေ့တတ်သူဖြစ်သည်။

သူ့ချစ်သူ၏ အကျင့်ကိုသိပြီးဖြစ်၍ တန်ထင်ဟုန်သည် ပြုံး၍ ပြောပြလေသည်။

"အဲဒီလိုလုပ်ရင် မှားသွားမှာပေါ့ ညီမရယ်၊ ပညာမဲ့ရာ ကျ



သွားမှာပေါ့၊ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့ သိမှ ကောင်းတာပေါ့ ညီမရယ်"

လုချူကွီးသည် တူဖြစ်သူ၏ အမြော်အမြင်ရှိပုံကို ကြည့်၍ ကျေနပ်နေ၏။

● * ●

တန်ထင်ဟုန်သည် ချိုးငှက်သိုက်မြို့အိမ်ကြီး၌ နေထိုင်ရင်း စိတ်လက်မချမ်းမြေ့ ဖြစ်နေရသည်။ သူ့တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်၍တော့ မဟုတ်ပါ။

တာဝန်သည် အသက်နှင့်အမျှ အရေးကြီး အရေးပါသည်ကို သိရှိပါသည်။ သို့သော် တာဝန်ကို စိတ်မဝင်စားနိုင်ပါ။ ဖြူစင်သန့်ရှင်းလှသည့် မိန်းမပျိုလေး လုဝမ်ရင်းကို တိတ်တဆိတ် ချစ်နေမိ၍သာ ဖြစ်လေသည်။

ကြိုးချင်းထား ကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိဟူသည့် စကားကား အလွန်မှန်ကန်သည့် စကားပင်ဖြစ်တော့သည်။

သူတို့မှာ လူချင်းထား၍ လူချင်းငြိနေကြပြီ မဟုတ်ပါလော။ လုဝမ်ရင်းဘက်က မည်သို့ရှိမည်ကို မသိသော်လည်း သူ့ဘက်ကတော့ လုဝမ်ရင်းကို လွန်စွာ စွဲလမ်းနှစ်သက်နေမိတော့သည်။

လုဝမ်ရင်းကလည်း အလွန်ချစ်စရာကောင်းသည် မဟုတ်ပါလော။ ဒီမိန်းကလေးနှင့် အတူအနေကြာလျှင် မချစ်ဘဲနေနိုင်သူ ရှိမည် မဟုတ်ချေ။ မိန်းကလေးသည် စိတ်ထားအလွန်ဖြူစင်လှသည်။

ချိုးငှက်သိုက်မြို့ကြီးဆီသို့ လာခြင်းမှာ မသမာသော စိတ်ထားဖြင့် လာခြင်းဖြစ်သည်။ ဒီမိသားစု ပျက်စီးရာ ပျက်စီးကြောင်းကို ကြံဆောင်ဖို့ လာခြင်းဖြစ်သည်။

တကယ်ဆိုရလျှင် ဤအိမ်ကြီးသို့ အကုသိုလ်တစ်ကောင် ဝင်လာခြင်းပင် ဖြစ်သည်။

အကုသိုလ်သည် ဤအိမ်ကြီး၏ အေးချမ်းသာယာနေသည့် အဖြစ်ကို ဖျက်ဆီးတော့မည်ဖြစ်၏။ သူသည် ဤအိမ်ကြီးမှ တန်ဖိုးမသိရသေးသော ပစ္စည်းတစ်ခုကိုယူပြီး ဤအိမ်ကြီးကို ခြောက်ကပ်သွားအောင် လုပ်ပေလိမ့်မည်။

သူလိုချင်သည့် ပစ္စည်းကား အဘယ်ပစ္စည်းနည်း။

သူလိုချင်သည့်ပစ္စည်းမှာ ဤအိမ်ကြီး၏ အဖိုးတန်ရတနာများ မဟုတ်ပါ။ တန်ထင်ဟုန်၏ ဖခင် တန်ထင်လင်း ထားခဲ့သည့် သံသေတ္တာကလေးပင် ဖြစ်ပါသည်။

ထိုသံသေတ္တာကလေးအား သိုင်းဆရာကြီးလုရှုဟုန်က အလွယ်တကူ မပေးအပ်လျှင် သမီးဖြစ်သူ လုဝမ်ရင်းအား အရယူပြီး သံသေတ္တာကလေးအား အပိုင်းစီးရမည်ဖြစ်သည်။

သူတို့သည် လုဝမ်ရင်းအား လက်ထပ်ပြီး ဒီသံသေတ္တာကလေးအား လက်ဖွဲ့အဖြစ် ပေးအပ်ရန် ဆုံးဖြတ်ထားကြပြီ မဟုတ်ပါလား။

သူ့အလုပ်သည် ဤသားအဖတို့ တမျှော်တည်း မျှော်နေခဲ့ကြသည့် တန်ထင်ဟုန်အဖြစ် အယုံသွင်းကာ ဤမိသားစုထဲသို့ ဝင်ပြီး ဖြိုဖျက်မွှေရန်ပင် ဖြစ်တော့သည်။



ခုတော့ သူ့သဘောထားသည် ပြောင်းလုလုဖြစ်နေချေပြီ။ အဘယ့်ကြောင့်ဆိုသော် လုရှုဟုန်နှင့် လုဝမ်ရင်းတို့၏ နွေးထွေးသော မေတ္တာတရားကို ခံစားနေခဲ့ရ၍ ဖြစ်သည်။

သူသည် အတုအယောင်သာဖြစ်သည်။ သူတို့၏ ကြိုဆိုမှု ပြုစုမှုနှင့် ဧည့်ခံမှုတို့ကို အတုအယောင်ပင်လျှင် ဤမျှ ခံစားနိုင်လျှင် အစစ်ဖြစ်ပါက မည်မျှခံစား၍ ရရှိပါမည်နည်း။

သူသည် ရုပ်ရည်ရူပကာနှင့် ပတ်သက်၍ ဘဝပေးကုသိုလ်ကောင်းခဲ့သည်။ အလွန်ချောမောသော ရုပ်ရည်ကို ပိုင်ဆိုင်ခဲ့သည်။

သို့သော် သူ့ဘဝ၌ ရုပ်ရည်သာရှိသည်။ အချင်းမရှိခဲ့ပေ။ ပေါက်ပွင့်ကဲ့သို့ ရုပ်ရည်ဆင်းပြင် အလွန်လှပြီး ရနံ့လုံးဝမရှိခဲ့ပေ။

သူသည် မိမဲ့ဖမဲ့ ရော်ရွက်ဝါကဲ့သို့ လေလွင့်နေခဲ့ရသည်။ ခြေသလုံးအိမ်တိုင် သိုင်းသမားတစ်ဦးသာတည်း။ သူသည် ညစ်မည်းနေသော သိုင်းသမားတစ်ဦးသာ ဖြစ်သည်။

သူကဲ့သို့သော လူမျိုးသည် မည်သည့်နည်းနှင့်မျှ ရိုးသားဖြူစင်သည့် မိန်းကလေးမျိုးနှင့် မထိုက်တန်ကြောင်း သူ့ဘာသာသူ သိသည်။

သူသည် ဤစံအိမ်ကြီး၌ နေနေရစဉ် စိတ်ချမ်းသာမှု မရှိခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် စိတ်ဆိုး စိတ်ညစ်နှင့် ဟန်ဆောင်နေကြောင်း၊ လှည့်ဖြားနေကြောင်းသာ ဤသားအဖ သိရှိသွားခဲ့လျှင် သူ့အား မည်မျှ ရွံမုန်းသွားမည်နည်းဟု တွေးတော စိုးရိမ်နေမိသောကြောင့်တည်း။

မည်မျှ ဖုံးထားသည်ဖြစ်စေ အဖြစ်မှန်သည် ပေါ်လာမည်သာ ဖြစ်၏။ ထိုအခါ ချစ်သူ၏ အချစ်ကိုမရရှိဘဲ အမုန်းကို ရရှိပေတော့မည်။

ထိုအချိန်ကျရောက်လာမည်ကို လွန်စွာ စိုးရိမ်နေခဲ့၏။

နေ့စဉ် စိတ်ဆင်းရဲခဲ့ရသည်။

ရောက်စကလို မိန်းမပျို လုဝမ်းရင်းနှင့် ပျော်ရွှင်စွာ မနေနိုင်တော့ပေ။ ခေါင်းပုတ် ထိပ်ပုတ် မကစားနိုင်တော့ပေ။ ဥယျာဉ်ထဲသို့ ထွက်၍လည်း မပျော်ရွှင်နိုင်တော့ပေ။

ထို့ကြောင့် သူသည် တုန်လှုပ်ချောက်ချားစိတ်ကြောင့် အလွဲလွဲအချော်ချော် ဖြစ်နေ၏။ အယောင်ယောင်အမှားမှားတွေ ပြုလုပ်မိသည်။ အယောင်ယောင်အမှားမှားတွေ ပြောဆိုမိသည်။

● ✻ ●



## အခန်း(၄၉)
## ဝန်ခံစကား

ထို့ကြောင့် လုဝမ်ရင်းက သူ၏ပြောင်းလဲနေသော အမူအရာများနှင့် ပတ်သက်၍ မေးသည်။

"အစ်ကိုထန် ... ခုရက်တွေမှာ ဘယ်လိုဖြစ်နေတာလဲဟင်၊ အစ်ကို့ကြည့်ရတာ တစ်ခုခုကို ကြောက်လန့်နေသလိုပဲ၊ နောက်ပြီး တစ်ယောက်တည်းထိုင်ပြီး ငေးငိုင်နေတာပဲ၊ ဘာတွေ စဉ်းစားနေတာလဲဟင်၊ အစတုန်းက အစ်ကိုဟာ ပျော်ပျော်ရွှင်ရွှင်ရှိတယ်၊ နောက်တော့ မပျော်ရွှင်တော့ဘူး၊ အင်း ... အဲနဲ့ အ,အကြီးတစ်ယောက်လိုဖြစ်နေတော့တာပဲ"

"ဟင်း ..."

တန်ထင်ဟုန်သည် ဟင်းခနဲ သက်ပြင်းချလိုက်လေ၏။ စိတ်မောနေသည်။ လုဝမ်ရင်း ပြောသည်ကလည်း အမှန်ချည်းဖြစ်နေသည်။

"လုဝမ်ရင်း ... ညီမကို တစ်ခုမေးမယ်နော်"

"မေးပါ အစ်ကိုတန်"

"ညီမ အစ်ကိုတန်ကို သိပ်သံယောဇဉ်ရှိတာပဲလားဟင် ..."

လုဝမ်ရင်းကို မကြည့်ချေ။ အဝေးသို့ကြည့်ရင်း ငေးနေသည့် မျက်လုံးများသည် ဟိုအဝေးမှ အရာများကို မြင်ဟန်လည်း မရှိချေ။

လုဝမ်ရင်းသည် သူ့ကိုကြည့်လိုက်၏။ ထိုစကားမှာ မထူးဆန်းသော်လည်း အလွန်ထူးဆန်းသလို ဖြစ်နေသည်။

"ဘယ်လိုပြောလိုက်တာလဲ အစ်ကိုရယ်၊ အစ်ကိုနဲ့ ညီမတို့ဟာ ဟိုး ငယ်ငယ်ကလေးတည်းက အတူတူနေလာခဲ့တဲ့သူတွေ၊ ဆော့ကစားလာတဲ့ သူတွေပဲ၊ နောက်ပြီး အစ်ကိုတန်ဟာ ညီမကို အမြဲတမ်း အလိုလိုက်ခဲ့တဲ့ လူလေ"

လုဝမ်ရင်းသည် ချောမောသော တန်ထင်ဟုန်အတုကို ရွှန်းလက်တောက်ပစွာ ကြည့်၍ပြောလိုက်လေ၏။

"ဘာဘကြီးရဲ့ ရည်ရွယ်ချက်ကို သိသလား ညီမ

"ဘာရည်ရွယ်ချက်လဲ"

"ညီမနဲ့ အစ်ကို အရွယ်ရောက်လာရင် လက်ထပ်ပေးမယ့် ရည်ရွယ်ချက်လေ"

"အင်း ..."

သူမက မျက်လွှာချ၍ အင်းဟုဆိုသည်။

"ညီမ မငြင်းဘူးလားဟင်"

သူမသည် ဆတ်ခနဲ မော့ကြည့်သည်။ သူမ အံ့အားသင့်သလို ဖြစ်သွားသည်။



"ငြင်းစရာအကြောင်း ရှိလို့လား အစ်ကို"

"ဒါဖြင့် ညီမ လက်ခံတယ်ပေါ့"

"ဪ ... အစ်ကိုတန်ရယ်"

သူမသည် တန်ထင်ဟုန်အတုကိုကြည့်လျက် ဒါပဲ ညည်းညူသည်။ လုဝမ်ရင်းသည် ကောင်းကင်ပြာကြီးကို မော့ကြည့်နေ၏။

တန်ထင်ဟုန်အတုကလည်း လိုက်ကြည့်သည်။ တိမ်စုစုအုပ်ကလေးများသည် လေနှင်ရာ ပြေးလွှားနေသည်ကို တွေ့ရသည်။

"ညီမ ဒီလို လက်ခံလိုက်တာဟာ ညီမနဲ့ ငယ်ငယ်က အတူနေခဲ့တဲ့ အစ်ကိုတန်ဖြစ်လို့၊ ငယ်ငယ်က ဆော့ကစားခဲ့တဲ့ အစ်ကိုတန်ဖြစ်လို့ ဒါတွေကြောင့် မဟုတ်လား"

လုဝမ်ရင်း နှုတ်ဖြင့်မဖြေ။

ခေါင်းညိတ်၍သာ ဖြေသည်။

တန်ထင်ဟုန် အတုက ...

"တကယ်လို့ အစ်ကိုဟာ ညီမထင်ထားတဲ့ အစ်ကိုတန် မဟုတ်ဘူးဆိုရင်ကောဟင် ..."

သူ့အသံ တိုးနေ၏။ အသံ၌ လုံးဝအားမပါချေ။ အားမရှိသောအသံသည် တိုးနေမည်မှာ မုချပင်။

လုဝမ်ရင်းက တန်ထင်ဟုန်အတု၏ မျက်လုံးများကို စူးစိုက်ကြည့်လေ၏။

သူကမူ လုဝမ်ရင်း၏အကြည့် သူ့ရင်ထဲအထိ ရောက်စေချင်သည်။ သို့မှသာ သူ့အသည်းနှလုံးများ အဘယ်ပုံခံစားနေရမည်ကို

သူမ သိလိမ့်မည်။ သူ့အသည်းနှလုံးများသည် အကြီးအကျယ် ခံစား
နေရသည်။

သူသည် လုဝမ်ရင်း၏အဖြေကိုလည်း သိချင်သည်။ သူမ၏
နှုတ်ခမ်းကလေးများကို မျှော်လင့်ကြီးစွာ ကြည့်နေမိသည်။

"အို ... ဒါကတော့"

သူမက ဒါပဲပြောသည်။

တန်ထင်ဟုန်အတု ရင်ထဲဟာသွားသည်။

"ဘာဖြစ်လဲ ညီမရယ်၊ ပြောစမ်းပါ"

"ဩော် ... အစ်ကိုရယ်၊ ညီမ ဘာပြောရမလဲ၊ အစ်ကို့ကို
ညီမမှ လက်ခံနေပြီပဲဟာ"

သူမအသံသည်လည်း တိုးတိတ်ညင်သာသည်။

"မဟုတ်ဘူး ညီမ၊ အစ်ကိုတန်ပြောတာကို ညီမ အသေအချာ
နားဆောင်ပါ"

"ဘာများလဲ အစ်ကိုရယ် ... အခုလည်း ညီမက အသေအချာ
နားထောင်နေတာပဲ"

"မဟုတ်ဘူးကွယ့်၊ အခု အစ်ကိုတန်ပြောမယ့် စကားတွေကို
ညီမကြားရင် ညီမ အင်မတန် လှုပ်ရှားသွားလိမ့်မယ်၊ ဒါကြောင့်မို့
အစ်ကိုက သတိပေးတာပါ"

လုဝမ်ရင်းက ပြုံးလိုက်၏။

"ညီမ မတုန်လှုပ်ပါဘူး အစ်ကိုရယ်၊ ပြောသာပြောပါ၊ ညီမကို
ညီမ သိပါတယ်"



"ဟင်း ... အစ်ကိုတန်ဟာ ညီမထင်သလို ညီမ ငယ်ငယ်လေး
က ခင်တွယ်ခဲ့ရတဲ့ အစ်ကိုတန် မဟုတ်ဘူးကွယ်၊ သူ့ကိုယ်စား
ဟန်ဆောင်နေခဲ့တဲ့ လူလိမ်တစ်ဦးပဲ ညီမရယ်"

လုဝမ်ရင်း ဘာမှမဖြေချေ။

"ဟင် ... ညီမ မအံ့သြဘူးလားဟင်"

သူသည် လုဝမ်ရင်း၏ အံ့သြထိတ်လန့်သည့် အမူအရာ၊
တုန်လှုပ်ချောက်ချားသွားသည့် အမူအရာများကို တွေ့ရလိမ့်မည်ဟု
မျှော်လင့်ထားမိသည်။ ယခုတော့ ထိုအမူအရာများကို တစ်ခုမျှ
မတွေ့ ရချေ။

"ဟင်း ... ဟင်း ... ဟင်း"

သူမက ဖြေမပေးဘဲ တဟင်းဟင်း ရယ်နေသည်။

ထိုအခါ တန်ထင်ဟုန်အတု အံ့သြရတော့သည်။ သူ့အထင်
နှင့်အမြင် လွဲနေပြီ မဟုတ်ပါလား။ အဘယ်ကြောင့် လုဝမ်ရင်း
ရယ်နေရသနည်း။ သူ မစဉ်းစားတတ်တော့။

"ညီမ ... ညီမလေး ဘာဖြစ်နေတာလဲ"

"ရယ်နေတာလေ"

"ဘာဖြစ်လို့ ရယ်နေတာလဲ"

ဒီတော့မှ သူမ အရယ်ရပ်သွားသည်။ သူမသည် သူ့ကို
တည်ငြိမ်စွာ ကြည့်သည်။

"ညီမ သိနေတာပေါ့"

"ဘာကို သိနေတာလဲဟင်"

"အစကတည်းက သိနေတာပဲ"

"အစ်ကိုဟာ တန်ထင်ဟုန် မဟုတ်ဘူးဆိုတာကိုပေါ့"

"ဘာ ..."

"ဟုတ်တယ် ... တွေ့တွေ့ချင်းတော့ မသိသေးဘူးပေါ့၊ နောက်တော့ တဖြည်းဖြည်း တင်ထင်ဟုန် မဟုတ်ဘူးဆိုတာကို ညီမ သိလာ ခဲ့တယ်"

"အစ်ကို့ကို လူလိမ်မှန်း သိနေခဲ့တယ်ပေါ့"

"သိတာပေါ့၊ ဘယ်လောက်ပဲ တူအောင် ဟန်ဆောင်နေနေ ညီမကတော့ သိနေတာပဲ၊ ကျန်တဲ့ လူကြီးတွေကတော့ ဘယ်သိနိုင်မှလဲ၊ သူတို့သိတာက အစ်ကို့ ရင်ဘတ်က အမှတ်မည်းပဲ၊ လူကြီးတွေက ညီမလို အစ်ကိုတန်နဲ့ ရင်းရင်းနှီးနှီးမှ မနေဖူးတာဘဲ"

တန်ထင်ဟုန်အတုသည် ထိုင်ခုံပေါ်မှ မြေကြီးထဲသို့ တိုးဝင်ပျောက်ကွယ်သွားချင်မိလေ၏။ တန်ထင်ဟုန် အတုသည် အရှက်ကြီးရှက်သွားမိလေ၏။ ယခင်ကတော့ ဤသို့ မဟုတ်ပါ။ ယခုမူ မိန်းကလေးကို ချစ်မိနေပြီဖြစ်၍ သူရှက်သွားမိခြင်း ဖြစ်သည်။

"အစ်ကို့ရဲ့ အမူအရာကွဲပြားတာတွေ၊ စကားမတူဘဲ ကွဲပြားတာတွေကို သူတို့ မသိကြဘူး၊ အစ်ကိုက နှင်းဆီဖြူကြိုက်တယ်၊ အဖြူရောင်အဝတ်အစားတွေကို ကြိုက်တယ်၊ အစ်ကိုတန်က အရောင်နဲ့မှကြိုက်တယ်၊ အဖြူကိုမကြိုက်ဘူး၊ အဲဒါ အခြေခံကိုက ကွဲပြားနေတာပဲ၊ နောက်တစ်ခုက ..."

လုဝမ်ရင်းက ကွဲပြားမှုများကို ဆက်လက်ပြောပြနေ၏။



"နောက်တစ်ခုက အစ်ကိုတန်ဟာ သိုင်းပညာဆိုရင် အရူးအမူး ၊ သိုင်းပညာ လေ့ကျင့်ရမယ်ဆိုရင် မျောက်ရှုံးအောင် လေ့ကျင့်နေတာပဲ၊ ညီမက စိတ်ဆိုးမာန်ဆိုးပြောမှသာ သိုင်းပညာလေ့ကျင့်တာကို ရပ်တာ၊ အထူးသဖြင့်ကတော့ သူတတ်မြောက်သွားတဲ့ သိုင်းကွက်တွေကို ညီမကို အမြဲကစားပြတာပဲ"

တန်ထင်ဟုန်အတုမှာ ပါးစပ်အဟောင်းသားနှင့် နားထောင်နေရလေ၏။

● ✳ ●

လုဝမ်းရင်းက ...

"အို ... ကွာခြားမှုတွေ အများကြီးပါပဲလေ၊ အမြွှာချင်းတောင် ကွာခြားမှုတွေ ရှိနေတတ်တာပဲ၊ အစ်ကိုတို့က အမြွှာမှမဟုတ်တာ၊ သူစိမ်းတွေပဲ၊ ကွဲပြားခြားနားမှုတွေ ရှိနေတာပဲလေ"

တန်ထင်ဟုန်အတုသည် အံ့ဩနေသည်။ သူနားမလည်နိုင်အောင် ဖြစ်နေတော့သည်။

အတန်ကြာမှ ...

"ဒါဖြင့် ဘကြီး သိသွားပြီပေါ့"

"ဟင်း ... ဟင်း ... ဟင်း ... ဖေဖေသာ သိသွားရင်တော့ အစ်ကို ဘယ်လိုအသက်ရှင်နေနိုင်တော့မှာလဲ၊ ဖေဖေသာ သိပ်စိတ်ဆိုးမှာ၊ ဖေဖေစိတ်ဆိုးရင် သိပ်ကြောက်စရာကောင်းတယ်၊ ညီမက ဘယ်ပြောမလဲ"

တန်ထင်ဟုန်သည် အံ့သြပြီးရင်း အံ့သြနေရလေသည်။

"ဒီ … ဒီလိုသိလျက်သားနဲ့ ဘကြီး စီစဉ်ထားတဲ့အတိုင်း လက်
ခံမယ်ဆိုတော့ …"

"ဩော် … အစ်ကိုက ခက်လိုက်တာ၊ ဒီကိစ္စကို ညီမကိုယ်
တိုင် လက်ခံထားပြီဆိုနေမှ ဘာလိုတော့သလဲ"

"အို … အစ်ကို ဝမ်းသာလိုက်တာ၊ အစ်ကို ဝမ်းသာလိုက်တာ
ညီမရယ်၊ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ အစ်ကို နားလည်
ပြီ၊ အစ်ကိုသိပြီ"

တန်ထင်ဟုန် အတုသည် လုဝမ်ရင်း၏ လက်မောင်းကလေး
ကို အသာကိုင်လိုက်၏။ လုဝမ်ရင်းကလည်း မရုန်းချေ။ ငြိမ်နေသည်။

"ညီမဟာ အစ်ကို့ရဲ့ စိတ်ရင်းကို ရှာဖွေတွေ့ရှိထားပါတယ်
အစ်ကိုလုပ်နေတဲ့အလုပ်ဟာ မသမာမှုတစ်ခု ဆိုပေမယ့် အခြေအနေ
တစ်ခုကြောင့် အစ်ကို စိတ်မပါဘဲလုပ်နေတယ်ဆိုတာ ညီမ သိပါ
တယ်၊ ညီမ ခွင့်လွှတ်နိုင်ခဲ့ပါတယ် အစ်ကိုရယ်၊ နောက်ပြီး …

"နောက်ပြီး ဘာများလဲ ညီမရယ်"

"နောက်ပြီး ညီမအပေါ် အခွင့်အရေးယူလည်း ရနိုင်တယ်
ဒီအခွင့်အရေးကို အစ်ကိုသုံးရင် ရတာပေါ့၊ ညီမက အစ်ကိုဟာ
အစ်ကိုတန် အစစ်မဟုတ်ဘူးဆိုတာ သိနေတာပဲ၊ အဲဒီမှာလည်း
အစ်ကို့စိတ်ရင်းကို ညီမသိခဲ့ရတယ်"

"ဟင်း …"

သူသည် သက်ပြင်းကြီး ချလိုက်၏။



သူသည် သူ့ဘဝဇာတ်ကြောင်းကို အထုပ်ဖြည်ပြနေသည်။

"တကယ်တမ်းတော့ အစ်ကိုဟာ လူလိမ်တစ်ဦးပါပဲကွယ်၊
ချီးငှက်သိုက်မြို့အိမ်ကြီးကို အစ်ကိုဟာ တန်ထင်ဟုန်ဆိုပြီး ရောက်
လာတယ်၊ တကယ်တော့ အစ်ကို ရောက်လာခြင်းဟာ ကောင်းသော
လာခြင်း မဟုတ်ပါဘူး …

"အတုဆိုပြီး လာကတည်းက ဘယ်မှာကောင်းနိုင်တော့မှာလဲ
ကွယ်၊ ဒီအိမ်ကြီးထဲက ပစ္စည်းတစ်ခုခုကို လိုချင်လို့ ရောက်လာတာ
ပါ"

တန်ထင်ဟုန် အတုက ဆက်ပြောလေ၏။

"အဲဒါ တန်ထင်ဟုန်နဲ့ ဆိုင်တဲ့ပစ္စည်းပါ၊ ဘကြီးဟာ တန်
ထင်ဟုန် အရွယ်ရောက်လာရင် ပေးအပ်ရမယ့် ပစ္စည်းပါ၊ တစ်ချိန်
တုန်းက တန်ထင်ဟုန်ရဲ့ အဖေ တန်ထင်လင်းပေးခဲ့တဲ့ ပစ္စည်းတစ်ခု
ဖြစ်ပါတယ်၊ အဲ … ဘကြီးက တန်ထင်ဟုန်ကို မပေးသေးရင် အစ်ကို
သာ တစ်နည်းနည်းနဲ့ ယူရမှာဖြစ်ပါတယ်"

"အစ်ကို ယူရမယ့် နည်းလမ်းတွေထဲမှာ ညီမကို အရယူပြီး
ပစ္စည်းကို အရယူရမယ့် နည်းလမ်းထဲ ပါပါတယ်၊ နောက်ဆုံးနည်း
လမ်းကတော့ ဘကြီးကိုရော ညီမကိုပါ အသက်အန္တရာယ်ပေးပြီး
ပစ္စည်းကို အရယူရမယ့် နည်းလမ်းပါပဲ"

လုဝမ်ရင်းက မျက်ခုံးကလေး ပင့်ကြည့်၏။

"ခုရောဟင် …"

"ရောက်စကသာ ဒီအကြံအစည်ရှိတာပါ၊ တစ်ရက် နှစ်ရက်

ကြာတော့ အကြံအစည်ဟာ တဖြည်းဖြည်း ပျော့လာပါပြီ၊ သုံးလေး ရက်ကြာတော့ အကြံအစည်ကို အကောင်အထည်ဖော်ဖို့ တော်တော် ခက်လာပါတယ်၊ ညီမတို့ သားအဖရဲ့ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာ စေတနာတွေ ရောင်ပြန်ဟပ်တာပဲပေါ့ ညီမရယ်"

သူသည် စိတ်မကောင်းခြင်းကြီးစွာနှင့်ဆက်လက်ပြောပြနေ၏။

"လိမ်ညာဟန်ဆောင်နေရတဲ့ အစ်ကိုဟာ တဖြည်းဖြည်း ရက် လာတယ်၊ ညီမတို့ သားအဖအပေါ် ဒီလို မကောင်းကြံစည်မိတဲ့ အတွက်လည်း တဖြည်းဖြည်း တုန်လှုပ်ချောက်ချားလာခဲ့ရပါတယ်၊ အစ်ကို့စိတ်ဟာလည်း အမြဲ မလုံမလဲ ဖြစ်နေရပါတယ် ...

"ဒါကြောင့် အစ်ကို့အမူအရာတွေ ပြောင်းနေရတာပေါ့၊ ငါ လိမ်ညာဟန်ဆောင်နေတာကို သူတို့သိသွားရင်ငါတော့ ဒုက္ခပဲဆိုတဲ့ အသိက အစ်ကို့ကို အမြဲဖိစီးနှိပ်စက်နေခဲ့တယ်၊ အစ်ကို့ရဲ့ ရင်ထဲမှာ မခံနိုင်တော့ဘူး၊ ဒါကြောင့် ညီမကို ဖွင့်ဟပြောပြရတာပါ"

လုဝမ်ရင်းကတော့ ပြုံးပြုံးကလေး နားထောင်နေခဲ့ပါသည်။

● ✳ ●

အစ်ကိုပြောချင်တာတွေ ကုန်ပြီလား"

"ဟင့်အင်း ... ကျန်ပါသေးတယ်"

သူမက အပြုံးကလေးဖြင့် မေးမြန်းနေသည်။ သူကလည်း အခုတော့ ပြုံးနိုင်လာသည်။ သူ၏လိမ်ညာမှုကို သူမက ခွင့်လွှတ် နေပြီ မဟုတ်ပါလော။



"ဒါဖြင့် ကုန်အောင်ပြော၊ ညီမ နားထောင်မယ်"

"ညီမကို အစ်ကို အချစ်စစ်နဲ့ ချစ်တာပါ ညီမရယ်၊ ညီမကို အန္တရာယ်မဖြစ်စေချင်ဘူး၊ အန္တရာယ်ကို ကာကွယ်ပေးချင်တယ်၊ ညီမချစ်တဲ့ ဖေဖေကိုလည်း ကာကွယ်ပေးချင်တယ်၊ ဒါ အစ်ကို့ စိတ်ရင်းပါ"

သူသည် စကားပြောရင်း လုဝမ်ရင်း၏ လက်ကို ဖျစ်ညှစ်နေမိ သည်။

လုဝမ်ရင်းက တိုးညင်းစွာပြောသည်။

"အစ်ကို တန်ထင်ဟုန်ဟာ ညီမနဲ့ ငယ်ငယ်တန်းက အတူ နေခဲ့တဲ့ မောင်နှမ ဝမ်းကွဲတွေပါ၊ ငယ်ငယ်က သံယောဇဉ် တွယ်တာ မိတာတော့ အမှန်ပါပဲ၊ ဒါပေမယ့် အခုတွေ့တော့ လူတွေက အရွယ် ရောက်နေကြပြီလေ၊ သူက ညီမ ရှစ်နှစ်လောက်က ပျောက်သွားခဲ့ တာပါ၊ သေသလား၊ ရှင်သလား မသိနိုင်ခဲ့ဘူး၊ ကြီးလာမှ တွေ့တဲ့ အခါကျတော့ ဖြူသလား၊ မည်းသလားလည်း မသိနိုင်ခဲ့ဘူး၊ အဲဒီလို အချိန်မှာ အစ်ကိုနဲ့ တွေ့ရတာပဲ၊ တစ်ခုတော့ရှိတယ်၊ အစ်ကိုဟာ ညီမအပေါ် အခွင့်အရေးမယူဘူး၊ ကြင်နာတယ်၊ ချစ်တယ်ဆိုတာကို ညီမသိတယ်၊ ဒါကြောင့်လည်း မေတ္တာရောင်ပြန်ဟပ်ခဲ့မိတာပါ၊ ဒါကြောင့် ဖေဖေ့ကိုလည်း မပြောဘူး၊ ဘယ်သူ့ကိုမှလည်း ဖွင့်မပြော ဘူး၊ လက်ထပ်မယ့် အစီအစဉ်ကိုလည်း လက်ခံခဲ့တယ်၊ ဖေဖေက ပြောတယ်၊ သမီးတို့ချင်း နားလည်မှုရှိရင် ပြောတဲ့၊ ဖေဖေတို့က လက်ထပ်ပေးဖို့ စီစဉ်ပေးမယ်တဲ့"

တန်ထင်ဟုန်သည် လွန်စွာ ဝမ်းသာသွားလေ၏။

"အခု အစ်ကိုတို့ လူငယ်ချင်း နားလည်မှု ရနေပြီလေ"

တန်ထင်ဟုန် အတုသည် လုဝမ်ရင်း၏ လက်ကလေးကို ရင်ခွင်ထဲ ထည့်လေသည်။

"ဘာလဲ ... ဖေဖေ့ဆီက ပစ္စည်းလိုချင်ပြီလား"

တန်ထင်ဟုန်အတုသည် လုဝမ်ရင်း၏လက်ကို အလန့်တကြား လွှတ်ချ၏။

"အို ... အို ... မဟုတ်ပါဘူး ညီမရယ်၊ အစ်ကိုက ဝမ်းသာပြီး ရုတ်တရက် ပြောမိတာပါ၊ အဲဒီပစ္စည်းလည်း အစ်ကို မလိုချင်ပါဘူး၊ အစ်ကို့ပစ္စည်းမှမဟုတ်တာ၊ အစ်ကိုလည်း မယူသင့်ပါဘူး၊ အစ်ကိုနဲ့ ဒီပစ္စည်းက ဘယ်လိုမှ မဆိုင်တာပဲ ညီမရယ်"

"ခစ် ... ခစ် ... ခစ်"

"ညီမ ဘာကိုရယ်တာလဲဟင်"

"ညီမ အစ်ကို့စိတ်ဓာတ်ကို သိသွားပဲ၊ သူများက ကျီစယ်လိုက်တာပါ"

သူသည် တိတ်ဆိတ်ငြိမ်သက်သွား၏။

လုဝမ်ရင်းက ...

"အစ်ကို လက်ထပ်ဖို့ကိစ္စကို မြန်မြန်ဖြစ်စေချင်တယ်မဟုတ်လား၊ အစ်ကို ဆန္ဒစောနေရင် ဖေဖေ့အခန်းထဲသွားပြီး ပြောပြ မယ်၊ ဟုတ်ပြီလား"

သူသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသဖြင့် လုဝမ်ရင်း အံ့ဩသွားသည်။



"ဘာလဲ ... စိတ်ထားပြောင်းသွားပြန်ပြီလား"

သူသည် အံကို တင်းတင်းကြိတ်လိုက်၏။

"မဟုတ်ပါဘူးကွယ်၊ ညီမနဲ့ လက်ထပ်လိုက်တာနဲ့ အစ်ကိုဟာ ဒီချို့ငှက်သိုက်မြို့စံအိမ်ကြီးဆီက ထွက်ခွာသွားရတော့မှာပါပဲ"

"ဟင် ... ဘာလို့လဲ အစ်ကိုရယ်"

"အစ်ကိုက သူတို့ညွှန်ကြားချက်အတိုင်း လုပ်ရမယ့် လူပါ၊ သူတို့ဟာ အစ်ကို့ကို ဒီလိုပဲ ညွှန်ကြားထားတယ်၊ ညီမနဲ့ လက်ထပ်ပြီးတာနဲ့ ဒီအိမ်ကြီးက ခွဲသွားရမတဲ့"

"ဘယ်သူတွေကလဲဟင်"

"ဩော် ... အစ်ကိုက အောက်လမ်းဂိုဏ်း တစ်ဂိုဏ်းကပါ၊ အစ်ကို့ကို ညွှန်ကြားသူတွေက အဲဒီအောက်လမ်းဂိုဏ်းက အကြီးအကဲတွေပေါ့ကွယ်"

သူသည် စိတ်မချမ်းမြေ့စွာ ပြန်လည်ပြောကြားလေ၏။

ထိုအခါ နှစ်ဦးစလုံး တိတ်ဆိတ် ငြိမ်သက်စွာ ငေးနေကြလေသည်။

"ဟို ... ဟို ... ပစ္စည်းကိုပဲ သူတို့ကို ပေးလိုက်လို့ မရဘူးလားဟင်"

သူသည် စကားကို ချက်ချင်းမပြောချေ။ အတန်ကြာမှ တိုးညင်စွာ ပြောသည်။

"အစ်ကိုဟာ လူကတော့ ကောင်းချင်မှကောင်းမှာပါ၊ ဒါပေမယ့် အစ်ကို တတ်နိုင်သမျှတော့ မှုမှုတတ တွေးပါတယ်၊ တန်ထင်

ဟုန်ဘက်ကလည်း အစ်ကို တွေးမိတယ်၊ သူနဲ့ သံယောဇဉ်မကင်းတဲ့ ညီမကိုလည်း ယူသေးတယ်၊ သူ့ပစ္စည်းလည်းယူသေးတယ်ဆိုရင်တော့ အစ်ကို မတရားတော့ဘူးပေါ့ကွယ်"

လုဝမ်ရင်းလည်း တိတ်ဆိတ်သွားလေ၏။ သူပြောသည်မှာ မှန်နေပေသည်။

"အစ်ကိုပြောတာလည်း ဟုတ်တာပဲ၊ ညီမက မစဉ်းစားမိဘဲ ရုတ်တရက် ပြောလိုက်တာပါ၊ အင်း ... အစ်ကိုတန်ထင်ဟုန် လာရင်လည်း အကောင်းသားပဲ၊ သူ့ဆီက အဲဒီပစ္စည်းကို ညီမတောင်းရင် သူကပေးမှာ"

သူသည် သူမစကားကြောင့် ပြုံးလေ၏။

"ဘာပြုံးတာလဲ အစ်ကိုရဲ့"

လုဝမ်ရင်း မလုံမလဲ မေးလိုက်သည်။

"ဪ ... ညီမပြောတာကို သဘောကျလို့ပါ၊ ညီမ နှလုံးသားကို အစ်ကို့ကို အပ်နှင်းပြီးပြီပဲ၊ အခုလည်း တန်ထင်ဟုန်ရဲ့ ပစ္စည်းကို တောင်းပြီးပေးဦးမယ်ဆိုတော့ ..."

"ဟုတ်တယ် ... အစ်ကိုတန်ထင်ဟုန်အကြောင်း အစ်ကို မသိပါဘူး၊ သူက ညီမကိုအမြဲအလိုလိုက်တာပဲ၊ ညီမ မှတ်မိသလောက် ပြောရမယ်ဆိုရင် ညီမလိုချင်တယ်ဆိုတဲ့ အရာမှန်သမျှကို သူ အကုန်ယူပေးတာပဲ၊ သူ့ဆီမှာရှိနေရင်လည်း ပေးတာပဲ၊ ဒီပစ္စည်းလောက်တော့ ဂရုစိုက်မှာ မဟုတ်ပါဘူး"

"ဘာပစ္စည်းမို့လို့ ဂရုမစိုက်ရမှာလဲ"



"မသိဘူးလေ၊ သူငယ်ငယ်ကတော့ သူ့အဖေ ပေးခဲ့တဲ့ပစ္စည်းလို့ ပြောတာပဲ"

"ဘာဘကြီးတို့ကတော့ ဒီပစ္စည်းဟာ ဘာပစ္စည်းလဲဆိုတာ သိမှာပေါ့နော်၊ သူတို့ လူကြီးတွေက အုပ်ထိန်းထားကြတာပဲ မဟုတ်လား၊ သူတို့သိနိုင်ပါတယ်"

လုဝမ်ရင်းက ခေါင်းခါလေသည်။

"ဟင့်အင်း ... သိနိုင်မယ် မထင်ပါဘူး အစ်ကိုရယ်၊ အဲဒီသေတ္တာက တစ်ခါတည်း ပွင့်လာတာမှမဟုတ်တာ၊ သော့နဲ့ပိတ်ထားတဲ့ဥစ္စာ၊ သော့တံကလည်း မရှိဘူး၊ တစ်ခုတော့ရှိတယ်၊ ဖွင့်ချင်ရင် ရိုက်ဖွင့်ရင်တော့ ရနိုင်တယ်၊ ရိုက်ဖွင့်ပြီး ကြည့်ရင်တော့ ဖြစ်တာပေါ့"

သူသည် တန်ထင်ဟုန်အတုကို ချစ်ရည်ရွှန်းလဲ့သော မျက်လုံးများဖြင့် ကြည့်သည်။

"နို့ ... အစ်ကိုတို့ကကော မသိဘူးလား၊ သိဖို့ ကြိုးစည်တာပဲ မဟုတ်လား၊ အကြံကတော့ သေးသေးကွေးကွေးအကြံ မဟုတ်ဘူး"

"မသိဘူးနဲ့တူတယ်၊ အစ်ကိုကတော့ ဘာမှမသိဘူး၊ သူတို့ခိုင်းတာ လုပ်ရတာပဲ၊ ထားရာနေ၊ စေရာသွားဆိုတာ အစ်ကို့ဘဝပါကွာ"

"ခုတော့ အစ်ကို ဘယ်လိုလုပ်မလဲ"

"အဲဒီတာဝန် မကျေနိုင်တော့ဘူးပေါ့၊ အစ်ကို့အနေနဲ့ သူတို့ခိုင်းတာ မလုပ်နိုင်တော့ဘူး"

"အဲဒီလိုမတွေးနဲ့ အစ်ကို၊ သူတို့က ညီမကို ဖြားယောင်းသိမ်းသွင်း လက်ထပ်ရမယ်ဆိုတာလေ၊ အခု အောင်မြင်နေပြီပဲ အစ်ကိုရယ်"

တန်ထင်ဟုန်အတုသည် လုဝမ်ရင်း၏ ကျိစယ်စကားကို သဘောပေါက်သွားပြီး သူမအား ရင်ခွင်ထဲ ဆွဲသွင်းလေသည်။

ထိုအချိန်တွင် ဥယျာဉ်တွင်းသို့ ဆင်းသက်လာသော လုရှုဟုန်သည် ထိုမြင်ကွင်းကို တွေ့လိုက်ရသောအခါ ချက်ချင်း နောက်ပြန်လှည့်သွားလေတော့သည်။

● ✻ ●

သူတို့သည် ဥယျာဉ်ထဲ၌ အတန်ကြာ ပွေ့ဖက်ကြည်နူးနေကြသည်။ ဘန်ထင်ဟုန်အတုကလည်း ချစ်သည်။ လုဝမ်ရင်းကလည်း ချစ်သည်။ နှစ်ယောက် ချစ်နေခဲ့မှတော့ ဘာပြောစရာ ရှိတော့မည်နည်း။

သူတို့နှစ်ဦးသည် နားလည်မှု ရရှိပြီးကြလေပြီ။ တစ်ဦးနှင့်တစ်ဦး မေတ္တာမျှခဲ့လေပြီ။ သူတို့နှစ်ဦးသည် အိမ်ကြီးပေါ်သို့ ကြည်နူးရွှင်မြူးစွာ တက်လာခဲ့ကြသည်။

သူတို့၏ အိမ်ကြီးမှာ ကြီးမားလှသည်။ အဆောင်ဆောင် အခန်းခန်းရှိသည်။ သူတို့သည် ဖခင်၏ စာဖတ်ခန်းရှေ့မှ လျှောက်လာကြစဉ် အတွင်းမှ ခေါ်သံကြားလိုက်ရသည်။

"သမီးရေ ... ခဏ"



လုဝမ်ရင်းသည် စာဖတ်ခန်းထဲသို့ ကြည့်လိုက်ရာ အခန်းထဲ၌ လူစုံတက်စုံ ရောက်ရှိနေကြောင်း တွေ့ရလေသည်။ အခန်းထဲ၌ ဦးဦးလီတာကျွေနှင့် ဖနီး၊ ဦးဦးလုချူကွီးတို့ ထိုင်နေသည်ကို တွေ့ရသည်။

သူတို့သည် တစ်စုံတစ်ခုသော အကြောင်းအရာကို ဆွေးနွေးနေပုံရသည်။

"တန်ထင်ဟုန်ကိုပါ ခေါ်ခဲ့ပါ သမီး"

ဖခင်ဖြစ်သူက တန်ထင်ဟုန်ကိုပါ လှမ်းခေါ်လိုသဖြင့် လူငယ်နှစ်ဦးမှာ ရင်ခုန်သွားလေသည်။ သူတို့ နှလုံးခုန်သံကို သူတို့ကြားနေကြရသည်။

သူတို့သည် တစ်ဦးကိုတစ်ဦး ကြည့်ကြသည်။ တန်ထင်ဟုန်က ခေါင်းညိတ်ပြလိုက်သောအခါ လုဝမ်ရင်း အခန်းတွင်းသို့ ဝင်သည်။

အခန်းတွင်းသို့ သူတို့နှစ်ယောက် ရောက်သည်နှင့် လူကြီးများ၏ မျက်နှာများမှာ ပြုံးရွှင်နေကြသည်ကို သူတို့ တွေ့ရှိကြရသည်။

"ကဲ ... ထိုင်ကြပါဦးကွယ်၊ ဖေဖေတို့က သမီးတို့ကို စောင့်ကြည့်နေကြတာကွယ့်"

လုရှုဟုန်က ပြုံးရွှင်စွာ ပြောသည်။ လုဝမ်ရင်းနှင့် တန်ထင်ဟုန်တို့သည် လူကြီးများရှေ့တွင် ဝင်ထိုင်လိုက်လေသည်။

"ဘာကိစ္စများလဲ ဖေဖေရယ်၊ သမီးတို့ ရင်ထိတ်လိုက်တာ"

လုဝမ်ရင်းက ရင်ကလေးဖိကာ ပြောလေ၏။ လုရှုဟုန်က ပြုံးလိုက်၏။

"တခြားကိစ္စတော့ မဟုတ်ပါဘူးကွယ်၊ သမီးတို့ လူငယ်တွေကိစ္စပါ၊ ဒါ ရင်ထိတ်စရာ မဟုတ်ပါဘူး၊ အခြေအနေအရ ဆောင်ရွက်ကြရတာပါ"

နှစ်ဦးစလုံး တစ်ဦးကိုတစ်ဦး ကြည့်မိကြ၏။ သူတို့နှစ်ဦး၏ အခြေအနေမှာ သာမန်အခြေအနေမဟုတ်ပါတကား။ ရင်ထိတ်စရာ အခြေအနေပင် ဖြစ်သည်။

ဤအခြေအနေကို သိထားသူ တစ်ယောက်မျှမရှိဟု သူတို့ယုံကြည်ကြ၏။

သို့သော် သူတို့လူကြီးများထဲ၌ ဤအကြောင်းအရာကို သိထားသူ တစ်ဦးပါဝင်နေသည်။ ဤသူကား လုချူကွီးပေတည်း။ ဤသည်ကို လူငယ်နှစ်ယောက် မသိကြပေ။

တန်ထင်ဟုန်အတုက ဣန္ဒြေရစွာ ပြောလိုက်သည်။

"ဟုတ်ကဲ့ … ပြောပါ ဘဘကြီး"

လုရှုဟုန်က …

"ဒီလိုကွယ့် … တန်ထင်ဟုန်ရဲ့၊ မင်းရဲ့အဖေရယ်၊ ဟောဒီက လီတာကျွေရယ်၊ ဟောဒီက လုချူကွီးရယ်၊ ဘဘကြီးရယ်တို့ဟာ သွေးသောက် သိုင်းညီနောင် ဖွဲ့ခဲ့ကြတယ်၊ သိုင်းလေးဖော်လို့ ခေါ်ကြတာတော့ မင်းသိမှာပေါ့"

တန်ထင်ဟုန်က …

"သိုင်းညီအစ်ကိုတွေဆိုတာတော့ သိပါတယ်ဗျာ"

"အေး … မင်းမသိတာကတော့ မင်းတို့ ကလေးတွေ အရွယ်ရောက်လာတဲ့အခါ လက်ဆက်ပေးဖို့ မင်းအဖေနဲ့ ငါနဲ့ ကတိစကားထားခဲ့ကြတာပဲ၊ ဆွေမျိုးတွေ လက်ဆက်တာတော့ နည်းတာပေါ့ကွာ၊ ဒါပေမယ့် ရှိတော့ရှိပါတယ်၊ ငါတို့လည်း အဲဒီအုပ်စုထဲကပေါ့"

လုရှုဟုန်က အသေအချာသဘောပေါက်အောင် ရှင်းပြနေရသည်။

"အဲဒီ ကတိကစားကို အကောင်အထည်ဖော်ရမယ့် မင်းဖခင်လည်း မရှိဘူး၊ ဒါပေမယ့် ကတိစကား ထားခဲ့ကြတုန်းက လီတာကျွေတို့၊ လုချူကွီးတို့လည်း ရှိနေတော့ သူတို့ရှိနေရင်ပြီးတာပဲ၊ အခု သူတို့လည်း ရှိနေကြပါပြီ၊ ငါတို့ လူကြီးချင်းတိုင်ပင်ကြတော့ မင်းတို့ လူငယ်ချင်း ရင်းနှီးပါစေ၊ နားလည်မှုရပါစေ၊ အဲဒီအခါမှ စီစဉ်သင့်တယ်လို့ ဆုံးဖြတ်ထားခဲ့ကြတယ၊ အခု မင်းတို့ရဲ့ ဦးကြီးတွေကို ငါခေါ်ထားခဲ့ပြီ"

လူငယ်နှစ်ယောက်သည် ခေါင်းငုံ့လျက် နားထောင်နေကြသည်။ လီတာကျွေနှင့် ဇနီးကမူ ပြုံးလျက်ကြည့်နေ၏။ လုချူကွီးကမူ သုန်မှုန်စွာ ကြည့်နေသည်။

"အေး … ခုအချိန်ဟာ မင်းတို့နှစ်ယောက်ကို နေ့ရာချထားပေးဖို့ အသင့်တော်ဆုံးအချိန်လို့ သတ်မှတ်ကြတယ်၊ မင်းတို့ဘက်က ပြောစရာ ဆိုစရာများရှိရင် ပြောကြဆိုကြ၊ ငါတို့ကို ဘာမှအားနာနေစရာ မလိုဘူး"

လုဝမ်ရင်းက ခေါင်းငုံ့လျက် ဖြေသည်။

"သမီး ဘာမှပြောစရာမရှိပါဘူး ဖေဖေ၊ ဖေဖေတို့ စီမံရာကိုပဲ နာခံပါ့မယ် ဖေဖေ"

လုဝမ်ရင်းသည် ဖခင်၏စကားကို နာခံကြောင်း သွက်လက်စွာ ပြောကြားလေ၏။ သူမသည် ဤသို့ဖြစ်စေချင်သည် မဟုတ်ပါလော။

"တန်ထင်ဟုန်ကကော ဘယ်လိုလဲကွယ့်"

"ဘဘကြီးတို့ စီမံရာကိုပဲ နာခံရမှာပေါ့ ဘဘကြီးရယ်"

"အေး ... အေး ... လူငယ်တွေက လူကြီးတွေ စီမံရာကို နာခံကြတယ်ဆိုတော့ အားလုံး ဝမ်းသာကြရတာပေါ့၊ မဟုတ်ဘူးလား လီတာကျွေ"

လုရှုဟုန်မှာ သူတစ်ဦးတည်း ဒိုင်ခံပြောဆိုနေရသည့်အတွက် စကားဝိုင်းထဲသို့ လီတာကျွေ ပါလာရန် ဆွယ်လိုက်သည်။

လီတာကျွေနှင့် သူ့ဇနီးတို့မှာ ငိုချင်ရာလက်တို့ဆိုသကဲ့သို့ စကားပြောချင်နေသူများဖြစ်ရာ လုရှုဟုန်က တိုသို့ ဆွယ်လိုက်သောအခါ ဝင်ပြောကြတော့သည်။

"နောင်ကြီး လုရှုဟုန်ပြောတာ သိပ်မှန်တယ်၊ ငါတို့မှာ ဒီတာဝန်ကြီးကို နှစ်ပေါင်းများစွာ စောင့်လာရတာကွယ့်၊ အခုတော့ ဒီတာဝန်ကြီး ပေါ့သွားတာပေါ့ကွယ်၊ စကားတစ်ခုတောင် ရှိသေးတယ်၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ရတယ်ဆိုတဲ့ စကားလေ၊ အခု ကိုယ့်အိတ်ထဲ ကိုယ်ဖိတ်တာပေါ့ကွာ"

"မင်းရဲ့ဖခင် မသေခင်ကတည်းက ဒီကိစ္စကို ငါတို့ ဝိုင်းဝန်းဆွေးနွေးခဲ့ကြတာပဲ၊ လူအားလုံးကလည်း သဘောတူကျေနပ်ကြပါတယ်၊ ခုတော့ ဒီကိစ္စကြီး ပြီးမြောက်တော့မယ်၊ နှစ်ပေါင်းများစွာစောင့်ဆိုင်းပြီး အကောင်အထည်ဖော်ရတဲ့ ကိစ္စဆိုတော့ အားလုံးဝမ်းသာအားရ ဖြစ်ကြတာပေါ့ကွယ်"

ရွှေလှံပျံ လီတာကျွေ၏ စကားဆုံးသောအခါ ကျင်ရှာမွေးက ပြုံးရယ်လျက် ပြောသည်။

"ဟင်း ... ဟင်း ... ဟင်း ... ငါ့တူကြီးနဲ့ ငါ့တူမကြီးဟာ ခင် မတန် ရှေ့သွားနောက်လိုက် ညီကြတယ်ကွယ့်၊ နှစ်ယောက်စလုံးက အချောအလှတွေချည်းပဲ၊ မင်းတို့ မင်္ဂလာဆောင်ကျရင်တော့ အကောင်းဆုံး ပစ္စည်းတွေ လက်ဖွဲ့မယ်ကွ"

လူငယ် နှစ်ယောက်မှာ ဒေါ်လေး ကျင်ရှာမွေး၏ အရွှန်းဖောက်လိုက်သည့် စကားကြောင့် ရှက်ရှက်နှင့် ခေါင်းငုံ့မိကြလေသည်။

တိုအခါ လီတာကျွေက အရေးတကြီး ပြောလေ၏။

"ဩော် ... တာဝန်တစ်ခု ရှိသေးတယ်၊ ခုကတည်းက အဲဒီတာဝန်ကြီးကို ရှင်းလိုက်ရင် ကောင်းမယ်"

လုရှုဟန် ခေါင်းထောင်သွား၏။

"ဘာများလဲ လီတာကျွေရဲ့၊ မင်းဟာက အထိတ်အလန့်ချည်း"

လီတာကျွေအား လုရှုဟန်က ပြန်လှန်မေးလိုက်လေသည်။

လီတာကျွေက ...

"ဟိုဟာလေဗျာ၊ နောင်ကြီးလုရှုဟန်ကလည်း သူ့အဖေ ပေးတားခဲ့တဲ့ သံသေတ္တာလေးလေ"

"အေးလေ ... ပေးမှာပေါ့ကွ၊ သူတို့ မင်္ဂလာဆောင်ကျမှ ငါ လက်ဖွဲ့မယ်လို့ ဆုံးဖြတ်ထားတာကွ၊ သူတို့အားလုံး ဆုံးဖြတ်ချ ကလည်း အဲဒီအတိုင်းပဲလေ"

"အို ... နောင်ကြီးကလဲ အခုပဲ စေ့စပ်ကြောင်းလမ်းပွဲ အ ပြောက်သွားပြီဥစ္စာ၊ ဘာဖြစ်သလဲ အခုပေးလိုက်ရပြီးတာပဲပေါ့၊ ဟုတ် တယ်မဟုတ်လား"

လုရှုဟုန်မှာ မငြင်းသာတော့ချေ။ သဘောတူလိုက်ရတော့ သည်။

"အေးလေ ... မင်းတို့သဘာပါပဲ၊ ငါတို့ သုံးဦးသဘောတူရ ပြီးတာပဲ၊ ငါသွားယူလိုက်ဦးမယ်"

လုရှုဟုန်သည် ထသွားလေတော့၏။

● * ●



## အခန်း(၅၀)
## နောက်ကွယ်မှ ပြဿနာ

ထိုအခါ တန်ထင်ဟုန်က လီတာကျေ့အား လှမ်းပြီးပြောသည်။

"ကျွန်တော့်အဖို့ အဲဒီပစ္စည်းက အရေးမကြီးပါဘူး ဦးလီတာ ကျေ့ရယ်၊ ဘာဘကြီးကို အားနာစရာကောင်း ပါတယ်"

ထိုအခါ လီတာကျေ့ အားရပါးရ ရယ်လေတော့သည်။

"ဟား ... ဟား ... ဟား ... မင်းက ယောက္ခမ စိတ်ကွက်မှာ းရိမ်နေပုံရတယ်၊ မစိုးရိမ်ပါနဲ့ကွယ်၊ ပေးစရာရှိတာကိုလည်း မြန် န်ပေးရသကွယ့်၊ ယူစရာရှိတာကိုလည်း မြန်မြန်ယူရသကွယ့်၊ ပေး ရာရှိတာကို မပေးဘဲ နှောင့်နှေးနေရင် ပြဿနာတွေ ပေါ်တတ် ကွယ့်"

"ဒါကြောင့် ပေးစရာရှိတာကို ပေးရတာ၊ ယူစရာရှိတာကို ရတာအတွက် မင်းဘာမှစိတ်အနှောင့်အယှက် မဖြစ်ပါနဲ့၊ မဟုတ် းလား လုချူကွီး"

လီတာကျေ့သည် လုချူကွီးအား အဖော်ညှိလိုက်လေသည်။

လုချူကြီးကား အခန်းထဲ၌ သုန်မှုန်စွာ ထိုင်နေသည့် တစ်ဦး
တည်းသော မကြည်မလင်သူသာတည်း။

"မင်း မလိုချင်ရင်လည်း ရပါတယ်ကွ၊ မလိုချင်ရင် မယူနဲ့ပေါ့
နောင်ကြီး လုရှုဟုန်ဆီမှာ ထားရင်လည်း လုံခြုံတာပါပဲ"

လုချူကြီးက ဤသို့ပင် ပြောဆိုလိုက်သည်။

လီတာကျွေသည် လုချူကြီးအား ဆတ်ခနဲ မော့ကြည့်လိုက်၏။

"ဟာ ... မင်း ဘယ်လိုပြောလိုက်တာလဲ လုချူကြီးရဲ့၊ သူ့
ပစ္စည်း သူ့ပြန်ပေးလိုက်ရင် ကိစ္စမြန်မြန်အေးတာပေါ့ကွာ၊ နို့မို့ဆိုရင်
ဒီပစ္စည်းဟာ နောင်ကြီး လုရှုဟုန်မှာသာ တာဝန်ပိုနေမှာပေါ့"

"ဒါတွေဟာ သူ့ပစ္စည်းမှ မဟုတ်တာဘဲ နောင်ကြီး လီတာ
ကျွေရယ်"

ထိုစကားမှာ သူထုတ်ဖော်ပြောလိုက်သည့် စကားမဟုတ်ပါ။
ရင်တွင်းမှ ပြောလိုက်သည့်စကားသာ ဖြစ်ပါသည်။ တကယ်တွင်
သူသည် မည်သို့မျှ ပြန်မပြောချေ။ ငူငူကြီးသာ ထိုင်နေတော့သည်။

ထိုစဉ် ကြယ်ပစ်ဝိဇ္ဇာ လုရှုဟုန်သည် ပြန်လည်ရောက်ရှိလာ
လေ၏။ သူသည် ထိုင်ခုံတွင်ဝင်ထိုင်သည်။ သူ့လက်ထဲ၌ သံသေတ္တာ
ကလေးတစ်လုံး ပါလာသည်။ သူသည် ထိုသံသေတ္တာကို စားပွဲပေါ်
သို့ တင်လိုက်၏။

"ကဲ ... အားလုံး မြင်ကြတယ်နော်"

သူသည် လီတာကျွေနှင့် လုချူကြီးတို့ကို ပြောလိုက်၏။

လီတာကျွေနှင့် လုချူကြီးတို့က ခေါင်းညိတ်သည်။

"ကဲ ... တန်ထင်ဟုန်၊ ဒါ မင်းအဖေရဲ့ပစ္စည်းပဲ၊ မင်းအရွယ်



ရောက်ရင် ပေးရမယ်လို့ အမှာစကား ရှိထားပေမယ့် ငါတို့က
င်း မင်္ဂလာဆောင်မှ မဟုတ်တော့ဘူး၊ စေ့စပ်ကြောင်းလမ်းပြီးတာနဲ့
ပေးအပ်လိုက်ပါဆိုကြတော့ အားလုံး သသဘောတူတဲ့အတိုင်း အခု
ပေးလိုက်ပါပြီ"

တန်ထင်ဟုန် အတုသည် ထိုသေတ္တာကလေးကို စူးစိုက်
ကြည့်ရှု နေလေ၏။

ရွှေလုံပျံ လီတာကျွေနှင့် သူ့ဇနီး ကျင်ရှာမွှေးတို့သည်လည်း
ထိုသေတ္တာကို လွန်စွာ စိတ်ဝင်စားနေကြလေ၏။

သူတို့မျက်လုံးများသည် သံသေတ္တာအပေါ်၌သာ ရှိနေကြ၏။

လုချူကြီးတစ်ယောက်သာ သံသေတ္တာအပေါ်၌ လုံးဝစိတ်မဝင်
စားချေ။ သူသည် တန်ထင်ဟုန်အပေါ်၌သာ စိတ်ဝင်စားနေသည်။

သူတို့မျက်လုံးများသည် သံသေတ္တာအပေါ်၌သာ ရှိနေကြသည်။

လုချူကြီး တစ်ယောက်သာ သံသေတ္တာအပေါ်၌ လုံးဝစိတ်
မဝင်စားချေ။ သူသည် တန်ထင်ဟုန်အပေါ်၌သာ စိတ်ဝင်စားနေ၏။

သူသည် ဤသေတ္တာနှင့်ပတ်သက်၍ မည်သို့ဆုံးဖြတ်ရမည်လဲ
ဟု သူစိတ်ဝင်စားနေသည်။

လုချူကြီးကဲ့သို့ တန်ထင်ဟုန်အပေါ် စိတ်ဝင်စားနေသူ တစ်
ယောက်ရှိသည်။

သူမကား လုဝမ်ရင်းပေတည်း။

သူမသည် သူမ၏ချစ်သူမျက်နှာကို စူးစိုက်ကြည့်နေသည်။
အပြောနှင့်အလုပ် ညီမညီကို သူမ သိလိုနေသည်။

"ဒီသေတ္တာကလေးကို မင်းအဖေဆီက တို့ယူထားရတာပဲ၊

သေတ္တာကလေးပဲ ရခဲ့တာ့ကွယ့်၊ သော့တံတော့ မရခဲ့ပါဘူး၊ ဖွင့်ကြည့်ချင်ရင်တော့ ရိုက်ချိုးဖွင့်ကြည့်မှ ရမယ်"

လုရှုဟုန်က တန်ထင်ဟုန်၏ မျက်နှာကို အကဲခတ်ပြီးပြောလိုက်၏။

တန်ထင်ဟုန်အတုသည် သံသေတ္တာကို စိတ်မဝင်စားသည့် အမူအရာဖြင့် ပြောသည်။

"နေပါစေ ဘဘကြီးရယ်၊ ဒီအတိုင်းထားလိုက်ပါ၊ အဟောင်းက အသစ် ဖြစ်နေပါ့မယ်ဗျာ"

"ကောင်းပြီလေ ... မင်းသဘောပဲ"

လုရှုဟုန်က သံသေတ္တာကလေးကို ထိုးပေးလိုက်သည်။

နေပြည်တော်သူ ကျင်ရှာမွေးသည် စပ်စုလိုသူဖြစ်၏။

သူမသည် သံသေတ္တာထဲ၌ ဘာပါသည်ကို သိလိုသည်။ ထို့ကြောင့် သူမနှင့်မဆိုင်သည့် စကားကို ပြောလိုက်လေ၏။

"သံသေတ္တာထဲမှာ ဘာတွေများ ပါနေသလဲမသိဘူး၊ တို့များသိရအောင် ဖွင့်ကြည့်ပါလား တူမောင်ရဲ့"

"ဟုတ်သားပဲ၊ အဖိုးထိုက်တန်တဲ့ ကျောက်မျက်ရတနာတွေ ပါနေရင် တို့များလည်းဝမ်းသာရတာပေါ့၊ ဒါပေမယ့် သိသလောက်တော့ ဓားနှစ်လက်ဟာ ဒီလို စုစုဆောင်းဆောင်း မရှိတတ်ပါဘူး"

လီတာကျွေသည် သူ့ဇနီးသည် စကားကို ထောက်ခံလိုက်၏။ သေတ္တာဖွင့်ရန်လည်း တိုက်တွန်းလိုက်သည်။

● ✳ ●



တန်ထင်ဟုန်က ...

"သည်းခံပါ ဦးတို့ရယ်၊ ဖေဖေရဲ့ တစ်ခုတည်းသော ပစ္စည်းဟာ ဒီပစ္စည်းပဲ ကျန်ရစ်ခဲ့ပါတယ်။ ကျွန်တော်ကတော့ ဖခင်ထားခဲ့တဲ့ ပစ္စည်းကို မပျောက်ပျက်အောင်ဘဲ သိမ်းထားချင်ပါတယ်၊ အထဲက ပစ္စည်းကို မက်မောတွယ်တာလိုစိတ်နဲ့ မဖွင့်ချင်ပါဘူး၊ အမှတ်တရ အနေနဲ့ပဲ သိမ်းဆည်းလိုပါတယ် ခင်ဗျာ၊ အမြတ်တနိုး သိမ်းထားချင်တဲ့ သဘောပါခင်ဗျာ"

တန်ထင်ဟုန်အတုသည် သေတ္တာကို မဖွင့်လိုကြောင်း လိမ္မာပါးနပ်စွာ ငြင်းဆိုလိုက်လေ၏။ လုဝမ်ရင်းမှာ ချစ်သူ၏ ငြင်းပယ်စကားကို ချီးကျူးလိုက်မိသည်။

"အဆော်လည်တဲ့ အတုကောင်ပဲ၊ ဟင်း ..."

သူသည် ကျိန်ဆဲရေရွတ်လိုက်မိသည်။

လီတာကျွေတို့ လင်မယားမှာ သူတို့ စကားများ လုံးဝမအောင်မြင်သဖြင့် မကျေမနပ်ဘဲဖြစ်သွားကြသည်။ တန်ထင်ဟုန်အတုကိုလည်း စိတ်ကွက်သွားကြသည်။

သူတို့ ဖြစ်စေချင်သည်မှာ သူတို့၏ အလိုဆန္ဒအတိုင်း လိုက်လိုက်လျောလျော သံသေတ္တာကလေးကို ဖွင့်ပြစေလိုခြင်း ဖြစ်သည်။

လုရှုဟုန်က ...

"ကဲ ... ကဲ ... မင်္ဂလာရက်ကိစ္စကို နောက်မှ သတ်မှတ်ကြတာပေါ့၊ လူတွေပြေလည်ဖို့သာ အရေးကြီးပါတယ်၊ ရက်သတ်မှတ်တာကတော့ နောက်မှ ဖြည်းဖြည်းသတ်မှတ်လို့ရပါတယ်၊ အခု မင်းတို့လူငယ်နှစ်ဦးကို မေးမြန်းတာပဲရှိပါတယ်၊ တစ်ဦးကိုတစ်ဦး ချစ်ချစ်

ခင်ခင်နဲ့ နေကြ၊ သွားသွား ... ကိုယ့်အခန်းသွားပြီး အနားယူကြ
တော့ ..."

"ဟုတ်ကဲ့ပါ ဖေဖေ ..."

တန်ထင်ဟုန်အတုနှင့် လုဝမ်ရင်းတို့ ချစ်သူနှစ်ဦးမှာ လူကြီးများရှေ့မှ ပျော်ရွှင်ကြည်နူးစွာ ထွက်ခွာသွားကြသည်။ သံသေတ္တာကလေးကိုတော့ တန်ထင်ဟုန်အတုက ယူသွား၏။ သူ၏အတွင်းဝတ်ရုံထဲ ထည့်လိုက်သည်။

ချစ်သူနှစ်ဦး စာဖတ်ခန်းအပြင်သို့ရောက်ပြီး စာဖတ်အခန်းတံခါး ပြန်ပိတ်သွားသောအခါ လုဝမ်ရင်းက တန်ထင်ဟုန်ကို ပြောလိုက်သည်။

"ဟင်း ... တော်တော် ဉာဏ်များတယ်၊ သူများအမွေပစ္စည်းတွေကို သူများတကာ တွေ့သွားမှာစိုးလို့ ငြင်းလိုက်ရတာ အမောပဲ"

တန်ထင်ဟုန် အတုက မောပန်းနွမ်းလျစွာ ပြော၏။

"အဲဒီလိုစိတ်ကြောင့် မဟုတ်ပါဘူး ညီမရယ်၊ ဒါဟာ ကိုယ့်ပစ္စည်းမှ မဟုတ်ဘဲကွယ်၊ သေတ္တာဖွင့်တယ်ဆိုတာ ပိုင်စိုးပိုင်နင်းလုပ်ဘာ ညီမရယ်၊ ကိုယ့်ပစ္စည်းမဟုတ်ဘဲနဲ့ ဘာကြောင့် အဲဒီလို လုပ်ရမှာလဲ၊ ကိုယ်ပိုင်နေရင်တော့ တစ်မျိုးပေါ့ကွယ်"

တန်ထင်ဟုန် အတု၏ လေသံကို ကြားလိုက်ရသောအခါ လုဝမ်ရင်း စိတ်မကောင်းဖြစ်သွားသည်။ သူကျိစယ်လိုက်သည်မှာ လွန်သွားပြီဟု သိလိုက်ရ၏။

"ညီမက သက်သက် ကျီစယ်တာ အစ်ကိုရဲ့၊ အစ်ကို စိတ်မကောင်း ဖြစ်မနေပါနဲ့၊ ညီမ ကျီစယ်တာ လွန်သွားတယ်နော်"



တန်ထင်ဟုန်က ပြုံးလိုက်၏။

"မဟုတ်ပါဘူး ညီမရယ်၊ ညီမကို အစ်ကို့စိတ်ထဲက ဘယ်လိုမှ မထင်ပါဘူး၊ အခု အစ်ကို့အဖြစ်က နမလည်း ယူသေး၊ သူ့ပစ္စည်းလည်း သိမ်းသေးဆိုတဲ့ အဖြစ်ကို ရောက်နေပါပြီ၊ အဲဒါကို အစ်ကို စိတ်မချမ်းသာတာပါ၊ တကယ်တော့ အစ်ကိုဟာ ဖြူစင်ချင်ပါတယ်ကွယ်၊ ဒါမှ ညီမနဲ့ ထိုက်တန်မှာ၊ ညီမက ဖြူစင်တယ် မဟုတ်လား"

တန်ထင်ဟုန်၏စကားသည် လုဝမ်ရင်းကို မသိမသာ မြှောက်ပင့်ပေးသလို ဖြစ်သွားသည်။ သို့သော် လုဝမ်ရင်း မမြှောက်ရှာပါ။ တန်ထင်ဟုန်အတုကလည်း တမင် မြှောက်ပြောခြင်း မဟုတ်ပါ။

တန်ထင်ဟုန်အတုက ဆက်ပြောသည်။

"အစ်ကိုတန်ထင်ဟုန်အတွက် ကိုယ်ချင်းစာလို့ပါ၊ သူ့ပစ္စည်းကို အခု အစ်ကို မယူရက်တော့ပါဘူးကွယ်"

"အစ်ကို မယူတာဘာကြောင်းမဟုတ်ဘူး၊ အစ်ကို့နောက်ကွယ်က လူတွေကသာ အကြောင်းပါ၊ သူတို့ကို အစ်ကို ဘယ်လိုပြောမလဲ"

တန်ထင်ဟုန်အတုသည် သက်ပြင်းချလိုက်၏။

"ဟင်း ... မတတ်နိုင်ဘူးလေ၊ မရသေးဘူးလို့ပဲ ဘူးခံရမှာပဲ၊ အစ်ကို့မှာ ဒီနည်းလမ်းကလွဲပြီး အခြား မရှိတော့ဘူးလေ"

သူ၏မျက်နှာမှာ ပြောရင်း ညှိုးမှောင်သွားသည်။

လုဝမ်ရင်းက ...

"သူတို့သိနေရင်ကော ဘယ်လိုလုပ်မလဲဟင်"

သူမက စိုးရိမ်ပူပန်စွာ မေးလေ၏။

"သိသွားရင်တော့ အစ်ကိုမလွယ်ဘူးပေါ့၊ အစ်ကိုတို့ဂိုဏ်းဟာ

အောက်လမ်းဂိုဏ်းပါ၊ သူတစ်ပါးကို အမြဲတမ်း ဒုက္ခပေးနေတဲ့ဂိုဏ်းပေါ့၊ အဲဒီတော့ ကိုယ့်ဂိုဏ်းထဲကလူကိုလည်း ချမ်းသာမပေးပါဘူး၊ ဂိုဏ်းသားတွေ သစ္စာဖောက်ရင် သတ်ပစ်တယ်၊ အစ်ကို သေရမှာကို မကြောက်ပါဘူး၊ ညီမရဲ့ ဖြူစင်နေတဲ့ဘဝကို အမည်းစက်ထင်မှာကို ကြောက်တယ်၊ ဒါကြောင့် အစ်ကို သူ့သံသေတ္တာကို မလိုချင်တာပေါ့၊ အစတုန်းကတော့ ဘာမှန်းမသိဘဲ လုပ်မယ်ဆိုပြီး တာဝန်ယူခဲ့ရတာပေါ့၊ တာဝန်ပေးရင် ငြင်းပယ်ခွင့်လည်း မရှိဘူးလေ၊ ဒါနဲ့ အစ်ကို ဒီကို ရောက်လာတာပါ"

လုဝမ်ရင်းမှာ အကြီးအကျယ် စိတ်ပျက်သွားတော့သည်။ သူ့ချစ်သူကို ဤအဖြစ်ဆိုးကြီးထဲမှ ကယ်တင်နိုင်မည်ဟု သူမထင်ခဲ့သည်။ ယခုတော့ သူထင်သလို မလွယ်လှပါတကား။

"ဟင်း ... ဒီလိုဆိုရင် ဒုက္ခပဲ၊ အဲဒီ သေတ္တာကလေးကို ပေးလိုက်လို့ကော မရဘူးလား၊ သူတို့ လိုချင်နေတာက သေတ္တာပဲဥစ္စာ၊ ကိုယ်လိုချင်တဲ့ပစ္စည်းရရင် တော်ရောပေါ့"

တန်ထင်ဟုန်အတုက မချိပြုံး ပြုံးသည်။

"ညီမက ပေးဖို့ချည်း ပြောနေတယ်၊ အဲဒီသေတ္တာက ညီမရဲ့ သေတ္တာလား၊ ညီမပစ္စည်းမှ မဟုတ်ဘဲကွယ်၊ ဘယ်ပေးလို့ရမှာလဲ၊ တန်ထင်ဟုန်ရဲ့ ပစ္စည်းပါ၊ သူသဘောမယူရင် ဘယ်သူ့ကိုမှ ပေးပိုင်ခွင့် မရှိပါဘူး"

"အင်းလေ ... ဒါလည်းဟုတ်တာပဲ၊ ညီမပိုင်ပစ္စည်းမှ မဟုတ်တာ၊ ညီမတောင်းရင် သူပေးမယ်လို့ ညီမကပြောခဲ့တယ်၊ သူ့အဖေက သူ့မျိုးနွယ်ရဲ့ အမှတ်တရပစ္စည်း ထည့်ထားရင် သူလည်း



ပေးဖို့ နှမြောမှာဲ၊ ညီမအတွေးကတိမ်လွန်းပါတယ်လေ၊ အစ်ကိုသာ ဒီပစ္စည်း လက်ဝယ်ထားရင် သတိဝီရိယနဲ့နေပေါ့ အစ်ကို"

"မတတ်နိုင်ဘူးကွယ်၊ ရင်ဆိုင်ရတော့မှာပဲ"

ချစ်သူနှစ်ဦးသည် မပျော်ရွှင်နိုင်တော့ဘဲ အတွေးကိုယ်စီနှင့် ကိုယ့်အိပ်ခန်း ကိုယ်ဝင်သွားကြတော့၏။

● ✻ ●

ပန်းတစ်ပွင့်စားသောက်ဆိုင်သို့ လုချူကွီး ရောက်ရှိသွားသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

ဦးလုချူကွီး မဟုတ်လား၊ ဝင်ခဲ့ပါ၊ တံခါးဖွင့်ထားပါတယ်"

စစ်ကုယောင်၏အသံပင်။

လုချူကွီးသည် အတွင်းသို့ ဝင်လိုက်၏။ အတွင်း၌ စစ်ကုယောင်နှင့် ရှုလန်တို့ရှိနေကြ၏။ ရှုလန်သည် သူ့ချစ်သူနားမှ မခွာတော့ပေ။

လုချူကွီးက ...

"ပြဿနာတော့ စပြီဟေ့"

"ဘယ်လိုဖြစ်တာလဲ ဦး"

"ကောင်မလေးကို လက်ထပ်ပေးဖို့ နောင်ကြီး လုရှုဟုန်က သဘောတူ ဆုံးဖြတ်လိုက်ပြီကွ၊ မင်္ဂလာရက်တောင် မကြာခင် သတ်မှတ်ကြတော့မှာ"

"လုဝမ်ရင်းကကော မငြင်းဘူးလား"

"ဟင့်အင်း ... မငြင်းဘူးကွ၊ မငြင်းတဲ့အပြင် ပိုပြီးတောင်

ပျော်ရွှင်နေပုံရနေသေးတယ်၊ သူက ဟိုအကောင်ထက်တောင် ပိုပြီး သွက်လက်နေသေးသဟ့”

လုချူကွီးက ရွှံ့မဲ့ပြီး ပြောလေ၏။

“မဟုတ်ပါဘူး ဦးရယ်၊ ညီမလေးဟာ သူ့ကို ကျွန်တော်ထင်လို့ လက်ခံတာဖြစ်မှာ”

“ဘာပဲဖြစ်ဖြစ် မိန်းကလေးကတော့ ပျော်ရွှင်နေတဲ့ပုံပဲ”

“မိန်းကလေးကိုး ဦးရယ်”

စစ်ကုယောင်မှာ လုဝမ်ရင်းကို ညီမလေးတစ်ယောက်အဖြစ်သာ ချစ်သည်။

ထို့ထက်မပိုပေ။ သူငယ်ငယ်က အလိုလိုက်ခဲ့ရသော ညီမလေးကို မတန်မရာ လူဆိုးသူခိုးလက်ထဲ ထည့်ရမှာဖြစ်၍ နမြောမိခြင်းဖြစ်သည်။ သံယောဇဉ်မကုန်သေးသော်လည်း ညီမဖြစ်သူက တစ်ဖက်လူကို လက်ခံလိုက်သဖြင့် သူ့ခမျာ ပြောစရာမရှိတော့ပေ။ လုချူကွီးက နှစ်သိမ့်လိုက်ခြင်း ဖြစ်သည်။

“ဒါက အရေးမကြီးဘူးကွ”

“ဘာက အရေးကြီးသလဲ”

“မင်းရဲ့ပစ္စည်းတွေကို ဟိုကောင့်လက်ထဲကို အပ်လိုက်ပြီ၊ ဟိုကောင်က လူလည်ကွ၊ မယူချင်သယောင် ပြောနေသေးတယ်၊ နောင်ကြီး လီတာကျွေတို့လင်မယားကလည်း တစ်မျောင့်ကွာ၊ သူတို့က ပေးဖို့ပြောနေတာကွ၊ အခြေအနေလည်း သူတို့ဘာမှမသိဘူး”

“ဟင် ... အပ်လိုက်ပြီ ဟုတ်လား၊ မင်္ဂလာဆောင်မှ အပ်မယ်ဆို”



“နောင်ကြီး လီတာကျွေပေါ့ကွာ၊ မထူးပါဘူး၊ အခု စေ့စပ်ပွဲအောင်မြင်နေပြီပဲ၊ နောင်ကြီးလုရှုဟုန်မှာ တာဝန်ကြီးနေတယ်၊ ခု ပေးလိုက်ရင်လည်း ပြီးတာပဲ၊ ဘာညာ ဝင်ပြောတော့ နောင်ကြီးလုရှုဟုန်လည်း မပေးရအခက် ဖြစ်သွားတာပေါ့”

“ဦးလီတာကျွေဟာလည်း တယ်ခက်တာပဲ၊ သူတို့ပဲ ဆုံးဖြတ်အားတာ မဟုတ်လား၊ မင်္ဂလာဆောင်မှ တစ်ခါတည်း ပေးလိုက်မယ်ဆိုပြီး ခုတော့ ခုစာကလေးကြော်၊ ခုဆီထမင်းမျိုး ဖြစ်နေတာပဲ”

စစ်ကုယောင်မှာ စိတ်ပျက်သွားမိသည်။ သံသေတ္တာအတုအယောင်လက်ထဲ ရောက်သွားလျှင် အတုအယောင်အိမ်ထဲမှ မထွက်နိုင်အောင် ပြုလုပ်ရတော့မည်။

“မင်္ဂလာဆောင်ဖို့ရက်ကို ဆုံးဖြတ်လိုက်ပြီလား”

“မင်္ဂလာဆောင်ဖို့ရက်ကတော့ မသတ်မှတ်ရသေးဘူး၊ ဒါပေမယ့်အားလုံး ပြေလည်နေပြီပဲဥစ္စာ၊ မကြာခင် သတ်မှတ်တော့မယ်လို့ ထင်တယ်ကွ၊ နောက် မြန်မြန်ဖြစ်မယ်ဆိုတာက ဟိုနောင်ကြီး လီတာကျွေတို့ လင်မယားကြောင့်ကွ၊ သူတို့က ဝိုင်းပြီး ဆောတီးနေကြတော့ မြန်မြန်ဖြစ်တော့မှာပေါ့ကွာ၊ တစ်ခုတော့ရှိတာပေါ့၊ သူတို့ ရိုးရိုးသားသား မြင်ချင်လည်း မြင်နေမှာပေါ့၊ ဒါကြောင့်လည်း မြန် မြန် ဖြစ်စေချင်တာ ဖြစ်မှာပေါ့ကွာ ...

“ဒါပေမယ့် အတုအယောင်ကတော့ ပစ္စည်းကို လုံးဝမထောင်းဘူးကွ၊ မှုရာမာရာလုပ်တာလည်း ဖြစ်နိုင်တာပေါ့”

“အများကြီး ဖြစ်နိုင်တာပေါ့၊ ဦးပဲ သူ့နေရာမှာဝင်ကြည့်လေ၊ ဘယ်တောင်းလို့ ကောင်းပါ့မလ၊ ဒါလောက်တော့ သူသိတာပေါ့”

"အေး … သေတ္တာလည်း ပေးပြီးရော လီတာကျွေကို လ
မယားက သေတ္တာဖွင့်ကြည့်ဖို့ တိုက်တွန်းကြတယ်၊ ကောင်လေးက
ဒါတော့ ပါးနပ်စွာနဲ့ ရှောင်တိမ်းတယ်"

"ဘယ်လို ရှောင်တိမ်းတာလဲ"

"သူ့ဖခင်ရဲ့ ပစ္စည်းလေးတွေမို့ အမြတ်တနိုး သိမ်းထားချ
တာတဲ့၊ ဒါကြောင့်မို့ မဖွင့်ချင်ဘူးလို့ ငြင်းလိုက်တာကွ"

"အင်း … တော်တော်ပါးနပ်ပုံပဲ"

"စကားပြောလည်း အင်မတန် လိမ္မာတယ်ကွ၊ အပိုမပြောဘူး၊
အမူအရာလည်း ကွက်တိလုပ်တတ်တယ်၊ ငါတောင် သူ့အမူအရာ
တွေကိုကြည့်ပြီး သူဟာ အစစ်၊ မင်းဟာ အတုလို့ ထင်သွားမိတယ်
ကွ"

"ဟာ … အဲဒီလိုတော့ မထင်လိုက်ပါနဲ့ ဦးရာ"

"ဟုတ်တယ်၊ ဒီကောင် မှင်မောင်း သိပကောင်းတာကွ၊
ကောင်မလေးဆိုရင် သူ့ကိုပဲ ငေးကြည့်နေတ ပဲ၊ သူက မင်းထက်
လည်း ချောတယ်လေ"

ထိုအခါ ရှလန်က …

"ဦးကြီးက အစ်ကို စစ်ကုယောင်ကို မမြင်ဘူးသေးလို့ပါ၊
မုတ်ဆိတ်ကျင်စွယ်တွေ ပယ်လိုက်တဲ့အခါ ဘယ်လောက်ယောကျ်ား
ပီသသလဲဆိုတာ ဦးကြီး တွေ့သွားမယ်"

လုချူကြီးက ခေါင်းညိတ်၏။

● * ●



# အခန်း(၅၁)
# သူတို့အကြံအစည်

"ဟုတ်ပါတယ်၊ ဟိုကောင် ချောတာ မိန်းမဆန်ပါတယ်၊
ကောင့်ကို မိန်းကလေးတွေ ကြိုက်မယ်ဆိုရင်လည်း ကြိုက်စရာကွ၊
ကောင်မလေးနဲ့ အဲဒီကောင်နဲ့ ပွေ့ဖက်နေတာကို နောင်ကြီး လုရှ
ဟျှန်ကိုယ်တိုင် ပက်ပင်းမြင်ခဲ့တာကွ၊ အဲဒီတော့ သူ့စမျာ လက်
ထပ်ပေးဖို့ စီစဉ်ရတာပေါ့ကွာ"

စစ်ကုယောင်က စဉ်းစဉ်းစားစား ပြောလေ၏။

"အင်း … ဒီလိုဆိုရင်တော့ မဖြစ်တော့ဘူးပေါ့၊ လက်လွန်
ခြေလွန်မဖြစ်ခင် အားလုံး အဖြစ်မှန်တွေကို ထုတ်ဖော်ရတော့မယ်"

လုချူကြီးက …

"မှန်တာပေါ့ ငါ့လူရာ၊ လုဝမ်ရင်း ကိုယ်ဝန်ရှိမှ ထုတ်ဖော်
င် မင်းအများကြီး နောက်ကျနေမှာပေါ့၊ အဲဒီကျတော့ အများကြီး
ှုန်ကုန်မှာပေါ့"

စစ်ကုယောင် စဉ်းစားနေ၏။ အတန်ကြာမှ လုချူကြီးကို
မှာကြည့်သည်။

"ဦးဦးလုချူကြွီး ... ဦး အထူးဂရုစိုက်ဖို့ လိုလာပြီနော်၊ အခု ဦးထွက်လာချိန်မှာ ဟိုကောင်က သံသေတ္တာလေးကို ထုတ်လိုက်ရင် ကျွန်တော်တို့ အများကြီး နောက်ကျသွားလိမ့်မယ်၊ ကျွန်တော်တို့ဟာ သူ့ကိုကြိုးကိုင်နေတဲ့လူကို မိမှဖြစ်တော့မယ်၊ ဒါမှ ဒီကောင် ဘယ်သူလဲ၊ ဘာကောင်လဲ၊ ဘာဖြစ်လို့ ဒီပစ္စည်းကို လိုချင်ရတာလဲ ဆိုတဲ့ အကြောင်းရင်းတွေ သိကြရမယ်၊ ဖေဖေ့ပစ္စည်းနဲ့ ပတ်သက်တာတွေကို ခြေရာခံနိုင်စရာရှိတယ်၊ ကျွန်တော့် ဖေဖေကို လုပ်ကြံခဲ့တဲ့ အမှုလည်း ဆက်စပ်နေမယ်လို့လည်း စိတ်ထဲက ထင်နေတယ်"

လုချူကြွီးသည် စစ်ကုယောင်၏ မျက်နှာကို ကြင်နာစွာ ကြည့်လိုက်သည်။

"အင်း ... စိတ်ချပါကွာ၊ ဓားနှစ်လက်ဟာ ငါ့ရဲ့ညီပါ၊ သူ့အမှုကိုလည်း ငါတို့ လိုက်စုံစမ်းပါသေးတယ်၊ လုံးဝ ခြေရာပျောက်နေလို့ စိတ်လျှော့ထားရတာပါ၊ ငါ ချူးငှက်သိုက်မြို့ကြီးမှာ ရှိနေတဲ့အချိန် ဒီကောင် ဒီပစ္စည်းကို ဘယ်နည်းနဲ့မှ အပြင်မထုတ်စေရပါဘူး"

"ဦး အပြင်မှာ သိပ်ကြာကြာနေလို့ မကောင်းဘူးနော်၊ ပစ္စည်းက ဟိုကောင့်လက်ထဲ ရောက်နေပြီ၊ ဒီတော့ ဦးပြန်မှကောင်းမယ်နဲ့ တူတယ်"

"အေးပါ ... ပြန်ပါ့မယ်"

ဦးလုချူကြွီးသည် စစ်ကုယောင်တို့အား ရှုလန်ကိုပါ နှုတ်ဆက်၍ ထွက်ခွာသွားသည်။



အခန်းထဲ၌ စစ်ကုယောင်နှင့် ရှုလန်တို့သာ ကျန်ရစ်ခဲ့တော့၏။ စစ်ကုယောင်သည် စဉ်းစားရင်း ငေးနေသည်။

"ဘာတွေ စဉ်းစားနေတာလဲ အစ်ကို"

"ဩော် ... အတွေးတွေကတော့ ဟိုရောက်ဒီရောက်ပါပဲကွယ်"

"အစ်ကို့ပစ္စည်းကို ပေးလိုက်ပြီဆိုတော့ ညီမကို လွှပ်ရှားသင့်ပြီပေါ့၊ ညီမတို့ ငြိမ်ကြည့်နေတယ်ဆိုရင် ဒီပစ္စည်း ပါသွားလိမ့်မယ်"

ရှုလန်သည် လုချူကြွီးနှင့် ပြောနေစဉ်က လုံးဝ ဝင်မပါခဲ့ချေ။ ယခုကျတော့မှ ပြောသည်။ ချစ်သူဖြစ်သဖြင့် ချစ်သူကိုတော့ ပြောရေးဆိုခွင့် ရှိသည်ဟု သူမ ယုံကြည်လေသည်။

စစ်ကုယောင်ကလည်း ...

"ခုအတိုင်းတော့ ပစ္စည်းက အပြင်ထွက်မသွားသေးပါဘူး၊ အိမ်ကြီးထဲမှာပဲ ရှိပါသေးတယ်၊ ဒါပေမယ့် ဒီကောင်ကို ထွက်ခွင့်ပေးလို့တော့ မဖြစ်ဘူး၊ ဒီကောင် ထွက်သွားတာနဲ့ ပစ္စည်းက ပါသွားမှာပဲ၊ သူ့ကို ဦးလုချူကြွီးက စောင့်ကြည့်နေတာယ်၊ သူ့နောက်ကွယ်က ဆရာကြီးကို အမိဖမ်းရမယ်၊ ဒါမှ အကြောင်းစုံကို သိနိုင်မယ်"

"ဟင် ... အစ်ကိုလဲ ကိုယ့်ကိစ္စကို ဦးလုချူကြွီးနဲ့ပဲ လွှဲထားလို့ ရမလား၊ ဥစ္စာရှင်လို ဥစ္စာရှင်ခဲပေါ့၊ ကိုယ်တိုင်လုပ်မှ ဒီကိစ္စ အောင်မြင်မယ့်ဥစ္စာ၊ အခုပုံအတိုင်းဆိုရင်တော့ အစ်ကို့ကောင်မလေးရော အစ်ကို့ပစ္စည်းရော ဟိုကောင့်ဆီ ပါသွားမယ့်ပုံပဲ"

ရှုလန်က နောက်ပြောင်ကျီစယ် ပြောလိုက်ခြင်းသာ ဖြစ်သည်။

"အစ်ကို့ကို ဒီလိုမပြောနဲ့ ရှုလန်၊ အစ်ကိုတို့က မောင်နှမတွေပဲ"

"ဘာမောင်နှမလဲ၊ အစုတောင် လက်ထပ်ပေးဖို့ စီစဉ်နေကြပြီ မဟုတ်လား"

"တော်စမ်း ... ရှုလန်၊ ထပ်မပြောနဲ့၊ ကိုယ့်အခန်းကိုယ်ပြန်သွားတော့၊ စကားကောင်းကောင်းမပြောရင် ခွဲနေတာပဲ ကောင်းတယ်"

စစ်ကုယောင်သည် ရှုလန်ကို နှင်ထုတ်လေတော့၏။

ရှုလန်သည် စစ်ကုယောင် စိတ်ဆိုးသွားသည်ကို သိ၍ အပြုံးကလေးဖြင့် ပြောသည်။

"အစ်ကိုရယ် ... ညီမက စ,တာပါ၊ မိန်းကလေးက သူ့အခန်းကို လာနေတာတောင် နှင်ထုတ်ရက်တယ်၊ အဲဒီလိုဆို ညီမသွားပါတော့မယ်"

ထိုအခါ စစ်ကုယောင်က ...

"မသွားရဘူး"

"သွားမယ်"

"ဒီလိုဆိုရင်လည်း သွားကွာ"

"မသွားတော့ဘူး"

နောက်ဆုံး ချစ်သူနှစ်ဦးမှာ ဟန်ဆောင်ပြီး နှင်ထုတ်နေခြင်းသာ။ သူတို့သည် တစ်ဦးနှင့်တစ်ဦး ရွေလည်တွဲလိုက်ကြလေတော့သည်။

● ✻ ●

မြင့်မြင့်



## အခန်း(၅၂)
## ရွေးချယ်ရမည့်လမ်း

တန်ထင်ဟုန်သည် ကြယ်ပစ်ဝိစ္စာ လုရှုဟုန် ပေးလိုက်သော သံသေတ္တာကလေးကို အိပ်ရာပေါ် ပစ်တင်လိုက်၏။ သူ့အမူအရာမှာ သံသေတ္တာအပေါ် အရှင်းမြတ်နိုးခြင်း မရှိပေ။

သံသေတ္တာကို အရေးတကြီးပစ္စည်းဟုလည်း ယူဆပုံမရှိပေ။

သူသည် သံသေတ္တာကို လုံးဝမကြည့်ချေ။ အပြင်သို့သာ ငေး ငိုင်နေသည်။

လုဝမ်ရင်းကို ချစ်မိခြင်းသည် သူ့အဖို့ သေမင်း၏ နှုတ်စမ်းမွှေးကို ဆွဲမိခြင်းပင်။ အရာရာကို ရင်ဆိုင်လာစေရန် ဖန်တီးလိုက်ခြင်း ဖြစ်သည်။ သူ့ဂိုဏ်းကလည်း သူ့ကို ခွင့်လွှတ်မည်မဟုတ်ချေ။

အပြင်လူများကို အရေယူသလို ဂိုဏ်းသားများကိုလည်း အရေးယူမြဲသာ ဖြစ်သည်။ သူ့ဂိုဏ်းသည် အောက်လမ်းဂိုဏ်းဖြစ်၍ အရေးယူပုံမှာလည်း ရက်စက်သည်။

သူ့ကို တာဝန်ပေးအပ်လိုက်သည်မှာလည်း သံသေတ္တာကလေး

ရဖို့ပင် ဖြစ်သည်။ ယခုတော့ သံသေတ္တာကလေး ရပြီ။ သူ့တာဝန် ပြီးဆုံးသွားပြီ ဖြစ်သည်။

ဒီသံသေတ္တာကလေးကို ယူပြီး ချိုးငှက်သိုက်မြို့အိမ်ကြီးဆီမှ ထွက်ခွာသွားရုံပင်။

သို့သော် သူက လုဝမ်ရင်းအား ထားခဲ့ပြီး ထွက်ခွာမသွားနိုင်ပါပေ။ လုဝမ်ရင်းအား ခေါ်သွားမည် ဆိုလျှင်လည်း သူ့ဂိုဏ်းမလိုက်နိုင်သော နေရာအထိ ပြေးရမည်ဖြစ်သည်။

လုဝမ်ရင်းက လိုက်နိုင်ပါမည်လော။

သူမ၏ဖခင် လုရှုဟုန်က သူမအား ထည့်နိုင်ပါမည်လော။ အဖေတစ်ခု သမီးတစ်ခုရှိသော အိမ်မှာ သမီးဖြစ်သူအား မည်သို့မျှ ထည့်လိုက်နိုင်မည် မဟုတ်ချေ။

ယခု သူစဉ်းစားမိသည်မှာ တန်ထင်ဟုန် ပိုင်ဆိုင်သော ပစ္စည်းကို သူ့ဆရာကြီးအား ပေးအပ်ရန်ကိစ္စပင်။ တန်ထင်ဟုန် ပစ္စည်းကို သူ့ဆရာကြီးအား ပေးအပ်ခြင်းသည် တရားမျှတပါ၏လော။

ယခင်က သူသည် ဤသို့ တစ်ကြိမ်မျှမစဉ်းစားမိချေ။ ယခု လုံဝမ်ရင်းကို ချစ်မိ၍သာ ဤသို့ စဉ်းစားနေမိခြင်း ဖြစ်သည်။

သူ ဘာလုပ်ရမည်နည်း။

သူ ဝေခွဲမရတော့ပေ။

ဤသံသေတ္တာကလေးကိုမပေးအပ်လျှင် ပေးဆပ်ရမည့် တန်ဖိုးကတော့ ကြီးမားပေလိမ့်မည်။

သူ့အသက်လား။



သူ့ဘဝလား။

တစ်ခုခုတော့ ပေးဆပ်ရမည်မှာ သေချာသည်။ သူ့တွင် ကြီးမားသည့် အန္တရာယ်ကျရောက်တော့မည်ကို အသေအချာသိသည်။ ဤသည်မှာ လုဝမ်ရင်းကို ချင်မိသည့်အတွက်ပင်။ လုဝမ်ရင်းကို ချစ်မိသည့်အတွက် သူ့တွင် စိတ်ကောင်းဝင်ခဲ့ရသည်။ လူကောင်း ဖြစ်ခဲ့ရသည်။

စိတ်ကောင်းဝင် လူကောင်းဖြစ်လျှင် အောက်လမ်းဂိုဏ်းနှင့် အံမဝင်တော့ပေ။ အံလွဲနေပေပြီ။ သက်ဆိုင်နေသူများကလည်း [illegible] နေသူကို လက်မခံတတ်ပေ။ ရှင်းပစ်မှာသေချာသည်။

အံလွဲနေသူများ၏ သွားရာလမ်းမှာ သေလမ်းပင်[illegible]သူသည် သေရွာသို့သွားရမည်ကို မြင်ယောင်ရသည်။

မည်သို့ပင်ဖြစ်စေ ထိုအန္တရာယ်ကို ရင်ဆိုင်တော့မည်ဟု သူ ဆုံးဖြတ်လိုက်လေ၏။ ထိုအခါကျမှ သူ့စိတ်များ ပေါ့ပါးသွားသည်။ ဤသို့ မဆုံးဖြတ်ခင်က သူ့စိတ်မှာ နောက်ကျိနေခဲ့သည်။

လာမည့်ဘေး ပြေးတွေ့လိုက်မည်ဟု ဆုံးဖြတ်လိုက်သည့်အခါမှ သူ့စိတ်များ ပေါ့ပါးသွားခြင်း ဖြစ်သည်။

သူသည် သံသေတ္တာလေးကို ကောက်ယူလိုက်၏။ ထို သံသေတ္တာကလေးထဲ၌ ဘာပါမည်ကို သူစိတ်မဝင်စားချေ။ ထို့ကြောင့် ခေါက်၍ပင် မကြည့်ချေ။

သူသည် သံသေတ္တာလေးကို ခုတင်အောက်၌ထည့်လိုက်၏။ ဤသည်မှာ သိမ်းဆည်းခြင်းပင် ဖြစ်တော့သည်။

သူသည် စုတင်ပေါ် လှဲချလိုက်၏။ ထိုအခါမှ သူမ၏ မျက်နှ နုနုကလေးသည် သူ့စိတ်မျက်စိထဲဝယ် ပေါ်လာလေတော့သည်။

သူမသည် သူ့ကို တကယ်ချစ်သူဖြစ်၏။ သူသည် တတ်နိုင် သမျှ တန်ထင်ဟုန်နှင့်တူအောင် ကြိုးစား၏။ ထိုကြိုးစားချက်များသည် ပင် လွဲနေ၏။ တန်ထင်ဟုန်က အနီရောင်ကို ကြိုက်၏။ သူက အဖြူကိုကြိုက်သည်။

တန်ထင်ဟုန်က သိုင်းပညာကို မပြတ်လေ့ကျင့်သည်။ သူက မလေ့ကျင့်။ သိုင်းကွက်တစ်ခု တက်ပြီးတိုင်း တန်ထင်ဟုန်က လုဝမ် ရင်းကို ကစားပြ၏။ သူက ကစားမပြ။

ဤအရာများသည် အသေးအဖွဲ့ဖြစ်သော်လည်း သူသည် တန် ထင်ဟုန် မဟုတ်ဆိုသည့် အချက်ကိုတော့ အသေအချာ ဖော်ပြနေ၏။

ဤကွဲလွဲချက်ကို လုဝမ်ရင်းက အသေအချာသိသည်။ သို့သော် ကွဲလွဲချက်ကို သူ့ဖခင်အား ပြောမပြချေ။ အဘယ့်ကြောင့်ဆိုသော် သူမက သူ့ကို ချစ်နေသောကြောင့်တည်း။

● ❋ ●

ဤအချက်ကို သူ ပြန်တွေးမိသောအခါ ရင်တသိမ့်သိမ့်ခုန်ပြီး အလွန်ကြည်နူးခဲ့ရသည်။ ဤသည်မှာ သူမ၏ မေတ္တာများပေတည်း။ သူသည် သူမ၏ ကိုယ်သင်းနံ့ကလေးကိုပင် ရလာခဲ့သည်။ သူမ၏ ရွှန်းလဲ့သော မျက်လုံးကလေးများကို မြင်ယောင်ခဲ့သည်။ သူ့ရင်သည် လှိုက်ဖိုမောခဲ့ရလေ၏။



သူသည် ချစ်သူ လုဝမ်ရင်းကို မခွဲနိုင်မခွာရက် ဖြစ်လာသည်။ ုသည် ဤမိန်းကလေးကို သေမှသာ ခွဲခွာမည်ဟု ဆုံးဖြတ်လိုက်၏။

သူသည် အိပ်ရာထဲနေသော်လည်း အိပ်မပျော်ပေ။ မျက်စိ ကြောင်နေသည်။ ထိုစဉ် ပြတင်းပေါက်ဆီသို့ ခဲတစ်လုံး လာကျသည်။

"ဒေါက် ..."

သူသည် လန့်ပြီးအိပ်ရာမှ ခုန်ထလေ၏။ အခန်းထဲ၌ အခြား ူများ မရှိ၍သာ တော်တော့သည်။ အခြားလူများရှိပါက ခဲကျရုံဖြင့် ဘယ်ကြောင့် ဤမျှထိတ်လန့်ရသနည်းဟု မေးမြန်းကြပေလိမ့်မည်။

"သူလာပြီ ..."

သူ့စိတ်များ နောက်ကျိသွားရလေ၏။ ထိုသူကို တွေ့ရတော့ မည်။ မတွေ့၍မရတော့ပေ။ သူသည် ဝရန်တာသို့ ထွက်လိုက်၏။ သို့သော် သူသည် ချက်ချင်းပင် အခန်းတွင်းသို့ ပြန်ဝင်လိုက်သည်။

သူအိပ်ပျော်နေသည်။ ထို့ကြောင့် ထွက်မတွေ့ဟု အကြောင်း ပြလိုက်မည်။ ထို့ကြောင့် သူသည် အမှောင်ထဲ ငြိမ်သက်စွာကြည့်ရင်း အခန်းထဲ၌ ရပ်နေသည်။ အချိန်သည် ကြာမြင့်သည်ဟု ထင်မိလေ၏။

ထိုစဉ် ...

"ဒေါက် ..."

ခဲတစ်လုံးသည် ထပ်မံကျလာလေ၏။ သူ စိတ်ထင့်သွားသည်။ ခရာကြီးသည် ခဲများကို တစ်လုံးပြီးတစ်လုံး ပစ်နေလျှင် ကြယ်ပစ် ၌ှာ လုရှုဟုန်၊ လီတာကျေ၊ လုချူကွီးတို့ သိသွားပေလိမ့်မည်။

သူသည် ချွေးပြန်လာလေ၏။ သူဘယ်အချိန်အထိ တောင့်နေနိုင်မည်နည်း။ သူသည် ဖွဲနှင့်ပေ၍ အမှောင်ထဲ၌ ရပ်နေပြန်၏။ မကြာပါချေ ခဲတစ်လုံး ထပ်ကျလာ၏။

"ဒေါက် ..."

သူ တောင့်မခံနိုင်တော့ချေ။ အိမ်သားများ အသိ မခံနိုင်ပါချေ။ သူသည် ဝရန်တာသို့ ထွက်လိုက်၏။ ထို့နောက် အောက်ထပ်သို့ ခုန်ချလိုက်သည်။ သူသည် သွားနေကျ ပန်းချုံတစ်ခုဆီသို့ သွားရလေ၏။

ထိုပန်းချုံသည် အမှောင်ရိပ်ပိုကျသည်။

"ရပ် ..."

တိုးတိုးအသံတစ်သံ ထွက်ပေါ်လာသည်။ အမှောင်ထဲမှ ထွက်ပေါ်လာသော အသံ။ အသံက ခက်ထန်နေသည်။ ခဲဖြင့် သုံးကြိမ်သုံးခါ ပေါက်ရသဖြင့် စိတ်ကွက်နေမှန်း တန်ထင်ဟုန်အတု သိသည်။

သူသည် ရပ်လိုက်၏။

"အမိန့်ရှိပါ ဆရာကြီး"

သူက တည်းညင်စွာ ပြောသည်။

"ငါ သုံးခါ အချက်ပေးရတယ်၊ မင်း ဘာလုပ်နေသလဲ"

"ကျွန်တော် အိပ်ပျော်နေပါတယ် ဆရာကြီး၊ နောက်ဆုံးခဲကျမှ ကျွန်တော် နိုးလာတာပါ၊ နိုးနိုးချင်း ကျွန်တော် ဆင်းလာတာပါ"

ဆရာကြီးဆိုသူသည် အတော်စိတ်တိုနေသော်လည်း သူ့ဒေါသကို ထိန်းလိုက်သည်။



"မင်း ကောင်မလေးနဲ့ နားလည်မှု ရပြီးပြီလား"

"ကြိုးစားတုန်းပါပဲ ခင်ဗျာ"

"ဟင်း ... ဟင်း ... ဟင်း ... မင်းဘာဖြစ်လို့ ညာချင်ရတာလဲ၊ ငါ့ကို ညာလို့ မရဘူး၊ လူကြီးတွေက မင်းတို့နှစ်ယောက်ကို ပေးစားဖို့စီစဉ်နေကြပြီဆိုတာ ငါသိတယ်"

သူ အဘယ်ကဲ့သို့ သိသနည်း။ သူသည် ရိပ်ဖမ်းသံဖမ်းဖြင့် ဖြီးဖြန်းပြောလိုက်ခြင်းပေလော။ တကယ်သိ၍ ပြောခြင်းပေလော။ သူ မသိနိုင်ပါ။ သူတုန်လှုပ်သွားသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

"မင်း ပစ္စည်းကို ငါ့လက်ထဲအပ်ရမယ်၊ ဘာဖြစ်လို့ မအပ်တာလဲ"

"ခင်ဗျာ ..."

"ဘာ ခင်ဗျာလဲ၊ အခုမှ ယောင်နနလုပ်မနေနဲ့၊ ဟိုပစ္စည်းကို ငါ့ဆီယူခဲ့"

အမှောင်ထဲမှ ဆရာကြီးက ခက်ထန်စွာ အမိန့်ပေးလိုက်လေ၏။

"ကျွန် ... ကျွန်တော် ပစ္စည်း ... ပစ္စည်း မရသေးပါဘူးခင်ဗျာ"

"ဘာကွ ..."

ဆရာကြီးဆိုသူသည် အလွန်ဒေါသထွက်သွားလေ၏။

သူသည် အမှောင်ထဲ၌ အသံမကျယ်လောင်ရအောင် ကြိုးစားပြောရသဖြင့် ဝမ်းခေါင်းသံကြီးဖြင့် ခြိမ်းခြောက် ဟိန်းဟောက်လိုက်သည်။

"ဆရာကြီးတို့ လိုချင်တဲ့ပစ္စည်း ကျွန်တော့်လက်ထဲ မရောက်သေးပါဘူးခင်ဗျာ"

ဆရာကြီးသည် ညနေကပြောလိုက်သည့် သတင်းစကားကို သိနေပြီလားဟု တန်ထင်ဟုန်အတု တွေးပြီး စွတ်မှိတ်ပြီးငြင်းလိုက်၏။

● * ●

"ဟား ... ဟား ... ဟား"

ဆရာကြီးသည် စပ်အုပ်အုပ်ရယ်လိုက်၏။

"မင်း နုပါသေးတယ်ကွာ၊ ငါတို့ဂိုဏ်းထဲမှာ မင်းထက်ရင့်တဲ့လူတွေ အများကြီးရှိတယ်၊ မင်း ငါ့ကိုညာလို့မရဘူးကွ၊ မင်း ငါ့အပေါ်မှာ သစ္စာဖောက်ပြီပေါ့"

"မဖောက်ဝံ့ပါဘူး၊ ကျွန်တော် ဂိုဏ်းအကြောင်းလည်း သိပါတယ်၊ ဆရာကြီးအကြောင်းလည်း သိပါတယ်"

"မင်း ငါ့အကြောင်း တကယ် မသိပါဘူး၊ မင်း သစ္စာမဖောက်ဝံ့ဘူးဆိုရင် ငါ့ဆီကို ပစ္စည်းယူခဲ့ပါ၊ ငါ ပစ္စည်းကို လိုချင်တယ်၊ မင်းက မရသေးဘူးဆိုပြီး ငါ့ကို ပြောင်လိမ်နေတယ်၊ ဒီလိုလုပ်လို့ ဘယ်ရမလဲကွာ၊ ဟောကောင် ..."

"ခင်ဗျာ ..."

"ငါ့အကြောင်း သိတယ်နော်"

"ဟုတ်ကဲ့ ... ဆရာကြီးအကြောင်း အသေအချာသိပါတယ်ခင်ဗျာ"



"ဒီလိုဆိုရင် ပစ္စည်းကို သွားယူပေး"

"မရှိပါဘူး ခင်ဗျာ"

တန်ထင်ဟုန်အတုသည် ခေါင်းမါလိုက်၏။

"ပြောင်း ..."

ဆရာကြီး၏ လက်သည် လျှပ်ရှားသွားလေ၏။ တန်ထင်ဟုန်အတုသည် လွင့်စဉ်ထွက်သွား၏။ တန်ထင်ဟုန်အတုသည် လုံးဝမရှောင်နိုင်ချေ။ တိုက်ခိုက်မည်ဟု သိလျှင်လည်းသူ ရှောင်နိုင်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဆရာကြီးဆိုသူနှင့် တန်ထင်ဟုန်အတုသည် အလွန်ကွာခြားနေသောကြောင့်တည်း။

တန်ထင်ဟုန်အတုသည် လူးလဲထရန် ကြိုးစားလိုက်လေသည်။

ထိုအခါ အမှောင်ထဲမှ ဆရာကြီးဆိုသူသည် ခုန်ထွက်လာလေ၏။

"ဟဲ ... ဟဲ ... ဟဲ ... မင်းက မဆိုးပါဘူး၊ ငါ့ကိုတောင် ပြန်ခုခံဖို့ ကြိုးစားတဲ့ ကောင်ပဲ၊ ကဲ ... စမ်းကြည့်ပါဦး၊ ခုခံနိုင်သလားဆိုတာ သိရအောင်"

အမှောင်ထဲက လူသည် အနည်းငယ် လင်းနေရာသို့ ခရောက်လာပြီး တန်ထင်ဟုန်အတုအား ကြိမ်းမောင်းလေ၏။ သူသည် အပေါ်အနက် အောက်အနက်ကို ဝတ်ဆင်ထားပြီး မျက်နှာဖုံးအနက်ကို ဖုံးအုပ်ထားသဖြင့် မှောင်ထဲ၌ လုံးဝ မမြင်နိုင်ချေ။

အမှောင်ဖြင့် ကိုယ်ယောင်ဖျောက်ထားခြင်း ဖြစ်သည်။ သူ့ကိုယ်သူ မည်သူမည်ဝါဟု မသိနိုင်ချေ။

ကိုယ်နေဟန်ထားမှာ ပိန်ပိန်သွယ်သွယ် ဖြစ်သော်လည်း ခန္ဓာကိုယ် ကျစ်လျစ်ခိုင်မာသည်ဟု ယူဆရသည့် တန်ထင်ဟုန်အတု အထာကို ဆရာကြီးဆိုသူသည် စောင့်နေ၏။

တန်ထင်ဟုန်အတုသည် အခြေအနေမှန်ကို နားလည်သွားပေပြီ။ ဆရာကြီးသည် ညနေက လူကြီးချင်းစကားပြောကြသည့် အဖြစ်ကို အကြောင်းတစ်ခုခုကြောင့် သိသွားပြီဟု ယူဆသည်။

ထို့ကြောင့် သူသည် ဆရာကြီးဆိုသူအား ခုခံရန် ကြံစည်ရတော့သည်။

တကယ်တော့ သူသည် ဆရာကြီးကို ခုခံနိုင်မည် မဟုတ်ပါ။ သို့သော် တတ်နိုင်သမျှတော့ ခုခံရပေလိမ့်မည်။ ကြက်ကလေးလို ငှက်ကလေးလို သူတို့သတ်ချင်သလို အသတ်မခံနိုင်ပါ။ သူသည် အသာထလိုက်သည်။

သူ အထတွင် မျက်နှာဖုံးစွပ် ဆရာကြီးသည် ဟိတ်ဟုအော်ကာ သူ့ဆီသို့ ခုန်ပျံဝင်လာ၏။

တန်ထင်ဟုန်အတုသည် ခုန်ဆတ်လိုက်၏။ သို့သော် သူခုန်ဆုတ်ပုံမှာ မျက်နှာဖုံးစွပ်ဆရာကြီး၏ ခုန်အကန်နှင့်ဆိုလျှင် များစွာနေးကွေးပါသည်။ ဆရာကြီး၏ ခြေထောက်သည် သူ့ကို ကန်မိသွားသည်။

“ဝုန်း ...”

“အား ...”

တန်ထင်ဟုန်အတုသည် မြေပြင်မှပြန်ထရန် ကြိုးစားလိုက်



သည်။ သို့ရာတွင် ထ၍မရတော့ပေ။ ဆရာကြီးဆိုသူက လည်မျိုအား ခြေထောက်ဖြင့် ဖိနင်းတား၏။

“အင့် ... အင့် ... အင့်”

တန်ထင်ဟုန်အတုမှာ ဆရာကြီး၏ ခြေထောက်ကို လက်နှစ်ဖက်ဖြင့် ဖယ်ရပားနေ၏။ သို့သော် ကျောက်သားကျောက်စိုင်ကဲ့သို့ ခိုင်မြဲလှသော ဆရာကြီး၏ ခြေထောက်ကို သူမဖယ်ရှားနိုင်ပါချေ။ ဟအင့်အင့်နှင့် ဖြစ်နေသည်။

“ဟား ... ဟား ... ဟား”

မျက်နှာဖုံးစွပ် ဆရာကြီးသည် ခပ်အုပ်အုပ် ရယ်သည်။

“မင်းကိုလည်မျိုနင်းသတ်မယ်၊ ငါ့ကို သစ္စာဖောက်တဲ့လူကို ငါက ချမ်းသာမပေးဘူးကွ၊ ဟား ... ဟား ... ဟား”

သူသည် ပြောပြောဆိုဆို သူ့ခြေတောက်ကို ဖိနင်းလေ၏။ အောက်မှ တန်ထင်ဟုန်အတုမှာ ထွန့်ထွန့်လူးခံစားနေရ၏။ ခြေထောက်ကို တွန်းဖယ်သော်လည်း မရချေ။ မျက်နှာမှာ ပြာနှမ်းနှမ်းဖြစ်လာလေတော့သည်။

● * ●

# အခန်း(၅၃)
# အချစ်နိဂုံး

"ဘယ်မှာထားသလဲ၊ သဲသေတ္တာထားတဲ့နေတာကို ပြောစမ်း"

"မ ... မ ... မသိ၊ အင့် ... အင့်"

သူသည် မပီမသနှင့် မသိကြောင်း ပြောနေသည်။

တိုအခါ ဆရာကြီးက ခြေထောက်ကို ဖိနင်းပြန်သည်။

"ဘာ ... မသိဘူးလဲ၊ မင်းယူသွားတဲ့ ပစ္စည်းကို မင်းသိရမှာပေါ့၊ မှန်မှန်ပြောစမ်း၊ မပြောရင် မင်းလည်မျိုကို ပြတ်သွားအောင် ငါနင်းပစ်မယ်၊ ဒီမှာကြည့် ..."

သူသည် ဖိနင်းလေတော့၏။

"အား ... အီး ... အီး"

တန်ထင်ဟုန်အတုမှာ လှုပ်ထွက်မတတ် ခံစားနေရတော့၏။ သူသည် သေလုမြောပါး ဖြစ်နေချေပြီ။

"ပြော ... ပြော ... ပြော"

ဆရာကြီးသည် ခြေထောက်ကို အနည်းငယ် လျော့ပေးလေသည်။



"မြန်မြန်ပြောစမ်း၊ ဘယ်မှာလဲ ပစ္စည်း"

"ဟို ... ဟို ... ရွှေလှံပျံလီ ... လီတာကျွေ့ဆီ ... ဆီမှာ အပ် အပ်ထား ..."

ဘာကွ ... ရွှေလှံပျံ လီတာကျွေ့ဆီမှာ အပ်ထားတယ် ဟုတ်လား"

"ဟုတ် ... ဟုတ်"

ဆရာကြီးသည် သဘောကျစွာ ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ... မင်းက ငါ့ကို သူငယ်နှပ်စားလေးများ မှတ်နေသလား၊ မင်းကိုသတ်ဖို့ လုပ်နေတာတောင် မင်းက ပမာမခန့်လုပ်ပြီး ငါ့ကို ညာနေသေးတယ်၊ ကဲ ... ညာဦးကွာ ညာဦး"

"အီး ... အား ... အူး"

ဆရာကြီးသည် အားကုန်ထုတ်၍ နင်းလိုက်ရာ တန်ထင်ဟုန်အတုခမျာ ပျော့ခွေသွားရှာသည်။ ထိုစဉ် လူရိပ်တစ်ခု ဖျတ်ခနဲရောက်ရှိလာ၏။

"ဝှန်း ..."

ထိုလူရိပ်သည် လက်ဝါးရိုက်ချက် တစ်ချက် ရိုက်ထုတ်လိုက်ရာ ဆရာကြီးသည် လွင့်စဉ်ထွက်သွားလေ၏။ သူသည် လူးလဲထပြီး သူ့အားရိုက်သူကို ကြည့်လိုက်သည်။

"ဟာ ... ဓားညီနောင် စစ်ကုယောင်"

စစ်တုယောင် ရိုက်ထုတ်လိုက်သော်လည်း ဆရာကြီးဆိုသူ ပြန်ထလာနိုင်သည်။ ဆရာကြီးသည် သိုင်းကွက်ခင်းလိုက်သည်။

စစ်ကုယောင်က ခုန်ဝင်လာသည်။

ဆရာကြီးမှာ လွင့်စဉ်ထွက်သွားပြီး လက်များထုံကျဉ်သွားသည်။ သူသည် လန့်သွားလေပြီ။ စစ်ကုယောင်ကို မယှဉ်နိုင်မှန်း သူရိပ်မိသွားသည်။

ထို့ကြောင့် ဆရာကြီးသည် ပြေးလမ်းကို ကြည့်တော့၏။ သူ့အဖို့ ပြေးနိုင်မှလွတ်တော့မည် မဟုတ်ပါလား။

ဓားညီနောင် စစ်ကုယောင်က သူ့ကိုစိုက်ကြည့်နေသည်။

"အ ... အ ... အ"

မြေပြင်၌ လဲကျနေသည့် တန်ထင်ဟုန်အတုထံမှ တအအနှင့် အသံထွက်လာသဖြင့် စစ်ကုယောင်သည် အာရုံပြောင်းသွားလေ၏။

"ဟင် ..."

သူသည် တန်ထင်ဟုန်အတုဆီသို့ ကမန်းကတန်း ပြေးလာသည်။ သူ့ကိုပွေ့ထူလိုက်သည်။ သူသည် ငုံ့ကြည့်လိုက်လေသည်။

စစ်ကုယောင်ကဲ့သို့သော သိုင်းသမားအဖို့ တော်ရုံတန်ရုံ အမှောင်ထဲကို ကြည့်မြင်နိုင်သည်။ ထို့ကြောင့် လည်ပင်း၌ ညိုမည်းသော ခြေရာကြီးကို မြင်နေရသည်။

"တောက် ..."

စစ်ကုယောင် အလွန်ဒေါသထွက်သွား၏။ ထို့ကြောင့် တက်ခေါက်လိုက်ပြီး ဆရာကြီးဆိုသူကို မော့ကြည့်လိုက်၏။

"ဟင် ...

မျက်နှာဖုံးစွပ် ဆရာကြီးမှာ ပြေးထွက်သွားလေပြီ။ သူသည်



စစ်ကုယောင်က တန်ထင်ဟုန်အတုကို သွားရောက် ပွေ့နေစဉ် အခွင့်အရေးယူပြီး လစ်ပြေးသွားခြင်း ဖြစ်သည်။

သူပြေးထွက်သွားသည်ကိုတော့ စစ်ကုယောင် မြင်လိုက်ရသည်။ ကိုယ်ဖော့ပညာသုံးပြီး လစ်ထွက်ပြေးသွားခြင်းဖြစ်သည်။

စစ်ကုယောင် မတတ်နိုင်ပါ။ သေမည့်လူကိုပစ်ပြီး ရန်သူနောက် မလိုက်နိုင်ပါ။

"မင်း ... မင်း သတိရရဲ့လား"

တန်ထင်ဟုန်အတုသည် အသက်ပြင်းလှ၏။ သူသည် ပြန်လည် သတိရလာသည်။

"ခင် ... ခင်ဗျား"

"ဖြည်းဖြည်းပြောပါ၊ ငါ့လူရာ"

"ခင် ... ခင်ဗျား စစ် ... စစ်ကုယောင်လား"

"ဟုတ်ပါတယ်၊ ငါဟာ ဓားညီနောင် စစ်ကုယောင်ပါ"

"ကျွန် ... ကျွန် ... ကျွန်တော့်ကို ကူညီပါခင်ဗျာ"

တန်ထင်ဟုန်အတုမှာ သေလောက်သည့် ဝေဒနာ ခံစားနေရသော်လည်း ခက်ခဲစွာ စကားပြောနိုင်သေးသည်။ အသံမှာ တိုးလွန်းလှသည်။

သို့သော် စစ်ကုယောင်မှာ အတွင်းအားကောင်းသဖြင့် ကောင်းစွာ ကြားနိုင်ပါသည်။

● ❊ ●

"မင်း ဘာမှမပူပါနဲ့၊ မင်းပြောချင်ရာ ပြောပါ၊ ငါ ကူညီမယ်လို့ ကတိပေးတယ်"

စစ်ကုယောင်က အားပေးစကားပြောပြီး ကတိပေးလိုက်သည်။

"ကျွန် ... ကျွန်တော့် ခုတင်အောက်မှာ သံသေတ္တာကလေး"

"သံသေတ္တာ ဘယ်မှာလဲ"

"ခု ... ခုတင်အောက်မှာပါ၊ အဲ ... အဲဒါကို ယူပြီး တန်ထင်ဟုန် အစစ်ကို ပေး ... ပေးပါ၊ ခင်ဗျား သူ့ကို ရှာ ... ရှာ ..."

"ကောင်းပြီ ... မင်း ဘာမှမပူပါနဲ့၊ ငါ တန်ထင်ဟုန်အစစ်ကို ရှာပြီး အဲဒီပစ္စည်းကို ပေးလိုက်ပါ့မယ်"

"တောင်းလည်း တောင်းပန်ပေးပါဗျာ"

"စိတ်ချ ... တောင်းပန်ပေးမယ်"

"ကျွန် ... ကျွန်တော် သူ့အဖြစ် ဟန်ဆောင်မိခဲ့တဲ့အတွက် ခွင့် ... ခွင့်လွှတ်ပါလို့"

"ဒါဖြင့် မင်းက ဘယ်သူလဲ"

"ခင်ဗျား သိမှာပါ၊ နဂါးပျံဂိုဏ်း"

"သိပြီ ... အောက်လမ်းဂိုဏ်း တစ်ဂိုဏ်းပဲ"

"ဟုတ် ... ဟုတ်ပါတယ်၊ ကျွန် ... ကျွန်တော်က အဲဒီဂိုဏ်းက ဂိုဏ်းသားတစ်ဦးပါ၊ ကျွန်တော့် နာမည် ကျန်တိတ်လို့ခေါ်ပါတယ်"

"ဟုတ်ပြီ ကျန်တိတ်၊ ဟိုထွက်ပြေးသွားတဲ့ မျက်နှာဖုံးစွပ်လူ ဘယ်သူဆိုတာကို သိချင်တယ်"

"သူ ... သူက ကျွန်တော်တို့ ဂိုဏ်းချုပ်ပါ၊ နာမည်ကိုတော့ ဘယ်သူမှ မသိပါဘူး ခင်ဗျာ"



"မျက်နှာကိုကော ..."

"ဟင့်အင်း ... တစ်ခါမှမတွေ့ဖူးပါဘူး၊ ကျွန်တော့်တို့ ဂိုဏ်းအကြောင်း ..."

"ဟုတ်ပြီ ... မင်းတို့ဂိုဏ်းအကြောင်း ငါ သိချင်ပါတယ်၊ ကြိုးစားပြီး ဆက်ပြောပါ"

"ကျွန်တော်တို့ ဂိုဏ်းသားတွေဟာ တစ်ဦးကို တစ်ဦး မသိရပါဘူး၊ ဂိုဏ်းချုပ်ကလည်း မျက်နှာဖုံးစွပ်နဲ့ပဲ အမြဲနေပါတယ်"

"ဟင် ..."

စစ်ကုယောင် စိတ်ခေတ်ကျသွား၏။ တန်ထင်ဟုန်အတုသည် သေလုမြောပါး ဖြစ်နေသည်။ လိမ်လည်၍ ပြောမည်မဟုတ်ပါ။

စစ်ကုယောင် နဂါးပျံဂိုဏ်း၏ သဲလွန်စကိုလိုချင်၏။ သို့သော် တန်ထင်ဟုန်က မည်သို့မျှ သဲလွန်စ မပေးနိုင်ခဲ့ပါ။

တန်ထင်ဟုန်အတုသည် ကြိုးစားပမ်းစား ဆက်ပြောသည်။

"မိတ် ... မိတ်ဆွေကိုလည်း ကျွန်တော် ... ကျွန်တော် တောင်းပန်ပါတယ်၊ တွေ့စတုန်းက ရန်သူလို ဆက်ဆံခဲ့တာ၊ ကျွန် ... ကျွန်တော်ရဲ့ အမြင်မှားမှုကြောင့်ပါ၊ စစ်ကုယောင်မှန်း မသိခဲ့လို ပါ၊ စစ်ကုယောင်မှန်း သိရတော့ ကျွန် ... ကျွန်တော် လေးစားပါတယ် ခင်ဗျာ"

စကားမဆုံးသေး။ သို့သော် မောနေသည်။

"ဖြည်းဖြည်း ပြောပါဗျာ"

စစ်ကုယောင်က အားပေးလိုက်၏။

"စစ် ... စစ်ကုယောင်မှန်းသိလို့ ကျွန်တော် အကူအညီတောင်းတာပါ"

စစ်ကုယောင်သည် တန်ထင်ဟုန်အတု၏ အကြောင်းများကို မသိမသာ စမ်းသပ်ကြည့်သည်။ သေဆုံးတော့မှာပါလား။

● ✻ ●

"မောနေပါ့မယ်ကွာ၊ ဖြည်းဖြည်းချင်း ပြောပါ၊ မင်းမှာချင်တာကို မှာနိုင်ပါတယ်၊ မင်းကိုယ်စား ငါဆောင်ရွက်ပေးပါ့မယ်"

"ကျွန် ... ကျွန်တော် မနေရတော့ပါဘူး ခင်ဗျာ၊ ဒါကို ကျွန်ကျွန်တော် သိပါတယ်၊ နောက်ဆုံး တစ်ခု မှာချင်ပါတယ်"

"ပြောပါကွာ ... ငါ ဆက်ဆက်ပြောလိုက်ပါ့မယ်၊ စိတ်ချလက်ချသာ ပြောပါ၊ မင်း ဘယ်သူ့ကို မှာချင်သလဲ"

"လု ... လုဝမ်ရင်းဆိုတဲ့ မိန်းကလေးကိုပါ၊ သူ့ ... သူ့ကို ကျွန်တော် ချစ် ... ချစ်"

စကားကိုဆုံးအောင် မပြောလိုက်နိုင်ချေ။ ဇက်ကျိုးကျသွား၏။ ကျန်တိတ်ကား သေဆုံးသွားရှာလေပြီ။

ကျန်တိတ်သည် သိသမျှတော့ သတင်းပေးသွားခဲ့ပါသည်။ သို့သော် ထိုသတင်းများက စစ်ကုယောင်အတွက် အရာမထင်ပါ။

စစ်ကုယောင်သည် လွန်စွာ စိတ်မကောင်းဖြစ်သွားသည်။ မျက်လုံးကို မှိတ်လျက် စိတ်ကိုဖြေလျော့ချနေရ၏။

"ဟင်း ..."



သက်ပြင်းချလိုက်မိသည်။ ဪ ... လူတစ်ယောက် သေဆုံးဖို့ဆိုသည် လွယ်လှပါတကား။ မျက်လုံးပြန်ဖွင့်လိုက်သည်။

သူ့ရှေ့၌ မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်နေသည့် မိန်းမပျိုတစ်ယောက်ကို တွေ့ရသည်။ လုဝမ်ရင်းသာတည်း။

မှန်ပါသည်။ ညီမငယ်ဖြစ်သော လုဝမ်ရင်းပင် ဖြစ်ပါလေသည်။

● ✻ ●

သူမသည် စစ်ကုယောင်ကို လက်ညှိုးငေါက်ငေါက်ထိုးသည်။

"ရှင် ... ရှင် ... ရှင် ကျွန်မ ... ကျွန်မ ချစ်သူကို သတ်ပစ်လိုက်ပြီး ရှင် ရက်စက်လှချည်လား၊ ရှင်ဟာ သွေးအေးတဲ့ လူသတ်သမားပဲ"

စစ်ကုယောင်မှာ သူမ၏ စွပ်စွဲပြောဆိုသည့် စကားများကို ကြားလိုက်ရသောအခါ တုန်လှုပ်ချောက်ချားသွား၏။ သူ လက်ကာလျက် တွင်တွင်ငြင်းတော့၏။

"မ ... မဟုတ်ပါဘူး၊ ငါ ... ငါမသတ်ပါဘူး၊ ငါ လူသတ်သမား မဟုတ်ဘူး"

"ရှင်မသတ်လို့ ဘယ်သူသတ်မှာလဲ၊ ဒီနေရာမှာ ရှင်နဲ့သူနဲ့ နှစ်ယောက်တည်း ရှိတယ်၊ ဒါကို ရှင်း ငြင်းချင်သေးလို့လား၊ ငြင်းရင်လည်း အဓိပ္ပာယ်ရှိရှိ ငြင်းရတယ် သူကကော ရှင့်ကို ဘယ်စွပ်စွဲနိုင်တော့မှာလဲ၊ သူက သေနေပြီကိုး၊ ရှင် တော်တော်ရက်စက်တယ်"

"မင်း ... မင်း မသိဘဲနဲ့ အဲဒီလိုမစွပ်စွဲပါနဲ့၊ ငါသတ်တာကို မင်း မြင်တာလည်းမဟုတ်ဘဲနဲ့၊ ညီမလေး လုဝမ်ရင်း စွပ်စွဲတယ် ဆိုတာ သေသေချာချာ မြင်မှကောင်းပါတယ်"

"အော် ... ရှင်က ကျွန်မနာမည်ကိုတောင် သိနေမှကိုး"

လုဝမ်ရင်းသည် လွန်စွာ စိတ်ထိခိုက်နေ၏။ စစ်ကုယောင်ကို လက်ညှိုးတထိုးထိုးဖြင့် စွပ်စွဲနေ၏။ လုဝမ်ရင်းက မျက်စောင်းထိုး ပြီး ပြောလိုက်လေ၏။

ထို့ကြောင့် စစ်ကုယောင်က ပြောလိုက်လေ၏။

"မင်းတင်မဟုတ်ပါဘူး၊ ငါအားလုံးကိုသိပါတယ်"

"ရှင်က ဘယ်သူတွေကို သိနေလို့လဲ"

"မင်းအဖေ ဘဘကြီးလုရှုဟုန်ကိုလည်း ငါသိတာပဲ၊ ကြယ်ပစ် ဝိဇ္ဇာ ဘဘကြီး လုရှုဟုန်လေ၊ မင်းဘကြီး ရွှေလှံပျံလီတာကျွေ၊ မင်းဦးကြီး လုချူကွီးတို့ အားလုံးကို သိပါတယ်၊ နောက်ပြီး တစ် ယောက်ကို သိပါသေးတယ်"

"ဘယ်သူလဲ ..."

"ကွယ်လွန်သွားပြီဖြစ်တဲ့ မင်းရဲ့ ဦးလေး အငယ်ဆုံး ဓား နှစ်လက် တန်ထင်လင်းဆိုတာလည်း သိပါတယ်"

လုဝမ်ရင်းသည် အကြီးအကျယ် အံ့အားသင့်သွား၏။ လုဝမ် ရင်း အံ့အားသင့်သွားသည်ကို စစ်ကုယောင် ကောင်းကောင်းကြီး မြင်နေ၏။

ပါးစပ်ကလေး ပိုင်းသွားသည်။ ဟသွား၏။ သို့သော် ဒေါသ



များကတော့ မပျောက်ချေ။ လုဝမ်ရင်းသည် စဉ်းစားဉာဏ်တော့ ရှိပါသေးသည်။ လုဝမ်ရင်း၏ ပြန်ပြောပုံကို ကြည့်ပါ။

"ဒါကတော့ မထူးဆန်းပါဘူးရှင်၊ ရှင်စုံစမ်းထားရင် ကျွန်မ ဦးကြီး ဦးလေးတွေကို သိနိုင်တာပဲ၊ ဒီရွာမှာ ကျွန်မတို့ရဲ့ ဦးကြီး ဦးလေးတွေကို မသိတဲ့လူ မရှိဘူး"

"မင်း အံ့သြသွားရမယ့် အချက်တစ်ချက် ငါ့ဆီမှာ ရှိပါသေး တယ် ညီမလေး လုဝမ်ရင်း ..."

"ဘာရှိတာလဲ ..."

"ငါ့ရင်ဘတ်မှာ အမှတ်မည်းကြီးတစ်ခု ရှိတာလေ၊ မင်းမှတ်မိ မှာပေါ့၊ ဟောဒီမှာကြည့်စမ်း ..."

စစ်ကုယောင်က အင်္ကျီကို လှန်၍ပြလိုက်၏။ တန်ထင်ဟုန်၏ ရင်ဘတ်တွင် အမှတ်မည်းကြီးသည် ထင်ရှားစွာ တည်ရှိနေသည်။

လုဝမ်ရင်းသည် အမှတ်မည်းကြီးကို သေချာကြည့်နေ၏။ တည်ရှိပုံနေရာကလည်း မှန်သည်။ အမှတ်မည်းကြီးကလည်း အတု ဟုတ်ပုံ မရချေ။

ထို့နောက် စစ်ကုယောင်၏ မျက်နှာကို ကြည့်ပြန်၏။

အကြာကြီးကြည့်ပြီးမှ မဲ့ပြုံး ပြုံးလိုက်၏။

"အင်း ... ဟုတ်ပြီ ... ဟုတ်ပြီ"

"မင်း မှတ်မိပြီမဟုတ်လား၊ ငါ မင်းရဲ့အစ်ကိုတန်လေ၊ ငါကမှ မင်းရဲ့အစ်ကိုတန်ထင်ဟုန် အစစ်ပါ"

"အော် ... အော် ... ကျွန်မသိပြီ၊ ကျွန်မ ကောင်းကောင်းကြီး

သိပါပြီ၊ ဒါကြောင့် အစ်ကိုတန်က သူ့ကို ရက်ရက်စက်စက် သတ်ပစ်လိုက်တာပေါ့ ဟုတ်လား"

စစ်ကုယောင်မှာ သူမ၏စကားကြောင့် ရင်ထဲ နင့်သွားသည်။ ပိသာလေးနှင့် အားပစ်သလို ခံစားလိုက်ရသည်။

"ဘယ်လိုများပြောလိုက်တာလဲ ညီမလေးရယ်"

"အမှန်တွေကို ပြောလိုက်တာလေ၊ ဒါကြောင့် အစ်ကိုတန်က သူများကို လိုက်ချောင်းနေခဲ့တာကိုး၊ ကျွန်မ ကောင်းကောင်း မှတ်မိတာပေါ့၊ သူရောက်လာတဲ့ ပထမနေ့ကတည်းက အစ်ကိုတန် လိုက်ချောင်းနေခဲ့တာပဲ၊ သံတိုင်တွေတောင် ကွေးသွားတယ်လေ ..."

"ဘာဖြစ်လို့ အစ်ကိုတန် လိုက်ချောင်းနေတယ်ဆိုတာ ကျွန်မ အခုတော့သိပြီ၊ အစ်ကိုတန်ဟာ မနာလိုဖြစ်နေတယ်၊ သူသာ လုဝမ်ရင်းကို ရသွားရင်တော့ ဒုက္ခပဲလို့ အစ်ကိုတန် တွေးနေတယ်၊ အစ်ကိုတန် မနာလိုဖြစ်နေတယ် မဟုတ်လား"

သူ့ချစ်သူ သေဆုံးသွားသဖြင့် လုဝမ်ရင်းမှာ အမှန်ကို မဆင်ခြင် မစဉ်းစားနိုင်ဘဲ ဖြစ်နေသည်။ သူမထင်ရာကို စွတ်ပြောနေသည်။

သူမနှင့် ဆယ်နှစ်ကျော် ကွဲကွာနေသည့် အစ်ကိုပြန်လာသည်ကိုပင် ဝမ်းသာရမှန်းမသိဘဲ ဖြစ်နေသည်။ သူသည် ငယ်ပေါင်း အစ်ကိုကို မတွေ့ချင် မမြင်ချင်လောက်အောင် ဖြစ်နေမိသည်။

● ✻ ●



## အခန်း(၂၄)
## မှားယွင်းသည့် အဖြစ်

စစ်ကုယောင်ကတော့ ဒီလိုမဟုတ်ချေ။ သူမနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ သူသာ တန်ထင်ဟုန်ဖြစ်သည်ကို ပြောပြလိုက်လျှင် သူ့ ညီမငယ် လုဝမ်ရင်းသည် အလွန်ဝမ်းသာသွားလိမ့်မည်ဟု သူထင်မိသည်။

သူ့ကို ဖက်လဲတကင်း ကြိုဆိုလိမ့်မည်ဟု ထင်ခဲ့၏။ ယခုတော့ ဒီလိုမဟုတ်ပါလား။ သူ့အား လက်ညှိုးတငေါက်ငေါက်နှင့် ရန်တွေ့နေလေပြီ။ စစ်ကုယောင် ဝမ်းနည်းမဆုံး ဖြစ်သွားလေ၏။

သူသည် တန်ထင်ဟုန်အတုနှင့် လုဝမ်ရင်းတို့၏အဖြစ်မှန်ကို တစ်စွန်းတစ်စ ရိပ်မိလာသည်။

"ဒါ ... ဒါဖြင့် မင်းက သူ ငါ့အယောင်ဆောင်နေတာကို သိနေတယ်ပေါ့ ဟုတ်လား"

"ဟင်း ... ဟင်း ... သိတာပေါ့"

"ဒီကောင်က လူလိမ်ပဲ၊ ငါ့အယောင်ဆောင်နေတယ် ဆိုကတည်းက ဖော်ထုတ်ဖို့ ကောင်းပါတယ်"

"ဘာဖြစ်လို့ ဖော်ထုတ်ရမှာလဲ၊ သူက အစ်ကိုတန်လို ဟန်ဆောင်နေခဲ့တယ်၊ ဒါပေမယ့် သူဟာ လူကောင်းတစ်ဦးပဲ၊ ဘယ်သူ့အပေါ်မှ မကောင်းမကြံဘူး၊ အစ်ကိုတန့် အပေါ်တောင် မကောင်းမကြံဘူး"

"ဒါတော့ ဟုတ်ပါတယ်၊ သူ ဝန်ခံသွားလို့ ငါသိသွားပါပြီ၊ အဖြစ်မှန်ကို ငါက ပြောပြတာပါ၊ မင်းက သူ ဟန်ဆောင်နေတယ်ဆိုတာတော့ ဘကြီးကို ပြောသင့်တာပေါ့"

"မပြောဘူးလေ၊ ကျွန်မက သူ့ကိုချစ်နေတာကိုး၊ အစ်ကိုတန်က မနာလိုလို့ သတ်ပစ်တာ"

သူမ၏ စကားအဆုံးတွင် လူတစ်ယောက် ကြားဝင်လာလေ၏။ ထိုလူသည် ဒေါသနှင့် လုဝမ်ရင်းကို အော်ဟစ်လိုက်သည်။

"တော်စမ်းပါ လုဝမ်ရင်း၊ နင့်စကားတွေ နားခါးလှတယ်၊ နင့်အကောင်ကို သတ်သွားတာ တန်ထင်ဟုန်မဟုတ်ဘူး၊ တခြားတစ်ယောက်၊ တန်ထင်ဟုန် စိတ်မချမ်းသာအောင် စွပ်စွဲမနေနဲ့၊ နင့်အကောင်ကို သတ်တဲ့အကောင်က ထွက်ပြေးပြီ၊ မြန်လိုက်တာလေကတောင် အရှုံးပေးရတယ်၊ ငါလိုက်တာတောင် မမီဘူး"

"ဟင် ... ဦးဦး"

ဘီလူးကြီး လုချူကွီးသည် ပန်းခြံထဲသို့ ခုန်ကျော်ဝင်လာပြီး ပြောကြားလိုက်လေ၏။ လုဝမ်ရင်း အံ့အားသင့်သွားသည်။ လုချူကွီးသည် တန်ထင်ဟုန်ကို သိနေပုံရနေသည်။ ထိုအချက်ကို သူမအံ့သြနေသည်။



"ဦးက အစ်ကိုတန်ကို သိနေပုံပဲ၊ သူ တန်ထင်ဟုန်မှန်း ဦးက သိနေတာပေါ့ ဟုတ်လား၊ ဘယ်လိုသိနေတာလဲ"

သူမက တအံ့တသြမေးလိုက်၏။

လုချူကွီးက ...

"တန်ထင်ဟုန် ဒီရွာကို ရောက်နေခဲ့တာ ဟိုကောင်ရောက်တဲ့နေ့ကတည်းကပဲ၊ ဟိုကောင် ဒီအိမ်ကြီးကိုဝင်တော့ တန်ထင်ဟုန် အိမ်အပြင်မှာ ရှိနေတယ်၊ ဒါကို နင်လည်းမြင်တာပဲ"

သူမက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ... မြင်ပါတယ် ဦး"

"အေး ... တန်ထင်ဟုန်က အဲဒီတော့ အိမ်ထဲကို မဝင်တော့ဘူး၊ ဒီကောင် ဘာအကြံအစည်နဲ့ဝင်တာလဲလို့ စောင့်ကြည့်မယ်လို့ ဆုံးဖြတ်ပြီး အိမ်အပြင်ကပဲ စောင့်ကြည့်နေတော့တယ်၊ ခုတော့ အားလုံးလွန်ကုန်ပြီကွယ်၊ သူ့ခများလည်း သေရရှာပြီ၊ နင် တန်ထင်ဟုန်ကို မပြစ်မှားနဲ့၊ သူက နင့်အကောင်ကို ကယ်ဖို့ကြိုးစားနေတာ၊ သူ့ကိုသတ်တဲ့လူက ထွက်ပြေးသွားတော့ သူနဲ့ နင့်အကောင်ပဲ ကျန်ခဲ့တော့တာပေါ့"

ထိုအခါ လုဝမ်ရင်းသည် စွပ်စွဲမှားသည့်အဖြစ်ကြောင့် ချုံးပွဲချငိုတော့သည်။ သူသည် တန်ထင်ဟုန်ကို စွပ်စွဲမိသည့်အတွက်လည်း ဝမ်းနည်းသည်။

သူ့ချစ်သူနှင့် မကြာမီ လက်ထပ်တော့မည်ဟု ရည်ရွယ်ပြီးမှ ချစ်သူ သေဆုံးရသည့်အတွက်လည်း ဝမ်းနည်းမိလာသည်။

ထို့ကြောင့် ချစ်သူ၏ ရင်ဘတ်ပေါ်၌ မျက်နှာမှောက်၍ ငိုကြွေးနေမိသည်။

ထိုအခါမှ စစ်ကုလယောင် နေသာထိုင်သာကျသွားသည်။ လုဝမ်ရင်း အထင်မှားနေသဖြင့် သူ မနေတတ် မထိုင်တတ်ဖြစ်နေသည်။

"မငိုပါနဲ့ ညီမရယ် ... တိတ်ပါတော့၊ စိတ်ကို နည်းနည်းတင်းထားလိုက်၊ စိတ်လျှော့လိုက်ရင်တော့ ဝမ်းနည်းစရာချည်းပဲ၊ လူ့ဘဝဆိုတာ ဒီလိုပါပဲ၊ တွေ့ကြုံဆုံကွဲ ဓမ္မတာပါပဲ ညီမလေးရယ်"

မိန်းမပျိုတစ်ဦး၏ အားပေးနှစ်သိမ့်သံသည် ရုတ်တရက် ပေါ်လာသဖြင့် လုဝမ်ရင်း အံ့သြပြီး မော့ကြည့်လိုက်မိသည်။

သူမမြင်လိုက်ရသည်က နက်မှောင်ထူထဲသော မျက်ခုံးများ၊ ကြည်လင်တောက်ပနေသည့် မျက်လုံးများဖြင့် အလွန်လှပသည့် မိန်းမပျိုတစ်ဦး။

သူမထက်တော့ အနည်းငယ် အသက်ကြီးပုံ ရသည်။ ကြီးလျှင်လည်း တစ်နှစ် နှစ်နှစ်မျှသာ။ ပုံစံက တိုက်မည့်ခိုက်မည့် ထိုးနှက်မည့် ပုံစံမျိုး။ သိုင်းသမားတစ်ဦးမှန်း မြင်ရုံနှင့် သိသည်။

"အဲဒါ တန်ထင်ဟုန်ရဲ့ ချစ်သူပဲ လုဝမ်ရင်း၊ သံကျာပွတ်မယ် ရှုလန်လို့ခေါ်တယ်"

လုဝမ်ရင်းသည် သူမကိုယ်တိုင်က အလွန်ချောမောသူ တစ်ယောက်ပင်။

သို့သော် ထိုမိန်းမပျို၏ ချောမောပုံကိုတွေ့ရသောအခါ စကားမပြောနိုင်ဘဲ ငေးစိုက်ကြည့်မိလေသည်။



မည်သည့် ယောကျ်ားသားမျှ ရှုလန်ကို နှစ်ခါမကြည့်ဘဲမနေနိုင်ချေ။

လုဝမ်ရင်းသည် ရှုလန်၏ လက်ထဲမှ ကျာပွတ်ကိုလည်း ကြည့်မိသည်။ သူမက တိုးညင်းစွာ ပြောလေ၏။

"ကျွန်မ တောင်းပန်ပါတယ် မမရယ်၊ ကျွန်မလည်း ရင်နင့်စရာတွေ စိတ်မချမ်းမြေ့စရာတွေ နဖူးတွေ့ ဒူးတွေ့ တွေ့လိုက်ရတော့ ဘာမှ မဆင်ခြင်နိုင်တော့ပါဘူး မမရယ်"

"ကိစ္စမရှိပါဘူး ညီမလေးရယ်၊ တခြားလူတွေမှ မဟုတ်ဘဲ၊ ကိုယ့်မောင်နှမတွေပဲဥစ္စာ၊ ဒီလို အထင်မှားတတ်ကြတာပဲ၊ ချစ်သူတစ်ယောက်လုံး ဆုံးရှုံးနေမှတော့ ဘယ်အမှန်ကို မြင်နိုင်ပါ့မလဲ၊ ညီမကို မင်းရဲ့အစ်ကိုတန်က နားလည်ခွင့်လွှတ်နိုင်ပါတယ်၊ အခုပဲကြည့် ... ညီမလေးကို သူကြည့်နေတာ ကရုဏာသက်တဲ့ မျက်လုံးတွေနဲ့ပါ"

သူသည် သံကျာပွတ်မယ် ရှုလန်၏ အားပေးနှစ်သိမ့်စကားကြောင့် သူ၏အစ်ကို တင်ထင်ဟုန်အား မော့ကြည့်လိုက်မိလေ၏။

● * ●

ရှုလန်၏ စကားသည် မှန်၏။ လုဝမ်ရင်းက မော့ကြည့်လိုက်သောအခါ ကရုဏာသက်သော မျက်လုံးများဖြင့် ငုံ့ကြည့်နေသော တန်ထင်ဟုန်ကို မြင်တွေ့ရလေ၏။

တန်ထင်ဟုန်သည် ထိုအပြုံးကို တွေ့လိုက်ရသောအခါ နေရ

ထိုင်ရ သက်သာသွားသလိုရှိသည်။ သူမသည်လည်း အစ်ကိုတန်၏ မျက်နှာကို သေချာစွာ ကြည့်မိသည်။

စောစောက သူမ စွပ်စွဲနေစဉ်အခါက သူမ၏ မျက်နှာသည် အလွန်အိုစာနေသည်။ သူမကို ရှင်းမပြတတ်သလို ဖြစ်နေသည်။

ယခုတော့ သူမကို ကရုဏာသက်စွာ ကြည့်နေသည့်အကြည့်မှ တစ်ပါး မျက်နှာမှာ ကြည်လင်နေသည်။

"ကဲ ... ကဲ ... ဒီအတိုင်း မှောင်ကြီးထဲမှာ နေလို့မဖြစ်ဘူး ဟေ့၊ အိမ်ထဲသွားကြရအောင်၊ အိမ်ထဲကျမှ ပြောကြဆိုကြတာပေါ့"

လူချုပ်ကြီးသည် ပြောပြောဆိုဆို ကျန်တိတ်ဆိုသည့် လုဝမ်ရင်း၏ ချစ်သူအလောင်းကို မယူလိုက်သည်။ ကျန်တိတ် မျက်နှာတစ်ခုလုံး ပြာနှမ်းနေသည်။ လည်မျိုကို အနင်းခံလိုက်ရသည် မဟုတ်ပါလော။

ရှုလန်ကား တိုက်ခိုက်သည့်အခါတွင် ရက်ရက်စက်စက် တိုက်ခိုက်တတ်သူ ဖြစ်သည်။ ကျန်သည့် အချိန်တွင်ကား နူးညံ့သိမ်မွေ့သူ ဖြစ်လေ၏။

သူမသည် လုဝမ်ရင်း၏ ပခုံးကလေးကို အသာကလေး ဖေးမခေါ်သွားလေသည်။

ရှေ့ဆုံးမှ အိမ်ထဲဝင်သွားသူမှာ ဘီလူးကြီး လုချုပ်ကြီးဖြစ်သည်။ သူသည် အလောင်းကို ပိုက်၍ ရှေ့ဆုံးမှဝင်သည်။ လုဝမ်ရင်း၏ ချစ်သူဖြစ်နေသဖြင့် သူသည် အလောင်းကို အိမ်ထဲသွင်းခြင်းဖြစ်သည်။

ကျန်တိတ်သည် အတိတ်ဘဝက လူဆိုးဖြစ်ခဲ့သော်လည်း ပစ္စုပ္ပန်ဘဝတွင် လူကောင်းသူကောင်းဖြစ်ရန် ကြိုးစားခဲ့သူ ဖြစ်သည်။



သူသည် အသက်ကိုစွန့်၍ လူကောင်းဘဝကို ခံယူသွားသူဖြစ်သည်။ ထို့ကြောင့် ကျန်တိတ်၏ အလောင်းကို အိမ်ထဲသွင်းခဲ့ခြင်းဖြစ်သည်။

သူ့နောက်မှ လုဝမ်ရင်းနှင့် ရှုလန်။

နောက်ဆုံးမှ လိုက်လာသူမှာ တန်ထင်ဟုန်ဖြစ်၏။

တန်ထင်ဟုန်မှာ အိမ်ကြီးကို ကြည့်လာသည်။ သူ့ခမျာ အဟောင်းတို့သည် အသစ်ဖြစ်လျက်ရှိသည်။

ထိုစဉ် ...

"အိမ်ထဲကလူတွေ ထကြဦးဗျို့၊ နောင်ကြီး လုရှုဟုန်တို့၊ နောင်ကြီး လီတာကျွေတို့ ထကြ"

သူ့အော်သံကြီးသည် ညဥ့်နက်နက်၌ တစ်အိမ်လုံး ပဲ့တင်ထပ်သွား၏။ အော်မည်ဆိုကလည်း အော်လောက်၏။ ယခုအဖြစ်သည် တစ်ဒိမ်လုံး အုတ်အော်သောင်းနင်း ဖြစ်သွားနိုင်သည့်အဖြစ် မဟုတ်ပါလား။

ထိုအခါ လုရှုဟုန်၊ လီတာကျွေနှင့် သူ၏ဇနီးသည် ကျင်ရှာမွေးတို့သည် အိပ်ရာမှ နိုးလာကြလေ၏။

ကြယ်ပစ်ဝိဇ္ဇာ လုရှုဟုန်က ...

"ဟော ... ဘယ်လိုဖြစ်တာကြတာတုန်း"

လုရှုဟုန်သည် အိမ်ထဲဝင်လာသည့် လူစုလူဝေးကိုကြည့်ပြီး အံ့ဩသွားသည်။ ရှေ့ဆုံးမှ လုချုပ်ကြီးကလည်း အလောင်းကြီးကို ပိုက်လို့၊ သူမသိသေးသည့် မိန်းမပျိုတစ်ယောက်နှင့် လူငယ်တစ်ယောက်ကိုလည်း တွေ့နေရသည်။

"ဘာတွေလဲကွ၊ ရှင်းစမ်းပါဦး"

လုရှုဟုန်သည် လုချူကြွီးကို မေးလိုက်၏။

လီတာကျွေကလည်း ...

"ဟုတ်ကောင် လုချူကြွီး၊ ဘာတွေဖြစ်နေတာလဲကွ၊ ကမ္ဘာပျက်လောင်အောင် အော်နေမှတော့ ငါတို့လည်း လန့်နိုးကုန်ကြတာပေါ့၊ ပြောစမ်းပါဦးကွာ"

သူ့ဇနီးကျင်ရှာမွေးကတော့ သူ့နောက်နား၌ မျက်လုံးအဝိုင်းသားဖြင့် ရပ်နေ၏။ လုဝမ်ရင်းက တရှုံ့ရှုံ့ငိုနေဆဲ။

ကျန်တိတ်၏ အလောင်းမှာ အများ၏အလယ်တွင် စန့်စန့်ကြီးလဲလျောင်းနေသည်။ လည်မျိုမှ ခြေရာကြီးမှာ အညိုအမည်းစွဲလျက်ရှိသည်။

လုချူကြွီးက ရှင်းပြလေ၏။

"ကဲ ... နောင်ကြီးတို့၊ စိတ်ရှည်လက်ရှည် နားထောင်ပေတော့၊ ပြောရမှာကတော့ အရှည်ကြီးပဲ၊ ပြောရမှာကတော့ ဆယ်နှစ်စာလောက် ရှိတယ်"

လုရှုဟုန်က မျက်မှောင်ကြုတ်ပြီး ...

"မင်းက ပြောမှာပြောတာမဟုတ်ဘူး၊ မင်း နိဒါန်းပျိုးနေတာက ကြာနေထယ်"

"ပြောပါ့မယ်ဗျာ ... ပြောပါ့မယ်၊ ဟောဒါကတော့ တစ်ချိန်က ဒီအိမ်ကြီးက ပျောက်ဆုံးသွားတဲ့ တန်ထင်ဟုန်ပဲ"

လုရှုဟုန်နှင့် လီတာကျွေတို့မှာ မျက်လုံးပြူးသွားကြလေ၏။ လီတာကျွေ၏ဇနီး ကျင်ရှာမွေးလည်း အံ့သြသွားသည်။



"ဒါ ... ဒါဖြင့် ဟိုကောင်က ..."

လုရှုဟုန်သည်သေဆုံးနေသော တန်ထင်ဟုန်အတု ကျန်တိတ်ကို လက်ညှိုးထိုးပြသည်။

လုချူကြွီးက ...

"ဟုတ်တယ် ... သူက အတုပဲ"

"သူက ဘယ့်နှယ် ငါတို့အိမ်မှာ ဝင်နေရတာလဲ၊ ငါတို့ကလည်း သူ့ကို အတုမှန်းမသိကြဘူး၊ သူက ငါတို့ကို လှိမ့်နေတာပေါ့လေ"

လုရှုဟုန်က စိတ်ပျက်လက်ပျက် ပြောလေ၏။

လုချူကြွီးက ...

"ဟုတ်တယ် ... သူက အိမ်ကလူတွေကို အယုံသွင်းပြီး တန်ထင်ဟုန်ယောင် ဆောင်နေတာလေ၊ သူက နဂါးပျံဂိုဏ်းကပဲ၊ နဂါးပျံဂိုဏ်းဆိုတာ နောင်ကြီးတို့လည်း ကြားဖူးမှာပေါ့၊ သူ့ခမျာ သူ့ဂိုဏ်းကလာသတ်သွားတာ ခံလိုက်ရရှာတာပေါ့၊ သူက သာမန်ဂိုဏ်းသားပဲ"

"အို ... ကျွတ် ... ကျွတ်"

ကျင်ရှာမွေးက စိတ်မကောင်းစွာ စုတ်သပ်မိလေ၏။

လီတာကျွေကမူ တန်ထင်ဟုန်ကို အံသေအချာကြည့်နေသည်။

"သူက ဘယ်လို တန်ထင်ဟုန်ဖြစ်တာလဲ၊ ဓားညီနောင် စစ်ကုယာင်ဟာ သူမဟုတ်လား"

တန်ထင်ဟုန်က လီတာကျွေကို ပြုံးပြသည်။ လုချူကြွီးက အားရကျေနပ်စွာ ပြောလိုက်၏။

"ဟုတ်တယ် နောင်ကြီး လီတာကျွေ၊ တန်ထင်ဟုန်ဟာ ခု

တလော သိုင်းလောကမှာနာမည်ကြီးနေတဲ့ ဓားညီနောင် စစ်ကုယောင် ပါပဲဗျာ”

သူသည် ကျားပွတ်မယ် ရှလန်ဘက်ကို လှမ်းပြပြီး …

“သူ ဘယ်သူလဲဆိုတာ ကြည့်စမ်းပါဦး၊ နောင်ကြီးလီတာကျွေ့ကတော့ သိပြီးပြီပေါ့၊ နောင်ကြီး လုရှုဟုန်ကတော့ မသိနိုင်သေးဘူး”

“သူက ဘယ်သူလဲ”

လုရှုဟုန်က မေးလိုက်၏။

“သူကလည်း သိုင်းလောကမှာ စစ်ကုယောင်လို နာမည်ကျော်နေတဲ့လူပဲ၊ နာမည်ကတော့ သံကျားပွတ်မယ် ရှလန်ပါတဲ့ဗျာ”

“ဟာ …”

လုရှုဟုန်မှာ အလွန်အံ့သြသွားလေ၏။ သိုင်းလောက၌ ထူးထူးခြားခြား နာမည်ကျော်နိုင်ဖို့ဆိုသည်မှာ မလွယ်ချေ။ စစ်ကုယောင်နှင့် ရှလန်တို့သည် သိုင်းလောက၌ ဟိုးဟိုးကျော်နေသူများ ဖြစ်၏။

လုရှုဟုန်မှာ တဖြည်းဖြည်း ပြုံးလာသည်။ သူတို့၏ သိုင်းညီနောင် လေးဖော်တွင် ဓားနှစ်လက် တန်ထင်လင်းမှာ နာမည်ကျော်ခဲ့သည်။ ယခု တန်ထင်လင်း၏ သား တန်ထင်ဟုန်သည်လည်း နာမည်ကျော် ဖြစ်နေပေပြီ။ ယခုဤအိမ်ကြီးထဲတွင် နာမည်ကျော်များ လာရောက် ဆုံစည်းနေရပြီ။

သူသည် တန်ထင်ဟုန်ဆီသို့သွားကာ ဖက်ယမ်းနှုတ်ဆက်လေ၏။ ဤသည်မှာ လွန်စွာ ဝမ်းသာသဖြင့် ပြုမူသော အပြုအမူဖြစ်သည်။ လက်နှစ်ဖက်ဆုတ်၍ ဦးညွှတ်နှုတ်ဆက်ရုံမျှနှင့် နှုတ်ဆက်မှုလုံလောက်သည်။



မုတ်ဆိတ် ပါးမြိုင်းမွေးနှင့် စစ်ကုယောင်ကလည်း သူ့ဘကြီး လုရှုဟုန်အား ဖက်ယမ်းနှုတ်ဆက်သည်။

“အင်း … သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ဓားသမားကြီးဟာ ငါ့တူပဲဆိုတာ သိလိုက်ရတော့ ဘဘကြီးဟာ ကြက်သီးတဖြန်းဖြန်း ထသွားတယ်၊ ဘဘကြီးဂုဏ်ယူပါတယ်ကွယ်၊ ဘဘကြီး သိပ်ကျေနပ်တယ်”

သူက ဆက်ပြောသည်။

“တန်ထင်ဟုန် … မင်းအဖေ ဓားနှစ်လက် တန်ထင်လင်းဟာ သိုင်းလေးဖော်ရယ်လို့ နာမည်ကျော်ခဲ့တယ်၊ ဒါပေမယ့် အခု မင်းလောက်တော့ နာမည်မကျော်ပါဘူး၊ မင်းဟာ သိုင်းလောကမှာ ဓားဘုရင် ဖြစ်နေတဲ့လူပဲကွယ်၊ အင်း … မင်း ဒီလိုထွန်းပေါက်မယ်ဆိုတာ ငယ်ငယ်ကတည်းက ငါ ခန့်မှန်းနိုင်ခဲ့ပါတယ်ကွယ်”

လုရှုဟုန်မှာ မျက်ရည်များ လည်ရင်း ပြောလေ၏။ သူသည် ပီတိဖြစ်လွန်း၍ ဤသို့ မျက်ရည်လည်နေခြင်းဖြစ်၏။

“သမီးကလည်း သံကျားပွတ်မယ် ရှလန်နော်”

“ဟုတ်ပါတယ် ဘဘကြီး”

“သမီးလည်း နာမည်ကျော်ပဲကွယ်”

ရှလန်သည် ဘာမျှမပြောချေ။

သူသည် ကျန်တိတ်ဆီသို့ လှမ်းကြည့်ပြီး …

“တော်သေးတာပေါ့ကွယ် … ငါ့သမီးနဲ့ ဟိုကောင့်ကို လက်မထပ်ပေးမိလို့ပေါ့၊ လက်မတင်လေး လွဲသွားတာ၊ နို့မို့ဆိုရင်တော့”

သူသည် ဆက်လက်ရေရွတ်နေသည်။

"အင်း ... အခုတော့ ငါ့တူက အချိန်မီ ရောက်လာလို့ တော်သေးတာပေါ့ကွာ"

သူသည် တန်ထင်ဟုန်၏ကျောကို ပွတ်သပ်၍ပြောလိုက်၏။

တန်ထင်ဟုန် ပြန်ရောက်သည့်အတွက် စိတ်အေးရပြီဟူသောအနေအထားမျိုး ပြောနေသည်။

လုချူကြီးသည် မျက်လုံးပြူးသွားလေ၏။ နောင်ကြီးလုရှုဟုန်သည် တန်ထင်ဟုန် ရောက်လာသည်နှင့် သူ့သမီး လုဝမ်ရင်း၏ကိစ္စကို စီစဉ်ပေတော့မည်။ လုဝမ်ရင်း စိတ်ထား မည်သို့ရှိသည်ကို မသိပေ။

မသိဘဲလုပ်လိုက်လျှင် အားလုံး မျက်နှာပျက်ကွက်မည် ဖြစ်၍ လုချူကြီးက ဝင်ပြောလိုက်ရသည်။

"နောင်ကြီး လုရှုဟုန်၊ သူတို့နှစ်ယောက်ဟာ သိုင်းလောကမှာ နာမည်ကျော်သလို ချစ်သူတွေလည်း ဖြစ်ကြပါတယ်။ အင်မတန်ဘက်စုံညီတဲ့ စုံတွဲပဲဗျာနော်"

"ဟေ ..."

လုရှုဟုန်မှာ မျက်ခုံးကြီးမြင့်တက်သွားရလေ၏။ ထို့နောက် လုဝမ်ရင်းကိစ္စအတွက် စိတ်ပျက်သွားရလေတော့၏။ လူကြီးချင်း ထားသည့် ကတိ ပျက်ရလေပြီဟု စိတ်မကောင်းဖြစ်မိသည်။

● ＊ ●



# အခန်း(၅၅)
# ဓာတ်ကြောင်းပြန်

လုချူကြီး ဝင်မပြောလျှင်လည်း မဖြစ်ချေ။ လုဝမ်ရင်းက ကျန်တိတ်မှ ကျန်တိတ်ဖြစ်နေသည်။ တန်ထင်ဟုန်နှင့် ရှလန်ကလည်း နေနှင့်လ ရွှေနှင့်မြ ဖြစ်နေသည်။

လုချူကြီး ပြောလိုက်သဖြင့် လုဝမ်ရင်းနှင့် တန်ထင်ဟုန်တို့ လက်ထပ်ရေးမှာ မဖြစ်နိုင်တော့မှန်း လုရှုဟုန် သိသွားသည်။

လုချူကြီးက ...

"ကဲ ... တန်ထင်ဟုန်၊ မင်းဘကြီးတွေကို မင်းပဲ ဆက်ပြီး ရှင်းပြလိုက်စမ်းပါဦးကွယ်"

လုချူကြီး၏ တိုက်တွန်းစကားကြောင့် တန်ထင်ဟုန် စတင်ပြောကြားရတော့သည်။

"အဟမ်း ... အဟမ်း၊ ဒီလို ဘကြီးရဲ့၊ ကျွန်တော် ချမ်းမြေ့သာယာဒေသကို ရောက်လာတဲ့အခါမှာ တိုက်တိုက်ဆိုက်ဆိုက် ဒီကျန်တိတ်ဆိုတဲ့လူလည်း ဒီဒေသကို ရောက်လာခဲ့ပါတယ်၊ ကျွန်တော်

ဒီစံအိမ်ကြီးကို ဝင်မလို့လုပ်တော့ သူက ဝင်နေပြီ၊ အဲဒီတော့ ဒီလူဟာ ဘယ်လိုအကြံအစည်နဲ့ ဝင်လာလဲလို့ ကျွန်တော် စောင့်ကြည့်ရတော့တာပေါ့....

"အဲဒီအခါမှ ကံအားလျော်စွာ ဦးချူကွီးနဲ့ ကျွန်တော် တွေ့လိုက်ရတယ်၊ အဲဒီမှာ ဦးနဲ့ ကျွန်တော် တိုင်ပင်မိကြတာပါပဲ"

တန်ထင်ဟုန်က လုချူကွီးကိုကြည့်၍ ပြောလာ၏။ လုချူကွီးက ခေါင်းညိတ်ပြသည်။

တန်ထင်ဟုန်က ဆက်ပြီးပြောသည်။

"ကျွန်တော် တွေးကြည့်တယ်၊ ဒီကောင် ဘာဖြစ်လို့ ကျွန်တော့်လို့ လာဟန်ဆောင်ရတာလဲ၊ ကျွန်တော်နဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာ အကျိုးရှိနိုင်တယ်ဆိုတာ ကျွန်တော် တွေးမိတာပဲ၊ ဒီအိမ်မှာ ကျွန်တော့်လို ဟန်ဆောင်ရင် ဘာအကျိုးကျေးဇူး ရနိုင်မလဲလို့ စဉ်းစားတော့ ဖေဖေ ထားပစ်ခဲ့တဲ့ သံသေတ္တာကလေးပဲ ရှိတယ်ဆိုတာ ကျွန်တော် တွေးမိပါတယ်"

လုရှုဟုန်မှာ ထိုအခါကျမှ မျက်လုံးပြူးသွားလေသည်။

"ဟိုက် ... ဒုက္ခပဲ"

"ဘာဖြစ်တာလဲ ဘ-ာကြီး"

"မင်းပစ္စည်း ငါ့မှာမရှိတော့ဘူး၊ ဒီကောင့်ကို ငါပေးလိုက်ပြီ၊ သူ့ဆီမှာ ရှိမှရှိသေးရဲ့လား မသိပါဘူး"

"ရှိဦးမှာပါ ဖေဖေရယ်"

လုဝမ်ရင်းက ဝင်ပြောလေ၏။



တန်ထင်ဟုန်က ခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့ ... လုဝမ်ရင်း ပြောသလို သူ့ဆီမှာ ရှိနေပါတယ် ဘဘကြီး၊ သူမသေခင်က ကျွန်တော့်ကို အကုန်ဆုံး ဖွင့်ပြောသွားပါတယ်"

"ဘာတွေများ ပြောသွားသလဲကွယ်"

"သူဟာ အောက်လမ်းဂိုဏ်းတစ်ဂိုဏ်းဖြစ်တဲ့ နဂါးပျံဂိုဏ်းသားပါ၊ နာမည်က ကျန်တိတ်လို့ခေါ်တယ်၊ သူတို့ဂိုဏ်းဟာ တစ်ယောက်ကို တစ်ယောက် ဘယ်သူဘယ်ဝါမှန်းမသိရတဲ့ ပုံစံနဲ့ ဖွဲ့စည်းထားတယ်၊ ဂိုဏ်းချုပ် ဘယ်သူဆိုတာလည်း မသိရပါဘူး"

"သြော် ... အောက်လမ်းဂိုဏ်းဆိုမှတော့ ဘယ်လို လူကောင်းသူကောင်း ဖြစ်နိုင်တော့မှာလဲကွယ်"

ရွှေလုံ့ပျံလီတာကျွေ မှတ်ချက်ချလိုက်၏။

"ရုပ်ရည်ကလေးက သနားကမားနဲ့နော်"

ကျင်ရှာမွေးကလည်း ဝင်ပြောလေ၏။ ထိုအခါ တန်ထင်ဟုန်က ...

"အဲဒီလို မထင်ကြပါနဲ့ ခင်ဗျာ၊ သူဟာ နဂါးပျံဂိုဏ်းသား ဖြစ်လို့ အရင်က မကောင်းတဲ့လူ ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် အခု သူဟာ လူကောင်းတစ်ဦး ဖြစ်နေပါတယ် ခင်ဗျာ"

ထိုအခါ လုရှုဟုန်က ...

"ဟ ... သူများပစ္စည်းကို အချောင်ဝင်လုချင်တဲ့ကောင်က ဘယ်လိုလူကောင်း ဖြစ်မှာလဲဗျာ"

သူ့မှတ်ချက်သည် အလွန်ထိရောက်၏။ သို့သော် မှတ်ချက်က မှားနေသည်။ အတိတ်က လူဆိုးဖြစ်တိုင်း ပစ္စုပ္ပန်နှင့် အနာဂတ်မှာ လူဆိုးဖြစ်ရမှာလား၊ လူကောင်းမဖြစ်နိုင်ဘူးလား။

ကျန်တိတ်သည် သူ့ကိုယ်သူ ပြုပြင်ပြီး လူကောင်းတစ်ယောက်ဖြစ်ရန် ကြိုးစားနေသူဖြစ်၏။ တန်ထင်ဟုန်က ဆက်ပြီး ရှင်းပြသည်။

"သူဟာ ချိုးငှက်သိုက်မြို့အိမ်ကြီးဆီကို ဝင်ရောက်နေထိုင်ရတာ တာဝန်နဲ့ လာရောက်နေထိုင်သူပါ၊ တစ်ကိုယ်တည်း အလိုဆန္ဒအရ လာရောက်နေထိုင်တာမဟုတ်ပါဘူး၊ တာဝန်ကတော့ ကျွန်တော့်ဖေဖေ ထားခဲ့တဲ့ပစ္စည်း သံသေတ္တာကလေးကို ဘဘကြီးဆီက ရယူဖို့ပါပဲ၊ ဒီသေတ္တာကလေးကိုရရင် တာဝန်ပြီးဆုံးသွားပါပြီ ...

"တစ်ခုတော့ရှိတယ်၊ ဒီပစ္စည်းသာ ရပါစေ၊ မင်းလုပ်ချင်ရာ လုပ်နိုင်တယ်လို့ နဂါးပျံဂိုဏ်းက ခွင့်ပေးခဲ့တယ်၊ သူဟာ ဘဘကြီးနဲ့ လုဝမ်ရင်းကို သတ်ချင်သတ်လို့ရတယ်၊ လုဝမ်ရင်းကို အရယူပြီး သံသေတ္တာကို အပိုင်ရအောင်လည်း လုပ်နိုင်တယ်၊ သူဟာ ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လုဝမ်ရင်းနဲ့ သူဟာ မေတ္တာမျှသွားလို့ပါပဲ"

"ဘုရားရေ... ငါ့သမီးဟာ ဒီအတုအယောင်နဲ့ မေတ္တာမျှသွားတယ် ဟုတ်လား"

လူအားလုံး၏ အကြည့်များသည် လုဝမ်ရင်းအပေါ်သို့ ရောက်သွားမိလေသည်။ လုဝမ်ရင်းကလည်း မကွယ်မဝှက် ဝန်ခံသည်။

လုရှုဟုန်က ...



"သမီးဟာ ဒီကောင့်ကို တန်ထင်ဟုန် မဟုတ်မှန်း မသိဘူးလားကွယ်"

တန်ထင်ဟုန်က ကြားဖြတ်ပြောလိုက်၏။

"လုဝမ်ရင်းဟာ သူ့ကို ကျွန်တော်မဟုတ်မှန်း သိပါတယ်ခင်ဗျာ၊ သူ့ရဲ့အပြောအဆို အမူအရာတွေဟာ ကျွန်တော် ငယ်ငယ်က ပြုမူပြောဆိုတာတွေနဲ့ ကွဲလွဲနေလို့ သိတာနေမှာပါခင်ဗျာ၊ ဒါပေမယ့် ကျန်တိတ်ကို သူကိုယ်တိုင်က ချစ်နေမိတော့ လူကြီးတွေကို ဒီကောင် အတုအယောင်ဖြစ်ကြောင်း ထုတ်ဖော်မပြောဘူးပေါ့ ခင်ဗျာ ...

"ဟိုတစ်ယောက်ကလည်း သူ့ကို မေတ္တာစစ်နဲ့ ချစ်ရှာတာပါ၊ သူရထားတဲ့ သံသေတ္တာကို သူဟာ ထုတ်မပေးပါဘူး၊ အသေခံသွားတာ ကြည့်ပါတော့ခင်ဗျာ၊ နောက်ပြီး ဟိုက သံသေတ္တာကို ထုတ်ပေးဖို့ ပြောတော့ သူက လိုးလွှဲပြီး ပြောခဲ့တယ်၊ ဟိုက လည်မျိုကို နင်းသတ်တာပါ"

● ✻ ●

လူကြီးများသည် ကျန်တိတ်၏ အလောင်းဆီ မျက်စိများ ရောက်ရှိသွားပြန်တော့၏။

"သူဟာ လုဝမ်ရင်းကို ချစ်မိပြီး သူ့ကိုယ်သူ လူကောင်းတစ်ယောက်ဖြစ်အောင် ပြုပြင်မယ်လို့ ဆုံးဖြတ်ဟန်တူပါတယ်၊ သူဟာ ကျွန်တော့်အပေါ် အလွန်ပဲ စာနာခဲ့ဟန်တူပါတယ် ...

"ကျွန်တော့် ကိုယ်စားလည်း ဝင်ရောက် ဟန်ဆောင်သေး

တယ်၊ ကျွန်တော့် ညီမကိုလည်း ယူသေးတယ်၊ ကျွန်တော့်ပစ္စည်းလည်း နိုးယူသေးတယ်ဆိုတဲ့ အဖြစ်မျိုး အရောက်မခံလိုဟန် တူပါတယ်"

"အင်း ... စိတ်ဓာတ်ကတော့ မဆိုးပါဘူး"

"သူဟာ အဲဒီပစ္စည်းကို မမက်ပါဘူး၊ မအပ်ဘဲ ငြင်းကွယ်ခဲ့တယ်၊ သူအသတ်ခံသွားတယ်၊ ပစ္စည်းထားတဲ့နေရာကို ကျွန်တော့်ကို ပြောသွားပါတယ်"

"ဟာ ... ပြောသွားသေးသလား၊ တော်ပါသေးရဲ့"

"ပြောသွားပါတယ်၊ ကျွန်တော့်ကိုလည်း တောင်းပန်သွားပါတယ်၊ ကျွန်တော် စိတ်အထိခိုက်ဆုံးကတော့ သေတော့မယ့်ဆဲဆဲမှာ ကျွန်တော့်နှမ လုဝမ်ရင်းကို သူချစ်တယ်ဆိုတဲ့အကြောင်း ပြောပြသွားတာပဲ ခင်ဗျာ"

လုဝမ်ရင်းထံမှ ရှိုက်သံထွက်လာ၏။

လုရှူဟုန်သည် သမီးဖြစ်သူ၏ ကြေကွဲဝမ်းနည်းမှုကို မျှဝေခံစားရသည်။

တန်ထင်ဟုန်မှာလည်း ရှင်းသာရှင်းနေရသည်။ စိတ်ချမ်းမြေ့ဟန် လုံးဝမရှိချေ။

"သူ့ကိုသတ်သွားတဲ့ လူကို မမိလိုက်ဘူးလားကွယ်"

လုရှူဟုန်က တန်ထင်ဟုန်အား မေးလိုက်၏။

"မမိလိုက်ဘူးလေ၊ မမိလိုက်တာကလည်း ကြည့်ဦးလေ၊ ကျွန်တော်က သူဒဏ်ရာရနေတာကို မသိဘူး၊ အဲဒီလူကို တိုက်ခိုက်



တယ်၊ ဒဏ်ရာရနေတဲ့လူ ညည်းသံကြားတော့ပြေးကြည့်တယ်၊ အဲဒီအချိန်မှာ အဲဒီလူ ထွက်ပြေးသွားတာပဲ"

သူက ဘယ်လိုလူလဲကွယ်"

"အဆင့်မြင့်ပုဂ္ဂိုလ်တစ်ဦးပါပဲ၊ ဘာကြောင့်လဲဆိုတော့ သေတဲ့လူနဲ့ သိုင်းပညာအဆင့်ချင်းက အင်မတန်ကွာခြားတာပဲကိုး၊ နောက်ပြီး သူဟာ ကိုယ်ဖျောက်ပညာသုံးပြီး ထွက်ပြေးသွားခဲ့တာပဲ ...

"တကယ်ဆိုရင် ကျွန်တော့် လက်ဝါးနဲ့ ရိုက်လိုက်ရင် တော်ရုံတန်ရုံလူဟာ တစ်ချက်တည်းနဲ့ မှောက်သွားမှာပဲ၊ ဒီလူကတော့ ပြန်ထလာနိုင်တယ်၊ ဒါကြောင့် အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်တစ်ဦးမှန်း ကျွန်တော်သိတာပါ"

တန်ထင်ဟုန်က ပြောရင်း လီတာကျေ့ကိုကြည့်၏။ လီတာကျေ့သည် ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ပြီးမှ သူက တန်ထင်ဟုန်အား မေးသည်။

"မင်း သူ့ကိုတွေ့ရင် မှတ်မိမှာပေါ့"

"ဟာ ... ဘယ်မှတ်မိမှာလဲ၊ သူက အနက်ရောင်ဝတ်စုံကြီးကို ဝတ်ဆင်ထားတာ၊ မျက်နှာဖုံးအနက်ကြီးလည်း စွပ်ထားသေးတယ်၊ မှောင်ထဲမှာ သူ့ကို ဘယ်မြင်နိုင်မှာလဲ"

"အေး ... ဟုတ်သားပဲ"

"ကျုန်တိတ် မသေခင်က ပြောသွားတယ်၊ သူတို့ဂိုဏ်းချုပ်ကြီးဟာ အမြဲတမ်း အဲဒီလိုပဲ နေတယ်လို့ ပြောသွားပါတယ်"

"ဒါနဲ့ သံသေတ္တာကလေးထားတဲ့ နေရာကိုတော့ မင်းကို ပြောပြသွားတယ် မဟုတ်လား"

လီတာကျော်က မေးလိုက်၏။

"ဟုတ်ပါတယ် … ပြောပြသွားပါတယ်၊ သူ့အခန်းထဲက ခုတင်အောက်မှာ ရှိတယ်လို့ ပြောသွားပါတယ်၊ ခက်ခက်ခဲခဲနေရာမှာ ထားခဲ့တာတော့ မဟုတ်ပါဘူး"

တန်ထင်ဟုန်သည် လုဝမ်ရင်းအား ကြည့်ပြီး ပြောလိုက်လေသည်။

"လုဝမ်ရင်း … သူ့အခန်းထဲက ခုတင်အောက်မှာ သံသေတ္တာကလေး ထားခဲ့တယ်လို့ သူကပြောခဲ့တယ်၊ လုဝမ်ရင်း ယူပေးပါလားကွယ်"

လုဝမ်ရင်းက ထိုင်ရာမှ ထသွားလေ၏။

လီတာကျော်က တဟားဟားနှင့် အော်ရယ်ပြီး …

"ဟား … ဟား … ဟား … ကျွန်တော့် တူတော်မောင်က ကျွန်တော့်ကို ပန်းတစ်ရာ စားသောက်ဆိုင်ထဲမှာ ပညာပြသွားတယ် နောင်ကြီး လုရှုဟုန်ရဲ့"

လုရှုဟုန် အံ့ဩသွားသည်။

"ဟုတ်လား … မင်းတို့ ဆုံဖူးသလား"

"ဟုတ်ကဲ့ … ဆုံဖူးပါတယ်"

"ရန်ဖြစ်ကြတာပေါ့ နောင်ကြီးရယ်၊ ကျန်တီတ်က ကျွန်တော်တို့ကို ဆွပေးတာ၊ သူကတော့ ကျွန်တော့်ကို ဦးရီးဆိုတာ သိနေတော့ အလျှော့ပေးတာပေါ့၊ ကျွန်တော်က အကြောင်းမသိဘဲ ပုန်းဒိုင်းကြိမိတာပေါ့"



လုချူကွီးက တဟဲဟဲရယ်နေ၏။

လီတာကျော်က …

"ကုချူကွီး … မင်းက ဘာရယ်တာလဲ"

"ရယ်တာပေါ့ဗျာ၊ အဲဒီတုန်းက ကျုပ်အပေါ်မှာ ရှိနေတယ်ဗျ၊ တူဝရီးတွေ ဝိုင်းဒိုင်းကြိနေတော့ ပထမတော့ စိုးရိမ်မိတယ်၊ နောက်တော့ တန်ထင်ဟုန်က အလျှော့ပေးနေမှန်း သိတော့ ကျုပ်လည်း စိတ်အေးပြီး ပွဲကြည့်ပရိသတ်ပဲ လုပ်ရတာပေါ့၊ နောက်ဆုံးတော့ နောင်ကြီးကီတာကျော်တို့မှာထားပြီး တို့တောင် မတို့ရသေးတဲ့ စားပွဲကြီးကို ကျုပ်စားရတော့တာပဲဗျာ"

ကျင်ရှာမွေးမှာ ထိုအချိန်က မကျေမနပ်ဖြင့် ပိုက်ဆံပေးခဲ့ရသူဖြစ်၍ လုချူကွီး ရယ်နေသောအခါ လုချူကွီးကို မျက်စောင်းထိုးနေလေ၏။

● ✻ ●

## အခန်း(၅၆)
## အမွေသေသတ္တာ

လုချူကွီးသည် စားသောက်ဆိုင်က အကြောင်းများကို ရယ်၍ ပြန်ရှင်းပြနေ၏။

တန်ထင်ဟုန်က သူ့ဦးကြီး လီတာကျွေကို တောင်းပန်သည်။

"ဦးလီတာကျွေ၊ အဲဒီတုန်းက အဖြစ်အပျက်ကို ခွင့်လွှတ်ပါတယ်နော်၊ ကျွန်တော်က ဦးကို အသိပေးလို့ မဖြစ်ပါဘူး၊ ကျန်တိတ် ပါနေတယ် မဟုတ်လား"

လီတာကျွေက ခေါင်းညိတ်၏။

"ငါနားလည်ပါတယ် တန်ထင်ဟုန်ရာ၊ ငါကတောင် မင်းကို တောင်းပန်ရမှာကွ၊ ငါ တဇောက်ကန်းလုပ်လိုက်တာ မင်း ခံကာ ကွယ်လိုက်ရတယ် မဟုတ်လား"

သူသည် ထိုအချိန်က လုံနှင့် ပစ်လိုက်သည့်အတွက် တန်ထင်ဟုန်ကို ပြန်တောင်းပန်နေသည်။ ထိုအခါ တူဝရီးအားလုံး ရယ်ရယ် မောမောနှင့် ဖြစ်နေသည်။



သူတို့ အဖြစ်အပျက်ကို တကယ် မသိသူများကတော့ အူ ကြောင်ကြောင် ဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် အလောင်း ကြီးရှေ့၌ထားပြီး ရယ်နေသောကြောင့်တည်း။

ထိုစဉ် လုဝမ်ရင်း ပြန်ရောက်လာသည်။

သူသည် သံသေတ္တာကလေးကို ပြန်ယူလာ၏။

ဤသံသေတ္တာကလေးအတွက် ကျန်တိတ်သည် အသက်ပေး သွားခြင်း ဖြစ်သည်။ သူမသည် သံသေတ္တာကလေးကို လူကြီးများ ရှေ့၌ ချထားလိုက်၏။

လုရှုဟုန်က ...

"အင်း ... တော်သေးရဲ့၊ စိတ်ကောင်းဝင်သွားသူနဲ့ တွေ့ပေလို့"

"မှန်ပါတယ် ခင်ဗျာ၊ ကျန်တိတ်ဟာ လူကောင်းဖြစ်ဖို့ ပြန် ကြိုးစားနေတဲ့လူပါ၊ နို့မို့ရင် ဒီသံသေတ္တာဟာ အောက်လမ်းဂိုဏ်းက ဂိုဏ်းချုပ်တစ်ယောက်ရဲ့ လက်ထဲရောက်နေပြီ၊ သူတို့ဟာ ဒုစရိုက် အလုပ်တွေကို အားပေးအားမြှောက်လုပ်နိုင်တဲ့ ပညာတွေ မပါဘူး မပြောနိုင်ဘူး"

လုရှုဟုန်သည် သေတ္တာထဲ၌ သိုင်းကျမ်းများပါနိုင်သည်ကို ရည်ရွယ်၍ပြောလိုက်ခြင်း ဖြစ်သည်။ သိုင်းပညာရပ် တစ်ခုခုပါလျှင် ထိုပညာပေါက်ရောက်အောင် သင်ကြားပြီး ပိုမိုဆိုးသွမ်းလှုပ်ရှား နိုင်သည်။

"ဖေဖေ ... ကျန်တိတ်ဟာ လူကောင်းတစ်ယောက် ဖြစ်နေပါ ပြီ၊ ဒါကို သမီးသိပါတယ်၊ ဒါကြောင့်လည်း သမီး သူ့ကို မေတ္တာ မျှလိုက်တာပါ"

သူမသည် စကားဆုံးသောအခါ ကျန်တိတ်ကို သတိရပြီး ငိုကြွေးပြန်လေတော့၏။ ရှုလန်က သူမကို ချော့မော့နှစ်သိမ့်နေရ၏။

တန်ထင်ဟုန်က ...

"ကျွန်တော် ဒီလိုတွေးပါတယ် ခင်ဗျာ၊ ဒီသံသေတ္တာကို သူတို့လိုချင်တယ်ဆိုတာ သူတို့မှာ အကြောင်းရှိပါလိမ့်မယ်၊ ဒီသံသေတ္တာထဲမှာ သူတို့ဂိုဏ်းအတွက် အကျိုးရှိမယ့် ပစ္စည်းတစ်ခုခု ရှိမယ်လို့ မျှော်လင့်ရပါတယ်"

"ဟုတ်တယ် ... ဖြစ်နိုင်တယ်"

လုချူကြွီးက ထောက်ခံလိုက်၏။

တန်ထင်ဟုန်က ...

"ဒီအထဲမှာ ဘာပစ္စည်းရှိတယ်ဆိုတာ သူတို့ဟာ ဖေဖေရှိစဉ်ကတည်းက သိနေပုံရတယ်၊ ဖေဖေ့လက်ထဲမှာဆိုတော့ သူတို့ဟာ မကြံစည်ဝံ့ကြဘူး၊ ဒီတော့ သူတို့တွေဟာ ဖေဖေ့ကို လုပ်ကြံကောင်း လုပ်ကြံနိုင်တယ်၊ ဦးတို့ကော အဲဒီလို မတွေးမိဘူးလားခင်ဗျာ"

ရွှေလုံ့ပျံ လီတာကျွေမှာ မျက်မှောင်ကြုတ်သွားလေ၏။ ကြယ်ပစ်ဝိဇ္ဇာ လုရှုဟုန်မှာ ခေါင်းတညိတ်ညိတ် ဖြစ်နေလေသည်။

လုချူကြွီးကမူ လီတာကျွေနှင့် လုရှုဟုန်တို့ကို အကဲခတ်နေ၏။

ရှုလန်မူ သူ့အနားသို့ ကပ်မရသော ချစ်သူအနီး၌ နေနေရသဖြင့် ဝမ်းသာကြည်နူးနေသည်။ သူ့ချစ်သူ၏ ဦးဆောင်မှုစွမ်းရည်ကိုလည်း သူမ ယုံကြည်သည်။

သူမသည် ချစ်သူဖြေရှင်းနေပုံကို ရွှန်းလက်တောက်ပသော မျက်လုံးများဖြင့် ကြည့်နေမိသည်။



လုဝမ်ရင်း တစ်ယောက်မှာ ရှိုက်နေလေသည်။

လီတာကျွေက ...

"ဓားနှစ်လက်ကိစ္စနဲ့ ပတ်သက်ပြီး ငါပြောချင်တယ်၊ မင်း အကူအညီလိုရင် နေပြည်တော်သာ တက်လာခဲ့ပါ၊ ဦးလီတာကျွေ အနေနဲ့ ရဲမက်စစ်သည်အင်အား အကူအညီပေးနိုင်ပါတယ်၊ ဦးဦးလီ ပါမှာပေါ့ကွယ်"

သူ့ဇနီးက ဆက်ပြီးပြောသည်။

"လိုအပ်ရင် ဘုရင် ကေရာဇ်ကြီးအထိတက်ပြီး လျှောက်ထားပေးမယ်၊ ဦးလီဟာ ဒီလောက်တော့ ပေါက်ရောက်ပါတယ်၊ ဒေါ်လေးတို့ တတ်နိုင်သမျှ ကူညီပါ့မယ်ကွယ်"

တန်ထင်ဟုန်က ဦးခေါင်းကို ခါယမ်းလိုက်၏။

"မလိုအပ်သေးပါဘူး ဒေါ်လေးရယ်၊ လိုအပ်ရင် ကျွန်တော် နေပြည်တော်ကို တက်လာခဲ့ပါ့မယ်"

တန်ထင်ဟုန်သည် အားလုံးကို ပြေလည်စွာဆက်ဆံနိုင်၏။

တန်ထင်ဟုန်သည် သံသေတ္တာလေးကို ကြည့်လိုက်၏။

"မင်း သံသေတ္တာကလေးကို ဖွင့်ကြည့်ဦးမှာလား၊ တန်ထင်ဟုန်၊ ကျန်တိတ်ကတော့ ဖွင့်ဖို့ငြင်းတယ်ကွ"

သူသည် တန်ထင်ဟုန်အား ပြောပြသည်။

တန်ထင်ဟုန်က ...

"သူကတော့ ဘယ်ဖွင့်ပါ့မလဲ၊ သူ့ပစ္စည်းမှမဟုတ်တာ၊ သူ့ပစ္စည်းမဟုတ်တော့ သူ ဖွင့်မကြည့်ချင်ဘူးလေ၊ တကယ်တော့ ကျွန်တော်ကတော့ ကိုယ်တိုင်သေတ္တာပဲ၊ ကိုယ့်အဖေက အမွေပေး

ခဲ့တဲ့ သေတ္တာပဲ၊ ဒီတော့ ဖွင့်ကြည့်ရမှာပေါ့ဗျာ၊ နောက်ပြီး လူကြီး စုံရာလည်း ရှိနေပြီမဟုတ်လား”

လီတာကျွေ၏ မျက်နှာ ဝင်းထိန်သွား၏။ သူသည် ယခင်က လည်း ဖွင့်ကြည့်ရန် တိုက်တွန်းမိသည်။ ကျန်တိတ်က ငြင်းပယ်ခဲ့ သဖြင့် သူမကြည့်ခဲ့ရချေ။ ယခုတော့ တန်ထင်ဟုန် ဖွင့်ပေတော့မည်။

● ✻ ●

လုချူကွီးမှာ မျက်မှောင်ကြုတ်သွား၏။ သူကတော့ သံသေတ္တာ ကို တန်ထင်ဟုန် တစ်ယောက်တည်း ကြည့်စေချင်သည်။ ကိုယ့် ဖခင်ပေးသည့် အမွေပစ္စည်းပေပဲ။

လုရှုဟုန်မှု သိပ်စိတ်ဝင်စားဟန် မပြချေ။ တူဖြစ်သူ တန် ထင်ဟုန်ကိုသာ စိုက်ကြည့်နေခဲ့သည်။ အခြေအနေသည် အလွန် စိတ်ဝင်စားဖွယ်ကောင်းသော အခြေ အနေဖြစ်သည်။

ရှုလန်နှင့် လုဝမ်ရင်းတို့မှာမူ သေတ္တာထဲ၌ ဘာများပါမလဲဟု စိတ်ဝင်စားနေကြ၏။

လုရှုဟုန်က ...

“ဪ ... မင်းကို ပြောရဦးမယ်၊ သော့တံတော့ မရှိဘူးကွ၊ မင်းကို သော့တံ အစားတစ်ခုတော့ ငါပေးနိုင်ပါတယ်”

လုရှုဟုန်သည် နံရံ၌ ချိတ်ဆွဲထားသော ဓားကြီးတစ်ချောင်း ကို ဆွဲယူလျက် တန်ထင်ဟုန်လက်ထဲသို့ ထည့်ပေးလေ၏။

“ဒါကြီးဆိုရင်တော့ မင်း အသုံးပြုလို့ရမှာပါ၊ ဒါနဲ့ ကန့်လန့် ဖွင့်ချင်ဖွင့်၊ မဖွင့်ချင် ခုတ်ချ၊ ကြိုက်သလိုလုပ်လို့ ရပါတယ်”



တန်ထင်ဟုန်က ပြုံး၍ ပြောသည်။

“ရပါတယ် ဘကြီးရဲ့”

“ဟော့ ... တန်ထင်ဟုန်၊ ငါ့လှံကိုယူမလား၊ လှံနဲ့ ကန့်လန့် ဖွင့်ချင်လည်း ရတယ်၊ ထိုးချချင်လည်းရတယ်၊ မင်းကြိုက်သလို လုပ်နိုင်တယ်၊ ငါ့လှံက သေးသေးကွေးကွေး မဟုတ်ဘူး”

“ဟင့်အင်း ... မယူပါဘူး ခင်ဗျာ”

“ဓားတွေ လှံတွေက ဖွင့်ရခက်ရင် ခွက်နေဦးမယ်၊ ငါ့ခက် ရင်းခွကြီးက တစ်ချက်တည်းနဲ့ သေတ္တာပွင့်သွားနိုင်တယ်၊ ခက်ရင်း ခွကြီး ယူမလား တန်ထင်ဟုန်”

“နေပါစေ ဦးလုချူကွီး”

တန်ထင်ဟုန်သည် သံသေတ္တာကို ကိုင်တွယ်ကြည့်ရှုလေ၏။ သော့ခလောက်ကိုကြည့်သည်။ သော့ခလောက်က လက်ဝါးသာသာ ရှိသည်။

သေတ္တာနှင့်စာလျှင် သော့ခလောက်က ကြီးနေသည်။ ကြီး သည်ဟု ထင်နေရသည်။ သူသည် သော့ခလောက်ကို ကိုင်တွယ် ကြည့်ရှုနေသည်။

ရှုလန်က ပြုံးကြည့်သည်။

“ဒီသော့ခလောက်ကို ကျွန်တော် ဒီအတိုင်းပဲ ဖွင့်လိုက်ပါ့မယ်”

တန်ထင်ဟုန်သည် သော့ခလောက်ကြီးကို ဆုပ်ကိုင်၍ ဆောင့် ဆွဲလိုက်၏။

“ချောက် ...”

သော့ခလောက်ကြီးသည် သူ့လက်ထဲ၌ ပြုတ်ထွက်ပါလာ

သည်။ တန်ထင်ဟုန်သည် ဤသည်ကို တမင်ပြခြင်းပင် ဖြစ်ပါသည်။

လူကြီးများက သူ့အတွင်းအားကို ခန့်မှန်းနိုင်ရန် ထုတ်ပြလိုက်ခြင်း ဖြစ်ပါသည်။

လူကြီးများ သူ၏အတွင်းအားကို အံ့သြနေကြသည်။

ဒီကောင်လေးရဲ့ အတွင်းအား ကြီးမားလှပါကလားဟူသော အကြည့်ဖြင့် ကြည့်နေကြသည်။ တန်ထင်ဟုန်သည် သေတ္တာအဖုံးကို ဖွင့်လိုက်သည်။ နေပြည်တော်သူ ကျင်ရှာမွေးသည် သူမစိတ်ထဲ၌ ရတနာများသာရှိမည်ဟု ထင်နေခဲ့သည်။

သေတ္တာအဖုံးကို ဖွင့်လိုက်သောအခါ လင်းလက်တောက်ပြောင်သော အရာဆို၍ ပုလင်းကွဲမျှပင် မတွေ့ရချေ။

ကျင်ရှာမွေးသည် ရတနာများကို မတွေ့ရသဖြင့် စိတ်ပျက်သွားသည်။ လုဝမ်ရင်းကမူ မျက်လုံးကလေး အဝိုင်းသားဖြင့် ကြည့်နေသည်။

ကျန်သူအားလုံးမှာ သေတ္တာလေးကို စိတ်ဝင်စားစွာ ကြည့်ရှုနေမိကြလေသည်။ သေတ္တာအထဲ၌ သေတ္တာနှင့် ကွက်တိပြုလုပ်ထားသော စာအုပ်ကြီးတစ်အုပ် ပါရှိသည်။

စာအုပ်မှာ အနီရောင်ဖြစ်သည်။ အဖုံး၌ စာအုပ်အမည်ကို ရေးခြယ်ထားသည်။

သူတို့အားလုံးသည် စာလုံးကို ဖတ်ရှုလိုက်ကြသည်။

"မုန်တိုင်း ဓားစကြာ မဟာသိုင်းကျမ်း"

သူတို့အားလုံး ဖတ်ပြီးသောအခါ အားလုံးပင် 'ဟာခနဲ'ဖြစ်သွားကြသည်။



"သိုင်းကျမ်းကြီးပါလား"

"အင်း … ဒါဟာ တစ်ချိန်က နာမည်ကြီးခဲ့တဲ့ ဓားသိုင်းကျမ်းကြီးပဲ"

သူသည် သတိတရ ပြန်လည်ပြောပြလေသည်။ လီတာကျွေမှာ ဓားသိုင်းကျမ်းကြီးကိုသာ မျက်တောင်မခတ်တမ်း ကြည့်ရှုနေသည်။

ထိုစဉ် လုံရှုဟုန်က လွမ်းတသသ တမ်းတမ်းတတ ပြောလေသည်။

"အင်း … တန်ထင်လင်း … တန်ထင်လင်း မင်းဟာ သားအတွက် ရည်ရွယ်ထားခဲ့ပုံပဲ၊ မင်းက သားကို ဓားသိုင်းသူရဲကောင်းကြီး ဖြစ်စေချင်တာကိုး"

"မင်း ဓားသိုင်းသူရဲကောင်း ဖြစ်စေချင်တဲ့ မင်းသားဟာ မင်းထားခဲ့တဲ့ ဓားကျမ်းကို မရခဲ့ရှာပါဘူး၊ မင်းထားခဲ့တဲ့ ဓားသိုင်းကျမ်းကို မလေ့လာနိုင်ခဲ့ပါဘူး၊ ဒါပေမယ့် သိုင်းလောကမှာ မင်းဖြစ်စေချင်တဲ့ ဓားဘုရင်တော့ ဖြစ်နေခဲ့ပါပြီ …

"မင်းသားက အကူအညီမပါဘဲနဲ့ သိုင်းလောကရဲ့ ဓားဘုရင်ဖြစ်နေပါပြီ၊ မင်းမြင်စေ့ချင်ပါတယ် ထန်ထင်လင်းရယ်"

ထိုအချိန်၌ တန်ထင်ဟုန်သည် ဓားသိုင်းကျမ်းကြီးကို သေတ္တာထဲမှထုတ်ပြီး ဖြစ်နေသည်။ သူသည် စာရွက်တချို့ကိုပင် လှန်ကြည့်နေသည်။

● ✻ ●

## အခန်း(၅၇)
## ရှေ့အစီအစဉ်

လုရှုဟုန်၊ လီတာကျော်၊ လုချူကွီ၊ ရှုလန်နှင့် လုဝမ်ရင်းတို့သည် ဝိုင်း၍ကြည့်နေကြသည်။ လုချူကွီးက သတိပေးသည်။

"တန်ထင်ဟုန် ... မင်းကောင်းကောင်း သတိထားရတော့မယ်၊ နဂါးပျံဂိုဏ်းဟာ ဒီသေတ္တာထဲမှာ သိုင်းကျမ်းရှိနေတယ်ဆိုတာ သိနေပုံပဲ၊ သူတို့လိုချင်လို့ လုပ်ကြံတာ ရမသွားခဲ့ဘူး၊ မင်းဆီကို မုန်တိုင်း တိုက်လာဦးမယ်လို့ ငါ ထင်တယ်"

မှန်သည်။ လုချူကွီးပြောသည်မှာ မှန်သည်။ နဂါးပျံဂိုဏ်းချုပ်ကြီး လွှတ်သွားသည် မဟုတ်ပါလား။ သူက တစ်စုံတစ်ခု တုံ့ပြန်မည်သာ ဖြစ်သည်။ သူ့လူ သံသေတ္တာကို ရထားပါလျက် သူ့ကို ပေးလိုက်သည့်အတွက် သူ တစ်ပူနာသွားရခြင်း ဖြစ်သည်။

သူ အခံကျေနိုင်ပါမည်လော။

မုန်တိုင်း တိုက်လာပေလိမ့်ဦးမည်။

နဂါးပျံဂိုဏ်းမှာ အောက်လမ်းသိုင်းဖြစ်၍ တန်ထင်ဟုန်က ပူစရာမလိုဟု ယူဆသည်။ သူသည် အထက်လမ်းသိုင်းလောက၏ ဓားဘုရင် မဟုတ်ပါလော။



"ဒီကောင်တွေ ဘယ်လောက် မုန်တိုင်းတိုက်နိုင်မှာလဲ ဦးလုချူကွီး၊ အဲဒီမုန်တိုင်းကို ကျွန်တော်လက်ဝါးနဲ့ တားမယ်၊ ဒီမုန်တိုင်းကို ကျွန်တော်ရင်ဆိုင်မယ်၊ ဒါမှ ဖေဖေ့ကို လုပ်ကြံတဲ့ သံလွှန်စတွေကို တွေ့မယ်၊ သဲလွန်စတွေ့မှ တရားခံတွေကို ဖော်ထုတ်နိုင်မယ်"

တန်ထင်ဟုန်သည် သူ့ရင်ထဲရှိသမျှကိုဖွင့်ဟထုတ်ဖော်ပြော၏။

"ဒါဖြင့် မင်း ဘာဆက်လုပ်မလဲ၊ ဘယ်လိုစိတ်ကူးသလဲ၊ ဒီသိုင်းကျမ်းကို ဘယ်မှာ ထိန်းသိမ်းထားမလဲ၊ ချိုးငှက်သိုက်မြို့အိမ်ကြီးဆီမှာပဲ ထိန်းသိမ်းထားမလား"

"အရင်ကတော့ သိုင်းလေးဖော် ခေါ်တာပေါ့ကွာ၊ အခု သိုင်းသုံးဖော်ခေါ်တဲ့ သိုင်းညီအစ်ကိုတွေက မင်းရဲ့သိုင်းကျမ်းကြီးကို စောင့်ရှောက်ပေးရမလား၊ မင်းရဲ့ဆန္ဒကို ပြော"

ရွှေလှံပျံလီတာကျော်က မေးမြန်းလာ၏။

တန်ထင်ဟုန်သည် စဉ်းစားနေ၏။ အတန်ကြာမှ ...

"ကျွန်တော်ကတော့ ဒီသိုင်းကျမ်းကြီးကို ဘကြီးတို့ဆီမှာ မထားခဲ့ချင်ပါဘူး၊ မထားချင်တာက ဘကြီးတို့ကို မယုံလို့မဟုတ်ပါဘူး၊ ဘကြီးတို့ဟာ သိုင်းသမား အရင့်အမာကြီးတွေပဲ၊ သိုင်းလောကအကြောင်း ကျွန်တော့်ထက် ပိုသိပါတယ်"

တန်ထင်ဟုန်သည် သူ့စကားကို ဆက်ရှင်းပြသည်။ ရှင်းပြမှအားလုံး သဘာဝကျမှ သူ့အတွက် ကောင်းပေလိမ့်မည်။

"သိုင်းလောကဆိုတာ သိပ်ထူးဆန်းပါတယ်၊ ဘဘကြီးတို့လည်း သိထားတာပဲ၊ ရတနာမြေပုံတစ်ခုခု အနံ့ရပြီဆိုရင် သိုင်းကျမ်းတစ်ခုခု အနံ့ရပြီဆိုရင် အားလုံး ဝိုင်းလိုက်ကြတော့တာပဲ၊ အခု သိုင်းကျမ်းတစ်ခုကို အနံ့ရပြီ၊ နဂါးပျံဂိုဏ်းက ဒီအနံ့နောက်ကို

လိုက်လာပြီး ..."

"ဒီပြင်ဂိုဏ်းတွေက အနံ့မရသေးဘူးနော်၊ ဘယ်ဂိုဏ်းမဆို အနံ့ရရင် လိုက်လာမှာပဲ၊ ဂိုဏ်းတစ်ရာ အနံ့ရရင် ဂိုဏ်းတစ်ရာ လိုက်လာမှာပဲ၊ ဒီအခါမှ စောင့်ရှောက်ရတဲ့လူအဖို့ အင်မတန် ဘေး အန္တရာယ်ကြီးလှပါတယ်၊ အထူးသဖြင့် ခုလို သိုင်းကျမ်းမျိုးကို သိုင်းသမားတွေ ပိုလိုချင်ကြတယ်၊ ပိုပြီး အလိုရှမ္မက်ကြီးတယ်၊ ဒီလိုဒုက္ခတွေကို ဘဘကြီးတို့ကို မကြုံစေချင်ပါဘူးဗျာ"

တန်ထင်ဟုန်က ပြေလည်စွာ ရှင်းပြ၏။

သူ့ဘကြီးများမှာ အားလုံး သဘောပေါက်ကြသည်။

လုရှူဟုန်က ...

"ဒါဆို မင်း ဒီသိုင်းကျမ်းကြီးကို တစ်နေရာမှာတော့ သိမ်းဆည်းရမှာပဲ၊ ဘယ်နေရာမှာ သိမ်းဆည်းထားဖို့ စိတ်ကူးသလဲ၊ ကိုယ်နဲ့မကွာ ယူသွားလို့တော့ ဖြစ်မယ်မထင်ဘူး"

တန်ထင်ဟုန်က ခေါင်းယမ်းသည်။

"ဘဘကြီးထင်တာ မှားနေပြီ၊ ဒီစာအုပ်က ဒီလောက်ကြီးတာမှ မဟုတ်ဘဲ၊ ဝတ်ရုံထဲထည့်လိုက်ရင် ပျောက်သွားတာပဲ ဥစ္စာ၊ ဒီတော့ ကျွန်တော်ကတော့ ဒီသိုင်းကျမ်းကို ကိုယ်နဲ့မကွာ သိမ်းထားမယ်လို့ စိတ်ကူးပါတယ်"

"ဟာ ... မင်းဟာကလဲကွာ"

လီတာကျွေမှာ မျက်နှာကြီး ရှုံ့မဲ့သွားသည်။ သူသည် ကိုယ်နှင့် မကွာ ထားမည်ဆိုသည့် အယူအဆကို သဘောမတူချင်ပေ။

များသောအားဖြင့် သိုင်းကျမ်းများကို လျှို့ဝှက်သည့် တစ်နေရာ၌ သိမ်းဆည်းထားတတ်ကြသည်။



လီတာကျွေက ...

"မင်း အယူအဆမှားနေပြီ တန်ထင်ဟုန်၊ မင်း ဒါကြီးကို ပိုက်ထားသမျှ မင်းမှာ ရန်သူတွေ ဝိုင်းဝိုင်းလည်နေတော့မှာပေါ့၊ စဉ်းစားပါဦးကွာ၊ ငါတို့ သိထားသမျှနဲ့တော့ မင်းအယူအဆဟာ ဆန့်ကျင်ဘက်ကြီး ဖြစ်နေတယ်"

ကြယ်ပစ်ဝိဇ္ဇာ လုရှူဟုန်ကလည်း ဝေဖန်လိုက်သည်။

"မင်းဥစ္စာက မဟုတ်သေးပါဘူးကွာ၊ ကိုယ့်သေမင်းကို ကိုယ် ရင်ခွင်ပိုက်ထားသလို ဖြစ်နေတယ်"

ထိုအခါ တန်ထင်ဟုန်က ခေါင်းမာမာနှင့် ရှင်းပြ၏။

"ကျွန်တော် ရင်ဆိုင်ပါ့မယ် ဘဘကြီး၊ အဲဒီ ရန်သူတွေထဲက ကျွန်တော့်ဖခင်ကို သတ်တဲ့လူတွေကို ကျွန်တော် စစ်ထုတ်ရမယ်၊ ဖေဖေ့ကိုသတ်တဲ့ ဟရားခံတွေကို ကျွန်တော် ဖော်ထုတ်မယ်၊ တကယ်တော့ ကျွန်တော်ဟာ ဒီသိုင်းကျမ်းကြီးကို ငါးစာလုပ်ရမှာပါ ဘကြီး"

"မင်းဥစ္စာက မဟုတ်သေးပါဘူးကွယ်"

"ဟုတ်ပါတယ် ... ဖေဖေ့ကိုသတ်တဲ့ တရားခံကို ဘဘကြီးတို့ကလည်း လိုက်ပြီး စုံစမ်းကြသေးတာပဲ၊ ဒါပေမယ့် တရားခံကို မမိဘူး၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ဘဘကြီးတို့ဆီမှာ ငါးစာမရှိလို့ပါ၊ ငါးစာရှိမှ ငါးလာဟပ်မှာပေါ့၊ ဒီတော့ ဒီသိုင်းကျမ်းကို ငါးစာ အဖြစ်ထားမယ်၊ လာဟပ်တဲ့ ငါးတွေကြားမှာ တရားခံကို ရှာမယ်၊ ကျွန်တော့်အတွက် အခွင့်အလမ်းပါပဲခင်ဗျာ"

လုရှူဟုန်နှင့် လီတာကျွေတို့ကမူ သဘောမယူကြချေ။

ခက်ရင်းခွ ကုချုကွီးကမူ တန်ထင်ဟုန်၏ စကားများကို

သဘောအကျကြီး ကျနေလေ၏။ အားရကျေနပ်နေ၏။

သူကလည်း သူ့တူဘက်မှ တရားခံများကိုရှာဖွေပေးရချေမည်။

● ☼ ●

ရှလန်ကတော့ ချစ်သူမျက်နှာ တစ်ရှာထင်ထားသူဖြစ်၏။ ချစ်သူဘာလုပ်လုပ် နောက်ကလိုက်လုပ်မည့်သူ ဖြစ်သည်။

ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာ လိုက်ပါရစမြဲဟု မှတ်ယူထားသူဖြစ်၏။

သူသည် ချစ်သူ တန်ထင်ဟုန် ပြောနေသည့် စကားများကို ပြုံး၍ ဂုဏ်ယူနေ၏။

ဓားညီနောင် စစ်ကုယောင်ဆိုသည်မှာ လာမည့်ဘေးကို ပြေး၍ ရင်ဆိုင်တတ်သူ ဖြစ်ပေသည်။ သူမသည်လည်း ဤသို့ပင် ကျင့်ကြံတတ်သည်။ ထို့ကြောင့် ချစ်သူပြောသမျှ စကားများသည် သကာပျားကဲ့သို့ ချိုမြနေသည်။

လုဝမ်ရင်းမှာမူ သူနှင့် ငယ်ငယ်တုန်းကကစားဘက်ဖြစ်ခဲ့သော တန်ထင်ဟုန်ကို ငေးကြည့်နေခဲ့၏။ ယခု တန်ထင်ဟုန်သည် ယခင် တန်ထင်ဟုန် မဟုတ်တော့ပေ။

ယခင်က ငယ်ရွယ်လွန်သဖြင့် လူတောထဲမတိုးဟု ထင်ခဲ့ရသော်လည်း ယခုတော့ ပြဿနာကြီးများကို ကိုယ်တိုင်ဖြေရှင်းနေ၏။

သူ့ဘဘကြီးများကိုပင် ဒုက္ခရောက်မည်စိုးရိမ်ပါသတဲ့၊ သူမသည် အစ်ကိုတန်ကိုကြည့်ရင်း မျက်ရည်လည်နေမိ၏။

လုရှုဟုန်က ...

"အေးလေ ... ငါတို့ကတော့ ဒီသိုင်းကျမ်းကြီးကြောင့် မင်းမှာ



အန္တရာယ်ကျရောက်မှာစိုးတာပါ၊ အခက်အခဲ ကြုံလာရင်တော့ ငါတို့ကိုပြော၊ မင်းရဲ့ ဦးကြီး ဦးလေးတွေဟာ မင်းအတွက် အကာအကွယ်ပေးကြမယ့်လူတွေ၊ စောင့်ရှောက်မယ့်လူတွေ ဖြစ်တယ်ဆိုတာ မင်းသတိရပါ၊ တတ်နိုင်သမျှ ငါတို့ ဝိုင်းဝန်းကူညီပါ့မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဘဘကြီးခင်ဗျာ"

လုရှုဟုန်က ဆက်ပြော၏။

"အင်း ... မင်းကလည်း မင်းအယူအဆနဲ့ မင်းဆိုတော့ တို့ပြောရ တော်တော်ခက်တယ်၊ မင်းရဲ့ သိုင်းကျမ်းကို ဘဘကြီးတို့ ဆိုမှာဆိုလည်း ဘဘကြီးတို့က အန္တရာယ်ကြောက်မှာမဟုတ်ဘူးနော်၊ ဘဘကြီးတို့က ကာကွယ်စောင့်ရှောက်ရမှာ ဘဘကြီးတို့ရဲ့တာဝန်ဆိုတာ ဘဘကြီးတို့ နားလည်တယ်"

တန်ထင်ဟုန်က ခေါင်းညိတ်၏။

"ဘဘကြီးတို့ရဲ့ စေတနာကို ကျွန်တော် နားလည်ပြီးသားပါခင်ဗျာ၊ ဘဘကြီးတို့ဟာ ကျွန်တော်ရဲ့ ဖခင်အပေါ်လည်း စေတနာရှိခဲ့တယ်၊ ကျွန်တော့်ကိုလည်း တတ်နိုင်သမျှ စောင့်ရှောက်ခဲ့တယ်၊ ဒါကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ တကယ်တော့ ဘဘကြီးဟာ သိုင်းလောကကထွက်ပြီး အနားယူတဲ့လူပါ၊ ဒါကြောင့်မို့ ကျွန်တော်က ဘဘကြီးကို ဒုက္ခမပေးချင်တာပါ၊ ကျွန်တော်ကတော့ သိုင်းလောကထဲ ကျင်လည်နေရတဲ့ လူဖြစ်လို့ ကျွန်တော့်အဖို့ ရန်သူနည်းတာဟာ အကြောင်းမဟုတ်တော့ပါဘူး၊ အန္တရာယ်ပိုလာတယ် ဆိုတာလည်း မရှိတော့ပါဘူး၊ ကျွန်တော်က သတိကို အမြဲတမ်းထားနေရတာကိုး"

သူက ဆက်ပြောလေ၏။

"နောက်ပြီး ဒီသိုင်းကျမ်းကြီးကို ငါးစာအဖြစ် သုံးမယ်ဆိုရင်

တော့ မင်း ဒီသိုင်းကျမ်းကြီးကို အမြတ်တနိုး မလေ့ကျင့်တော့ဘူး လားလို့ မေးစရာရှိပါတယ်၊ ကျွန်တော် လေ့ကျင့်မှာပါ ခင်ဗျာ၊ ဒီသိုင်းကျမ်းကြီးကို ဘယ်သူ့လက်ထဲမှမပါအောင် ကျွန်တော် ကာကွယ်သွားမှာပါ၊ ကျွန်တော် ဒီလိုကာကွယ်သားတဲ့အခါမှာ ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါဘူး၊ ကျွန်တော်နဲ့အတူ သေအတူ ရှင်မကွာ ဒုက္ခတော အန္တရာယ်ထဲ လျှောက်လှမ်းနိုင်တဲ့ ဘ၀ကြင်ဖော် တစ်ဦးလည်းရှိပါတယ်၊ ဘဘကြီးတို့ ကျွန်တော့်အတွက်တော့ စိတ်ချပါခင်ဗျာ"

မျက်လုံးများသည် ရွှလန်ထံသို့ ရောက်ရှိသွားကြလေ၏။

ရွှလန်မှာ သူ့ကို သေအတူရှင်မကွာ ဘ၀ကြင်ဖော်သတ်မှတ်လိုက်သည့်အတွက် မျက်ရည်များလည်ပြီး ဂုဏ်ယူမိသည်။

လုရှုဟုန်က ...

"ကောင်းပြီလေ ... ဒါဆို မင်းတို့စုံတွဲက ဒီကနေ ခရီးဆက်ကြမယ်ပေါ့"

တန်ထင်ဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ခင်ဗျာ၊ ချက်ချင်းတော့ မထွက်ကြသေးပါဘူး၊ ဒီအေးချမ်းသာယာမြေဒေသမှာ ကျွန်တော်တို့ လုပ်စရာရှိတာလေးတွေကို လုပ်ကြရပါဦးမယ်၊ လုပ်ပြီးရင်တော့ ခရီးထွက်မှာပေါ့ခင်ဗျာ"

"အေး ... အေး ... ဒါဖြင့်ရင် ညဥ့်နက်လှပြီဆိုတော့ ရှုနဲ့ခွဲကြရအောင်၊ မနက်မှ ဒီအလောင်းကို သင်္ဂြိုဟ်ဖို့စီမံကြတာပေါ့ကွယ်"

ထို့နောက် အသီးသီး အိပ်ရာဝင်သွားကြတော့၏။ နောက်ဆုံး ညှိခန်းအတွင်း၌ ကျန်ရစ်သူသုံးဦးမှာ လုချူကြီး၊ တန်ထင်ဟုန်နှင့် လုရှုဟုန်တို့သာ ဖြစ်တော့သည်။



ကျန်တိတ်၏ အလောင်းလည်း ကျန်သည်။

ရွှလန်သည် သူ့ကို တန်တင်ဟုန်က သေမတူ ရှင်မကွာဘ၀ ကြင်ဖော်သတ်မှတ်လိုက်သည့်အတွက် အလွန်ပျော်သွားသည်။ သူမည်သည့်သောကမျှ မရှိတော့ချေ။ ထို့ကြောင့် အိပ်ချင်လာ၏။ တဝါးဝါး သမ်းနေသည်။

"ဟာ ... ဒီကောင်မလေး အိပ်ချင်နေပြီလား"

လုချူကြီးက မေးလိုက်၏။

ရွှလန်က ...

"ဟာ ... ဦးကြီးကလဲ အိပ်ချိန်တန်တော့ အိပ်ချင်တာပေါ့"

"ဒါဖြင့်ရင် အခန်းတစ်ခန်း ဝင်အိပ်လိုက်၊ ဒီမှာ အခန်းလွတ်တွေ အများကြီးပဲ၊ တို့တူဝရီးနှစ်ယောက်ကို နင်ဘာမှအားမနာပါနဲ့၊ တို့က ဒီအလောင်းကို စောင့်ရင်း မနက်မိုးလင်းတဲ့အထိ စကားပြောနေကြမှာ၊ နင်သွားအိပ်ချည်"

လုချူကြီးက ရွှလန်အားပြောလိုက်သဖြင့် ရွှလန်သည် ဟန်မဆောင်နိုင်တော့ဘဲ အခန်းလွတ်တစ်ခုထဲသို့ ဝင်ရောက်သွားလေတော့၏။ သူမသည် သိုင်းသမားတစ်ဦးဖြစ်သည်။ သိုင်းသမားတစ်ဦးသည် ဒေါင်ကျကျပြားကျကျ နေနိုင်သည်။

ချူးငှက်သိုက်မြို့စံအိမ်ကြီးမှာ ကြီးကျယ်လှသဖြင့် အခန်းပေါင်းများစွာ ဖွဲ့စည်းထားသည်။ အခြံအရံ ခြောက်ယောက်မျှရှိသော်လည်း အိမ်ကြီးနှင့်စာလျှင် နည်းပါးလှသဖြင့် တချို့အခန်းများမှာ ပိတ်ထားခဲ့ရသည်။

အိမ်ကြီးက ကြီးကြီး၊ နေထိုင်သူက နည်းသဖြင့် တစ်ခါတစ်ရံ ချောက်ချားစရာပင် ကောင်းနေသေးတော့သည်။

ယခုလည်း လုရှုဟုန်သည် အိမ်ဖော်တစ်ယောက်မျှ မနိုးဘဲ အခြေအနေကို ထိုက်သင့်သလို ဖြေရှင်းလိုက်ခြင်းဖြစ်သည်။

လူအများစုမှာ ကိုယ်စီ ကိုယ်စီ ဝင်ရောက် အိပ်ပျော်သွားပြီဖြစ်၍ တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ရစ်တော့သည်။

သို့သော် နဂါးပျံဂိုဏ်းသား ကျန်တိတ်၏ အလောင်းဘေးတွင်တော့ တန်ထင်ဟုန်နှင့် ဦးလေးဖြစ်သူ လုချုကြီးတို့ တီးတိုးတိုင်ပင်နေကြသည်။ သူတို့ ဘာတွေ တိုင်ပင်နေကြသနည်း။

လျှို့ဝှက်သော အကြောင်းအရာများ ဖြစ်နေသည်မှာ သေချာသည်။ သူတို့နား၌ မည်သူမျှမရှိသည်ကိုပင် သူတို့သည် နားနားကပ်၍ တိုင်ပင်နေကြသည်။ လျှို့ဝှက်သော အကြောင်းအရာသည် လျှို့ဝှက်ရမှပင် ကောင်းလေ၏။

လုချုကြီးနှင့် တန်ထင်ဟုန်တို့ ဆက်ပြောနေစဉ် ချိုးငှက်သိုက်မြို့အိမ်ကြီးဆီသို့ အနက်ရောင်ဝတ် လူရိပ်လေးရိပ် ကပ်လာလေ၏။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် အချက်ပေးပြီးနောက် ခြံထဲသို့ ခုန်ဝင်လာကြသည်။ သူတို့သည် အားလုံး တစ်စုတစ်စည်းတည်း မလာပေ။ အိမ်ကြီးဆီသို့ လေးဘက်လေးတန်မှ ချဉ်းကပ်ကြ၏။ သူတို့၏ ချဉ်းကပ်မှုမှာ ညင်သာလှသဖြင့် တန်ထင်ဟုန်တို့ လုံးဝ မရိပ်မိကြပေ။

တန်ထင်ဟုန်တို့၏ စိတ်ထဲတွင်လည်း မည်သည့် ရန်သူမျှ မလာရဲတော့ဟု ထင်နေသည်။ နဂါးပျံဂိုဏ်းသည် သူတို့ဂိုဏ်းသားတစ်ဦးကို အဆုံးစီရင်ပြီးပြီ မဟုတ်ပါလား။

ဒုတိယပိုင်း ပြီး၏

တက္ကသိုလ်နေလင်းအောင်

ဘက္ကသိုလ်

ကျင်းယုံ၏ကျောတောင်ရှာ

အတုမဲ့ဓားသမား



တက္ကသိုလ် နေလင်းအောင်

# အတုမဲ့ ဓားသမား

တတိယပိုင်း ဇာတ်သိမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၀၉၂၀၇၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၀၁၇၀၈၀၈
၂၀၀၈ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀၀/-ကျပ်

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံး ပုံနှိပ်

ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅-လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
9(H) နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

မြင့်မြင့်-စာအုပ်
☆
81, ကန်းတပင်အနောက်ဘက်
ရွှေကြီးတန်း၊ အစာရှင်း

## အခန်း(၅၈)
## ခွဲခွာခြင်း

ထိုလူလေးယောက်သည် အိမ်ထဲဝင်ရန် ကြံစည်ကြ၏။ ထိုအခါကျမှ တန်ထင်ဟုန် အသံကြားသည်။ တန်ထင်ဟုန် ဆတ်ခနဲ ဖြစ်သွားသည်။ ထိုအခါ လုချူကြီးက အမူအရာဖြင့်မေး၏။

တန်တင်ဟုန်က တီးတိုးပြောသည်။

"ရန်သူ ..."

တန်ထင်ဟုန်နှင့် လုချူကြီးတို့သည် ချက်ချင်း ထလိုက်ကြ၏။ သူတို့သည် အိမ်အပြင်သို့ ချွတ်နင်းပြီး လျှောက်လာကြသည်။

အိမ်အပြင်သို့ မကြာမီရောက်သည်။ သို့သော် မည်သည့်ရန်သူမျှ မတွေ့ရတော့ပေ။

လုချူကြီးက ...

"ဘယ်လိုလဲကွ"

"စောစောက ရန်သူ့ခြေသံကြားတယ်၊ အခုတော့ အားလုံး ပြန်ပြေးပြီနဲ့တူတယ်"

"သူတို့ ဘာလာချောင်းတာလဲ"

"ကျွန်တော်မရှိရင် သူတို့ သံသေတ္တာကို ပြန်ရှာဖို့ လာကြတာပဲ လို့ ထင်တယ်၊ အခု ကျွန်တော်ရှိနေတော့ ပြန်ပြေးသွားကြပြီထင် တယ်"

"အေး ... ဟုတ်တယ်"

သူတို့သည် ခြံပတ်လည်ကို လိုက်ကြည့်သည်။ မည်သည့်ရန်သူမျှ မတွေ့ရပေ။ သို့သော် ရန်သူများ ရောက်လာသည့် လက္ခဏာများကိုတော့ တွေ့ရသည်။

"ငါတို့ မအိပ်ဘဲစောင့်နေလို့ ရန်သူတွေလစ်သွားတာ၊ အိပ်နေရင်တော့ တစ်ပွဲတစ်လမ်း အကဲစမ်းရဦးမယ်နဲ့တာ တူတယ်"

"ဟုတ်ပါရဲ့ ဦးရယ်"

သူတို့သည် အလောင်းနားသို့ ပြန်လာခဲ့ကြတော့သည်။

သူတို့သည် စကားကိုင်ပြောရင်းဖြင့် မိုးလင်းသွားလေသည်။ ရောင်နီသစ်လာလေပြီ။ တစ်အိမ်လုံး နိုးထလာလေသည်။

လုရှုဟုန်က ...

"ကဲ ... ကျန်တိတ်ရဲ့အလောင်းကို အကျယ်ချဲ့မနေတော့ဘဲနဲ့ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြတာပေါ့"

"ကောင်းပါတယ်၊ သူက ညွှန်သည်ပဲ"

လီတာကျွေက ပြောလိုက်၏။

ဤသို့ဖြင့် နဂါးပျံဂိုဏ်းသား ကျန်တိတ်အား အကျဉ်းချုံး၍ အလောင်းမြေကျ သင်္ဂြိုဟ်လိုက်ကြသည်။ သင်္ဂြိုဟ်သည့်နေရာကို ကြည့်ပါဦး။ ချုံးငှက်သိုက်မြို့ ခြံကြီးအတွင်း၌ပင် ဖြစ်သည်။



ဤသို့မြှုပ်ရန် တောင်းဆိုသူမှာ လုဝမ်ရင်းဖြစ်သည်။ သူ့ချစ်သူကို နှင်းဆီရုံကြီး၏ အောက်၌ မြှုပ်ပစ်ရန်သူမသည်တောင်းဆိုခဲ့၏။

လုရှုဟုန်ကလည်း သမီး၏ဆန္ဒကို လိုက်လျောခဲ့သည်။

ကျန်တိတ်သည် နှင်းဆီပန်းအဖြူကိုနှစ်သက်သည်မဟုတ်ပါလော။ နှင်းဆီရုံကြီး၏ အောက်ခြေ မြေပုံမို့မို့ထက်တွင် နှင်းဆီဖြူများကို ဖြန့်ကြဲလိုက်သည်။ သူမသည် သည်းစွာ ရှိုက်ငိုနေလေ၏။

သူမ၏အနီး၌ ချော့မော့နှစ်သိမ့်နေသူကား ရှုလန်ပင်ဖြစ်၏။

သင်္ဂြိုဟ်ခြင်းအမှုကို အားလုံးပြီးစီးပြီဖြစ်၍ လုရှုဟုန်၊ လီတာကျွေ၊ လုချူကွီးနှင့် တန်ထင်ဟုန်တို့ စောင့်ကြည့်နေကြသည်။ အတန်ကြာမှ လုဝမ်ရင်းအား ရှုလန်က ဖေးမခေါ်ဆောင်လာသည်။

လုရှုဟုန်က ...

"တိတ်ပါ သမီးရယ် ... သွားလေသူဟာ အေးချမ်းနေပြီပဲ၊ လူ့ဘဝဆိုတာ ဒီလိုပါပဲ သမီးရယ်၊ တွေ့ကြုံဆုံကွဲ မမှတာပါပဲ၊ လူဖြစ်လာရင် တွေ့ကြမယ်၊ ကြုံကြမယ်၊ ကွဲကြမယ်၊ ဒါဟာ မမှတာပါပဲ၊ နောက်ဆုံး ကိုယ်တိုင် သေကြရတာပါပဲ၊ ဘဝကူးကောင်းဖို့ပဲလိုတယ် ဟိုဘဝမှာ ချမ်းချမ်းသာသာရှိအောင် သမီးစိတ်ကြိုက် ပစ္စည်းတွေကို မီးရှို့ပြီးပြီပဲကွယ်၊ တိတ်ပါ သမီး"

လုရှုဟုန်သည် သမီး၏ ဦးခေါင်းကို ပွတ်သပ်ပေးပြီး တရားနှင့် ဖြေခိုင်းလေ၏။

အားလုံး စိတ်မကောင်းဖြစ်ကြရသည်။

တန်ထင်ဟုန်က လုဝမ်ရင်းအား နှစ်သိမ့်၏။

"ညီမလေး ... ညီမလေး တစ်ခုဖြေသိမ့်နိုင်ပါတယ်၊ နဂါးပျံ

ဂိုဏ်းသားတွေဆိုတာ လူဆိုးတွေပဲကွယ်၊ အောက်လမ်းဂိုဏ်းသားတွေပါ၊ ကျနိတိတ်ဟာ နဂါးပျံဂိုဏ်းသားဘဝက လူကောင်းဖြစ်အောင် ကြိုးစားလိုက်တဲ့ လူပါ၊ သူဟာ လူကောင်းဖြစ်နေပါပြီ ...

"ဒါကြောင့် သူ အသေခံသွားတာပေါ့၊ နဂါးပျံဂိုဏ်းဟာ သူ့ကို မရမက လိုက်သတ်မှာ အသေအချာပဲ၊ ညီမလေး စိတ်ဖြေနိုင်တာဟာ သူဟာ လူကောင်းဖြစ်သွားပြီဆိုတဲ့ အချက်ပဲ၊ သူဟာ လူကောင်းဘဝနဲ့ ဘဝကူးသွားခဲ့တာပဲ"

လုဝမ်ရင်းကာ တရှိုက်ရှိုက် ငိုနေဆဲပင်။

ထိုသဂြိုဟ်မှု ပြီးပြီးနောက် ရွှေလှံပျံ လီတာကျွေနှင့် နေပြည်တော်သူ ကျင်ရှာမွေးတို့သည် နေပြည်တော်ပြန်ရန် စီမံကြတော့သည်။

"ကဲ ... ကျုပ်တို့လည်း ပြန်ကြတော့မယ်၊ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်၊ နေပြည်တော်ရောက်ရင် ဝင်လာခဲ့ကြပါ၊ အကူအညီလိုချင်ရင်လည်း ပြောပါ"

လီတာကျွေက အားလုံးကို နှုတ်ဆက်လေ၏။

ထိုအခါမှာ အားလုံး၏ မျက်လုံးများသည် သူတို့လင်မယား ထံသို့ ရောက်ရှိသွားကြလေ၏။

သူတို့၏ မြင်းလေးကောင်ကသော မြင်းရထားကြီးမှာ ပန်းခြံထဲ၌ အဆင်သင့်ပင်။

သူတို့၏ မြင်းလှည်းမောင်းသမားကလည်း အသင့်စောင့်ကြိုနေသည်။

❄ ❄ ❄



နေပြည်တော်သူ ကျင်ရှာမွေးကား အတောက်ပဆုံးဝတ်ရုံကို ဝတ်ဆင်ထား၏။ နန်းတွင်းသူ တစ်ယောက်၏ အဆင်အပြင်ပင်။

သူမသည် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး နုပျိုနေလေ၏။

သူမ၏မျက်နှာကား ထာဝရ ပြုံးနေသော မျက်နှာမျိုးပင်။ ကျင်ရှာမွေးက ...

"အားလုံး နေပြည်တော်ကို လာလည်ကြဦးနော်၊ ရောက်လာရင် ဒေါ်လေးက ဧည့်ဝတ်ကျေအောင် ပြုစုမှာပါ၊ မရောက်ဖူးတဲ့ နေရာတွေကို အနှံ့လျှောက်ပြမယ်၊ အစ်ကိုကြီးနဲ့ တူမလေးတို့လည်း စိတ်ပြေလက်ပျောက် လာခဲ့ကြပါဦး"

သူမသည် လုရှုဟုန်နှင့် လုဝမ်ရင်းတို့ကိုလည်း နှုတ်ဆက်၏။ ပြီးနောက် လင်မယားနှစ်ယောက်စလုံး မြင်းရထားပေါ်သို့ တက်သွားကြလေတော့၏။

ချိုးငှက်သိုက်မြုံအိမ်ကြီးသို့ ရောက်ရှိလာသော ဧည့်သည်များထဲတွင် ရွှေလှံပျံလီတာကျွေတို့ လင်မယားမှာ ပကာသန အများဆုံးနှင့် လာသူများ ဖြစ်၏။

လုချုကွီးသည် အဝတ်အစားလည်း သစ်လွင်မှုမရှိ၊ ညစ်ညစ်ပတ်ပတ်ဖြင့် နဂိုမူလအတိုင်း ရောက်လာခဲ့ခြင်းဖြစ်သည်။ မုတ်ဆိတ်ကျင်စွယ်များ ရိတ်ခြင်းလည်း မရှိပေ။

တန်ထင်ဟုန်မှာ အနက်ရောင်ဝတ်စုံနှင့် သေသပ်ကျနစွာ ဝတ်ဆင်ခြင်းမရှိဘဲ ရောက်လာခြင်းဖြစ်သည်။ အဝတ်အစားက မသပ်

မရပ်၊ နောက်ကျောမှ ဓားညိနှောင်ကို လွယ်ထားသည့် ပုံဟန်မှာ ဓားသမားတစ်ဦး၏ ပုံဟန်ပင်။

အနည်းငယ် သပ်သပ်ရပ်ရပ် ဝတ်စားထားသူမှာ ရှုလန်ဖြစ်၏။

သူမသည် မိန်းကလေးဖြစ်သဖြင့် ဖြိုးလီမ်းဝတ်ဆင်ခြင်းတော့ ရှိသည်။ သို့သော် လုဝမ်ရင်းတို့ကဲ့သို့ ပိုးဖဲကတ္တီပါကို ဝတ်ဆင်ခြင်း မရှိပေ။

ချည်ကြမ်းထည်မျှသာ ဖြစ်သော်လည်း သန့်ရှင်းသပ်ရပ်သဖြင့် သူမ၏ရုပ်ရည်နှင့် အလွန်ကြည့်ကောင်းလှသည်။

ရှုလန်နှင့်တွေ့သည့် ယောကျ်ားသားတိုင်း သမင်လည်ပြန် ဖြစ်ရမည်သာ။

လီတာကျွေတို့ လင်မယားကား စားလျှင်လည်း ကိန်းကြီး ခန်းကြီးနိုင်သည်။

ဝတ်လျှင်လည်း ကိန်းကြီးခန်းကြီးနိုင်သည်။ နေပြည်တော်မှ အကျင့်များမှာ ချိုးငှက်သိုက်မြို့အိမ်ကြီး၌ ပို၍ ထင်ပေါ်လာသည်။ ယခုတော့ သွားကြပြီ။

သို့သော် မြင်းလှည်းကို ရပ်လိုက်သေးသည်။

ကျင်ရှာမွေးက တန်ထင်ဟုန်တို့ စုံတွဲကို လှမ်းမှာသေးသည်။

"ဟိုစုံတွဲကိုလည်း ဒေါ်လေး ဖိတ်ပါတယ်၊ နှစ်ယောက်တည်း သိုင်းလောကကို လျှောက်ပြေးနေမယ့်အစား နေပြည်တော်ဘက်ကို ခရီးဆက်ခဲ့ကြပါဦးနော်"

တန်ထင်ဟုန်က ကြည့်ကောင်းအောင် ပြောသည်။



"ကောင်းပါပြီ ဒေါ်လေး၊ ရောက်ရင် ကျွန်တော်တို့ နေပြည်တော်ကို ဝင်လာခဲ့ကြပါ့မယ် ခင်ဗျာ"

ထိုအခါ မြင်းလေးကောင်ပါသော မြင်းရထားကြီးသည် ချိုးငှက်သိုက်မြို့အိမ်ကြီးမှ တကယ် ထွက်သွားလေတော့သည်။

ကျန်သော လူစုမှာ စံအိမ်ကြီးဘက်သို့ လျှောက်လာကြလေသည်။ ဧည့်ခန်းထဲသို့ ဝင်မည်ပြုသောအခါ ဘိလူးကြီး လုချူကွီးက

"ကျုပ်မဝင်တော့ဘူး နောင်ကြီးလုရှုဟုန်"

"ဟ ... မင်းလည်း ပြန်တော့မလို့လား"

"ဟုတ်တယ် ... ပြန်တော့မယ်၊ ကျုပ်လည်း ကျုပ်ဂိုဏ်းကို လက်ထောက်တွေနဲ့ လွှဲထားပစ်ခဲ့ရတာ၊ ခုလောက်ဆို ကင်းမြီးကောက် နီဖာ ကင်းမြီးကောက်ဖြူများ ဖြစ်သွားပြီလား မသိဘူး"

"အေး ... ဟုတ်တယ်၊ မင်းလည်းရောက်တာ တော်တော်ကြာပြီပဲ၊ နောက်ဆံတင်းမယ်ဆိုလည်း တင်းစရာပဲ၊ ပြန်ပေ့လေ"

လုရှုဟုန်သည် လုချူကွီးနှင့် ဖက်လဲတကင်း နှုတ်ဆက်လေသည်။

"တူမလေး လုဝမ်ရင် ဦးပြန်မယ်"

"ဟုတ်ကဲ့ ဦး"

"ကဲ ... တန်ထင်ဟုန်နဲ့ ရှုလန်တို့ကိုလည်း နှုတ်ဆက်ပါတယ်၊ သွားတော့မယ်နော်၊ အကြောင်းရှိရင်တော့ မင်းကင်းမြီးကောက်နီဂိုဏ် ကို လာခဲ့ပေါ့၊ မင်း သိတယ်မဟုတ်လား"

"သိတာပေါ့ ဦးရဲ့"

"အေး ... အဲဒီကို ရောက်အောင်သာလာခဲ့၊ ငါမျှော်နေမယ် တန်ထင်ဟုန်"

သူသည် သူ၏မြင်းညိုကြီးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

သူသည် ခက်ရင်းခွကြီးကို နောက်ကျော၌ လွယ်ထားပြီး အထုပ်တစ်ထုပ်ကိုလည်း ကျော၌ပိုးလွယ်ထားသေးသည်။

မှတ်ဆိတ်ကျင်စွယ်များကလည်း တဖားဖားဖြစ်နေသဖြင့် တကယ့် ဘီလူးကြီးတစ်ကောင်အလား ထင်မှတ်ရလေသည်။

"သွားမယ်ဟေ့ ..."

မြင်းကြီးကို ဒုန်းစိုင်းစီးနင်းသွားလေ၏။

"အင်း ... သွားပြန်ပြီ တစ်ယောက်"

လုရှူဟုန်က ညည်းလိုက်၏။

"မင်းတို့ကော ဘယ်တော့သွားကြမှာလဲ"

"မနက်ဖြန်ပါ ဘဘကြီး"

"အင်း ... မနက်ဖြန်ဆိုရင် တို့သားအဖပဲ ကျန်တော့ပါလား"

လုရှူဟုန်သည် ခေါင်းတယမ်းယမ်းနှင့် ညည်းညူလိုက်တော့သည်။

❊ ❊ ❊

# အခန်း(၅၉)
# နှုတ်ဆက်ပွဲ

နံနက်မိုးသောက် အလင်းရောက်လေပြီ။ တန်ထင်ဟုန်နှင့် ရှုလန်တို့သည် မြင်းကိုယ်စီစီး၍ ချိုးငှက်သိုက်မြို့ စံအိမ်ကြီးမှ ထွက်ခွာခဲ့ကြသည်။

သူတို့ကား ခပ်ရိုးရိုးပင်။ အစားအသောက်၊ အဝတ်အစား သွားလာနေထိုင်ပုံကအစ ရိုးလှသည်။

တန်ထင်ဟုန်သည် သူ၏မြင်းနီမကို စီးနင်းသည်။ ရှုလန်ကတော့ ကျန်တိတ်၏ မြင်းဖြူကြီးကို စီးလာသည်။

ထိုမြင်းဖြူကြီးကို လုဝမ်ရင်းက ပေးလိုက်ခြင်းဖြစ်သည်။

သူမသည် မြင်းဖြူကြီးကိုမြင်နေရလျှင် သူ၏ချစ်သူ ကျန်တိတ်ကို သတိရနေမည်ဖြစ်သောကြောင့် မြင်းဖြူကြီးကို စွန့်လွှတ်လိုက်ခြင်း ဖြစ်သည်။

တကယ်တော့ ရှုလန်သည် အပိုမြင်းကို မစီးလိုချေ။ သူ့ချစ်သူ တန်ထင်ဟုန်၏ ရင်ခွင်ထဲ၌ထိုင်ကာ မြင်းနီမကို စီးလိုသည်။

သူမသည် မြင်းမရှိ၍မဟုတ်။ မြင်းနက်ကြီးရှိသည်။ ရှန်စီမြို့ ဝံပုလွေများကို တိုက်ခိုက်ရာတွင် မြင်းနက်ကြီး ပျောက်ဆုံးခဲ့သဖြင့် ယခု မြင်းဖြူကြီးကို လက်ခံယူလာခဲ့ခြင်း ဖြစ်သည်။

"ညီမတို့ စားသောက်ဆိုင်က ဦးကျင်းဟုတ်ကြီးကို နှုတ်ဆက်မှ ကောင်းမယ်ထင်တယ်"

"နှုတ်ဆက်မှ ကောင်းမှာပေါ့၊ ခင်မင်နေတဲ့ လူပဲဥစ္စာ၊ နှုတ်မဆက်ဘဲသွားရင် သူ ဘယ်စိတ်ကောင်းလိမ့်မလဲ"

သိုင်းသမားဆိုသူမှာ ခြေဖွေပါနေသူပင်။ ရောက်ချင်ရာ ရောက်မည်။ တွေ့ချင်သည့်လူနှင့် တွေ့ရမည်။ ခွဲချင်သည့်လူနှင့်ခွဲရမည်။

တန်ထင်ဟုန်ကတော့ ထိုသို့မဟုတ်ပေ။ သံယောဇဉ်အမျှင်တန်း၍နေသည်။

သူတို့သည် ပန်းတစ်ပွင့် စားသောက်ဆိုင်သို့ ထွက်ခွာလာကြ၏။ မကြာမီ စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိလာကြလေသည်။

"ဟော ... လီဖူးယုံတို့ စုံတွဲ လာကြပြီဟော ..."

ဆိုင်အလုပ်သမားတစ်ယောက်က အော်လိုက်ရာ တစ်ဆိုင်လုံးမှ အလုပ်သမားများ ထွက်ကြည့်ကြ၏။

ကျင်းဟုတ်ကြီးသည် စားပွဲမှ ယောင်ယောင်နှင့် ထွက်ကြသည်။

လီဖူးယုံလားဟော ..."

"ဟုတ်ပါတယ်ဗျာ ဦးကျင်းဟုတ်ကြီး"



ကျင်းဟုတ်ကြီးသည် ရှုလန် စီးလာသည့် မြင်းဖြူကြီးကို မျက်မှောင်ကြုတ်ကြည့်သည်။

"ဟာ ... ရှုလန်မြင်းကြီးက အနက်ကနေ အဖြူဖြစ်သွားတာပါလား၊ ဘာလဲ ... မြင်းနက်ကြီးကို ထုံးသုတ်လာတာလား"

"မဟုတ်ပါဘူးရှင်၊ သူများဆီက အလှူခံလာတာပါ၊ ကျွန်မမြင်းက ပျောက်သွားပြီလေ"

ရှုလန်သည် ရယ်ရယ်မောမောနှင့် ဖြေကြားသည်။

ဆိုင်ရှိ အလုပ်သမားများမှာ လီဖူးယုံကို ခင်မင်နေကြသဖြင့် လာရောက် ဦးညွှတ် နှုတ်ဆက်ကြသည်။

လီဖူးယုံကလည်း ပြန်လှန်နှုတ်ဆက်သည်။

"အေး ... အေး ... ငါက မင်းတို့ကို သတိရပါတယ်ကွာ"

ကျင်းဟုတ်ကြီးက ...

"ဟော ... လီဖူးယုံ မင်းက သံသေတ္တာတွေဘာတွေ ကိုင်လို့ပါလား၊ ဘာလဲ ငါ့အလုပ်သမားတွေကို ရွှေဒင်္ဂါးတွေ ရွှေတုံးတွေ ဝေပေးမလို့လား"

ထိုအခါ တန်ထင်ဟုန်ခေါ် လီဖူးယုံက ရယ်သည်။

"ဟင့်အင်း ... ရွှေတုံး မကိုင်တော့ဘူးဗျာ၊ ရွှေတုံးဆိုတာက လေးတယ်ဗျ၊ ဒီတစ်ခါ ရွှေထက်တန်ဖိုးရှိတာပဲ ကိုင်လာခဲ့တယ်၊ စိန်ဆိုတာ ရွှေထက် တန်ဖိုးရှိတယ်ဗျ၊ ဒီတော့ အခု ကိုင်လာတာတွေကို ခင်ဗျား ခန့်မှန်းကြည့်ပေါ့"

ကျင်းဟုတ်ကြီးသည် ခန့်မှန်းပြီး ပြောလေသည်။

"ဟ ... ဒါဖြင့် စိန်တွေပေါ့၊ စိန်က ရွှေထက် တန်ဖိုးရှိတယ်လေ၊ မင်းကိုင်လာတာကို ငါခန့်မှန်းနိုင်ပါတယ်၊ မင်းလိုကောင်မျိုးက စိန်ကိုလည်း ကိုင်မှာပဲ၊ စိန်ထက်တန်ဖိုးရှိတဲ့ ပတ္တမြားဆိုလည်း ကိုင်မှာပဲ၊ အခု သေတ္တာထဲမှာ ပါလာတာတွေကတော့ စိန်တွေပဲ ဖြစ်မယ်"

"ခင်ဗျား ခန့်မှန်းတာ သိပ်မဆိုးပါဘူး"

"ဒါဆို ဒီစိန်သေတ္တာကို ငါ့ဆီမှာ အပ်ထားမလို့လား"

"အိုး ... မိတ်ဆွေရင်းတွေပဲဗျာ၊ အထူးပြောနေစရာမလိုပါဘူး၊ ခင်ဗျားဆီမှာ ဘယ်အပ်တော့မလဲ၊ ကျုပ်ပဲ အလေးခံပြီး သယ်သွားတော့မယ်"

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

သူတို့သည် ပျော်ရွှင်စွာဖြင့် စားပွဲတွင် ဝင်ထိုင်သည်။

ကျင်းဟုတ်ကြီးက ...

"ကဲ ... ပြောကြစမ်း၊ မင်းတို့ ဘာစားသောက်ကြမလဲ၊ ကြိုက်တာပြောနော်၊ စိန်တုံးပေးမယ့် သူဌေး နဲ့တွဲဆိုတော့ ငါ့ဆိုင်က အကောင်းတကာ့ အကောင်းဆုံးတွေ ကြော်လှော်ချက်ပြုတ်ပေးရမှာပေါ့ကွာ၊ ငါ့ဆိုင်က မရှိဘူးဆိုလည်း စားလို့ရတယ်၊ ရှိတယ်ဆိုရင်လည်း တန်ဖိုးအရှိဆုံးကို ပေးမှရမယ်"

တန်ထင်ဟုန်သည် ရှုလန်အား မျက်လုံးမှိတ်ပြလိုက်၏။



"ရှုလန် ... မှာချင်တာတွေမှာ၊ ဟိုတစ်ခါတုန်းကလိုတော့ မစား နိုင်ဘဲနဲ့ အကောင်းဆုံးတွေကိုတော့မမှာနဲ့နော်၊ စားနိုင်မယ့် အကောင်း ဆုံးတွေကိုမှာ"

ရှုလန် မျက်လုံးမှိတ်၍ စဉ်းစားနေသည်။

အတန်ကြာမှ လှုပ်လှုပ်ရှားရှားဖြစ်လာပြီး ...

"စဉ်းစားဦးမယ်နော် ... ဦးကျင်ဟုတ်ကြီး"

"ဟ ... ညည်းက စဉ်းစားလို့ မပြီးသေးဘူးလား၊ ငါက ညည်း စဉ်းစားနေတယ်မှတ်လို့"

"အိုး ... အခုမှ စဉ်းစားရမှာရှင့်"

"ဒါဖြင့် စဉ်းစားပါ ... စဉ်းစားပါ"

တန်ထင်ဟုန်ကမူ ရှုလန် ခင်းနေသည့် ဇာတ်လမ်း၌ ဝင်မပါချေ။ ပြုံး၍ကြည့်နေသည်။ ရှုလန်သည် မျက်လုံးပွင့်လာသည်။

"အင်း ... "

"ပြောပါ ခင်ဗျာ၊ ကျွန်တော့်ဆိုင်မှာ အကောင်းဆုံးဆိုတာတွေကို ကြော်လှော်ချက်ပြုတ်ပေးပါ့မယ် ခင်ဗျာ"

"အို ... ဒါလည်း မကောင်းပါဘူး"

ရှုလန် မျက်လုံးမှိတ်သွားပြန်သည်။

စောင့်နေသူ ကျင်းဟုတ်ကြီးမှာ စိတ်ပျက်သွားသည်။

"ဟ ... ညည်းဥစ္စာကလည်း စဉ်းစားလို့ မရသေးဘူးလား၊ ငါ့ဆိုင်သိမ်းမှ ညည်း စဉ်းစားလို့ရမှာလား"

ရှုလန် မျက်လုံးပြန်ပွင့်လာသည်။

"ဦးကျင်းဟုတ်ကြီး ... ကျွန်မ အကောင်းဆုံးစားဖို့ စဉ်းစား ရမှာလား၊ မစဉ်းစားလို့ ဖြစ်သလိုစားရမှာလား"

"ကဲ ... ကဲ ... မယ်မင်းကြီးမ၊ စဉ်းစားပါခင်ဗျား စဉ်းစား ပါ၊ စိတ်ကြိုက် စဉ်းစားပြီးမှာပါ"

"အဲ ..."

"ဟုတ်ပြီ ... ဘာစားမလဲ ပြော"

"နေဦးလေ ... ကျွန်မ စဉ်းစားလို့မရသေးဘူးရှင့်၊ စဉ်းစား နေတုန်းပဲ ရှိသေးတယ်"

"ဟုတ်ကဲ့ ခင်ဗျာ၊ စဉ်းစားပါ ခင်ဗျာ စဉ်းစားပါ"

"အင်း ... ကျွန်မ စဉ်းစားမိပြီ၊ အင်း ... ဒါပေမယ့် အဲဒါက တန်ဖိုးနည်းတယ်၊ သိက္ခာကျနေဦးမယ်"

သူမ မျက်လုံးမှိတ်သွားပြန်လေသည်။ ကျင်းဟုတ်ကြီးမှာ စိတ် မရှည်တော့ပေ။ ဟိုလျှောက် ဒီလျှောက် လုပ်နေရသည်။

တန်ထင်ဟုန်သည် မပြုံးဘဲနှင့် ဝါးလုံးကွဲ ရယ်လေတော့သည်။

"ဟား ... ဟား ... ဟား"

ထိုအခါ ရွှလန် မျက်လုံးပွင့်လာပြီး ရယ်မောပြောဆိုလေတော့ သည်။

"ရပြီ ... ရပြီ ... ကျွန်မ စဉ်းစားလို့ရပြီ"

"ဘာလဲ ... ဘာလဲ ... ဝက်ကောင်လုံးကြော်လား၊ ကြက် ကောင်လုံးကြော်လား၊ ဘဲကောင်လုံးကြော်လား၊ အတူးသီးစုံကြော် လား၊ ဘာမဆို အားလုံးရတယ်"



ကျင်းဟုတ်ကြီးသည် ပါးစပ်ထဲရှိသမျှ ရေရွတ်နေလေသည်။

"အို ... ဦးကျင်းဟုတ်ကြီးက ဘာတွေပြောနေတာလဲ"

"ငါ့ဆိုင်မှာ အကောင်းဆုံး ရနိုင်တာတွေကိုပြောနေတာပေါ့"

"အို ... ကျွန်မ မှာချင်တာက ..."

"ပြောပါ ... အားလုံး ရစေရမယ်"

"ရေနွေးကြမ်းတစ်ခွက်လောက် ကျွန်မ သောက်ချင်နေပြီရှင့်"

"ဟာ ... ညည်း ဘယ်လိုလုပ်တာလဲ"

"လုပ်ပါ ... မြန်မြန်လေးလုပ်ပါ၊ ကျွန်မ ရေနွေးပူပူလေး သောက်ချင်နေပြီရှင့်"

ကျင်းဟုတ်ကြီးမှာ ရွှလန်က သူ့ကို ဒုက္ခပေးနေမှန်း ရိပ်မိသွား သည်။

"ဟင်း ... ဒီကောင်မလေးတော့ သေတော့မှာပဲ၊ ဟော့ကောင် လီဖူးယုံ၊ ဒီကောင်မလေးကို နာနာရိုက်စမ်းကွာ၊ ငါ့ကို အတော် ဒုက္ခပေးတယ်၊ ကဲဟော့ ... ရေနွေးပူပူ တစ်ခွက် သယ်ခဲ့စမ်း"

ကျင်းဟုတ်ကြီးသည် အလုပ်သမားများကို လှမ်းမှာလိုက်ရ လေ၏။

"ရပါတယ် ... ရပါတယ် ... ချက်ချင်းရပါတယ်ခင်ဗျား၊ အခုပဲ ယူခဲ့ပါပြီ"

တန်ထင်ဟုန်က ပြောပြန်သည်။

"[illegible]"

"ဦးကျင်းဟုတ်ကြီး ... ကျွန်မ အကောင်းဆုံးစားဖို့ စဉ်းစားရမှာလား၊ မစဉ်းစားလို့ ဖြစ်သလိုစားရမှာလား"

"ကဲ ... ကဲ ... မယ်မင်းကြီးမ၊ စဉ်းစားပါခင်ဗျား စဉ်းစားပါ၊ စိတ်ကြိုက် စဉ်းစားပြီးမှာပါ"

"အဲ ..."

"ဟုတ်ပြီ ... ဘာစားမလဲ ပြော"

"နေဦးလေ ... ကျွန်မ စဉ်းစားလို့မရသေးဘူးရှင့်၊ စဉ်းစားနေတုန်းပဲ ရှိသေးတယ်"

"ဟုတ်ကဲ့ ခင်ဗျာ၊ စဉ်းစားပါ ခင်ဗျာ စဉ်းစားပါ"

"အင်း ... ကျွန်မ စဉ်းစားမိပြီ၊ အင်း ... ဒါပေမယ့် အဲဒါက တန်ဖိုးနည်းတယ်၊ သိက္ခာကျနေဦးမယ်"

သူမ မျက်လုံးမှိတ်သွားပြန်လေသည်။ ကျင်းဟုတ်ကြီးမှာ စိတ်မရှည်တော့ပေ။ ဟိုလျှောက် ဒီလျှောက် လုပ်နေရသည်။

တန်ထင်ဟုန်သည် မပြုံးဘဲနှင့် ဝါးလုံးကွဲ ရယ်လေတော့သည်။

"ဟား ... ဟား ... ဟား"

ထိုအခါ ရှုလန် မျက်လုံးပွင့်လာပြီး ရယ်မောပြောဆိုလေတော့သည်။

"ရပြီ ... ရပြီ ... ကျွန်မ စဉ်းစားလို့ရပြီ"

"ဘာလဲ ... ဘာလဲ ... ဝက်ကောင်လုံးကြော်လား၊ ကြက်ကောင်လုံးကြော်လား၊ ဘဲကောင်လုံးကြော်လား၊ အထူးသီးစုံကြော်လား၊ ဘာမဆို အားလုံးရတယ်"



ကျင်းဟုတ်ကြီးသည် ပါးစပ်ထဲရှိသမျှ ရေရွတ်နေလေသည်။

"အို ... ဦးကျင်းဟုတ်ကြီးက ဘာတွေပြောနေတာလဲ"

"ငါ့ဆိုင်မှာ အကောင်းဆုံး ရနိုင်တာတွေကိုပြောနေတာပေါ့"

"အို ... ကျွန်မ မှာချင်တာက ..."

"ပြောပါ ... အားလုံး ရစေရမယ်"

"ရေနွေးကြမ်းတစ်ခွက်လောက် ကျွန်မ သောက်ချင်နေပြီရှင့်"

"ဟာ ... ညည်း ဘယ်လိုလုပ်တာလဲ"

"လုပ်ပါ ... မြန်မြန်လေးလုပ်ပါ၊ ကျွန်မ ရေနွေးပူပူလေး သောက်ချင်နေပြီရှင့်"

ကျင်းဟုတ်ကြီးမှာ ရှုလန်က သူ့ကို ဒုက္ခပေးနေမှန်း ရိပ်မိသွားသည်။

"ဟင်း ... ဒီကောင်မလေးတော့ သေတော့မှာပဲ၊ ဟော့ကောင် လီဖူးယံ၊ ဒီကောင်မလေးကို နာနာရိုက်စမ်းကွာ၊ ငါ့ကို အတော် ဒုက္ခပေးတယ်၊ ကဲဟော့ ... ရေနွေးပူပူ တစ်ခွက် သယ်ခဲ့စမ်း"

ကျင်းဟုတ်ကြီးသည် အလုပ်သမားများကို လှမ်းမှာလိုက်ရလေ၏။

"ရပါတယ် ... ရပါတယ် ... ချက်ချင်းရပါတယ်ခင်ဗျား၊ အခုပဲ ယူခဲ့ပါပြီ"

တန်ထင်ဟုန်က ပြောပြန်သည်။

"သူက ရေနွေးသောက်ချင်ပေမယ့် ကျွန်တော်က ရေနွေး မသောက်ချင်ဘူးဗျ"

ကျင်းဟုတ်ကြီးသည် တန်ထင်ဟုန်ကို မျက်လုံးပြူး၍ကြည့်လေသည်။

"လာပြန်ပြီလား တစ်ယောက် ..."

"ဘာလဲ ... မမှာရတော့ဘူးလား၊ ခင်ဗျားပဲ မှာချင်တာ မှာဆို၊ မမှာရဘူးဆိုလည်း မမှာတော့ပါဘူးဗျာ"

"မင်းက စိတ်ချည်းပဲ၊ မှာချင်တာမှာပါ၊ ငါလုပ်ပေးပါ့မယ်"

"ကျွန်တော်က အားနာလို့ပါ"

"အားမနာပါနဲ့ကွာ၊ မင်းက စိန်တုံးပေးမယ့်လူပဲ၊ ငါကသာ အားနာချင် အားနာရမှာ၊ ငါက အကောင်းဆုံး ဟင်းလျာတွေလုပ်ပေးရမှာ မဟုတ်လား"

"ဒါဆို မှာမယ်နော်"

"မှာပါ ... မှာပါ၊ ချက်ချင်းရစေရမယ်၊ အဲ ... အဲ ... ကြော်လှော် ချက်ပြုတ်ချိန်ကလေးတော့ ကြာမှာပေါ့ကွာ၊ အဲ ... အဲ ... အဲ"

"ရှလန်က ရေနွေးမှာတယ်နော်"

"အေးပါ ... ရေနွေးမှာတယ်"

"ကျွန်တော့်အတွက် ရေခဲရေ အေးအေးလေး တစ်ခွက်လောက် လုပ်ပေးပါဗျာ"

"ဗျာ ..."

ကျင်းဟုတ်ကြီး သက်ပြင်းချလိုက်၏။

"ဟူး ..."

"ဘယ်လိုလဲ ... ရေခဲရေ မရဘူးလား"



"ရပါတယ်ကွာ၊ ဟော့ ... ရေခဲရေ တစ်ခွက်ယူခဲ့ဟေ့"

ကျင်းဟုတ်ကြီးသည် လီဖူးယုံ၏ ပခုံးကို ခပ်ဖွဖွဆိုးလိုက်သည်။

"မင်းတို့က ငါ့ကို ဒုက္ခလာပေးကြတာပေါ့လေ"

"ဒုက္ခပေးဖို့ လာကြတာ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကို လာနှုတ်ဆက်ကြတာပါ"

"ဟေ ..."

"ဟုတ်တယ် ... ကျွန်မတို့ ဦးကျင်းမှုတ်ကြီးကို လာနှုတ်ဆက်တာပါ၊ ကျွန်မတို့ သွားတော့မယ်"

"ဘယ်သွားကြမလို့လာနှုတ်ဆက်တာလဲ"

"ကျွန်တော်တို့ ခရီးရှည်တစ်ခု ထွက်ကြရမယ်၊ ဒီအေးချမ်းသာယာမြေဒေသက ခွာကြတော့မယ်"

ကျင်းဟုတ်ကြီးသည် သက်ပြင်းချလိုက်၏။

"အင်း ... ထင်တော့ထင်ပါတယ်၊ မြင်းတစ်ကောင်စီ စီးလာပုံတွေ့ရင် သူတို့ ခရီးထွက်တော့မယ်နဲ့ တူတယ်လို့ ငါထင်လိုက်မိတယ်၊ ငါထင်ရင် မှားခဲ့သားပဲ၊ မင်းတို့ အပြီးသွားတော့မှာလား"

"အပြီးသွားတာတော့ မဟုတ်ပါဘူးဗျာ၊ ခရီးရှည်ထွက်ရမှာဆိုတော့ နည်းနည်းကြာနိုင်တယ်ဗျာ"

"ဒါနဲ့ မင်းတို့ ချိုးငှက်သိုက်မြို့အိမ်ကြီးက ကိစ္စတွေ ပြတ်သွားပြီလား"

"အင်း ... တစ်ဝက်တော့ ပြတ်ပြီလို့ဆိုရမှာလဲ"

"မင်းဥစ္စာက ဘယ့်နယ် တစ်ဝက်ပြတ်ပြီလဲ"

"ကိစ္စအားလုံး မပြီးသေးလို့ တစ်ဝက်ပြတ်ပြီလို့ ပြောရတာပါ၊ အဲဒီကိစ္စအတွက် ကျွန်တော်တို့ခရီးသွားကြရမှာပါ"

"ဩော် ..."

တန်ထင်ဟုန်သည် ဆိုင်ထဲသို့ လိုက်ကြည့်နေလေ၏။

"မင်းတို့ တစ်ခုခုစားသွားဦးလေ၊ လမ်းမှာ ဆာနေကြမှာပေါ့၊ ငါမှာလိုက်မယ်"

"မမှာပါနဲ့ဗျာ၊ ကျွန်တော်တို့ မဆာပါဘူး၊ ရှုလန်ရော ကျွန်တော်ရော ချိုးငှက်သိုက်မြို့စံအိမ်ကြီးဆီက စားခဲ့ကြပါတယ်၊ တစ်ခု ကျွန်တော် မေးမယ်"

"ဘာများလဲကွ"

"ဟော့ဟို စားပွဲမှာ ထိုင်စားနေတဲ့လူကိုကြည့်စမ်း၊ ဦးကျင်းဟုတ်ကြီး သိသလား၊ မသိမသာကြည့်နော်၊ သူ့ကို ကြည့်တာ မသိစေနဲ့"

ထောင့်စားပွဲတစ်ခုတွင် လူတစ်ယောက်သည် အရက်နှင့် စားစရာများကို မှာနေ၏။ ထိုသူသည် အရပ်ရှည်ရှည်နှင့် ကုလားအုတ် လိုလူပေတည်း။

ကျင်းဟုတ်ကြီး သိသည်။ အသေအချာသိသည်ပေါ့။

ဤလူသည် ဤအရပ်သားပေပဲ။ ကျင်းဟုတ်ကြီးသည် ခေါင်း ညိတ်လိုက်၏။



ကုလားအုတ်လိုလူမှာ စားစားသောက်သောက်နှင့်ရှိ၏။ သူသည် အမူးမလွန်သေးချေ။ ကြည့်ရုံနှင့်သိနိုင်သည်။

"အဲဒီလူကို သေသေချာချာကြည့်ပါ ဦးကျင်းဟုတ်ကြီး၊ ကျွန်တော့်ကို ပြောပါ"

"သိတာပေါ့ကွာ၊ ဒီကောင်ဟာ ဒီရွာသားပဲ၊ ဒီနားမှာ ရှုပ်ရှုပ်ပွေပွေ လုပ်နေတဲ့ကောင်ပဲ၊ မင်းကို တစ်ခါက ဘာပေးတာ ဒီကောင်ပဲ၊ နောက်ပြီး လူဖြူဖြူဝဝ တစ်ဦးနဲ့ လာစုံစမ်းသွားတာပဲ၊ မင်းနဲ့ တစ်ခါ ပတ်သက်ဖူးတော့ ငါ သေသေချာချာ ကြည့်ထားတာကွ"

ရှုလန်၏ မျက်နှာမှာ အလွန်တင်းမာသွားသည်။ စစ်ကုယောင် ကို တွေ့ဆုံပေးမည်ဆိုပြီး သူမကို ညာခေါ်သွားသူမှာ ဤသူပင် မဟုတ်သလော။

သူမသည် ဝုန်းခနဲ ထလိုက်၏။

❄ ❄ ❄

"ညီမ အသာနေ"

"ညီမကို ရှန်စီမြို့ကို ညာခေါ်သွားတဲ့လူဟာ ဒီလူပဲ၊ ဒီလူကို သတ်မယ်လို့ ကျွန်မ ဆုံးဖြတ်ထားတာ အခုတွေ့ရပြီ၊ သတ်မယ် သတ်မယ်"

"မသတ်နဲ့ဦး ... သူ့ကို မေးစရာရှိသေးတယ်"

တန်ထင်ဟုန်သည် ထိုလူအနီးသို့ လှစ်ခနဲရောက်သွားလေ၏။

"ဟေ့ကောင် ..."

ထိုကုလားအုပ်နှင့်တူသူသည် တန်ထင်ဟုန်ကို မော့ကြည့်သည်။ တန်ထင်ဟုန်ကို မြင်သည်နှင့် သုံထပြေးတော့သည်။ သူ မပြေးနိုင်ပါ။

တန်ထင်ဟုန်၏ လက်ထဲက သူမပြေးနိုင်ပါ။

တန်ထင်ဟုန်က လည်ကုပ်ကို ဆွဲထားပါသည်။ သူသည် ရုန်းဟ၍မပြေးနိုင်ပါ။ ယက်ကန်ယက်ကန်နှင့် ဖြစ်နေပါသည်။

တန်ထင်ဟုန်က သူ့ထိုင်ခုံတွင် ပြန်ထိုင်ခိုင်းသည်။

တန်ထင်ဟုန်က အေးဆေးစွာ ပြောသည်။

"ငါတို့ ဝံပုလွေတွေအများကြီးကို သုတ်သင်လိုက်တာပါ၊ ဝံပုလွေကြီး ကျောက်စင်လာတော့ လွတ်သွားတယ်၊ မင်းလည်း အဲဒီပွဲမှာ ပါမသွားဘူး၊ မင်းဟာ တော်တော် တော်တာပဲ"

"ကျွန်တော် ... ကျွန်တော်"

"ဘာလဲ ... မင်းမပါဘူးလို့ ဆိုလိုချင်တာလား"

"ကျွန်တော် မပါပါဘူး ခင်ဗျာ"

"ဟော့ကောင် ... ပုံပြင်လေးတစ်ခုတော့ ငါပြောပြမယ်၊ နားထောင်မလား"

"နား ... နားထောင်ပါ့မယ် ခင်ဗျာ"

"တစ်ခါက ကြိုးကြာငှက်တွေဟာ လယ်သမားကြီးတစ်ဦးရဲ့ စပါးခင်းကို ဝင်စားကြသတဲ့၊ အခါခါ အစားခံရတော့ လယ်သမားကြီးဟာ ထောင်ချောက်တွေထောင်သတဲ့၊ ဒီအခါမှာ ငှက်ကျားကြီးတစ်ကောင်ကို မိသတဲ့၊ လယ်သမားကြီးက သတ်မယ်လို့လုပ်တော့



ကျွန်တော်ဟာ မိဘကို လုပ်ကျွေးနေတဲ့ ငှက်ပါ၊ ကြိုးကြာတွေနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူးလို့ ပြောသတဲ့ ...

"အဲဒီအခါမှာ လယ်သမားကြီးက မင်းဟာ မိဘကို လုပ်ကျွေးတဲ့ ငှက်ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် မင်းမိတ်ဆွေတွေကတော့ ငါ့စပါးခင်းကို လာစားကြတဲ့ ငှက်တွေပဲ၊ မင်းမိတ်ဆွေတွေရဲ့ လုပ်ရပ်ကိုပဲ ငါကြည့်ရမယ်လို့ ပြောပြီး ငှက်ကျားကြီးကို သတ်လိုက်သတဲ့၊ အဲဒီလိုပဲ မင်းရဲ့မိတ်ဆွေတွေဟာ ဝံပုလွေတွေပဲကွ"

"ကျွန်တော် ... ကျွန်တော် ဝံပုလွေမဟုတ်ပါဘူး ခင်ဗျာ"

"ဖြန်း ..."

သူသည် တစ်ဖက်သို့ လည်ဆင်းသွား၏။ ရှုလန်က သူ့ပါးကို ရိုက်လိုက်ခြင်းဖြစ်သည်။

"သူဟာ ငှက်ကျားမဟုတ်ဘူး၊ ကြိုးကြာပဲ၊ သူဟာ ရိုးရိုးသာမန်လူ မဟုတ်ဘူး၊ ဝံပုလွေပဲ၊ ဒီကောင်ဟာ ဝံပုလွေမို့လို့ ညီမကို လိမ်ညာပြီး ဝံပုလွေတွေဆီ ခေါ်သွားတာပေါ့"

"ကျွန် ... ကျွန်တော် မှား ... မှားပါတယ် ခင်ဗျာ၊ ကျွန်တော့်ကို အသက် ချမ်း ... ချမ်းသာပေးပါခင်ဗျာ"

တန်ထင်ဟုန်က ရယ်သည်။

"မင်းဟာ ဝံပုလွေပဲ၊ ညီမပြောတာ မှန်နေပြီ"

"အသက်ချမ်းသာပေးပါ ခင်ဗျာ၊ အသက်ချမ်းသာပေးပါ ခင်ဗျာ"

ရှုလန်သည် တစ်ကိုယ်လုံး တုန်နေသည်။ ဒီကုလားအုပ်လို လူကို သူ သတ်ချင်နေသည်။

"ရှမ်း ..."

"အံမယ်လေးဗျ"

ရှုလန်သည် ကျာပွတ်နှင့် ရိုက်ချလိုက်၏။ ကျာပွတ်နှင့် ရိုက်သံ၊ ကြောက်လန့်တကြား အော်သံကြောင့် တစ်ဆိုင်လုံး လန့်သွားသည်။

ကုလားအုပ်လို လူသည် ကုလားထိုင်ပေါ်မှ အောက်သို့ လိမ့်ကျသွားသည်။

"ဗိုး ... ဗိုး ... ဗိုး"

ရှုလန်သည် နောက်ထပ်ရိုက်ရန် ကျာပွတ်ကို လေထဲ ဝှေ့ယမ်းနေသည်။

"ရှမ်း ..."

"အမယ်လေးဗျ"

"ရှမ်း ..."

"အမယ်လေးဗျ"

ဤသို့သော ရှုလန်က ဆက်တိုက်ရိုက်နေလျှင် ကုလားအုတ်လို လူသည် သေသွားပေလိမ့်မည်။ ထို့ကြောင့် တန်ထင်ဟုန်သည် သူ့ကို မ,ယူကာ ကုလားထိုင်ပေါ် ပြန်တင်ပေးလိုက်သည်။

"ညီမ ... တော်တော့၊ ဒေါသကို ထိန်း၊ အစ်ကို စစ်မေးစရာ ရှိသေးတယ်"



ရှုလန်သည် သူမ၏ ဒေါသကို ထိန်းလိုက်ရ၏။

သူတို့သည် ရှုလန်ဆိုသည့် နာမည်ကို ကြောက်လန့်၍သာ သူမကို မစော်ကားရဲခြင်း ဖြစ်သည်။ ရှုလန်သာမဟုတ်ဘဲ အခြား မိန်းကလေးဖြစ်က ရေတိမ်နစ်ရမည် ဖြစ်သည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"လင်ပိန်းရှောင်ပါ"

"ဘာလုပ်သလဲ"

"အတည်တကျ အလုပ်အကိုင်မရှိပါဘူး ခင်ဗျာ၊ သူများခိုင်းတာတွေကို လုပ်တာပါ၊ အခကြေးငွေပေးရင် လုပ်ပေးတာပါပဲ၊ ဝံပုလွေတွေကလည်း ကျွန်တော့်ကို ပိုက်ဆံပေးပြီး ခိုင်းကြတာပါ"

"မင်းကို ဝံပုလွေတွေက ပင်တိုင်ခိုင်းနေတာပေါ့"

"များသောအားဖြင့်တော့ ဝံပုလွေက ခိုင်းတာပါ ခင်ဗျာ"

"အဲဒီ ဝံပုလွေတွေကော ..."

"သေကုန်ပြီလို့ ကြားပါတယ်၊ ကျွန် ... ကျွန်တော် ညာပြီး ခေါ်သွားတဲ့ ကျာပွတ်မယ်နဲ့ ဓားညီနောင် စစ်ကုယောင့်တို့က သတ်သွားတယ်လို့ ပြောပါတယ် ခင်ဗျာ"

"မသေဘဲ ကျန်နေတဲ့လူတွေတော့ ရှိပါသေးတယ်၊ ဘယ်သူတွေ ကျန်သလဲဆိုတာ မင်းသိသလား"

"သိ ... သိပါတယ် ခင်ဗျာ"

"ဘယ်သူတွေလဲဆိုတာ ပြော"

"ဆရာ … ဆ … ဆရာကြီး ကျောက်စင်လားနဲ့ ကျွန်တော် ပါပဲခင်ဗျာ၊ ကျွန်တော်ကတော့ ဝံပုလွေတော့ မဟုတ်ပါဘူး ခင်ဗျာ"

"မထူးပါဘူးကွာ၊ မင်းဟာ ဝံပုလွေတစ်ပိုင်းဖြစ်နေတဲ့ လူပါ၊ ဝံပုလွေ မဟုတ်ဘူးလို့တော့ မငြင်းပါနဲ့၊ အင်း … အဲဒီလို ငြင်းနေရင် ငါ့ချစ်သူက မင်းကို အမှုန့်ကြိတ်ပစ်ချင်နေတာ၊ ငါ လွှတ်ပေးလိုက်ရင် မင်းဟာ အမှုန့်ဖြစ်သွားပြီ"

"ကျွန် … ကျွန်တော့်ကို သနားပါခင်ဗျာ"

"အေးပါ … ငါက သနားတတ်ပါတယ်၊ မင်းကို အသက်ချမ်းသာပေးမှာပါ"

လင်ပိန်းရှောင်သည် မျက်နှာကြီး ဝင်းထိန်သွား၏။ သူအသက်ရှင်ခွင့်ရမည်ဆိုသဖြင့် လွန်စွာ ဝမ်းသာသွားသည်။

သူသည် တုန်တုန်ရင်ရင်ဖြင့် ပြောသည်။

"တကယ်လား ခင်ဗျာ"

"တကယ်ပေါ့ကွ၊ ဒါပေမယ့် ငါမေးတာကိုတော့ မှန်မှန်ဖြေရမယ်"

"ဖြေ … ဖြေပါ့မယ်ဗျာ၊ ကျွန်တော် အသက်ရှင်ခွင့်ရရင်တော်ပါပြီ ခင်ဗျာ"

"ကဲ … မင်းဆရာကြီး ကျောက်စင်လား ဘယ်မှာရှိသလဲ၊ ငါ့ကို ပြောပြ"

"ကျွန် … ကျွန်တော်"

"မင်း မသိဘူးလို့ မပြောနဲ့၊ မင်းမသိဘူးပြောရင် မင်းကို



ငါသတ်ရမှာပဲ၊ မင်းကို ငါ့ချစ်သူလက်ထဲ ထည့်လိုက်ရမှာပဲ"

တန်ထင်ဟုန်က အေးစက်စွာ ပြောလေ၏။

"လိမ်ပြောဖို့လည်း မကြံနဲ့၊ လိမ်ပြောပြီးရင်တော့ မင်းတခြားကမ္ဘာကို ထွက်ပြေးပေတော့၊ မိသွားလို့ကတော့ အသေပဲ၊ မင်း ငါပြောတာတွေကို နားလည်သလား"

"နား … နားလည်ပါတယ် ခင်ဗျာ"

"ဒါဖြင့် ပြောစမ်း၊ ကျောက်စင်လာ၊ ဘယ်မှာလဲ"

တန်ထင်ဟုန်သည် သူ့မေးရိုးကို ညှစ်၍ မေးလိုက်သည်။

သူသည် ပါးစပ်ဟ၍ မပီမသပြော၏။

"နို … နီ … ပီ … ဒေါ … မှာ"

"ဘာတွေလဲ … ပြန်ပြောစမ်း၊ ပီပီသသ ပြောစမ်း"

"ကျွန် … တော့် … ပါး … ပါးစပ်"

တန်ထင်ဟုန်သည်သူ့လက်ညှစ်ထားမိသည်ကိုသတိရသွား၏။

"ဟုတ်သားပဲ"

သူသည် မေးရိုးညှစ်ထားသည့် လက် ဖြေလျှော့ပေးလိုက်၏။ ထိုအခါကျမှ လင်ပိန်ရှောင် စကားပြော၍ ရပေတော့မည်။

"ပြန်ပြော … ခုနက မင်း ဘာပြောတာလဲ"

လင်ပိန်းရှောင်သည်သူ၏မေးရိုး နာကျင်သွားသဖြင့် လက်ဖြင့်ပွတ်နမိသည်။

❄ ❄ ❄

တန်ထင်ဟုန်၏ အတွင်းအားမှာ မြင့်မားလှသည်။ သူသည် ဒေါသဖြင့် မဆင်မခြင် ညှစ်လိုက်မိသဖြင့် လင်ပိန်းရှောင်မှာ မေးရိုးကြေကွဲမတတ် နာကျင်ခဲ့ရသည်။

သူသည် စကားမပြောနိုင်ဘဲ မေးရိုးကိုသာ ပွတ်နေမိသည်။

"ကျောက်စင်လား ဘယ်မှာလဲ"

တန်ထင်ဟုန်က မေးလိုက်၏။

"နေ ... နေပြည်တော်မှာလို့ ပြော ... ပြောကြပါတယ်ဆရာ၊ အဲဒီသတင်းကို ကျွန်တော် ... ကျွန်တော် အတိအကျသိလို့ ပြောတာ မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်ဟာ သူတို့ဂိုဏ်းမှာ အရေးပါတဲ့လူလည်း မဟုတ်ပါဘူး၊ သတင်းကြားလို့ ပြောတာပါ ခင်ဗျာ"

"မင်းက အစကတည်းက ကြိုကာထားတာပေါ့"

"မ ... မဟုတ်ပါဘူး ဆရာ၊ ကျွန်တော် ... ကျွန်တော် သတိထားသလောက်ကို ပြောတာပါ"

"ထားတော့ ... နေပြည်တော် ဘယ်နေရာမှာလဲ၊ ဒီလူကြီးဟာ နေပြည်တော်မှာတော့ ပေါ်ပေါ်ထင်ထင် နေပုံရမှာ မဟုတ်ဘူး၊ မင်း အဲဒီနေရာကို ပြောမှ ငါသိရမှာပဲ"

"အဲဒါတော့ မသိပါဘူး ဆရာ"

"မင်းကတော့ ဇက်ကောင်းလို့ စားတောင်းနေပြန်ပါပြီ"

"မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော် မသိလို့ မသိဘူးလို့ ပြောတာပါ၊ တစ်ခုတော့ ကျွန်တော် ပြောနိုင်ပါတယ်၊ နေပြည်တော်မှာ သူ့ဆရာကြီးဆိုတာ ရှိတယ်လို့တော့ ပြောသံကြားခဲ့ဖူးပါတယ်"



"ဘယ်လို ..."

"အဲဒီလို ပြောသံကြားရတာကတော့ ကျောက်စင်လားရဲ့ ဂိုဏ်းကြီး မပြိုကွဲခင်ကပါ၊ သူ့လက်ရုံးတပည့် တစ်ယောက်ကို ပြောနေသံကြားရတာပါ၊ သူက ကျွန်တော့်ကိုလည်း အဖက်လုပ်ပြီး ပြောနေတာ မဟုတ်ပါဘူးခင်ဗျာ၊ ဒါတော့ ယုံပါ"

တန်ထင်ဟုန် စဉ်းစားသည်။ ဤလူ၏စကားမှာ အမှန်ဖြစ်နိုင်သည်။ ဤလူသည် ဤရွာ၌သာ လူရှုပ်လူပွေ လုပ်နေသူဟု ကျင်းဟုတ်ကြီးက ပြောခဲ့သည်။ သူသည် ဝံပုလွေများထဲ၌ အရေးမပါသူ တစ်ဦးသာ ဖြစ်လိမ့်မည်။

"ကဲ ... ကဲ ... မင်းကြားရသမျှကိုပဲ ပြန်ပြောပါဦး"

"ဆရာကြီးဆိုတာ နေပြည်တော်မှာ ရှိတယ်၊ အဲဒီ ဆရာကြီးဟာ စားသောက်ဆိုင် နှစ်ဆိုင်တောင် ပိုင်တယ်၊ နေပြည်တော်က စားသောက်ဆိုင်ဆိုတော့ ကြီးကျယ်တယ်၊ ရောင်းကောင်းတယ်လို့လည်း ပြောနေကြပါ၊ ကျွန်တော် တကယ် ဟုတ်မဟုတ်ဆိုတာတော့ မသိပါဘူး ဆရာ၊ ဆရာကြီး ကျောက်စင်လား ပြောနေသံကို ကြားရတာပါ"

"အင်း ... အင်း ... ဆရာကြီးဆိုတဲ့လူကို စုံစမ်းရဖို့ နီးစပ်တော့ လာပြီ၊ သူ့နာမည်ကိုများ မပြောမိဘူးလား၊ နာမည်သိရရင်တော့ စုံစမ်းရလွယ်ကူသွားတာပေါ့၊ နည်းနည်းလောက်တော့ စဉ်းစားလိုက်ပါဦး၊ သူဘာတွေ ပြောဖူးသလဲဆိုတာ စဉ်းစားလိုက်စမ်းပါဦး"

လင်ပိန်းရှောင်သည် အကြီးအကျယ် စဉ်းစားနေ၏။

မျက်မှောင်ကြီးကြုတ် စဉ်းစားနေသည်။

"သူ့ ... နာမည် ... သူ့နာမည်"

"အေး ... နာမည် ... သူ့နာမည်"

"အေး ... ဟုတ်တယ်၊ သူ့နာမည်"

"စဉ်းစားနေပါတယ် ခင်ဗျာ"

"သူက ဝံပုလွေနက် ကျောက်စင်လား၊ သူ့ဆရာကြီးနာမည်က အဲဒီနာမည်နဲ့ ဆင်တူသလား"

"ဟုတ် ... ဟုတ်ပါတယ် ဆရာရယ်၊ ကျွန် ... ကျွန်တော် ပါးစပ်ဖျားကလေးတင် မေ့နေပါတယ်"

"မြေခွေးလား ..."

"မဟုတ်ပါဘူး"

"စဉ်းစားပါဦးကွာ"

တန်ထင်ဟုန်သည် လင်ပိန်းရှောင်ကို စိတ်ကုန်လာသည်။ နာမည်ကို မေးနေသတဲ့။ သူသည် တိရစ္ဆာန်နာမည် ပေါင်းစုံကို ရွတ်ပြလိုက်၏။

"ကျားကွာ၊ ခြင်္သေ့ကွာ၊ မျောက်ကွာ၊ ဆင်ကွာ၊ ပုရွက်ဆိတ်ကွာ၊ ကဲ ... ငါသိသလောက်တော့ တိရစ္ဆာန်နာမည်တွေ ကုန်ပြီ"

တန်ထင်ဟုန်က စိတ်တိုတိုနှင့် ရွတ်ပြလိုက်၏။

"ဟဲ ... ဟဲ ... ဆရာက ရယ်စရာပြောတတ်သားပဲ၊ ရယ်စရာပြောရင် အသက်ရှည်တယ်"

တန်ထင်ဟုန် စိတ်ဆိုးသွားသည်။ မိမိအပေါ် ရောက်နေသည့်



သမင်းကို လင်ပိန်းရှောင်သည် ရယ်မောလှောင်ပြောင်ဝံ့သည်။ သူသည် လင်ပိန်းရှောင်၏ အကြောတစ်ခုကို နှိပ်လိုက်သည်။

"အ ... အ ... အ"

"အ ... အ ... အ"

လင်ပိန်းရှောင်သည် ထွန့်ထွန့်လူးအော်ဟစ်နေတော့သည်။

တန်ထင်ဟုန်က ခြိမ်းခြောက်လိုက်၏။

"မင်း အဲဒါ ပဏာမပဲ၊ ငါ့ကို လှောင်ပြောင်ရင် အဲဒီလိုပဲ ခံစားရမယ်၊ နောက်တစ်ခါ ထပ်နှောက်ရင် မင်း သေပြီသာမှတ်ပေတော့"

"အ ... အ ... အ"

တန်ထင်ဟုန်သည် နာကျင်စွာ အော်ဟစ်နေသည့် လင်ပိန်းရှောင်ကို အကြောဖြေပေးလိုက်သည်။

"ဟင်း ..."

လင်ပိန်းရှောင်သည် သက်ပြင်းချပြီး ချွေးသီးချွေးပေါက်များ ကျနေသည့် နဖူးပြင်ကို လက်ဖြင့်သုတ်လိုက်၏။

"ဆရာရယ် ... ကျွန်တော့်ကို သည်းခံပါ ဆရာ၊ ဒီလိုမလုပ်ပါနဲ့၊ ဆရာ့ကို နှောက် မနှောက်တော့ပါဘူး"

"ကဲ ... မင်း စဉ်းစားစမ်း"

"အစ်ကို ... သူ့ကို ဒီလိုခွင့်လွှတ်ထားရင် သူ တောပြော တောင်ပြော ပြောနေမှာပဲ၊ သူ့လက်ချောင်းတွေကို တစ်ချောင်းပြီး တစ်ချောင်း ချိုးပစ်လိုက်ရင် မပြောဘဲ နေဝံ့မှာမဟုတ်ဘူး"

လင်ပိန်းရှောင်မှာ အကြီးအကျယ် ထိတ်လန့်သွားလေ၏။ လက်တကားကားဖြင့် တောင်းပန်တော့သည်။

"မ ... မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော် စဉ်းစားလို့ မရလို့ပါ၊ ကျွန်တော် ညာပြောနေတာ မဟုတ်ဘူး၊ တကယ်ပြောတာပါ ဆရာရယ်"

သူသည် ရှုလန်ကို ကြည့်ပင်မကြည့်ဝံ့ချေ။ ရှုလန်ကို အသေကြောက်သည်။ ရှုလန်အပေါ် မိုက်မှားခဲ့သည့်အပြစ်မှာ သေလောက်သည် မဟုတ်ပါလား။

ထို့ပြင် ဝံပုလွေများ၏ ရှန်စီမြို့နေအိမ်မှ ပြန်ခဲ့ပြီးနောက် သံကျာပွတ်မယ် ရှုလန် အကြောင်းကြားခဲ့ရသည်မှာ ကြက်သီးထလောက်ပေသည်။ ရှုလန်ကို တစ်ချက်မျှ မော့မကြည့်ခဲ့ချေ။

"ပြောစမ်း ... မင်းလက်ကို ချိုးပစ်မယ်"

တန်ထင်ဟုန်က ခြိမ်းခြောက်လိုက်၏။

"မ ... မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် စဉ်းစားလို့ရပါပြီ"

"ပြော ... မပြောရင် လက်ကိုအချိုးပဲ"

"ဟုတ်ကဲ့ ... ဝက် ... ဝက် ... ဝက်ဝံကြီးတဲ့ ခင်ဗျ"

မောပန်းနွမ်းလျစွာ ပြောလိုက်၏။

❄ ❄ ❄



# အခန်း(၆၀)
# သိုင်းလောကရဲ့ စားဘုရင်

တန်ထင်ဟုန်သည် စဉ်းစားလိုက်၏။ ဤသူများသည် အင်အားကြီးမားသော တိရစ္ဆာန်အမည်များကို နှစ်သက်တတ်ကြသည်။ ဖြစ်နိုင်ပေသည်။

"မင်း ... သေချာရဲ့လား"

"သေချာပါတယ် ခင်ဗျာ၊ သူ့နာမည်က ဝက်ဝံကြီး မဟုတ်ပါဘူး"

"ဘာလဲကွ ... မင်း အူကြောင်ကြောင် မလုပ်နဲ့"

"မလုပ်ရဲပါဘူး ခင်ဗျာ၊ ဝက်ဝံကြီးဆိုတာ သူ့ရဲ့ စားသောက်ဆိုင်အမည်ပါ၊ နေပြည်တော်မှာရှိတဲ့ ဝက်ဝံကြီး စားသောက်ဆိုင်ဟာ နာမည်ကျော်လို့ ပြောကြပါတယ်၊ ဒီဆိုင်မှာ ဆရာကြီးဆိုတာကို မေးရင် ရမှာပေါ့ခင်ဗျာ"

လင်ပိန်းရှောင်က ကြောက်ကြောက်ရွံ့ရွံ့နှင့် ရှင်းပြလေသည်။

"ကောင်းပြီ ... အခုတော့ မင်း အသက်ကို ချမ်းသာပေးလိုက်

မယ်၊ သတင်းစုံစမ်းပြီး အမှားဖြစ်နေရင်တော့ မင်းအသက်ကို ဖက်နဲ့ ထုပ်ထားပေတော့ ...”

“ဖြောင်း ...”

“ဝုန်း ...”

ကုလားထိုင်ပေါ်မှ လွင့်စဉ်ကျသွားပြန်လေ၏။

သံကျာပွတ်မယ် ရှလန်က ဒုတိယအကြိမ် ပါးရိုက်လိုက်ခြင်း ဖြစ်သည်။ ဒီတစ်ခါတော့ ပိုနာသည်။ ပါးစပ်မှ သွေးများကျလာသည်။ သွားသုံးချောင်းလည်း ထွက်သွားသည်။

လင်ပိန်းရှောင်သည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထထိုင်လိုက်သည်။ ပါးစပ်မှ သွေးများကို သုတ်သည်။

“ကျွန် ... ကျွန်တော် ဆရာတို့ ဆရာမတို့ သိချင်တဲ့ အဖြေစကားလည်း ဆုတ်ပြောတာပဲ ဆရာမရယ်၊ ကျွန် ... ကျွန်တော့်ကို”

“ဪ ... ရှင်က ပါးရိုက်တာ မကျေနပ်ဘူးလား”

“မ ... မဟုတ်ပါဘူး ခင်ဗျ၊ ကျွန်တော် ဖြေလျက်သားနဲ့ ...”

“ရှင့်ကို ဘာကြောင့်ရိုက်သလဲဆိုတာ သိချင်တယ်ပေါ့ ဟုတ်လား”

လင်ပိန်းရှောင် ခေါင်းငုံ့နေလေ၏။

“ရှင်ပြောတဲ့ စကားတွေကို ပြန်စဉ်းစားကြည့်စမ်း၊ ရှင်ဟာ ဝက်ဝံကို ဝက်ဝံလို့ တစ်ခါတည်း မပြောဘူး၊ ဝက် ဝက် ဝက်လို့ သုံးခါပြောပြီးမှ ဝက်ဝံကြီးလို့ ပြောတယ်၊ ကျွန်မတို့က ပထမတော့ ဝက်များလားလို့ အမှတ်မှားသွားတယ်၊ နောက်မှ ဝက်ဝံကြီးဆိုတာ



သိရတယ်၊ ရှင် တစ်ချက်တည်း အရိုက်ခံရတာ သက်သာတယ်မှတ်၊ သုံးချက်ရိုက်ပြီး သွားကိုးချောင်းထွက်သွားအောင် ရိုက်ဖို့ကောင်းတယ်”

“မ ... မလုပ်လိုက်ပါနဲ့ ခင်ဗျာ၊ ကျွန်တော် ကျေနပ်ပါတယ် ခင်ဗျာ”

ရှလန်သည် ဒေါသမပြေနိုင်သေးပေ။ အမှတ်သညာကြီးသည်။ တန်ထင်ဟုန်သာမရှိလျှင် မုချ အသေသတ်မည်သာ ဖြစ်သည်။

တန်ထင်ဟုန် ကြားကခံနေသဖြင့် စိတ်ရှိလက်ရှိ မလုပ်သာဘဲ ဖြစ်နေသည်။

“ကဲ ...”

“မင်းသွားလို့ရပြီ၊ ရှုပ်ရှုပ်ယှက်ယှက်အလုပ်တွေကို မင်း ကြပ်ကြပ်လုပ်၊ မင်းခေါင်းနဲ့ကိုယ် အိုးစားကွဲမယ်၊ သွားပေတော့ ...”

ရှလန်က ကဲ ... ဆိုပြီး သွားခွင့်ပေးမည်အပြုတွင် တန်ထင်ဟုန်က သူ့ကို သွားခွင့်ပြုလိုက်လေ၏။ လင်ပိန်းရှောင်မှာ ဆိုင်ထဲသို့ မကြည့်ရဲတော့ဘဲ တစ်ကြိုးတည်း ထွက်ပြေးလေတော့၏။

တန်ထင်ဟုန်သည် သူ့နောက်သို့ ရောက်လာသည့် ကျင်းဟုတ်ကြီးကို ကြည့်လိုက်၏။

“ကဲ ... ကျွန်တော်တို့သွားဖို့သင့်ပြီ၊ ဦးကျင်းဟုတ်ကို နှုတ်ဆက် ပါတယ်”

“မင်းတို့ သူ့ကိုမေးစမ်းလို့ ရသွားပြီလား၊ သူ ပြောတော့

ပြောနေတာပဲ၊ ကြောက်နေတော့ ပီပီသသ မပြောရဲဘူး ဖြစ်နေတယ်၊ မင်းတို့သိချင်တာ သိရပြီလား"

"သိချင်တာ မသိရရင် ဒီကောင် သေသွားမယ်၊ ကျွန်မက သူ့ကို သတ်ပစ်ချင်နေတာ"

"ဘာဖြစ်လို့လဲ ကလေးမရဲ့"

"ဘာဖြစ်ရမှာလဲ၊ ကျွန်မကို ညာခေါ်သွားတာ ဒီကောင်လေ၊ စစ်ကုယောင် ရှန်စီမြို့မှာ ရှိတယ်ဆိုပြီး ညာခေါ်သွားတာ"

ကျင်းဟုတ်ကြီးက ရယ်မောလေတော့၏။

"ဒါကတော့ ကလေးမရယ်၊ နင်က မဆင်ခြင်ဘဲ လိုက်သွားမိတာကိုး"

"ဟုတ်ပါတယ် ... ကျွန်မလည်း အဲဒါကို စဉ်းစားမိပါတယ်၊ ဒါကြောင့် ဒီကောင့်ကို ခုမှ သတ်လိုက်တာပေါ့၊ နို့မို့ဆိုရင်တော့ အသေပဲ"

ရှုလန်သည် သူမ၏ ကျာပွတ်ကို ခေါက်၍သိမ်းဆည်းလိုက်သည်။

"လီဖူးယုံ ... ဒီကောင်က ဘယ်ဂိုဏ်းကလဲ"

"ဒီကောင်က ဂိုဏ်းမရှိပါဘူး၊ ကြမ်းပိုးသူခိုးလို လူတစ်ယောက်ပါ၊ ဒုစရိုက်ဂိုဏ်းတွေက သူ့ကို သတင်းစုံစမ်းခိုင်းတာ၊ ဘာညာလုပ်ခိုင်း၊ ဒီလောက်လေးတွေ လုပ်ခိုင်းတာပါ၊ ပိုက်ဆံနည်းနည်းပါးပါး ပေးတာပေါ့၊ လူရှုပ်လူပွေတစ်ယောက်ပါ ဦးကြီးကျင်းဟုတ်ကြီးရယ်"

"အေးလေ ... ငါလည်း အဲဒီလို သိထားတာပဲ"



"ဩော် ... ဩော် ... ဟင်"

ကျင်းဟုတ်ကြီး၏ မျက်နှာသည် ဆိုင်ပေါက်ဝသို့ လှည့်နေလေရာ တစ်စုံတစ်ခုကိုမြင်ပြီး မျက်လုံးပြူးသွားသကဲ့သို့ ဖြစ်နေ၏။

သူသည် တစ်စုံတစ်ခုကို တွေ့လိုက်ရလေပြီ။

တန်ထင်ဟုန်သည် ချက်ချင်းလှည့်ကြည့်၏။ သို့သော် မမြင်လိုက်ရပေ။

"ဘာလဲ ... ဦးကျင်းဟုတ်ကြီး၊ ခင်ဗျား ဘာကိုမြင်လိုက်ရသလဲ"

"လူ ... လူတစ်ယောက်ကွ"

"ဘာဖြစ်တာလဲ၊ ပြောစမ်းပါဦး"

"မင်းကိုလည်းမြင်ရော လှည့်ပြေးသွားတာပဲကွ"

"ဟုတ်လား ..."

တန်ထင်ဟုန်သည် ချက်ချင်းလှည့်ပြေးတော့သည်။ ထိုသူကား မြင်းစီး၍ပြေးလေပြီ။ ထိုသူကို ဖုန်မှုန့်များကြား၌ ပျပျကလေးသာ တွေ့ရတော့သည်။

"ဘယ်သူလဲဟ ..."

"မသိဘူးကွ၊ တစ်ယောက်ယောက်ပဲ"

သူတို့သည် ကျင်းဟုတ်ကြီးကို နှုတ်ဆက်ပြီး ပန်းတစ်ပွင့်စားသောက်ဆိုင်မှ ထွက်ခွာသွားကြတော့သည်။

သူတို့သည် မြင်းဖြူကြီး နှစ်စီးတို့သည် ကြံခိုင်တောင့်တင်းလွန်းသဖြင့် ပြေးလွှားရာ၌ တက်ညီလက်ညီရှိလေသည်။

မကြာမီ သူတို့မြင်းပြေးရာ လမ်းခုလပ်၌ တစ်စုံတစ်ယောက် တားဆီးနေသည်ကို မြင်ကြရသည်။ တဖြည်းဖြည်း နီးလာသောအခါ မြင်းစီးသူတစ်ယောက် ရပ်နေမှန်း သိလိုက်ရတော့သည်။

သူတို့သည် မြင်းစီးသမားအနီးသို့ ရောက်သောအခါ ဝတ်စုံနက် ဝတ်ဆင်ထားသော ဓားသမားတစ်ယောက် ဖြစ်ကြောင်း တွေ့ရှိလေ၏။

ထိုသူသည် တန်ထင်ဟုန်အနီးသို့ ရောက်လာသောအခါ လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်လေ၏။

"ဓားညီနောင် စစ်ကုယောင်မှတ်တယ်"

တန်ထင်ဟုန်ကလည်း ပြန်လည်၍ ဂါရဝပြုလိုက်ရလေသည်။

"ဟုတ်ပါတယ် ... စစ်ကုယောင်ပါ၊ ဘာကိစ္စရှိလို့ပါလဲ"

"ကျုပ်ဟာ တစ်ကိုယ်တော် ဓားသမား ချိုယောက်ပန်းပါ၊ ခင်ဗျား စာပေးထားတာ မှတ်မိမှာပေါ့"

"ဪ ... "

စစ်ကုယောင် စိတ်ညစ်သွားလေ၏။ တစ်ကိုယ်တော်ဓားသမား ချိုယောင်ပန်းသည် သူနှင့် ဓားချင်းယှဉ်ပြိုင်၍ ပညာဖလှယ်ရန် စာရေးတောင်းဆိုထားသည်။

သူက သူ့ကိစ္စဆောင်ရွက်ရန် ရှိနေသဖြင့် ယှဉ်ပြိုင်ပါမည်။ သို့သော် ထိုကိစ္စကို ဆိုင်းငံ့ထားပါဟု တောင်းဆိုထားသည်။

ယခု တစ်ကိုယ်တော် ဓားသမား ချိုယောင်ပန်းကိုယ်တိုင် လိုက်လာပြီ။



တန်ထင်ဟုန်က ...

"ကျုပ်မှာ ကိုယ်ရေးကိုယ်တာ ဆောင်ရွက်စရာတွေ ရှိနေလို့ ခင်ဗျားကို ဆိုင်းငံ့ထားတာပါ၊ ခင်ဗျားနဲ့ ပညာမဖလှယ်ချင်လို့ မဟုတ်ပါဘူး၊ ခုတော့ ကျုပ်ကိစ္စက တစ်ဖက် ဖြတ်ပြီးသွားပြီ"

"မဟုတ်ပါဘူး ... ခင်ဗျား ဆိုင်းငံ့တာကြာနေပါပြီ၊ ကျုပ်မှာလည်း ဆောင်ရွက်စရာတွေ ရှိပါသေးတယ်၊ နောက်ပြီး ခင်ဗျား စောင့်ခိုင်းထားတာကလည်း အကန့်အသတ်မရှိဘူး"

"ကျုပ်ကိစ္စကလည်း အကန့်အသတ်မှ မရှိတာဘဲ၊ ဒါကြောင့်မို့ ကျုပ်က မေတ္တာရပ်ခံတာပါ"

"ခင်ဗျားကိစ္စက နှစ်တစ်ရာကြာနေရင် ကျုပ်က နှစ်တစ်ရာ စောင့်နေရမှာလား"

ထိုအခါ ရှုလန်က ဝင်ပြော၏။

"ဒါကတော့ အခြေအနေအရပေါ့ရှင်၊ အခြေအနေကမှ မပေးဘဲ၊ ရှင်စောင့်ရမှာပေါ့"

ထိုအခါ ဓားသမားချိုယောင်ပန်းက ခက်ထန်စွာ ပြောလေ၏။

"ဒါ မင်းကိစ္စမဟုတ်ဘူး၊ မင်းဝင်မပါနဲ့"

ရှုလန်သည် တက်တခေါက်ခေါက်နှင့် ဖြစ်နေ၏။

ချိုယောင်ပန်းသည် ဓားကိုဆွဲထုတ်လိုက်သည်။

"ရှမ်း ..."

သူသည် ဓားကို လေထဲဝှေ့ယမ်းလိုက်၏။

"ဝှီး ... ဝှီး"

ဓားလေတိုးသံသည် တဝှီးဝှီးမြည်သွားလေ၏။

"ကျုပ်ကတော့ မစောင့်နိုင်တော့ဘူး၊ ခင်ဗျားနဲ့ ပညာဖလှယ်ရတော့မှာပဲ၊ ခင်ဗျား မကြိုက်ရင်လည်း မတတ်နိုင်ဘူး"

တန်ထင်ဟုန်က ...

"ရှုလန် နောက်ဆုတ်နေလိုက်ပါ၊ ညီမ ဘာမှလုပ်စရာမလိုဘူး၊ အစ်ကိုတို့ ဓားချင်းယှဉ်မယ်၊ ဒါဟာ တရားသေ ယှဉ်ပြိုင်ခြင်းပဲ၊ ခုလိုကြုံနေရမှတော့ အစ်ကို မငြင်းချင်တော့ဘူး"

တစ်ကိုယ်တော် ဓားသမား ချိုယောင်ပန်းသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

တန်ထင်ဟုန်လည်း မြင်းပေါ်မှ ဆင်းလိုက်၏။

သူတို့ဆုံတွေ့သည့်နေရာမှာ နေရာကောင်းဖြစ်သည်။

သစ်တောစပ်၌ ဖြစ်သည်။

ဓားသမားချိုယောင်ပန်းသည် နေရာကောင်း၌ ရွေးစောင့်နေခြင်း ဖြစ်သည်။ ရှုလန်သည် ဤသို့သော် စိန်ခေါ်ပွဲပေါင်း မြောက်မြားစွာကို တွေ့ကြုံဖူးသည်။ ကိုယ်တိုင်လည်း စိန်ခေါ်ဖူးသည်။

ထို့ကြောင့် သူသည် တန်ထင်ဟုန်၏ မြင်းနှီမကို ဆွဲပြီး နောက်သို့ ဆုတ်သွားသည်။

"ဝှီး ..."

"ဝှစ် ... ဝှစ်"

"ရွမ်း ... ရွမ်း"



တန်ထင်ဟုန်မှာ ဓားနှစ်လက်ဖြင့် ဖြစ်၍ သူ၏ဓားညီနောင်ကို ထုတ်လိုက်၏။

ဓားနှစ်လက်သမားနှင့် ဓားတစ်လက်သမားတို့ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြလေပြီ။

ချိုယောင်စန်း၏ ဓားကွက်များမှာ ကြမ်းတမ်းလှသည်။ အလွန်လည်းမြန်သည်။ ဓားချက် ဓားကွက် သွက်လက်လှသဖြင့် တန်ထင်ဟုန်သည် အထင်မသေးဝံ့တော့ချေ။

တွေ့ရကာတော့ သိပ်အထင်မကြီးလှပေ။

ယခုတော့ ဂရုစိုက် ရှောင်တိမ်းနေရသည်ဆိုတော့ တစ်ကိုယ်တော် ဓားသမား ချိုယောင်ပန်း၏ အစွမ်းမှာ မသေးလှဟု သိနိုင်သည်။

ယောင်ပြ ဓားကွက်များလည်း ရှိသည်။ ခုတ်မည့်ဟန်နှင့် ထိုးသွင်းလိုက်သည့် ဓားချက်များ၊ ထိုးသွင်းမည့်ဟန် ပြုလုပ်ပြီးမှ တွက်လိုက်သည့် ဓားချက်များနှင့် လွန်စွာသွက်လက်မြန်ဆန်လှသည်။

ချိုယောင်ပန်း၏ ဓားချက်တစ်ချက်သည် တန်ထင်ဟုန်၏ လည်ပင်းနားက ဖြတ်သွားသည်။ တန်ထင်ဟုန်က ငုံ့ရှောင်လိုက်၏။

ထိုဓားချက်သည်ပင် ပက်ပြီး ထိုးသွင်းလာပြန်သဖြင့် တန်ထင်ဟုန် နောက်ကျွမ်းပင်၍ ရှောင်လိုက်ရပြန်သည်။

သိုင်းလောက ဓားဘုရင် ဆက်တိုက် ရှောင်တိမ်းနေရ၏။ သူသည် 'သိမ်းစွန်ကြွေလိုက် ဓားကွက်ဖြင့် ဆက်တိုက် တိုက်ခိုက်နေသဖြင့် တန်ထင်ဟုန်မှာ ဆက်တိုက်ရှောင်တိမ်းနေရသည်။

ဝ"ထန်း ... ထန်း ... ထန်း"

တစ်ကြိမ်တွင်တော့ တန်ထင်ဟုန်က ဓားနှစ်လက်ဖြင့် သူ့ဓားကို ရိုက်ထုတ်လိုက်သည်။

ချိုယောင်ပန်း၏ လက်များ ထုံကျဉ်သွားလေသည်။

တန်ထင်ဟုန်၏ အတွင်းအားသည် လွန်စွာ ကြောက်စရာကောင်းလှပါကလားဟု နားလည်သွားသည်။

သူသည် သတိထား၍ ထိုးခုတ်လာသည်။ သူသတိထားလာသောအခါ တန်ထင်ဟုန်က တိုက်စစ်ဆင်လာတော့၏။

"ဗိုး ... ဗိုး ... ဗိုး"

ဓားနှစ်လက်သည် သူ့ခေါင်းကို ဆက်တိုက်ဖြတ်သည်။ တစ်ကြိမ် ရှောင်လိုက်သောအခါ နောက်ဓားတစ်လက်သည် ငုံ့ရှောင်နေသည့် နေရာသို့ တိုက်ဖြတ်လေသည်။

ထိုအခါ တန်ထင်ဟုန်၏ ဓားက ရပ်မနေပေ။ လှဲချသည့်နေရာသို့ ချက်ချင်း တိုးဝင်လာသောအခါ သူလှိမ့်၍ရှောင်ရပြန်တော့သည်။

ဤသို့ဖြင့် သူတို့၏ ဓားကွက်များသည် အကွက်တစ်ရာခန့် တိုက်ခိုက်ပြီးသည့်အချိန်သို့ ရောက်ရှိလာသည်။ တစ်ယောက်၏ ဓားချက်များသည် တစ်ယောက်၏ သေကွင်းဆီသို့ တိုးဝင်လာကြသည်။

ထိုအခါ အသေအလဲ ရှောင်တိမ်းကြရသည်။ နှစ်ဦးစလုံး မပေါ့ဆရဲကြပေ။



သို့သော် ကြာလာသောအခါ တန်ထင်ဟုန်က အသာစီး ရလာလေသည်။

ဓားတစ်လက်သမားသည် သိုင်းကွက် သိပ်ကောင်းနေလျှင်တော့ ဓားနှစ်လက်သမားကို ယှဉ်ပြိုင်ကောင်း ယှဉ်ပြိုင်နိုင်မည်။

သိုင်းကွက်များ သိပ်မကောင်းဘဲနှင့်တော့ ဓားနှစ်လက်သမားကို မည်သို့မျှ ယှဉ်နိုင်မည်မဟုတ်ပေ။

ဓားတစ်လက်သမားသည် လက်တစ်ဖက်နှင့် တိုက်ခိုက်သကဲ့သို့ ရှိပြီး ဓားနှစ်လက်သမားက လက်နှစ်ဖက်ဖြင့် တိုက်ခိုက်သလိုရှိနေသည်။

ခုတ်၊ သွင်း၊ ထိုး၊ ကွက် ဓားချက်များလည်း မတူပေ။ ဓားနှစ်လက်သမားက ပို၍အသာစီးရသည်။ ထို့ကြောင့် ကြာလာလေလေ ဓားတစ်လက်သမား၏ သိုင်းကွက်များသည် ထပ်လာတော့သည်။

ထိုအခါ အရှုံးအနိုင် ပေါ်လာတော့သည်။

ဓားနှစ်လက်သမား တန်ထင်ဟုန်ကတော့ သိုင်းကွက်အသစ်များဖြင့် ဆက်တိုက် တိုက်ခိုက်လေရာ ဓားတစ်လက်သမား ချိုယောင်ပန်းမှာ ခံစစ်ချည်း ဖြစ်လာလေတော့သည်။

'မုန်တိုင်းတိမ်နှင်' သိုင်းကွက်ကို ထုတ်သောအခါ ချိုယောင်ပန်းမှာ မခံနိုင်ချေ။ ဆက်တိုက်ပင် နောက်ကျွမ်းပစ်နေရတော့သည်။ ထိုစဉ် တန်ထင်ဟုန်က ပြင်းထန်စွာ ခုတ်ချလိုက်သည်။

"ထန်း ..."

"ချွမ်း ... ချလမ်း"

ချိုယောင်ပန်း၏ ဓားမှာ လွင့်စဉ်ထွက်သွားသည်။

"ဟင်း ..."

တန်ထင်ဟုန်သည် သက်ပြင်းချပြီး သူ၏ဓားညိုနှောင်ကို နောက်ကျောရှိ ဓားအိမ်ထဲသို့ ထည့်သွင်းလိုက်တော့သည်။

သူ့တစ်ကိုယ်လုံး ချွေးများ စိုရွှဲနေသည်။

"ကဲ ... ကျေနပ်ပြီလား"

ဓားပညာ ဖလှယ်ခြင်းဖြစ်သော်လည်း အသေအကျေ ပြိုင်ပွဲဖြစ်၍ သေနိုင်သည်။ သေသည့်အတွက် မည်သူကမျှ အပြစ်တင်နေမည် မဟုတ်ချေ။

သတ်သူကိုလည်း မည်သူမျှအပြစ်မတင်ချေ။ ယခုလည်း ချိုယောင်ပန်း သေလူဖြစ်သွားလေပြီ။ ဓားလောက၏ ထုံးစံတစ်ခုပင်ဖြစ်သည်။

သို့သော် တန်ထင်ဟုန်က မသတ်ချေ။ သူသဘောထားကြီးမှုကို ပြသခြင်း ဖြစ်သည်။ ချိုယောင်ပန်းသည် ဖုတ်ဖက်ခါ ထလာလေသည်။

"ကျုပ် ကျေနပ်ပါပြီ"

ချိုယောင်ပန်းသည် သူ့ဓားကို ကောက်ယူလိုက်လေသည်။

"ကျုပ် လက်ခံလိုက်ပြီ၊ ခင်ဗျားဟာ သိုင်းလောကရဲ့ ပြိုင်ဘက်မဲ့ ဓားဘုရင်ပါ"

သူသည် ထိုစကားကိုပြောပြီး သူ့မြင်းပေါ် ခုန်တက်၍ အပြင်းစီးနင်း ထွက်ခွာသွားလေတော့သည်။



ရှုလန်သည် မြင်းကြီးကို ဆွဲပြီး တန်ထင်ဟုန်အနီးသို့ လာလေသည်။

ရှုလန်က

"သူ စိတ်ကျေနပ်သွားပြီပေါ့"

"ဟုတ်တယ်စိတ်ကျေနပ်သွားပြီလေ၊ သူ့လည်း အပြစ်မတင်ပါဘူး၊ ဒါဟာ ထိပ်တန်းတက်လာမယ့် သိုင်းသမသားတွေဟာ အဲဒီစိတ်ဓာတ်ရှိတတ်တယ်၊ ခုတော့ သူပြန်လေ့ကျင့်ဦးပေါ့"

တန်ထင်ဟုန်သည် မြင်းနီမပေါ် ခုန်တက်လိုက်သည်။ ထို့နောက် မြင်းကိုယ်စီ စီးလျက် ခရီးပြင်းနှင်လာကြလေတော့သည်။ သူတို့သည် အရှိန်အဟုန်ကောင်းကောင်းဖြင့် စီးနင်းလိုက်ပါလာကြသည်။ မြင်းကြီးများသည် သူတို့သခင်များကို လိုရာပို့ဆောင်နေကြသည်။

ထမင်းတစ်အိုးကျက်ခန့် ကြာသောအခါ ခရီးအတော်ပေါက်လာကြသည်။

သူတို့သည် မြင်းနှစ်ဦးကို ယှဉ်မောင်းရင်း ကားပြောကြလေသည်။

"အစ်ကို ညီမတို့ ခရီးတော်တော်ပေါက်လာပြီနော်"

"ဟုတ်တယ် ... ခရီးပေါက်လာပြီ"

"ညီမတို့ ခရီးတစ်ထောက် နားကြရအောင်၊ မြင်းတွေကိုလည်း အနားပေးရင်းပေါ့"

"နားလေ ... ညီမနားရင်နားပေါ့၊ ဟောဟိုရှေ့က သစ်ပင်ကြီး အောက်မှာ နားကြမယ်နော်"

"သဘောလေ"

သူတို့သည် လူနှစ်ယောက် သုံးယောက် ဖက်နိုင်သော သစ်ပင်ကြီးဆီသို့ မြင်းများကို မောင်းလာကြသည်။ သစ်ပင်ကြီးမှာ အရိပ်အာဝါသ အလွန်ကောင်းသည်။

မည်သည့် အပင်မှန်းတော့ မသိကြသေးပေ။ အဝေးမှသာ ကြည့်ကြရခြင်းဖြစ်၍ မည်သည့် အပင်မှန်း မသိနိုင်သေးပေ။

❄ ❄ ❄



## အခန်း(၆၁)
## ရန်သူများ လိုက်လံခြင်း

သူတို့သည် သစ်ပင်များ ရိုးရိုးရိပ်ရိပ်ရှိသော နေရာများမှ ဖြတ်သန်းလာကြသဖြင့် သစ်ပင်ရိပ်များ မလွတ်လှချေ။

တန်ထင်ဟုန်သည် ဆယ်နှစ်အတွင်း၌ အတွေ့အကြုံများစွာ ရခဲ့ရာ မျက်စိရှင်ရှင်ထားပြီး ရန်သူများကို ရှာဖွေခဲ့သော်လည်း မည်သည့် ရန်သူကိုမျှ မတွေ့ခဲ့ကြချေ။

သူတို့သည် မကြာမြင့်မီပင် ထိုအရိပ်အာဝါသကောင်းလှသော သစ်ပင်ကြီးဆီသို့ ရောက်လာလေ၏။

ထိုသစ်ပင်ကြီးကား ညောင်မုတ်ဆိတ်ပင်ကြီးတည်း။

ညောင်မုတ်ဆိတ်ပင်ကြီးမှာ အခြားအပင်များနှင့် လုံးဝမတူချေ။ နေစက်နေပြောက် တစ်ပြောက်မျှ မထိုးဘဲ ရှိနေသည်။

ထိုသစ်ပင်ကြီးမှာ ထီးထီးကြီး ပေါက်နေခြင်း ဖြစ်သည်။

ထိုနေရာ၌ ထိုသစ်ပင်သာရှိသည်။

သစ်ပင်များ ရှိသော်လည်း အဝေး၌သာ စုစုအုပ်အုပ် ပေါက်နေကြခြင်း ဖြစ်သည်။

တစ်ပင်တည်းရှိသဖြင့် ပြင်းထန်သည့် လေတိုက်သောအခါ သစ်ပင်ကြီးမှာ အုံလိုက်ကျင်းလိုက် ယိမ်းနွဲ့နေသည်။ ကြည့်၍တော့ကောင်းသည်။

သစ်ပင်ကြီး၏ ပတ်ဝန်းကျင်ကား မြက်ခင်းများဖြစ်၏။ ထိုမြက်ခင်းများသည် အစိမ်းကွက်၊ အဝါကွက်များ ဖြစ်နေကြသည်။

ထိုမြက်ခင်းများမှ လွန်သောအခါမှ သစ်ပင်များ စုစုအုပ်အုပ် ပေါက်ရောက်နေခြင်း ဖြစ်သည်။

နေမွန်းတည့်ချိန် မဟုတ်သော်လည်း အရိပ်မရသေးသော နေရာများ၌ ပူပြင်းလှသည်။

ထို့ကြောင့် ညောင်မှတ်ဆိတ်ပင်ကြီးအောက်သို့ ဝင်ရောက်မိသည်နှင့် သူတို့ အေးမြသွားလေ၏။

ရှုလန်သည် အရိပ်အောက်သို့ ဝင်လိုက်သည်နှင့် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

တန်ထင်ဟုန်က ပြုံးလိုက်၏။

သူ့ချစ်သူသည် အေးရိပ်သာယာအောက် မြန်မြန်ဝင်ရောက်နေချင်ပြီကို သိလိုက်သောကြောင့် ဖြစ်သည်။

"ဘယ်လိုလဲ ညီမရဲ့၊ မြင်းတောင် သစ်ပင်ရိပ်အောက်မရောက်သေးဘူး အတင်းဆင်းရတယ်လို့ ..."

"ဟုတ်တယ် အစ်ကို၊ ဒီသစ်ပင်ကြီးရဲ့ အရိပ်ဟာ သိပ်အေးတာပဲ အစ်ကို၊ ညီမ နားချင်နေတာ ိအရိပ်ကြောင့်ပဲ၊ အဝေးက ကြည့်တာနဲ့ ဒီအပင်ကြီး အရိပ်ကောင်းမယ်ဆိုတာကို သိသာတယ်"



တန်ထင်ဟုန်လည်း မြင်းပေါ်မှ ဆင်းလိုက်၏။

"အင်း ... ခဏတစ်ဖြုတ်တော့ နားကြတာပေါ့ ညီမရယ်၊ ကြာကြာနားလို့တော့ မဖြစ်ဘူးနော်၊ အစ်ကိုတို့ စုံစမ်းရမယ့်တာဝန်ကလည်း ရှိသေးတယ်"

"အင်း ... အစ်ကိုကလည်း နားတောင်မနားရသေးဘူး၊ ခရီးဆက်ဖို့ ပြောနေတယ်၊ မရဘူး ... ညီမတော့ အမောပြေအောင်နားမယ်"

ရှုလန်သည် သစ်ပင်အောက်၌ အိပ်လိုက်သည်။

တန်ထင်ဟုန်သည် ရှုလန်ဘေး၌ ဝင်ထိုင်လိုက်၏။

ရှုလန်က မေးသည်။

"အစ်ကို ... ချိုယောင်ပန်း အစ်ကို့ကို ချိန်းထားတာ ကြာပြီလား"

တန်ထင်ဟုန်က သက်ပြင်းချသည်။

"ကြာပြီပေါ့ ညီမရယ်၊ နှစ်နှစ်လောက်ရှိပြီ၊ သူစိတ်မရှည်ဘူးဆိုလည်း စိတ်မရှည်ချင်စရာပါ၊ သူဘယ်လောက် စောင့်ရမယ်ဆိုတာ သိနေရင်တော့ သူစိတ်ရှည်ချင် ရှည်မှာပေါ့၊ အခုတော့ ဘယ်နှစ်နှစ်စောင့်ရမယ်မှန်း သူမသိတော့ သူ စိတ်မရှည်တော့ဘူးပေါ့၊ အစ်ကို့ကို နောက်ယောင်ခံ လိုက်နေတာ ကြာပြီနဲ့တူတယ်"

"ညီမစိတ်ထင်တော့ ဦးကျင်းဟုတ်ကြီး ဆိုင်ပေါက်ဝမှာ မြင်လိုက်တာ သူလို့ထင်တယ်"

တန်ထင်ဟုန်က ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး"

"ဟင် ... မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲ"

"သူက အစ်ကို့ကို ရှောင်ပြေးနေတဲ့ လူမှမဟုတ်တာ၊ အစ်ကိုနဲ့ ရင်ဆိုင်ယှဉ်ပြိုင်ချင်တဲ့လူ၊ ဘယ်နေရာမှာတွေ့တွေ့ အစ်ကို့ကို သူမမှုဘူး၊ သူက ယှဉ်မယ့်လူကိုး"

"အစ်ကို ပြေးထွက်ကြည့်လိုက်တော့ ဦးကျင်းဟုတ်ကြီး တွေ့လိုက်တဲ့လူဟာ မြင်းနဲ့ထွက်ပြေးသွားတာ အတော့်ကို ဝေးနေပြီ၊ သူတော့မဟုတ်ဘူး၊ တခြား ရန်သူတစ်ယောက်ယောက် ဖြစ်လိမ့်မယ်"

"သူ့ဓားသိုင်းပညာက မဆိုးဘူးနော်"

"မဆိုးပါဘူး၊ ဒါပေမယ့် အမှားအယွင်းမရှိရင် ညီမတောင် သူ့ကို ယှဉ်နိုင်လိမ့်မယ်လို့ ထင်တယ်"

"ဟုတ်တယ် ... ညီမလည်း ထင်တယ်"

သူတို့သည် ချိုယောင်ပန်း၏ သိုင်းပညာကို ဝေဖန်နေကြသည်။

တန်ထင်ဟုန်က ချိုယောင်ပန်း၏ ချွတ်ယွင်းချက်များကို ဝေဖန်ထောက်ပြနေသည်။

ထိုစဉ် ရှုလန်သည် နှာခေါင်းတရှုံ့ရှုံ့ ဖြစ်လာသည်။



ရှုလန်၏ အထက်မြက်ဆုံး စွမ်းရည်ကို တန်ထင်ဟုန် မသိချေ။ ရှုလန်၏ စွမ်းရည်ကား အနံ့ခံကောင်းခြင်းတည်း။

"ညီမ ... ဘာဖြစ်တာလဲ"

"လူ ... လူ ... လူ"

"ဘာလူလဲ ညီမရဲ့"

"အနံ့တွေက များတယ်၊ လူများတယ်၊ ရန်သူတွေဖြစ်ဖို့များတယ်၊ ဒီလောက်လူများဖို့ မကောင်းဘူး"

"သေချာလို့ချည်လား ညီမရဲ့"

"သိပ်သေချာပါတယ်"

ထိုအခါ တန်ထင်ဟုန်သည် မတ်တတ်ထကြည့်လိုက်၏။ ထိုအခါ အဝေးရှိ သစ်ပင်ဂုပ်ဆီမှ မြင်းစီးသမားများ ပြေးထွက်လာနေသည်ကို တွေ့လိုက်ရတော့၏။

ရန်သူများ ဖြစ်သည်ကိုကား သံသယရှိရန် မလိုချေ။ အဘယ့်ကြောင့်ဆိုသော် ထိုအယောက်နှစ်ဆယ်ခန့်ရှိသော လူတိုင်း၏ လက်ထဲ၌ လက်နက်မျိုးစုံ ကိုင်ဆောင်ထားသောကြောင့်တည်း။

ရန်သူ၏ မြင်းများသည် သစ်ပင်ကြီးဆီသို့ တဖြည်းဖြည်းနီးကပ်လာလေ၏။ တန်ထင်ဟုန်သည် ရန်သူများကိုကြည့်၍ စိတ်ပျက်သွားသည်။

"ဒီရန်သူတွေက ဘယ်လိုရောက်လာတာလဲ၊ အစ်ကိုလည်း ခရီးတစ်လျှောက်လုံး ကြည့်လာတာပဲ၊ ရန်သူ အရိပ်အယောင်ကို မတွေ့ရပါဘူး၊ ညီမက တကယ် အနံ့ခံကောင်းတာပဲ"

တန်ထင်ဟုန်သည် ရှုလန်ကို ချီးကျူးလိုက်၏။

"အင်း ... ခုမှ ပြေးလို့လည်း လွတ်တော့မှာမဟုတ်ဘူး၊ ခုခံရတော့မှာပဲ"

သူ့အားမှ ရှုလန်သည်လည်း ရန်သူများကို ကြည့်နေသည်။

"ရန်သူက များလှချည်လား"

"ကျောက်စင်လားတို့လောက်တော့ မများပါဘူး"

"ဒါပေမယ့် အရည်အချင်းက စကားပြောတယ်၊ အရည်အချင်း ရှိတဲ့လူတွေ များနေရင်တော့ အစ်ကိုတော့ အသက် စတေးချင် စတေးရလိမ့်မယ်"

"ဒီလောက် လူများနေရင်တော့ အရည်အချင်းမရှိတဲ့လူတွေများမှာပါ အစ်ကို၊ ဒီလိုလူတွေဟာ မြင်းတွေကို သစ်ပင်ကြားမှာထားပြီး ပုန်းနေမယ့်လူတွေပါ"

"ဒါကြောင့် အစ်ကိုမတွေ့တာပေါ့၊ နောက်ပြီး သူတို့ဟာ ညီမတို့ ဒီလမ်းကလာမယ်ဆိုတာကို သိနေတဲ့လူတွေ ဖြစ်မယ်၊ ဆိုင်ဝမှာ ဦးကျင်းဟုတ်ကြီး တွေ့လိုက်တဲ့လူနဲ့ ပတ်သက်နေလိမ့်မယ်"

မြင်းစီးသမားများသည် တန်ထင်ဟုန်ရှိရာ သစ်ပင်ကြီးနှင့် တဖြည်းဖြည်း နီးကပ်လာသည်။

တန်ထင်ဟုန်သည် သူ၏ဓားနှစ်ချောင်းကို ထုတ်လိုက်၏။

"ကျွန်မတို့ ထွက်တိုက်ရင် ကောင်းမလား"

သူမသည် အမြဲတမ်း စိတ်မြန်လက်မြန်ရှိသူဖြစ်၍ စောင့်ဆိုင်းနေရသည့်အလုပ်ကို မလုပ်ချင်ပေ၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ်ချင်သူဖြစ်သည်။



ယခု စိတ်ရှည်နေရသည်မှာလည်း သူချစ်သော တန်ထင်ဟုန်ကြောင့် ဖြစ်သည်။ တန်ထင်ဟုန်သည် အမြဲတမ်းလိုလို ကာဆီးကာဆီး လုပ်တတ်သည်။

"နေစမ်းပါဦး ညီမရယ်"

"အစ်ကိုကိုပြောရင် နေစမ်းပါဦးကွယ်၊ စောင့်စမ်းပါဦးကွယ်၊ ဒါပဲ ပြောနေတာပဲ"

"စိတ်လိုက်မာန်ပါလုပ်ရင် အမှားပါတတ်တာပေါ့ ညီမရယ်၊ နိုင်းနိုင်းချိန်ချိန်လုပ်တော့ အမှားမပါဘူးပေါ့၊ သူတို့ကို အစ်ကိုတို့က ထွက်တိုက်ရင် ကွင်းပြင်ကြီးထဲ ထွက်တိုက်တော့ သူတို့က ဝိုင်းကြိတ်ဦးမယ် ...

"အခု သစ်ပင်အောက်မှာ ပင်စည်ကို နောက်ကျောထားပြီး တိုက်တော့ သူတို့ဟာ အစ်ကိုတို့နောက်က မတိုက်နိုင်တော့ဘူးပေါ့၊ ရှေ့ကပဲတိုက်နိုင်မယ်၊ သူတို့ဝင်လာရင် အလွန်ဆုံး တစ်ခါဝင်လာရင် သုံးယောက်ပဲ ဝင်လာမယ်"

"နောက်ကျောလုံနေရင် အန္တရာယ်က တစ်ဝက်သက်သာသွားမယ်၊ ရှေ့ကဝင်လာတဲ့ သုံးယောက်ကိုလည်း အစ်ကိုတို့ မှုစရာမလိုဘူး၊ ကောင်းကောင်းခုခံနိုင်တယ်၊ အဲဒီလို ဗျူဟာကိုလည်း စဉ်းစားမှာပေါ့ ညီမရယ်"

ရှုလန် ဘာမှမပြောနိုင်တော့ပေ။

တန်ထင်ဟုန်က ...

"အစ်ကိုက သူတို့ကြောက်လို့ ပြောနေတာမဟုတ်ပါဘူး၊ သူတို့ကိုလည်း မှုလည်းမမှုပါဘူး၊ အစ်ကိုက ညီမကိုပြောနေတာ အရာရာကို အေးအေးသက်သာ ရင်ဆိုင်ဖို့ပဲ၊ သူတို့ နေပူထဲက လာနေတယ်၊ အစ်ကိုတို့က နေရိပ်ထဲက စောင့်နေတယ်၊ လာပါစေ အစ်ကိုတို့က သူတို့ကို အရိပ်ထဲက စတိုက်ရုံပဲ"

ရှုလန်က နှုတ်ခမ်းစူပြီး ပြောသည်။

"အစ်ကိုနဲ့ လိုက်နေရတာနဲ့ ညီမလည်း တစ်ခါမှ မတိုက်ရ တော့ဘူး"

ဝံပုလွေတွေနဲ့ တိုက်ရတာကရော ..."

"ဒါက အစ်ကို့ကို လိုက်ရှာလို့ ဖြစ်ရတဲ့ တိုက်ပွဲပဲ၊ နောက် ပိုင်းမှာ ဘယ်မှာတိုက်တော့လို့လဲ"

"ဒါကတော့ တိုက်ပွဲမှ မရှိတော့တာပဲ ညီမရယ်၊ ကဲ ... အခု ကြည့်၊ ညီမ မတိုက်ချင်လို့လည်း မရတော့ဘူး၊ ဒီမှာ ညီမ အစ်ကို တစ်ခုပြောမယ်၊ အစ်ကိုတို့ တစ်ယောက်ကိုတစ်ယောက် သတ်ဖြတ် နေကြတယ်၊ သတ်ဖြတ်ရတဲ့အလုပ်ဟာ မကောင်းပါဘူး၊ စက်ဆုပ် စရာ အလုပ်ပါ ...

"ဒီကိစ္စကို ညီမ ဘာဖြစ်လို့ စိတ်မြန်လက်မြန် လုပ်ချင်နေ ရတာလဲ၊ ကိုယ်က မြန်မြန်သတ်ရင် ဒီလူတွေဟာ မြန်မြန်သေကြ မယ့် လူတွေ၊ အချိန်ရှိခိုက် သူတို့ အသက်ရှင်နေကြပါစေ၊ လူ့ဘဝ ဆိုတာ ရခဲပါတယ်၊ သူတို့ နေကြပါစေကွာ"



"ဟင်း ... ဟင်း ... ဟင်း ... အစ်ကိုဟာ ဘာဖြစ်လို့ သိုင်း သမား ဖြစ်လာတာလည်း မသိဘူး၊ တကယ်တော့ အစ်ကိုဟာ ဘုန်းကြီးဖြစ်သင့်တယ်"

ထိုအခါ တန်ထင်ဟုန်က တဟားဟားရယ်တော့၏။

"အစ်ကိုသာ ဘုန်းကြီးဖြစ်သွားရင် ညီမ အစ်ကို့နောက်ကို ဒီလိုလျှောက်လိုက်လို့ မရတော့ဘူး၊ လိုက်နိုင်ခွင့်လဲမရှိတော့ဘူး၊ စဉ်းစားဦး ညီမ၊ ဟား ... ဟား ... ဟား"

"ဟင်း ... ဟင်း ... အဲဒီလိုဆိုရင် အိမ်ဦးခန်းမှာတင်ပြီး ဦးချ ကန်တော့နေမှာပေါ့ အစ်ကိုရယ်"

ရှုလန်ကလည်း ပြန်၍ ရွှတ်နောက်နောက် ပြောလိုက်လေ၏။ သေဘေးက လက်တစ်ကမ်းရောက်နေသည်။ နှစ်ယောက်စလုံး အရွှတ်အနောက်ပြောနေသည်။

လိုက်လည်း လိုက်ဖက်သော စုံတွဲပါပေ။

❋ ❋ ❋

## အခန်း(၆၂)
## ဓားနှင့် ကျာပွတ်

ချစ်သူနှစ်ဦးသည် ရန်သူများ စိုင်းနှင်လာသည်ကို မြင်နေကြသော်လည်း သူတို့အား မရောက်သကဲ့သို့ အပြန်အလှန် ကျီစယ်နေကြ၏။

ရန်သူများမှ သူတို့အနီးသို့ရောက်ရှိလာပေပြီ။ ဝါးတစ်ပြန်မျှပင် မကွာဝေးတော့ချေ။

“ညီမ ဒီသြောင်ပင်ကြီးကို ကျောကပ်ထား”

“ကပ်ထားတယ်လေ”

“အေး ... သူတို့ဝင်တိုက်ကြမှာပဲ၊ အဲဒီအခါမှ ညီမ စိတ်ကြိုက် တိုက်ပေတော့ ...”

“စိတ်ချ ... အစ်ကို”

ရန်သူများမှာ မြန်းများကို အော်ဟစ်စီးနင်းလာကြ၏။ သို့ရာတွင် သစ်ပင်အောက်မှ မည်သည့်လှုပ်ရှားမှုမှ မတွေ့ရသဖြင့် သူတို့သည် သစ်ပင်အစပ်သို့ ရောက်သည်နှင့် မြင်းအားလုံး ရပ်ဆိုင်းသွားကြ၏။

“ဟော့ ... ရပ်ကြ”



လူအားလုံး၏ အကြည့်သည် သစ်ပင်ကြီးအောက်သို့ ကြည့်လေ၏။သစ်ပင်ကြီး၏ ပင်စည်ကို ကျောကပ်ရပ်နေသည့် တန်ထင်ဟုန်နှင့် ရှုလန်တို့ကို တွေ့လိုက်ကြရသည်။ သူတို့လက်ထဲတွင်တော့ လက်နက်များ တွေ့ကြရသည်။

တန်ထင်ဟုန်က ဓားနှစ်လက်ကို ကိုင်ထားပြီး ရှုလန်က ကျာပွတ်ကို ကိုင်ထားသည်။

“ဟော့ ... မင်းတို့ ဘာလုပ်နေကြတာလဲ”

ရန်သူများ၏ ခေါင်းဆောင်ဖြစ်ဟန်တူသူက အော်မေးသည်။

တန်ထင်ဟုန်က ခပ်အေးအေးပြောသည်။

“မင်းတို့ ငါတို့ကို တိုက်ဖို့လာတာလား၊ စကားများဖို့ လာတာလား၊ သေချင်ရင်တော့ လာတိုက်၊ စကားများမယ်ဆိုရင်တော့ ပြန်ကြတော့၊ ငါတို့က မင်းတို့နဲ့ စကားမပြောချင်ဘူး”

ရန်သူများသည် မျက်နှာထားများ တင်းမာသွားကြသည်။

“မင်းတို့ကများ တို့ကို အဲဒီလိုပြောရသလား၊ မင်းတို့လူကိုလည်း ပြန်ကြည့်ပါဦး၊ စုစုပေါင်းမှ နှစ်ယောက်တည်း ရှိတာ၊ ငါတို့က အယောက်နှစ်ဆယ်ရှိတယ်၊ မင်းတို့ ခံနိုင်ရင်တော့ လူတော်ပဲ”

ရန်သူများသည် မြင်းပေါ်မှ ခုန်ဆင်းကြ၏။ သူတို့ ကိုင်ဆောင်ထားသည့် လက်နက်များမှာ မျိုးစုံဖြစ်သည်။

“ဓား၊ လှံ၊ မှိန်း၊ ခက်ရင်းခွ၊ သံကြိုးတပ်ဆူးလုံး စသည့် လက်နက်မျိုးစုံဖြစ်၏။

“တိုက်ကြ ...”

ခေါင်းဆောင်ဖြစ်သူက အော်ဟစ်လိုက်သောအခါ ရန်သူများသည် ဝင်တိုက်ကြတော့၏။ နောက်ကျောကို ပင်စည်ဖြင့် ပိတ်ခံထားသော တန်ထင်ဟုန်တို့ဆီသို့ လူနှစ်ဆယ်စလုံး ဝင်မတိုက်နိုင်ပါ။

တစ်ကြိမ်တိုက်လျှင် သုံးယောက်မျှသာ ဝင်တိုက်နိုင်သည်။ သုံးယောက်တိုက်ရာတွင်လည်း တစ်ဦးကိုတစ်ဦး ငဲ့နေရသဖြင့် စိတ်ကြိုက် မတိုက်နိုင်တော့ချေ။

"ဗိုး ... ဗိုး"

"ဝှစ် ... "

"ချွမ် ... ချလန်း ... ချွမ်း"

ရန်သူများ သုံးလေးယောက်မျှ လွင့်စဉ်လဲကျကုန်သည်။

"ရွှမ်း ... ရွှမ်း"

တန်ထင်ဟုန်၏ ဓားနှစ်လက်က တဝိုးဝိုးမြည်သကဲ့သို့ ရှုလန်၏ ကျာပွတ်သည် တရွှမ်းရွှမ်း မြည်နေသည်။

"အား ... အား ... အား"

ဓားလွင့်စဉ်သွားသူများ၊ ခက်ရင်းခွ လွတ်ကျသွားသူများမှာ သူတုလက်နက်များကို အလူးအလဲ လိုက်ကောက်ကြသည်။

ထိုအခါ သူတို့၏ ကျောပြင်များပေါ်သို့ ရှုလန်၏ ကျာပွတ်ချက် ကျရောက်သားတော့သည်။ တအီးအီး တအားအား အော်သံများမှာ ဆူညံစွာ ထွက်ပေါ်လာသည်။

ရန်သူများဘက်မှ ငါးယောက်မျှ ကျဆုံးပြီးသွားသောအခါ ရန်သူများသည် အတိုက်ရပ်သွားကြ၏။ သစ်ပင်အရိပ်ကျနေသော နေရာမှာ တန်ထင်ဟုန်တို့၏ ခံစစ်၊ စည်းဝိုင်းဖြစ်နေပြီး နေပူသော



နေရာများမှာ ရန်သူများ၏ ပိုင်နက်ဖြစ်နေ၏။ ရန်သူတို့သည် တီးတိုးတိုင်ပင်နေကြ၏။

တန်ထင်ဟုန်က ...

"ဘယ့်နှယ်လဲ၊ တော်တော် မြည်းစမ်းလို့ အရသာရှိသွားပြီလား၊ ငါးယောက်တောင်ကျသွားပြီဆိုတော့ မင်းတို့လာတဲ့လူ လေးပုံတစ်ပုံ ကျသွားတာပဲ၊ မင်းတို့ ပြုတ်ပြုတ်မပြုန်းခင် ပြန်သွားကြဖို့ကောင်းပြီ"

ရှုလန်ကလည်း ...

"လာစမ်းပါစေ ... ကျွန်မတို့ကို ဘယ်လိုလူမျိုးတွေ မှတ်နေသလဲ မသိဘူး၊ ဟင်း ... အားလုံးကို သတ်ပစ်မယ်"

ရန်သူများသည်တန်ထင်ဟုန်၏သတိပေးစကားကိုမနာယူချေ။

သူတို့သည် တိုင်ပင်ကြပြီးနောက် လူစုခွဲ၍ သစ်ပင်ရိပ်တွင်းသို့ သတိကြီးစွာ ထား၍ ဝင်လာပြန်၏။ အနီးသို့ ရောက်သည်နှင့် ငါးယောက်တစ်တွဲ ခုန်ဝင်တိုက်၊ တိုက်ပြီးထွက်၊ ငါးယောက်တစ်တွဲ ခုန်ဝင်တိုက်၊ တိုက်ပြီးထွက်။ ဤသို့ဖြင့် အကြိမ်ကြိမ် တိုက်စစ်ဆင်ကြတော့သည်။

"ဗိုး ... "

"ဝှစ် ... ဝှစ်"

"ရွှမ်း ... ရွှမ်း ... ရွှမ်း"

တန်ထင်ဟုန်တို့မှာ အကြိမ်ကြိမ် ခုခံနေကြရတော့၏။

တန်ထင်ဟုန်၏ ဓားများ လေတိုးသံ၊ ရှုလန်၏ ကျာပွတ်ရိုက်သံများသာ ဆူညံနေတော့သည်။

ရန်သူ၏ တိုက်စစ်ပရိယာယ်ကြောင့် တန်ထင်ဟုန်တို့မှာ အဆက်မပြတ် ခုခံနေရခြင်းတို့သာ ပိုလာသည်။

အရှုံးအနိုင်တွက်ကြေးဆိုလျှင် နောက်ပိုင်းတိုက်ပွဲ၌ တန်ထင်ဟုန်တို့ ရှုံးသည်ဟုဆိုရမည်။ သူတို့သည် မည်သူ့ကိုမျှ ဒဏ်ရာရအောင် မလုပ်နိုင်ဘဲ သူတို့သာ အဆက်မပြတ် ခုခံရခြင်းတို့သာ အဖတ်တင်လာသည် မဟုတ်ပါလော။

"တိုက်ကြ ... ရန်သူကို ချေမှုန်းကြ"

ရန်သူများသည် ညာသံပေးကာ အော်ဟစ်တိုက်ခိုက်ကြသည်။

တန်ထင်ဟုန်သည် ပရိယာယ်ပြောင်းမှ ဖြစ်မည်ကို ရိပ်မိလာသည်။ တန်ထင်ဟုန်သည် ရန်သူ၏ တိုက်ခိုက်မှုများကို ခုခံရင်း အော်ဟစ်သည်။

"ညီမ ,... ရန်သူထဲမှာ ပျော့ကွက်ကိုရှာ"

တန်ထင်ဟုန်၏ အော်ဟစ်သံကို ရှုလန် ကောင်းစွာသဘောပေါက်သည်။

ရန်သူငါးယောက်စီ တိုက်ခိုက်စဉ် သိုင်းပညာ အညံ့ဆုံးသောသူကို ထိုးနှက်တိုက်ခိုက်ဟု တန်ထင်ဟုန်က အော်ဟစ် သတိပေးခြင်းဖြစ်သည်။

"ဒိုး ... ဒိုး"

"ဝုန် ..."

"ရှမ်း ... ရှမ်း ... ရှမ်း"

တန်တင်ဟုန်သည် ရန်သူ၏ ပျော့ကွက်များကို ထိုးနှက်တိုက်



ခိုက်သည်။ ရှုလန်ကလည်း ရန်သူ၏ ပျော့ကွက်ကို ထိုးနှက်တိုက်ခိုက်လိုက်သည်။

ထိုအခါ တစ်ကြိမ်တိုက်လျှင် ငါးယောက်စီ ပြေးဝင်တိုက်ခိုက်ကြသော ရန်သူများမှာ တစ်ယောက်ထိ၊ နှစ်ယောက်ထိ ဖြစ်ကုန်တော့သည်။

"အား ..."

"အီး ..."

"အမယ်လေးဗျ"

ရန်သူများမှာ ငါးယောက်စီ မရှိကြတော့ချေ။ လေးယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ဖြစ်ကုန်သည်။

ထိုအခါ သူတို့၏ တိုက်စွမ်းရည်များ ညံ့ကုန်သည်။

တန်ထင်ဟုန်၏ နည်းပရိယာယ် မှန်ကန်သွားသည်။ ရန်သူများကို အမှည့်ခြွေ ခြွေသည့် နည်းပရိယာယ်ပင် ဖြစ်တော့သည်။

သို့ဖြင့် တန်ထင်ဟုန်၏ ဓားချက်များမှာလည်း ကြာလာသည်နှင့်အမျှ ပြင်းထန်လာသည်။ ထို့ကြောင့် ရန်သူတို့၏ ဓားများ ကျိုးပဲ့လွင့်စဉ်ကုန်သည်။

ရှုလန်ကတော့ သူမ၏ ကျာပွတ်ကို စက်နာရီလှည့်သကဲ့သို့ မှန်မှန်ကြီး ရိုက်နေသည်။

ရန်သူများမှာ ဓားဒဏ်ရာခံရ၊ ကျာပွတ်ဒဏ် ခံရဖြင့် နာလန်မထူတော့ချေ။ သံကျာပွတ်ထိပ်၌ အဆိပ်ရှိခြင်းမှာ ရန်သူများအတွက် ကံဆိုးခြင်းတစ်ရပ်ပင် ဖြစ်သည်။

အဖျားနှင့် ထိသွားသော ရန်သူများမှာ ချက်ချင်း သေဆုံး

ရတော့သည်။ တရွမ်းရွမ်းနှင့် ရိုက်လိုက်သော ကျည်ဆံသွယ်ရိုက်ချက်သည် မြွေပေါက်လိုက်သည်နှင့် မခြားပေ။

ရန်သူများသည် လုံးပါးပါးနေသည့် အခြေအနေကို ရိပ်မိလာ၏။

အခြေအနေကို ရိပ်မိလာ၏။ ထိုအခါ လူခွဲ၍ တစ်စုချင်း မတိုက်တော့ချေ။ ပထမတုန်းကလို ကျန်သည့် အစုအဝေးဖြင့် ညာသံပေး အော်ဟစ်တိုက်ခိုက်ကြတော့သည်။

"တိုက်ကြ ... တိုက်ကြ"

နောက်ဆုံး အော်ဟစ်ကြွေးကြော်သံများ ပျောက်ဆုံးသွား၏။

ညောင်မုတ်ဆိတ်ပင်ကြီး ပတ်ဝန်းကျင်၌ မည်သည့်အော်သံမျှ မကြားရတော့ချေ။ အားလုံး တိတ်ဆိတ်သွားသည်။

ခြေပြတ် လက်ပြတ်၊ ခေါင်းပြတ်ဖြင့် သေသူများ၊ ဒဏ်ရာဖြင့် သေအံ့မူးမူး ဖြစ်နေသူများသာ ရှိတော့သည်။

လာရောက်တိုက်ခိုက်သည့် အယောက်နှစ်ဆယ်မျှသော ရန်သူများမှာ ပြုတ်ပြုတ်ပြုန်းသွားခဲ့ချေပြီ။

❋ ❋ ❋

# အခန်း(၆၃)
## အဆက်စပ်

သူတို့သည် ရန်သူများကို လိုက်လံကြည့်ရှုသောအခါ ဒဏ်ရာပြင်းထန်သော်လည်း မသေသေးသည့် လူတစ်ယောက်ကို တွေ့ရလေ၏။

"ကံကောင်းတယ်၊ အသက်ရှင်တဲ့လူ တစ်ဦးကို တွေ့ရလို့"

"ဘာဖြစ်လို့လဲ ..."

"ဒီကောင်တွေ ဘယ်ဂိုဏ်းကလဲဆိုတာ စစ်မေးနိုင်တာပေါ့"

"ဟာ ... ဟုတ်သားပဲ"

ရှုလန်တို့သည် အသက်ရှင်နေသူတစ်ဦးကို တွေ့ရသဖြင့် စစ်မေးလေသည်။

"မင်းတို့နဲ့ငါ ဘာရန်ငြိုးရန်စမှ မရှိဘဲနဲ့ ဘာကြောင့် ဝိုင်းတိုက်ကြတာလဲ"

ထိုလူမှာ မသေသေးချေ။ စကားပြောနိုင်သည်။

"ကျုပ်တို့ ဘယ်ဂိုဏ်းဘယ်အဖွဲ့အစည်းကမှ မဟုတ်ဘူး၊

ကျုပ် တို့အားလုံး ကြေးစားတွေ၊ အခကြေးငွေ ကောင်းကောင်းရလို့ ခင်ဗျား တို့ကို လာတိုက်တာပဲ"

ထိုလူက ခပ်မာမာပဲ ပြောသည်။ သေလျှင်မြေကြီး ရှင်လျှင် ရွှေထီးဟု သတ်မှတ်သူများဖြစ်၍ သူတို့ ရှုံးနိမ့်သွားသည့်အခါ သူတို့ ခံရမည်ဟု သတ်မှတ်ယူဆပြီးသူများ ဖြစ်လေသည်။

တန်ထင်ဟုန်က ...

"မင်းကို ငါ တစ်ခုပြောမယ်၊ မင်းအသက်ကို ငါ ကယ်မယ်၊ ဒါပေမယ့် ကောင်းရောင်းကောင်းဝယ် လုပ်စားရမယ်၊ သိုင်းလောက မှာ နေရင်လည်း အထက်လမ်းသိုင်းလောကသား ဖြစ်နေရမယ်၊ ကိုယ့်ကိုယ်ကို ပြုပြင်ရင်ရပါတယ်၊ ကတိပေးရင်တော့ ငါကယ်မယ်၊ ငါမေးတာလည်း မင်းဖြေရမယ်"

ထိုလူသည် အတန်ကြာ စဉ်းစားပြီး ...

"ကယ်ပါဗျာ ... ကတိပေးပါတယ်၊ ခင်ဗျားမေးတာလည်း ဖြေပါ့မယ်"

တန်ထင်ဟုန်သည် ထိုလူ့ကို ဒဏ်ကြေဆေး တစ်လုံးတိုက် ပြီး ဒဏ်ရာများကို ဆေးထည့် ပတ်တီးစည်းပေးသည်။ ဆေးပုလင်း များလည်း ပါသည်။

"ဒါဆိုရင် မင်းမသေနိုင်တော့ပါဘူး၊ ဒဏ်ရာကိုတော့ မင်း ကုရလိမ့်မယ်၊ ကောင်းကောင်း အနားယူရလိမ့်မယ်"

"ကောင်းပါပြီဗျာ"

"ကဲ ... ငါမေးတာ မှန်မှန်ဖြေပါ"



"ကျုပ် မှန်မှန်ဖြေပါ့မယ်"

"မင်းတို့ကို ဘယ်သူက ငွေပေးပြီး ခိုင်းတာလဲ၊ မှန်မှန်ပြော ာ်၊ မမှန်လို့ကတော့ငါတို့ဟာ ကယ်တင်ပြီးတဲ့ အသက်ကို သတ်ဖို့ မလေးဘူး"

"ကျုပ်တို့လည်း မသိပါဘူးဗျာ၊ ဒီလိုပြောလို့ လမ်းစပျောက် အောင် ညာပြောတယ်လို့ မထင်ပါနဲ့၊ ငွေလာရှင်းတဲ့လူဟာ မျက်နှာ အနက် စွပ်ထားပါတယ်၊ အဲဒီတော့ ရုပ်ရည်ကို ဘယ်မှတ်မိတော့ လဲ၊ ရုပ်မှတ်မိတာတောင် ထင်ရှားတဲ့လူ မဟုတ်ရင် ဘယ်သိပါ့ လဲဗျာ"

ထိုလူ၏ စကားမှာ ဖြစ်နိုင်ချေရှိသည်။

"အခု ဘယ်မှာလဲ၊ အဲဒီလူ ဘယ်မှာနေသလဲ"

"ကျုပ်တို့ကို ငွေစကတော့ ကျုပ်တို့နဲ့ လိုက်လာတာပဲ၊ င်ဗျားတို့ကိုမြင်ပြီး ကျုပ်တို့အားလုံး လာတိုက်ကြတော့ သူမပါလာ းနဲ့တူတယ်၊ တစ်နေရာရာမှာ ဝင်ခိုနေခဲ့မှာပေါ့၊ ဒီနေရာကလည်း စ်ပင်တွေ များပါဘိသနဲ့"

ထိုလူက ထိုသို့ ပြောလိုက်သောအခါသူ့မျက်လုံးများသည် စ်ပစ်စုစုအုပ်အုပ် ရှိသည့်နေရာသို့ လှမ်းကြည့်လိုက်၏။ ထိုအထဲမှ တစ်ယောက်သည် မြင်းတစ်စီးကို ဒုန်းစိုင်းစီးနင်းသွားကြောင်း တွေ့ရသည်။

"တောက် ... ထွက်ပြေးသွားပြန်ပြီ"

"ချင်ဗျားလိုက်လည်း မမိပါဘူး၊ ဒီနေရာနဲ့ အဲဒီသစ်ပင်အုပ်
က အတော်ကွာတာပဲ"

ဒဏ်ရာရသူက ပြောလိုက်၏။

တန်ထင်ဟုန်သည် စိတ်မကျေနပ်ဘဲ ဖြစ်နေ၏။

"အေး ... ဘာဖြစ်ဖြစ် ငါတော့ အဲဒီနေရာ သွားကြည့်လိုက်
ဦးမယ်"

"သွားလည်း မထူးပါဘူး၊ သူက လူတစ်ကိုယ် မြင်းတစ်
စီးပဲ လာမှာပဲ"

"ဘာဖြစ်ဖြစ်ကွာ"

တန်ထင်ဟုန်သည် မြင်းနီမကိုစီး၍ ထွက်သွား၏။ စောစော
လူ ပြေးထွက်သွားသည့်နေရာ၌ သဲလွန်စများ ရှာဖွေသည်။

မည်သည့် သဲလွန်စမျှ မတွေ့ရချေ။ သူသည် ပြန်လှည့်ခဲ့
တော့၏။

ရှုလန်သည် ဒဏ်ရာနဲ့လူကို မေးမြန်းနေကြောင်း တွေ့ရသည်

"ဘာတွေ ထပ်ပြောသေးလဲ ညီမ"

"အစ်ကိုကြားသွားရင် အံ့သြမယ်"

"ဘာများတုန်း ညီမရဲ့"

ရှုလန်က ပြုံး၍ပြောပြသည်။

"သူတို့ကို ဘယ်သူက ဆက်သွယ်ပေးတာ မှတ်သ
ကျောက်စင်လားက မျက်နှာဖုံးစွပ်နက်နဲ့ ဆက်သွယ်ပေးတာတဲ့
လား"



"ဟော ..."

တန်ထင်ဟုန် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ကျောက်
င်လားသည် ဤမျှလိုက်၍ ဒုက္ခပေးပါပကော။

တန်ထင်ဟုန်က ...

"ကျောက်စင်လားက ဆက်သွယ်ပေးတာဆိုတော့ အစ်ကိုတို့ကို
သေစေချင်တဲ့ဂိုဏ်းတစ်ဂိုဏ်း ရှိနေတာ သေချာတာပေါ့၊ ကျောက်
င်လားကတော့ အင်အားမရှိတော့ဘူး"

"အင်အားရှိတဲ့ဂိုဏ်းနဲ့ ဒီကြေးစားတွေကို ဆက်သွယ်ပေးတာ၊
စ်ကိုသေရင် သူကျေနပ်တဲ့ သဘောပေါ့၊ ဒီတော့ ကျောက်စင်လား
နဂါးပျံဂိုဏ်းနဲ့ ဆက်သွယ်မိသွားပြီလား မသိဘူး"

"ဖြစ်နိုင်ပါတယ်"

"ကျောက်စင်လားဟာ အခု နေပြည်တော်မှာ နေတယ်ဆိုတော့
က်စုံနက်ဟာလည်း နေပြည်တော်ကပဲ ဖြစ်နိုင်တယ်"

"အင်း ... ဘယ်လိုပဲ ဖြစ်ဖြစ် ညီမတို့ကို လုပ်ကြံဖို့ မလွယ်
ဆိုတာတော့ သူတို့သိသွားကြပြီ၊ အခု အယောက် နှစ်ဆယ်နဲ့
ပ်ကြံတယ်၊ မရဘူး၊ ဒါဆို နောက် အယောက်လေးဆယ်နဲ့ လုပ်
လိမ့်မယ်"

"မင်းပြောတာ ဖြစ်နိုင်တယ်"

"ညီမကို အစ်ကိုပြောခဲ့တာတွေ မှတ်မိသေးလ ား"

"ဘာကိုလဲ"

"နေပြည်တော်ကို အစ်ကိုတို့ သွားမယ်ဆိုတာလေ"

"အိုး … ဒါကတော့ အစ်ကိုရယ် ပြောထားတာမှ မကြာသေ
တဲ့ဥစ္စာ"

"အေး … အခုတော့ …"

ဒဏ်ရာရသည့် လူအား ကြည့်လိုက်၏။

"မင်းကို မြင်းတစ်စီးနဲ့ တင်ပေးလိုက်မယ်၊ လူနအိမ်ခြေရှိ
နေရာကျရင် မင်းသင့်သလို စီစဉ်ပေတော့"

"ကျေးဇူးတင်ပါတယ်ဗျာ"

တန်ထင်ဟုန်သည် မြင်းတစ်စီးကို သွားရောက်ဆွဲလာပြီး ထို
ကို တင်ပေးလိုက်သည်။

"သွားပေတော့ …"

မြင်း၏ တင်ပါးကို လက်ဝါးနှင့် ရိုက်လိုက်သောအခါ မြ
သည် အလွန် လျင်မြန်စွာ ပြေးသွားတော့၏။

ဒဏ်ရာရသည့်လူမှာ မြင်းပေါ်မှ လိမ့်မကျအောင် သူ့ကိုယ်
ထိန်းသွားရ၏။

ထို့နောက် ရှလန်ကို ဆက်၍ပြော၏။

"ညီမနဲ့ အစ်ကို နေပြည်တော်ကို သွားကြမယ်၊ ဒါပေမ
ခုလိုပုံနဲ့တော့ မဟုတ်ဘူး၊ ညီမရော အစ်ကိုပါ ရုပ်ဖျက်သွားကြ
ဖြစ်မယ်၊ ရုပ်ဖျက်သွားရင် ညီမနဲ့ အစ်ကို လွတ်လွတ်လပ်လ
သွားလာနိုင်မယ်"

"ကောင်းတယ် အစ်ကို၊ နဂိုမျက်နှာတွေနဲ့ဆိုရင် ဦးကြ
လီတာကျွေတို့က ဖိတ်ခေါ်နေဦးမယ်"



"ဟုတ်တယ် … အစ်ကိုက ဒါကို ကြိုတွေးပြီး ရုပ်ဖျက်မယ်လို့
ပြောတာ"

"ဘယ်လို ရုပ်ဖျက်မလဲဟင်"

"ဘယ်လို ရုပ်ဖျက်ရမှာလဲ၊ ညီမရဲ့ အင်မတန်ချောမောတဲ့
ရုပ်ရည်ပျောက်အောင်၊ အစ်ကို့ရုပ်ရည်ပျောက်အောင် ဖျက်ရမှာပေါ့၊
သာမန် လက်လုပ်လက်စားတွေအဖြစ် ရုပ်ဖျက်ကြရမယ်"

သူတို့သည် ဆက်လက် ခရီးထွက်ရန် ဟန်ပြင်ကြတော့သည်။

❄ ❄ ❄

# အခန်း(၆၄)
# တောသားညီအစ်ကို

မြားပစ် ပြိုင်ပွဲကြီး။

ဘုရင်ကေရာဇ်ကိုယ်တိုင်က ခွင့်ပြုသော ပြိုင်ပွဲကြီးဖြစ်၍ နှစ်စဉ် ကျင်းပသော ပွဲများအနက် ဤမြားပစ်ပွဲမှာ အစည်ကားဆုံး ဖြစ်သည်။

စစ်သည်ရဲမက်များ လေ့ကျင့်သော ကွင်းပြင်ကြီးကို အသုံးပြုခွင့်ရသဖြင့် မြားပစ်ပြိုင်ပွဲမှာ အလွန်စည်ကားခဲ့ခြင်း ဖြစ်သည်။

ထိုကွင်းပြင်ကျယ်မှ ရဲမက်တော်များ၊ ဆင်စီး၊ မြင်းစီး၊ မြားပစ် လေ့ကျင့်သော ကွင်းပြင်ကျယ်ကြီးဖြစ်၍ အလွန်ကြီးကျယ်သည်။

မြားပစ်ပြိုင်ပွဲမှာ ထိုကွင်းကြီးအပြည့် စီစဉ်ထားသဖြင့် လူများမှာ တစ်ကွင်းလုံး ပြည့်နေသည်။ ပြိုင်ပွဲအမျိုးမျိုးရှိသည်။ ရိုးရိုး မြားပစ်ပြိုင်ပွဲ တွင်ပင် သုံးမျိုးခွဲခြားသည်။

ြားရှည်ပြိုင်ပွဲ၊ မြားလတ်ပြိုင်ပွဲနှင့် မြားလေးပြိုင်ပွဲဟူ၍ သုံးမျိုး ခွဲခြားထားသည်။



ထို့နောက် ထူးခြားသော ပြိုင်ပွဲအမျိုးမျိုးရှိသေး၏။ လူ့ဦးခေါင်း ်တွင် ပန်းသီးတင်၍ ပစ်ခြင်း၊ နှုတ်ခမ်းတွင် တင်၍ပစ်ခြင်းနှင့် းတွင် တင်၍ပစ်ခြင်း။

မြားကို အဝေးဆုံးရောက်အောင် ပစ်နိုင်ခြင်း၊ မြားစင်းရေ းများပစ်နိုင်ခြင်း၊ ရွေ့လျားနေသော ပစ်မှတ်ကို ပစ်ခတ်ခြင်း သည့် မြားပစ်ပွဲများလည်း ပါရှိပါသည်။

မြားပစ်ပြိုင်ပွဲကြီးမှာ ဘုရင်ကေရာဇ်၏ နန်းတက်သည့် ရွှေရာ ချိန်အခါနှင့် တိုက်ဆိုင်နေသဖြင့် ဤမျှကြီးကျယ်ခမ်းနားခြင်း သည်။

ဆုလာဘ်များအနေဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်သည်။

အရပ်သားများသည် များပြားလှသော ဆုငွေများကို ပိုက်၍ ်ကြရသကဲ့သို့ မင်းမှုထမ်းများမှာလည်း ရာထူးဂုဏ်ထူးများ တိုး က်ခန့်ထားခြင်း ခံရသဖြင့် လွန်စွာ မြူးထူးပျော်ပါးနေကြ၏။

အနိုင်ရသူသည် ဆုလာဘ်နှင့် ဂုဏ်သိက္ခာပါ တက်သဖြင့် တိုင်း အနိုင်ရအောင် ကြိုးစားကြသည်။ ထိုမြားပစ်ပြိုင်ပွဲသို့ လာ က်ကြည့်ရှုသူများအနက် ချင်ယီနှင့် ချင်လီဆိုသည့် ညီအစ်ကို ဦးလည်း ပါလာသည်။

အစ်ကိုဖြစ်သူ ချင်ယီသည် ယောကျ်ားချော ချောပြီး ညီငယ် င်လီမှာ မိန်းမချော ချောသူဖြစ်သည်။

သို့သော် နှစ်ယောက်စလုံး ရုပ်ချင်းကတော့ ဆင်သည်။ အမြွှာ ညီအစ်ကိုဖြစ်သည်ဟု ခန့်မှန်းနိုင်ပေသည်။

မြားပစ်ပြိုင်ပွဲ အမျိုးမျိုးရှိသည့်အနက် သူတို့ညီအစ်ကိုသည် ပစ်မှတ်ကိုပစ်ရသည့် ရိုးရိုး မြားပစ်ပြိုင်ပွဲဆီသို့ လျှောက်လှမ်းလာခဲ့၏။

ထိုရိုးရိုးမြားပစ်ပြိုင်ပွဲမှာ ရိုးရိုး မြားပစ်ပြိုင်ပွဲဖြစ်သည့်ပြင် လူ အများ စိတ်ဝင်စားသော ပြိုင်ပွဲဖြစ်၍ ထိုနေရာ၌ လူအလွန်စည်ကား လေ၏။

သူတို့သည် မြားပစ်ပြိုင်ပွဲကို စိတ်ဝင်စားစွာ ကြည့်မိကြသည်။ အမျိုးသမီးများ ယှဉ်ပြိုင်သည့်ပွဲကို ရောက်ရှိသွားကြသည်။ ချင်ယီနှင့် ချင်လီတို့သည် တစ်ဦးကိုတစ်ဦး ကြည့်မိသည်။

“ခုပြိုင်ပွဲဝင်မယ့်လူကတော့ အမျိုးသမီး လေးသမား နေပြည် တော် တစ်ဝှမ်း ထင်ရှားကျော်ကြားနေတဲ့ မိုးနတ်မယ် ကျင်ရှာမွေ ပဲဖြစ်ပါတယ်”

ချင်ယီနှင့် ချင်လီတို့သည် တစ်ဦးမျက်နှာ တစ်ဦး ကြည့် ပြန်၏။ ကျင်ရှာမွေးဆိုပါကလား။

“ဖြောင်း ... ဖြောင်း ... ဖြောင်း”

လက်ခုပ်သံတဖြောင်းဖြောင်း ကြားလိုက်ရသဖြင့် သူတို့သ လေးသမားများ ထွက်သည့်နေရာသို့ လှည့်ကြည့်လိုက်သည်။

ထိုအခါ နေပြည်တော်မှ ကျင်ရှာမွေးသည် ရွှေရောင်ပိုးဝ အင်္ကျီကို ဝတ်ဆင်၍ ထွက်လာလေ၏။ ဩော် ... တကယ်တေ ကျင်ရှာမွေးသည် လေးသည်ကျော် ဖြစ်နေပါပကော။



သူသည် ပြိုင်ပွဲဝင်မည့်နေရာ၌ရပ်ကာ လေးကြိုးကို ဟန်ပါပါ ဆွဲလိုက်သည်။ သူမသည် လေးညို့ကို အားကုန်ဆွဲပြီး လွှတ်လိုက်၏။

“ဝိုး ...”

“ဒုတ် ...”

မြားတံသည် ပစ်မှတ်၌ အလယ်တည့်တည့်သို့ သွားရောက် စိုက်နေ၏။

“ဟေး ... ဟေး ... ဟေး”

“ဟား ... ဟား ... ဟား”

“တော်တယ်ဟေ့ ... တော်တယ်”

ကျင်ရှာမွေးက အားပေးသူများကို လက်မြှောက်ပြလေ၏။ ပြန်လည် နှုတ်ဆက်လေ၏။ ချင်လီသည် သူပစ်လိုက်သည့် မြားတံ ကို သွားရောက်လေ့လာ၏။ မြားသည် ပစ်မှတ်၏ စက်ဝိုင်းအနက်၌ သွားစိုက်နေသည်။

“မြားပစ် အတော်ကျွမ်းကျင်တဲ့ မိန်းမပဲ အစ်ကိုကြီး”

ချင်လီ၏ ပြောစကားကို ချင်ယီက ထောက်ခံ၏။

“ဟုတ်တယ် ... မထင်မှတ်စရာတွေက တကယ်ဖြစ်လာတယ် နော်၊ တော်တော် မြားပစ်ကောင်းတဲ့ အမျိုးသမီးပဲ”

“ဖယ်ကြပါ ... ဖယ်ကြပါ၊ မဆိုင်တဲ့လူတွေ ပစ်ကွင်းဘေးက ဖယ်ကြပါ၊ မတော်တဆ မြားမှန်ရင် သေသွားနိုင်ပါတယ်”

တာဝန်ရှိသူများသည် ချင်ယီ၊ ချင်လီနှင့် ပစ်ကွင်းအနီးရှိ

လူများအား အော်ဟစ်ဖယ်ရှားလေသည်။ လူများကလည်း အန္တရာယ်ရှိသည်ကို သိကြသဖြင့် ဖယ်ပေးကြသည်။

"မြားနတ်မယ် ကျင်ရှာမွေးက ဒုတိယအကြိမ် မြားပစ်ပြိုင်ပါလိမ့်မယ်"

ကျင်ရှာမွေးသည် မြားပစ်ရမည့် စင်မြင့်သို့ ပြန်လည်တက်ရောက်လာပြန်၏။ သူမသည် မြားကို ချိန်သည်။ လေးညို့ကိုအား ကုန်ဆွဲသည်။

သူမကိုင်ထားသည့် လေးမှာ လွန်စွာကောင်းလှသည်။ လေးညို့ကလည်း သန်သည်။ သူမသည် မြားကိုတင်၍ ပစ်လွှတ်လိုက်လေ၏။

"ဝိုး ..."

"ဒုတ် ..."

မြားတံသည် ပထမမြားတံ၏ အောပစ်မှတ်အလယ်သို့ သွားရောက်စိုက်လေ၏။

"ဟေး ... ဟေး ... ဟေး"

"ဒီအမျိုးသမီး အတော်ဆုံးကွ"

"ဘယ်သူမှ သူ့လိုမပစ်နိုင်ဘူး"

လူများသည် သြဘာပေးကြလေ၏။

အသံများသည် ကွင်းလုံးလျှံသွား၏။

ချင်ယီက ...

"ညီလေး ... မင်း ဒီအမျိုးသမီးကို မတော်ဘူးလို့ မပြောနိုင်တော့ဘူး၊ ဒီအမျိုးသမီးတော်တာ မင်းလက်ခံရမယ်"



"ဟုတ်တယ် ... ကျွန်တော် လက်မခံချင်ဘူးဗျာ၊ ဒါပေမယ့် ဒီအမျိုးသမီးကို ကျွန်တော် လက်ခံရပြီ"

ချင်လီက ဝန်ခံစကားပြောသည်။

ကျင်ရှာမွေးသည် ပရိသတ်ကိုလှည့်နှုတ်ဆက်နေသည်။

ချင်လီက ...

"ဒီအမျိုးသမီးက ပိုပြီ၊ ပရိသတ်ကို လက်မြှောက်နှုတ်ဆက်ရင် တော်ပြီပေါ့၊ သူလှည့်ပတ် နှုတ်ဆက်နေတာကို ကြည့်ပါဦး၊ ဘုရင့်သူရဲကောင်းကျနေတာပဲ"

ထိုအခါ ချင်ယီက ...

"ဘုရင့်သူရဲကောင်း မဖြစ်နိုင်ဘူးလို့ မင်းပြောနိုင်မလား၊ သူ့ရဲ့ မြားပစ်ပုံကိုကြည့်၊ တော်တာတော့ အမှန်ပဲကွ"

"ကျွန်တော်ကတော့ မသုံးဘူးဗျ"

"မင်းမသုံးပေမယ့် ဘုရင်သုံးချင်သုံးမှာပေါ့"

ထိုစဉ် လှည့်ပတ်နှုတ်ဆက်မှုသည် ပြီးဆုံးသွားသည်။ ကြေညာသူက ထပ်မံကြေညာသည်။

"မိုးနတ်မယ် ကျင်ရှာမွေးဟာ တတိယအကြိမ်မြောက် မြားပစ်ပြိုင်ပွဲ ဝင်ပါလိမ့်မယ်ခင်ဗျာ"

ကျင်ရှာမွေးသည် မြားပစ်သည့်စင်မြင့်သို့ တက်သွားသည်။

သူမသည် မြားကို တတိယအကြိမ် ချိန်ရွယ်လိုက်သည်။ ဒီတစ်ကြိမ်တွင်လည်း မြားတံသည် ပထမနှင့် ဒုတိယမြားတံအကြား အလယ်တည့်တည့်၌ သွားစိုက်၏။

ပစ်မှတ်၏ အလယ်ဗဟိုတည့်တည့်၌ စိုက်ဝင်နေခြင်း ဖြစ်၏။

"ဟေး ... ဟေး ... ဟေး"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

"ဒီအမျိုးသမီး အတော်ဆုံးကွ၊ အတော်ဆုံး"

"ရုပ်ရည်ကလည်း မဆိုးဘူးကွ"

"သူ့ဘယ်သူလဲဟင်၊ ဘယ်ကလဲ"

ကျင်ရှာမွေးသည် ပြိုင်ပွဲစင်မြင့်ပေါ်မှ အရပ်လေးမျက်နှာသို့ လှည့်လည်လက်ပြနေ၏။

"မိုးနတ်မယ် ကျင်ရှာမွေးက ပထမဆုကို ရသွားပါပြီ ခင်ဗျာ"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

"ရထိုက်တယ်ဟေ့ ... ရထိုက်တယ်"

ကြေညာသူက ဆက်၍ကြေညာ၏။

"သူမဟာ ပန်းသီးနဲ့ လူပစ်တဲ့ပွဲမှာလည်း သုံးကြိမ် သုံးခါစလုံး ပန်းသီးကိုမှန်အောင် ပစ်နိုင်တဲ့အတွက် ပထမဆုကို ဆွတ်ခူးခဲ့သူ ဖြစ်ပါတယ်၊ အမျိုးသမီး လေးသည်တော်တစ်ဦးအနေနဲ့ သူမဟာ မိန်းမသားထဲမှာ ပထမဆုံး ဆုနှစ်ဆု ဆွတ်ခူးခဲ့သူဖြစ်ပါတယ်"

ကြေညာသံကြောင့် တစ်ကွင်းလုံး ဆူညံသွားသည်။ တစ်ကွင်းလုံးက မိုးနတ်မယ်ကျင်ရှာမွေးကို လက်ခံကြသည်။ မိုးနတ်မယ်ကျင်ရှာမွေးသည် တစ်ကွင်းလုံး၏ အသည်းစွဲဖြစ်နေလေသည်။

"တောက် ..."

ချင်လီသည် တက်ခေါက်လိုက်၏။ တက်ခေါက်သံကြောင့် အနီးပတ်ဝန်းကျင်မှ လူများသည် ဝိုင်းကြည့်ကြ၏။ အနီးရှိ လူတစ်ယောက်သည် ချင်လီ တက်ခေါက်လိုက်သည်ကို မကျေနပ်ချေ။



ချင်လီဘက်သို့ လှည့်၍ မေးသည်။

"မင်းက ဘာဖြစ်လို့ တက်ခေါက်ရတာလဲ"

ဟန်ပန်မှာ ချင်လီက စိတ်ကျေနပ်အောင် အဖြေမပေးလျှင် ထိုးကြိတ်မည့်ပုံ ပေါက်နေသည်။

ချင်လီက ...

"ခေါက်ချင်လို့ ခေါက်တာပေါ့"

"ဘာကွ ..."

ထိုအခါ ထိုလူသည် အကြီးအကျယ် ဒေါသဖြစ်သွား၏။ ထိုလူသည် ချင်လီထက် ထွားကျိုင်း၏။ အသားမည်းမည်း အရုပ်ဆိုးဆိုးနှင့် ဖြစ်သည်။

"မင်းပြောတာ ထပ်ပြောစမ်း"

ထိုလူသည် ဗလအားကိုးဖြင့် ချင်လီအား အနိုင်ကျင့်မည့်ဟန် ပေါ်နေသည်။

"ခင်ဗျား မကြားဘူးလား၊ ကျုပ်က အပိုမပြောဘူး၊ ခေါက်ချင်လို့ ခေါက်တယ်၊ ဒါပဲ ..."

"မင်း ... မင်း ... မင်း"

ထိုလူသည် ချင်လီအား ထိုးတော့ ကြိတ်တော့မည်ကဲ့သို့ ဖြစ်လာသဖြင့် ချင်ယီသည် မပါမဖြစ် ပါဝင်ရတော့၏။

"တောင်းပန်ပါတယ် နောင်ကြီးရယ်၊ ကျွန်တော်တို့ ညီအစ်ကိုဟာ တောဘက်က တက်လာကြတာပါ၊ ဒီလိုမြို့ကြီးပြကြီးက ပြိုင်ပွဲတွေကို လာမကြည့်ဖူးပါဘူး၊ လာကြည့်တဲ့အခါ အပြောအဆို မတတ်တာလေး ရှိတာပေါ့ခင်ဗျာ၊ ကျွန်တော့်ညီကို ကျွန်တော် ဆုံးမပါ့မယ်"

သူသည် ချင်ယီကို ဒေါသဖြစ်သွား၏။ ဒေါသနှင့် လက်က
ပုတ်ချ၏။ ထိုအခါမှ ထိုလူ မျက်လုံးပြူးတော့သည်။ သူ့လက်များ
လုံးဝ လှုပ်ရှား၍မရပါတကား။

သူသည် လန့်အော်လိုက်သည်။ သို့သော် အသံမထွက်တော့
ချေ။

သူသည် လှုပ်ရှားရန် ကြိုးစားတော့သည်။ မည်သို့မျှ လှုပ်ရှား၍
မရတော့ချေ။ သူသည် အကြောသေသူကဲ့သို့ တောင့်တောင့်ကြီး
ဖြစ်နေ၏။

"ဝမ်းနည်းပါတယ် နောင်ကြီးရယ်"

နောင်ကြီးဆိုသူမှာ မည်သို့မျှ စကားမပြောနိုင်တော့ပါ။

"ဒီအတိုင်း ခဏနေပါဦး၊ ကျုပ်တို့သွားလိုက်ပါဦးမယ်၊
အကြောဖွင့်ပေးနိုင်တဲ့ လူတစ်ဦးဦးလာရင် နောင်ကြီး မြန်မြန်
အကြော ပွင့်မှာပေါ့၊ မလာရင်လည်း အချိန်တန်တော့ ပွင့်သွားမှာပါ"

တကယ်တော့ ထိုလူမှာ အကြောပိတ်ခံလိုက်ရခြင်းသာ ဖြစ်ပါ
သည်။

ထိုလူ၏ မျက်လုံးမှာ ဒေါသဖြင့် ဝိုင်းဝိုင်းလည်နေသော်လည်း
နောက်ပိုင်း၌ ကြောက်ရွံ့သော မျက်လုံးများ ဖြစ်လာသည်။

ချင်ယီနှင့် ချင်လီတို့သည် လူကြားထဲ တိုးဝင်ပျောက်ကွယ်
သွားကြလေတော့သည်။

❊ ❊ ❊

## အခန်း(၆၅)
## သက်တော်စောင့် ရာထူး

ချင်ယီနှင့် ချင်လီတို့သည် မြားပြိုင်ကွင်းမှ ထွက်လာကြလေ
သည်။

မြားပစ်ပြိုင်ကွင်း၌ လူများ တန်းစီနေသဖြင့် မြို့ထဲ၌ လူ
ခြောက်သယောင်ဖြစ်နေ၏။ မြို့ထဲသို့ ဝင်လာပြီး ဆိုင်များကို လျှောက်
ကြည့်နေ၏။

"ဝက်ဝံစားသောက်ဆိုင်"

ချင်ယီနှင့် ချင်လီတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်
ကြည့်လိုက်ကြ၏။ သူတို့ ရှာဖွေနေသည့် စားသောက်ဆိုင်ကို တွေ့ပြီ
မဟုတ်ပါလော။

သူတို့သည် ဆိုင်တွင်းသို့ ဝင်လိုက်ကြ၏။ ချင်ယီနှင့် ချင်လီ
တို့၏ အဆင်အပြင်မှာ တောသားများ ပုံစံရှိသည်။ သူတို့ကိုကြည့်
ပြီး ထွားကျိုင်းသန်မာလှသော ဆိုင်စောင့်သည် ချင်ယီ၏ ရင်ဘတ်ကို
တွန်းထုတ်လိုက်၏။

ပထမတစ်ချက် တွန်းသည်။ ချင်ယီကလည်း အတွန်းခံသည်။ ဒုတိယ တစ်ချက်တွန်းသောအခါ ချင်ယီ အတွန်းမခံတော့ချေ။ အစောင့်၏လက်ကို ဖမ်းဆွဲလိုက်၏။

"အား ... အား"

ဆိုင်စောင့်သည် တအားအား အော်နေလေ၏။ ချင်ယီသည် လက်ကိုဖမ်းကိုင်ပြီး အကြောကို ညှစ်လိုက်ခြင်း ဖြစ်သည်။

"မင်း ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံနဲ့၊ ကျုပ်တို့ကို တောသား ပုံပေါက်နေလို့ မင်းက ဒီလိုဆက်ဆံတာလား"

"လွှတ် ... လွှတ်ပါ ခင်ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်"

"နောက် ဒါမျိုးမလုပ်နဲ့ သေသွားမယ်၊ လူကိုဘာမှတ်သလဲ"

ချင်ယီသည် အစောင့်ကို တွန်းလိုက်၏။

"ဝုန်း ..."

အစောင့်မှာ လွင့်စဉ်သွားသည်။ တော်တော်နှင့် မထနိုင်ပေ။

ဆိုင်ထဲမှ စားသောက်နေသူများ အစောင့်နှင့် ချင်ယီတို့ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်ကို ကြည့်နေကြသည်။ သူတို့ကြည့်နေစဉ် မှာပင် အစောင့်သည် လွင့်စဉ်သွားပြီး ချင်ယီနှင့် ချင်လီတို့ကို ငေးကြည့်နေကြောင်း တွေ့ရသည်။

စားပွဲထိုးများမှာ ရန်ပွဲကို မတားဝံ့ချေ။ အစောင့်လူဘီလူးကြီး မှာ သူတို့ကိုယ်စား ရမ်းကားသူများကို တားဆီးကာကွယ်ရန် ငှား ထားခြင်းဖြစ်သည်။

ယခု ရန်တားဆီးကာကွယ်ရမည့်သူမှာ ချောင်ထဲရောက်သွား



လေပြီ။ စားပွဲထိုးများသည် ချင်ယီနှင့် ချင်လီတို့အား မေးမြန်းလိုက်၏။

"ဘာသုံးဆောင်ကြမှာလဲ ခင်ဗျာ"

"ဝံပုလွေ"

"ခင်ဗျာ"

"ငါပြောတာ မကြားဘူးလားကွ"

"ကြားပါတယ် ခင်ဗျာ"

"အေးလေ ... ဝံပုလွေလို့ပြောတာ မကြားဘူးလား"

"ကျွန်တော်တို့ဆိုင်မှာ တခြားဟင်းတွေ ရှိပါတယ်၊ ဝံပုလွေ ဟင်းတော့ မရှိပါဘူး"

"ငါ ဝံပုလွေဟင်းကို ပြောတာလား၊ ဝံပုလွေလို့ ပြောတာလား"

"ဝံပုလွေပါ ခင်ဗျာ"

"အေး ... ငါတို့က စားချင်တာကို ပြောတာမဟုတ်ဘူး၊ တွေ့ချင်တာကို ပြောတာ"

"ခင်ဗျာ ..."

"ဝံပုလွေနဲ့ တွေ့ချင်တယ်လို့ ပြောတာ"

စားပွဲထိုးများမှာ မျက်လုံးပြူးသွားကြသည်။

"မင်းတို့ ငါ့ကို ဘာပြန်ကြည့်နေတာလဲ"

"ဘယ် ... ဘယ်သူက တွေ့ချင်တယ်လို့ ပြောလိုက်ရမှာလဲ ဆရာလေး"

"ဝံပုလွေမြို့က ညီအစ်ကိုလို့သာ ပြောလိုက်ပါ၊ သူသိပါတယ်"

စားပွဲထိုးတစ်ဦးသည် နောက်ခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

မကြာမီ ထိုစားပွဲထိုး ပြန်ရောက်လာသည်။

"ဆရာကြီးက မတွေ့နိုင်ပါဘူးတဲ့ ခင်ဗျာ"

"ဘာ ..."

"ဆရာကြီးကိုတွေ့အောင် ကြိုးစားရင် ကျွန်တော်တို့ ငါးယောက် ဆရာလေးတို့ကို တားဆီးရပါလိမ့်မယ်"

"ဟား ... ဟား ... ဟား ... မင်းတို့က တားဆီးမယ် ဟုတ်လား၊ ငါတော့ တားဆီးနိုင်မယ် မထင်ဘူး"

"ဆရာလေးစိတ်ထင်လို့ပါဗျာ၊ ကျွန်တော်တို့ တားဆီးနိုင်ပါတယ်"

စားပွဲထိုးများက တိုက်ခိုက်ရန် နေရာယူလိုက်ကြ၏။

ချင်ယီကလည်း တိုက်ခိုက်ရန် ဟန်ပြင်သည်။

"ညီလေးချင်လီ ... အေးအေးဆေးဆေး ထိုင်ကြည့်နေစမ်းပါ၊ အစ်ကိုကြီးပဲ အညောင်းပြေအညာပြေ တိုက်ခိုက်လိုက်ပါ့မယ်"

"မဟုတ်ဘူး အစ်ကိုကြီး၊ ညီလေးလည်း ဒီကောင်တွေကို ဆုံးမချင်တယ်"

"မဆုံးမပါနဲ့ကွာ၊ အသာထိုင်နေစမ်းပါ၊ မင်းတစ်ခုခုစားပြီး ကြည့်နေလိုက်၊ တကယ်တော့ ဒီကောင်တွေ မဆိုးပါဘူး၊ သူ့ဆရာကြီးကြောင့်သာ ငါတို့ကို တိုက်ခိုက်လာတာပါ၊ သူ့ဆရာကြီးက



င်ခွင့်ပေးလိုက်ရင် ငါတို့မတိုက်ရတော့ဘူး၊ သူတို့လည်း မတားဆီးရတော့ဘူး၊ သူတို့ကို မှတ်သားရုံလောက်ပဲ ငါတိုက်ခိုက်မှာပါ"

ချင်လီသည် ထိုအခါကျမှ စားပွဲတစ်လုံးတွင် သွားရောက်ထိုင်ကြည့်နေလေသည်။

ချင်လီသည် စားပွဲထိုးများကို ရပ်စောင့်နေသည်။ စားပွဲထိုးငါးယောက်သည် ချင်ယီကို တိုက်ခိုက်ရန် တဖြည်းဖြည်း ဝိုင်းရံလာသည်။

စားသောက်နေသူများမှာ တိုက်ပွဲဖြစ်နေသည်ကို မြင်သဖြင့် အလျှိုလျှို ထပြေးကြသည်။

နေပြည်တော်၌ဖြစ်၍ စားသောက်ဆိုင်များ၌ ရန်ပွဲများ မရှိတတ်ချေ။

တစ်ခါတစ်ရံ မူးရူးနေသူတို့သာ ရန်ဖြစ်တတ်ကြလေသည်။

ချင်ယီ ရပ်နေသောနေရာမှာ တဖြည်းဖြည်းနှင့်ကျဉ်းလာသည်။

"ပေါး ..."

"ကျား ..."

စားပွဲထိုးများသည် လူပြိန်းများ မဟုတ်ကြချေ။ ဆိုင်းပညာအသင့်အတင့် တတ်သူများဖြစ်သည်။ သို့ရာတွင် သိုင်းသမားဟုခေါ် လောက်သူများတော့ မဟုတ်ကြချေ။

"ဝုန်း ..."

"ဒိုင်း ..."

"အား ... အား"

စားပွဲထိုးသုံးယောက် လွင့်စဉ်သွားပြီး မထနိုင်ကြတော့ချေ။

ငါးယောက်ရှိသည့်အနက် သုံးယောက် လဲကျသွားပြီဖြစ်၍ နှစ်ယောက်သာ ရှိတော့သည်။

ထိုနှစ်ယောက်မှာလည်း အာဂလူများပင်။ သတ္တိရှိသည်။ ရှုံးမည်မှန်းသိလျက် အရှုံးမပေးကြချေ။

"ဝင်ပေ့ ..."

"ပေး ..."

သူတို့သည် တက်ညီလက်ညီ ခုန်ဝင်ကြ၏။

"ဖြောင်း ..."

"ဒိုင်း ..."

"အား ..."

ထိုစားပွဲထိုး နှစ်ယောက်မှာလည်း မှောက်သွားတော့သည်။

ချင်ယီအဖို့ ထိုငါးယောက်ကို တိုက်ရာတွင် ချွေးပင် မထွက်ချေ။ လွယ်ကူစွာပင် တိုက်နိုင်သည်။

"ဖြောင်း ... ဖြောင်း"

ချင်လီက လက်ခုပ်တီး အားပေးလိုက်၏။

"တို့ ... အစ်ကိုကြီးကွ"

ချင်ယီသည် ချင်လီထံသို့ လျှောက်သွားလေ၏။

"ငါပြောတယ် မဟုတ်လား၊ ညီလေး မပါပါနဲ့၊ အစ်ကိုကြီး တစ်ယောက်တည်း ရပါတယ်လို့"

ထိုအချိန်၌ အစောင့် လူထွားကြီးသည် ဆိုင်အနောက်ဘက်ခန်း



တွင်းသို့ ပြေးဝင်သွားလေ၏။ စားပွဲထိုး ငါးယောက်စလုံး ပြိုလဲသွားပြီကို သူမြင်တွေ့ပြီးဖြစ်သည်။

ချက်ချင်းလိုလို သူပြန်ထွက်လာ၏။

"ဆရာလေးတို့ ဝင်လာနိုင်ပါပြီတဲ့ ခင်ဗျာ"

"သူက ငါတို့ကို ဝင်ခွင့်ပြုလိုက်ပြီလား"

"ဟုတ်ပါတယ် ခင်ဗျာ"

သို့ဖြင့် သူတို့နှစ်ဦးသည် ခပ်တည်တည်နှင့် အတွင်းခန်းထဲသို့ ဝင်ရောက်သွားကြလေသည်။ သူတို့နောက်မှ ဆိုင်စောင့်လူထွားကြီး လိုက်လာသည်။

အခန်းတစ်ခန်းရှေ့သို့ ရောက်သောအခါ လူထွားကြီးက ပြောကြားလိုက်၏။

"ဒီအခန်းပါ ခင်ဗျာ"

"မင်းဆရာကြီး ရှိသလား"

"အဲဒီအခန်းထဲမှာ ဆရာကြီး စောင့်နေပါတယ် ခင်ဗျား၊ ဝင်သွားကြပါ"

သူတို့သည် အခန်းထဲသို့ ဝင်လိုက်ကြသည်။ သို့သော် အခန်းထဲ၌ မည်သူမျှ မရှိချေ။

ကျောက်စင်လား မည်သည့်နေရာသို့ ရောက်နေမှန်း မသိရချေ။

ချင်ယီသည် အခန်းကို လှည့်ပတ်ကြည့်ပြီး ချင်လီကို ပြောလိုက်၏။

"အင်း ... ငါတို့ကတော့ အလိမ်ခံလိုက်ရပြန်ပြီ ငါ့ညီ၊ အခါခါ အလိမ်ခံထိနေရတာကတော့ ငါတို့ညံ့မှန်း သိသာလွန်းတယ်"

ထိုစဉ် ...

"ဟဲ ... ဟဲ ... ဟဲ ... အလိမ်မခံရပါဘူး၊ မစိုးရိမ်ပါနဲ့ကွာ၊ ငါရှိတယ်"

"လှို့ဝှက်အခန်းတစ်ခုသည် ပွင့်သွားသည်။ ကျောက်စင်လားသည် ထိုအခန်းထဲမှ ထွက်လာသည်။

ထိုအခါ ကျင်ယီက ...

"ခင်ဗျားက ဘယ်လိုလုပ်တာလဲ၊ ခင်ဗျားဆီလာတဲ့ဧည့်သည်တွေကို ဒီလိုပဲ ကြိုဆိုတတ်သလား၊ ကျုပ်တို့ကတော့ အားကိုးတကြီးနဲ့ လာခဲ့ရတာ"

"စိတ်မရှိပါနဲ့ မိတ်ဆွေ၊ ကျုပ်ရဲ့ လုံခြုံရေးရှိသေးတယ် မဟုတ်လား၊ တကယ်တော့ ဒီလုံခြုံရေးသမားတွေက စိတ်မချရသေးပါဘူး၊ ဒါပေမယ့် သစ်မရခင် ဝါးနဲ့ ပေါင်းကွပ်ဆိုတာလို ရရာကိုသုံးနေရတာပါပဲ"

"အင်း ... အခုတော့ ဝါးတွေ အသုံးမကျဘူးဆိုတာ ပေါ်လွင်လာပြီပေါ့"

ချင်ယီသည် ပြောပြောဆိုဆိုဖြင့် ကျောက်စင်လား၏ ပခုံးကို လက်ညှိုးနှင့် ထိုးလိုက်သည်။ သူ့လှုပ်ရှားမှုမှာ လျင်မြန်လှသည်။ လက်ညှိုးနှင့် လှမ်းမထိုးလိုက်သလို မြင်တွေ့နေရလေသည်။



ကျောက်စင်လားမှာ စကားမပြောနိုင်တော့ချေ။ သူ့အား စောင့်ရှောက်နေသူများမှာလည်း တစ်ယောက်မျှ မရှိတော့သဖြင့် ချင်ယီက သေဆိုလျှင်သေ၊ ရှင်ဆိုလျှင် ရှင်ရပေတော့မည်။ ကျောက်စင်လားကလည်း ရှင်းလင်းစွာ ဝန်ခံထားသည်။ သူသည် သစ်မရခင် ဝါးနှင့် ပေါင်းကွပ်ထားရပါသည်တဲ့။

သူ့အခြေအနေမှာ ရှန်စီမြို့မှာကဲ့သို့ မရှိလှတော့သဖြင့် ဤသို့ တပည့်များကို ငြီးငြူမွေးမြူနေရခြင်းဖြစ်သည်။

ချင်ယီသည် ကျောက်စင်လား၏ အကြောကို ဖွင့်ပေးလိုက်သည်။

ထိုအခါကျမှ ကျောက်စင်လား လှုပ်လှုပ်ရှားရှား လုပ်နိုင်တော့သည်။

"မောင် ... မောင်ရင်တို့ ဘာများ အလိုရှိလို့ပါလဲ"

ကျောက်စင်လားမှာ သူ့ရှေ့ရှိ လူငယ်၏ ထက်မြက်သော အကြောပိတ်ပညာကို ကိုယ်တိုင်ခံလိုက်ရသဖြင့် လန့်သွား၏။ သူတို့ပုံကြည့်ရသည်မှာ မအူမလည်နှင့် တောသားများဖြစ်ပုံရသည်။

ဤပုံစံမျိုး မြို့တွင်မရှိချေ။ ကျောက်စင်လားသည် သူ့အား အကြောပိတ်လိုက်သည့် လူငယ်အား လှမ်းမေးလိုက်သည်။

ချင်ယီက ...

"ကျုပ်တို့ရဲ့ပညာကို ခင်ဗျားအမြင်ပဲလေ၊ သိုင်းပညာ ထိုက်သင့်သလောက် တတ်တယ်၊ အကြောပိတ်ပညာလည်း ထိုက်သင့်သလောက်တတ်တယ်၊ ဒီနေပြည်တော်ကို တက်လာတော့ အလုပ်ရှာ

မရ ဖြစ်နေတယ်၊ ကျုပ်တို့ အလုပ်လိုချင်တယ်၊ ညီအစ်ကိုနှစ်ယောက်စလုံး အလုပ်လိုချင်တယ်"

ကျောက်စင်လား၏ မျက်လုံးများ ဝင်းပသွားသည်။ သူ့ကို ဒုက္ခပေးဖို့လာသူများလားဟု ပထမ၌ လန့်သွား၏။ ယခု သူ့ဆီမှ အလုပ်တောင်းနေပြီ။

ဤသို့ သိုင်းပညာ အစွမ်းထက်သည့် တပည့်များကို သူမွေးမြူချင်နေသည်မှာ ကြာချေပြီ။ သူသည် ကြောက်ရွံ့၍ မဟုတ်ဘဲ စိတ်လိုလက်ရ ပြောလိုက်မိသည်။

"မောင်တို့ သိုင်းပညာဟာ တကယ် အစွမ်းထက်တာပဲကွယ်၊ မောင်တို့ ဒီပညာစွမ်းကို ပြပြီး ဘယ်စားသောက်ဆိုင်မဆို အလုပ်ရှာလို့ ရပါတယ်"

"အခု ဦးရဲ့ တပည့်ငါးယောက်နဲ့ ဆိုင်စောင့်ကို မင်းလှဲသိပ်နိုင်တာကိုလည်း ဦးသိပါတယ်၊ မင်းတို့အတွက် အလုပ်ရှိရမပေါ့ကွယ်"

"ကဲ ... မောင်ရင်တို့ ဘာများလုပ်တတ်သလဲ၊ အဲဒါကို ပြောပြပါ"

"ကျုပ်တို့က တိုက်ခိုက်ရေးပညာကလွဲပြီး တခြားဘာမှမတတ်ဘူး၊ လက်လိမ်ချိုးတတ်တယ်၊ လူကိုကိုင်ပေါက်တတ်တယ်၊ ဆက်ဆံရေး ညံ့ဖျင်းတဲ့လူတွေကို ဆုံးမတတ်တယ်၊ ဒါလောက်ပါပဲ"

သူသည် ချင်လီကို လက်ညှိုးထိုးပြီး ...

"ကျုပ်ညီကလည်း ကျုပ်ထက်တော့ မအောက်ဘူး၊ ကျုပ်ထက်



သာချင်သာမယ်၊ အတိုက်အခိုက် အပစ်အခတ်မှာတော့ တကယ်တော်တယ်၊ အဲ ... အခြားတော့ ဘာမှမတတ်ဘူး"

ကျောက်စင်လားသည် ကျေနပ်အားရစွာပင် ပြောသည်။

"အဲဒီပညာနဲ့ပဲ လုံလောက်ပါတယ် မောင်ရာ၊ ကျုပ်ဆိုင်ကို တစ်ခါတစ်ခါ အမူးလွန်တဲ့လူတွေ လာတယ်၊ ရမ်းကားချင်တဲ့လူတွေ လာတယ်၊ အဲဒီလူတွေကို ဆုံးမဖို့ ဆိုင်စောင့်ကို ခန့်ထားတာပေါ့ ...

"မောင်ရင်တို့က ကျုပ်ဆိုင်စောင့်လောက်တော့ ခန္ဓာကိုယ်မထွားကျိုင်းဘူး၊ ဒါပေမယ့် ကျုပ်တို့ဆိုင်စောင့်ကို ထောင့်ကပ်အောင်လုပ်နိုင်တဲ့လူတွေဆိုတော့ မောင်ရင်တို့ဟာ သူ့ထက်သာသွားပြီပေါ့ ...

"ဒါပေမယ့် ဆိုင်စောင့်အလုပ်တော့ မလုပ်ရပါဘူး၊ မူလဆိုင်စောင့်နဲ့ မူလစားပွဲထိုးတွေပဲ ခန့်ထားမှာပါ"

"ဒါဖြင့် ကျုပ်တို့က ဘာလုပ်ရမှာလဲ"

"ကျုပ်ရဲ့ လုံခြုံရေးကို တာဝန်ယူရတဲ့ သက်တော်စောင့်တွေပေါ့၊ မောင်ရင်တို့သိအောင် ပြောထားမယ်၊ ကျုပ်ရဲ့ စားသောက်ဆိုင် အောင်မြင်နေတော့ ကျုပ်ကိုမလိုတဲ့ လူတွေလည်းရှိတာပဲ၊ ဘာပဲဖြစ်ဖြစ် မောင်ရင့်တို့ဟာ ကျုပ်အသက်ကို စောင့်ရှောက်ရမယ်၊ မောင်တို့အတွက် ကျေနပ်လောက်တဲ့ လစာ ရိက္ခာပေးမယ်"

"စိတ်ချပါဗျာ ... ကျုပ်တို့ တာဝန်ယူပါတယ်"

❄ ❄ ❄

## အခန်း(၆၆)
## စန်းထချိန်

ချင်ယီနှင့်ချင်လီ။

သူတို့ညီအစ်ကို နှစ်ဦးစလုံး၏ အဝတ်အစားများ ပြောင်းလဲသွားပေပြီ။ မြို့သားများကဲ့သို့ ဝတ်စားထားကြသည့် ချင်ယီနှင့် ချင်လီတို့မဟာ ပို၍ ချောမောလာသည်ဟု ထင်ကြရ၏။

သူတို့သည် ကျောက်စင်လား၏ သက်တော်စောင့်များ ဖြစ်နေပေပြီ။ သူတို့၏ ရာထူးမှာ မသေးလှပေ။ ကျောက်စင်လားသွားလေရာရာ၌ သူတို့ လိုက်ပါကြရသည်။ ကျောက်စင်လားမှာလည်း မည်သို့သော် ဖြစ်မှုမျိုးကို ကျူးလွန်သည်မသိ။

ရန်သူများကို အမြဲတမ်း ကြောက်လန့်နေရသည်။

ချင်ယီနှင့် ချင်လီတို့မှာ မျက်စိရှင် နားရှင်ရှင်ထား၍ ကျောက်စင်လား၏ တစ်ဖက်တစ်ချက်မှ လိုက်ပါစောင့်ရှောက်ကြရသည်။

ဤသည်ကို မလိုလားသော သူတို့မှာ ဝက်ဝံစားသောက်ဆိုင် အတွင်း၌ပင် ရှိသည်။



ထိုလူအချို့သည် ယခင်က ကျောက်စင်လား၏ သက်တော်စောင့် ဖြစ်ခဲ့သူများပင်။

ထိုသူများသည် ချင်ယီတို့အား စိန်ခေါ်ခဲ့၏။ ချင်းယီက ရယ် ရယ်မောမောနှင့် လက်ခံသည်။

ထို့နောက် တစ်ယောက်ပြီးတစ်ယောက် အနိုင်ယူပြလိုက်သောအခါ သူတို့၏ မကျေနပ်မှုများသည် ပျောက်သွားသည်။

"မင်းတို့ သေသွားမယ်၊ ငါ့ကို ဘာမှတ်နေသလဲ၊ မင်းတို့ထက် သာတဲ့၊ စွမ်းတဲ့ကောင်တွေတောင် ငါ့ကို မမှုဘူး၊ မင်းတို့တော့ ထည့်ပြောမနေနဲ့တော့"

ချင်ယီအား ယှဉ်ပြိုင်လိုသူများသည် ငြိမ်သက်တိတ်ဆိတ်သွား၏။ ချင်ယီအား သူတို့ မယှဉ်နိုင်မှန်း သိသွားကြလေသည်။

ထို့ပြင် ချင်ယီနှင့် ချင်လီတို့ လေ့ကျင့်နေမှုများကို တွေ့သောအခါ အားလုံး ဖြုံသွားကြသည်။ သူတို့သည် ချင်ယီတို့အား မကျေမနပ် ဖြစ်မနေကြတော့ချေ။

တကယ်တမ်း ယှဉ်ပြိုင်သည့်အခါတွင် သူတို့သည် လက်ကျိုးသူကျိုး၊ သွားကျိုးသူကျိုး ဖြစ်ခဲ့ရပြီ မဟုတ်ပါလား။

သိုင်းပညာအရ အဆင့်မြင့်သည်ကို သိရသောအခါတွင်မူ မည်သူမျှ မကျေနပ်ကြောင်း မပြောတော့ချေ။

မည်သို့ပင်ဖြစ်စေ ကျောက်စင်လားမှာ သူတို့နှစ်ဦးအား သက်တော်စောင့်အဖြစ် ရရှိလိုက်သဖြင့် ဂုဏ်ယူနေလေသည်။

"မင်းတို့ တာဝန်ယူပုံကိုကြည့်ပြီး ငါကျေနပ်တယ်၊ မင်းတို့

တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြ၊ မင်းတို့ အခြေအနေ တိုးတက်စေဖို့ ငါတာဝန်ယူတယ်”

ကျောက်စင်လား၏ စကားက သူတို့ကို အားတက်စေသည်။ သူတို့ကလည်း သူတို့၏ တာဝန်ကို အထူးကျေပွန်ရပါစေမည်ဟု ကတိပြု၏။ အထူးဂရုစိုက်သည့် လုပ်ရပ်ကိုလည်း ပြသကြသည်။

ဤသို့ စောင့်ရှောက်နေစဉ် တစ်ကြိမ်တွင် ကျောက်စင်လား အား လုပ်ကြံမှုပေါ်လာ၏။ သူတို့မြင်းရထားနှင့် သွားနေချိန်ဖြစ်သည်။

ချင်ယီ၊ ချင်လီနှင့် မြင်းမောင်းသမားတို့ကိုသာ ခေါ်သွားသည်။

ကျောက်စင်လားက မြင်းမောင်းသမားအား အော်ပြောသည်။

“မြင်းကို အမြန်ဆုံးမောင်းစမ်းဟေ့၊ မြို့မတံခါးမပိတ်ခင် ငါတို့ အရောက်ဝင်ဖို့လိုတယ်၊ နို့မို့ဆိုရင် မြို့ပြင်မှာ အိပ်နေရမယ်”

ကျောက်စင်လားသည် သက်တော်စောင့်များပါရှိသော်လည်း မြို့ပြင်၌ အိပ်ရန်ဆန္ဒမရှိချေ။ မလုံခြုံဟု ထင်လေသည်။ ချင်ယီနှင့် ချင်လီတို့အားလည်း သတိပေးသည်။

“ဒါက မြို့ပြင်၊ နေပြည်တော်ထဲမှာဆိုဧဘာ့ ဘာမှမှုစရာမလို ဘူး၊ မင်းတို့ သတိထားကြ၊ အန္တရာယ်ဟာ အချိန်မရွေး ကျရောက် နိုင်တယ်”

ချင်ယီနှင့် ချင်လီတို့လည်း အထူးသတိဝီရိယနှင့် လိုက်ကြ၏။ မကြာမီ ကျောက်စင်လားတို့ စိုးရိမ်သည့်အတိုင်း ဖြစ်လာတော့သည်။ မြင်းစီးသမား လေးဦးသည် ကျောက်စင်လား၏ မြင်းရထားကို အမီလိုက်ကြလေ၏။



“ဟေး ... မလွတ်စေနဲ့၊ အမီလိုက်”

သူတို့သည် ညာသံပေး၍ အော်ဟစ်လာ၏။ သူတို့မှာ မြင်း တစ်ကောင်ချင်း စီးလာသဖြင့် မြင်းရထားကို မကြာမီ လိုက်၍ မီလာသည။

ကျောက်စင်လားက ...

“ငါ့ကို ရန်မူမယ့် ကောင်တွေပဲ”

ချန်ယီက ...

“မစိုးရိမ်ပါနဲ့ ဆရာကြီး၊ ဒီခွေးကောင်တွေလောက်တော့ ကျွန်တော်တို့က မမှုပါဘူး၊ လာဟေ့ ညီလေး၊ ဒီကောင်တွေကို ဆုံးမလိုက်ကြရအောင်”

သူတို့သည် မြင်းရထားထဲ၌ ဆရာကြီး၏ တစ်ဖက်တစ်ချက်၌ ထိုင်နေရာမှ ထလိုက်သည်။ မြင်းရထား၏ ပြတင်းပေါက်များမှ ပြူထွက်ပြီး မြင်းတစ်စီးဆီသို့ ခုန်အုပ်လိုက်ကြ၏။

ချင်ယီကလည်း ခုန်အုပ်လာသည်။ ချင်လီကလည်း ခုန်အုပ် သည်။ မြင်းစီးသမားများသည် ချင်ယီနှင့် ချင်လီကို အတင်းထိုးသတ် ကြသော်လည်း နောက်ဆုံးတွင် သူတို့ပင် မြင်းပေါ်မှ လိမ့်ကျသွား ကြ၏။

ကျန်သည့် မြင်းစီးသမားနှစ်ယောက်မှာ ကျောက်စင်လားကို အန္တရာယ်မပြုနိုင်တော့ချေ။

သူတို့သည် သူတို့၏ မြင်းများကို လုယူသွားသည့် ချင်ယီနှင့် ချင်လီတို့အား တိုက်ခိုက်နေကြရတော့၏။

"ဟား ... ဟား ... ဟား ... မင်းတို့ ဘယ်ဂိုဏ်းကလဲ ပြောစမ်း၊ မသေချင်ရင် ပြောစမ်း"

"အောင်မာ ... သေမယ့်လူကများ ပြောရတယ်ရှိသေးတယ်၊ မင်းတို့မသေအောင် ခုခံကြ"

ထိုအချိန်၌ ကျောက်စင်လား၏ မြင်းရထားမောင်းသူသည် မြင်းရထားကို အပြင်းအထန် မောင်းနှင်နေ၏။

ထိုအချိန်၌ ချင်ယီနှင့် ချင်လီတို့သည် ရန်သူနှစ်ယောက်ကို သုတ်သင်လိုက်နိုင်သည်။

ဤသို့ဖြင့် သူတို့သည် အေးချမ်းစွာ မြို့ထဲဝင်နိုင်ခဲ့လေသည်။ ဤအဖြစ်ကြောင့် ကျောက်စင်လားသည် ချင်ယီနှင့် ချင်လီကို ပို၍ယုံကြည်အားကိုးလာ၏။ သူ၏ လူယုံတော်များအဖြစ်လည်း ထားရှိတော့သည်။ ဆရာကြီး ကျောက်စင်လားမှာ သူ၏ဆရာကြီး ရှိသေး၏။

ချင်ယီနှင့် ချန်လီတို့မှာ ဤအဖြစ်ကို သိထားကြသော်လည်း မသိသလိုပင် နေကြ၏။

"ကျောက်စင်လားသည် ချင်ယီနှင့် ချင်လီတို့ကို အလွန်အားကိုးယုံကြည်သဖြင့် တစ်နေ့တွင် သူ၏ဆရာကြီးဆိုသူနှင့် တွေ့ဆုံပေးလေ၏။

ကျောက်စင်လား၏ ဆရာကြီးမှာ မျက်နှာဖုံးအနက်ကို စွပ်ထားသူ ဖြစ်၏။ ထိုပုဂ္ဂိုလ်ကြီးသည် ယခင်ကတည်းက ကျောက်စင်လားကို ညွှန်ကြားနေသူ ဖြစ်ဟန်ရှိ၏။



ကျောက်စင်လားသည် ထိုပုဂ္ဂိုလ်ကြီးကို အလွန်လေးစားကြောက်ရွံ့ပုံရသည်။

"ဆရာကြီး ... ဆရာကြီးကို ကျွန်တော် တွေ့ခွင့်တောင်းရတာက အကြောင်းမဲ့မဟုတ်ပါဘူး၊ ကျွန်တော့်ဆီမှာ သက်တော်စောင့် နှစ်ယောက် ရှိနေပါတယ်၊ အဲဒီ သက်တော်စောင့် နှစ်ယောက် အကြောင်း ဆရာကြီးကို တင်ပြချင်လို့ပါ"

"သူတို့က လူသစ်တွေလား"

"မှန်ပါတယ် ဆရာကြီး"

"လူသစ်တွေကို မင်းတို့မို့ သက်တော်စောင့်ခန့်ဝံ့တယ်"

"မဟုတ်ပါဘူး ဆရာကြီး၊ သူတို့ကို သက်တော်စောင့် ခန့်ပြီးမှ ကျွန်တော့် နှစ်ကြိမ် သုံးကြိမ် လုပ်ကြံခံရပါတယ်၊ ဒါကို ဒီညီအစ်ကိုက ရှုပ်ရှုပ်ချုံချုံ ခုခံကာကွယ်ကြပါတယ်၊ ကျွန်တော့်ကို ဘယ်သူတွေက လုပ်ကြံတယ်ဆိုတာလည်း မေးမြန်းစုံစမ်းကြပါတယ်၊ ဖြစ်ပျက်ပြီးခဲ့တဲ့ အခြေအနေအရတော့ ယုံကြည်စရာပါပဲ"

"သိုင်းပညာစွမ်းကကော"

"ဟာ ... သိုင်းပညာစွမ်းကတော့ တကယ့်ကို ထက်ပါတယ်၊ သူတို့ သိုင်းပညာစွမ်ထက်တာကို ကျွန်တော့်ဆီ စရောက်တဲ့နေ့ကတည်းက သတိပြုမိခဲ့တာပါ၊ ကျွန်တော့်ကို လုပ်ကြံတဲ့လူတွေဟာလည်း သိုင်းသမားတွေပါပဲ၊ ဒါပေမယ့် ဒီညီအစ်ကိုကိုတော့ မကျော်နိုင်ပါဘူးခင်ဗျာ"

ပုဂ္ဂိုလ်ကြီးသည် ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားနေလေသည်။

"ဒီလိုဆိုရင် ဒီကောင်တွေ အစမ်းသပ်ခံနိုင်ပါ့မလား"

"ဟာ ... ခံနိုင်တာပေါ့ ဆရာကြီး၊ သူတို့ဟာ ဘာမှအကြောက်အရွံ့ မရှိကြပါဘူး ဆရာကြီး"

"ဒီလိုဆိုရင် ညီအစ်ကိုနှစ်ယောက်စလုံးကို စမ်းသပ်ကြည့်ကြတာပေါ့"

ဆရာကြီးသည် ထိုသို့ပြောပြီး သူ့ဘက်မှ တိုက်ခိုက်မည့်လူကို ရွေးချယ်၏။

"ကဲ ... မင်းရဲ့ ညီအစ်ကိုကို ခေါ်လိုက်၊ သူတို့ကို သုံးပွဲတိုက်ခိုင်းမယ်"

ကျောက်စင်လားသည် ချင်ယီနှင့် ချင်လီတို့ကို ခေါ်လိုက်သည်။ ထို့နောက် တီးတိုးစကားပြောသည်။ ထိုအခါတွင် ချင်ယီသည် ပြိုင်ပွဲ ဝင်ရမည့် ဆရာကြီးဆိုသည့် ပုဂ္ဂိုလ်ကြီးရှေ့သို့ ရပ်လိုက်၏။

ဆရာကြီးက လက်ခုပ်တီးလိုက်သောအခါ ဆရာကြီး ရွေးချယ်ထားသော သိုင်းသမားသည် ရှေ့သို့ထွက်လာ၏။ သူတို့ယှဉ်ပြိုင်ကြသောအခါ ချင်ယီကပင် အနိုင်ရသည်။

ဤသို့ဖြင့် သုံးပွဲတိတိ ယှဉ်ပြိုင်ရသည်။ သုံးပွဲစလုံး ချင်ယီနိုင်သည်။

ကျောက်စင်လားမှာ လွန်စွာ ကျေနပ်အားရသွား၏။

သူ့တပည့် အနိုင်ရသည် မဟုတ်ပါလော။ သူ့အပြောနှင့် အဟော ညီနေချေပြီ။



ကျောက်စင်လားသည် ချင်လီကိုခေါ်၍ တီးတိုးပြောပြန်၏။ ချင်လီလည်း သုံးကြိမ်သုံးပွဲ ယှဉ်ပြိုင်ရ၏။ သုံးကြိမ်သုံးပွဲစလုံး နိုင်သည်။

ဆရာကြီးဆိုသည့် ပုဂ္ဂိုလ်သည် ခေါင်းတညိတ်ညိတ်ဖြင့် ဖြစ်နေသည်။ ဆရာကြီးဆိုသည့် ပုဂ္ဂိုလ်သည် တပည့်များကို အားလုံး ထွက်စေ၏။

သူနှင့် ကျောက်စင်လား နှစ်ယောက်တည်းသာ ကျန်သောအခါမှ စကားပြောသည်။

"သိုင်းပညာကတော့ ကောင်းပါတယ်၊ သစ္စာရှိမှု မရှိမှုကိုတော့ စောင့်ကြည့်ကြရမှာပဲ၊ ငါတို့အတွက် သစ္စာရှိပြီလို့ ယုံကြည်ရတာနဲ့ ဟိုစုံတွဲနဲ့ ဆုံပေးလိုက်မယ်"

ထိုအခါ ကျောက်စင်လားက ဝမ်းပန်းတသာ ပြောတော့သည်။

"မှန်လိုက်လေ ဆရာကြီးရယ်၊ ကျွန်တော်က သူတို့သိုင်းပညာကြည့်ပြီး သူတို့ကို သဘောကျနေတာပါ၊ အ ... သစ္စာရှိမှု မရှိမှုကတော့ အချိန်က စကားပြောမှာဆိုတော့ ကျွန်တော်လည်း မတတ်နိုင်ပါဘူး ဆရာကြီး၊ ဒါပေမယ့် သူတို့လုပ်ပုံကိုင်ပုံတွေကတော့ မဆိုးပါဘူး၊ ဒါကိုကြည့်ပြီး ဟိုစုံတွဲနဲ့ ဆုံပေးလိုက်ရရင် ကောင်းမယ်လို့ ကျွန်တော်ထင်ပြီး ဆရာကြီးနဲ့ ခုလို ဆုံတွေ့ပေးတာပါပဲ ဆရာကြီး"

"အင်း ... အခု သူတို့နဲ့ ယှဉ်ပြိုင်ခိုင်းတဲ့ သိုင်းသမားခြောက်ယောက်ဟာ ငါ့ဆီမှာရှိတဲ့ သိုင်းသမားတွေထဲမှာ အတော်ဆုံး အကောင်းဆုံးတွေပဲ၊ သူတို့ကိုတောင် နိုင်တယ်ဆိုတော့ တော်တော်

ထက်မြက်တဲ့ သိုင်းသမားမှန်း ခန့်မှန်းလို့ရတယ်၊ သစ္စာရှိရင်တော့ တို့အားကိုးရတဲ့ သိုင်းမားတွေ ဖြစ်လာလိမ့်ယ်ထင်တယ်"

"ရိုးရိုးသိုင်းပညာကောင်းတာတောင် မဟုတ်ပါဘူး ဆရာကြီး၊ သူတို့ဟာ ဓားစွမ်းပါ ထက်ကြပါတယ်"

"ဟုတ်လား ... ဒီလိုဆိုရင် သူတို့ရဲ့ ဓားစွမ်းကို ကြည့်ကြဦးစို့၊ ဒီတစ်ခါတော့ တခြားသူတွေနဲ့ ထိပ်တိုက်ချမပေးဘူး၊ သူတို့ ညီအစ်ကိုချင်း ချကြပါစေ"

တိုအခါတွင် ချင်ယီနှင့် ချင်လီတို့သည် ဓားနှင့်တိုက်ခိုက်ပြရလေ၏။ တိုက်ပွဲပြီးသွားသောအခါ မျက်နှာဖုံးစွပ် ဆရာကြီးသည် ခေါင်းတညိတ်ညိတ် ဖြစ်နေတော့သည်။

ကျောက်စင်လားကား သူပွဲထုတ်ပေးသည့် သူ့တပည့်များ၏ အောင်မြင်မှုအတွက် ပြုံးနေလေ၏။

❋ ❋ ❋



## အခန်း(၆၇)
## ရွှေလှံပျံ၏ စံတော်အိမ်

ချင်ယီသည် ဝက်ဝံစားသောက်ဆိုင်၌ ချင်လီအား ထားလျက်ထွက်လာခဲ့သည်။ သူသည် တစ်ကြိမ်မျှ ဤသို့ မထွက်ခဲ့ပေ။ ချင်လီ အခက်အခဲရှိမည်ကို စိုးရိမ်သဖြင့် အမြဲတမ်း အတူတကွ နေခဲ့ခြင်းဖြစ်သည်။ ယခုတော့ စုံစမ်းစရာရှိသည်ကို စုံစမ်းရန် ထွက်ခဲ့ခြင်းဖြစ်သည်။ ထိုသည်ကို ချင်လီကလည်း သိသည်။

ထို့ကြောင့် ချင်ယီသွားမည်ကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

သူတို့သည် ကျောက်စင်လား၏ သက်တော်စောင့်များ ဖြစ်ခဲ့ကြပြီးနောက် အဆင့်အတန်းမြင့်သော ဝတ်စုံများကို ဝတ်ဆင်ခဲ့ရသည်။ ဝတ်စုံများမှာ အရည်အသွေးကောင်းရုံမျှမက သူတို့အတွက် များစွာလည်း ပေးထားသည်။

ဝတ်စုံကောင်းများကို ဝတ်ဆင်သောအခါ သူကို့သည် နဂိုကတည်းက ချောမောသူများဖြစ်၍ နဂိုရှိရင်း ထွက်ကာ အလွန်မှ ရုပ်ရည်တင့်တယ်ကြောင်း ပေါ်လွင်လာသည်။

သူတို့နှင့် တွေ့သူတိုင်းကလည်း ကွယ်ရာတွင်လည်းကောင်း ရှေ့တွင်လည်းကောင်း သူတို့၏ ရုပ်ရည်တင့်တယ်မှုကို ချီးကျူးပြော ဆိုကြသည်။

ယခုလည်း ချင်ယီ ဝတ်စုံဖြူဝတ်ဆင်လျက် ဓားကို ကျောပိုး လွယ်ကာ လမ်းထဲသို့ လျှောက်လာသည့်အခါ အမျိုးသမီးကြီးကြီး ငယ်ငယ်တို့၏ သမင်လည်ပြန် ကြည့်ရှုခြင်းကို ခံရသည်။

ချင်ယီ၏ ရုပ်ရည်မှာ ဤမျှတင့်တယ်သည်။ အချို့သော မိန်းမပျိုလေးများမှာ သူတို့ကြည့်သည်ကို မသိမည်စိုး၍ပင် ကြည့်ကြ သည်။

ချင်ယီရှေ့၌ တစ်စုံတစ်ခု ကျသွားဟန် ဟန်လုပ်ကြသည်။ အဘွားကြီးများပင် ချင်ယီကိုကြည့်ပြီး ချီးကျူးကြရ၏။

"အင်း … အတော်ကို ဘဝပေးကုသိုလ်ကောင်းတဲ့ သူငယ်ပဲ၊ ဒီလိုရုပ်ရည်မျိုး ရဖို့ဆိုတာ လွယ်တာမဟုတ်ဘူးနော်၊ မိန်းမတိုင်းက ဝိုင်းကြိုက်နိုင်တဲ့၊ ရုပ်ရည်မျိုးပဲ"

ထိုအဘွားကြီးများ၏ မှတ်ချက်ချသံကို ချင်ယီ မကြားပေ။

သူသည် နေပြည်တော် အမှုထမ်းများနေသည့် အဆောင်များ ဘက်သို့ လျှောက်လာခဲ့သည်။ အဆောင်များမှာ တစ်ဆောင်နှင့် တစ်ဆောင် ဆင်တူသည်။

ထို့ကြောင့် ချင်ယီအနေဖြင့် အဆောင်များကို မခွဲခြားတတ်ပေ။ ကိုယ့်ဝင်းကိုယ့်ခြံနှင့် သီးခြားနေသူများဖြစ်၍လည်း အဆောင်



တိုင်းကို မေးမြန်းရန်မဖြစ်နိုင်။ ထိုစဉ် မိန်းကလေးတစ်ဦးသည် လမ်းထဲ၌ လျှောက်လာလေ၏။

ချင်ယီကို တွေ့သောအခါ ပြုံးစစဖြစ်သွားသည်။

ချင်ယီက …

"ဒီမှာ ညီမရယ်၊ အစ်ကို့ကို တစ်ဆိတ်လောက် ကူညီပါလား ကွယ်"

မိန်းကလေးသည် ချက်ချင်းပင် ရပ်တန့်ပြီး ချင်ယီကို ပြုံးပြ သည်။

"ဘာကူညီရမှာလဲရှင်၊ ရှင်က လမ်းမကြီးမှာ ကူညီနိုင်းနေ တော့ မတော်ပါဘူးရှင်"

"ဩော် … ဒီလိုပါ၊ တခြားမဟုတ်ပါဘူးကွယ်၊ ရှေလုံပျံ လီတာကျွေ့ရဲ့ အိမ်ဂေဟာ ဘယ်မှာရှိသလဲဆိုတာ အစ်ကိုမသိလို့ပါ၊ သူတို့က သူတို့ရဲ့အိမ်ဂေဟာ ဘယ်မှာရှိတယ်ဆိုတာတော့ ပြောပြ သွားပါရဲ့၊ ဒီမှာအဆောင်တွေက ဆင်တူဖြစ်နေတော့ အစ်ကို မခွဲခြား တတ်ဘူး၊ ညီမသိရဲ့လား မသိဘူး"

မိန်းကလေး၏မျက်နှာမှာ ပို၍ပြုံးချိုသွားသည်။ ချင်ယီသည် သူ့ကို ညွှန်ပြတော့မည်ဖြစ်ကြောင်း သေချာသွားသည်။ ဤမိန်း ကလေးသည် လီတာကျွေ့ သို့မဟုတ် သူ့ဇနီးနှင့် သိကျွမ်းသူ ဖြစ်ရ မည်ဟု ချင်ယီ တွက်သည်။

"အို … ရှင် ဘယ်သူများလဲလို့၊ သခင်ကြီးရဲ့ ဧည့်သည်ပဲကိုး"

"အိုး … မိန်းကလေးက …"

"ကျွန်မက သခင်ကြီးရဲ့ စံတော်အိမ်ကပါရှင်၊ ကျွန်မနဲ့ တစ်ပါ တည်း လိုက်ခဲ့ပါ၊ သခင်ကြီးရဲ့ စံတော်အိမ်ကို အစ်ကိုအနေနဲ့ မမှားဘဲရောက်နိုင်ပြီပေါ့"

ချင်ယီသည် အနည်းငယ် စဉ်းစားလိုက်၏။ မိန်းကလေး၏ ပုံစံအရ အိမ်တွင် သခင်ကြီးရော၊ သခင်မရော ရှိပုံမရဟု ထင်သည်။

"အစ်ကို ရွှေလုံ့ပုံဆရာကြီးလီတာကျွေ့ရဲ့ ညွှေ့သည်ပါ၊ ဆရာကြီး လီတာကျွေ့ အိမ်မှာမရှိဘူးလား"

"သခင်ကြီးကိုတော့ အစ်ကို တွေ့နိုင်ပါတယ်၊ သခင်ကြီးက အိမ်မှာထက် နန်းတော်မှာ အနေများတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သခင်ကြီးဟာ ဘုရင်ကေရာဇ်နဲ့ စစ်တုရင်ထိုးဘက် ဖြစ်နေလို့ပါ ...

"ဘုရင်ကေရာဇ်ကြီးဟာ သခင်ကြီးကို တစ်ပတ်တစ်ခါ နှစ်ခါ လောက်ပဲ အိမ်ပြန်ခွင့်ပေးပါတယ်၊ အခုဆိုရင် သခင်ကြီး အိမ်ပြန်ချိန် ပါ ...

"အစ်ကို ကံကောင်းပါတယ်၊ သခင်ကြီးနဲ့ အိမ်မှာတန်းတွေ့ မယ်လို့ထင်မိတာပါပဲ၊ သခင်ကြီးမရှိလည်း သခင်မကတော့ အမြဲ ရှိပါတယ်၊ သခင်ကြီးကိုသိမှတော့ သခင်မ မိုးနတ်မယ်ကို သိမှာပေါ့ ရှင်"

မိန်းကလေးက ရှည်လျားစွာ ပြောပြလေ၏။ အလွန်စကား များသော မိန်းကလေးဖြစ်ကြောင်း ချင်ယီ ကောက်ချက်ချမိသည်။

"အစ်ကိုကတော့ သူ့ကိုမသိပါဘူး၊ ဆရာကြီး လီတာကျွေ့ မရှိရင် အခက်ပဲ"



"အို ... ဘာလို့ခက်ရမှာလဲ၊ သခင်ကြီး ပြန်ရောက်ချင် ပြန် ရောက်နေမှာပေါ့၊ သခင်မက အစ်ကို့ကို ဧည့်ခံထားမှာပေါ့၊ သခင်မ က သခင်ကြီးထက် သဘောထားကောင်းတယ်နော်၊ အစ်ကို မဆက် ဆံဘူးလို့ပါ၊ ခစ် ... ခစ် ... ခစ် ... ဆက်ဆံပြီးသွားရင် သခင်မကို ခင်သွားမှာပါ"

မိန်းကလေးသည် ပြောပြီး ရယ်နေလေ၏။

"မိန်းကလေးက ဘာဖြစ်လို့ ရယ်နေရတာလဲကွယ်"

"ဩော် ... မမမိုးနတ်မယ် သဘောကောင်းတဲ့အကြောင်း တွေး မိလို့ပါရှင်၊ ဟင်း ... ဟင်း ... ဟင်း"

"အင်း ... ဆရာကြီးလီတာကျွေ့နဲ့ တွေ့နိုင်တယ်ဆိုတော့ အစ်ကို လိုက်ခဲ့မှာပေါ့၊ ညီမ ရှေ့ကသွားလေ"

"အို ... ဘယ့်နှယ် ရှေ့ကသွားရမှာလဲ၊ အစ်ကိုနဲ့ ယှဉ်ပြီး လျှောက်ရမှာပေါ့"

မိန်းကလေးက လမ်းတစ်လျှောက်လုံး စကားပြောသည်။ အိမ် ဝင်းတစ်ခုရှေ့ရောက်လျှင် ဤအိမ်၌ မည်သူနေသည်။ သူ့ဇနီးက မည်သို့ဖြစ်နေသည်။ သမီးက မည်သို့ဖြစ်နေသည်။ သားက မည်သို့ ဖြစ်နေသည် စသည် စသည်တို့ကို အိမ်ပေါက်စေ့ ပြောသွားသည်။

သူမ မပြောဘဲ လွှတ်လိုက်သည့်အိမ် မရှိပေ။

ချင်ယီက ပြုံးလိုက်ပြီး ...

"ညီမက အကုန်သိတာပဲ၊ ဒီမှာ ဌာနတစ်ခု ဖွဲ့ထားရမယ်၊ ညီမကို ခေါင်းဆောင်ခန့်ထားရမယ်"

"ဘာအဖွဲ့လဲ အစ်ကို"

"စုံစမ်းရန်ဆိုတဲ့ အဖွဲ့လေ၊ သိချင်တာတွေ ညီမဆီစုံစမ်းရမယ်ရပါ"

"အို … အစ်ကိုကလဲ၊ ညီမက ဒီလောက်မသိပါဘူး"

သူတို့ စကားတပြောပြောနှင့် လျှောက်လာခဲ့ရာ အိမ်တစ်ဆောင်ရှေ့သို့ ရောက်လာလေ၏။

မိန်းကလေးက …

"ကျွန်မတို့ အိမ်ရှေ့ ရောက်ပြီ၊ ဒီအိမ်ဟာ သခင်ကြီး လီတာကျွေရဲ့ စံတော်အိမ်ပါပဲရှင်၊ လာပါ … ဝင်ပါ၊ ဒီစံအိမ်မှာ အစေခံများများမရှိပါဘူး၊ သခင်ကြီးရယ်၊ သခင်မရယ်၊ တောက်တိုမယ်ရနိုင်းတဲ့ ငယ်ကျွန်တစ်ယောက်ရယ် ဒါပဲရှိပါတယ်"

သူမသည် ခြံဝင်းတံခါးနှင့် အလွန်ခံ့ညားသည့် အိမ်တစ်ဆောင်ကို လက်ညှိုးထိုးပြလေ၏။

ချင်ယီက စံတော်အိမ်ကို အကဲခတ်လိုက်သည်။ ရွှေလှံပျံလီတာကျွေကား နေပြည်တော်၌ အတော်ရာထူးကြီးဟန်တူသည်။

အဘယ့်ကြောင့်ဆိုသော် သူနေသည့် စံတော်အိမ်မှာ အတော်ကြီးကျယ်သောကြောင့်ပင်တည်း။ စံတော်အိမ်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

"သခင်မ … သခင်မ ဧည့်သည်ပါလာတယ်"

မိန်းကလေးသည် အော်လိုက်လေ၏။



အတွင်းမှ တုံ့ပြန်သံ ကြားရသည်ဟု ချင်ယီ ထင်သော်လည်း ဧည့်သည်ကို တုံ့ပြန်သံမျှ မကြားရချေ။

ချင်ယီသည် စံတော်အိမ်အတွင်းသို့ ကြည့်နေ၏။

❋ ❋ ❋

## အခန်း(၆၈)
## ဆေးမီခြင်း

မိန်းကလေးသည် ထစ်မံအော်ဟစ်လေ၏။

"သခင်မရေ… တံခါးဖွင့်ပါဦး၊ သခင်မတို့ရဲ့ ဧည့်သည် ပါလာပါတယ်"

အတန်ကြာမှ အိမ်ထဲမှ ခြေသံများကြားရပြီးနောက် မိန်းမတစ်ဦး ထွက်လာလေ၏။ ထိုမိန်းမမှာ ဖြူဝင်းနေသော အသားအရေနှင့် အသက်သုံးဆယ်ကျော် လေးဆယ်နီးပါး ရှိလေ၏။

လက်မောင်းမှာ ပြည့်ဖြိုးနေပြီး ရုပ်ရည်ကလည်း ချောမောလှသည်။

သူမကား မိုးနတ်မယ် ကျင်ရှာမွေး ဖြစ်ပါသတည်း။

သူမသည် အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ နန်းတွင်းသူများ ဝတ်ဆင်သည့် ဝတ်စုံတည်း။ အပြာရောင်ဝတ်စုံနှင့် သူမသည် ကြည့်၍လိုက်ဖက်လှသည်။

သူမထံမှ ရေမွှေးနံ့သည် ချင်ယီထံသို့ ပျံ့လွင့်လာသည်။



သူမသည် ချင်ယီအား စူးစူးစိုက်စိုက် ကြည့်နေသဖြင့် ချင်ယီက မနေတတ် မထိုင်တတ် ဖြစ်နေသည်။

မိန်းကလေးက…

"သခင်မ… ဒီဧည့်သည်က ဒီပြင်ဧည့်သည်တွေလို မဟုတ်ဘူး၊ အရမ်းခေါ်လာရတာ၊ ဒါတောင် မလိုက်ပါဘူး လုပ်နေတယ်၊ ဒီဧည့်သည်က ထူးတယ်နော်"

မိန်းကလေး၏ စကားသည် တစ်မျိုးထူးခြားသည်ဟု ချင်ယီ ထင်လေ၏။

မိုးနတ်မယ် ကျင်ရှာမွေးသည် ချင်ယီအား စိုက်ကြည့်နေရာမှ မျက်နှာလွှဲလိုက်သည်။ သူမ၏ မျက်နှာသည်လည်း ပြုံးရွှင်သွားသည်။

"ဩော်… သူက ဒီလောက်တောင်ပဲလား"

"ဒီလောက်တောင်ပဲ ဖြစ်နေတာပေါ့၊ သူက သခင်ကြီးနဲ့ တွေ့ချင်တာတဲ့ မမရဲ့၊ ကျွန်မက သခင်ကြီးဟာ ဒီရက်တွေမှာ ရွှေနန်းတော်က ပြန်ရောက်တတ်ပါတယ်၊ လိုက်ကြည့်ပါဦးဆိုပြီး ခေါ်လာရတာ"

"ဩော်…"

"သခင်မက အကျိုးအကြောင်း ပြောပြလိုက်ပါဦး"

"ဟုတ်ပါတယ် ငါ့မောင်ရဲ့၊ အစ်ကိုကြီး လီတာကျွေဟာ နန်းတော်ထဲမှာ နေတာများတယ်၊ ဒါပေမယ့် ဒီရက်တွေမှာတော့ အစ်ကိုကြီးလီတာကျွေဟာ ပြန်လာတတ်ပါတယ်၊ ခဏတော့ စောင့်ပါကွယ်"

"ဟုတ်… ဟုတ်ကဲ့"

ချင်ယီသည် သူလိုက်လာသည်မှာ မှားများမှားနေပြီလောဟု ခေါင်းစားမိသည်။ ထိုအခါ ကျင်ရှာမွေးက ...

"ကဲ ... ရှဝါရေ ညည်းသည် နားပါစေဦး၊ ညည်းသည်အတွက် အကြမ်းရည်ကလေး လုပ်ခဲ့ပါဦး"

သူမသည် ချင်ယီကို ကြည့်လိုက်၏။

"ငါ့မောင်က စကားပြောပါဦး၊ စကားလည်း မပြောဘူး၊ ငါ့မောင်ကိုကြည့်ရတာ ကြောက်နေသလိုပဲ၊ မှန်းစမ်း ... ငါ့မောင်ရဲ့ လက်တွေကိုပြစမ်း"

သူမသည် ချင်ယီ၏ လက်ကို ပိုင်ပိုင်နိုင်နိုင် ဆွဲယူကြည့်လေ၏။

"အစစ်ပေါ့၊ လက်က အေးစက်နေတာပဲ၊ ရေခဲလက်ကျနေတာပဲ"

ချင်ယီသည် ရှက်ရွံ့စွာ သူ့လက်ကို ရုန်းထွက်လိုက်၏။

ကျင်ရှာမွေးက ...

"ငါ့မောင်က လူချော့ပဲ၊ နန်းတော်ထဲမှာ မင်းမှုထမ်းလုပ်ရင်တော့ အပျိုတွေ ဝိုင်းဝိုင်းလည်နေမှာပဲ၊ မမတို့-ပို မိန်းမကြီးတွေဆို ထောင့်ကပ်နေရမှာ၊ အဖက်လုပ်မယ်တောင် မထင်ဘူး"

သူမသည် ထိုသို့ပြောဆိုပြီး တခစ်ခစ်ရယ်မောနေလေတော့၏။

ချင်ယီမှာ ငိုင်နေမိသည်။ ကျင်ရှာမွေး၏ အပြုအမူ အပြောအဆိုများကိုကြည့်ပြီး သူစိတ်မကောင်းပင် ဖြစ်နေမိသည်။

သူစိတ်မကောင်းဖြစ်နေစဉ် မိန်းကလေးက အကြမ်းရည် လာချပေးလေ၏။



ကျင်ရှာမွေးက သူ့ကိုကြည့်ပြီး ပြုံးလိုက်သည်။

"ဘာတွေ တွေးနေတာလဲကွယ်၊ ညည်းသည်ဆိုတာ ရယ်ရယ်ပြုံးပြုံး နေရတယ်၊ အဲဒီလို ငူငူငိုင်ငိုင်ကြီး မနေရဘူးကွယ်၊ အိမ်ရှင်တွေ စိတ်မချမ်းသာတော့ ဘယ်ကောင်းမလဲ"

သူမသည် အကြမ်းရည်ကို ခွက်ထဲသို့ လောင်းထည့်လေ၏။ အကြမ်းရည်မှာ ကြက်သီးမွှေးမျှသာ၊ ကျင်ယီမှာ စကားပြောချင်စိတ်မရှိပေ။ အိမ်ရှင်က စိတ်မချမ်းသာဟု ပြောလျှင်လည်း ပြောစေတော့၊ သူသည် အခန်းပတ်ပတ်လည်ကို လိုက်လံကြည့်ရှုန၏။ နံရံတစ်နေရာတွင် လေးနှင့်မြားကို ချိတ်ထားသည်။

ချင်ယီသည် မြားပစ်ကွင်း၌ ကျင်ရှာမွေး မြားပစ်ပုံကို ပြန်လည်မြင်ယောင်မိသည်။ ထိုစဉ်က မြားပစ်ပုံမှာ ချင်ယီ၏ မျက်လုံးထဲက မထွက်ပေ။ သူမ၏ လက်များသည် တည်ငြိမ်လှ၏။

လေးညို့ကို ဆွဲယူပုံမှာလည်း လွန်စွာ တည်ငြိမ်လှ၏။ ထိုအခါ မြားသည် လိုရာကိုသွားပေမပေါ့၊ မြားများသည် ပစ်မှတ်၌ သွားစိုက်နေသည်ကို သူ၏မျက်စိထဲ၌ မြင်ယောင်နေသည်။

"မမက မိုးနတ်မယ်လား"

"မိုးနတ်မယ် ကျင်ရှာမွေးဆိုတာ မမနာမည်ပေါ့"

သူမသည် ချင်ယီကိုကြည့်လိုက်၏။

"ဘာလဲ ... မမကို မင်း အရင်ကတွေ့ဖူးလို့လား၊ တွေ့ဖူးရင် ဘယ်မှာတွေ့ဖူးတယ်ဆိုတာကို ပြောပါကွယ်"

"မတွေ့ဖူးပါဘူး၊ နာမည်တော့ ကြားဖူးပါတယ်၊ ဟိုနံရံမှာ ဒိုးလေးနဲ့ မြားတွေ ချိတ်ထားလို့ မေးမိတာပါ"

ထိုအခါ ကျင်ရှာမွေးက ကိုယ်ကိုလှုပ်၍ ရယ်လေ၏။

"ဟင်း ... ဟင်း ... ဟင်း ... မမ ငယ်ငယ်က ကစားခဲ့တာတွေပါကွယ်၊ ခုတော့ မကစားတော့ပါဘူး၊ လူကြီးဖြစ်လာတော့လည်း ငယ်ငယ်က ကစားတာတွေကို မကြိုက်တော့ဘူးပေါ့ကွယ်"

"မမက ငယ်ငယ်က မြားပစ်သိပ်တော်မှာပဲနော်"

"အင်း ... ငယ်ငယ်ကတော့ နာမည်ကျော်ပေါ့၊ မမကို သိုင်းပညာသင်ဖို့ ရင်းနှီးတဲ့လူတွေ တိုက်တွန်းကြတယ်၊ ဒါပေမယ့် မမ မသင်ခဲ့ဘူးလေ၊ လေးနဲ့မြားပဲ ဆက်ပြီးလေ့ကျင့်ခဲ့တယ်၊ အဲဒီတော့လည်း ထိုက်သင့်သလောက်တော့ ဖြစ်လာတာပေါ့ကွယ်"

"အခု ကြီးလာတော့ မမ ဘာကို ကစား ..."

"ကြီးလာတော့ ဘာမှမကစားတော့ပါဘူးကွယ်၊ အိမ်မှာပဲ နေနေရတော့တာပေါ့"

သူမသည် အကြမ်းရည်ကို လှမ်းပေးလေ၏။

"ကဲ ... ကဲ ... ဒီက အဖန်ရည်ကလေးကို သောက်လိုက်ပါဦးကွာ"

ချင်ယီသည် လှမ်းယူလိုက်၏။

"သောက်ပါ ... ဖန်ခါးလေးဆိုတော့ အမောပြေတာပေါ့"

သူမက တိုက်တွန်းနေသဖြင့် ချင်ယီသည် အကြမ်းရည်ကို ယူသောက်လိုက်လေ၏။

အကြမ်းရည်မှာ ဖန်ခါးကြီးဖြစ်သဖြင့် ချင်ယီသည် အကြမ်းရည်၏ ထူးခြားမှုကို မသိလိုက်တော့ပေ။ သူ့စိတ်ထဲတွင် ရိုးရိုးအဖန်ရည်ဟုသာ ထင်မိလေ၏။ သူသည် အဖန်ရည်ကို အကုန်သောက်



လိုက်လေ၏။

ကျင်ရှာမွေးသည် နံရံ၌ ချိတ်ထားသည့် လှံကြီးနှစ်ချောင်းကို ပြသနေ၏။

"ဒါကတော့ အစ်ကိုကြီး လီတာကျွေရဲ့ လှံတံအတွက် အထိမ်း အမှတ်ပေါ့၊ သူကိုင်တဲ့ လှံတံကိုတော့ အမြဲလက်ထဲက မချဘူး၊ ရှင်းရှင်းပြောရရင်တော့ ဒီလှံက အတုပေါ့ကွယ်၊ အတုဆိုလို့ တကယ် အတုမမှတ်နဲ့ဦး၊ သူကိုင်တဲ့လှံလို့ မမက ပြောတာမဟုတ်ဘူး၊ ဒီလှံတံ တွေက တိုက်လို့ခိုက်လို့တော့ ရတယ်"

"ဩော် ... ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်လာတယ်"

"မဟုတ်ပါဘူးကွယ်၊ မင်းက ခပ်ဝေးဝေးက လျှောက်လာရတော့ ခေါင်းငြီးစီစီကြီး ဖြစ်နေမှာပေါ့ကွယ်"

ချင်ယီသည် ခေါင်း မိုက်ခနဲ ဖြစ်သွားမိသည်။ သူ့ကိုယ်သူ အားတင်း၍ ထိန်းလိုက်ရ၏။ အဖန်ရည်ထဲ၌ တစ်ခုခု ခတ်လိုက်ပြီကို သိလိုက်သည်။

"ဆေး ... ဆေး ... ဆေး"

အသံထွက်ပြောလို ၏။ အသံသည် အဝေးမှကြားရသလို ဖြစ်နေသည်။ ရုတ်ခြည်း မတ်တတ်ရပ်လိုက်၏။ ဤအိမ်မှ ထွက်မည်ဟု ဆုံးဖြတ်လိုက်သည်။

သို့သော် မထနိုင်တော့ပေ။ ဝုန်းခနဲ လဲပြိုကျသွားလေတော့၏။

❋ ❋ ❋

# အခန်း(၆၉)
# မိုးနတ်မယ်၏ ဝန်ခံချက်

သူ၏မျက်နှာတွင် ကျင်ရှာမွေးမျက်နှာ၌ လူးထားသော မွှေးရနံ့များ စွဲကပ်နေခဲ့သည်။ လန့်သွားသည်၊ ရုပ်ဖျက်ထားသည်ကို ကျင်ရှာမွေး သိရှိသွားပြီလော။

ပါးလွှာသော ခြင်ထောင်ကို ပင့်တင်ထားကြောင်း တွေ့ရသည်။ သူ့အနီး၌ ကျင်ရှာမွေး ရယ်နေလေသည်။

သူမက ...

"မမ ပြောပါရစေကွယ်၊ စိတ်အေးအေးနဲ့ နားထောင်ပါဦး"

သူမသည် လက်ကိုဆွဲ၍ ပြောလိုက်သည်။ ချင်ယီ ဆောင့်ရုန်းချလိုက်ရာ သူမကို ကိုင်ရိုက်သလို ဖြစ်သွားသည်။ ချင်ယီ မသနားချေ။ လက်ဖြန့်ရိုက်ပစ်လိုက်သည်။

"ဖြန်း ..."

"အား ..."

သူမ လန်ကျသွား၏။



"မင်း မမကို သတ်သွားပါကွယ်၊ မမ ကျေနပ်ပါတယ်၊ မမ ပြောပါရစေ"

ရှိက်ကြီးတငင် ငိုရင်း ပြောကြားလေ၏။

"မမဟာ အသက်ရှင်ဖို့ မကောင်းပါဘူးကွယ်၊ သေဖို့ကောင်းပါတယ်၊ မမ သေသင့်တာကြာပါပြီ၊ မမဟာ မိန်းမယုတ်ပါကွယ်၊ င်းပြောတဲ့အတိုင်း မိန်းမယုတ်ပါပဲကွယ်"

ငိုကြွေးရင်း မြည်တမ်း ရေရွတ်နေလေ၏။

"တစ်ခုတော့ မမ တောင်းပန်ချင်ပါတယ်၊ မမပြောတာကို တော့ နားထောင်သွားပါ၊ ဒါဆိုရင် မင်း လိပ်ပတ်လည်သွားမှာပါ၊ ဒီအခါကျတော့မှ မမကို သတ်သွား၊ မမ သေရဲပါတယ်"

ဘာပြောစရာ ရှိမည်နည်း။ ဘာစကားတွေကို ပြောနေသနည်း။ ျင်ယီ နားမလည်တော့ပါ။ မျက်နှာသုတ်ပဝါကြီးအား ကောက်ယူ စ်ပေးလိုက်၏။

"ရော့ ... ပြန်ရှိုးပြီးပြော"

"ကျေးဇူးပါပဲ တန်ထင်ဟုန်ရယ်"

သူမက သူ၏လျှို့ဝှက်အမည်ကို ခေါ်ပြီး ကျေးဇူးတင်စကား ပြောလိုက်၏။

"ဗျာ ..."

ချင်ယီနှင့် ချင်လီတို့မှာ နာမည်ပြောင်းထားသည့် အမည်များ ဖြစ်သည်။

သူတို့၏ လုပ်ရပ်ကို စာရှုသူများ ရိပ်မိနေပြီဖြစ်၍ ချင်ယီမှာ

တန်ထင်ဟုန်ဖြစ်ပြီး ချင်လီမှာ ကျာပွတ်မယ် ရှလန်ဖြစ်ကြောင်း ရိပ်မိသိရှိပြီး ဖြစ်ကြမည်ဖြစ်သည်။

သူတို့သည် ရုပ်ဖျက်ပြီး မြို့သို့တက်လာကြခြင်း ဖြစ်သည်။ ဝိုင်းတိုက်နိုက်သည့် ကြေးစားများထဲမှ တစ်ယောက်ကို ကယ်တင်ပြီး မေးမြန်းသောအခါ ဝက်ဝံစားသောက်ဆိုင်ကို ခြေရာခံမိခဲ့ကြသည်။

ထို့ကြောင့် ရုပ်ဖျက်ပြီး ဝက်ဝံ စားသောက်ဆိုင်သို့ ရောက်ခဲ့ကြခြင်း ဖြစ်သည်။

ဝက်ဝံစားသောက်ဆိုင်ပိုင်ရှင် ကျောက်စင်လားမှာ ရုပ်ဖျက်ထားကြသဖြင့် တန်ထင်ဟုန်နှင့် ရှလန်မှန်း မသိပေ။

တန်ထင်ဟုန်နှင့် ရှလန်တို့သည် ချင်ယီနှင့် ချင်လီ အဖြစ် အစွမ်းပြကြသောအခါ ကျောက်စင်လားသည် သူတို့အား ယုံမှတ်ပြီး သူ၏သက်တော်စောင့်များအဖြစ် ခန့်အပ်လိုက်တော့သည်။

တန်ထင်ဟုန်တို့သည် ကျောက်စင်လား၏ ဆရာကြီးဆိုသူကို ဖော်ထုတ်နိုင်ရန် အချိန်အခါကို စောင့်နေကြလေ၏။ ထိုအချိန်တွင် သသည် ရွှေလှံမျှ လီတာကျေ့ကို လာရှာစဉ် လီတာကျေ့၏ဇနီး ကျင်ရှာမွေးနှင့် မှားမိကြခြင်း ဖြစ်လေသည်။

ကျင်ရှာမွေးက သူ့အား တန်ထင်ဟုန်မှန်းမသိဘဲ မှားယွင်းမိခြင်းဟု ထင်နေစဉ် ကျင်ရှာမွေးက တန်ထင်ဟုန်ဟု ခေါ်လိုက်သောအခါ ခေါင်းနားပန်းကြီးသွားမိလေ၏။

ထို့ကြောင့် ခုန်ထလာမိ၏။



"ခင် ... ခင်ဗျား"

"သိပ်အံ့ဩသွားသလား ငါ့တူရယ်"

ကျင်ရှာမွေးသည် မျက်နှာမကောင်းဘဲ ပြောလေသည်။

"ထိုင်ပါဦးကွယ်"

တန်ထင်ဟုန် မထိုင်နိုင်ချေ။

"ဒေါ်လေး ... ငါ့တူကို အစအဆုံး အေးအေးဆေးဆေး ပြောပြပါ့မယ်၊ ထိုင်ပါဦး ..."

ကျင်ရှာမွေးသည် ခန္ဓာကိုယ်ကို မျက်နှာသုတ်ပဝါဖြင့် လုံခြုံစွာ ခြုံပတ်လိုက်၏။

တန်ထင်ဟုန်မှာလည်း အဝတ်အစားများကို ဝတ်လိုက်ပြီးလေပြီ။

"ဒေါ်လေး ငါ့တူနဲ့ မှားခဲ့ပါတယ်၊ ဆေးကို အဖန်ရည်ထဲ ထည့်တိုက်ခဲ့တာလည်း မှန်ပါတယ်၊ ဒါပေမယ့် ငါ့တူ တန်ထင်ဟုန်မှန်း မသိခဲ့လို့ပါ၊ တကယ်ပါ ... ဒေါ်လေးစိတ်ထဲမှာ ငါ့တူ ရုပ်ဖျက်ထားတာကို မရိပ်မိခဲ့ပါဘူး၊ ငါ့တူ ရုပ်ဖျက်ထားတာက အင်မတန်သေသပ်တာကိုးကွယ့်"

တန်ထင်ဟုန်သည် ဤသို့ သေသေသပ်သပ် ရုပ်ဖျက်နိုင်ရန်အတွက် မျက်နှာတစ်ထောင် ချန်ယင်လျှောင်ဆီသို့ သွားခဲ့ရသည်ကို ပြန်လည် အမှတ်ရလာလေ၏။

သူနှင့် ရှလန်တို့သည် ချင်ယင်လျှောင်ဆီသို့ သွားခဲ့ရာ ချင်ယင်လျှောင်က လွန်စွာ သဘောကျ ကျေနပ်ခဲ့သည်။

"အင်း ... သိုင်းလောကရဲ့ ဓားဘုရင် စစ်ကုယောင်လည်
ငါ့ဆီ လာရတာပဲ၊ သံကျာပွတ်မယ် ရှုလန်လည်း ငါ့ဆီလာရတာပဲ
ငါဟာလည်း သိုင်းလောကရဲ့ မျက်နှာတစ်ထောင်ပဲကွ"

မျက်နှာတစ်ထောင်က ဂုဏ်ယူဝံ့ကြွားစွာ ပြောနေလေသည်၊

စစ်ကုယောင်က: ...

"ခင်ဗျားကလည်း အသားယူနေပြန်ပါပြီ၊ ဟုတ်ပါတယ်ဗျာ
ခင်ဗျားဟာ ခင်ဗျားနယ်ပယ်မှာ ဘုရင်ပါပဲ၊ ကျုပ်လည်း ကျုပ်နယ်
ပယ်မှာ ဘုရင်ပါပဲ၊ ဒီတော့ ဘုရင်ချင်း အကူအညီပေးပါ၊ ကျုပ်တို့
ဒုစရိုက်ဂိုဏ်း တစ်ဂိုဏ်းကို ဖော်ထုတ်ဖို့ ရပ်ဖျက်ဖို့ လိုအပ်နေလို့ဝါ"

"ဖျက်ပေးရမှာပေါ့ကွ၊ ဘယ်လိုဖြစ်နေတာလဲ၊ ငါရုပ်ဖျက်ပေး
တာ အနည်းဆုံး သုံးလတော့ ခံတယ်ကွ၊ သုံးလကြာရင် ငါ့ဆီပြန်
လာခဲ့၊ ငါထပ်ပြုပြင်ပေးရင် နောက်သုံးလ ခံရဦးမှာပဲ"

ဤသို့ဖြင့် တန်ထင်ဟုန်နှင့် ရှုလန်တို့သည် ချင်ယီနှင့် ချင်လီ
ဖြစ်ခဲ့ရလေ၏။

တန်ထင်ဟုန်သည် ကျင်ရှာမွေးနှင့် တွေ့သောအခါ သူ့အား
တန်ထင်ဟုန်ဖြစ်ကြောင်း မည်သို့ သိသွားသနည်းဟု အလွန် အံ့ဩ
ခြင်း ဖြစ်မိလေ၏။

"ခင်း ... ခင်ဗျား ... ကျုပ် ... ကျုပ်ကို ဘယ်လိုလုပ် သိ ...
သိသလဲ"

ကျင်ရှာမွေးက: ...

"မင်းရဲ့မျက်နှာဟာအတုက သိပ်ကိုသေသပ်ပါတယ်၊



ဒါပေမယ့် မင်းနားရွက်နောက်နားကို ကြည့်တော့ မင်းဟာ မျက်နှာတု
တပ်ထား တယ်ဆိုတာ ငါသိရတယ်"

"ထားပါတော့ဗျာ၊ အတုလို့ သိတာနဲ့ တန်ထင်ဟုန်မှန်း
ခင်ဗျား သိရောလား"

"မင်းဦးကြီး လီတာကျွေက သူနေတဲ့အိမ်ကို ဘယ်သူမှ မပြော
ဘူးကွ၊ အစ်ကိုကြီး လုရှုဟုန်တို့ သားအဖနဲ့ မင်းတို့စုံတွဲကိုသာ
ပြောခဲ့တာ၊ မင်းရင်ဘတ်က အမှတ်ကြီးဟာ မင်းဖြစ်ကြောင်း ထင်ရှား
တဲ့ အမှတ်တံဆိပ်ပဲ၊ မင်းနဲ့ မှားပြီးမှသာ တန်ထင်ဟုန်ဖြစ်ကြောင်း
ငါသိခဲ့ရပါတယ်ကွယ်"

"ထားပါတော့ဗျာ၊ ဆက်ပြောစရာရှိတာသာ ဆက်ပြောပါ"

ကျင်ရှာမွေးသည် မျက်ရည်တွေ ကျဆင်းလာသည်။ တန်ထင်
ဟုန်သည် စိတ်ပျက်လက်ပျက်နှင့် ထိုင်ကြည့်နေမိသည်။

သူမဆက်ပြောမည့် စကားများမှာလည်း စိတ်ပျက်စရာ စကား
များ ဖြစ်မည်ဟု သူယုံကြည်သည်။

အတန်ကြာသည်အထိ ကျင်ရှာမွေး ရှိုက်ငိုနေသည်။ တန်ထင်
ဟုန် စိတ်မရှည်တော့ပေ။

"ကဲဗျာ ... ခင်ဗျားပြောမှာလား၊ ဒါမှမဟုတ် ကျုပ် ပြန်ရ
မလား"

ထိုအခါ ကျင်ရှာမွေးက ပျာပျာသလဲ တောင်းပန်လေတော့
သည်။

"အို ... အို ... မပြန်ပါနဲ့ကွယ်၊ ဒေါ်လေးပြောတဲ့ စကားတွေကို

မင်း စိတ်ဝင်စားမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ မင်း သိပ်ချင်တဲ့ မင်းအဖေ တန်ထင်လင်း သေရတဲ့အကြောင်းတွေ ပါလို့ပေါ့ကွယ်"

တန်ထင်ဟုန်မှာ အကြီးအကျယ် ထိတ်လန့်အံ့ဩသွားလေသည်။ သူသည် သူ့နားကိုပင်မယုံချေ။

"ခင်း ... ခင်ဗျား တကယ်ပြောတာလားဟင်"

ကျင်ရှာမွေးက ခေါင်းညိတ်လိုက်သည်။

"တကယ်ပါ တန်ထင်ဟုန်ရယ်"

အလွန်တိုးညင်းသော်လည်း ကျင်ရှာမွေး၏ စကားသံကို သူ့နားထဲ၌ ကျယ်လောင်စွာ ကြားလိုက်ရလေသည်။

❊ ❊ ❊



## အခန်း(၇၀)
## အချစ်လွှမ်းခြုံ သူတို့ဘုံ

ဓားနှစ်လက် တန်ထင်လင်းသည် ဖနီးသည် သေဆုံးသွားသော အခါ ဖနီးသည်ကို သတ်သွားသူအား လိုက်လံရှာဖွေနေလေသည်။

ထိုတရားခံကိုလည်း ရှာဖွေ၍မတွေ့ခဲ့ချေ။ သူသည် ကလေး တစ်ဦးကို ထွေးပိုက်ရင်း မုဆိုးဖိုတစ်ဦးအဖြစ် သိုင်းလောက၌ ကျင် လည်နေခဲ့လေသည်။

သူသည် အလွန်ကြိုးစားသည်။ ဓားသိုင်းလေ့ကျင့်မှုသည် တစ်နေ့မျှ မပြတ်ချေ။

ဤသို့ အပတ်တကုတ် လေ့ကျင့်နေသဖြင့် သူ၏ဓားပညာ သည် သူမတူအောင် အစွမ်းထက်လာသည်။ ဓားနှစ်လက် တန်ထင် လင်းဟူ၍ နာမည်ကျော်သည်ထက် ကျော်ကြားလာသည်။

သူ၏ လေ့ကျင့်မှုများမှာ အလွန်ခက်ခဲပြင်းထန်သည်။

သူ့ လေ့ကျင့်မှုများကို မည်သူကမျှ မမြင်ကြရချေ။ မမြင်ရ အောင်လည်း လေ့ကျင့်သည်။

လေ့ကျင့်မှု ပြင်းထန်သဖြင့် ကျော်ကြားမှုလည်း မြင့်တက်လာရသည်။

အမြင့်၌ သီးသောအသီးများသည် ခဲပစ်ခံရသည်ဟူသောစကားအတိုင်း အောင်မြင်ကျော်ကြားလာသည့် ဓားနှစ်လက် တန့်ထင်လင်းသည် စိန်ခေါ်မှုများကိုလည်း အသီးသီး ခံခဲ့ရသည်။

သူသည် စိန်ခေါ်မှုအားလုံးကို လက်ခံခဲ့သည်။

ကြိုးတပ်သံလုံးကိုင် ဖိဂေါယောင်၏ စိန်ခေါ်ချက်။ ဖိဂေါယောင်နှင့် သူ အပြင်းအထန် တိုက်ခိုက်ခဲ့သည်။ ဖိဂေါယောင်ကလည်း သူ့ကို အသေတိုက်ခိုက်သည်။ ထိုပွဲ၌ ဖိဂေါယောင်သေသည်။

တစ်ကိုယ်တော် ချင်ချိ၏ စိန်ခေါ်ချက်။ ချင်ချိသည် ဓားနှစ်လက်သမား ဖြစ်သည်။

ဓားနှစ်လက်သမားချင်း တွေ့ဆုံကြခြင်း ဖြစ်သည်။

သူတို့၏တိုက်ပွဲမှာ သရေဖြစ်သွားသည်။ ချင်ချိကလည်း မနိုင်၊ တန့်ထင်လင်းကလည်း မနိုင်ချေ။ ထို့ကြောင့် သူတို့သည် နောက်ခြောက်လ၌ ထပ်မံယှဉ်ပြိုင်ရန် သဘောတူလိုက်ကြသည်။ နောက်ခြောက်လကြာသောအခါ သူတို့ ထပ်မံယှဉ်ကြသည်။ အပြင်းအထန်တိုက်ခိုက်ပြီးနောက် ချင်ချိ ညာလက် ဓားထိသွားသည်။

ဓားတစ်လက် လွတ်ကျသွားသည်။ သူမည်သို့မျှ မနိုင်နိုင်တော့ချေ။ နောက်ဆုံး ချင်ချိ ရှုံးသွားတော့သည်။

သူနောက်ဆုံး ယှဉ်ပြိုင်ခဲ့သူမှာ ကျန်ကျိဖုံး ဖြစ်သည်။ ကျန်ကျိ



ဖုံးသည် ဓားတစ်လက်သာ ကိုင်သည်။ ဓားတစ်လက်သမားနှင့် ဓားနှစ်လက်သမားတို့ ယှဉ်ပြိုင်ကြ၏။

အကွက်ပေါင်း ငါးရာအထိ ယှဉ်ပြိုင်ပြီးနောက် ကျန်ကျိဖုံး ရှုံးသွားသည်။ တန့်ထင်လင်း နိုင်သည်။

ဤစိန်ခေါ်ပွဲ သုံးပွဲကို သူနိုင်လိုက်သဖြင့် သူ့နာမည်သည် သိုင်းလောက၌ ဟိုးဟိုးကျော်ခဲ့သည်။

ဓားနှစ်လက် တန့်ထင်လင်း။

သူ့နာမည်နှင့်အတူ သူ၏သွေးသောက် ညီအစ်ကို သုံးယောက်သည်လည်း ထင်ပေါ်လာသည်။ သိုင်းလေးဖော်၏ သတင်းသည် သိုင်းလောက၌ မွှေးပျံ့လာသည်။

သူသည် သိုင်းလောက၌ကျင်လည်ရင်း နေပြည်တော်သို့ ဆိုက်ရောက်ခဲ့သည်။

နေပြည်တော်၌ သူ၏သိုင်းလေးဖော်အနက်မှ သွေးသောက်အစ်ကို လီတာကျွေထံ၌ မတည်းခိုပေ။

သူ၏တပည့်တစ်ဦးရှိရာ ထိုတပည့်ထံ၌ တည်းခိုနေထိုင်သည်။ သူ နေပြည်တော်သို့ ရောက်ရှိနေသည့်အကြောင်းကိုလည်း လီတာကျွေအား အသိမပေးချေ။

လျှို့ဝှက်ဆိတ်သိပ်စွာ နေထိုင်ခဲ့သည်။

ထိုသို့ လျှို့ဝှက်စွာနေထိုင်ရင်း နေပြည်တော်သူ ကျင်ရှာမွှေးနှင့် သူတွေ့ခဲ့ရလေသည်။

ဓားနှစ်လက် တန့်ထင်လင်းက အသက်သုံးဆယ်ကျော်အရွယ်

မုဆိုးဖို၊ ကျင်ရှာမွေးက အသက်နှစ်ဆယ်ကျော် သူတို့ တွေ့ဆုံကြလေတော့သည်။

ကျင်ရှာမွေးသည် ဓားနှစ်လက်၏ ဂုဏ်သတင်းကို သိရှိ၏။ သူမသည် သိုင်းလောက၌ ထင်ရှားကျော်ကြားနေသော တန်ထင်လင်းကို အထင်ကြီးလေးစားသည်။

ကျင်ရှာမွေး၏ မိဘများက ကြေးရတတ် ကုန်သည်မျိုးရိုးဖြစ်သည်။ နေပြည်တော်၌ ထင်ရှားသော အတက်တန်းလွှာတွင် ဝင်ဆံ့သူများ ဖြစ်သည်။

ကျင်ရှာမွေး၏ မိဘများသည် ဓားနှစ်လက် တန်ထင်လင်းနှင့် ကျင်ရှာမွေးတို့၏ အဖြစ်ကို မသိကြသေးချေ။

ဤတွင် တန်ထင်လင်းနှင့် ကျင်ရှာမွေးတို့သည် အချစ်ဆိပ်တက်ကြလေတော့သည်။

ကျင်ရှာမွေးသည် သူ့မိဘများကို နားမလည်နိုင်ပေ။ သူ့မိဘများသည် သူတို့ကဲ့သို့ ကုန်သည်လောကတွင် ကျွမ်းကျင်သော အရောင်းအဝယ်ကောင်းသော ကုန်သည်များနှင့် ပေးစားမည်ဟု တဖွဖွ ပြောနေသည်။

ကုန်သည်ဆိုသည်မှာ ငွေရှာရုံသာ တတ်နိုင်သည်။ ဓားသမားနှင့် တွေ့သောအခါ လည်စင်းခံရုံသာရှိသည်။

သိုင်းလောက၌ ထိပ်တန်းသိုင်းသမားဆိုသည့် ဂုဏ်ကို သူမ၏ မိဘများ မသိကြခြင်းကို ကျင်ရှာမွေး နားမလည်နိုင်ဘဲ ဖြစ်နေသည်။

သူမသည် ဓားနှစ်လက် တန်ထင်လင်း၏ သတင်းကို ကြား



ရတိုင်း လွန်စွာ ပီတိသောမနသဖြစ်နေမိလေသည်။ ကြည်နူးနေလေသည်။

သူမသည်လည်း အတိုက်အခိုက်ပညာနှင့် ကင်းဝေးသူမဟုတ်ပေ။ သူမ လေ့ကျင့်ကစားနေသည့် အားကစားမှာ လေးနှင့် မြားဖြစ်သည်။ လေးပစ်ကစားခြင်းကို သူမ အလွန်ဝါနာပါ၏။

သူ့ကို သိုင်းပညာသင်ရန်တော့ တိုက်တွန်း၍မရပေ။ သိုင်းသမားကို ချစ်မိသော်လည်း သိုင်းပညာသင်ရန်တော့ သူမစိတ်မပါပေ။

သူမက အပျိုစင်။

ဓားနှစ်လက် တန်ထင်လင်းက မုဆိုးဖို။ ကလေးတစ်ယောက်ဖခင်ဖြစ်သည်။

နောက်ဆုံး သူတို့သတင်းသည် မိဘများနားသို့ ပေါက်ကြားသွားတော့၏။

ကျင်ရှာမွေး၏ မိဘများမှာ သိုင်းသမားနှင့် သူတို့၏သမီးကို သဘောမတူနိုင်ပေ။ အဘယ်မှာ သဘောတူနိုင်မှာပါမည်လဲ။ သိုင်းသမားဟူသည်မှာ နေရေး၊ စားရေးကို မည်သို့မျှ အလေးမထားပေ။

သိုင်းပညာကိုသာ တစိုက်မတ်မတ် လေ့လာနေသူများ ဖြစ်သည်။ သိုင်းကျွမ်းကျင်ရမည်ဆိုလျှင် အသေရရ အရှင်ရရ သိုင်းကျမ်းနောက် လိုက်တော့မည် ဖြစ်သည်။

သူတို့ အဓိကထားသည်မှာ ကုန်သည်ပင်ဖြစ်သည်။ သူတို့၏ လောကသားဖြစ်ရမည်။ ဤသို့မဟုတ်လျှင် ရာထူး၊ ရာခံကြီးကြီးရှိသော မင်းမှုထမ်းဖြစ်ရမည်။

ဤသို့ အယူအဆရှိနေသောကြောင့် ဓားနှစ်လက် တန်ထင်လင်းနှင့် သဘောမတူတော့ပေ။

သို့သော် ကျင်ရှာမွေးက မိဘများ၏ အယူအဆကို ဂရုမစိုက်ပေ။ သူ့ချစ်သူ ဓားနှစ်လက် တန်ထင်လင်းကို မိဘများမသိအောင် ခိုးတွေ့သည်။ ဤသည်ကိုတော့ သူမ၏ မိဘများ မသိကြပေ။

ကျင်ရှာမွေးကလည်း လျင်သည်ကိုး။ သူ့ကို စောင့်ရှောက်နေသည့် အထိန်းတော်ကြီးကို အပိုင်စည်းရုံးထားနိုင်သည်။ ထိုအထိန်းတော်ကြီး၏ အကာအကွယ်ဖြင့် သူ့ချစ်သူအား ချိန်းတွေ့နိုင်ခြင်း ဖြစ်ပေသည်။

ကျင်ရှာမွေး အကြံဉာဏ်ကောင်းရုံမျှမက အတွေးအခေါ်လည်း ကောင်းသည်။ သူ၏အထိန်းတော်ကြီးကလည်း အတွေးအခေါ် ကောင်းသည်။

နှစ်ယောက်ပေါင်းပြီး အကြံထုတ်လိုက်သောအခါ ကျင်ရှာမွေး၏ မိဘများသည် သမီး ဘာလုပ်နေသည်ကို မသိကြတော့ပေ။

ကျင်ရှာမွေး ဈေးသွားသည်။ အထိန်းတော်ကြီးအပြင် အိမ်ဖော်သုံးယောက်တောင် ပါသည်။

စုစုပေါင်း လေးယောက်ကြီးများတောင် ပါသည်ဆိုတော့ မိဘများက စိတ်ချလက်ချ စေလွှတ်လိုက်သည်။

ထိုအခါ အထိန်းတော်ကြီးက အိမ်ဖော်များကို ခေါ်ပြီး စားချင်တာစား၊ သောက်ချင်တာသောက်၊ ဝယ်ချင်တာဝယ်ယူခွင့်ပြုပြီး ဈေးထဲခေါ်သွားသည်။



အိမ်ဖော်များသည် ကျင်ရှာမွေး၏ မိဘများအိမ်၌ မရဘူးသော လွတ်လပ်ရေးကို ရရှိကြသဖြင့် အလွန်ပျော်ရွှင်ကြသည်။ အခွင့်အရေး ရသမျှ သုံးတော့သည်။

ထိုအခါ ကျင်ရှာမွေးမှာ သူ့ချစ်သူ ဓားနှစ်လက် တန်ထင်လင်းနှင့် အကြည်ဆိုက်တော့သည်၊

သူတို့ ပြန်လာသောအခါ မိဘများက စစ်မေးသည်။ အိမ်ဖော်များမှာ သူတို့၏ သခင်မလေးအနီးမှ တစ်ဖဝါးမှ မခွာကြောင်း၊ ဘာတွေ ဘာတွေ ဝယ်ကြောင်း အစစ်ခံကြသည်။

ဒါမှ သူတို့ နောင်ကို သခင်မလေးနောက်သို့ လိုက်ကြရမည် မဟုတ်လား။

တစ်ခါတစ်ရံ သူတို့၏ သခင်မလေးသည် ကွမ်ရင်မယ်တော်ကျောင်းသို့ သွား၏။ ကွမ်ရင်မယ်တော်ကျောင်းသို့ သွားလျှင်လည်း အထိန်းတော်ကြီးနှင့် အိမ်ဖော်သုံးယောက်ပင် ပါကြသည်။ ဈေးသို့သွားလျှင်လည်း ပါကြသည့်သူများပင်။

အထိန်းတော်ကြီးသည် အိမ်ဖော်သုံးယောက်ကို ခေါ်ပြီး စားသောက်ဆိုင် တစ်ဆိုင်ဆိုင်သို့ ဝင်သည်။ ကျင်ရှာမွေးကိုတော့ ကွမ်ရင်မယ်တော် ဘုရားကျောင်းသို့ လွှတ်လိုက်သည်။ ကျင်ရှာမွေးသည် ကွမ်ရင်မယ်တော်ဘုရားကျောင်း၌ စောင့်နေသည်။

ဓားနှစ်လက် တန်ထင်လင်းနှင့် ကွမ်ရင်မယ်တော်ကျောင်း၌ နှစ်ကိုယ်တူ သစ္စာပြုကြသည်။ ကြည်နူးကြသည်။

မိဘများ၏ ရင်ခွင်ထဲမှ ချစ်သူနှင့် ခိုးတွေ့ ခိုးချစ်ရသော အရသာကို ကျင်ရှာမွှေး ခံစားနေတတ်ပြီ။

သူမ ခိုးချစ်ရသော ချစ်သူမှာ ကလေးအဖေ မုဆိုးဖိုတစ်ယောက် ဖြစ်နေသည်ကို သူမမြင်ပေ။ ဤသည်တို့မှာ သူ့အတွက် မလိုအပ်ဟု ထင်သည်။

အချစ်ဆိုသည်၌ မျက်စိမရှိဟူသော စကားဆိုထုံးပင် ရှိသည်မဟုတ်ပါလား။

❄ ❄ ❄



## အခန်း(၇၁)
## ငါးစာ

ကျင်ရှာမွှေးသည် သွက်လက်ဖျတ်လတ် ဉာဏ်ကောင်းသူဖြစ်၍ သိုင်းလောကသတင်းများကို နားစွင့်သူ ဖြစ်လေသည်။

သို့မှသာ သူ့ချစ်သူ တန်ထင်လင်း သွားရမည့်လမ်းကို သူမ ညွှန်ပြနိုင်မည်ဟု ယုံကြည်သည်။ သူမချစ်သူ ဓားနှစ်လက် တန်ထင်လင်းသည် သွေးသောက်ညီအစ်ကိုများ ရှိထားကြောင်းကို သူမ ကြား သိထားလေ၏။

သွေးသောက်ညီနောင်လေးဖော်သည် တစ်ဦးက အရေးရှိလျှင် တစ်ဦးက ကူညီကြသည်ဟုလည်း ကြားသိထားလေသည်။

ထိုလေးယောက်သည် အကြိမ်တိုင်း၌ ရင်းရင်းနှီးနှီး မတွေ့ဆုံကြပေ။ တစ်ဦးဆီသို့လည်း တစ်ဦးက သွားမနေပေ။ တစ်နှစ်တစ်ကြိမ်သာ တွေ့ဆုံကြသည်ဟု သူမ သိရှိထားသည်။ တွေ့ဆုံကြသည့် နေရာကိုပင် သူမသိသည်။ သူတို့တွေ့ဆုံကြသည့် နေရာကား မိခင်သားမြတ် တောင်ကြီးပင်တည်း။

မိခင်သားမြတ်တောင်သို့ တော်ရုံတန်ရုံလူ မတက်နိုင်ကြောင်းကိုလည်း သူမသိသည်။

သူမသည် သူ့ချစ်သူ၏ သွေးသောက်ညီအစ်ကိုတော်များအကြောင်းကို မေးမြန်းမိသည်။ ကျင်ရှာမွှေး၏ မေးမြန်းချက်များဖြစ်၍ သူမ၏ချစ်သူ တန်ထင်လင်းကလည်း ပြောပြခဲ့သည်။

ကြယ်ပစ်ဝိဇ္ဇာလုရှုဟန်။ သူ၏လက်နက်များမှာ ခြောက်ထောင့်ကြယ်ကလေးများပင်။

လက်နက်ပုန်းဟု ခေါ်သော်လည်း အများခေါ်ဆိုနေကြသည့် အဆိပ်လက်နက်ပုန်း အဆိပ်အပ်ကလေးများလောက်လည်း မဖေသးငယ်ချေ။

သူလည်း အပစ်အခတ်ကောင်းသည်။ သိုင်းပညာလည်းမဆိုးချေ။

ရွှေလုံ့ပျံ့ လီတာကျွေ၊ လီတာကျွေကတော့ သိုင်းပညာ၌အကောင်းကြီးမဟုတ်သည့်တိုင် အညံ့ကြီးလည်း မဟုတ်ချေ။

သူသည် သိုင်းလောကထက် နေပြည်တော် အရာရှိ အရာခံဝန်းကျင်၌ ပို၍ကျင်လည်သည်။

လူ့ဘီလူးကြီး ခက်ရင်းခွ လုချူကွီး။ ကြီးမားထွားကျိုင်းသူဖြစ်သည်။ သိုင်းပညာတော့ သိပ်မထူးချွန်၊ အင်အားအသုံးပြု၍ တိုက် ခိုက်တတ်သည်။

ဤသည်မှာ သူ၏သိုင်းညီအစ်ကိုတော်များ ဖြစ်သည်။ သွေးသောက် ညီအစ်ကိုတော်များ ဖြစ်သည်။



ကျင်ရှာမွှေး၏ မိဘများသည် တစ်နေ့တွင် ရွှေလုံ့ပျံ့လီတာကျွေထံသို့ ရောက်ရှိသွားပြီး သမီးဖြစ်သူ၏ ဇာတ်လမ်းကို လီတာကျွေးအား ပြောပလေ၏။

ဤကား ပြဿနာအစပျိုးခြင်းပင် ဖြစ်တော့သည်။

ကျင်ရှာမွှေး မိဘများက ...

"ကျွန်တော်တို့မှာ ဒီသမီးကလေးတစ်ယောက်ပဲ ရှိပါတယ်၊ ဒီသမီးကလေးကို အရိပ်တကြည့်ကြည့် လုပ်နေရတာ၊ အခု ဒီသမီးကလေးက သိုင်းလောကသား သိုင်းသမား တန်ထင်လင်းဆိုတာနဲ့ ချစ်သူတွေ ဖြစ်နေပါတယ်၊ သိုင်းသမားဆိုတာ သိုင်းပညာအတွက်ပဲ အသက်ရှင်နေကြတာပါ၊ ဒါကြောင့် သမီးလေးအတွက် ကျွန်တော်တို့ ရင်လေးပါတယ်",

သူတို့သည် သူတို့၏ သဘောထားကို ဆက်၍ပြောပြ၏။

"ငါ့လူလို မင်းခံစိုးထိုက်သူတွေအကြားမှာ ဝင်ဆံ့နေတဲ့ လူဆိုရင်တော့ တစ်မျိုးပေါ့ကွယ်"

လီတာကျွေသည် ထိုစကားကြောင့် တုန်လှုပ်သွား၏။

"ကျွန်တော့်လိုလူ ဟုတ်လား"

"ဟုတ်ပါတယ် ... ဦးတို့ ဒေါ်ဒေါ်တို့က မင်းလို ရာထူးရာခံ အသိုက်အဝန်းက လူမျိုးနဲ့ဆိုရင် သဘောတူပါတယ်၊ သိုင်းသမားဆိုတာကတော့ကွယ် ဘယ်လိုမျိုးဆိုတာ မင်းသိပါတယ်"

လီတာကျွေမှာ သိုင်းလောက၌ ကျင်လည်နေသူမဟုတ်ပေ။

နေပြည်တော် စစ်ရေးစစ်ရာ အမှုထမ်း ဗိုလ်မှူး ဗိုလ်ချုပ်များအကြား၌ ကျင်လည်နေသူဖြစ်သည်။

သူသည် သိုင်းသမားထက် ရာထူးရာခံရှိသူကို ပို၍ အထင်ကြီးသူဖြစ်သည်။ ထို့ကြောင့် သွေးသောက်ညီနောင် လေးဖော်တို့တွင် သူ၏သိုင်းပညာမှာ မတိုးတက်ခြင်းဖြစ်သည်။

"တကယ်တော့ ဦးတို့ ဒေါ်ဒေါ်တို့က သိုင်းသမားဖြစ်ပေမယ့် ရာထူး ရာခံရှိတဲ့ အသိုက်အဝန်းကို တိုးဝင်လာရင်တော့ ကြည်ဖြူပါတယ်ကွယ်၊ အခု ရာထူးရာခံရှိတဲ့ အသိုက်အဝန်းကို သမီးချစ်သူက တိုးဝင်မှ မလာတာ ...

"တကယ်လို့ မောင်ရင်ကသာ သမီးကို လမ်းမှန်ပေါ် ပြန်ရောက်အောင် ကူညီမယ်ဆိုရင် ငွေအသပြာထောင်ထုပ်ကို မောင်ရင်ယူနိုင်ပါတယ်"

ထိုအခါ လီတာကျွေ့မှာ ရင်ခုန်နေရတော့သည်။ သူသည် ကျင်ရှာမွေးကိုလည်း တွေ့ဖူးသည်။ ထိုသူငယ်မနှင့် သူသည် အသက်ချင်းလည်း ကွာခြား၏။ ရုပ်ရည်ရူပက ကိုယ်နေဟန်ထား ဘာမျှ ပြောစရာမရှိပေ။

ထိုမိန်းကလေးမျိုးကို သူလိုလူမျိုးနှင့်ဆိုလျှင် သဘောတူပါသည်တဲ့။

ရာထူးရာခံနှင့် အိမ်ထောင်မရှိ လူပျိုကြီးကို သဘောတူပါသည်တဲ့။

"မင်းပဲ စဉ်းစားကြည့်ပါဦး၊ အဲဒီ သိုင်းသမားဟာ ကလေးတစ်ယောက်အဖေ မုဆိုးဖိုတဲ့၊ ဦးတို့ ဒေါ်ဒေါ်တို့ အနေနဲ့ ဘယ်လိုမှ သဘောမတူပါဘူးကွယ်"



ရွှေလှုံ့ပျံ့လီတာကျွေ့အတွက် မက်လုံးချည်း ဖြစ်သွားခဲ့သည်။

ရာထူး ရာခံရှိသောသူ။

အိမ်ထောင်ပျက်မဟုတ်သူ။

ဤသို့သော လူမျိုးနှင့်သာ သူတို့သမီး ကျင်ရှာမွေးကို ပေးစားလိုသည်ဟု သူကြွယ်လင်မယားတို့က စကားဆိုခဲ့လေပြီ။

လီတာကျွေ့က ... ါးမှာ

"ဦးတို့ရဲ့ ငွေအသပြာထောင်ထုပ်ကို ကျွန်တော် လက်မခံပါရစေနဲ့ဗျာ"

"အို ... ဘာဖြစ်လို့လဲ၊ ငွေနည်းလို့လား"

"အို ... အို ... အဲသလိုလည်းမဟုတ်ပါဘူး၊ ငွေဟာ အကြောင်းမဟုတ်ပါဘူး၊ ဦးတို့ သမီးကလေးအပေါ် ဦးတို့ထားတဲ့ စေတနာမေတ္တာကို ကျွန်တော်က လေးစားလို့ ဒီငွေကို မယူတာပါ ခင်ဗျာ"

"ဒီလိုဆိုရင် မောင်က ကူညီမယ်ပေါ့"

"ဦးတို့ရဲ့ သမီးကလေးကို ဦးတို့က ထိန်းသိမ်းပါ၊ မဖြစ်သင့်တဲ့ အရာကို မဖြစ်အောင်ပေါ့ဗျာ၊ ကျွန်တော့်ညီနဲ့တော့ ကျွန်တော် မတွေ့ပါဘူး၊ ဒါပေမယ့် ကျွန်တော်လည်း တတ်နိုင်သလောက် ထိန်းသိမ်းပေးပါ့မယ်ဗျာ"

ကျင်ရှာမွေး၏ မိဘများက လီတာကျွေ့ကို လွန်စွာ ကျေးဇူးတင်သွားကြ၏။

"မောင်ရင်ရာ ... မင်းတို့လို ရာထူးရာခံကူတွေကိုမှ မယုံကြည်ရရင် ဘယ်သူ့ကို အားကိုးယုံကြည်ရမှာလဲ၊ စိတ်ချပါ သမီးကိုလည်း ကျုပ်တို့ ထိန်းသိမ်းပါ့မယ်၊ မောင်ရင်ကလည်း ဝင်ပြီး ထိန်းသိမ်း ပြောဆိုဖျောင်းဖျပေးပါ ...

"ဝင်ထွက် ဆုံးမပါ၊ မိဘဆုံးမတာနဲ့ အပြင်သူစိမ်းတရံဆုံးမတာနဲ့ မတူဘူးကွယ်၊ သူစိမ်း ဆုံးမတာဟာ ပိုနားပေါက်ပါကွယ်"

လီတာကျွေမှာ လွန်စွာ စိတ်ချမ်းမြေ့သွားလေ၏။

သူသည် ကျင်ရှာမွေးတို့အိမ်သို့ ဝင်ထွက်နိုင်ပြီ မဟုတ်ပါလော။

"ဟုတ်ကဲ့ ခင်ဗျာ ... ဟုတ်ကဲ့၊ ကျွန်တော် မကြာခဏ ဝင်လာခဲ့ပါ့မယ်၊ မိန်းကလေးကို သွန်သင်ပါ့မယ်ခင်ဗျာ"

ကျင်ရှာမွေး၏ မိဘများမှာ ကုန်သည်လောကဝယ် သူများမျက်ခုံးမွေးပေါ် စကြီလျှောက်နေသူများ ဖြစ်လေသည်။

သူတို့နှင့် လီတာကျွေစကားပြောလိုက်သည့်အခါ လီတာကျွေသည် လွန်စွာ စိတ်ပါလက်ပါ ဖြစ်လာသည်ကို သိရှိကြသည်။

သူတို့ စကား၌ ငါးစာတပ်လွှတ်လိုက်သည် မဟုတ်ပါလော။

ထိုငါးစာကို လီတာကျွေ ဟပ်လေပြီကို သူတို့သိရှိကြသည်။

ကုန်သည်လောက၌ အလွန်လျင်သည့် သူများပေပဲ။

သူတို့၏ သမီးကိစ္စပြီးစီးသွားသောအခါ သူတို့သည် သူတို့၏ ကုန်ရောင်းကုန်ဝယ်ကိစ္စများကို နိုင်ငံရှိ အရာရှိ အရာခံများက ချုပ်ကိုင်နေသည့်ကိစ္စများကို ပြောဆိုကြ၏။



ကျင်ရှာမွေးတည်းဟူသော ငါးစာကို မျိုမိသည့် လီတာကျွေမှာ ကျင်ရှာမွေး၏ မိဘများပြောသည့်စကားကို ဟုတ်ကဲ့ ... ဟုတ်ကဲ့နှင့်သာ လိုက်နေတော့သည်။

ကျင်ရှာမွေး၏ မိဘများမှာ ကုန်ရောင်းကုန်ဝယ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို လီတာကျွေထံမှ ရယူသွားကြလေ၏။

သိုင်းလောကထက် ရာထူး ရာခံ အသိုက်အဝန်းကို ပို၍အထင်ကြီးသော လီတာကျွေအဖို့မူ ကျင်ရှာမွေးဆိုသည့် မိန်းမပျိုကလေးမှာ မက်မောစရာပင် မဟုတ်ပါလား။

❋ ❋ ❋

## အခန်း(၇၂)
## ဓားချစ်သူ

လီတာကျွေ့က ငွေအသပြာထောင်ထုပ်အား ကျင်ရှာမွေး၏ မိဘများကို ပြန်ကမ်းပေး၏။

"ဒီအသပြာထုပ်ကလေး ပြန်ယူသွားပါ ခင်ဗျာ၊ ကျွန်တော့် အတွက် မလိုပါဘူး"

"ကျေးဇူးကြီးလှပါတယ် မောင်ရင်ရယ်"

ကျင်ရှာမွေး၏ မိဘများ ပြန်သွားခဲ့ကြသည်။ ထို့နောက်ပိုင်း တွင် ရွှေလုံပျံလီတာကျွေ့သည် ချောင်းပေါက်မတတ် အိမ်ထဲ ဝင်ထွက် လာတော့၏။ သူသည် ကျင်ရှာမွေးအား တိုး၍တိုး၍ ချစ်ခင်မိသည်။

မက်မောလာသည်။ ချစ်ခင်မက်မောလေ အိမ်သို့ ပို၍ ဝင်ထွက် လေဖြင့် လီတာကျွေ့သည် အချစ်သံသရာကြီးထဲ၌ ပို၍ပင် မျောပါ နေတော့သည်။

လီတာကျွေ့သည် ရာထူးရာခံ အသိုက်အဝန်းကို နှစ်သက်သည့် အပြင် လူ့အရိပ်အခြည်ကို သိတတ်၏။ ကျင်ရှာမွေးသည် ဓားနှစ်



လက် တန်ထင်လင်းကို အလွန်ချစ်ကြောင်း သူသိသည်။ သူသည် ကျင်ရှာမွေးထံ ဝင်သောအခါ ဓားနှစ်လက် တန်ထင်လင်းကောင်း ကြောင်း တစ်ချက်မျှ မပြောချေ။

သူသည် ဓားနှစ်လက် သိုင်းပညာတော်ကြောင်း၊ သူတို့သိုင်း သိုနောင် လေးဖော်တွင် တန်ထင်လင်းသာ သိုင်းပညာအတော်ဆုံး ဖြစ်ကြောင်း၊ ဓားပညာကိုလည်း လေ့လာဆုံးသူဖြစ်ကြောင်း စသည် တို့ကို ပြောပြီး ကျင်ရှာမွေးရင်းနှီးမှုကို ရယူလေ၏။

ထို့ပြင် သိုင်းလောကမှ စိန်ခေါ်မှု သုံးကြိမ်အကြောင်းကို စိတ်ပါဝင်စားစွာ ပြောကြားလေရာ ကျင်ရှာမွေးသည် နားထောင်၍ မညည်းနိုင်အောင် ဖြစ်ခဲ့ရလေ၏။

လီတာကျွေ့သည် စိန်ခေါ်သူ ဖိဂေါ်ယောင်၊ ချင်ချိနှင့် ကျန်ကို ဖုံးတို့၏ တစ်ယောက်ပြီးတစ်ယောက်အကို ပြောပြလေရာ ကျင်ရှာ မွေးသည် ဒဏ္ဍာရီများသဖွယ် နားစိုက်ထောင်နေလေ၏။

"ညီမလေးဟာ အဲဒီလို သူရဲကောင်းတစ်ယောက် ပြုမူတဲ့အမူ မျိုး လုပ်တတ်တယ်ကွယ်"

ကျင်ရှာမွေးသည် လီတာကျွေ့ကို လိုလိုလားလား လက်ခံလေ ၏။

လက်ခံခြင်းမှာ ချစ်သူ တန်ထင်လင်း၏ အစ်ကိုဖြစ်နေ၍ တစ်ကြောင်း၊ တန်ထင်လင်း၏ အကြောင်းကို အကောင်းချည်းပြော နေ၍တစ်ကြောင်း လက်ခံခြင်းဖြစ်သည်။

ကျင်ရှာမွေးသည် လီတာကျွေ့ကိုသာမဟုတ် သူ့အစ်ကိုကြီး

ကြယ်ပစ်ဝိဇ္ဇာ လုရှုဟုန်ဆိုလျှင်လည်း သူမ လက်ခံမည်သာဖြစ်သည်။ ခက်ရင်းခွ လုချူကွီးဆိုလျှင်လည်း လက်ခံမည်သာဖြစ်သည်။

သူမ၏ချစ်သူ တန်ထင်လင်း၏ အစ်ကိုကြီးများ ဖြစ်နေသောကြောင့်တည်း။

ကျင်ရှာမွေး၏ မိဘများကတော့ လီတာကျေ့သည် ဘုရင်ကေရာဇ်ထိ ပေါက်ရောက်သူဖြစ်ကြောင်း သူတို့ စုံစမ်းသိရှိပြီး ဖြစ်၏။

သူတို့မှာ ကုန်သည်အသိုက်အဝန်းသာရှိသည်။ ရာထူး ရာခံရှိသော အသိုက်အဝန်းမရှိချေ။ ထို့ကြောင့် ရာထူး ရာခံရှိသူ တစ်ယောက် ဆွေမျိုးအသိုက်အဝန်း၌ ပါလာလျှင် ကောင်းမည်ဟု သူတို့ ယူဆကြသည်။

သူတို့သည် လီတာကျေ့ လာလျှင် ပထမပိုင်း၌ လိုလိုချင်ချင် လက်ခံကြ၏။ သမီး ကျင်ရှာမွေးကလည်း ဧည့်ခံစေသည်။ ထို့နောက် ကျင်ရှာမွေးနှင့် လီတာကျေ့တို့ အဆင်ပြေသွားကြသောအခါမှ သူတို့ နောက်ဆုတ်သွားကြသည်။

ပထမပိုင်း၌ လီတာကျေ့သည် တန်ထင်လင်း ကောင်းကြောင်းကိုသာ ပြောနေသဖြင့် မိဘများသည် မျက်လုံးပြူးသွားကြ၏။ လီတာကျေ့သည် ကျင်ရှာမွေး၏ မိဘများသဘောပေါက်အောင် ပြောပြရတော့သည်၊

"ဦးတို့ ဒေါ်ဒေါ်တို့ သဘောပေါက်အောင် ပြောရမယ်ဆိုရင် ပထမဆုံး ကျွန်တော်ဟာ ကျွန်တော့်ညီအပေါ်မှာ စေတနာ မထားဘူးဆိုတာပါပဲ"



ကျင်ရှာမွေး၏ မိဘများမှာ နားမလည်ချေ။ သူတို့မျက်စိလည်နေကြသည်။ လီတာကျေ့က ရှင်းပြ၏၊

"ဦးတို့ သမီး ကျင်ရှာမွေးဟာ တန်ထင်လင်းကို အလွန်ပဲ စိတ်ဝင်စားနေပါတယ် ခင်ဗျ၊ ချစ်ခင်နှစ်သက်နေပါတယ် ခင်ဗျ၊ အဲဒီအချိန်မှာ ကျွန်တော်က တန်ထင်လင်းဆိုတဲ့အကြောင်း၊ မကောင်းတဲ့အကြောင်း၊ ယုတ်မာတဲ့အကြောင်းတွေ သွားပြောလိုက်တော့ ကျွန်တော်နဲ့ ကျင်ရှာမွေး ဘယ်လိုမှ အစေးမကပ်နိုင်တော့ပါဘူး၊ ကျွန်နှငော့်ကိုလည်း သူမုန်းသွားမယ်ဆိုတာ သေချာပါတယ်"

ထိုအခါမှ ကျင်ရှာမွေး မိဘများမှာ သဘောပေါက်လာသည်။

"ဒါကြောင့် သူနဲ့ ခင်မင်မှုကို အရယူပြီးမှ ကျွန်တော့်ညီအကြောင်း ကြားညှပ် မကောင်းပြောရမယ်၊ သူတို့ရဲ့ချစ်ခြင်းကို ဖြိုခွင်းရပါ့မယ်"

"ဟုတ်လိုက်လေ ... ဦးတို့က ဒီလို အကွက်မမြင်ဘူးကွယ်"

"စိတ်ချပါ ခင်ဗျာ၊ ဦးတို့က ကျင်ရှာမွေးနဲ့ တန်ထင်လင်းတို့ ပြတ်သွားစေချင်တယ် မဟုတ်လား၊ ကျွန်တော် ပြတ်အောင် လုပ်ပေးပါ့မယ်"

ကျင်ရှာမွေး၏ မိဘများမှာ ခေါင်းတညိတ်ညိတ်နှင့် ဖြစ်သွားကြလေတော့၏။ သူတို့သည် သူတို့အိမ်ကို လီတာကျေ့အကြိုက် ဝင်ထွက်သွားလာစေသည်။

လီတာကျေ့မှာလည်း ကျင်ရှာမွေးကို ကြိုက်နှစ်သက်နေသဖြင့် ချောင်းပေါက်မတတ် လာလေတော့၏။

သူသည် ကျင်ရှာမွေးရှေ့၌ ညည်းပြလေ၏။

"ဪ ... တန်ထင်လင်း ... တန်ထင်လင်း ..."

ကျင်ရှာမွေးက ...

"တန်ထင်လင်း ဘာဖြစ်လို့လဲဟင်"

အလန့်တကြား မေးမြန်းလိုက်၏။ လီတာကျွေက လက်ကာပြပြီး ...

"အို ... ညီမလေး ကျင်ရှာမွေးပါလား၊ သိပ်မှလန့်ပါနဲ့၊ နေမကောင်းလို့ ညည်းနေတာမဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့ညည်းနေတာလဲ"

"မဟုတ်ပါဘူးကွယ်၊ ဒီကောင်ဟာ မွေးကတည်းက ဓားပိုက်ပြီး မွေးလာတဲ့ကောင် ညီမလေးရဲ့၊ ဒီကောင်က ဓားမှဓား၊ ဓားအပြင် ဘာကိုမှ စိတ်ဝင်စားတဲ့ကောင် မဟုတ်ဘူးကွယ်၊ ဒါကြောင့် အစ်ကိုကြီးက ညည်းနေရတာပါ"

"ဒါကတော့ အစ်ကိုကြီးရယ် ... သူက ဓားသမားပဲဥစ္စာ၊ ဓားကိုမှ စိတ်မဝင်စားရင် ဘာကိုစိတ်ဝင်စားရမှာလဲ"

"မဟုတ်ပါဘူး ညီမလေးရယ်၊ ဒီကောင်က ဓားသံယောဇဉ် သိပ်ကြီးတာပါ၊ သူ့ဇနီးမယားရယ်လို့လည်း သိပ်ဂရုစိုက်တာမဟုတ်ဘူး၊ သူတို့မှာ ကလေးတစ်ယောက်သာ မွေးလာတယ်၊ သံယောဇဉ်လည်း မရှိဘူး၊ အခုလိုပဲပေါ့၊ အခုလည်း ကြည့်လေ ကျင်ရှာမွေး ရှိတဲ့ နေရာမှာ တစ်လ ကိုးသီတင်းနေပြီး လွင့်သွားပြန်ပြီ၊ ဘာမှလည်း သံယောဇဉ် မထားပါဘူးကွယ်"



ထိုအဖြစ်အပျက်မှာ တကယ်ဖြစ်ခဲ့သော အဖြစ်အပျက်ပင်။ တန်ထင်လင်းက သံယောဇဉ်မရှိ၍တော့ မဟုတ်ပေ။

အဖြစ်အပျက်က အပြင်လူများကြည့်လျှင်တော့ ထိုသို့ပင် မြင်ရမည် ဖြစ်သည်။

သို့သော် သိုင်းသမား၏ ဇနီးဖြစ်သော ဇနီးသည်ကမူ သူ့ခင်ပွန်း တန်ထင်လင်းကို နားလည်သည်၊ သဘောပေါက်သည်။

တန်ထင်လင်းသည် ကလေးတစ်ယောက်နှင့် ဇနီးသည်ကိုပစ်ပြီး သိုင်းလောက၌ ပျောက်သွားနေသကဲ့သို့ပင် ဖြစ်နေရသည်။

သို့သော် တန်ထင်လင်းသည် ဇနီးအပေါ် သားအပေါ် သံယောဇဉ် ကြီးသည်ကိုတော့ သက်ဆိုင်သူများသာ သိကြသည်။

လီတာကျွေသည် ကျင်ရှာမွေး စိတ်ပျက်အောင် ဟုတ်တာရော မဟုတ်တာရော ရောမွှေ၍ ပြောနေသည်။ ရယ်ကြဲ၍ ပြောနေသည်။

ထိုအချိန်၌ တန်ထင်လင်းကလည်း သိုင်းလောကထဲ ခြေဆန့်နေချိန်ဖြစ်၍ ကျင်ရှာမွေးနှင့် ကင်းကွာနေသည်။

လီတာကျွေ ပြောချင်တိုင်း ပြော၍ရနေသည်။

"အစ်ကိုကြီး မပြောချင်ဘူး၊ တန်ထင်လင်းအကြောင်း အစ်ကိုကြီး မပြောချင်ဘူး"

သူသည် ကျင်ရှာမွေး သိချင်လာအောင် နှိုးဆွ၍ ပြောလေ၏။

"ဘာလဲ အစ်ကိုကြီး၊ ဘာတွေများလဲ အစ်ကိုကြီး၊ ပြောစမ်းပါး၊ သိသင့်သိထိုက်တာကို ပြောပါ အစ်ကိုကြီးရယ်"

ကျင်ရှာမွေးကလည်း အတင်းအကျပ်မေး၏။

လီတာကျွေက ...

“သူ အိမ်ထောင်မကျခင်က မိန်းကလေးတစ်ယောက်နဲ့ ချစ်ကြိုက်ဖူးခဲ့တယ်၊ ဒါပေမယ့် သူဟာ အဲဒီမိန်းကလေးနဲ့ တွေ့တုန်းတော့ အူလှိုက်သည်းလှိုက်ပဲ၊ ဒါပေမယ့် ဝေးသွားတာနဲ့ ဓားကိစ္စပဲ လုံးပမ်းတော့တာပဲ၊ နောက်ဆုံး မိန်းကလေးပဲ လွမ်းဖျားလွမ်းနာကျပြီး သေဆုံးသွားတာပဲကွယ်၊ ဒါကြောင့် ဒီကောင့်အကြောင်းကို အစ်ကိုကြီးတို့က သိနေတော့ အင်း ... ပြောရတာ ခက်ကျပါတယ်”

ကျင်ရှာမွေးမှာ စကားသွက်လှသူ ဖြစ်သည်။ ယခုအခါတွင်တော့ စကားမသွက်နိုင်တော့ပေ။ ငိုင်နေတော့လေသည်။

❈ ❈ ❈



# အခန်း(၇၃)
## နောက်ကျော ဓားနှင့်ထိုးသူ

လီတာကျွေသည် သူ့လုပ်ငန်းကိုတော့ မှန်မှန်ကြီး လုပ်နေသည်။ သူ့လုပ်ငန်းဆိုသည်မှာ တန်ထင်လင်းနှင့် ကျင်ရှာမွေး ခွာပြရမည့် လုပ်ငန်းပေတည်း။

လူ၏ အတွင်းသရုပ်ကို ဖော်ထုတ်ကြည့်လျှင် လီတာကျွေကဲ့သို့သော လူမျိုးကို ဖော်ထုတ်ကြည့်သင့်သည်။

အဘယ့်ကြောင့်ဆိုသော် အပြင်ပန်း၌ တန်ထင်လင်းအပေါ် အလွန်ကောင်းပြီး တကယ်တမ်းတွင်မူ တန်ထင်လင်းအကျိုးယုတ်ပျက်စီးမည့် လုပ်ငန်းမျိုးကို လုပ်ကိုင်နေသောကြောင့်ပေတည်း။

သူသည် သိုင်းလောကထဲ ထွက်လာခဲ့၏။ လီတာကျွေသည် တန်ထင်လင်းရှိမည့်နေရာကို မသိမသာ စုံစမ်း၍လာသည်။

သူတို့သည် တစ်နှစ် တစ်ကြိမ် တွေ့ဆုံသည်မှလွဲ၍ အခြားအချိန်များ၌ တွေ့ဆုံလေ့မရှိပေ။ ထို့ကြောင့် တန်ထင်လင်းနှင့် တွေ့ဆုံလျှင် သွားရင်းဟန်လွှဲ တွေ့ဆုံသည့်သဘောမျိုးသာ ပြုလုပ်ရမည်ဖြစ်သည်။

ထို့ကြောင့် သူသည် တန်ထင်လင်း ရှိသည့်နေရာကို ပြောင်ပြောင်တင်းတင်း မစုံစမ်းဘဲ မသိမသာ စုံစမ်းရလေတော့သည်။

ဤသို့ဖြင့် နောက်ဆုံးတွင် တန်ထင်လင်းနှင့် လီတာကျွေ တွေ့ဆုံရလေ၏။

တန်ထင်လင်းသည် လီတာကျွေကို မြဲ့လျှင် ဝမ်းသာပွေ့ဖက်နှုတ်ဆက်၏။ သူ၏သွေးသောက် အစ်ကိုကြီးဖြစ်သည် မဟုတ်ပါလော။

သူတို့နှစ်ယောက်သည် ပွေ့ဖက်နှုတ်ဆက်ကြလေ၏။

"အစ်ကိုကြီး ... ဘယ့်နယ် သိုင်းလောကထဲ ရောက်လာရတာလဲ၊ မလှာစဖူး"

လီတာကျွေက ရယ်မောလေ၏။

"သိုင်းလေးဖော်ရဲ့ ဒုတိယ အစ်ကိုကြီးဟာ သိုင်းလောကထဲကို မလာရတော့ဘူးလားကွာ၊ ရွှေလှံပျံလီတာကျွေ ဆိုတာ သိုင်းလောကက ပေးလိုက်တဲ့ နာမည်ပါကွ၊ ရွှေလှံပျံဆိုတာ အလကားရထားတာ မဟုတ်ဘူး"

တန်ထင်လင်းကလည်း ရယ်သည်။

"မဟုတ်ပါဘူး နောင်ကြီးရယ်၊ နောင်ကြီးက နေပြည်တော်ကို ခင်တယ်မဟုတ်လား၊ တစ်နှစ်မှာရှိတဲ့ ရက်တော်တော်များများဟာ နေပြည်တော်မှာပဲ ကုန်ဆုံးစေခဲ့တာ မဟုတ်လား ...

"သိုင်းလောကကို နောင်ကြီးထွက်တာ နည်းတယ်လေ၊ ဒါကြောင့်မို့ ပြောတာပါ၊ နောင်ကြီးသာ သိုင်းလောကထဲ ( ၁ည်မယ်



ရင် ကျွန်တော်နဲ့ တရက်ပြည် တစ်ပြည်လုံး လျှောက်လည်ကြတာပါ"

"ဟား ... ဟား ... ဟား ... မလုပ်ပါနဲ့ ... မလုပ်ပါနဲ့၊ ငါက လောက် လည်ပတ်ခွင့်မရပါဘူး၊ ဘုရင်မင်းမြတ်က ဒီလောက် လည်ပတ်ဖို့ ခွင့်မပြုပါဘူး၊ အချိန်တန်ရင် နေပြည်တော်ကို ပြန်ရမှာပါ"

"ဒါဖြင့် နောင်ကြီး ဘယ်လောက် လည်ပတ်မှာလဲ"

"နောက် ဆယ်ရက်ပေါ့ကွာ၊ ငါထွက်လာတာ ရက်နှစ်ဆယ်လောက် ရှိနေပြီကွ"

"ဪ ... ဒါထက် နောင်ကြီးတို့ နေပြည်တော်မှာ ဘယ်လို အခြေအနေရှိလဲ"

"အေးချမ်းနေတာပါပဲ၊ မြောက်ပိုင်းက လူရိုင်းတွေ ငြိမ်ရင် တိုင်းပြည်အေးချမ်းတာပဲ၊ မြောက်ပိုင်းက လူရိုင်းတွေ မငြိမ်ရင် တိုင်းပြည်မအေးချမ်းဘူး၊ ဒါပါပဲကွာ ... "

"ဒါပေါ့ဗျာ"

လီတာဓကျွေကမူ အကြံသမားဖြစ်၍ အချိန်ကို စောင့်နေသည်။

သူ၌ ကျင်ရှာမွေး၏ အကြောင်းများကို လုပ်ကြံပြောကြားရန် အသင့်ရှိနေပြီဖြစ်၏။ သို့သော် တန်ထင်လင်းကလည်း မမေးသေးပေ။ သူ၏စားသိုင်းအကြောင်း၊ သူနှင့်ယှဉ်ပြိုင်သူများအကြောင်းသာ ပြောနေသည်။

အတန်ကြာမှ တန်ထင်လင်းက မေး၏။

"နောင်ကြီး ... နေပြည်တော်မှ နေတော့ ကျင်ရှာမွေးဆိုတ
ကိုများ နောင်ကြီး သိမလား မသိဘူး"

တန်ထင်လင်းသည် ချစ်သူမိန်းကလေးဆိုသည်ကို သူ့ဘ
တစ်ခုလုံး မှတ်ယူသူမဟုတ်ပေ။ ချစ်သူမိန်းကလေးမှာ ဘဝ၏ တ
စိတ်တစ်ဒေသသာ ဖြစ်သည်။ သူက လီတာကျွေ့ကို မေးမြန်းလိုက်
လေ၏။

"ဟား ... ဟား ... ဟား ... သိတာပေါ့၊ သူ့အဖေအမေတွေ
ငါနဲ့ မိတ်ဆွေရင်းကြီးတွေပဲ၊ သူတို့ ကူးသန်းရောင်းဝယ်ရေးအတွက်
ငါ့အကူအညီကို အမြဲတောင်းနေတာပဲ၊ ငါကလည်း ခင်မင်သူတွေဆို
တော့ ကူညီနေရတာပေါ့ကွာ"

"ကျင်ရှာမွေး နေကောင်းရဲ့လား နောင်ကြီး"

"ဟာ ... နေကောင်းတာပေါ့၊ သူက လေးသမားဆိုတော့
ကျန်းမာရေးကတော့ ဒေါင်ဒေါင်မြည်ပဲ၊ သူက နေ့စဉ်မနက်တိုင်း
ညနေတိုင်း လေးပစ်လေ့ကျင့်နေတာကွ၊ သူ မကျန်းမာမှာတော့မပူနဲ့"

"နောင်ကြီး သူနဲ့ ကျွန်တော်တို့ရဲ့ သတင်းကိုလည်း ကြားမှာ
ပေါ့၊ ကျွန်တော်တို့ ချစ်သူချင်း ဖြစ်နေကြတာ တော်ကြာနေပါပြီ"

"အင်း ... ပြောရတာတော့ တော်တော် ခက်တယ်ကွာ"

လီတာကျွေ့မှာ ပြောမည့် စကားကို အင်းလိုက်သဖြင့် တန်
ထင်လင်း သိချင်သွားသည်။

"ဘာဖြစ်လို့လဲ နောင်ကြီး၊ သူ တစ်ခုခုဖြစ်နေလို့လား၊ ဘာ
ဖြစ်လို့လဲ ... ပြောစမ်းပါ အစ်ကိုကြီးရယ်"



"မင်းတို့က ချစ်သူတွေဆိုတော့ ပြောရခက်တယ်ကွာ၊ ငါပြော
ချင်လည်း မပြောနိုင်ဘူး"

ထိုအခါ တန်ထင်လင်းက တဟားဟား အော်ရယ်လေသည်။

"ပြောမှာသာပြောစမ်းပါ နောင်ကြီးရဲ့၊ ကျွန်တော်က ခုမှ
ဆယ့်ရှစ်နှစ်သား လူပျိုကလေး မဟုတ်ပါဘူးဗျာ"

"အေး ... လူပျိုကလေးမဟုတ်လို့ ပြောတာပေါ့ကွ၊ ဒီလိုလူမျိုး
တွေရဲ့ အချစ်ဟာ ခိုင်မြဲတတ်တယ်ကွ"

"ဒါကတော့ အခြေအနေအရပေါ့ဗျာ၊ ကျွန်တော့်မှာ သား
တစ်ယောက် ရှိနေတာကိုလည်း နောင်ကြီး သိပြီးသားပဲ၊ မိန်းမ
သေသွားတဲ့ မုဆိုးဖိုပဲဗျာ၊ ဆင်ဆင်ခြင်ခြင် ချစ်တတ်ပါတယ်"

"အေး ... ဒီလိုဆိုရင်တော့ ပြောတာပေါ့ကွာ"

လီတာကျွေ့သည် မပြောချင်ပြောချင်နှင့် ပြောလေ၏။

"ငါ သိပ်တော့ မပြောချင်ဘူးကွာ၊ သူက လေးပစ်လည်း
လေ့ကျင့်နေတော့ လေးသမားတွေနဲ့ တရှန်းရှန်းပေါ့ကွာ၊ မိန်းကလေး
က ငယ်တော့ စိတ်ကစားတာပေါ့"

တန်ထင်လင်းသည် ငြိမ်၍နားထောင်နေ၏။

လီတာကျွေ့က ...

"တစ်ကြိမ်မှာ ငါကိုယ်တိုင် ကြုံတာကွ၊ လေးသမားတစ်
ယောက်နဲ့ မမြင်ဝံ့ မမြင်သာပါပဲကွာ၊ ငါလည်း သူ့မိဘတွေကို
ပြောပြချင်တယ်ကွာ၊ ဒါပေမယ့် မပြောရက်ဘူး"

တန်ထင်လင်းမှာ စကားမပြောနိုင်ရှာပေ။

လီတာကျော်က ...

"သူ့မိဘတွေကလည်း မင်းနဲ့သူ့အကြောင်း သိထားတာပဲကွ၊ သူတို့က မင်းနဲ့သူတို့သမီးကို သဘောမတူဘူးပေါ့၊ ငါက ဘာဖြစ်လို့ သဘောမတူတာလဲ မေးတော့ မင်းဟာ သူတို့လို ကုန်သည် မဟုတ်လို့တဲ့၊ ရာထူးရာခံရှိတဲ့လူဆိုရင် တော်သေးတာပေါ့တဲ့၊ နောက်ဆုံး ငါစဉ်းစားလို့ရတာကတော့ မင်းဟာ သိုင်းသမားဖြစ်နေလို့ သူတို့ သဘောမတူကြတာပါပဲ"

"ဗျာ ... သိုင်းသမားဖြစ်နေလို့"

"ငါ့ညီ ... မင်း အထင်မမှားနဲ့ကွ၊ လူတွေထဲမှာ အဲဒီလိုလူမျိုး တွေရှိတယ်၊ သိုင်းသမားတွေကို လူတိုင်းက အထင်ကြီးမယ်လို့ ထင်မထားနဲ့၊ ကျင်ရှာမွေ့ရဲ့ မိဘတွေလို သိုင်းသမားကို အလကား လူသတ်နေတယ်လို့ ထင်နေကြတဲ့ လူတွေပါ"

"ကျွန်တော်တို့ အထက်လမ်း သိုင်းသမားတွေဟာ သူတို့ ထင်နေသလို အလကား လူသတ်နေတဲ့လူတွေမဟုတ်ကြောင်း နောင်ကြီးက ရှင်းပြလိုက်ပါလားဗျာ"

"ဒီလူတွေက ပြောရခက်တယ်ကွ၊ နေပြည်တော်မှာ နေနေတဲ့ လူတွေဆိုတော့ သူတို့သာသိတယ်၊ သူတို့သာတတ်တယ် ဆိုတဲ့ လူမျိုးတွေကွ"

"သူတို့က သူတို့သမီး ဒီလို လူတွေတရန်းရန်း ဖြစ်နေတာကို မဆုံးမဘူးလား"

တန်ထင်လင်းသည် မရိုတရို မေးလေ၏။



လီတာကျော်က ...

"သူတို့သဘောထားကို ငါမကြိုက်ပါဘူးကွာ၊ သူတို့က မင်းနဲ့ လွဲရင်ပြီးရော၊ ဘယ်သူနဲ့ယူယူဆိုတာမျိုး လုပ်နေတော့ ငါ မင်းအတွက် စိတ်မကောင်းပါဘူးကွာ၊ နောက်ပြီး သူတို့ဟာ ဘုရင်ကောရာဇ်အထိ ပေါက်ရောက်တဲ့ လူတစ်ယောက်နဲ့ အဆက်သွယ်ရနေနိုင်တော့ သူတို့ ဟာ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတဲ့ သဘောမျိုး လုပ်နိုင်တာပေါ့ ကွာ"

တန်ထင်လင်းသည် ခေါင်းတညိတ်ညိတ်နှင့် ဖြစ်သွားသည်။

"သူ့မိဘတွေ စိတ်ပျက်တာက မင်းဟာ သားတစ်ယောက် နဲ့ မုဆိုးဖိုဖြစ်နေလို့ပဲကွ၊ သူတို့ သမီးကတော့ အပျိုစင် နုနုထွတ် ကလေး၊ ဒီတော့ မင်းနဲ့ မတန်ဘူးပေါ့ကွာ၊ သူ့မိဘတွေက ပစ္စည်း ချမ်းသာတယ်ဆိုတော့ ပစ္စည်းဂုဏ်မောက်တာလည်း ပါမှာပေါ့ကွာ"

"တောက် ..."

တန်ထင်းလင်သည် နာကြည်းစွာ တောက်ခေါက်လိုက်၏။

တန်ထင်လင်းသည် လူရိုးတယောက်ဖြစ်သည်။

ထို့နောက် သွေးသောက် အစ်ကိုကြီးများကိုလည်း ခြွင်းချက် မရှိ ယုံကြည်သူဖြစ်သည်။

သိုင်းလောက၌ စိန်ခေါ်ပွဲများကို လိုက်လံဖြေရှင်းစဉ်က ဇနီးနှင့် သားကလေးကို ကြယ်ပစ်ဝိဇ္ဇာ လုရှုဟုန်၏ အိမ်၌သာ အပ်ထားရစ် ခဲ့သည်။

ဤမျှထိ အစ်ကိုကြီးများကို ယုံကြည်သည်။

ချစ်သူ ကျင်ရှာမွေးအား အထင်မှားသွားတော့၏။ ချစ်သူသည် သစ္စာမစောင့်ဘဲ ချစ်သူအသစ်များနှင့် ပျော်ပါးနေသည်ဟု ယုံမှတ်သွားသည်။

"ကဲ ... နောင်ကြီး ကျွန်တော်နဲ့ပဲ ဆက်နေပေါ့"

"မနေတော့ပါဘူးကွာ၊ ငါလည်း မင်းအကြောင်းတွေ ပြောလိုက်ရတော့ စိတ်မကောင်းဘူး၊ နေပြည်တော်ကိုပဲ ပြန်တော့မယ်ကွာ၊ မင်း ကျင်ရှာမွေးကို ဘာမှာလိုက်ကျင်သေးသလဲ "

တန်ထင်လင်းသည် အဝေးသို့ မျှော်ကြည့်နေ၏။

အတန်ကြာမှ ...

"ဘာမှ မမှာချင်တော့ပါဘူး နောင်ကြီးရာ"

လီတာကျွေသည် စိတ်ထဲမှ ပြုံးလိုက်မိသည်။

သူ့လုပ်ရပ် အောင်မြင်သွားပြီကို သိလိုက်၍ဖြစ်သည်။

❋ ❋ ❋



# အခန်း(၇၄)
## အချစ်၊ အမုန်း

ရွှေလုံပျံလီတာကျွေသည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာလေ၏။

ကျင်ရှာမွေးသည် တန်ထင်လင်းက မဆက်သွယ်တော့သဖြင့် လီတာကျွေဆီ ပြေးလာသည်။

ယခု လီတာကျွေသာ အားကိုးစရာ ရှိတော့သည် မဟုတ်ပါလား။

တန်ထင်လင်းထံမှ လူလည်းမလာ၊ စာလည်းမရောက်ဖြစ်လာသောအခါ ကျင်ရှာမွေးမှာ မချိတရိ ပူဆွေးရလေတော့သည်။

ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်တာ ဆိုသည့်စကားအတိုင်း ကျင်ရှာမွေးသည် လည်ပင်းကျိုးမတတ် မျှော်ရတော့သည်။

သို့သော် တန်ထင်လင်းကတော့ မလာတော့ချေ။

"လုပ်ပါဦး အစ်ကိုကြီး လီတာကျွေရယ်၊ ဘာစာမှလည်း

မလာ၊ လူကြိုလည်းမလာ၊ အဲဒီလိုမဟုတ်ဖူးပါဘူး၊ အနည်းဆုံ တစ်လကို စာနှစ်စောင်တော့ လာနေတာပဲ အစ်ကိုကြီးရယ်”

လီတာကျေ့သည် ဟန်လုပ်၍ ငေးမျှော်ကြည့်နေတတ်၏။

ကျင်ရှာမွေးက ...

“သူ ဘာဖြစ်နေလဲ အစ်ကိုကြီး၊ နေမကောင်းလို့များလား ဒါမှမဟုတ် အန္တရာယ်တစ်ခုခု ကျရောက်နေလို့များလား၊ တစ်ခုခုတော့ ဖြစ်နိုင်ပါတယ်ရှင်၊ ဘာဖြစ်မလဲဆိုတာကိုသာ ပြောစမ်းပါ အစ်ကို ကြီးရယ်”

လီတာကျေ့သည် ကျင်ရှာမွေးအား နှစ်သိမ့်လိုက်၏။

“ညီမလေး ... အစ်ကိုကြီး ထွက်စုံစမ်းလိုက်ဦးမယ်၊ တစ်ပတ် ကြာရင်တော့ ညီမလေးဆီ အစ်ကိုကြီးရောက်အောင် လာပြီး သတင်း ပြောမယ်”

“ထွက်ပါ အစ်ကိုကြီးရယ် ... ညီမ ရင်ပူလှပါပြီ၊ အစ်ကိုကြီး ရယ်”

လီတာကျေ့သည် တစ်ပတ်မျှ မနေပြည်တော်မှ ပျောက်သွားလေ ၏။ တစ်ပတ်ကျော်သောအခါ လီတာကျေ့ ရောက်လာသည်။

“အစ်ကိုကြီး ... တန်ထင်လင်းကို တွေ့ခဲ့ရလားဟင်”

လီတာကျေ့ သက်ပြင်းချလိုက်၏။

“ဟင်း ...”

လီတာကျေ့၏မျက်နှာကြီးကို မြင်သောအခါ ကျင်ရှာမွေး ရင်ပူ ရပြန်တော့သည်။



“ပြောပါ အစ်ကိုကြီးရယ် ... ပြောပါ၊ ညီမ ရင်ပူအောင်မလုပ် ပါနဲ့”

“အေး ... ငါပြောတော့ မပြောချင်ဘူး၊ သူက အဲဒီမြို့မှာ အမျိုးသမီးတစ်ယောက်နဲ့ တွဲနေတာ၊ ငါက မင်းဒီလိုလုပ်ဖို့မကောင်း ပါဘူးလို့ပြောတော့ ယောကျ်ားပဲ နောင်ကြီးရာလို့ ပြန်ပြောတယ် ...

“ဒီကောင် မကောင်းတော့ပါဘူးဟာကွယ်၊ ညီမလည်း ကိုယ့် မာနနဲ့ကိုယ်နေပါ၊ သူကြင်မှ ကိုယ်ကြင်မှာပေါ့၊ မလာချင်ရင်လည်း နေပါစေ၊ ကိုယ်က အပျိုကလေးပဲ၊ ယောကျ်ားကြိုက်ရင် ဆိုက်ဆိုက် လာလိမ့်မယ်၊ ညီမအနေနဲ့ စောင့်သာကြည့် ...”

လီတာကျေ့က ဤလိုလူမျိုးတည်း။ ကြောက်စရာ အလွန် ကောင်းသူဖြစ်သည်။ ကျင်ရှာမွေးက ငြိမ်သက်သွားသည်။ အသည်း နှလုံးများ ဆတ်ဆတ်ခါ နာကျင်သွားသည်။

“ငါကတော့ ချစ်လိုက်ရတာ ... သူကျတော့ ငါ့ကို ရှိလေတယ် လို့တောင် မမှတ်ဘူး”

ဟုတွေးကာ အံကြိတ်မိလေ၏။

ကျင်ရှာမွေးသည် ငယ်ရွယ်သူ ဖြစ်လေ၏။ အချစ်ကြီးသော အခါ အမျက်ကြီးသည်။ အသည်းနာမှုကို မည်သို့မျှ မကုစားနိုင်ပေ။

ကျင်ရှာမွေးသည် ငို၍ အခန်းတွင်းသို့ ဝင်သွားသည်။ လီတာ ကျေ့ကိုပင် နှုတ်မဆက်နိုင်တော့ပေ။

ကျင်ရှာမွေးသည် တွေးတိုင်း တနုံ့နုံ့ဖြစ်နေမိ၏။ နာကြည်းမှု ဒေါသအဖြစ်သို့ ပြောင်းသွားသည်။

အကြိမ်ကြိမ်စဉ်းစား၏။ နောက်ဆုံးတွင် အကြံပေါ်လာ၏။ ထိုအကြံကို လီတာကျွေအား တိုင်ပင်လေ၏။

"ဟာ ... ညီမလေးရာ ဒါတော့မလုပ်ပါနဲ့ကွာ၊ အစ်ကိုကြီး အနေနဲ့လည်း မကောင်းပါဘူး၊ သစ္စာဖောက်ရာ ကျပါတယ်"

တကယ်တော့ လီတာကျွေ သဘောကျနေလေပြီ။ ကျင့်ရှာမွေးကို ပိုင်ဆိုင်ရန် တစ်ဝက်မျှသေချာသွားလေပြီ။ ထိုအကြံကို လက်ခံချင်ကြောင်း ပြောချင်၏။ သို့သော် ကျင်ရှာမွေးနှင့် ဈေးဆစ်ရဦးမည်။

"အို ... အစ်ကိုကြီးက ညီမကို မကူချင်ဘူးလား"

"ကူညီချင်ပါတယ် ညီမရယ်၊ အစ်ကိုကြီး ညီမအပေါ် အစစအရာရာ ကူညီနေတာကို ကြည့်ပါလား၊ နို့မို့ဆိုရင် ညီမကို ဘယ်လိုလိုက် ကူညီမလဲ၊ ညီမကို ... ညီမကို အစ်ကိုကြီး ..."

စကားမဆုံးပေ။သို့သော် ချစ်ရည်လွှမ်းသော မျက်လုံးအကြည့်များကြောင့် ကျင်ရှာမွေး သဘောပေါက်သွားလေ၏။ သူမသည် နှုတ်ခမ်းကို ကိုက်လိုက်၏။

"အစ်ကိုကြီး ... ညီမ တစ်ခုပြောမယ်"

"ပြောလေ ... ညီမ"

"အခု ညီမသိပြီ၊ ညီမ လုပ်ချင်တဲ့အလုပ်ကို ဖြစ်အောင်လုပ်မယ်၊ ညီမကို အစ်ကိုကြီး ကူညီရမယ်၊ အောင်မြင်သွားရင် အစ်ကိုကြီးနဲ့ လက်ထပ်မယ်"

"ဟာ ..."



"ဘာဟာလဲ ... အစ်ကိုကြီးက ညီမနဲ့ လက်မထပ်ချင်ဘူးလား"

"ဟ ... မ ... မဟုတ်ပါဘူး၊ အစ်ကိုကြီး အံ့သြသွားလို့ပါ၊ ညီမ ... ညီမ တကယ်ပြောတာလားဟင်"

"အင်း ... ညီမဟာ မှန်သော စကားကို ဆိုတတ်တဲ့ မိန်းမပါ၊ စကားကို နှစ်ခွန်း မပြောတတ်ဘူး၊ သစ္စာမရှိတဲ့ ယောကျ်ားကို ညီမရွံတယ်၊ အစ်ကိုကြီးကို လက်ထပ်မယ်၊ ဒါပဲ ..."

လီတာကျွေမှာ လွန်စွာ ကျေနပ်သွားလေ၏။

"ညီမလေးကို ကူညီရမှာပေါ့ကွယ်"

သူတို့သည် ဤသို့ သဘောတူလိုက်ကြလေ၏။ ကျင်ရှာမွေး၏လုပ်ငန်း အောင်မြင်အောင် လီတာကျွေက ကူညီရမည်။ ထို့နောက် လီတာကျွေကို ကျင်ရှာမွေးက လက်ထပ်မည်။

မိန်းမများ၏ အချစ်ကား လွန်စွာ ကြောက်စရာကောင်းသည်။ ထိုအချစ်သည် ပြောင်းလဲတတ်သည်။ အကောင်းဆုံးဘက်သို့ ပြောင်းလဲတတ်ခြင်း မဟုတ်ဘဲ အဆိုးဘက်သို့ ပြောင်းလဲတတ်ခြင်းဖြစ်သည်။ အမုန်းသို့ ပြောင်းလဲခြင်းတည်း။

အမုန်းတရား ...။

ကျင်ရှာမွေး၏ အချစ်သည် အမုန်းသို့ ပြောင်းလဲသွားခဲ့သည်။ ထိုအမုန်းတရား၏ဒဏ်ကို ဓားနှစ်လက် တန်ထင်လင်း ခံစားရတော့မည်။ ထိုခံစားရသည့်အရသာကား လွန်စွာ ခါးသီးလှပေသည်။

ကျောင်းရှာမွေးသည် လုပ်ငန်းတစ်ရပ် လုပ်ဆောင်ရတော့မည် ဖြစ်သည်။

ထိုလုပ်ငန်းကား အဘယ်လုပ်ငန်းပေနည်း။ သို့သော် ထိုလုပ်ငန်းကို သူမ တစ်ယောက်တည်းတော့ အောင်မြင်အောင် လုပ်နိုင်မည် မဟုတ်ပေ။

ထို့ကြောင့် လီတာကျွေ၏ အကူအညီကို ရယူခြင်းဖြစ်သည်။

ထိုလုပ်ငန်းကား အဘယ်လုပ်ငန်းပေနည်း။

❁ ❁ ❁



## အခန်း(၇၅)
## ကာလဲ့စားနှင့် မျက်ရည်

လီတာကျွေက ကျောင်းရှာမွေး၏ လုပ်ငန်းအား ကူညီခြင်းမှာ တားနှစ်လက် တန်ထင်လင်း မိခင်သားမြတ်တောင်ပေါ်သို့ မတက်မီ သွားတွေ့ခြင်းပေတည်း။

အချိန်အခါလည်း ကိုက်လှသည်။ သူတို့ သိုင်းညီနောင်လေးဖော် တစ်နှစ်ကြာသောအခါ ဆုံတွေ့ကြရမည့် ရက်သည် ကျရောက်လာလေသည်။.

ထိုသို့ မလာမီကလေးတွင် လီတာကျွေသည် တန်ထင်လင်းကို အမိအရ သွားတွေ့ခဲ့သည်။

ထိုစဉ် တန်ထင်လင်းသည် မိခင်သားမြတ်တောင်သို့ သွားရန် ပြင်ဆင်နေလေပြီ။ လီတာ့ကျွေ ရောက်လာသောအခါ တန်ထင်လင်း အံ့သြသွားသည်။

"ဟင် ... နောင်ကြီး၊ မိခင်သားမြတ်တောင်ကို မသွားဘူးလား"

"သွားမှာပေါ့ ညီလေးရာ၊ ဒီဘက်မှာ အစ်ကိုကြီးဆောင်ရွက်

စရာ ကိစ္စတစ်ခုရှိလို့ လာရင်းနဲ့ ညီလေးနဲ့တွေ့ရမလားလို့ ငဲ့လ
တာ"

"ဟာ ... ဟုတ်လား၊ ဒီလိုဆိုရင် အတော်ပဲ၊ နောင်ကြီး
ကျွန်တော် အတူတူသွားကြတာပေါ့၊ ကျွန်တော်လည်း အခုပဲ သွား
စီစဉ်နေတာ"

တန်ထင်လင်းက ဝမ်းသာအားရ ပြောလေသည်။ လီတာကျေ
က ...

"နေပါဦး ညီလေးရာ၊ အစ်ကိုကြီး ဆောင်ရွက်စရာရှိလို့
ဆောင်ရွက်ပြီးလို့ အဲဒီကလူတွေက အစ်ကိုကြီးကို အရက်တိုက်ကြ
တယ် ...

"အစ်ကိုကြီးက ညီလေးနဲ့ လွဲသွားမှာစိုးလို့ အရက်တစ်အိုး
ဆွဲပြီး အစ်ကိုကြီး ထွက်လာခဲ့တယ်ကွ၊ သူတို့တိုက်တဲ့အရက်ကို
မသောက်ခဲ့ဘူး၊ အခု အရက်သောက်ပြီးမှ သွားကြတာပေါ့"

"ဟာ ... အစ်ကိုကြီးကလဲ၊ သိုင်းပညာဖလှယ်ရမယ်လေ၊
အရက်သောက်လို့ ဘယ်ဖြစ်မလဲ"

"အမယ်လေးကွာ ... အရက်ကလည်း များလွန်းလို့ တစ်အိုး
တည်းများ၊ နှစ်ယောက်သောက်ရင် ဘာရှိမှာလဲ၊ ယူစမ်းပါကွာ
ခွက်"

တန်ထင်လင်းမှာ ခွက်များကို ချပေးရလေတော့သည်။ လီတာ
ကျေသည် အရက်ခွက်နှစ်ခွက်ကို အရက်များကို ထည့်လေသည်။

"ရော ... သောက်ကွာ"



လီတာကျေသည် အရက်ခွက်တစ်ခွက်ကို တန်ထင်လင်းထံသို့
ထိုးပေးလေသည်။ သူကမူ ကျန်သည့်အရက်ခွက်ကို ကောက်ယူမော့
ချလေသည်။

"နောင်ကြီး ... မိခင်သားမြတ်တောင်ပေါ်ကို နောင်ကြီး တက်
ရမယ့်ဘက်က ပြေတယ်၊ ကျွန်တော် တက်ရမယ့်ဘက်က ခက်တယ်၊
ကျွန်တော် အရက်များများ သောက်လို့မဖြစ်ဘူး ..."

"သောက်မှာ သောက်စမ်းပါကွာ"

သူသည် ပြောပြောဆိုဆို နောင်တစ်ခွက် မော့လိုက်ပြန်သည်။
တန်ထင်လင်းသည် အရက်မသောက်ချင်ပေ။

သို့သော် အစ်ကိုကြီးဖြစ်သူက တစ်ခွက်ပြီးတစ်ခွက် မော့နေ
သဖြင့် သူ မသောက်၍မရပေ။ သူသည် အရက်တစ်ခွက်ကို ကောက်
မော့လိုက်သည်။ ထို့နောက် ...

"ကဲ ... အစ်ကိုကြီး၊ အစ်ကိုကြီး သွားရမယ့်ဘက်နဲ့ ကျွန်တော်
သွားရမယ့်ဘက်လည်း မတူဘူး၊ အဲဒီတော့ အစ်ကိုကြီး ထိုင်သောက်
ချင် သောက်နေခဲ့၊ ကျွန်တော်တော့ သွားတော့မယ်"

"ဟေ့ ... နေဦးလေတန်ထင်လင်း၊ဟေ့ ... ညီလေးနေပါဦးကွ"

တန်ထင်လင်းက ပြေးထွက်သွားပြီး သူ့အစ်ကိုကြီးကို အော်
ဟစ်ခဲ့သည်။

"နောင်ကြီးရေ ... အေးအေးဆေးဆေးသာသောက်၊ ဟိုမှာ
နောင်ကြီး အရက်သောက် ကျန်နေရစ်တယ်လို့ ကျွန်တော် ပြောထား
လိုက်မယ်"

သူ့အသံသာ ကြားလိုက်ရတော့သည်။ လူကား ပျောက်သွားလေပြီ။

"ထို ..."

လီတာကျော့သည် ပါးစပ်ထဲ၌ ငုံထားသည့် ဆေးမြစ်ကို ထွေးထုတ်လိုက်သည်။ ဆေးမြစ်ကား အဆိပ်ဖြေ ဆေးမြစ်ပေတည်း။

သူသည် အရက်ထဲ၌ အဆိပ်ခတ်ထားခဲ့သည်။ ထိုအရက်ကို တန်ထင်လင်းအား တိုက်ခြင်းဖြစ်သည်။ ယခုတော့ တန်ထင်လင်းသည် အရက်တစ်ခွက်မျှသာ သောက်သွားသည်။

အဆိပ်မိမည်မှာ မသေချာတော့ပေ။ အနည်းဆုံး သုံးခွက်လောက်ဝင်မှ သေမည်ဖြစ်သည်။ လီတာကျော့သည် စုန်ထလိုက်သည်။ သူသည် ဤအကြောင်းကို ကျင်ရှာမွေ့အား ပြန်လည်ပြောပြရတော့မည်။

အကယ်၍ ညီအစ်ကိုများ တွေ့ဆုံပွဲတွင် တန်ထင်လင်းသည် အဆိပ်ဒဏ်ခံစားရမည်ဖြစ်သည်။ သို့သော် သေလောက်အောင်တော့ ဖြစ်မည်မဟုတ်။

ညီအစ်ကိုတော်များက ဝိုင်း၍မေးမြန်းစုံစမ်းကြလျှင် သူ အရက်တစ်ခွက်သာ သောက်လာသည်ဟု ဖြေလိမ့်မည်။ ထိုအရက်ကို တိုက်သူသည် တရားခံဖြစ်မည်သာတည်း။

သူ တရားခံဖြစ်မည်ကို သိလိုက်သည်နှင့် လီတာကျော့ ပျာသွားသည်။ ကျင်ရှာမွေ့ မည်သည့်အရပ်၌ ရှိနေမည်ကို သူသိနေသည်။ သူသည်လည်း ကျင်ရှာမွေ့ရှိရာအရပ်သို့ ပြေးလွှားရလေတော့သည်။

ကျင်ရှာမွေ့ကား တန်ထင်လင်း တက်မည့် တောင်ခြေရှိ ရွာကလေးတစ်ရွာတွင် ခိုနေခဲ့သည်။ လီတာကျော့သည် ကျင်ရှာမွေ့ရှိရာသို့ ရောက်ရှိလာလေသည်။

"ညီမလေး ... အစ်ကိုကြီးတော့ ဒုက္ခရောက်ပြီ"

ကျင်ရှာမွေ့က မျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့ ဒုက္ခရောက်ရမှာလဲ အစ်ကိုကြီး"

"အစ်ကိုကြီးဟာ အရက်ထဲကို အဆိပ်ထည့်ပြီး တန်ထင်လင်းကို တိုက်လိုက်တယ်၊ ဒီအရက်က သုံး ခွက်လောက် ဝင်ပြီးမှ သေနိုင်တာကွယ့်၊ ဒါပေမယ့် သူက တစ်ခွက်ပဲသောက်ပြီး မိခင်သားမြတ်တောင်က သိုင်းပညာဖလှယ်ပွဲကို သွားမယ်ဆိုပြီး ပြေးထွက်သွားတယ်၊ သူဟာ ဘယ်နည်းနဲ့မဆို ညီအစ်ကိုတော်တွေဆီ ရောက်သွားနိုင်မှာ သေချာတယ်"

"ရောက်တော့ ဘာဖြစ်သလဲ အစ်ကိုကြီးရဲ့၊ သူသေမှ မသေနိုင်တာဘဲ"

"သေတော့ မသေနိုင်ဘူး၊ ဒါပေမယ့် အစ်ကိုတော်တွေဆီ ရောက်ပြီး အဆိပ်တက်နိုင်တယ်၊ သေတော့မသေဘူးပေါ့၊ အဆိပ်ဒဏ်ခံရတဲ့ သဘောပေါ့၊ အဲဒီအခါမှ ညီအစ်ကိုတော်တွေက အရက်တိုက်လိုက်တဲ့၊ အစ်ကိုကြီးအပေါ် သံသယရှိမှာ သေချာတယ်"

"သူ အဆိပ်တက်မဟာ သေချာလား"

"သိပ် သေချာတာပေါ့၊ သေတော့ သေမှာမဟုတ်ဘူး၊ သူ လူးလိမ့်ပြီး ဝေဒနာခံစားရလိမ့်မယ်၊ အဆိပ်ဖြေဆေးတိုက်လိုက်ရင် သူဟာ လူကောင်းပြန်ဖြစ်သွားမှာပဲ"

ကျင်ရှာမွှေးသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။

"သူ ထွက်သွားပြီလား"

"သူ ပြေးထွက်သွားပြီ၊ တစ်နေရာကို မဝင်ရင်တော့ တောင်ခြေကို ရောက်နေမှာပဲ"

"အစ်ကိုကြီး ... ဒီတောင်ခြေပတ်လည်မှာ လူရှင်းတယ်နော်"

"ရှင်းတယ် ... ဒီတောင်ခြေကို သာမန်လူတွေ တက်ရတာ အင်မတန်ခက်တယ်၊ သိုင်းသမားတွေမှ တက်နိုင်တာ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ ... သူတက်တဲ့ နေရာကို အစ်ကိုကြီး သိသလား"

"သိတာပေါ့ ..."

"ဒါဖြင့်လာ ... အဲဒီနေရာကို မြန်မြန်သွားကြမယ်"

ကျင်ရှာမွှေးသည် သူမ ယူဆောင်လာသည့် လေးနှင့် မြားကို ယူလိုက်၏။ မြားအိတ်ကို ပခုံးတွင်ချိတ်လိုက်ပြီး လေးကြိုးကို ကိုင်၍ ပြေးတော့သည်။

လီတာကျွေလည်း ပြေးလိုက်ရတော့သည်။

"ညီမ ဘာလုပ်မလို့လဲ"

"ညီမ ရှင်းမယ်လေ၊ အစ်ကိုကြီးက လက်စတုံး မလုပ်နိုင်ဘူး မဟုတ်လား၊ ဒီတော့ ညီမ လုပ်ရတော့မှာပေါ့"



သူတို့သည် တောင်ခြေ သစ်ပင်အောက်သို့ ရောက်သောအခါ လူတစ်ယောက်သည် တောင်ပေါ်သို့ တက်နေကြောင်း တွေ့ရလေ၏။ ကျော၌ သိုင်းလွယ်သွားသည့် ဓားနှစ်လက်ကို မြင်နေရသည်။

ကျင်ရှာမွှေးသည် သူမ၏ လေးနှင့်မြားကိုထုတ်ပြီး ချိန်ရွယ်လိုက်၏။

"ကဲ ... တခြား မိန်းမတစ်ယောက်နဲ့ ပျော်ချင်တဲ့လူ တမလွန်မှာ သွားပျော်ပေတော့ ..."

"ဝှီး ..."

"ဒုတ် ..."

သူမသည် ပြောပြီးသည်နှင့် ဆွဲတင်ထားသည့် လေးညှို့ကို လွှတ်လိုက်သည်။ မြားသည် လေကိုထိုးခွင်းသွား၏။

ထို့နောက် တန်ထင်လင်း၏ ကျောပြင်ကြီးကို စိုက်နစ်ဝင်သွားသည်။

"အား ..."

တောင်အလယ်မှ အော်သံကို တောင်အောက်မှ ကြားလိုက်ကြရသည်။ ကျင်ရှာမွှေးသည် မျက်လုံးများ၌ မျက်ရည်များ ပြည့်လျှံနေသည်။

"ကဲ ... အစ်ကိုကြီးလည်း တောင်ပေါ် တက်ရတော့မယ်၊ အစ်ကိုကြီး တက်ရမယ့်ဘက်ကို ပြောရတော့မယ်၊ ညီမလေးလည်း နေပြည်တော်ကို ပြန်တော့နော်"

စကားဆုံးသည်နှင့် လီတာကျွေသည် ပြေးထွက်သွားလေ၏။

ကျင်ရှာမွေးမှာ ချုံးပွဲချ ငိုကြွေးတော့သည်။ သူမ၏ ခေါင်းမှ နှင်းဆီတစ်ပွင့်သည် ပြုတ်ကျသွားလေတော့သည်။

❀ ❀ ❀



# အခန်း(၇၆)
# တစ်ဦးတည်းသော တရားခံ

ကျင်ရှာမွေးသည် မျက်ရည်များ တွေတွေကျဆင်းပြီး အတိတ်ဇာတ်ကြောင်းကို ပြောပြနေခဲ့လေ၏။

"မင်း ... ချိုးငှက်သိုက်မြို့အိမ်ကြီးမှာ အဖေ့ကိုသတ်တဲ့ တရားခံ ရှာမယ်ဆိုတော့ ဒေါ်လေး စိတ်မကောင်းလိုက်တာလေ၊ ဒါပေမယ့် လွန်ခဲ့ပြီပဲ၊ ဒေါ်လေး ဘယ်လိုလုပ်ပြုပြင်နိုင်တော့မလဲ၊ မင်းအဖေဟာ နောက်ကျောမှာ မြားတန်းလန်းစိုက်ပြီး သေခဲ့ရပါတယ် ...

"ဘာကြောင့်သေသလဲဆိုတာ နှင်းဆီတစ်ပွင့်ကလွဲပြီး ဘာမှ သဲလွန်စ မရခဲ့ပါဘူးကွယ်၊ အဲဒီ မင်းအဖေကို သတ်ခဲ့ရသူကတော့ ဒီအမိုက်မပါ၊ လီတာကျွေ အလိမ်ကို ခံခဲ့ရတဲ့ အမိုက်မပါ"

ကျင်ရှာမွေးမှာ တရှုံ့ရှုံ့ငိုရင်း ဝန်ခံစကား ပြောနေသဖြင့် တန်ထင်ဟုန်မှာ ကြက်သေ သေနေရတော့သည်။

"ဒေါ်လေး လီတာကျွေကို ပေးထားတဲ့ ကတိအတိုင်း မင်းအဖေသေပြီးတဲ့နောက် လီတာကျွေကို လက်ထပ်ယူခဲ့ရတယ်"

တန်ထင်ဟုန်သည် လီတာကျေ့အား လွန်စွာ မုန်းတီးမိလေ၏။ ဘာ သွေးသောက်ညီအစ်ကိုလဲ၊ အတုအယောင် ညီအစ်ကိုပဲ။

သူသည် ကျင်ရှာမွေးကိုတော့ သနားရမည်လား၊ မုန်းတီးရမည်လား မသိတော့ပေ။

"လီတာကျေ့ဟာ မင်းအဖေလို ရိုးရိုးသားသားလူ မဟုတ်ဘူး ကွယ့်၊ သူဟာ အချစ်နဲ့ လူဖြစ်လာတာမဟုတ်ဘူး၊ အစ်ကိုတန်ထင်လင်းကတော့ အချစ်ကို လေးစားတယ်၊ တန်ဖိုးထားတယ် ...

"ဒီလူကြီးကတော့ အလကားလူကြီး၊ အချစ်ကို မလေးစားဘူး၊ တန်ဖိုးမထားဘူး၊ ဒေါ်လေးလည်း သူ့ ရမ္မက်ရှိတုန်းပဲ ဆက်ဆံတယ်၊ အလကား ကြောင်သူတော်ကြီး"

တန်ထင်ဟုန်မှာ လည်ချောင်းမှာ ခြောက်ကပ်နေ၏။

"ဒေါ်လေး နောင်တရတော့ လွန်ကုန်ပြီကွယ်၊ ဘာကိုမှ ပြုပြင်လို့ မရတော့ဘူး၊ ဒေါ်လေး အကုန်ရှုံးတာပဲ၊ ပြော် ... အမှား ... အမှား ... အမှားကလေးတစ်ခု ကျူးလွန်လိုက်တာနဲ့ နောက်မိုင်းမှာ တစ်ပြုံကြီး ပြိုဆင်းသွားတာပဲ ...

"သူက ဒေါ်လေးနဲ့ မနေတော့ဘူး၊ နန်းတော်ထဲမှာပဲ အနေများတယ်၊ နန်းတော်ထဲမှာ သူကျူးလွန်လို့ရတဲ့ မိန်းမတွေနဲ့ အပျော်ကြူးတယ်၊ ဒေါ်လေးကိုတော့ ဒီအိမ်မှာပဲ အထီးကျန် ပစ်ထားတယ်၊ နှစ်ပေါင်းများစွာ ဒေါ်လေးလည်း ဒီလို အထီးကျန်ဘဝနဲ့ နေခဲ့ရတာပါကွယ်"

ရုတ်တရက် ကျင်ရှာမွေး၏ အသံသည် မောလာ၏။



"ကြာတော့ ... ဒေါ်လေး အရွဲ့တိုက်ချင်လာတယ်၊ ဒီတော့ ဒေါ်လေးက ဘာလုပ်သလဲ၊ ဒေါ်လေးကိုယ်ဒေါ်လေး လှလှပပ ပြင်ဆင်တယ်၊ မင်းလို လူငယ် လူရွယ်တွေနဲ့ ပျော်ပါးခဲ့တယ်၊ ဒေါ်လေးဟာ ဒေါ်လေးရဲ့ ဘဝအမှားကို ဒီလိုနည်းနဲ့ ကုစားလာခဲ့တာပါ ...

"အဲ ... တစ်ခုတော့ရှိတယ်၊ အပြင်ထွက်ရင်တော့ ဆွေမျိုးတွေဆီ တစ်ခါတစ်ရံ အလည်သွားရင်တော့ အင်မတန် ချစ်ခင်ကြတဲ့ လင်မယားစုံတွဲပေါ့ကွယ် ...

"ဟင်း ... ဟင်း ... ဟင်း"

သူမသည် ရယ်လိုက်၏။ သို့သော် ရယ်သံမှာ ရှိုက်သံပါနေသည်။

"တူလေး ... ဒီနေပြည်တော်မှာ ဒီလိုဖြစ်ပျက်နေတဲ့ စုံတွဲတွေ အများကြီးရှိသကွယ့်၊ မင်း အထင်မကြီးနဲ့"

သူမသည် ရှိုက်လိုက်ပြန်၏။

ဒီတစ်ခါတော့ တန်ထင်ဟုန်၏ ပါးစပ်များ၊ လည်ချောင်းများ စိုစွတ်လာသည်။ ထို့ကြောင့် သူသိချင်သည့် ကိစ္စတစ်ခုအား မေးမြန်းလိုက်မိလေ၏။

"မြစ်ကမ်းနဖူးမှာ ကျွန်တော် ဒန်းစီးနေရင်း ကျူပ်ကို လုပ်ကြံတာ ဘယ်သူလဲ ဒေါ်လေးကျင်ရှာမွေး"

ဤအခါကျ ကျင်ရှာမွေးက ခြောက်ကပ်ကပ်ရယ်လေတော့သည်။

"ဟင်း ... ဟင်း ... ဟင်း ... ဘယ်သူရမလဲ၊ မင်းကို ရန်သူအဖြစ် သတ်မှတ်တဲ့လူပေါ့"

"ကျုပ်ကို ရန်သူအဖြစ် သတ်မှတ်တဲ့လူ ဘယ်သူလဲ"

"မင်းကြီးလာရင် မင်းဖခင်သတ်သူကို လိုက်ရှာလိမ့်မယ်၊ ကလဲ့စားချေလိမ့်မယ်လို့ ထင်မှတ်ထားတဲ့လူပေါ့၊ မင်းကလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ သိုင်းပညာ တော်နေတယ် မဟုတ်လား ...

"ဒီအရွယ်ကလေးမှာတောင် သိုင်းပညာ ဒီလောက်ဝါသနာပါနေရင် ကြီးလာရင် မလွယ်ဘူးလို့ တွက်တယ်၊ ဒီကောင်လေးကို အရွယ်မရောက်ခင် ချေထားမှ ဖြစ်မယ်လို့ သူယူဆတယ်၊ အဲဒီလူဟာ ဘယ်သူဖြစ်မယ်ထင်သလဲ"

"ဒေါ်လေးပဲ ပြောပါ"

"မင်းဦးကြီး လီတာကျွေပဲပေါ့၊ မင်းအဖေကို အဆိပ်ခတ်လုပ်ကြံတဲ့ လီတာကျွေပဲပေါ"

"တောက် ... ရိုင်းလိုက်လေ၊ အကြံပက်စက် ဆန်ကောလောက်မှ အောက်မနက်တဲ့လူပဲ၊ ကျုပ်ကတော့ ဦးကြီးဆိုပြီး အလေးအမြတ်ထားလို့"

"မထားနဲ့ ... မထားနဲ့၊ ထားရင် မှားမယ်၊ ဒေါ်လေးကိုပဲကြည့်၊ မင်းအဖေကို သတ်တဲ့လူလို့ ဘယ်သူက ထင်မှာလဲ"

"နေပါဦး ... ကျုပ်ကို ဒဏ်ကြီးဖြတ်ချတုန်းက ခြောက်ထောင့်ကြယ် လက်နက်ကလေးတစ်ခု ရထားပါတယ်၊ ခြောက်ထောင့်ကြယ်လက်နက်ဆိုတာ သိုင်းလောကမှာ အတွေ့ရနည်းပါတယ်၊ ဘကြီးလုရှုဟုန်တစ်ယောက်ပဲ ကိုင်တယ်လို့ ယူဆတယ်၊ အဲဒီလက်နက်နဲ့ ဘာဖြစ်လို့ ကျုပ်ကို လုပ်ကြံရတာလဲ"



ကျင်ရှာမွေးသည် အရှုပ်ထုပ်ကို အကုန်ဖော်ထုတ်တော့မည်ဟု ဆုံးဖြတ်ထားသလား မသိပေ။

"ဟင်း ... ဟင်း ... ဟင်း ... ဘယ်သူရှိရမလဲ၊ ဒီအရှုပ်ထုပ်ကြီးကို စတင်ကြံစည်တဲ့လူပဲပေါ့၊ သူက အစ်ကိုကြီး လုရှုဟုန်ရဲ့ ခြောက်ထောင့်ကြယ်ကို ခိုးထားတယ်လေ ...

"သူက အစ်ကိုကြီးလုရှုဟုန်က မင်းကို လုပ်ကြံတယ်လို့ ထင်အောင် လုပ်တာပေါ့၊ ဒါပေမယ့် ခြောက်ထောင့်ကြယ်ကို ပစ်ခတ်တဲ့ ပညာကလည်း ရှိသေးတယ်မဟုတ်လား၊ သူက ခြောက်ထောင့်ကြယ် ပစ်နိုင်အောင် သေသေချာချာ လေ့ကျင့်ထားတာ ..."

"ဟင် ..."

ဒေါသများသည် တန်ထင်ဟုန်၏ ငယ်ထိပ်သို့ တက်နေသည်။

"မင်းသိချင်တာတွေ ကုန်ပြီလား တန်ထင်ဟုန်"

တန်ထင်ဟုန်မှာ ဒေါသများ ငယ်ထိပ်သို့ တက်နေသဖြင့် ဘာတွေမေးရမှန်း မစဉ်းစားနိုင်ပေ။

သူသည် စိတ်ငြိမ်အောင် ကြိုးစားနေရ၏။

အတန်ကြာမှ ...

"ကျွန်တော် တစ်ခုသိချင်သေးတယ်၊ ကျုပ်ဆီက သိုင်းကျမ်းကို လုယူချင်တဲ့ သူတွေက ဘယ်သူတွေလဲ၊ အဲဒီလူတွေနဲ့ လူယုတ်မာကြီး လီတာကျွေနဲ့ ဘယ်လိုပတ်သက်သလဲ၊ နောက်ပြီး အဲဒီလူတွေ

က ကျုပ်အဖေဆီမှာ ဒီသိုင်းကျမ်း ရှိနေတယ်ဆိုတာ ဘယ်လိုသိရှိသွားတာလဲးဟင်”

တန်ထင်ဟုန်သည် တစ်ခု သိချင်သေးသည်ဟု ပြောသော်လည်း သုံးခုမျှကို ဆက်တိုက်မေးလေ၏။ သူသည် ဤ လျှို့ဝှက်ချက်များကို ခလုတ်တိုက်မိပြီး တွေးမိခြင်းဖြစ်သည်။

“ဟင်း ... ဟင်း ... ဟင်း”

ကျင်ရှာမွေးသည် ခြောက်ကပ်စွာ ရယ်နေ၏။

“ဘယ့်ရှိဦးမလဲ၊ မင်းအဖေရဲ့ အရင်းနှီးဆုံး အစ်ကိုကြီး၊ သူအင်မတန်ယုံကြည်တဲ့ လီတာကျွေပဲ ရှိတာပေါ့”

တရားခံ အားလုံးသည် တစ်ယောက်တည်း ဖြစ်နေကြောင်း တန်ထင်ဟုန် တွေ့လိုက်ရသဖြင့် သူ့ခေါင်းမှာ မည်သို့ဒေါသထွက်ရမည်ကို မသိနိုင်လောက်အောင် ဖြစ်သွားတော့သည်။

အဘယ်ကြောင့်ဆိုသော် သူ့ဖခင်ကို အဆိပ်ဖြင့် လုပ်ကြံသည်ဟု သိရသောအခါ သူသည် လီတာကျွေကို ဒေါသထွက်ရသည်။ သူသည် ဒဏ်ကြီးပြတ်ကျရန် လုပ်ကြံသည်ဟု သိရသောအခါလည်း လီတာကျွေကို ဒေါသဖြစ်ရပြန်သည်။

သူ့ဘကြီးအပေါ် အပြစ်ပုံချရန် ကြိုးစားသည်ဟု သိရပြန်သောအခါ၌လည်း သူသည် လီတာကျွေကို ဒေါသဖြစ်ရပြန်သည်။

နောက်ဆုံး သူ့သိုင်းကျမ်းကို လုယူရန် ကြံစည်သူမှာလည်း လီတာကျွေဟု သိရပြန်သောအခါ သူသည် ဒေါသမည်သို့ထွက်ရမှန်း မသိတော့ပေ။



“ဒီလူကြီးဟာ ဒီလောက်တောင် ယုတ်မာရသလားဗျာ၊ ယုတ်မာတာ ကမ်းကုန်နေပြီပဲ”

တန်ထင်ဟုန်သည် ညည်းလိုက်လေ၏။

“ဒေါ်လေး မှားခဲ့ပါတယ်၊ ဒေါ်လေးမှားတာက အချစ်ကြောင့်မှားတာပါ၊ သူကတော့ အားလုံးကို ယုတ်မာတဲ့အကြံနဲ့ မှားခဲ့တာပါ”

ထိုစဉ် ...

“ဟား ... ဟား ... ဟား”

သူတို့ရှိနေသည့် အခန်းဝ၌ လူတစ်ယောက် ရပ်လာလေ၏။ ထိုလူက အသံနက်ကြီးဖြင့် တဟားဟား အော်ရယ်နေလေတော့၏။

ထိုလူသည် ခေါင်းစွပ်အနက်ကြီးကို စွပ်ထားလေ၏။ တန်ထင်ဟုန်သည် မည်သူများဖြစ်နိုင်မည်နည်းဟု စဉ်းစားနေသည်။

ထိုသူက ...

“ငါက ဘယ်ကောင်နဲ့များ စခန်းသွားနေသလဲလို့ ဝင်ချောင်းတာ၊ အခုတော့ ယုန်ထောင်ကြောင်မိ ဖြစ်နေပါကလား၊ ငါ့မိန်းမတော်တယ်၊ ကြောင်ကိုမိအောင် ဖမ်းနိုင်တာ”

တန်ထင်ဟုန် သိလိုက်ရလေပြီ။ ဤသူကား လူယုတ်မာကြီး လီတာကျွေပင်တည်း။ လီတာကျွေသည် လက်ထဲမှဓားကို ယမ်း၍ ပြောနေလေ၏။

ကျင်ရှာမွေးမှာ ဘာမျှမပြောတော့ပေ။ သူမသည် စိတ်လျှော့လိုက်လေပြီ။

❋ ❋ ❋

## အခန်း(၇၇)
## လူယုတ်မာ၏ ပရိယာယ်

တန်ထင်ဟုန်က အော်လိုက်၏။

"လူယုတ်မာကြီး ..."

"ဟား ... ဟား ... ဟား ... ငါ့ကို လူယုတ်မာလို့ မပြောပါနဲ့၊ ငါ့ဘဝ ကောင်းစားရေးကို ငါလုပ်နေတာ၊ ငါ့ကို လူတော်လူကောင်းကြီးလို့ ပြောပါကွ"

"ဟင်း ... ဟင်း ... ဟင်း ... တကယ့် လူတော်လူကောင်းကြီးပဲ၊ ဖေဖေနဲ့ ဒေါ်လေးကျင်ရှာမွေးတို့ရဲ့ ချစ်ခြင်းကို ခွဲတဲ့ လူတော်လူကောင်းကြီး၊ ကျုပ်အဖေကို လုပ်ကြံတဲ့ လူတော်လူကောင်းကြီး၊ ကျုပ်ကို လုပ်ကြံတဲ့ လူတော်လူကောင်းကြီး၊ အပြစ်တွေကို ဘဘကြီးအပေါ် ပုံချချင်တဲ့ လူတော်လူကောင်းကြီး၊ ဖေဖေ ထားခဲ့တဲ့ သိုင်းကျမ်းကို သဲသဲမဲမဲလိုက်လုနေတဲ့ လူတော်လူကောင်းကြီး၊ အတော့်ကို အကြံကောင်း၊ ဉာဏ်ကောင်းနဲ့ လုပ်နေတဲ့ လူတော်လူကောင်းကြီးပါလားဗျာ"



တန်ထင်ဟုန်က လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောလေသည်။

"ကျုပ်တို့ဟာ ရန်သူက ကိုယ့်ကို မကောင်းကြံတာ၊ ယုတ်မာတာ၊ တိုက်ခိုက်တာ ခွင့်လွှတ်တယ်၊ ရန်သူဆိုတာ ဒီလိုလုပ်ကြံမှာပဲ၊ ကိုယ့်ညီအစ်ကိုလို လုပ်နေတဲ့လူ၊ ကိုယ့်ဦးကြီး ဦးလေးလို လုပ်နေတဲ့ လူက နောက်ကျောကို ဓားနဲ့ထိုးတာကိုတော့ ခွင့်မလွှတ်နိုင်ဘူးဗျ၊ ခင်ဗျားဟာ ကမ်းကုန်အောင် ယုတ်မာတဲ့လူပဲ"

ထိုအခါ လီတာကျွေက ရယ်မောလေ၏။

"ဟား ... ဟား ... ဟား ... မသေခင် ပြောထား၊ သေပြီးရင် စကားပြောလို့ မရတော့ဘူးကွ၊ မသေခင် ဝအောင်ပြော်ထားမှ မင်းသေပျော်မယ်"

တန်ထင်ဟုန်က ...

"ကျုပ်ဟာ သိုင်းပညာနဲ့ ဘယ်သူ့ကိုမှ မစော်ကားခဲ့ဘူး၊ မသတ်ဖြတ်သင့်တဲ့လူကို မသတ်ဖြတ်ခဲ့ဘူး၊ မကောင်းမှု ဒုစရိုက်သမားတွေကို နှိမ်နင်းခဲ့တယ်၊ လူယုတ်မာတွေကို သတ်ဖြတ်သုတ်သင်ခဲ့တယ်၊ ကျုပ်က တောမှာနေတဲ့သူပါ၊ ခင်ဗျားကတော့ မင်းနေပြည်တော်မှာနေပြီး သူများချစ်ခြင်းကို ခွဲတယ်၊ လူကိုသတ်တယ်၊ လုပ်ကြံတယ်၊ သူခိုးကျင့်သူခိုးကြံ ကြံတယ်၊ အင်မတန် ရှက်စရာကောင်းတာပဲ"

"ဟား ... ဟား ... ဟား ... မင်း ရှက်ဖို့မလိုဘူးကွ၊ ယောဒီက ငါအင်မတန် ချစ်လှစွာသော ဖနီးသည်နဲ့ မင်းတို့နှစ်ယောက်ကို

တာမလွန်ပို့ဖို့ ငါ ဆုံးဖြတ်ထားတယ်၊ အဲဒီတော့ မင်း ရှက်စရာမလို တော့ဘူးပေါ့ကွာ"

"ဟင်း ... ဟင်း ... ဟင်း ... ခင်ဗျား ဒီလိုပြောရုံနဲ့ ကျုပ်တို့ သေသွားမှာမှ မဟုတ်ဘဲ၊ ခင်ဗျား သတိပြုမိဖို့ကောင်းတယ်၊ ခင်ဗျား ရင်ဆိုင်တွေ့နေတဲ့လူဟာ သာမန်လူမဟုတ်ဘူး၊ သိုင်းလောကရဲ့ ဓားဘုရင်ဆိုတာ ခင်ဗျားသိဖို့ ကောင်းတယ်"

"အေး ... အဲဒီ ဓားဘုရင်ကို သချိုင်းအရင်ပို့မယ်ကွ"

"ဝိုး ..."

"ဖျပ် ..."

လီတာကျေ၏ ဓားသည် တန်ထင်ဟုန်၏ ဦးခေါင်းပေါ်သို့ ကျလာလေ၏။

သို့သော် ...

တန်ထင်ဟုန်က ထိုဓားကို လက်ဝါးနှစ်ဖက်ဖြင့် ညှပ်လိုက်ပါသည်။ ဤသို့ ပြုလုပ်နိုင်စွမ်းရှိသည့် သိုင်းသမားမှာ များများမရှိပါ။

လက်ချိုး၍ ရေတွက်နိုင်လောက်ပါသည်။

တန်ထင်ဟုန်သည် သိုင်းလောက၏ဓားဘုရင်မဟုတ်ပါလော။

လီတာကျေ အံ့သြသွားသည်။ ခုတ်လိုက်သည့်ဓားကို လက်နှင့် ညှပ်ဖမ်းသည်မှာ အံ့သြစရာပင် မဟုတ်ပါလား။

သူသည် ဓားကို ဆွဲနုတ်လိုက်၏။ ဓားသည် ထွက်မလာချေ။ တိုးသွင်းလိုက်သည်။ ကျောက်စိုင် ကျောက်သားထဲ ညှပ်နေသည့် ဓားပမာ ထိုးသွင်း၍မရဘဲ ဖြစ်နေလေသည်။



"ဓားကို ဒီထက်ပိုပြီး 'လွှပ်ရှားကြည့်ပါဦးဗျာ၊ ခင်ဗျားမှာ အင်အားတွေ ရှိနေတာပဲ"

လီတာကျေသည် ဘေးနှစ်ဖက်သို့ ယမ်းပြီး ဓားကိုထုတ်သည်။ ဓားသည် လုံးဝလှုပ်ရှား၍မရချေ။

လီတာကျေသည် လှံသိုင်းပညာ၌ တော်သည်ဟု အားလုံးက အသိအမှတ်ပြုထားကြသည်။ တကယ်တော့ သူသည် ဓားသိုင်းပညာ တွင်လည်း အစ်ကိုကြီး လုရှုဟုန်လောက် တော်ပေသည်။

ထိုသည်ကို မည်သူမျှမသိချေ။ သို့သော် တန်ထင်ဟုန်အဖို့ ထိုဓားသိုင်းပညာသည် အသေးအဖွဲပင် ဖြစ်သည်။

လီတာကျေ ချွေးသီးချွေးပေါက်ကြီးများ ကျလာလေသည်။

တန်ထင်ဟုန်သည် ညှပ်ထားသည့် ဓားကိုဖြေလျှော့ပေးလိုက်၏။ ထိုအခါမှ သူသည် ဓားကိုဆွဲနုတ်၍ ရသွားလေသည်။

"မင်းက တော်တော်စွမ်းနေတယ်ပေါ့လေ"

လီတာကျေသည် မျက်နှာဖုံးစွပ်ကြီးကို လွှင့်ပစ်လိုက်၏။ လီတာကျေ မျက်နှာကြီး ပေါ်လာသည်။ သူသည် တန်ထင်ဟုန်ကို အလွန်ဒေါသထွက်နေသည်။

"မင်း ရှောင်နိုင်ရင် ရှောင်စမ်း"

"ရွှမ်း ... ရွှမ်း ... ရွှမ်း"

လီတာကျေသည် တန်ထင်ဟုန်ကို ထိုးခုတ်လေတော့၏။ သူတို့၏ ခုတင်တိုင်များသည် လီတာကျေ၏ ဓားချက်ကြောင့် ပြတ်ကျကုန်သည်။

တန်ထင်ဟုန်မှာ လီတာကျွေ၏ ဓားချက်များကို ခုန်ရှောင်သည်။ သူသည် လီတာကျွေကို ပြန်လည်မတိုက်ခိုက်ဘဲ ရှောင်ရှားရှောင်နေသည်။

"ဗိုး ... ဝှစ် ... ဝှစ်"

"ရှမ်း ... ရှမ်း ... ရှမ်း"

လီတာကျွေသည် အတင်းခုတ်နေဆဲဖြစ်သည်။ တစ်ကြိမ်တွင် တန်ထင်ဟုန်သည် ချောင်ပိတ်မိသွားသည်။ ထိုအခါ လီတာကျွေအားရပါးရ ရယ်မောလေ၏။

"ဟား ... ဟား ... ဟား ... ရှောင်ပါဦးလား၊ သေရွာသွားမယ့်ကောင်လေးရ၊ မင်းဘယ်လိုရှောင်ရှောင် သေရွာတော့ သွားရမှာပါ"

သူသည် အောင်နိုင်သူ့ကဲ့သို့ ရယ်မောနေသည်။ တကယ်တော့ သူသည် တန်ထင်ဟုန်ကို အရေပြားခြစ်မိရုံပင် ဒဏ်ရာမရနိုင်သေးချေ။

"ခင်ဗျား ရယ်မနေပါနဲ့၊ ခင်ဗျား ကျုပ်ကို ဘာဒဏ်ရာမှ မရနိုင်သေးဘူးဆိုတာ သတိထားပါဦး၊ ခင်ဗျား ဘာကြောင့် ရယ်တာဆိုတာ ကျုပ် စဉ်းစားလို့မရအောင် ဖြစ်နေတယ်"

"ဟား ... ဟား ... ဟား ... မင်းချောင်ပိတ်မိနေလို့ ရယ်တာပေါ့ကွ၊ ချောင်ပိတ်မမိရင် ငါရယ်ပါ့မလား၊ ရယ်ရင် အရှုံးဖြစ်သွားမှာပေါ့"

"ခင်ဗျားရူးနေသလား၊ သိုင်းလောကမှာ ချောင်ပိတ်တယ်ဆိုတာ မရှိဘူး၊ လက်နက်လွတ်ကျရင် လွတ်ကျ၊ လက်နက်မလွတ်ကျရင် သတ်နိုင်မှ နိုင်တာဗျ၊ ခင်ဗျား ဘာမှမလုပ်နိုင်သေးဘူး"



လီတာကျွေသည် စကားများနေခိုက် တန်ထင်ဟုန်၏ လည်မျိုဆီသို့ ဓားကိုထိုးသွင်းလိုက်၏။ သူ တကယ်ထိုးသည့် နေရာမှာ လည်မျိုမဟုတ်ချေ။ တန်ထင်ဟုန်၏ ရင်ဘတ်သို့ ဖြစ်သည်။

ယောင်ပြတိုက်ခိုက်ခြင်း ဖြစ်သည်။

တန်ထင်ဟုန်သည် လဏာတာကျွေ၏ ဓားပရိယာယ်ကို သိသည်။ ဓားသည် လည်မျိုဆီမှ ဖျတ်ခနဲ လမ်းကြောင်းပြောင်းပြီး ရင်ဘတ်ဆီသို့ဝင်လာသောအခါကိုယ်တစ်ခြမ်းစောင်း၍ရှောင်လိုက်၏။

သူ၏ညာခြေထောက်သည် ဝုန်းခနဲ မြောက်တက်သွားလေ၏။

"ဝုန်း ..."

ကန်ချက်က အလွန်ပြင်းထန်သည်။ လီတာကျွေ မြောက်တက်ပြီး အပေါက်ဝသို့ လွင့်စဉ်သွားသည်။ သို့သော် လီတာကျွေသည် အလွန် လျင်မြန်စွာ ခုန်ထနိုင်လေ၏။

ထိုအချိန်၌ လီတာကျွေအား ခုခံရန် တန်ထင်ဟုန်သည် ခုတင်ဘေးမှ သူ့ဓားနှစ်လက်ကို ရရှိသွားချေပြီ။ ဓားရိုးလက်ကိုင်အနက် ဓားနှစ်လက်သည် တန်ထင်ဟုန်၏ လက်ထဲသို့ စေးစေးပိုင်ပိုင် ရောက်ရှိသွား၏။

လီတာကျွေမှ မသေလျှင် အဘယ်သူ သေအံ့တော့နည်း။ ဓားပညာတွင် တန်ထင်ဟုန်က သာလွန်ပေသည်။

❆ ❆ ❆

## အခန်း(၇၈)
## အသေအကျေတိုက်ပွဲ

တန်ထင်ဟုန်က အေးစက်စက်ပြုံး၍ ...

"ခင်ဗျား ဓားကို လက်နှစ်ဖက်နဲ့ ဖမ်းမိတဲ့ပညာကို ခင်ဗျား ရပြီလားဗျာ"

"ဟေ့ကောင် ... ဓားကို လက်နဲ့ဖမ်းမှ သိုင်းပညာတတ်တာ မဟုတ်ဘူး၊ ငါ့ဓားကို မင်း ခုခံနိုင်ရင် မဆိုးဘူး၊ မခုခံနိုင်ရင်တော့ မင်းအသေပဲ၊ ဓားပညာဟာ အသေသတ်နိုင်မှု မသတ်နိုင်မှုအပေါ်မှာ မူတည်တယ်"

"ခင်ဗျားသိတဲ့ ဓားပညာရဲ့ အနှစ်သာရဟာ ဒါပဲလား"

"မင်း ဘာသိလဲ၊ ငါသိတာကတော့ ဒါပဲ၊ ဘာမှ မင်းအပို မပြောနဲ့၊ ငါ့ဓားကို ခုခံနိုင်ရင် ခုခံ၊ ဒါပဲ"

"ဝှီး ... ဝှီး ... ဝှီး"

လီတာကျေ့သည် တန်ထင်ဟုန်အား တိုက်ခိုက်လေ၏။ တကယ်တိုက်သောအခါ လီတာကျေ့သည် အတော်တိုက်နိုင်သည်။ သူ၏အတွေ့အကြုံကြောင့် ဖြစ်သည်။



"ခင်ဗျားကြီးလက်ထဲကို မုန်တိုင်းဓားစကြာသိုင်းမဟာကျမ်း ရောက်မသွားတာဘဲ ကံကောင်းတယ်၊ သိုင်းကျမ်းကြီးသာ ခင်ဗျား လက်ထဲရောက်သွားရင် သိုင်းလောကတစ်ခုလုံးကံဆိုးမိုးမှောင်ကျမှာပဲ၊ ခင်ဗျားလိုလူမျိုးဟာ အဖေ အမေကိုတောင် ပြန်သတ်မယ့် လူမျိုး"

ထိုစဉ် လီတာကျေ့က လျှပ်တစ်ပြက် ဓားကိုထိုးသွင်းလိုက်ရာ တန်ထင်ဟုန် ရှောင်တိမ်းပေးလိုက်ရလေ၏။ ထိုစဉ် မျက်နှာဖုံးစွပ် ဓားသမား နှစ်ယောက်သည် ခုန်ဝင်လာလေ၏။

လီတာကျေ့ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... ငါ့ကောင်တွေ ရောက်လာပြီ၊ မင်း ခုခံနိုင်ရင် ခုခံစမ်း"

မျက်နှာဖုံးစွပ် နှစ်ယောက်သည် လီတာကျေ့နှင့်အတူ ဝင်ရောက်တိုက်ခိုက်တော့သည်။

ကျင်ရှာမွေးကား သေလူကဲ့သို့ ဖြစ်နေသည်။ မျက်နှာသုတ်ပဝါကြီး ခြုံပြီး တိုက်ခိုက်နေသူများကို ငေးကြည့်နေ၏။

သူမသည် ထိုသူများကို မြင်ပုံလည်းမရပါ။ သောကများသည် အယောင်းကအသစ်ဖြစ်ပြီး သူမ၏ငယ်ထိပ်သို့ တက်ဆောင့်နေသည်။ အတိတ်က အမှားသည် သူမ၏ဘဝကို ဝါးမျိုသွားလေပြီ။

လီတာကျေ့တို့ သုံးယောက်သည် တန်ထင်ဟုန်ကို ဖိုခုံလောက်ဆိုင် ဝိုင်းထားလေ၏။

"မင်းအဖမ်းခံရင် မင်းအသက်ကို ချမ်းသာပေးမယ်"

"ဘာလဲ ... သိုင်းကျမ်းကြီး ဘယ်မှာထားသလဲဆိုတာ စစ်

မေးမလို့ မဟုတ်လား၊ သိုင်းကျမ်းရှိတဲ့နေရာကို သိပြီးရင် ကျုပ်ကို သတ်ပစ်မှာပဲ မဟုတ်လား"

"မင်း ... တယ်ပြီး အရိပ်ပြ အကောင်ထင်တဲ့ ကောင်ပဲကိုး အင်း ... မင်း အသက်ရှင်လာတာ ကံကောင်းတယ်၊ ငါက မြစ်ထဲ ကျသွားပြီထင်နေတာ၊ မင်းက မင်းအဖေနဲ့တော့ မတူဘူး၊ ကံသိပ် ကောင်းတဲ့ ကောင်ပဲ"

"ကံကောင်းတာတော့ မပြောနဲ့၊ အခုလည်း အမှတ်မထင် ခင်ဗျားရဲ့ ယုတ်မာယက်စက်မှုတွေကို သိလိုက်ရတယ်၊ ဒီလိုအမှတ် မထင် မကြုံရရင် ကျုပ်ဟာ သိုင်းလောကထဲမှာ တရားခံကို ဘယ် လောက် နှစ်တွေကြာအောင် ရှာဖွေနေမိမလဲမသိဘူး၊ ခုတ်ရာတခြား ရှရာတခြား ဖြစ်နေမှာပဲ"

တန်ထင်ဟုန်က ဆက်မေးလိုက်၏။

"ကျုပ်အဖေကိုသတ်တဲ့ကိစ္စမှာ ဒေါ်လေးကျင်မွေးကိုယူချင်လို့ သတ်တယ်တို့ ဖြေစရာရှိပါတယ်၊ ခင်ဗျားဟာ သိုင်းလောကထဲ မဝင်၊ သိုင်းလောကကိုလည်း အထင်မကြီး၊ ဘာဖြစ်လို့ မုန်တိုင်းဓား စကြာ မဟာကျမ်းကြီးကို လိုချင်နေရတာလဲ၊ ဒီသိုင်းပညာတတ်လို့ လည်း နေပြည်တော်မှာ ခင်ဗျားကို ဘယ်သူမှ အထင်မကြီးပါဘူး"

"ဟား ... ဟား ... ဟား ... ဒါက မင်းအမြင်ကိုး၊ ငါလည်း အဲဒီသိုင်းကျမ်းကြီးကိုရရင် သိုင်းလောကထဲကို ခြေစုံပစ်ဝင်ရမှာပါ၊ သိုင်းလောကရဲ့ ဓားဘုရင် လုပ်ပြရမှာပါ၊ သိုင်းလောကကိုလည်း သန့်စင်ပေးမှာပါ"



"ဟား ... ဟား ... ဟား ... အထက်လမ်းသိုင်းသမားတွေ ဆိုရင် သတ်၊ အောက်လမ်းသိုင်းသမားတွေကို အပေါ်တင်၊ အဲဒီလို လုပ်မှာမဟုတ်လား လူယုတ်မာကြီးရယ် ...

"ခင်ဗျားလုပ်ခဲ့တဲ့ အတိတ်ကလုပ်ရပ်တွေကိုပဲ ကြည့်ပါဦး၊ မှန်ကန်ရဲ့လား၊ တော်တည့်ဖြောင့်မတ်ရဲ့လားလို့၊ လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေပါနဲ့"

"ကဲ ... သိုင်းကျမ်းကြီး ဘယ်မှာထားသလဲဆိုတာကိုသာ မင်း ပြောပါကွာ၊ မင်းကို ငါမသတ်ဘဲ ငါခွင့်လွှတ်မှာပါ"

"ကျုပ် စကားကို ရှည်ရှည်မပြောချင်ဘူး၊ ခင်ဗျား ကျုပ်ကို သတ်နိုင်ရင်တော့ သိုင်းကျမ်းဘယ်မှာလဲဆိုတာ သိရမယ်၊ နို့မို့လို့က တော့ ဘယ်တော့မှ မသိရဘူး"

"ကဲ ..."

လီတာကျွေသည် သူ့တပည့်နှစ်ယောက်ကို အချက်ပြလိုက် သည်။

ထိုအခါ ဓားသမားနှစ်ယောက်သည် ဘေးမှပန်း၍ တိုက်ကြ သည်။ အလယ်ကြောင်းမှ လီတာကျွေက တိုက်သည်။ သူတို့၏ ပူးပေါင်းတိုက်ကွက်သည် မဆိုးလှပေ။

သူတို့ တကယ် လေ့ကျင့်ထားကြပုံရသည်။

အလယ်မှ လီတာကျွေ ထိုးသွင်းတိုက်ခိုက်သဖြင့် ရှောင်တိမ်း မည့် နေရာများကို ဘေးနှစ်ဖက်မှ ဝိုင်းတိုက်ကြသည်။ ဦးဆောင် မှု တိုက်သူမှာ လီတာကျွေဖြစ်သည်။

ဘေးမှ နှစ်ယောက်မှာ အရန်သာဖြစ်သည်။

လီတာကျွေသည် အတွေ့အကြုံများသူ ဝါရင့်သိုင်းသမားကြီ ဖြစ်၍ တန်ထင်ဟုန်ကို ထိန်း၍တိုက်နိုင်သည်။ ဘေးမှ သူ့တပည် ဓားသမားကလည်း မဆိုးပေ။

ဝိုင်းရံတိုက်ခိုက်နိုင်သည်။ အတော်ကြာကြာ တိုက်လာသော အခါ တန်ထင်ဟုန်သည် အချိန်ဆွဲ၍ မတိုက်သင့်ကြောင်း သဘော ပေါက်လာတော့၏။

"ကဲ ... ကျုပ်တိုက်ပြီ၊ ခင်ဗျားတို့ ခုခံနိုင်ရင် ခုခံကြပေတော့"

တန်ထင်ဟုန်သည် စကားဆုံးသည်နှင့် အပြင်းအထန် တိုက် ခိုက်တော့၏။ ဓားနှစ်လက်သည် သူ၏ဓားရိပ် မမြင်ရတော့ချေ။

ထိုအခါ လီတာကျွေနှင့် သူ့တပည့်နှစ်ယောက်တို့သည် အသေ အလဲ ခုခံကြရတော့သည်။

"ခင်ဗျားတို့ အသက်ကို ဖက်နဲ့ထုပ်ထားကြပေတော့ ..."

တန်ထင်ဟုန်၏ဓားသည် မုန်တိုင်းမွှေသလို မွှေသွားသည်။

"အား ..."

သူ့တပည့်နှစ်ယောက်သည် ဝုန်းခနဲ ပြိုလဲကျသွား၏။ လီတာ ကျွေသည် တစ်ယောက်ကျသွားသဖြင့် ပို၍အားထုတ်ခုခံရတော့သည်။

သို့သော် တန်ထင်ဟုန်၏ တိုက်စစ်ကို သူသည် တာရှည်မခုခံ နိုင်ချေ။

"အား ..."

ဒုတိယ တပည့်သည်လည်း သေဆုံးသွားပြန်၏။ ထိုစဉ်



လီတာကျွေသည် အပေါက်ဝသို့ ရောက်သွားလေပြီ။ သူ ပြေးနိုင်မှ လွတ်တော့မည်။

သို့သော် တန်ထင်ဟုန်ထံမှ လွတ်အောင်ပြေးနိုင်ရန်မှာ မလွယ် ချေ။

လီတာကျွေမှာ အမောဆိုက်နေလေပြီ။

တန်ထင်ဟုန်၏ တိုက်ကွက်များမှာ မုန်တိုင်းတိုက်သကဲ့သို့ ပြင်းထန်လှသည်။

"ဘယ့်နှယ်လဲ လူယုတ်မာကြီး၊ ခင်ဗျားကို ကျုပ် အခွင့်အရေး ပေးမယ်၊ ခင်ဗျားလုပ်ခဲ့တဲ့ မိုက်ပြစ်တွေအတွက် ဂုဏ်သရေရှိရှိ ကိုယ့် ကိုယ်ကို သတ်သေခွင့်ပြုမယ်၊ ဘယ့်နှယ်လဲ"

ထိုအခါ လီတာကျွေက မဲ့ပြုံး ပြုံးလေ၏။

"မင်းပဲ ငါ့ကို သတ်နိုင်အောင် ကြိုးစားစမ်းပါဦး၊ အပြောကြီး မနေနဲ့၊ လက်တွေ့သတ်နိုင်မှ မင်းနိုင်မှာပါ၊ မင်းသတ်နိုင်အောင် ကြိုးစားလေ၊ ဟဲ ... ဟဲ ... ဟဲ ... ငါကတော့ ကိုယ့်ကိုယ်ကို သတ် မသေဘူးကွ၊ ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာ အရူးတွေလုပ် တာ"

"ဒီလိုဆိုရင် ခင်ဗျား သေဖို့သာ ပြင်ပေတော့၊ ကျုပ် အဖေ အတွက်၊ ကျုပ်အတွက်၊ ကျုပ်ဘကြီးအတွက် ခင်ဗျားကို လက်စား ချေ သတ်ရတော့မယ်၊ ကဲ ..."

တန်ထင်ဟုန် တိုက်ရန် ကြံစည်လိုက်စဉ်မှာပင် အောက်မှ အော်သံကြားလိုက်ရသည်။

"ဒေါ်လေး ကျင်ရှာမွေးရေ လုဝမ်ရင်းတို့ လာပြီ"

ထိုအသံကြောင့် အားလုံး ကြက်သေ သေသွားလေ၏။

❋ ❋ ❋

## အခန်း(၇၉)

## ထွက်ပြေး လွတ်မြောက်ခြင်း

အိမ်ဝမှ မမျှော်လင့်သော အသံ ကြားလိုက်ရသောအခါ တွေဝေနေသော ကျင်ရှာမွေးသည် ဆတ်ခနဲဖြစ်သွားလေသည်။

သူသည် အခန်းဝသို့ လှမ်းကြည့်လေ၏။

တိုက်ခိုက်ရန် ဟန်ပြင်နေသော တန်ထင်ဟုန်မှာလည်း မတိုက်နိုင်တော့ဘဲ ဓားကြီးကိုမြှောက်လျက် အခန်းဝသို့ လှမ်းကြည့်မိသည်။

အပြင်မှ အော်သံအရ လုဝမ်ရင်းနှင့် သူမ၏ဖခင်ကြယ်ပစ်ဝိဇ္ဇာ လုရှုဟုန်တို့ လာကြခြင်းဖြစ်ပေလိမ့်မည်။

လုဝမ်ရင်းသည် ဒေါ်လေး ကျင်ရှာမွေးကို တွေ့ဆုံရန် အခန်းတွင်းသို့ ပြေးဝင်လာလေ၏။

ထိုအခါ လီတာကျွေက လျှပ်တစ်ပြက် လှုပ်ရှားလိုက်သည်။

"အို ..."

"ဟာ ..."

မြင်ရသည့်မြင်ကွင်းကား စိတ်မသက်သာစရာကောင်းလှသည်။ စောစော ငေးငိုင်တွေဝေနေသော ကျင်ရှာမွေးသည်ပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

တန်ထင်ဟုန်မှာလည်း တုန်လှုပ်ချောက်ချားသွားသည်။

တန်ထင်ဟုန်မှာ မည်မျှ စိတ်လှုပ်ရှားသွားသနည်းဆိုသော် သူတစ်ကြိမ်တစ်ခါမျှ လွှတ်မချဘူးသည့် သူ၏ဓားနှစ်လက်ကိုပင် လွှတ်ချမိသည်။

လီတာကျွေ့သည် မည်သည့်အပြုအမူများ ပြုလုပ်လိုက်သနည်း။ လီတာကျွေ့ လုပ်သည်မှာ လွယ်လွယ်ကလေးပင်ဖြစ်ပါသည်။

ပြေးဝင်လာသည့် လုဝမ်ရင်းကို ဖမ်းဆွဲလိုက်ပြီး လည်ပင်းပေါ် ဓားတင်လိုက်ခြင်း ဖြစ်ပါသည်။

လုဝမ်ရင်းသာ သိုင်းပညာတတ်မြောက်သူဖြစ်လျှင် လီတာကျွေ့ ဤသို့ပြုလုပ်နိုင်မည် မဟုတ်ပါ။ လုဝမ်ရင်းမှာ နူးညံ့သိမ်မွေ့သူဖြစ်ပြီး ငယ်ငယ်ကတည်းက ဗိုင်းကောင်းကျောက်ဖိ နေခဲ့သူဖြစ်ပြီး ငယ်ငယ်ကတည်းက သိုင်းပညာကို လုံးဝ သင်ယူခဲ့သူ မဟုတ်ပါပေ။

ထို့ကြောင့်လည်း လီတာကျွေ့က အလွယ်တကူ ဓားစာခံလုပ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

"ဖေဖေ ... ဖေဖေ လုပ်ပါဦး၊ ဒေါ်လေးကျင်မွေးရေ လုပ်ပါဦး"

လုဝမ်ရင်းက အလန့်တကြား အော်လေ၏။

သူမ၏ဖြစ်ပုံမှာ လန့်လည်း လန့်လောက်စရာ ဖြစ်ပါသည်။

လုဝမ်ရင်း၏ အော်သံကြောင့် လုရှုဟုန်မှာ ဒရောသောပါးနှင့်



ပြေးဝင်လာ၏။

သူ၏သမီးကို ဓားစာခံပြုလုပ်ထားသည်ကို တွေ့ရ၏။ ပထမ၌ မည်သူမှန်း မသိသေးသော်လည်း နောက်၌ လီတာကျွေ့ဖြစ်မှန်း သိလိုက်ရသည်။

"ဟော ... ဟော ... လီတာကျွေ့၊ မင်းဖမ်းလိုက်တဲ့လူဟာ ဘယ်သူလဲဆိုတာ ကြည့်ပါဦး၊ မင်းတူမပါကွာ၊ မင်းတူမ လုဝမ်ရင်းလေ၊ သတိထားပါဦးကွ"

လုရှုဟုန်သည် တကယ့် အဖြစ်အပျက်များကို မသိသေးပေ။ အတိတ်ဘဝ၌ လီတာကျွေ့ ကောက်ကျစ်ယုတ်မာမှုများကို မသိသေးပေ။

တန်ထင်လင်းကိုလုပ်ကြံခြင်း၊ တန်တင်ဟုန်အား သေကြောင်းကြံခြင်း၊ ထိုအပြစ်များကို သူ့အပေါ်ပုံချရန် ကြိုးစားခြင်းနှင့် သိုင်းကျမ်းယူရန် ကြံစည်ခြင်းတို့ကို မသိသေးပေ။

သိုင်းလေးဖော်က အသင်းအပင်းဝင် လီတာကျွေ့ဟူ၍သာ သိရှိနေသည်။

"ဘာတူမလဲ၊ ဘာသိုင်းလေးဖော်လဲ၊ ကျုပ်မှာ ဘယ်ညီအစ်ကို မောင်နှမမှ မရှိဘူး"

"ဟ ... ဟ ... လီတာကျွေ့၊ မင်း ဘယ်လိုဖြစ်နေတာလဲ"

"ဘယ်လိုမှ မဖြစ်ဘူး၊ ခင်ဗျားတို့ ရှေ့မတိုးနဲ့၊ ရှေ့တိုးတာနဲ့ ခင်ဗျားတို့ သမီး သေသွားမယ်"

ထိုအခါကျမှ တန်ထင်ဟုန်မှာ လှုပ်လှုပ်ရှားရှားဖြစ်လာတော့

သည်။ လုရှုဟုန်အား အခြေအနေကို အတိုချုပ်၍ ရှင်းပြရတော့သည်။

"ဒီလို ဘာဘရဲ့၊ အခု ဒီလူယုတ်မာကြီးဟာ ဖေဖေနဲ့ ဒေါ်လေး ကျင်မွေးတို့ရဲ့ ချစ်ခြင်းကို ခွဲတဲ့ လူယုတ်မာကြီး၊ ဖေဖေ့ကို သတ်တဲ့ လူယုတ်မာကြီး၊ ကျွန်တော့်ကို ရေထဲပြုတ်ကျအောင် ဒန်းကြိုးကို ဖြတ်ချတဲ့ လူယုတ်မာကြီး၊ အဲဒီ ဒန်းကြိုးပြုတ်ကျအောင်လည်း ဘာဘကြီးရဲ့ ခြောက်ထောင့်ကြယ်ကို ခိုးယူပြီး ဘာဘကြီးက ပစ်တယ်လို့ ထင်ရအောင် ဘာဘကြီးကို ချောက်ချတဲ့ လူယုတ်မာကြီး၊ ဖေဖေ ထားခဲ့တဲ့ သိုင်းကျမ်းကို ခိုးရအောင် လုပ်နေတဲ့ လူယုတ်မာကြီးဟာ လည်းသူပါပဲ၊ အခု လုဝမ်ရင်းကို ဓားစာခံလုပ်တာ သူ့အဖို့ ဘာခက်မှာလဲ၊ ဒီထက်ယုတ်မာတဲ့အမှုတွေတောင် လုပ်ခဲ့သေးတာပဲ၊ ဘာဘကြီး အဲဒါတွေ ပြန်မမေးနဲ့၊ သူ့မိန်းမ ဒေါ်လေးကျင်မွေးက ပြောပြလို့ ကျွန်တော် သိရတာ"

"ဘာ..."

လုရှုဟုန်မှာ သူ့နားကို သူမယုံနိုင်လောက်အောင် ဖြစ်သွားမိသည်။

လီတာကျွေကိုလည်း တစ်ကြိမ်တစ်ခါမျှ မသိရသေးသည့် လူတစ်ဦးအလား ငေးကြည့်နေမိသည်။

အတန်ကြာ၌...

"ဟုတ်... ဟုတ်ရဲ့လားကွာ"

တန်ထင်ဟုန် သက်ပြင်းချလိုက်၏။

"ဟုတ်ရဲ့လားလို့ မမေးနဲ့၊ ဘာဘကြီး သမီး သေတော့မယ်၊



သူ့လက်ထဲမှာ ဓားစာခံ ဖြစ်နေပြီ"

လုရှုဟုန် ဆတ်ခနဲဖြစ်သွားသည်။ မှန်သည်။ လီတာကျွေသည် သမီး လုဝမ်ရင်းကို လည်ပင်းဓားတင်ထားပြီ မဟုတ်ပါလား။

"ဟဲ့ ကောင်မလေး ငြိမ်ငြိမ်နေစမ်း၊ နင့်ရည်းစား ကျန်တိတ်ကို ငါလည်ပင်းနင်းသတ်ခဲ့တာ မှတ်မိတယ်မဟုတ်လား၊ နင့်ကျတော့ လည်ပင်းပြတ်သွားအောင် လှီးပစ်လိုက်ရမလား၊ ငြိမ်ငြိမ်နေ၊ နင့်အဖေနဲ့ နင့်အစ်ကိုလည်း ဘာမှမတတ်နိုင်တော့ဘူး"

လုရှုဟုန်မှာ အံ့သြသွားလေ၏။ သူသည် အားလုံးကို မသိသေး ပေ။

"မင်း... မင်း... မင်း ဟိုကျန်တိတ်ဆိုတဲ့ ကောင်လေးကို သတ်လိုက်တာ မင်း... မင်းလား"

ထိုအခါ တန်ထင်ဟုန်က ဝင်၍ ရှင်းပြလိုက်ရ၏။

"ဟုတ်ပါတယ် ဘာဘကြီးရယ်၊ သူ သတ်လိုက်တာပါ၊ နဂါးပျံဂိုဏ်းချုပ်ကြီးဆိုတာ သူပါပဲ"

ထိုအခါ လီတာကျွေက တဟားဟား ရယ်လိုက်လေသည်။

"ဟုတ်တယ်... မင်းတို့အားလုံးကိုလည်း ငါသတ်ပစ်ဖို့ စီစဉ်ထားပြီးပြီကွ၊ ဘာဖြစ်လို့ မင်းတို့ကို မသတ်သေးဘဲ ငါ စောင့်ကြည့်နေတယ်ဆိုတာ မင်းတို့သိသလား"

"ဘာလဲ... သိုင်းကျမ်း ခင်ဗျားလက်ထဲ မရောက်သေးလို့ လား"

တန်ထင်ဟုန်က ဖျတ်ခနဲ မေးလိုက်၏။

"ဟင်း ... ဟင်း ... မင်းက တကယ်ပါးနပ်တဲ့ ကောင်ပဲ၊ မင်းက အမြဲပဲ ကြိုသိနေတာပဲ"

"မသိပါဘူးဗျာ၊ မသိလို့လည်း ခင်ဗျား ဒီလောက် အသက်ရှည်နေတာပေါ့"

"မင်း မသိနိုင်ပါဘူး၊ ဘယ်လိုမှမသိနိုင်ပါဘူး၊ ဒီကောင်မနှုတ်မလုံလို့သာ မင်းသိရတာပါ၊ နို့မို့ဆိုရင် မင်းသာ သေသွားမယ်၊ သိခွင့်တော့ ရလိုက်မှာမဟုတ်ဘူး၊ ကဲ ... ပြောစမ်း၊ သိုင်းကျမ်း ဘယ်မှာထားသလဲ၊ မှန်မှန်ပြောနော်၊ မပြောရင်း မင်းချစ်တဲ့ ညီမလေး သေသွားမယ်"

လီတာကျွေသည် သိုင်းကျမ်းကို မရမက မေးမြန်းနေလေသည်။

ထိုစဉ် ...

"ခင်ဗျား ဒီသိုင်းကျမ်းကို လိုချင်လိမ့်မယ်ဆိုတာသိလို့ ကျုပ်ကိုယ်တိုင် လာပို့တာပဲ နောင်ကြီး လီတာကျွေ"

လီတာကျွေသည် နောက်ဘက်သို့ ရုတ်ခနဲ လှည့်ကြည့်လိုက်၏။ နောက်ကျောဌ် ခက်ရင်းခွကြီးသည် လာရောက်ထောက်နေလေ၏။

ရှေ့၌ လုဝမ့်ရင်း၏ လည်ပင်းကို ဓားတင်ထားသလို သူ့ကျောဌ် ခက်ရင်းခွကြီး လာထောက်နေလေပြီ။

လုချူကွီးက ရှည်လျားစွာ ပြောလေ၏။



"ကျုပ် အိမ်ပြင်က နားထောင်နေတယ်၊ ခင်ဗျားတို့ ပြောစကားတွေကို ကျုပ် အားလုံး နားထောင်ပြီးပါပြီ၊ ခင်ဗျားဟာ အတော့်ကို တော်တဲ့လူပဲ၊ သိုင်းကျမ်းကိုတောင် ခင်ဗျား ရလုနီးနီး ဖြစ်သွားခဲ့တယ်၊ သိုင်းလောက ကံကောင်းချင်တော့ ခင်ဗျားလူ ကျန်တိတ်က ခင်ဗျားကို သစ္စာဖောက်သွားခဲ့တယ်၊ ခင်ဗျားလည်း သိလျက်နဲ့ ကျန်တိတ်လက်ထဲက သိုင်းကျမ်းကို အရမယူနိုင်ခဲ့ဘူး၊ အဲဒီသိုင်းကျမ်းကို ခင်ဗျားကို ပေးဖို့လာတာပါပဲ၊ သိုင်းကျမ်းက ပျောက်သွားတယ်၊ ကျုပ် ခက်ရင်းခွကြီးက အစားဝင်ရောက်လာတယ်၊ ခင်ဗျား မသေချင်ရင် လုဝမ်ရင်းကို လွှတ်လိုက်ပါ"

လီတာကျွေသည် အခြေအနေကို သဘောပေါက်သွားလေပြီ။ ဤအတိုင်းဆိုလျှင် သူသည်သေလူဖြစ်တော့မည်။

"ချွမ် ..."

"ချလန် ..."

လီတာကျွေသည် ခက်ရင်းခွကို ဓားနှင့် လှမ်းခုတ်လိုက်သည်။ ခက်ရင်းခွသည် လန်တက်သွား၏။ ထပ်ခုတ်လျှင်တော့ ခက်ရင်းခွကို ရှောင်နိုင်မည် မဟုတ်ချေ။

သူသည် အခန်းဝမှခုန်၍ ပြေးထွက်သွား၏။ တိုက်ဖို့ကို မရည် ရွယ်၊ ပြေးဖို့သာ ရွယ်ရည်သည်။

လုချူကွီးက သူ၏ခက်ရင်းခွနှင့် ပစ်ရန် ရွယ်လိုက်သည်။

"မပစ်နဲ့ ဦးလုချူကွီး၊ ဦးရဲ့ ခက်ရင်းခွက ကြီးတယ်၊ လမ်းသွား လမ်းလာတွေကို ထိခိုက်ကုန်လိမ့်မယ်"

အားလုံးသည် ခြံထဲသို့ ပြေးဝင်လိုက်ကြတော့သည်။ လီတာ ကျောက ခြံဝသို့ ရောက်နေပြီး အပြင်သို့ ထွက်ပြေးရန် တာစူနေလေ ပြီ။

တန်ထင်ဟုန်က ...

"ပြေးစမ်းပါစေ၊ သူ ကမ္ဘာမြေအဆုံးပြေးစမ်းပါစေ၊ ကျွန်တော် က လိုက်မှာပါ၊ သိုင်းကျမ်းကို လိုချင်တယ်လို့ ပြောသွားတယ် မဟုတ်လား၊ သိုင်းကျမ်းကို တကယ်လိုချင်ပါစေ၊ ကျွန်တော့်ဆီ ဦးတည်လာပါစေ၊ မလာဘဲ ထွက်ပြေးသွားမှာကိုပဲ ကျွန်တော် စိုးရိမ် တယ် ..."

"အခုကတော့ ညီမလေး လုဝမ်ရင်း အသက်ချမ်းသာရာ ရသွားတာပဲ ကျေးဇူးတင်ကြရမယ်၊ ဦးလုချျုကွီးက ညီမလေး လုဝမ် ရင်း အသက်ကို လာကယ်တာပဲ"

လုဝမ်ရင်းသည် ဦးညွှတ်၍ ဒိုရှိက်၍ ဦးလုချျုကွီးကို ပြေးဖက် လေ၏။ လုချျုကွီးက ဆံပင်များကို ပွတ်သပ်ပေးသည်။

"တောက် ... မိစ္ဆာကောင်ကြီး လွတ်သွားတာ နာသကွာ၊ ငါ မှားတယ်၊ ခက်ရင်းခွနဲ့ အဆုံးစီရင်လိုက်ရမှာ"

ထိုအခါ တန်ထင်ဟုန်က တည်ကြည်စွာပြော၏။

"ဦး အသေမထိုးလိုက်တာကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလူယုတ်မာကြီးဟာ ကျွန်တော့်အတွက်ပါ၊ ကျွန်တော် လက်စားချေရမယ့် အကြောင်းတွေက များလှပါတယ်၊ ဘဘကြီးတို့ ဦးတို့လည်း သဘောပေါက်ကြမှာပါ"



အားလုံးက ခေါင်းညိတ်ကြ၏။

"ပေါက်ပါတယ်၊ ပေါက်ပါတယ်"

တန်ထင်ဟုန်သည် ကြမ်းပြင်၌ ကျနေသော သူ့ဓားနှစ်လက် ကို ကောက်ယူ သိမ်းဆည်းလိုက်၏။

❋ ❋ ❋

## အခန်း(၈၀)
## သားကောင်တိုက်ပွဲ

လုရှုဟုန် ...

"ငါတို့ကတော့ အေးအေးဆေးဆေးမှတ်ပြီး လီတာကျေ့နဲ့ ကျင်ရှာမွေးတို့ဆီ အလည်သွားတယ်၊ ငါ့သမီးလည်း စိတ်ပြေလက်ပျောက်ဆိုပြီး ထွက်လာခဲ့ကြတာကွာ"

တန်ထင်ဟုန်က ရှင်းပြ၏။

"အမိက တရားခံကတော့ လူယုတ်မာကြီး လီတာကျေ့ပေါ့ ဘဘကြီးရယ်၊ ဒီထဲမှာ ကြားညှပ်သွားတာက ဒေါ်လေး ကျင်ရှာမွေးပါ"

တန်ထင်ဟုန်သည် ဒေါ်လေးကျင်ရှာမွေး၏ အပြစ်ကို ဖုံးဖိပြောလေ၏။ သူတို့သည် ချည့်ခန်း၌ထိုင်ရင်း စကားပြောကြခြင်းဖြစ်သည်။ ဒေါ်လေးကျင်ရှာမွေးသည် အဝတ်အစားများ ဝတ်ဆင်ပြီးလေပြီ။

ဒေါ်လေးကျင်ရှာမွေးက ...



"ဒေါ်လေးလည်း လောကီလူ့ဘုံကို စိတ်ကုန်ပါပြီကွယ်၊ မနက်ဖြန် ဘုရားကျောင်းသွားပြီး သီလရှင်ဝတ်ပါတော့မယ်၊ အားလုံး ဒေါ်လေးကို ခွင့်လွှတ်ကြပါတော့ ..."

လုရှုဟုန်၊ လုချူကျွီးနှင့် လုဝမ်ရင်းတို့မှာ သူ၏ခင်ပွန်း လီတာကျေ့ မဟုတ်တာ လုပ်လွန်းသဖြင့် ဤလောကကြီးကို သူမ စိတ်ပျက်သွားသည်ဟု ထင်သည်။ သီလရှင်ဝတ်ခြင်းမှာ ကောင်းသောအလုပ်ဖြစ်၍ မတားမြစ်ကြပေ။

လုရှုဟုန်က ...

"ကောင်းတယ် ငါ့နမ၊ ငါတို့လည်း ဒီလောက လူ့ဘုံကြီးကို ငြီးငွေ့သင့်ပါတယ်၊ ဒါပေမယ့် သံယောဇဉ်တွေ ရှိနေတဲ့အတွက် လူ့ဘုံကို မပယ်ရှောင်နိုင်သေးပါဘူး၊ ငါ့ညီမ ဘုရားကျောင်းကိုသွားရင် ငါတို့ ဘယ်လိုအကူအညီများ ပေးရမလဲဟင်"

"ရပါတယ် အစ်ကိုကြီး၊ ကျွန်မအတွက် ဘာမှမပူပါနဲ့၊ ကျွန်မ စီစဉ်နိုင်ပါတယ်၊ ကျွန်မ အိမ်ဖော်မလေးကို တာဝန်ပေးခဲ့ပါ့မယ်၊ အစ်ကိုကြီးတို့ ထွက်သွားပြီးတဲ့နောက်တော့ ဖြစ်ချင်ရာဖြစ်စေတော့၊ ကျွန်မလည်း ဒါတွေကို မမက်တော့ပါဘူး"

"မဟုတ်ပါဘူး၊ ငါတို့လည်း ဒီမှာ မတည်းခိုတော့ပါဘူး၊ ငါတို့ရွာကို ငါတို့ပြန်ကြတော့မယ်၊ ငါတို့ ချိုးငှက်သိုက်မြို့အိမ်ကြီးကပဲ အအေးချမ်းဆုံးပါပဲကွယ်"

လုရှုဟုန်က ဆက်မေး၏။

"ဒါနဲ့ ဒီဇာတ်လမ်းကို ရေလည်အောင် ပြောပြပါဦးကွယ်၊ ငါတို့က သေသေချာချာ မသိဘူးကွယ့်"

ထိုအခါ တန်ထင်ဟုန်က သူ့ဖခင်နှင့် ကျင်ရှာမွေးတို့ ချစ်သူ ဘဝ ရောက်သည်မှ စ၍ နောက်ဆုံး လီတာကျွေ့က သိုင်းကျမ်းကို ပိုင်ဆိုင်ရန် ကြိုးစားပုံအထိ ပြောပြလိုက်သည်။

ထိုအထဲတွင် ဒေါ်လေးကျင်ရှာမွေးက သူ၏ဖခင်အား လုပ်ကြံပုံကိုတော့ သူ မပြောပြပေ။

လုချူကြွီးက မေးမြန်းလေ၏။

"သူက နဂါးပျံဂိုဏ်းဆိုတာလည်း တည်ထောင်ထားသေးတယ် မဟုတ်လား"

"ကျွန်တော့်စိတ်ထင်တော့ နဂါးပျံဂိုဏ်းဟာ မရှိဘူးလို့ ထင်ပါတယ်၊ သူက မရှိတဲ့ဂိုဏ်းကို တကယ်ရှိနေဟန် လုပ်ထားတာပါ၊ သူ့တပည့်အဖြစ် ဝင်တိုက်နေကြတဲ့ လူတွေကတော့ တကယ့် ဂိုဏ်းသားတွေ မဟုတ်ပါဘူး၊ ကြေးစားတွေပါ၊ ကြေးစားတွေကို သူက အခကြေးငွေပေးပြီး တိုက်ခိုင်းတာပါ"

"အင်း ... အတော် အကြံကြီးတဲ့လူပဲကွယ်၊ သူက သိုင်းကျမ်း ရပြီးရင် တစ်ဆွေလုံး တစ်မျိုးလုံး ငါတို့အားလုံးကို သတ်သင်ဖို့ စဉ်းစားပြီးသားပဲ"

လုချူကြွီးက ညည်းညူလိုက်၏။

ထိုစဉ် လုရှုဟုန်က ဖြတ်၍မေးလိုက်သည်။

"သိုင်းကျမ်းကော မင်းဆီမှာပဲလား"



"မဟုတ်ပါဘူး၊ ကျွန်တော်က သံသေတ္တာကိုပဲ သယ်ဆောင်သွားတာပါ၊ တကယ့် သိုင်းကျမ်းက ဦးဦးလုချူကြွီးဆီမှာပါ၊ ဦးဦးလုချူကြွီးကို အပ်နှံပြီး ကျွန်တော်က သံသေတ္တာကို ယူထွက်လာခဲ့တာပါ"

"အင်း ... ငါ့တူက ဉာဏ်သွားပါပေတယ်၊ ဒါနဲ့ ငါ့တူမ ရှုလန်တစ်ယောက်ကော ..."

"သူ့ကို ကျွန်တော် စောင့်ကြည့်ခိုင်းထားတယ်၊ ဒုစရိုက်ဂိုဏ်း တစ်ဂိုဏ်းရဲ့ ခေါင်းဆောင်ကြီးကိုပေါ့၊ ကျွန်တော်တို့ ရုပ်ဖျက်ပြီး နေပြည်တော်မှာ လာစုံစမ်းနေတာ တစ်လလောက် ရှိနေပါပြီ"

တန်ထင်ဟုန်က ရှင်းပြနေစဉ် လူငယ်တစ်ယောက်သည် အခန်းထဲသို့ ဝင်လာလေ၏။

လူအားလုံး ထိတ်လန့်သွားကြသည်။

"ဘာကိစ္စလဲဟေ့ ..."

ဝင်လာသူကား ချင်လီတည်း။

"ကျွန်တော် ချင်ယီနဲ့ တွေ့စရာရှိလို့ပါ"

သူသည် ချင်ယီခေါ် တင်ထင်ဟုန်ကိုကြည့်၍ ပြောလေသည်။

ချင်ယီခေါ် တန်ထင်ဟုန်က အားလုံးကို ပြောလိုက်၏။

"သူဟာ တခြားသူမဟုတ်ပါဘူး ဘဘကြီးတို့ ခင်ဗျာ၊ သံကျာပွတ်မယ် ရှုလန်ပါ၊ ကျွန်တော်နဲ့အတူ ရုပ်ဖျက်ပြီး နေပြည်တော် တစ်လွှားမှာ စုံစမ်းနေတဲ့သူပါ၊ ရှုလန် လူတွေတော့ အားလုံးစုံနေပြီ"

ရှုလန်ခေါ် ချင်လီသည် အားလုံးကိုလက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်၏။

"ဘဘကြီးနဲ့ ဦးကြီးကို ရှုလန် ဂါရဝပြုပါတယ်"

လုရှုဟုန်သည် အလွန်အံ့သြသွားသည်။ လုချူကွီးကတော့ မအံ့သြချေ။

လုဝမ်ရင်းသည် အလွန်အံ့သြနေလေ၏။ ရုပ်ဖျက်ထားသည်မှာ ကောင်းလှသည် မဟုတ်ပါလော။

"ညီမ ကိစ္စ အရေးကြီးသလား"

"အရေးကြီးတယ်၊ ညီမစောင့်ကြည့်နေတုန်း မျက်နှာဖုံးစွပ်ဆရာကြီး ရောက်လာတယ်၊ သူ့နောက်က လူလိုက်လာတဲ့ ပုံစံပဲ၊ သူဟာ ဆရာကြီးရဲ့ အခန်းထဲဝင်သွားတယ်၊ ကြည့်ရတာ အခြေအနေ မကောင်းဘူးနဲ့တူတယ်၊ သူတို့ ထွက်ပြေးမလို့ တိုင်ပင်နေကြဟန်တူတယ်၊ မျက်နှာဖုံးစွပ် ဆရာကြီးဆီမှာ ဘာအခြွေအရံမှ ပါမလာဘူး"

ရှုလန်သည် ပုပင်စွာ ပြောသည်။

"ညီမ တစ်ယောက်တည်းဆိုရင် သူတို့ လွတ်သွားနိုင်တယ်၊ ဒါကြောင့် အစ်ကိုကို လာခေါ်တာ"

"ဟာ... ဒါဆို အရေးကြီးတာပေါ့၊ ညီမရေ အဖြစ်အပျက်အားလုံးရဲ့ တရားခံကို အစ်ကိုတို့ တွေ့ပြီးပြီကွ၊ အဲဒါကတော့ လီတာကျွေပဲ၊ သူ ဒီကထွက်ပြေးသွားတာ၊ အခုလိုဆိုတော့ သူ အစ်ကိုနဲ့ဝေးရာ မရောက်သေးဘူးလို့ ဆိုရမှာပေါ့၊ သူ့ကို အစ်ကို



လက်စားချေရမယ်၊ လာ... လိုက်ကြမယ်၊လမ်းကျမှညီမကိုအကြောင်းစုံ ပြောပြမယ်"

တန်ထင်ဟုန်သည် ထရပ်လိုက်၏။

"ဘဘကြီးတို့လည်း ပြန်ကြမှာမဟုတ်လား၊ ဦးဦးလုချူကွီးကတော့ ကျွန်တော်နဲ့ လိုက်ခဲ့ပါလား၊ ကျွန်တော်တို့ သုံးယောက်ဆိုရင် အားရှိတာပေါ့"

"ဟား... ဟား... ဟား... ငါကလည်း မင်းမခေါ်လည်း လိုက်မှာပါပဲ"

လုချူကွီးလည်း ထရပ်လိုက်လေ၏။

တန်ထင်ဟုန်၊ ရှုလန်နှင့် လုချူကွီးတို့သည် ဝက်ဝံစားသောက်ဆိုင်သို့ အပြေးထွက်လာကြတော့၏။ သူတို့သည် လုရှုဟုန်တို့နှင့် စကားပြောနေသဖြင့် လီတာကျွေအဖို့ ပြေးခွင့်သက်သာသွားသည်။

သူတို့ရောက်သောအခါ ဆိုင်ပိတ်နေမည်ဟု ထင်သော်လည်း စားသောက်ဆိုင်မှာ ရောင်းမြဲ ဝယ်မြဲ ဖြစ်နေသည်။

တန်ထင်ဟုန်တို့၏ စိတ်ထဲ၌ ဝက်ဝံစားသောက်ဆိုင်ထဲ ရှိနေမည်ဟု ထင်သော်လည်း တကယ်တော့ မရှိတော့ပေ။

သူတို့သည် မြင်းကိုယ်စီဖြင့် ပြေးကြလေပြီ။

"အစ်ကို ကြည့်ရတာ မျက်နှာဖုံးစွပ် ဆရာကြီးရဲ့အိမ်၊ အဲ... လီတာကျွေ အရင်က စခန်းလုပ်တဲ့အိမ်ကိုများ သွားသလား မသိဘူး၊ သူတို့ နေ့ချင်းတော့ နေပြည်တော်က မထွက်နိုင်ပါဘူး"

"မပြေးနိုင်ပါဘူး၊ ပြေးလည်း အစ်ကိုမမှုပါဘူး၊ သူတို့ ပြေးချင်

ရာ ပြေးလေ အစ်ကိုတို့သိပြီပဲ၊ လီတာကျေ့ဟာ အစ်ကို လက်စားချေရမယ့် လူပဲ၊ ကမ္ဘာဆုံးအောင် ပြေးပါစေ၊ အစ်ကိုတော့ လိုက်မှာပဲ"

"အခုတော့ ကမ္ဘာဆုံးအောင် လိုက်ဖို့မလိုသေးပါဘူး၊ လီတာကျေ့ရဲ့ ဌာနချုပ်ကိုပဲ လိုက်ကြရအောင်"

သူတို့ သုံးဦးသည် မြင်းကိုယ်စီ စီးပြီး လီတာကျေ့ ဌာနချုပ် လုပ်ခဲ့သော အိမ်သို့ သွားကြလေ၏။ ထိုအိမ်ရှေ့သို့ ရောက်သောအခါ ခြံတံခါးလည်း ပိတ်ထားပြီး အိမ်တံခါးများလည်း ပိတ်ထားလိုက်ချေပြီ။

လုချုကြွီးက ...

"မရှိတော့ဘူး ... ပြေးပြီကွ၊ ဒီကောင်ကြီးဟာ မင်းကို ဓားပညာအရ မယှဉ်နိုင်ဘူးဆိုတာ သိထားလိမ့်မယ်၊ သူ မင်းကို မယှဉ်ရဲဘူး၊ အုံနဲ့ကျင်းနဲ့မှသာ မင်းကို ရင်ဆိုင်မှာပဲ၊ အဲဒီတော့ မြို့တံခါးဆီကို သွားမယ်၊ လီတာကျေ့နဲ့ သူ့တပည့်ကြီး ထွက်ပြေးပြီလား၊ ထွက်မပြေးသေးဘူးလားဆိုတာ မြို့တံခါးမှူးတွေက သိမှာပဲ"

"ကောင်းပါပြီ ... သွားကြတာပေါ့"

သူတို့သည် မြို့တံခါးကြီးဆီသို့ မြင်းများကို စိုင်းနှင်ကြပြန်သည်။ မကြာမီ မြို့တံခါးဆီသို့ သူတို့ ရောက်ရှိသွားကြလေသည်။

လုချုကြွီးက တံခါးမှူးအား မေးမြန်းလေ၏။

"တံခါးမှူး ... မြို့တံခါးကို တပ်မှူးလီတာကျေ့တို့ ဖြတ်ကျော်သွားကြပြီလား"

လီတာကျေ့သည် နေပြည်တော်၌ တပ်မှူးတစ်ဦး ဖြစ်သည်ကို



ရဲမက်စစ်သည်များက သိရှိကြသည်။

"ဟာ ... တပ်မှူး လီတာကျေ့လား၊ သူ့တပည့် တစ်ဦးနဲ့ ထွက်သွားတာ သိပ်မကြာသေးပါဘူး၊ မိနိုင်ပါသေးတယ်၊ သူတို့ ချင်ချောင်မြို့ဘက်ကို သွားတဲ့လမ်းအတိုင်း သွားကြတယ်၊ အရေးကြီးလို့လား"

"ဟုတ်တယ် ... အရေးတကြီး တွေ့စရာရှိတယ်၊ ကျုပ်တို့ လိုက်သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

တန်ထင်ဟုန်တို့သည် မြင်းကိုယ်စီဖြင့် ဒုန်းစိုင်းလေတော့သည်။ ချင်ချောင်မြို့မှာ နေပြည်တော်နှင့် အတော်ဝေးသဖြင့် လမ်းခရီး၌ မိမည်ဟု သူတို့ထင်မြင်ကြသည်။

"သူတို့ဟာ လမ်းခရီးမှာရှိတဲ့ ရွာကလေးတွေမှာ တည်းခိုမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ မြန်မြန် ခရီးရောက်ချင်နေတယ် မဟုတ်လား၊ ဘယ်ရွာမှ တည်းခိုမှာမဟုတ်ဘူး"

လုချုကြွီးက တွက်ချက်ပြ၏။

"သေချာတယ် ... ဦးပြောသလိုပဲ သူတို့ ခရီးနှင်ကြမှာပါ"

"အစ်ကို ... သူတို့ တပည့် တပန်းတွေကို လမ်းမှာခေါ်သွားမလား မသိဘူး"

"မခေါ်နိုင်ဘူး ညီမ၊ သူက ကြေးစားတွေပဲ ငှားသုံးတာ၊ သူ့မှာ ကိုယ်ပိုင်တပည့်ဆိုတာ မရှိဘူး၊ ကျောက်စင်လား တစ်ယောက်ပဲ သူက လူယုံအဖြစ် သတ်မှတ်ထားတာ"

သူတို့သည် ရွာကလေးများကို ဖြတ်ကျော်လာခဲ့ကြ၏။ ယခုအချိန်အထိ လီတာကျွေကို အရိပ်အယောင်မျှ မမြင်ရသေးချေ။

သူတို့သည် ရွာတစ်ရွာကို လွန်သောအခါ ရှေ့၌ ဖုန်တထောင်းထောင်းနှင့် ပြေးနေသည့် မြင်းနှစ်စီးကို တွေ့ကြလေသည်။

"အစ်ကို ... ဟိုမှာ ... ဟိုရှေ့မှာ ..."

"တွေ့တယ်"

တန်တင်ဟုန်သည် ထိုမျှသာပြောပြီး မြင်းကို ဒုန်းစိုင်းစီးနင်းတော့သည်။ သူ၏ မြင်းနီမသည် အပြေးသန်ရလှကား ရှုလန်နှင့် လုချူကွီးတို့ကို ကျော်တက်သွား၏။

ရှုလန်နှင့် လုချူကွီးတို့မှာ တန်တင်ဟုန်ကို အမီလိုက်နေရသည်။ တန်ထင်ဟုန်၏ မြင်းသည် ရှေ့မှပြေးနေသော မြင်းနှစ်ကောင်ကို တဖြည်းဖြည်း နီး၍နီး၍သွား၏။

မကြာမီ မြင်းနှစ်ကောင်ကို မီသွားသည်။ ဟုတ်သည်။ ရှေ့မှ ပြေးနေသူများကား လီတာကျွေနှင့် ကျောက်စင်လားပေတည်း။

"လူယုတ်မာကြီး ... ခင်ဗျား ပြေးလို့လွတ်နိုင်ပါ့မလား"

လီတာကျွေသည် လှည့်ကြည့်လိုက်သောအခါ တန်ထင်ဟုန်ကို မြင်ရသဖြင့် ဓားကိုဆွဲထုတ်လိုက်သည်။ ကျောက်စင်လားသည်လည်း ဓားကို ဆွဲထုတ်လေ၏။

"အေး ... မင်းကို တွေ့သွားတော့လည်း သတ်သွားရသေးတာပေါ့ကွာ"

❄ ❄ ❄



# အခန်း(၈၁)
## အတုမဲ့ ဓားသမား

သူတို့သည် မြင်းများကို ဆွဲလှည့်ပြီး တန်ထင်ဟုန်ကို ထိုးခုတ်ကြတော့၏။ သူတို့ အခွင့်သာနေသယောင်ရှိသည်။

သို့သော် များမကြာမီ ရှုလန်နှင့် လုချူကွီးတို့ ရောက်လာပြီး တိုက်ခိုက်ကြသောအခါတွင်မူ သူတို့သည် ခံစစ်သက်သက်ဖြင့် ခုခံနေရတော့သည်။

လုချူကွီးက ...

"ငါဝင်တိုက်ရင် မတရားရာကျနေမယ်ကွ၊ အဲဒီတော့ တန်ထင်ဟုန်က လီတာကျွေကို တိုက်၊ ရှုလန်က ကျောက်စင်လားကို တိုက်၊ ငါကတော့ ဘေးက ခုံသမာဓိလုပ်ပေးမယ်၊ သူတို့ကတော့ နည်းမျိုးစုံနဲ့ ညစ်မှာပဲ၊ မင်းတို့ကသာ တရားသဖြင့် တိုက်ကြ"

ကယ်လည်း ပွဲစဉ်က လက်မမှုချေ။ လီတာကျွေထက် တန်ထင်ဟုန်က လက်ရည်သာနေပြီး တစ်ဖက်၌လည်း ကျောက်စင်လားထက် ရှုလန်က လက်ရည်သာနေ၏။

ကျောက်စင်လားနှင့် ရှလန်တို့မှာ ကလေးနှင့် လူကြီးတို့ကဲ့သို့ ဖြစ်နေသည်။ သိုင်းကွက်သုံးဆယ်မျှသာ တိုက်ရသေးသည်။ ကျောက်စင်လား၏ ဓား လွတ်ကျသွား၏။ ရှလန်သည် စိတ်ထက်သူ၊ သွေးဆူလွယ်သူဖြစ်၍ ကျောက်စင်လားကို ထိုးသတ်လေ၏။

"အား ..."

ကျောက်စင်လားမှာ အသက်ထွက်သွားလေ၏။ သူသည် မည်သည့်အခါမှ ဒုစရိုက်ဂိုဏ်းတစ်ခု ဖွဲ့စည်းတည်ထောင်နိုင်တော့မည် မဟုတ်တော့ချေ။

"ငါ မပါတာတောင်မှ လက်ရည်မမျှဘူး၊ ငါပါရင် ဒီကောင်တွေ ဖွတ်ဖွတ်ညက်ညက် ကြေသွားမယ်"

လုချူကြီးက မှတ်ချက်ချသည်။

လီတာကျွေနှင့် တန်ထင်ဟုန်တို့မှာ သဲသဲမဲမဲ တိုက်ခိုက်နေကြလေ၏။

လီတာကျွေမှာ အသက်လုပွဲ ဆင်နွှဲနေရဖြင့် ရှိသမျှပညာကို ထုတ်သုံးနေရ၏။ သူတို့သည် သိုင်းကွက် ခုနစ်ဆယ်မျှ တိုက်ပြီးနောက် လီတာကျွေ၏ ဓား လွတ်ကျသွားသည်။

"ကဲ ... ဘယ့်နယ့်ရှိစ၊ ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

လီတာကျွေသည် အံ့ခြေအနေ မဟန်တော့ပြီကို ရိပ်မိလိုက်သဖြင့် မြင်းဇက်ကို ဆွဲလှည့်ကာ ထွက်ပြေးတော့လေသည်။

"ဟော ... ပြေးပြီ ... ပြေးပြီ"

ရှလန်က အော်ပြောလေ၏။



တန်ထင်ဟုန်က ...

"သူ ဘယ်ပြေးလို့ လွတ်မှာလဲ"

တန်ထင်ဟုန်သည် ပြောပြောဆိုဆို အိတ်ထဲသို့ နှိုက်လိုက်သည်။ ခြောက်ထောင့်ကြယ် လက်နက်ကလေး။ တန်ထင်ဟုန်သည် ခြောက်ထောင့်ကြယ် လက်နက်ပစ်နည်းကို အထူးလေ့ကျင့်ထားခဲ့သည်။

ယခု အသုံးချရပေတော့မည်။

"ကဲ ... ကမ္ဘာဆုံးအောင် ပြေးပေဦးတော့ လူယုတ်မာကြီး"

"ဝိုး ..."

တန်ထင်ဟုန်သည် ပြောပြောဆိုဆို ခြောက်ထောင့်ကြယ် လက်နက်ကလေးကို ပစ်လွှတ်လိုက်၏။

"ရွှစ် ..."

ခြောက်ထောင့်ကြယ် လက်နက်ကလေးသည် လီတာကျွေ၏ ဦးဆက်နေရာသို့ စိုက်ဝင်သွား၏။

"အား ..."

လီတာကျွေသည် မြင်းပေါ်မှ ဝုန်းခနဲ ပြုတ်ကျသွားလေသည်။ တန်ထင်ဟုန်၏ ကြွေးများ ကြေပြီတည်း။

❋ ❋ ❋

နောင် ဆယ်နှစ်မျှကြာသောအခါ ကင်းမြီးကောက်နီဂိုဏ်းကြီးသည် အလွန်ကြီးမားသော ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်လာသည်။

ကင်းမြီးကောက်နီ ဂိုဏ်းချုပ်ကြီး လုချင်ကွီးမှာ အလွန် သန့်မာသော ဂိုဏ်းချုပ်ကြီးအဖြစ် နာမည်ကျော်ပြီး သူ့ဂိုဏ်းသည် ဓားသိုင်းပညာတွင်လည်း နာမည်ကျော်သော ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်လာသည်။

ကြယ်ပစ်ဝိဇ္ဇာ လုရှုဟုန်မှာမူ အသက်ကြီးလာသောအခါ မကြာ ခဏ မကျန်းမမာ ဖြစ်လာသည်။

သူ၏ သမီး လုံဝမ်ရင်းမှာ အိမ်ထောင်မပြုတော့ဘဲ ဖခင်ကြီးအား ဂရုတစိုက်ပြုစုရင်း ချိုးငှက်သိုက်မြို့အိမ်ကြီး၌ပင် နေထိုင်ကြသည်။

ကင်းမြီးကောက်နီဂိုဏ်းချုပ်ကြီး လုချူကွီးသည် ချိုးငှက်သိုက်မြို့အိမ်ကြီးဆီသို့ မကြာခဏသွားပြီး အစ်ကိုကြီး လုရှုဟုန်၏ ကျန်းမာရေး အခြေအနေကို သွားရောက်မေးမြန်း၏။

တူမဖြစ်သူ လုဝမ်ရင်းကိုလည်း အားပေးစောင့်ရှောက်သည်။

သူတို့ထဲတွင် တကယ် အောင်မြင်သူမှာ တန်ထင်ဟုန်ပင် ဖြစ်တော့၏။

တန်ထင်ဟုန်၏ လက်ထဲတွင် 'မုန်တိုင်းဓားစကြာမဟာသိုင်းကျမ်း' ကြီး ရှိသည်။ သူ့ဖခင်ထားခဲ့သည့် အမွေပင်တည်း။

သူ့ဖခင်သည် ဤသိုင်းကျမ်းကို လေ့ကျင့်စေလိုကြောင်း သိသဖြင့် တန်ထင်ဟုန်သည် ထိုသိုင်းကျမ်းကို အားကြိုးမာန်တက် လေ့ကျင့်ခဲ့၏။

ဤသို့ လေ့ကျင့်ခဲ့သဖြင့် သူသည် ဓားစကြာသိုင်းကျမ်းမှ



သိုင်းကွက်အားလုံးကို တတ်မြောက်ပြီး သိုင်းလောက၏ အတုမဲ့ ဓားသမား ဖြစ်လာခဲ့လေ၏။

သူ့ကိုစိန်ခေါ်သည့် ဓားသမားများမှာ တစ်နှစ်တွင် တစ်ယောက်မျှ ရှိခဲ့သဖြင့် ဆယ်နှစ်တွင် ဆယ်ယောက်မျှ ရှိလေသည်။ ဆယ်ယောက်စလုံးမှာ တန်ထင်ဟုန်၏ သိုင်းပညာကို မမီသဖြင့် အရှုံးပေးခဲ့ရသည်။

တန်ထင်ဟုန်လည်း သိုင်းလောကမှာ အတုမဲ့ ဓားသမားဟု နာမည်ကျော်လာသည်။ သူ့ဇနီးသည် ကျားပွတ်မယ် ရှလန်မှာလည်း ကျားပွတ်မှုကိုင်တော့ချေ။ ဓားနှစ်လက်သိုင်းသမား ဖြစ်လာသည်။

သူသည် ဓားစကြာသိုင်းကျမ်းကို လေ့ကျင့်ရသဖြင့် သူလည်း တတ်မြောက်သော ဓားသမားဖြစ်လာသည်။

တန်ထင်ဟုန်အား အတုမဲ့ဓားသမားဟု ခေါ်ကြပြီး ရှလန်အား ဓားစကြာဓားသမားဟု ခေါ်ကြသည်။ သူတို့ ဇနီးမောင်နှံသည် သိုင်းလောက၌ ဓားနှစ်လက်သိုင်းသမားအဖြစ် ကျော်ကြားလာကြ၏။

သူတို့သည် ဘဘကြီးလုရှုဟန်ဟုန်၏ ချိုးငှက်သိုက်မြို့အိမ်ကြီးဆီသို့ သွားပြီး ဘဘကြီးအား ဂါရဝပြု နှုတ်ဆက်သည်။ ရှလန်ကလည်း လုဝမ်ရင်းအား အားပေးနှစ်သိမ့်သည်။

ထိုအချိန်၌ ကင်းမြီးကောက်နီ ဂိုဏ်းချုပ်ကြီးကလည်း အလည်အပတ် ရောက်လာသည်။ အားလုံး ပျော်ပျော်ရွှင်ရွှင် ဆုံကြသည်။

လုချူးကွီးက ...

"တန်ထင်ဟုန် ... မင်း ငယ်ငယ်က မျောက်တစ်ကောင်လို

ခုန်ပျံသိုင်းကစားပြတော့ ငါနဲ့ မင်းဘဘကြီး လုရှုဟုန်က မင်းတော့ ကြီးလာရင် သိုင်းသမားကောင်းတစ်ယောက် ဖြစ်မှာပဲလို့ သိခဲ့ကြတယ်၊ လီတာကျွေကတော့ မင်းကို သတ်ပစ်မှသာ သူ့ဘဝနောင်ရေး အေးမယ်လို့ တွေးခဲ့တယ် ...

"အခုတော့ မင်းကို သေစေချင်တဲ့ လီတာကျွေလည်း သေသွားပြီ၊ ငါတို့လည်း ထိုက်သင့်သမျှ ထိပ်တန်းကိုရောက်ခဲ့ပြီ ...

"မင်းနဲ့ ရှုလန်ကတော့ အအောင်မြင်ဆုံး ဖြစ်ခဲ့ပြီ၊ ဒါကြောင့် ဘယ်လောက်ပဲဖြစ်ဖြစ် စေတနာသာ အရေးကြီးဆုံးဆိုတာ သိခဲ့ရတယ်၊ မင်းကိုတော့ သံသယမရှိပါဘူး၊ ငါကိုယ်ငါပဲ ဆုံးမရမှာပဲ၊ လူတွေအပေါ်မှာ အမြဲစေတနာထားဖို့"

တန်ထင်ဟုန်၏ ဘဘကြီး လုရှုဟုန်က ...

"ကောင်းတဲ့အမှုလုပ်ရင် ကောင်းတဲ့အကျိုးပဲ ခံစားရတာပေါ့ကွယ်၊ မင်းတို့ သိုင်းလောကကို ကောင်းသထက်ကောင်းအောင် ကြိုးစားကြ"

သူတို့သည် ဘဘကြီး လုရှုဟုန်ကို ဝိုင်း၍ ဂါရဝပြုကြပြီး သိုင်းလောကအကျိုးကို ဆောင်ရွက်မည်ဟု ကတိပြုကြသည်။ လုရှုဟုန်သည် တန်ထင်ဟုန်၏ ပခုံးပေါ်လက်တင်ပြီး အဝေးသို့ မျှော်ကြည့်နေလေ၏။

ဤကလေးသည် သိုင်းလောကအကျိုးကို ဆောင်ပေတော့မည်။

**စာတ်သိမ်းပိုင်း ပြီး၏။**

**တက္ကသိုလ်နေလင်းအောင်**